
www.burmeseclassic.com

# လင်းယုန်တောင်တောင်

# ဒေါသချောင်းနေသောတောင်ကြီး



# THE ANGRY HILLS

## LEON URIS

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၇၁၇/၉၃(၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၇၉၀/၉၃(၁၁)
ဒုတိယအကြိမ်
၁၉၉၅ ခုနှစ်

မျက်နှာဖုံး ပန်းချီ အောင်ဝင်း(Aquarium)
စာလုံးဒီဇိုင်း စိုင်းလင်း
အုပ်ရေ ၅၀၀
တန်ဖိုး ၅၅ ကျပ်
မျက်နှာဖုံးရိုက်နှိပ်သူ
အတွင်းပုံနှိပ်သူ ဒေါ်သန်းကြည်(၀၂၆၇၀)၊ ဝင်းရွှေစင်ပုံနှိပ်တိုက် ၂၆၊ ၉၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ ဦးကြည်ဝင်း (၀၁၀၂၉)၊ ဝင်းစာပေ၊ ၃၄၀၊ မဉ္ဇူသာလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC .com

# လင်းယုန်မောင်မောင်

## 'အချစ်နှောင်ထုံး စစ်တောင်ကုန်း'

ပထမတွဲ

THE ANGRY HILLS
LEON URIS

www.burmeseclassic.com

www.burmeseclassic.com

## လူကြမ်း လူရမ်းကြီး လီယွန်နီ

သည့်နေရာမှာ ပင်လယ်ရေမြင် အမြင့်ပေထောင်ငါးရာခန့် ရှိမည်ဟု ခန့်မှန်းရသည်။ သည်နေရာမှ အောက်ဘက်ဆီသို့ လှမ်းကြည့်လိုက်သောအခါ ခပ်လှမ်းလှမ်းတွင် ကျောက်ဆောင်များ ကျောက်စောင်းများနှင့် မညီညာသောမြေစိုင်မြေခဲများ၏ အလယ်မှ ထုံးဖြူများ သုတ်ထားသည့် တဲကလေးများကို မြင်နေရသည်။

ကာလိုဂရီယာနီ ရွာကလေး ဖြစ်သည်။

သည်ရွာကလေးသို့ မောရစ်ဆင်နှင့်အီလက်သာတို့ ရောက်သွားကြသောအခါ ညနေဘက် နေဝင်လုဆဲဆဲ ဖြစ်နေပေပြီ။

အီလက်သာသည် အိမ်တစ်အိမ်မှတံခါးကို ခေါက်လိုက်၏။ ရုတ်တရက် ချက်ချင်းပင် တံခါးပွင့်လာပြီး ရောမလူကြီး

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်သည် သူတို့နှစ်ယောက်ကို အပေါ်မှမိုး၍ ငုံ့ကြည့်လိုက်သည်။

အရပ်ခုနစ်ပေခန့်ရှိ၍ ထူထဲ မည်းနက်သော မုတ်ဆိတ်မွေးများဖြင့် ဘွားခနဲ ပေါ်လာသော ထိုလူကြီး၏ မျက်နှာမှာ ဘီလူးကြီး တစ်ကောင် ထွက်လာသလိုပင် ထင်လိုက်ရသည်။

‘ဟဲ့....ကောင်မလေး’

အီလက်သာကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ထိုလူကြီးသည် ဝမ်းသာအားရ အော်လိုက်ရာ သူ့အသံကြီးမှာ သူ့ခန္ဓာကိုယ်ကြီးနှင့်အမျှ ဟိန်း၍ သွားသည်။

‘ဒက်စပိုရေ....အီလက်သာတို့ လာတယ်ဟေ့ .... စားစရာသောက်စရာတွေ ယူခဲ့ပါ၊ မြန်မြန်လုပ်ပါဟ မိန်းမရဲ့’

ထိုလူကြီးသည် အီလက်သာနှင့် မောရစ်ဆင်တို့အား အိမ်ခန်းထဲသို့ ခေါ်လာရင်း အတွင်းဘက်သို့ ကျယ်လောင်သော အသံကြီးဖြင့် လှမ်းအော်လိုက်သည်။

ပိန်ပိန်ပါးပါး အဘွားကြီး တစ်ယောက်သည် မီးဖိုချောင်ဘက်ဆီမှ ပျာယီးပျာယာ ထွက်လာပြီး အီလက်သာအား ဖွေ့ကာ ဖက်ကာဖြင့် ကြိုဆို နှုတ်ဆက်ရှာသည်။

အပေါ်ပိုင်းတွင် အင်္ကျီတုံးလုံး ဖြစ်နေသော မောရစ်ဆင်သည် အဘိုးကြီး အဘွားကြီးနှင့် အီလက်သာတို့ သုံးယောက်သား အားရဝမ်းသာ ဖက်လှဲတကင်း နှုတ်ဆက်နေ



ကြသည်များကို ခပ်ကြောင်ကြောင်ကြည့်နေမိသည်။ နောက်ဆုံးတွင်မှ အီလက်သာသည် သူ့ဘက်သို့ လှည့်လိုက်ပြီး....

‘သူကတော့ ဂျေလင်ဒန်ပါ ဘကြီး၊ နယူးဇီလန် စစ်သားတစ်ယောက်ပါ၊ သူ့အတွက် နေဖို့ထိုင်ဖို့ စီစဉ်ပေးစေချင်ပါတယ်’

‘အင်္ဂလိပ်တပ်ကလား....’ လူကြီးက အသံအောကြီးဖြင့် မေးလိုက်သည်။

‘ဟုတ်ပါတယ်’

အီလက်သာက မိတ်ဆက်ပေးသဖြင့် မောရစ်ဆင်သည် ထို ရော်မလူကြီး၏ အမည်မှာ လီယွန်နီဟူ၍ သိလိုက်ရသည်။ လီယွန်နီက မောရစ်ဆင်အား လှိုက်လှဲစွာဖြင့် လက်ဆွဲ နှုတ်ဆက်လိုက်သည်။ ကြီးမား တုတ်ခိုင်လှသော သူ့လက်ဝါးကြီးဖြင့် ဖျစ်ညှစ် လှုပ်ယမ်းခြင်း ခံလိုက်ရသော မောရစ်ဆင်မှာ လက်မောင်းများ ပြုတ်ကျမတတ် ဖြစ်သွားသည်။

လီယွန်နီသည် အင်္ကျီတုံးလုံး ဖြစ်နေသော မောရစ်ဆင်အား သူ့ရှပ်အင်္ကျီတစ်ထည် ထုတ်ပေး၍ ဝတ်ခိုင်းသည်။ အင်္ကျီများမှာ အားလုံးလိုလို ရော်မဆိုက်ကြီး ဖြစ်နေရာ ဆိုက်အသေးဆုံးကို ရွေးဝတ်သည့်တိုင်အောင် မောရစ်ဆင်၏ ကိုယ်ပေါ်တွင် ဖိုးရိုးဖားရား ဖြစ်နေသည်။

ခဏအကြာတွင် မောရစ်ဆင်နှင့် အီလက်သာတို့သည် လီယွန်နီနှင့်အတူ စားပွဲတစ်လုံးတွင် ခုံများ၌ ဝိုင်း၍ ထိုင်ကာ ညစာ စားကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ကြပြီးနောက် အီလက်သာက ပါလီခို ရွာကလေးမှ ကြေကွဲဖွယ်ရာ အဖြစ်အပျက်များကို လီယွန်နီတို့ ဇနီးမောင်နှံအား အပြည့်အစုံ ပြောပြရာ အဘိုးကြီး လီယွန်နီမှာ တရှုံ့ရှုံ့တရှားရှားဖြင့် ဒေါသထွက်၍ မဆုံးအောင် ဖြစ်နေသည်။

အဘွားကြီး ဒက်စပိုမှာလည်း အီလက်သာ ပြောသမျှကို နားထောင်ရင်း ရင်တမမဖြင့် မျက်စိမျက် မျက်နှာမျက် ဖြစ်နေရှာသည်။

'ကဲ…မောင်ရင် ဂျေလင်ဒန်၊ ကျုပ်ရဲ့ တစ်ဦးတည်းသော သား ယာနီဟာ အယ်လ်ဘေးနီးယားမှာ အီတလီတွေနဲ့ တိုက်ရင်း တိုက်ပွဲမှာ ကျသွားခဲ့တယ်၊ အဲဒီတော့ မောင်ရင် သူ့ အိပ်ရာပေါ်မှာပဲ ကြိုက်သလို အိပ်ပေတော့၊ ပြီးတော့ ဒီမှာ မောင်ရင် နေချင်သလောက် နေပေတော့'

အတန်ငယ် ညဉ့်နက်လာပြီ ဖြစ်သဖြင့် လီယွန်နီက စကားဝိုင်းကို လက်စသတ်ကာ မောရစ်ဆင်အား လှမ်းပြောလိုက်သည်။ 'ကဲ…ကဲ…မောင်ရင်တို့ လမ်းမှာ တော်တော် ပင်ပန်းလာကြမှာပဲ၊ အိပ်ကြပေတော့၊ နက်ဖြန်မှ အေးအေးဆေးဆေး စကားပြောကြတာပေါ့'

မောရစ်ဆင်သည် လူကောင်ကြီးသလောက် စိတ်သဘော ကောင်းပုံရ၍ ပွင့်ပွင့်လင်းလင်း ဘွင်းဘွင်းကြီး ပြောတတ်သော အဘိုးကြီး လီယွန်နီအား သဘောကျသွားမိသည်။

ထို့နောက် လီယွန်နီသည် သူ့ဇနီး ဒက်စပိုအား အီလက်သာအတွက် အခြားတဲတစ်ခုတွင် အိပ်ရန် နေရာ စီစဉ်ပေး



ခိုင်းလိုက်သည်။ မောရစ်ဆင်သည်ဘ် ဒက်စပို ခေါ်ဆောင်ရာ သို့ လိုက်သွားသည်။

အီလက်သာအား တံခါးဝအထိ လိုက်ပို့ရင်း… 'ကဲ… မနက်ကျမှ အေးအေးဆေးဆေး စကားပြောရအောင်နော်၊ ကိုယ်တို့မှာ လုပ်စရာ ကိုင်စရာတွေ အများကြီး ရှိသေးတယ်' ဟု ပြောလိုက်သည်။

နောက်တစ်နေ့ နံနက်စောစော အိပ်ရာမှ နိုးသောအခါ မောရစ်ဆင်သည် ညက ညစာစားခဲ့သော စားပွဲပေါ်တွင် စားစရာများ အသင့်ပြင်ထားပြီးဖြစ်နေသည်ကို တွေ့ရသည်။

သူသည် မျက်နှာသစ်၍ ကိုယ်လက် သုတ်သင်ပြီးနောက် စားပွဲတွင် အသင့်ရောက်နေပြီဖြစ်သော လီယွန်နှင့်အတူ ဝင်ထိုင်လိုက်သည်။ သူသည် စားစရာများကို ခပ်ဖြည်းဖြည်း စားရင်း အီလက်သာကို စောင့်မျှော်နေမိသည်။

သူ့အတွက် သည်ရွာမှ တစ်ဆင့် ဂရိသို့ သွားရန် အရေးကြီးနေသည်။ သည်ကိစ္စကို အီလက်သာနှင့် ဆွေးနွေး တိုင်ပင်ရဦးမည် ဖြစ်သည်။

အဘိုးကြီး လီယွန်နီသည် ညကလို စကားကို ဟောင်ဖွ ဟောင်ဖွာ မပြောတော့ဘဲ စားစရာများကိုသာ မှိုတ် ပလောင်းစားနေသည်။ အတော်ကလေး ကြာသည့်တိုင်အောင် စား သောက်ပြီးစီးလုဆဲဆဲ အချိန်အထိ အီလက်သာတစ်ယောက် ပေါ်မလာသေးဘဲ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး၌ မောရစ်ဆင်သည် စိတ်ထဲက စနိုးစနောင့် ဖြစ်လာသဖြင့် မအောင့်နိုင်တော့ဘဲ ပြောင်ဖွင့်မေးလိုက်ရတော့သည်။

'အီလက်သာတစ်ယောက်လဲ မလာသေးပါလား'

'သူ ဒါနီတာကို ပြန်သွားပြီ....' အဘိုးကြီး လီယွန်နီ၏ အသံမှာ အေးတိအေးစက်နိုင်လှသည်ဟု မောရစ်ဆင် ထင်မိသည်။

'ဘာပြောဘာယ်....၊ အီလက်သာ ဒါနီတာကို ပြန်သွားတယ်....ဟုတ်လား၊ ဘယ်လိုဖြစ်တာလဲ၊ ဘကြီးပြန်လွှတ်လိုက်တာလား'

'ဟုတ်တယ်လေ....သူပြန်သွားပြီ၊ ဘာ့ကြောင့် ပြန်သွားတယ်ဆိုတာ သိရတော့ကော ဘာအကြောင်း ထူးမှာလဲ မောင်ရင်....'

မောရစ်ဆင်သည် ရုတ်တရက် ထောင်းခနဲ ဒေါသထွက်သွားသည်။

'ကျွန်တော့်အတွက်တော့ အကြောင်း သိပ်ထူးတာပေါ့'

'ကော်ဖီတွေ အေးကုန်ပြီ၊ သောက်လိုက်ဦးလေ'

'ဒါထက် နေပါဦး'

'သိပ်လဲ စိတ်လိုက်မာန်ပါမဖြစ်ပါနဲ့လေ၊ သူနောက်ဥပုသ်ဆိုရင် ပြန်လာမှာပေါ့'

မောရစ်ဆင်က နောက်ထပ် စကား တစ်လုံးမျှ ပြန်မပြောရသေးမီ အဘိုးကြီး လီယွန်နီသည် စားပွဲမှ ရုတ်တရက် ထကာ အပြင်ဘက် ယာခင်းဆီသို့ ထွက်သွားတော့သည်။



မောရစ်ဆင်မှာ ဒေါပွ၍ ကျန်ရစ်ခဲ့သည်။ 'ဒါ ဘယ်သူ့လက်ရာလဲ....အီလက်သာက ငါ့ကို ဒီရွာလေးမှာ အမြဲနေဖြစ်သွားအောင် တမင်သက်သက် အကွက်ဆင်သွားတာလား၊ ဒါမှမဟုတ် ဒီအဘိုးကြီးကပဲ အကြောင်းတစ်ခုခုရှိလို့ အီလက်သာကို တမင် ပြန်လွှတ်လိုက်တာလား'။ ဘာပဲဖြစ်ဖြစ် မောရစ်ဆင်မှာ သည်ကိစ္စအတွက် မကျေမချမ်း ဖြစ်နေပါသည်။

နေ့ချင်း ညချင်းပြောင်းလဲသွားသော အဘိုး လီယွန်နီ၏ ဆက်ဆံပုံ ဆက်ဆံနည်းများကိုလည်း စဉ်းစား မရအောင်ရှိပါသည်။

မည်သို့ဖြစ်စေ လောလောဆယ် သူ့အနေဖြင့် ဥပုသ်နေ့အထိ စောင့်ကြည့်ရန်သာ ဆုံးဖြတ်လိုက်ရသည်။

အီလက်သာနှင့် ပတ်သက်သည့် ကိစ္စမှတစ်ပါး လီယွန်နီသည် မိမိအပေါ်တွင် အစစအရာရာ ညှဉ့်ဝတ်ကျေပွန်စွာဖြင့် ခင်မင်ရင်းနှီးစွာ ဆက်ဆံ ပြောဆိုသည်ကို နောက်ရက်များတွင် မောရစ်ဆင် တအံ့တဩ တွေ့နေရပြန်သည်။

အစားအသောက် အနေအထိုင်မှစ၍ လိုလေသေးမရှိအောင် စောင့်ရှောက်ပြုစုသည့်ပြင် စကားပြောဆို ဆက်ဆံရာတွင်လည်း မိမိအား ဧည့်သည် သူစိမ်း တစ်ယောက်အနေဖြင့် မဟုတ်ဘဲ အိမ်သူအိမ်သား ဆွေမျိုးရင်းချာတစ်ယောက်ပမာ ပွင့်လင်း ရင်းနှီးလှသည်ကို အထင်အရှား တွေ့ရသည်။

အထူးသဖြင့် နံနက်စာ နေ့လယ်စာ ညစာ စသည်ဖြင့် အစားသောက်များ စားသောက်ရာတွင် အမြဲတမ်း လီယွန်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



နီနှင့်အတူ လက်ရည် တစ်ပြင်တည်း စားသောက်ရသည့်ပြင် ထိုသို့ စားရင်းသောက်ရင်း ငယ်စဉ်က ရှေးဟောင်း နှောင်းဖြစ်များကို အားရပါးရ ပြန်လည် ပြောပြလေ့ ရှိသော အတိုးကြီး လီယွန်နီ၏ ပြောပုံဆိုပုံများနှင့် ဟန်ပန်အမူအရာများမှာ လုံးဝ ဟန်ဆောင်မှု မပါဘဲ လိုက်လိုက်လဲ့လဲ့ ရှိလှသောကြောင့် မောရစ်ဆင်မှာ အတိုးကြီးအား ခင်မင်သည်ထက် ခင်မင်လာပါသည်။

သို့ဖြင့်ရာ နောက်ရက်များ၌ နေ့လယ် နေ့ခင်းဘက်တွင် မောရစ်ဆင်သည် လုပ်စရာကိုင်စရာအာမှမရှိသည့်အလျောက် အတိုးကြီးရှိရာ ယာခင်းများသို့ လိုက်သွားပြီး တောက်တိုမည်ရ အလုပ်များကို အားတက်သရော ကူညီ လုပ်ကိုင်ပေးခဲ့သည်။

သည်အခါတွင် မှလီတွန့်နီသည် အသက်အရွယ်နှင့်မလိုက်အောင် ခွန်အားဗလ ပြည့်စုံ၍ အသွန့်အလွန် အပင်ပန်းခံနိုင်ကြောင်း ကိုယ်တွေ့ မျက်မြင် ဖြစ်ခဲ့ရသည်။ ယာခင်းထဲမှ ဧရာမကျောက်တုံးကြီးများကို လည်းကောင်း၊ ကြီးမားလှသည့် သစ်ငုတ်ကြီးများကို လည်းကောင်း တူးဖော်၍ ခပ်ဝေးဝေး တစ်နေရာသို့ ရွှေ့ပြောင်းသည့် အခါများတွင် အားမှ ဝင်ရောက်ကူညီသော မောရစ်ဆင်အနေဖြင့် ဟောဟဲလိုက်ကာ အမောဆို့နေချိန်တွင် လီယွန်နီမှာ အပြုံး မပျက် အရယ်မပျက်ဘဲ ကျားကုတ် ကျားခဲ လုပ်ကိုင်နိုင်သည်ကို တအံ့တဩ တွေ့မြင်ရသည်။



'ဟိတ်ကောင်လေး.... အေးအေးဆေးဆေး အိမ်ပြန်ပြီး အိမ်မှာ ငါ့မိန်းမ စပျစ်သီးခူးတဲ့ဆီ သွားပြီးအကူအညီပေးကြပါကွာ၊ မင်းတို့လို မြို့ကြီးသား အင်္ဂလိပ်တွေရဲ့ လက်ဖဝါးနုနုလေးတွေနဲ့ ငါတို့ အလုပ်ကြမ်းမျိုးနဲ့ မအပ်စပ်ပါဘူး၊ ငါ့ကျောက်တုံးတွေကို ငါတစ်ယောက်တည်း တူးပြီး ရွှေ့လို့ရပါတယ်၊ ဟား....ဟား....ဟာ'

ထိုသို့ပြောရင်းက အတိုးကြီးသည် ဟောဟဲလိုက်၍အမောဆိုက်နေသော မောရစ်ဆင်အား ယာခင်းထဲ၌ ထိုင်ခိုင်းထားပြီး ဧရာမကျောက်တုံးကြီးများကို သူတစ်ယောက်တည်း မချွတလုံးလုံးဖြင့်တူးဆွဖော်ထုတ်ကာ ယာမြင်ရောက်အောင် တုတ်ကြီးများဖြင့်ကော်၍ ရွှေ့ပစ်ခဲ့သည်။ မောရစ်ဆင်သည် သူ့ထက် အသက်သုံးဆယ်ကျော်မျှ ကြီးနေပြီဖြစ်သော အတိုးကြီး၏ ခွန်အားဗလနှင့် ပင်ပန်းခံနိုင်မှုများကို ကြည့်ကာ အံ့ဩမဆုံးနိုင်အောင်ဖြစ်နေပါသည်။

တစ်ချိန်တည်းတွင် ဝမ်းရေးအတွက် ဘဝကို ပင်ပန်းကြီးစွာ ရှုန်းကန်တည်ဆောက်နေကြသော တောသူတောင်သားများအပေါ် အကြင်နာတရားနှင့် ကရုဏာ များလာမိသည်။

ထိုမှတစ်ဆင့် သည်အတိုးကြီး လီယွန်နီ၏ ရိုးသားမှုနှင့် ကြိုးစားမှုအပေါ်တွင် လေးစား၍မဆုံးအောင်ဖြစ်လာပြီး ခင်မင်မှုများပါ တဖွားဖွားဖြစ်ပေါ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် မောရစ်ဆင်နှင့် လီယွန်နီတို့၏ တစ်ယောက်အပေါ် တစ်ယောက် ရင်းနှီးခင်မင်မှုနှင့် လေးစားတွယ်တာမှုတို့သည် ရက်ပိုင်းအတွင်း ကြီးထွားမြင့်မားလာခဲ့သည်။

ဥပုသ်နေ့သို့ ရောက်လာသည်။

ထိုနေ့တွင် မောရစ်ဆင်သည် အိပ်ရာမှ အစောကြီးနိုးလာပြီး အီလက်သာကို မျှော်နေပါသည်။

သို့သော် တဖြည်းဖြည်း နေမြင့်၍ နေ့လယ်ချိန်သို့ပင် ရောက်လာသည်။ အီလက်သာ၏ အရိပ်အယောင်ကို လုံးဝ မမြင်ရသေးဘဲ ဖြစ်နေသည်။

အချိန်ကြာသည်ထက်ကြာလာသောအခါ မောရစ်ဆင်မှာ သံသယဝင်လာသည်။

ထို့ပြင် ထိုနေ့က အဘိုးကြီး လီယွန်နီမှာလည်း ခါတိုင်းလို စကားမများဘဲ ငြိမ်ချက်သားကောင်းနေခဲ့ရာ မောရစ်ဆင်၏ သံသယမှာ ပို၍ကြီးမားလာခဲ့သည်။

ညနေစောင်းလာသည်အထိ အီလက်သာ ပေါ်မလာဘဲ ဖြစ်နေသည်။ မောရစ်ဆင်၏ စိတ်ထဲတွင် ကေန္တ တစ်ခုခု ဖြစ်နေပြီဟု တထစ်ချတွက်လိုက်မိသည်။

ညနေ စောင်းသည်ထက် စောင်းကာ အချိန်ကုန်သလောက် ဖြစ်လာသောအခါ မောရစ်ဆင်သည် သူ့စိတ်ကို လုံးဝ မအောင့်အည်းမချုပ်တည်းနိုင်တော့ဘဲ တစ်နေ့လုံး ငြိမ်ချက်သားကောင်းနေသော လီယွန်နီအား ပြောင်ဖွင့် မေးလိုက်သည်။



'ဘယ်လိုလဲ၊ အီလက်သာ ဒီနေ့လာမယ်ဆိုပြီး ခုထိမရောက်လာသေးပါလား၊ ဘယ်လိုဖြစ်တာလဲ'

အဘိုးကြီးသည် မျက်နှာတစ်ချက် ကွက်ခနဲ ပျက်သွားသည်။ ထို့နောက် မောရစ်ဆင်အား တစ်စုံတစ်ရာ ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ယာခင်းဘက်ဆီသို့ ခေါင်းငိုက်စိုက်ချ၍ ထွက်သွားသည်။

မောရစ်ဆင်သည် သံသယဖြစ်နေရာမှ စိုးရိမ်စိတ်များ ဝင်လာသည်။

သို့ဖြင့် အိမ်ထဲတွင် ဗိုင်းငင်နေသော အဘွားကြီး ဒက်စပိုရှိရာသို့ တန်းဝင်လာခဲ့သည်။

'ကြီးတော်...အီလက်သာ တစ်ယောက်လဲ ပေါ်မလာပါလား'

အဘွားကြီးသည် မောရစ်ဆင်အား တစ်ချက်မော့ကြည့်လိုက်ပြီး ခေါင်းကို ယမ်းပြလိုက်သည်။

'ခင်ဗျားတို့ဟာ ဘယ်လိုဖြစ်ကြတာလဲဗျ၊ အီလက်သာ အခု ဘယ်မှာလဲ၊ ပြောစမ်းပါဦး' ဟု မောရစ်ဆင်က ဒေါသဖြင့် မေးလိုက်ပါသည်။ သည်တော့မှ အဘွားကြီးက လှမ်းပြောလိုက်သည်။

'သူ ဒီကိုလာသွားပြီးပြီ၊ လွန်ခဲ့တဲ့ နှစ်ရက်သုံးရက်လောက်က လာသွားတယ်၊ အဲဒီတုန်းက မောင်ရင် ယာထဲရောက်နေတယ်၊ သူ့ကို လီယွန်နီက ပြန်သွားဖို့ ပြောတာနဲ့ သူလဲ ပြန်သွားတာပဲ'

www.burmeseclassic.com

www.burmeseclassic.com

'နေပါဦး....ဘကြီးက သူ့ကို ဘာဖြစ်လို့ ပြန်လွှတ်လိုက်ရတာလဲ'

'မင့်ဘကြီးက မင်းကို သားအဖြစ်နဲ့ မွေးစားလိုက်ပြီတဲ့၊ ဒါကြောင့် မင်းကို ဒီရွာမှာပဲနေခိုင်းတော့မယ်လို့ ပြောလွှတ်လိုက်တာပဲ'

မောရစ်ဆင်သည် ဘာလုပ်ရမှန်း မသိအောင် ဖြစ်သွားသည်။ လီယွန်နီသည် သူ့ကို ထောင်ချောက်ဆင်၍ ဖမ်းလိုက်ပြီဟု နားလည်လိုက်သည်။

သည်အတိုင်းဆိုလျှင် သည်ရွာမှ တခြားသို့ ထွက်သွားရန် မလွယ်တော့ပြီဖြစ်သည်။ ဘယ်မြို့ ဘယ်ရွာကို ဘယ်လမ်းက သွားရမည်ပင် မသိ ဖြစ်နေသည်။

ဘာပဲဖြစ်ဖြစ် သည်အဘိုးကြီးကို တွေ့အောင်ရှာမှ သည်ကိစ္စ ရှင်းမည်။

မောရစ်ဆင်သည် အဘိုးကြီး၏ ယာခင်းဘက်ဆီသို့ အပြေးအလွှား ထွက်ခဲ့သည်။ ယာခင်းထဲတွင် အဘိုးကြီးကို မတွေ့ရသဖြင့် အနီးအနား တစ်ဝိုက်မှ တောစပ်တွင် နေရာအနှံ့ လိုက်ရှာသည်။ ဘယ်မှာမှ မတွေ့ဘဲ ဖြစ်နေသည်။

ထိုသို့ရှာရင်း ရှာနှင့် အတော်ကလေးလှမ်းသည့် တောင်ခြေသို့ ရောက်လာသည်။

သူသည် သည်တောင်ကို ရွာဆီက လည်းကောင်း၊ ယာခင်းဆီက လည်းကောင်း အကြိမ်ကြိမ် မျှော်ကြည့်ဖူးသည်။

BURMESE CLASSIC .com



တောင်၏အနေအထားနှင့် မတ်စောက်သော ပုံသဏ္ဌာန်ကိုကြည့်၍ သည်တောင်ပေါ်သို့တက်ပြီး တောင်ထိပ်မှနေ၍ အရပ်လေးမျက်နှာကို ကြည့်ရလျှင် အလွန်ရှုချင်စဖွယ်ကောင်းသည့် မြင်ကွင်းများကို မြင်ရလိမ့်မည်ဟု မှန်းဆမိသည်။ တစ်နေ့နေ့တွင် သည်တောင်ထိပ်သို့ တက်ကြည့်မည်ဟု စိတ်ကူးထားခဲ့သည်။

အဘိုးကြီးသည် တစ်ခါတစ်ခါ ယာခင်းထဲမှနေ၍ သူ၏သေနတ်ကိုထမ်းကာ သည်တောင်ပေါ်သို့ တက်သွားလေ့ရှိသည်။ အပျင်းပြေ အမဲသွားပစ်ခြင်းဖြစ်သည်။

ယာခင်းထဲတွင် အဘိုးကြီးအား ရှာမတွေ့သည့်အဆုံး မောရစ်ဆင်သည် တောင်မှုခြေသို့ရောက်လာခဲ့ပြီး တောင်ပေါ်သို့ တဖြည်းဖြည်း တက်မှန်းမသိ တက်လာခဲ့မိသည်။

အဘိုးကြီးအိမ်မှ ထွက်သွားစဉ်က လက်ထဲတွင် သေနတ်ပါသွားသည် ဖြစ်ရာ သည်တောင်ပေါ်တွင် အမဲလိုက်ကောင်း လိုက်နေလိမ့်မည်ဟု ထင်မိသည်။

မောရစ်ဆင်သည် တောင်ခြေ‌တစ်ဝိုက် ပတ်ပတ်လည်တွင် အဘိုးကြီးအား တွေ့လိုတွေ့ငြားရှာရင်း တောင်ပေါ်သို့ ရောက်မှန်းမသိ ရောက်လာခဲ့သည်။

ညနေ‌နေဝင်လုဆဲဆဲအချိန်လောက်တွင် သူသည် တောင်ထိပ်ပေါ်သို့ လုံးလုံးလျားလျား ရောက်သွားခဲ့သည်။

ပတ်ဝန်းကျင်မှ အလွန်အမင်းသာယာလှသော မြင်ကွင်းနှင့် ရှုခင်းများကြောင့် မောရစ်ဆင်သည် အဘိုးကြီးကိုပင် ခေတ္တခဏ သတိမေ့သွားခဲ့သည်။

www.burmeseclassic.com

အရှေ့ဘက်ဆီတွင် ကျယ်မောပြန့်ပြောလှသည့် အပြာရောင် ပင်လယ်ပြင်ကြီးထဲမှ ကျွန်းကလေးများကို လည်းကောင်း၊ အနောက်ဘက်တစ်ခွင်မှ တောင်ညို တောင်တန်းများနှင့် တောင်စောင်း တောင်စွယ်များကိုလည်းကောင်း မြင်တွေ့လိုက်ရသည်မှာ နာမည်ကျော် ပန်းချီဆရာကြီးတစ်ယောက်၏ ပန်းချီကားတစ်ချပ်ကိုကြည့်လိုက်ရသလို ခံစားမိသည်။

မောရစ်ဆင်သည် မမျှော်လင့်ဘဲ ရောက်လာခဲ့ရသော တောင်ပေါ်မှ လှမ်း၍ မြင်တွေ့လိုက်ရသည့် ရှုခင်းသာ သဘာဝအလှကို အပြည့်အဝ အာရုံခံစားရင်း ဆန်းကြယ်သော သူ့အဖြစ်နှင့် အံ့ဩစရာ ကောင်းလှသည့် သူ့ဘဝကို ပြန်ပြောင်း စဉ်းစားနေမိသည်။

သူ၏ မျက်စိထဲတွင် ကွယ်လွန်သူ သူ့ဇနီး အယ်လီနှင့် သားသမီးများ၏ ရုပ်ပုံလွှာများသည် လည်းကောင်း၊ ရှေ့နေကြီး စတားဂူး၊ လူပုကလေး ဆိုယူလာတို့၏ အမှာစကားများသည် လည်းကောင်း၊ တရေးရေး ပြန်၍ ပေါ်လာခဲ့ကြသည်။

ထိုမှတစ်ဆင့် ခရစ်စတော်နှင့် အီလက်သာတို့၏ ရုပ်ပုံလွှာများ ကိုလည်း သူ၏ စိတ်အစဉ်တွင် ထင်ယောင် မြင်ယောင် ဖြစ်လာခဲ့သည်။

နောက်ဆုံး၌ သူသည် စတားဂူးထံမှ ရခဲ့သော စာရင်းစာရွက်ထဲမှ လူ ၁၇ ယောက်တို့၏ အမည်များကို သတိရ



လေးထောင့်စပ်စပ်တပ်ထားသော မျက်မှန်ကလည်း မျက်လုံးတည့်တည့်တွင် မရှိဘဲ နှာခေါင်းပေါ်တွင် တင်ရုံ တင်ထားသလို ဖြစ်နေသည်။

'အား... ကျုပ် မိတ်ဆွေ အမေရိကန်စာရေးဆရာကြီးပါလား၊ ခါတိုင်းလို အချိန်မှန် ရောက်လာတာပဲကိုး....'

ရှေ့နေကြီးစတားဂူးသည် မောရစ်ဆင်အားလှမ်း၍ နှုတ်ဆက်ရင်း ကုလားထိုင်ရှိရာသို့ညွှန်ပြလိုက်သည်။ 'ကျေးဇူးပြုပြီး ကော်ဖီကလေးတော့....တာဆောရေ....'

ရှေ့နေကြီးက အိမ်ကြီးရှင် လေသံမျိုးဖြင့်အိမ်စေအဘိုးကြီးအား လှမ်းအော်၍ အမိန့်ပေးလိုက်သည်။

တဆက်တည်းတွင် သူသည် ရှုပ်ပွနေသော သူ့ စားပွဲမှ စာရွက်စာတမ်းများကို ဟိုဟိုသည်သည် လှန်လှောရှာဖွေပြီး ဖိုင်တွဲတစ်ခုကို စာရွက်ပုံထဲမှ ဆွဲထုတ်လိုက်သည်။

မောရစ်ဆင်သည် ဖိုင်တွဲကို ဖွင့်ကာ စာရွက်များကို တစ်ရွက်ချင်း လှန်နေသော ရှေ့နေကြီး၏အရေတွန့်နေသည့် လက်ချောင်းများကို အမှတ်မထင် ကြည့်နေမိရာမှ သည် တစ်ကြိမ်တွင်လည်း လက်ဝဲဘက် လက်သူကြွယ်တွင်ဝတ်ဆင်ထားသော ထူးခြားလှသည့် ပုလဲနက် လက်စွပ်ကြီးကို မှတ်မှတ်ရရ စိုက်ကြည့်နေမိပြန်သည်။

'အင်း....အားလုံးပြည့်စုံပါပြီ၊ အစစအရာရာ အဆင်သင့်ပါ' အဘိုးကြီးက ပြောလိုက်သည်။

www.burmeseclassic.com

အဘိုးကြီး စကားဆုံးလျှင် ဆုံးခြင်း မောရစ်ဆင်က အလောသုံးဆယ် ပြန်မေးလိုက်သည်။

'ဒါဖြင့် ကျွန်တော် နောက်ထပ် ဘယ်လောက်ကြာကြာ နေရဦးမလဲ...'

'မောင်တို့ အမေရိကန်တွေဟာ အမြဲတမ်း ပြာယီပြာယာ နိုင်ကြတာချည်းပဲကိုး၊ ဒီလိုဆို မောင်က ကျုပ်တို့နိုင်ငံကို သဘောမကျဘူးလို့ ထင်စရာဖြစ်မနေပေဘူးလား'

'ဒါကတော့ ဒီလိုရှိပါတယ်၊ ဒီနေ့လို အချိန်အခါမျိုးဟာ အပျင်းဖြေအပျော်ခရီး ထွက်ဖို့ကောင်းတဲ့ အချိန်မဟုတ်လို့ပါ။ ပြီးတော့ ကျွန်တော် မှာ မေလသစ်ရက်နေ့အရောက် ချိန်းထားတဲ့ ကိစ္စတစ်ခုကလဲ ရှိနေပါသေးတယ်...'

'သြော်...ဟုတ်သားပဲ မောင်က ရုပ်ရှင်ဇာတ်ညွှန်းတခု ရေးပေးဖို့ ဟောလီဝုဒ်ကို သွားရဦးမှာကိုး...ကဲ...အဲဒီတော့ တခြားအရေးကြီးတဲ့ ကိစ္စများ ရှိသေးသလား'

'မရှိပါဘူး အရေးကြီးတာက ငွေထုတ်ဖို့ပါပဲ'

'ငွေထုတ်ဖို့ ဟုတ်လား၊ ဒီမှာတခုခက်နေတာက ဒီနေ့ လူတိုင်းလိုလိုက သူတို့ငွေတွေကို ဒီတိုင်းပြည်က အမြန်ဆုံး ထုတ်ယူသွားဖို့၊ ဧရာမအလောသုံးဆယ် ဖြစ်နေကြတယ် မောင်ရင်ရဲ့၊ ဒါလဲ သူတို့ကို အပြစ်ဆိုလို့တော့ မဖြစ်ဘူးပေါ့လေ၊ ဘဏ်တွေကလဲ နောက်ဆုံးလက်ကျန်ငွေတွေကို အမြန်ဆုံး ထုတ်ပေးဖို့ ကတိပေးထားကြပြီးပါပြီ၊ ဒါထက် နေပါဦး မောင်က ဘယ်တော့ပြန်ဖို့ စီစဉ်ထားလို့လဲ'

'နက်ဖြန်မနက် လန်ဒန်ကို လေယာဉ်နဲ့လိုက်ဖို့ စီစဉ်ထားပါတယ်...'

ထိုအခိုက် အိမ်စေအဘိုးကြီး တာဆော့သည် အခန်းထဲသို့ ခပ်ကုပ်ကုပ် ဝင်လာသည်။

'ကော်ဖီလားဟေ့ ...အေး...ကောင်းတယ် ကောင်းတယ်၊ ဖြစ်နိုင်ရင် ဒီကော်ဖီကို တို့အပြင်ခန်းထဲမှာ သောက်ရအောင် တာဆော့ရေ...'

BURMESE CLASSIC .com

ရှေ့နေကြီး စတားဂူးနှင့် မောရစ်ဆင်တို့သည် အပြင်ခန်းထဲတွင် ကော်ဖီသောက်ရင်း နှစ်ယောက်စလုံး ဆေးတန်သမားများပီပီ သူတို့၏ ဆေးတန်သောက်ဆေးများကို အလဲအလှယ် လုပ်နေကြပြန်သည်။

မောရစ်ဆင်က သူ့ဆေးတန်ဆေးကို အတော်ကလေး အမွှန်းတင်၍ ဂုဏ်ယူလျက်ရှိသည်။ သည့်ဆေးမှာ စန်ဖရန်စစ္စကို နယ်မြေ မစ်ရှင်ခရိုင်မှ 'ဂရန်းဒဲလ်' ကုမ္ပဏီက အထူး ဖော်စပ် ထုတ်လုပ်ခဲ့သည့် နာမည်ကျော် ဆေးတန်ဆေးပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူ့ဆေးမှာ အဘိုးကြီးအတွက်၊ အတော်ကလေး 'ပေါ့' နေသည်။

အလားတူပင် မောရစ်ဆင်မှာလည်း အဘိုးကြီး ထည့်ပေးသော ဆေးတဆုံပင် ကုန်အောင် မသောက်နိုင်ဘဲ ပြင်းလွန်းလှသဖြင့် နောက်တစ်ကြိမ် ထည့်ခိုင်းသောအခါ ယဉ်ကျေးစွာဖြင့် ငြင်းပယ်ခဲ့ရသည်။

သည့်နောက် အဘိုးကြီးက သူ့အိမ်၏ ကျက်သရေဆောင်ဖြစ်သော အနုပညာခန်းထဲသို့ မောရစ်ဆင်အား ခေါ်သွားပြီး သူ အမြတ်တနိုးစုဆောင်း သိမ်းဆည်းထားသည့် နှစ်ရာစုနှစ်မှ 'ဘိုင်ဇင်တိုင်' ခေတ်၏ အနုပညာ ရှေးဟောင်းလက်ရာပစ္စည်းများကို လိုက်လံပြသည်။

သည်အနုပညာ လက်ရာများကို ကြည့်ရင်း စကားစပ်မိရာမှ အဘိုးကြီးလက်တွင် ဝတ်ဆင်ထားသည့် ပုလဲနက်လက်စွပ်ကြီးမှာ မိသားစု အမွေအနှစ်ဖြစ်၍ သူ့လက်တွင် ဝတ်ဆင်လာခဲ့သည်ပင် နှစ်ပေါင်းလေးဆယ်ကျော်ခဲ့ပြီ ဖြစ်ကြောင်းသိရှိကြရသည်။

'မောင်ရင့် ဇနီး ရုတ်တရက် ကွယ်လွန်သွားခဲ့တာဟာ တကယ့်ကို စိတ်ထိခိုက်စရာပါပဲ၊ သူ့ဦးလေးကလဲ သူ့ကို တော်တော်လေး ချစ်ရှာပါတယ်၊ သူ မသေခင်က သူ့တူမနဲ့ တွေ့ဖို့ အမေရိကကို သွားချင်တဲ့ အကြောင်း တဖွဖွ ပြောသွားရှာပါသေးတယ်'



'ဟုတ်ကဲ့.... ဟုတ်.... ဟုတ်ကဲ့ ခင်ဗျာ၊ တကယ့်ကို စိတ်မကောင်းစရာပါပဲ'

'အို....ဒါထက် မောင့် ကလေးတွေကော၊ တော်တော်ကြီးကုန်ကြပြီလား'

'ကလေးတွေ' ဟူသော စကားကြောင့် မောရစ်ဆင်၏ မျက်နှာမှာ ပြုံးယောင် သမ်းကာ မသိမသာ ဂုဏ်ယူသည့် အမူအရာကလေးတစ်ချက် ကွက်ခနဲ ပေါ်လာသည်၊

ချက်ချင်းပင် သူသည် ကုတ်အင်္ကျီ အတွင်းအိတ် ထဲမှ ပိုက်ဆံထည့်သည့် သားရေအိတ်ကလေးကို ဆွဲထုတ်လိုက်သည်။ ပြီး သည်အိတ်ကလေးထဲမှ သူ့ သားနှင့် သမီးငယ်များ၏ ဓာတ်ပုံများကို ထုတ်ယူ၍ အဘိုးကြီး မျက်စိအောက်သို့ ထိုးပေးလိုက်သည်။

စတားဂူးကလည်း သူ၏လေးထောင့်မျက်မှန်ကို နေသားတကျ ဖြစ်အောင် ပြင်လိုက်ပြီး ဓာတ်ပုံများကို အနီးကပ်ကြည့်ရင်း ခေါင်းတဆပ်ဆပ်ဖြင့်....

'ကလေးတွေကချစ်စရာကလေးတွေပဲ၊ အခုဆိုရင် စန်ဖရန်စစ္စကိုကို ဘာ့ကြောင့် မောင်အမြန်ဆုံးရောက်ချင်တယ်ဆိုတာ ကျုပ် ကောင်းကောင်းကြီး သဘောပေါက်ပါပြီ၊ သူတို့လေးတွေကို ကောင်းကောင်း စောင့်ရှောက်မယ့်လူ ရှိရဲ့ မဟုတ်လား....'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ ရှိပါတယ်၊ ကျွန်တော့် မိဘနှစ်ပါး ကိုယ်တိုင် စောင့်ရှောက်နေကြပါတယ်၊ ကျွန်တော်တို့ အားလုံး အခု လပ်စပါးဆိုတဲ့ မြို့ကလေးမှာ အတူနေကြပါတယ်။

အဲဒီမြို့ကလေးက ဂိုးလ်ဒင်းဂိတ် တံတားကြီးနဲ့ မလှမ်း မကမ်း ဆန်ဖရန်စစ္စကို နယ်မြေထဲမှာပဲ ရှိပါတယ်။ သူတို့... သူတို့လဲ အယ်လီဆုံးပြီးကတည်းက ဒီနေရာကိုပြောင်းသွား ကြတာပါပဲ'

အဘိုးကြီးသည် သူ့ ဆေးတံထဲမှ ပြာများကိုပြာခွက်ထဲသို့ ခေါက်၍ချလိုက်သည်။ပြီးနောက် တစ်စုံတစ်ရာ ချိန်ဆနေဟန် ဖြင့် ခေတ္တမျှ ငြိမ်နေသည်၊ ပြီးမှ....

'မစ္စတာမောရစ်ဆင်...ဖြစ်နိုင်မယ်ဆိုရင် မောင့်ကို ကျုပ် ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်ပြီး အကူအညီ တောင်းချင် ပါတယ်'

'ရပါတယ်ခင်ဗျာ....ကျွန်တော် တတ်နိုင်တဲ့ ကိစ္စဆိုရင် ဆောင်ရွက်ပေးပါ့မယ်'

'ကျုပ်ဆီမှာ တရားဝင် စာရွက်စာတမ်းတစ်ခု ရှိတယ်၊ အဲဒီ စာရွက်စာတမ်းဟာ ကျုပ်ရဲ့ အမှုသည် တစ်ယောက် အတွက် အင်မတန် အရေးကြီးတဲ့ စာရွက်ပါပဲ။



ဒါကို သက်ဆိုင်တဲ့ပုဂ္ဂိုလ်ဆီ ပို့ပေးဖို့အတွက် အခုလို မရေမရာနဲ့ အဖက်ဖက်က ယိုယွင်းပျက်စီးနေတဲ့ အချိန်ကာလ မျိုးမှာ အစိုးရစာပို့ဌာနတွေကနေပြီး ပို့ဖို့အတော်ကလေး စဉ်းစားရ ကျပ်နေတယ်။

ဒါကြောင့် အဲဒီစာတွေကိုဖြစ်နိုင်ရင် မောင်နဲ့ပဲ လန်ဒန်ကို လူကြုံပါးလိုက်ချင်တယ်...ဘယ့်နှယ်လဲ'

'ရပါတယ်...ရပါတယ်၊ကျွန်တော် ဆက်ဆက် ပို့ပေးပါ့ မယ် စိတ်ချပါ'

အဘိုးကြီးစကားဂူးသည် သူ၏အပေါ်အင်္ကျီအတွင်းအိတ် ထဲမှ အဖြူရောင် စာအိတ်ကလေးတစ်အိတ်ကို ဆွဲထုတ်လိုက် သည်။

သည်စာအိတ်ကလေးကိုကြည့်ပြီး အရေးကြီးသောစာရွက် စာတမ်းနှင့် လုံးဝမတူဟု၍ မောရစ်ဆင် စိတ်ထဲက အမှတ် မထင် တောက်ချက်ချလိုက်မိသည်။

အဘိုးကြီးသည် စာအိတ်ကလေးကို သူ့ လက်ထဲတွင် စက္ကန့်အနည်းငယ် ကြာသည်အထိ ကိုင်ထားပြီးမှ မောရစ် ဆင်၏လက်ထဲသို့ လှမ်းပေးလိုက်သည်။စာအိတ်ပေါ်တွင် တပ် ထားသော လိပ်စာအရ 'လန်ဒန်မြို့မှ ဆာဂျေသာမတ် ဗုစ် တလေ' ဆိုသူထံ ပေးရမည် ဖြစ်သည်။

'ဒါတိုင်းလို ဆိုရင်တော့ မောင့်ကိုဒုက္ခပေးဖို့ မရည်ရွယ် ပါဘူး၊ ဒါပေမယ့် အခုလို ခေတ်ပျက်ကြီးထဲမှာ ဆိုတော့ ကျုပ်အမှုသည်အတွက် အင်မတန် အရေးကြီးနေတဲ့ စာမို့ ...'

www.burmeseclassic.com

www.burmeseclassic.com

အဘိုးကြီးက အားနာသည့် လေသံဖြင့် တောင်းပန်နေပြန်သည်။

'ဒါ့ထက် ဒီစာထဲမှာ နိုင်ငံရေးနဲ့ပတ်သက်တဲ့ကိစ္စမျိုးတော့ လုံးဝပါမယ် မထင်ပါဘူးနော်....'

'ဟာ....မောင်တို့ စာရေးဆရာတွေက နေရာအကာမှာ သံသယစိတ်နဲ့ ကြည့်တတ်ကြတာချည်းပါပဲလား၊ မပါပါဘူး မောင်ရဲ့၊ ဒါမျိုးတွေ လုံးဝ မပါပါဘူး။

ဒါပေမယ့် တစ်ခုရှိတာက ဒီစာရွက်စာတမ်းဟာ ရိုးရိုးသာမန် စာရွက်စာတမ်းနဲ့တော့ မတူတာ အမှန်ပဲ၊ ကျုပ်ပြောတဲ့ အဓိပ္ပာယ်ကို မောင်နားလည်သဘောပေါက်လိမ့်မယ် ထင်ပါတယ်၊ တခြားလူတွေထက် ကျုပ်အဖို့သည် အတွက် ဒီစာရွက်စာတမ်းဟာ အင်မတန်အရေးကြီးပြီး အင်မတန်လဲ အဖိုးတန်ပါတယ်။

ဒါ့ကြောင့်မို့ ဒီစာအိတ်ကိုမောင့်အနေနဲ့ အထူးဂရုစိုက်ပြီး ဆောင်ကြဉ်းသွားဖို့ ကျုပ်မေတ္တာရပ်ခံချင်ပါတယ်'

မောရစ်ဆင်သည် အဘိုးကြီးအား နောက်ထပ်မေးခွန်း တစ်ခွန်းစ နှစ်ခွန်းစ မေးဦးမည်ဟု စိတ်ကူးလိုက်သေးသည်။ သို့သော် သူ့စိတ်ကူးကို ဖျက်လိုက်ပြီး ဘာတစ်ခုမှ မမေးရန် ဆုံးဖြတ်လိုက်သည်။

သို့ဖြင့် သူသည် အဘိုးကြီးပေးသော စာအိတ်ကလေးကို အတွင်းအိတ်ထဲသို့ ထည့်လိုက်သည်။



'ဒါကို ကျွန်တော်အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက် သွားပါမယ်'

'စောင့်ရှောက် သွားပါ မောင်ရင်... စောင့် ရှောက် သွားပါ'

အဘိုးကြီး၏ စကားအဆုံးတွင် သူတို့ နှစ်ယောက်စလုံး တိုင်ပင်ထားသလို ဝါးခနဲ ရယ်လိုက်ကြသည်။

သည့်အချိန်မှာပင် အိမ်စေ တာဆော့သည် အခန်းထဲသို့ ဝင်လာပြီး သူ့ဆရာဘေးနားမှ တယ်လီဖုန်းကို ပလပ်ထိုး ပေးလိုက်သည်။ အပြင်မှ တယ်လီဖုန်း ခေါ်သောကြောင့် ဖြစ်သည်။

ရှေ့နေကြီးသည် တယ်လီဖုန်း ထဲတွင် စကား တစ်ခွန်း နှစ်ခွန်းမျှ ပြောပြီးနောက် စကားပြောခွက်ကို ပြန်ချရင်း သက်ပြင်းတစ်ချက် ချလိုက်သည်။

'ကျုပ် အများကြီးဝမ်းနည်းပါတယ်မစ္စတာမောရစ်ဆင်၊ ဆက်တိုက်မှာလူတွေကြိတ်ကြိတ်တိုးနေကြတယ်တဲ့၊ ဒါကြောင့် မောင့်အတွက် ငွေထုတ်နိုင်ဖို့ တော်တော်ကြာအောင် စောင့် ရဦးမယ်လို့ ပြောပါတယ်'

'သူတို့ဘက်က မရိုးမသား လုပ်တဲ့သဘောတော့ ပါမယ် မထင်ပါဘူးနော်၊ ဒါပေမယ့် တစ်ခုခက်တာက ကျွန်တော် အခုထဲ မနက်ဖြန် မနက်ထွက်မယ့် လေယာဉ်နဲ့လိုက်ဖို့ အား လုံး စီစဉ်ပြီးသား ဖြစ်နေပြီ'

www.burmeseclassic.com

www.burmeseclassic.com



ဒါအတွက်ကတော့ လုံးဝ စိတ်ချပါ၊ အခုရက်ပိုင်းမှ ဘဏ်တွေအားလုံး ၂၄ နာရီဖွင့်ပေးထားပါတယ်၊ လူတိုင် ကလဲ သူတို့ငွေတွေရှိသမျှ ဒီနိုင်ငံက ထုတ်ယူသွားဖို့ ကြိုးစာ နေကြတယ် မဟုတ်လား။

အဲဒီတော့ ဒီလိုလုပ်လေ....မောင်ရင် ဒီကို နောက်တ ခေါက် ပြန်မလာနိုင်ဘူးလား၊ ညရှစ်နာရီလောက် ဆို တော့၊ အဲဒီအချိန်လောက်ဆိုရင် ကိစ္စအားလုံး သေချ ပေါက် ပြီးနေပါပြီ'

'ကောင်းပြီလေ၊ ကျွန်တော် ဆက်ဆက်ပြန်လာပါ့မယ်'

'အခုလို ရုတ်တရက် အဆင်မပြေဖြစ်ရတဲ့အတွက် မော ကို ကျုပ်တောင်းပန်ပါတယ်'

ရှေ့နေကြီး စတားဂူးသည် စာရေးဆရာ မောရစ်ဆ အား ကိုယ်တိုင်တံခါးဝသို့ လိုက်ပို့ပြီး နှုတ်ဆက်သည်။

ထို့နောက် အိမ်ရှေ့တံခါးကို ပြန်ပိတ်ပြီးလျှင် ပြီးခြင် စတားဂူးသည် ခေါခေါကလို ခပ်ဖြည်းဖြည်း ခပ်မှန်မှန် အ အရာမျိုး မဟုတ်တော့ဘဲ အိမ်ရှေ့ခန်းမကြီးကို လူငေ တစ်ယောက်ပမာ ခပ်သုတ်သုတ် ခပ်မြန်မြန် ဖြတ်သန်းလာ ခဲ့ပြီး သူ့ရုံးခန်းထဲသို့ ခပ်သွက်သွက် ဝင်လာခဲ့သည်။

အခန်းထဲတွင်မူ ခေါခေါက စတားဂူး ထိုင်နေသော ကုလားထိုင်ပေါ်၌ အခြားလူတစ်ယောက် ထိုင်နေသည်ကို တွေ့ရသည်၊ ကိုယ်လုံးခပ်တုတ်တုတ်၊ ဝဝ ဖိုင့်ဖိုင့်၊ ရော နှုတ်ခမ်းမွေးကြီးဖြင့် အင်္ဂလိပ်စစ်သုံး မိုးကာအင်္ကျီကြီးက ခြုံလျက်သားရှိသည်။



စတားဂူးသည် အခန်းထဲရောက်မှ ကိုယ်ရှိန်သတ်ကာ ကုလားထိုင်ပေါ်မှ လူကြီးကို ခေါင်းညိတ်နှုတ်ဆက်လိုက်သည်။

ပြီး စားပွဲရှေ့မှ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်၍ သူ့ဆေးတံထဲသို့ ဆေးများ ထည့်နေသည်။

'ခင်ဗျား သူ့ကို ဟိုစာပေးလိုက်ပြီလား'

ကုလားထိုင်ပေါ်မှ ဝဝလူက မေးလိုက်သည်။

စတားဂူးသည် စားပွဲပေါ်သို့ စိုက်ကြည့်နေရာမှ....

'ဟုတ်တယ်ဗိုလ်မှူး၊ ကျုပ် သူ့ကို ဟိုစာပေးလိုက်ပြီ'

'ဒါပဲကောင်းပါတယ်'

'ဒါပေမယ့် ဒီလိုပေးလိုက်ရတာ ကျုပ်တော့ သိပ်သဘော မကျဘူး....'

ရှေ့နေကြီး စတားဂူးက ပြောလိုက်သည်။

ဗိုလ်မှူးသည် ထိုင်ရာမှ ထလိုက်သည်။ သူသည် ဗြိတိသျှ ထောက်လှမ်းရေးတပ်ဖွဲ့မှ ဗိုလ်မှူးဝီလ်ကင်ဆိုသူ ဖြစ်သည်။ သူသည် ပြတင်းပေါက်ရှိရာသို့ လျှောက်သွားပြီး လက်နှစ်ဖက်ကို နောက်ပစ်ကာ ခေတ္တရပ်နေသည်။

'ဆိုယူဘာနဲ့ ကျုပ်တို့ နှစ်ယောက်စလုံးကို ဒီဂရိနိုင်ငံ ရောက်ကတည်းက နောက်ယောင်ခံပြီး လိုက်နေကြတယ်ဗျ။ ဒါနဲ့ပတ်သက်လို့ ကျုပ် လောင်းကြေးစားကြေးပြောရဲတယ်။

တကယ်လို့ ကျုပ်ထင်တဲ့အတိုင်း မှန်နေရင်တော့ ဟောလ် ဆာဆိုတဲ့ကောင်ဟာ ဒီအသင်မြို့မှာ ရောက်နေပြီး တစ်နေ

www.burmeseclassic.com

www.burmeseclassic.com

နေရာမှာ ပုန်းနေရင်းနဲ့ သူတို့ လုပ်ငန်းတွေကို ညွှန်ကြား နေတာ သေချာတယ်၊ ဒီမယ် မစ္စတာ စတားဂူး၊ ဒီကောင် သာ ဒီမြို့မှာရောက်နေတာ မှန်ရင်တော့ ကျုပ်တို့အသက်ကို ဖက်နဲ့ထုပ်ထားဖို့သာ ပြင်ပေတော့'

'ဒီလိုဆိုရင်လဲ ဟိုစာရင်းကို ဘာဖြစ်လို့ စစ်တပ်ကတစ်ဆင့် အပ်မခိုင်းသလဲ'

'ဒါကတော့ ဌာနချုပ်မှာ အခြေအနေက သိပ်ကို ရှုပ် ထွေးနေလို့ပါ၊ ဒီအကြောင်း ခင်ဗျားကို ဖွင့်ပြောရတာ တောင် စိတ်မကောင်းပါဘူး

နောက်ပြီးတော့ ဂရိဘုရင်ကို ဒီနိုင်ငံက ခေါ်ထုတ်သွား ဖို့တောင် စစ်တပ်က တာဝန်ယူနိုင် မယူနိုင်ဆိုတာ ကျုပ် လောင်းကြေးစားကြေး မလုပ်ရဲဘူး'

'ဒီတိုင်းသာဆိုရင်တော့ ကျုပ်တို့အနေနဲ့ အဖက်ဖက်က မျှော်လင့်ချက်ကုန်နေပြီပေါ့ ဟုတ်လား ဗိုလ်မှူး'

'ဒီလိုတဲ့ ပြောရတော့မှာပေါ့၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီဂျာမန်ကောင်တွေဟာ သူတို့တပ်တွေ ရောက်မလာခင် ကြို ပြီး လူတွေကို မသမာတဲ့နည်းနဲ့ စည်းရုံးထားတတ်တဲ့အကျင့် ရှိတယ်'

စတားဂူးသည် ပါးစပ်မှ မသက်မသာဖြင့် တစ်စုံတစ်ရာ ညည်းတွားရင်း စာပွဲကို လက်သီးဖြင့် ခပ်ဖွဖွကလေး ထုနေ ပါသည်။

ဗိုလ်မှူးဝီလ်ကင်သည် အဘိုးကြီးအနီးသို့ ပြန်လျှောက်လာ သည်။



'ကဲပါလေ–ထပါ၊ ကျုပ်တို့ကို နောက်ယောင်ခံနေဆိုတာ ဟုတ်ချင်မှလဲဟုတ်မှာပါ၊ သိပ်သေချာတာ မဟုတ်သေးပါဘူး၊ ဒါတွေက လိုလိုမယ်မယ် ကြိုတင်ပြီးကာကွယ်ဖို့ ပြင်ဆင်ထား တဲ့ သဘောပါဘဲ၊ ဆိုယူတာလဲ အခု အပြင်သွားပြီး ကျုပ်တို့ အတွက် ဒီနေ့ည လေယာဉ်တစ်စင်းရအောင် ကြိုးစားနေ ပါပြီ၊ အားလုံးအဆင်ပြေသွားရင် ကျုပ်တို့ နက်ဖြန်သန်ခေါင် ကို ချောချောမောမော ရောက်သွားကြမှာပါဘဲ'

'တကယ်လို့ အဆင်မပြေဖြစ်ခဲ့ရင်ကော'

'ဒီလိုဆိုတော့လဲ ကျုပ်တို့မိတ်ဆွေ မစ္စတာမောရစ်ဆင်က ကျုပ်တို့အတွက် ဟိုစာရင်းကိုရောက်အောင် ပို့ပေးမှာပေါ့၊ ဒါအတွက် စိတ်မပူပါနဲ့ဗျာ။

'ဒါတွေက လိုလိုမယ်မယ် ကြိုတင်စီစဉ်တာပါ၊ နောက် ပြီးတော့ ကံကောင်းတာက မောရစ်ဆင်မှာ မသင်္ကာစရာ ဘာမှမရှိဘူး မဟုတ်လား'

'ဒီခယ် ဗိုလ်မှူး၊ ကျုပ်ကတော့ ဒီစာရင်းကို သူ့လက်ထဲ အဆီမဆိုင် လောင်းကြေးစားကြေးလုပ်သလို ထည့်ပေးလိုက် ရတာ ဘဝင်သိပ်မကျဘူးဗျာ။

'တကယ်လို့သာ ဂျာမန်တွေက သူ့ကို နည်းနည်းကလေး သံသယမရှိလိုက်နဲ့ ရှိလိုက်ရင်တော့ မလွယ်ဘူးသာမှတ်၊ ပြီး တော့ သူ့ဘို့လက်ထဲကို အဲဒီ နာမည်စာရင်း ရောက်သွား

www.burmeseclassic.com

www.burmeseclassic.com

တာနဲ့ တစ်ပြိုင်နက် နောက်ဆက်တွဲ အာခေတွေ ဖြစ်လာမယ် ဆိုတာ ဗိုလ်မှူးလဲ သိသားပဲ'

'ဒီမယ်မိတ်ဆွေကြီး စကားဂူး' ဗိုလ်မှူး ဝီလဲကင်က လေသံအေးအေးဖြင့် ပြောလိုက်သည်။

'ကျောင်းကြေးစားကြေးဆိုတဲ့ သဘောက ကျုပ်တို့လုပ်ငန်းမှာ မရှောင်မလွှဲသာဘဲ အမြဲလုပ်နေရတဲ့ လုပ်ရိုးလုပ်စဉ် အလုပ်တစ်ခုပါဗျာ'

* * *

## မြွေမြွေချင်း ခြေမြင်သူ

'မိအေးနှစ်ခါနာ' ဆိုသလို ကိုယ့်ဘက်က နှစ်ကြိမ်တိုင်တိုင် ခံလိုက်ရ၍ နှစ်ခါတိတိ ဒဏ်ရာရခဲ့သည်။ သည်ဒဏ်ရာဒဏ်ချက်တွေကလည်း ယနေ့အထိ မပျောက်သေး။

ကွန်းရက်ဟောလ်ဆာသည် ကျိုးပဲ့ယိုင်နဲ့နေသောပက်လက်ကုလားထိုင်ကြီးပေါ်တွင် နောက်လှန်၍ထိုင်ရင်း မျက်လုံးကို မှိတ်ကာ တရှိုရှိုမြည်၍ ထွက်ပေါ်နေသော ခေတ်စက်မှ သီချင်းသံကို ငြိမ်ခံ၍ နားထောင်နေသည်။ သီချင်းတေးသွားအတိုင်း သူ့ပါးစပ်မှ ခပ်သွက်သွက်ကလေး လိုက်၍ ခပ်တိုးတိုး ဆိုနေလိုက်သေးသည်။

သူ့လက်ချောင်း များကလည်း ခဲတံဖြင့် ဆွဲထားသလို ခပ်ရေးရေးမျှသာရှိသော သူ့နှုတ်ခမ်းမွေးတိုနံ့နံ့ကလေးကို ခပ်ရွရွ ခပ်ဖွဖွကလေး သပ်၍ သပ်၍ စမ်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကတော့ သူလုပ်နေကျ ဟန်အမူအရာအတိုင်းပင် ဖြစ်သည်။

ဗြိတိသျှ ထောက်လှမ်းရေး အဖွဲ့မှ ဗိုလ်မှူးစီလ်ဘင်နှင့် သူ့အဖွဲ့ဝင် စကော့လူမျိုး ဆိုယူဘာတို့သည် သူ့အပေါ်တွင် နှစ်ကြိမ်တိုင်တိုင် တပတ်ရိုက် သွားခဲ့ကြသည်။ နှစ်ခါတိတိ အရှုံးလုပ်သွားခဲ့ကြသည်။

လွန်ခဲ့သည့်ရှစ်လခန့်က နော်ဝေနိုင်ငံတွင်သူတို့နှစ်ယောက်နှင့် ပထမအကြိမ် တစ်ပွဲ ဘစ်လမ်း အကဲစမ်းခဲ့ကြရသည်။ ထိုနိုင်ငံကို ဂျာမန်တို့ သိမ်းပိုက် ခဲ့ကြပြီးနောက် အဆိုပါ ဗြိတိသျှ ထောက်လှမ်းရေးအဖွဲ့ဝင် နှစ်ယောက် ထိုနိုင်ငံသို့ တိတ်တဆိတ် ရောက်လာကြပြီး မြေအောက် အဖျက်လုပ်ငန်းများကို အနှံ့အပြား လုပ်ကိုင်သွားခဲ့ကြသည်၊

ထိုစဉ်က ဂျာမန်ထောက်လှမ်းရေးအရာရှိ ဟောလ်ဆာသည် နော်ဝေနိုင်ငံတွင် သူတို့နှစ်ယောက်အား ချောင်ပိတ်၍ဖမ်းရန် အကြိမ်ပေါင်း ဒါဇင်ဝက်မျှ ကြံစည် ကြိုးစားခဲ့သည်။

သို့သော် သူတို့နှစ်ယောက်သည် ဟောလ်ဆာ၏ ထောင်ချောက်ဘဲမှ အကြိမ်ပေါင်း ဒါဇင်ဝက်မျှ သီသီကလေး လွတ်လွတ်သွားခဲ့ကြသည်။

နောက်ဆုံးတစ်ကြိမ်တွင်သူတို့နှစ်ယောက်အား နော်ဝေနိုင်ငံမှ ထွက်ပေါက်မရှိအောင် အဖက်ဖက်မှပိတ်ဆို့ထားခဲ့ပါလျက် ဥာဏ်ရှိသော်လည်း ကံမရှိသော ဟောလ်ဆာ၏ မျက်စိအောက်မှ နောက်ဆုံးမိနစ်ပိုင်းကလေးအတွင်း သူတို့နှစ်ယောက်စလုံး ရေငုပ်သင်္ဘောဖြင့် ထွက်ပြေးလွတ်မြောက်သွားခဲ့ကြသည်။

ဒုတိယအကြိမ်မြောက် နောက်ဆုံးတစ်ကြိမ် နောက်တစ်ကြွေ့ တွေ့ခဲ့ကြရသည်မှာ လွန်ခဲ့သော နွေရာသီကပင် ဖြစ်သည်။ နေရာကတော့ ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်....။

သည်တစ်ကြိမ်တွင်လည်း ဗြိတိသျှထောက်လှမ်းရေးသမားများက ဂျာမန်ထောက်လှမ်းရေးသမားအား ‘ခေါင်းတစ်လုံး နှာတစ်ဖျား’သာ မကဘဲ ‘အလျားလိုက်’ ဖြတ်သွားခဲ့ကြပြန်သည်။

ပဲရစ်မြို့တော်အတွင်းစီလ်ဘင်နှင့်ဆိုယူဘာတို့နှစ်ယောက်နောက်သို့ဟောလ်ဆာကိုယ်တိုင် တကောက်ကောက်လိုက်နေဆဲ သူ့မျက်စိရှေ့မှောက်မှာပင် နှစ်ယောက်စလုံး ပျောက်ချင်းမလှ ပျောက်သွားခဲ့ကြသည်။

ယခုတစ်ဖန် ဂရိနိုင်ငံတွင် တတိယအကြိမ် ကြုံကြဆုံကြရပြန်ပြီ။ သည်တစ်ချိန် သည်တစ်ခါတော့ ‘မိအေးသုံးခါနာ’ အဖြစ် မခံနိုင်။ အပိုင်ကိုင်၍ အနိုင်ကြဲမှ ဖြစ်မည်။ သူတို့နှစ်ယောက်စလုံး ထွက်ပေါက်မရှိအောင် ချောင်ပိတ်၍ အမိဖမ်းမှ ဖြစ်မည်။

သည်တစ်ခါ အမိဖမ်းနိုင်ဖို့ရာ ကံကြမ္မာက အလှည့်ကြုံလာပြီဟု ဆိုရမည်ဖြစ်သည်။

3

www.burmeseclassic.com

www.burmeseclassic.com

အဘယ့်ကြောင့်ဆိုသော် ဂရိအစိုးရ၏အမှုထမ်း စာရေးတစ်ဦးဖြစ်သူ ဇာဗေ့၏သတင်းပေးချက်အရ ပီလ်ကင်တို့နှင့် အဆက်အသွယ်ရှိနေသည်ဆိုသော ရှေးနေကြီးစတားဂူးအား ခြေရာခံမိကြသောကြောင့် ဖြစ်သည်။

အပွဲပွဲတွင် နှပ်ပစ် ခံခဲ့ရသော ၎င်း ဟောလ်ဆာသည် စိတ်မကျေပွဲ နွှဲရန် ပဲရစ်မှ အေသင်သို့ တိတ်တဆိတ် လှစ်ခနဲ ရောက်လာခဲ့သည်။

ဂျာမန်တပ်မတော်များ၏ ရှေ့ပြေးအဖြစ် လာခဲ့ရခြင်း ဖြစ်သည်၊ ရောက်လျှင်ရောက်ခြင်း စာရေး ဇာဗေ့မှတစ်ဆင့် လူစုခဲ့သည်။

သူလိုချင်သောသူများမှာ သစ္စာဖောက်များ၊ အချောင်သမားများနှင့် သူရဲဘောနည်းသူများ သတ္တိကြောင်သူများသာ ဖြစ်သည်၊

ထို့ဖြင့် ဟောလ်ဆာနှင့် သူ့လူများသည် အေသင်မြို့တော်တွင် တော်တော်ကလေး တွင်တွင်ကျယ်ကျယ် လုပ်နိုင်ခဲ့ကြသည်။ သူတို့အလုပ် တွင်ကျယ်သလောက် ဗြိတိသျှတပ်များမှာ ဦးနှောက်ခြောက်ခဲ့ကြရသည်။

ဘယ်သူ့ကို ယုံရမှန်း မသိ၊ ဘယ်သူ့ကို မယုံရမှန်းလည်း မသိ၊ သည်လို မရှင်းမရှင်းဖြစ်နေသော အခြေအနေကို ပို၍ ရှုပ်ရှုပ်ထွေးထွေး ဖြစ်အောင် ဟောလ်ဆာနှင့် သူ့လူများက လုပ်ဆောင်ခဲ့ကြသည်။

...သျှတပ်များ မဆုတ်ခွာမီက ရှုပ်ထွေးနေသော ယနေ့ ...ခြေအနေသည် မကြာမီ ထိန်းမနိုင်သိမ်းမရ ဝရုန်းသုံးကား ...တော့မည်မှာ သေချာသည်။

ဓာတ်စက်မှသီချင်းဆုံး၍ ဓာတ်ပြားကုန်သွားပြီဖြစ်သဖြင့် ...လ်ဆာသည် ပက်လက်ကုလားထိုင် ပေါ်မှ ထထိုင်ပြီး၊ ...စက်ခေါင်းကို အသာ မ၍ တင်လိုက်သည်။

ပြီးနောက် အိတ်ထဲမှ စီးကရက်ဘူးကိုသုတ်၍ စီးကရက် ...လိပ်ကို မီးညှိလိုက်သည်။ စီးကရက်ဘူးထဲတွင် လက်ကျန် ...တစ်လိပ်သာ ရှိတော့သည်။

...ဟောလ်ဆာသည် မလှမ်းမကမ်းမှ မှန်တင်ခုံရှိရာသို့ ဟန် ...ဖြင့် လျှောက်သွားပြီး၊ ခုံပေါ်မှ မှန်ထဲသို့ သူ့ကိုယ်သူ ...လိုက်သည်။

...န်ထဲမှ သူ့ရုပ်ပုံလွှာကို အတော်ကလေးကျေနပ်မိသည်။ ...သေသေသပ်သပ် ဖြစ်စေရန် ခုံပေါ်မှ ဝက်မှင်ဘီးကို ...ယူ၍ ထူထပ် နက်မှောင်နေသော သူ့ခေါင်းမှ ဆံပင် ...ကို တစ်ချက်နှစ်ချက် ဖီးလိုက်သေးသည်။

...န်ထဲမှ သူ့ရုပ်ပုံကို ကျေနပ်မိသလို ယနေ့အထိ အေသင် ...သူ လုပ်ခဲ့ ကိုင်ခဲ့ ပြီးသမျှ သူ့ အလုပ်များကိုလည်း ...မိသည်။ သည်မြို့တွင် အပ်ကျသည်ကအစ သူသိပြီး ဖြစ် ...ု ယုံကြည်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ဗြိတိသျှဆောက်လုပ်ရေးအဖွဲ့၏ လုပ်ရှား
နှင့် အကြံအစည်မှန်သမျှ ကကြီး မှ အ အထိ တစ်ခု မကျ
သိထားပြီးပြီ ဟူ၍လည်း တစ်ထစ်ချ မှတ်ယူထားသည်။

ဒါ့အပြင် ယခု သူ ပုန်းအောင်းနေသော သည်နေ
သည့်ထပ်ခိုးကလေးကိုလည်း လုံခြုံစိတ်ချရအောင် ပင့်ကူအိ
ယက်ထားသည့်သဖွယ် အဖက်ဖက်မှ အကာအကွယ် အစော
အရှောက်များ အထပ်ထပ် ချထားပြီး ဖြစ်သည်။

သည်နေရာမှနေ၍ ရှေ့နေကြီး စတားဂူးထံတွင် ရှိနေသ
သူ့ မိတ်ဆွေဟောင်းကြီး စီလ်ကင်နှင့် ဆိုယူဘာတို့၏ အ
ကြီးသော စာရင်းစာရွက်သည် ခလုပ်တစ်ချက် နှိပ်လိုက်ရုံ
ဖြင့် သူ့လက်ထဲသို့ ဒိုင်းခနဲ ရောက်လာမည်မှာ သေ
သလောက် ဖြစ်နေသည်။

သည်အတိုင်းသာဆိုပါက သူစီစဉ်ထားသမျှ အစစ အ
ချောနေသဖြင့် မမျှော်လင့်ဘဲ အားရစရာ ကျေနပ်စ
ဖြစ်နေခဲ့သည်။

ဟေလ်ဆာသည် စောစောက သီချင်းဆုံးသွားသော ဓာ
ဖြွားကို တစ်ဖက်လှန်၍ ဖွင့်လိုက်ပြန်သည်။

ပြီးနောက် လက်မှနာရီကို ကြည့်လိုက်သည်။ နော
ထပ်ခိုးကလေးမှ ပြတင်းပေါက်ရှိရာသို့ လျှောက်သွား
ကာထားသော အလင်းကို အသာအယာဖယ်၍ အပြင်
တစ်ချက်လှမ်းငုံ့ ကြည့်လိုက်သည်။



အောက်ဘက်တွင် ကျောက်တုံးကျောက်ခဲများ မညီမညာ
င်းထားသော လမ်းကြားကလေးကို အတိုင်းသား မြင်နေ
သည်။

မြန်းခနဲ သည်လမ်းကြားကလေးအတိုင်း လူတစ်ယောက်
ကလာသည်ကို တွေ့လိုက်ရသည်။ ဝက်ကြီးတစ်ကောင်လို
းနေသော ခန္ဓာကိုယ်ကြီးကို မြင်လိုက်ရရုံမျှဖြင့် ဇာဗော့
း သူသိလိုက်သည်။

ဇာဗော့သည် ထုံးဖြူများ သုတ်ထားသော ကျောက်တုံး
ကက်ခဲများပေါ်တွင် သူ့ခန္ဓာကိုယ် အတ္တဆောကြီးကို
ကြီးစွာဖြင့် ထိန်း၍ လာနေရသည်။

ခဏအကြာတွင် ဟေလ်ဆာရှိရာ ထပ်ခိုးဆီသို့ တစ်လှမ်း
း တစ်လှမ်းချင်း ဖြည်းညှင်းစွာ အားယူ၍ တက်လာသော
ကို ကြားရသည်။ ပြီးနောက် တံခါးခေါက်သံ ထွက်
သာသည်။

ဇာဗော့သည် ထပ်ခိုးခန်းကလေးထဲသို့ ရောက်လျှင်
ချင်း ပက်လက်ကုလားထိုင်ပေါ်သို့ သူ့ခန္ဓာကိုယ်ကြီး
လှဲချလိုက်သည်။ အမောဆို့နေသဖြင့် ရုတ်တရက်
းပြောနိုင်သေးဘဲ ဟောဟဲလိုက်အောင် အသက်ရှူ
မျက်နှာပေါ်မှ စီးရွဲနေသည့် ချွေးသီး ချွေးပေါက်များ
နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟောလ်ဆာ့သည် အသက်ရှူမှားနေသော ဇာဗော့အ
မတ်တတ်ရပ်ရင်း အပေါ်မှစီး၍ ကြည့်လိုက်သည်။

'ဘယ့်နှယ့်လဲ....' သူကစ၍ မေးလိုက်သည်။

'သူတို့သုံးယောက်စလုံး ပြေးမလွတ်ပါဘူး၊ အခု နေ
ဆုံး ဝီလ်ကင်ဟာ စတားဂူးအိမ်ဘက်ကို ကားနဲ့ထွက်သ
တာ တွေ့ခဲ့ရပါတယ်'

'ဟိုစကော့ကောင် ဆိုယူတာကော'

'သူကတော့ ဒီနေ့ညသန်းခေါင်းမှာ တက်တူ ိင်သေ
က သူတို့နှစ်ယောက်စလုံး ထွက်သွားနိုင်ဖို့အတွက် လေယ
တစ်စင်း စီစဉ်နေပါတယ်'

ဟောလ်ဆာသည် သူ့မျက်လုံးအစုံကို ခေတ္တမှိတ်ထားက
ပြီး အမှတ်မထင် နဖူးပေါ်သို့ လက်တင်ကာ တစ်စုံတစ
စဉ်းစားနေသလို လုပ်လိုက်သည်။

သတင်းပေးအဖြစ် သူခိုင်းနေသော ဂရိလူမျိုးတစ်ယော
ရှေ့တွင် စိုးရိမ်စိတ်ကို တတ်နိုင်သမျှ ဟန်ဆောင် ဖုံးက
ထားရမည် ဖြစ်သည်။ တတ်နိုင်သမျှ ဣန္ဒြေဆည်နေရမ
ဖြစ်သည်။

'ဟိုနာမည် စာရင်းစာရွက်ကော'



'စတားဂူးလက်ထဲမှာဘဲ ရှိပါသေးတယ်၊ အခု စတားဂူး
အိမ်ကို ဝီလ်ကင်သွားတာဟာ ဒီစာရင်းစာရွက်ယူဖို့ သွား
တယ်ဆိုတာ သေချာပါတယ်။

စတားဂူးမှာ တခြားဘယ်သူနဲ့မှ အဆက်အသွယ်မရှိသေး
ပါဘူး၊ ဒါလဲ ကျွန်တော်တို့ တာဆော့ဆီကရတဲ့ သတင်း
မို့ စိတ်ချရပါတယ်'

'ကောင်းတယ်....ကောင်းတယ်'

သည်တိုင်းဆိုလျှင် စီစဉ်ထားသမျှအားလုံး အဆင်ပြေဖို့
သေချာနေပြီ။ အောင်မြင်မှုသည် လက်တကမ်းမျှသာ လို
တော့သည်။

'ဒါ့ထက် စစ်ရေးအခြေအနေကကော ဘယ့်နှယ့်လဲ'

'နောက်ဆုံးရောက်လာတဲ့ သတင်းအရဆိုရင်တော့ ဗြိတိသျှ
တပ်တွေဟာ အေသင်မြို့မှာ ကြာကြာတပ်စွဲမထားဘူးလို့
ဆိုပါတယ်'

'ဒီလိုဆို ချကြဖို့ပဲ ရှိတာပေါ့'

ဟောလ်ဆာသည် ကြမ်းပြင်သို့ တစ်ချက်စိုက်ကြည့်လိုက်ပြီး။

'ဝီလ်ကင်နဲ့ ဆိုယူတာကို အပြတ်ရှင်းပစ်ရမယ်၊ စတားဂူး
ကိုတော့ အရှင်လိုချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဇာဗေ့၏မျက်နှာကို စိုက်ကြည့်လိုက်ပြီး ဆက်၍ ပြောပြန်သည်။

'ငါ ဒီကိစ္စအတွက် စောင့်ခဲ့ရတာ ရှစ်လရှိပြီ၊ အဲဒီတော့ သူတို့နှစ်ယောက်ကို လုံးဝအသစ်မပေးနဲ့ ကြားလား၊ သူတို့က အင်မတန်လျှင်တယ်နော်၊ မင့်အနေနဲ့ တစ်ချက်မှားသွားရင် ခေါင်းနဲ့ကိုယ် အိုးစားကွဲပြီသာမှတ်ပေတော့'

ဇာဗေ့သည် ခါးကြိမ်း ကြိမ်းနေသော ဟေလ်ဆာ၏ မျက်နှာကို မော့ကြည့်လိုက်သည်၊

ပြီးနောက် မျက်နှာပေါ်မှ ချွေးများကို သုတ်ရင်းက ကုလားထိုင်ပေါ်မှ အားယူ၍ ထလိုက်သည်။ ယခုမှ သတိရသည်။

'ကျွန်တော့် အတွက် အနှောက်အယှက်ဖြစ်ရတာ တစ်ခု ရှိသေးတယ်၊ ဒီတစ်ပတ်အတွင်း စဘားရုံးအိမ်ကို အမေရိကန် တစ်ယောက် သုံးကြိမ်တိတိ လာတာ တွေ့ရပါတယ်'

ဟေလ်ဆာ၏မျက်နှာသည် ရဲခနဲဖြစ်သွားသည်။ မကျေနပ်သည့် အမူအရာဖြင့် မျက်မှောင်တစ်ချက် ကျုံ့လိုက်မိသည်။

'အမေရိကန်တစ်ယောက်...ဟုတ်လား၊ ဘယ်က အမေရိကန်လဲ'

'ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ အသေးစိတ် လိုအပ်သမျှ စုံစမ်းပြီးပါပြီ၊ အဲဒီ အမေရိကန်က စာရေးဆရာ



တစ်ယောက်ပါ၊ အပေါစား လုံးချင်းဝတ္ထုတွေ ရေးနေတဲ့ စာရေးဆရာပါ၊ နာမည်က မိုက်ကယ်မောရစ်ဆင်လို့ ခေါ်ပါတယ်။

သူ ဒီနိုင်ငံရောက်လာတာလဲ ရိုးရိုးသားသား တရားဝင်ဗီဇာနဲ့ပါပဲ၊ အမွေကိစ္စနဲ့ လာတာလို့ သိရပါတယ်၊ ဒီမှာရှိတဲ့ ဘဏ်တိုက်တစ်ခုမှာ သူ့နာမည်နဲ့ အပ်ထားတဲ့ အဲဒီ အမွေ ဒေါ်လာကိုးထောင်ကို လာထုတ်တာပါ၊ စဘားရုံးက အဲဒီ အမေရိကန်အတွက် ဘဏ်ကငွေ ထုတ်လို့ရအောင် တရားဥပဒေအရ ဆောင်ရွက်ပေးရတဲ့ သဘောပါပဲ'

ဟေလ်ဆာ၏ ရင်ခုန်သံသည် ယခုမှ ပုံမှန်ပြန်ဖြစ်သွားသည်။

'ဒီကိစ္စမှာ ကွက်ကျော်ရိုက်တာတော့ ဟုတ်မယ်မထင်ပါဘူး၊ ဘယ့်နှယ်လဲ ဇာဗေ့'

ဟုတ်...ဟုတ်မယ်လို့ မထင်ပါဘူး၊ သူ့ကို ကျွန်တော်တို့ သေကာစရာ အကြောင်းမရှိပါဘူး'

ဟေလ်ဆာသည် ပြတင်းပေါက်ရှိရာသို့ လျှောက်သွားပြီး အောက်သို့ ငုံ့ကြည့်လိုက်သည်။

မြူခိုးစပြုလာသော အမှောင်ထုအောက်တွင် လမ်းကြားကလေးကို စောစောကလောက် ထင်ထင် ရှားရှား မတွေ့တော့ဘဲ မှုန်းဝါးဝါးသာ မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ...ပြောပါဦး'

'တခြားပြောစရာ မရှိတော့ပါဘူး၊ အဲဒီအမေရိကန်လဲ နက်ဖြန်မနက် လေယာဉ်နဲ့ လန်ဒန်ကို သွားတော့မယ်လ သိရပါတယ်၊ အခု သူတည်းတာက ကီဖစ်ရှား ဟော်တယ် မှာပါ'

'အင်း...အင်း'

ပေါလ်ဆာသည် နော့က်ဆုံးကြားလိုက်ရသော သတင် များကို အင်းလိုက်၍ နားထောင်ရင်း လျှပ်စီးလက်သလို ခေါင်းထဲသို့ ဖျတ်ခနဲ ဝင်ရောက်လာသော အတွေးတစ်ခုက ဆက်၍ တွေးနေမိသည်။

'အင်း...အင်း...ဒါဆိုရင် ဒီအမေရိကန် စာရေးဆရာ ဆိုတဲ့ ကောင်ကို ဝီလ်ကင်တို့ ဆိုယူဘာတို့ကိုယ်စား စာရင်း စာရွက် ပေးလိုက်ရင်ကော မဖြစ်နိုင်ဘူးလား၊ ဝီလ်ကင်တို့ ဒီည တက်တွ ုင်လေဲဆိပ်က လေယာဉ်တစ်စင်းနဲ့ ထွက်မယ် ဆိုတာ တို့ကိုတစ်ပတ်ရိုက်တာ မဖြစ်နိုင်ဘူးလား'

* * *

# ရေချိန်လွန်သွားသော စာရေးဆရာ

ရှေ့နေကြီး၏ အဆောက်အဦထဲမှ ထွက်လာခဲ့၍ အပြင်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် နယူးဇီလန်စစ်သား ယူနီဖောင်း ဝတ်စုံ ဝတ်ဆင်ထားသော လူတစ်ယောက်သည် မိမိနောက် သို့ မယောင်မလည်ဖြင့် မျက်ခြေမပြတ် နောက်ယောင်ခံ လိုက် လာသည်ကို မောရစ်ဆင်တစ်ယောက် လုံးဝမရိပ်မိဘဲ ရှိနေ သည်။

အလားတူပင် ထို အဆောက်အဦကြီးထဲသို့ သူရှိနေစဉ် ကလည်း မလှမ်းမကမ်း မြင်သာသောနေရာများမှ လူသုံး ယောက်သည် တစ်ယောက်တစ်နေရာစီခွဲ၍ မျက်စိခြောက်ဖွယ် ဖြင့် ဒေါက်ထောက် ကြည့်သလို စောင့်ကြည့်နေခဲ့သည် လည်း မောရစ်ဆင် လုံးဝမသိခဲ့။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အိမ်ကြီး အိမ်ကောင်းများဖြင့် သားနားသူသော ကိုလိုနာကီ ရပ်ကွက်ကို ဖြတ်ကျော်၍ ကွန်ကော့ပန်းခြံဘက်ဆီသို့ လမ်းလျှောက်လာခဲ့သည်။

မြူနှင်းများ မသိမသာ ကျဆင်းစပြုလာပြီ ဖြစ်သဖြင့် သူ၏အပေါ် ကုတ်အင်္ကျီမှ ကော်သာနှစ်ဖက်ကို နားရွက်များ အုပ်မိအောင် ဆွဲတင်ခဲ့ရသည်။

ကွန်ကော့ပန်းခြံ တစ်ဝိုက်မှာခါတိုင်းလိုပင် စည်စည်ကားကား ရှိနေသည်။ ဟိုဟိုသည်သည် လမ်းသလားနေကြသူများကို ဥဒဟိုတွေ့သလို၊ ကော်ဖီဆိုင်များတွင် ကော်ဖီသောက်ရင်း တစ်နေ့တာအကြောင်း သောင်းပြောင်းထွေလာ ပြောဆိုနေကြသံများမှာလည်း ဆူညံလျက်ရှိသည်။

မောရစ်ဆင်သည် ပက်လက်ဖောင်းပေါ်တွင် ခပ်မှန်မှန်လျှောက်လာရင်း အချိန်ဖြုန်းသည့်အနေဖြင့် တစ်ခုခုလုပ်ရန် စဉ်းစားလာခဲ့သည်။

ရုတ်တရက် သူ့မျက်လုံးများသည် လမ်းဘေးတစ်နေရာတွင် ခွေးခြေခုံကလေးတစ်ခုဖြင့် ထိုင်နေသော ဖိနပ်တိုက်သမားကလေးတစ်ယောက်ကို လှမ်းမြင်လိုက်သည်။

တကယ်တော့ သူကစ၍ မြင်ခြင်းမဟုတ်။ အမေရိကန်လူမျိုးများကို တစ်မိုင်လောက် အကွာအဝေးမှပင် မြင်နိုင်



စွမ်းရှိသော ဖိနပ်တိုက် သမားကလေးက သူ့ကိုစ၍ မြင်ခြင်းဖြစ်သည်။

မောရစ်ဆင်သည် ဖိနပ်တိုက်သမားကလေးက ပြာပြာသလဲ ဆီးကြို၍ တိုးပေးသော ခွေးခြေကလေးပေါ်တွင် ထိုင်ချလိုက်သည်။

သူသည် သူ့ရှူးဖိနပ်ကို ကျင်လည်ဖျတ်လတ်စွာ အရောင်တလက်လက် တက်လာအောင် အရောင်တင်ဆေးများဖြင့် ပွတ်တိုက်ပေးနေသော ဖိနပ်တိုက်သမားကလေးကို မကြည့်အားဘဲ ပတ်ဝန်းကျင်ကိုသာ စိတ်ဝင်စားနေမိသည်။

စောစောပိုင်းရက်များက မသိမသာ တင်းမာနေသော အခြေအနေမှာ ယခုအခါ သိသိသာသာကြီး ထင်ရှားလာနေပြီဟု သူ့စိတ်ထဲတွင် ခံစားမိသည်။

လမ်းသွားရင်း ပြောသွားကြသော စကားသံများနှင့် ကော်ဖီဆိုင်တွင်ထိုင်ရင်း ပြောနေကြသော စကားသံများသည် သူ့နားထဲသို့ အတားအဆီးမရှိ ဝင်လာနေကြသည်။

သူတို့ပြောသည့် ဘာသာစကားကို နားမလည်သော်လည်း သူတို့မျက်နှာ အမူအရာများနှင့်အင်္ဂလိပ်လို တစ်လုံးစနှစ်လုံးစ ညှပ်၍ညှပ်၍ ပြောနေကြသည်ကို ကြားရခြင်းဖြင့် ဖြတ်သွားတပ်များ အသင်မြို့မှ ဆုတ်ခွာတော့မည့်သတင်းကို ပြန်အလှန် ပြောနေကြကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com

သည်လို ပြောကြဆိုကြရင်းဖြင့် သူတို့ မျက်နှာများပေါ်တွင် ထိတ်လန့်စိုးရိမ်မှုနှင့် မယုံသင်္ကာဖြစ်မှု အရိပ်အယောင်များကို အထင်းသားတွေ့နေရသည်။

မောရစ်ဆင်သည် ဗတ်ဝန်းကျင်တစ်ခုလုံးကို စာရေးဆရာမျက်စိ စာရေးဆရာနားဖြင့် စိတ်ပါဝင်စားစွာ လေ့လာနေမိသည်။

သို့သော် သူ့ရှူးဖိနပ် အရောင်တင်နေစဉ်အတွင်း နှယ်ဇီလန် စစ်သားဝတ်စုံဖြင့် အရပ် ထောင်ထောင် မောင်းမောင်း လူရွယ်တစ်ယောက်သည် သူနှင့် မလှမ်း မကမ်း ကော်ဖီဆိုင် တစ်ဆိုင်တွင် ထိုင်ရင်း တစ်ချက်ဘစ်ချက် သူ့ဘက်သို့ မျက်လုံးကစားနေသည်ကိုမူ သူလုံးဝ သတိမထားမိဘဲ ဖြစ်ခဲ့သည်။

ဖိနပ်တိုက်သမားလေးသည် နောက်ဆုံး လက်စွမ်းပြသည့်အနေဖြင့် ရောခဲ ဝက်မှင်ဘီးကြီးကို ထုတ်လိုက်ပြီး မောရစ်ဆင်၏ ရှူးဖိနပ်နှစ်ဖက်ကို အရောင်တလက်လက် ထွက်လာအောင် တိုက်ပေးလိုက်သည်။

ပြီးတော့မှ သူသည် နောက်သို့ ခြေနှစ်လှမ်း သုံးလှမ်းခန့် ဆုတ်လိုက်ပြီး သူ့လက်ရာကို သူပြန်ကြည့်ရင်း အခကျနပ်ကြီး ကျေနပ်နေသည်။

[illegible]ရှူးဖိနပ်တွေဟာ ဒီလိုအမြဲ ပြောင်[illegible]နေမှပေါ့။

မောရစ်ဆင်သည် ဖိနပ်တိုက်သမားကလေးအား 'ဘောက်[illegible]' အတော်များများကလေး ပေးခဲ့ပြီး ထိုနေရာမှ ထွက်[illegible]ခဲ့သည်။

သူသည် ရုတ်တရက် ဘယ်သွားရမှန်းမသိအောင်ဖြစ်နေမိ[illegible]။ နက်ဖြန်မနက် မိုးလင်းမှ ဒီမြို့ကထွက်ရမှာဆိုတော့[illegible] ဒီညနေ ဒီအချိန်က နက်ဖြန်မနက် အာရုံတက်အချိန်[illegible]ာက်အထိ ဒီနာရီ ဒီအချိန်တွေကို ဘယ်လိုလုပ်ပြီး ကုန်[illegible]ောင် ဖြုန်းရပါ့မလဲ။

လောလောဆယ် ညရှစ်နာရီရှေ့နေကြီးစတားဂူးအိမ်သို့[illegible]ားမိ ယခု ညပိုင်းကလေးကိုပင် မည်သို့ ကုန်ဆုံးအောင်[illegible]ချိန်ဖြုန်းရမည်မသိ ဖြစ်နေသည်။

အမျိုးသား ပြတိုက်မှာလည်း ပစ္စည်းများ ရွှေ့ပြောင်း[illegible]ထားသည်။ မြို့ဆင်ခြေဖုံး တစ်ဝိုက်၌ လေညှင်းခံရင်း[illegible]လည်ကြည့်ရှုရန်လည်း စိတ်မပါဘဲ ဖြစ်နေသည်။

သည်နေရာမျိုးကတော့ အယ်လီမပါဘဲ လုံးဝမသွားလို[illegible]ဘဲက ဆာသလိုလို ဖြစ်လာသဖြင့် မနေ့က ရောက်ခဲ့သည့်[illegible]သေခက်ဆိုင်ကလေးကို သတိရမိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

သည့်ဆိုင်ကလေးမှာ အေသင်မြို့မှ မိုင် ၂၀ခန့် ဝေး၍ သာယာလှပသော တောင်ကုန်းပေါ်တွင် ရှိသည်။ ရှခင်းကောင်း၍ အေသင် တစ်မြို့လုံးကို အပေါ်မှ စီးကြည့်နိုင်သည်။

ဒါပေမယ့် သည့်ဆိုင်မှာ သံလွင်ဆီနံ့တွေက မခံမရပ်နိုင်အောင် ဆိုးဆိုးရွားရွား နံလွန်းလှသဖြင့်သွားလို့မဖြစ်။

သူသည် ကုတ်အင်္ကျီ တိုဘက်သည်ဘက်မှအိတ်များထဲသို့ လက်နှစ်ဖက်ကို ထိုးထည့်ကာ ခြေဦးတည့်ရာ လျှောက်သွားနေမိသည်။

လမ်းဆုံး တစ်နေရာသို့ ရောက်လာသောအခါ ဗြိတိသျှ တပ်ဖွဲ့တစ်ဖွဲ့ တယ်ညာသုမ်း၍ ချီတက်လာသည်နှင့် ဝင်တိုးနေမိသည်။ ကိုကီနီယာတပ်စခန်းမှ စစ်သားများ ဖြစ်ဟန်တူသည်။

မမျှော်လင့်ဘဲသမ်းဘေးတစ်နေရာမှဆိုင်းဘုတ်တစ်ခုဆီသို့ သူ့မျက်စိက ရောက်သွားသည်။ဆိုင်းဘုတ်မှစာကို မဖတ်တတ်သော်လည်း အမှတ်တံဆိပ်ကို မြင်ရုံမျှဖြင့် နားလည်လိုက်သည်။

နာမည်ကျော် ဂရိအရက် 'ကာရာစီ' ပုလင်းတံဆိပ်....၊

ဆိုင်ထဲတွင် လူတော်တော်ကလေး ရှင်းနေသည်။ သူသည် ဘားကောင်တာ၏ အစွန်နားတွင် ဝင်ထိုင်လိုက်သည်။



စိတ်ကမအီမသာဖြင့် ခြေဦးတည့်ရာ အတော်ကြာအောင် လျှောက်သွားနေမိ၍လား မသိ။ ပထမဆုံး သောက်လိုက်ရသည့် ကာရာစီတစ်ခွက်မှာ အရသာရှိလှသည်။ ထုံထိုင်းနေသောဦးနှောက်ကို ဆေးပစ်လိုက်သလို ဖြစ်သွားသည်၊

ထို့အခိုက် မှာပင် နံယူးဇီလန် ယူနီဖောင်းဝတ် အရပ်မြင့်ရှည် စစ်သားတစ်ယောက် ဆိုင်ထဲသို့ ကျခြေရရဝင်လာပြီး အနီးနားမှ စားပွဲတွင် ထိုင်လိုက်သည်။

ပုလင်းတစ်ဝက် ကုန်သွားသောအခါ မောရစ်ဆင်မှာ တစ်နေ့လုံး ပင်ပန်း နွမ်းနယ် ထားသမျှ ယူပစ်လိုက်သလို ပျောက်သွားသည်။လူ့ခရာစိတ်ပေါ် လန်းဆန်းလာသည်။ သွက်လက်လာသည်။

ဒါပေမယ့် ဆိုင်ထဲသို့ နောက်ထပ်တဖွဲ့ဖွဲ့ ရောက်လာသော စစ်သားများ၏ ဆူဆူညံညံ စကားပြောသံ များ ကြောင့် အနည်းငယ် စိတ်အနှောင့်အယှက်ဖြစ်မိသည်။

စောစောက ရှင်းနေသော ဘားကောင်တာမှာ တဖြည်းဖြည်း လူများလာသည်နှင့်အမျှ သူတို့အချင်းချင်း အော်သံ ဟစ်သံများ၊ ရယ်သံမောသံများကြောင့် နားမချမ်းသာစရာ ဖြစ်လာသည်။

မောရစ်ဆင်သည် မတတ်နိုင်သည့် အဆုံး သူ့ စားပွဲမှ ထောင်မြင့်စွာ ဆုတ်ခွာ၍ ထောင့်ကျကျ လူရှင်းသော စားပွဲ တစ်လုံးဆီသို့ ပုလင်းရော ဖန်ခွက်ပါ မ၍ ရွှေ့လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

သို့တိုင်အောင် စကားပြောသံများမှာ သူ့ နားထဲသို့ မကြားချင်အဆုံး ဝင်လာနေဆဲ ဖြစ်သည်။ ရက်စက်သော ဂျာမန်ဗုံးကြဲလေယာဉ်များအကြောင်း၊ မိမိတို့ ဗြိတိသျှတပ်များ လက်နက်ရိက္ခာ မပြည့်စုံသည့်ပြဿနာ၊ တိုက်ခိုက်ရေး တပ်များ မဆုံမလောက် ဖြစ်နေသည့်ကိစ္စ။

မောရစ်ဆင်သည် နားထဲတွင် ကြားနေရသော အသံများကို တတ်နိုင်သမျှ လစ်လျူရှုရင်း အရက်ကိုသာ အာရုံပြု၍ သောက်နေခဲ့သည်။ ပုလင်းထဲတွင် သုံးပုံတစ်ပုံခန့်သာ ရှိတော့သည့်အချိန်တွင်မူ သူသည် ပတ်ဝန်းကျင်မှ ဆူညံနေသော အသံများကို ခပ်ဝါးဝါးသာ ကြားရတော့သည်။

စောစောပိုင်းက ပင်ပန်းနွမ်းနယ်မှုများပျောက်သွားခဲ့ပြီး စန်ဖရန်စစ္စကိုမှ သူ့ သားသမီးများ အကြောင်း တွေးမိရာမှ ယခုတစ်ဖန် သူ့ စိတ်သည် ယနေ့ သူသွားခဲ့ လာခဲ့ လုပ်ခဲ့ ကိုင်ခဲ့ရသည့် ကိစ္စဝိစ္စများဆီသို့ တစ်ပတ်ပြန်ကြွေ လာပြန်သည်။

သည်တွင် ဖြူန်းခနဲ သူသတိရလိုက်သည်။ ရှေ့နေကြီး စတားဂူးက လှူကြဲ့ပါးလိုက်သည့် စာအိတ်...။

'ဒီစာအိတ်ထဲမှာပါတဲ့စာက ဘာတွေရေးထားလို့အဘိုးကြီးက ဒါလောက်အရေးကြီးနေရတာလဲ....၊ ဒီစာထဲမှာပါတဲ့ ...ကြောင်းအရာတွေက အဘိုးကြီးနဲ့ ဘယ်လောက်ပတ်သက် ...လဲ....'

...မောရစ်ဆင်သည် စာအိတ်ကို ခေတ္တခဏဖွင့်ကြည့်ချင်စိတ် ... တဖွားဖွား ပေါ်လာ၍ မနည်း အောင့်ထားရသည်။

...စာအိတ်ထဲက စာမှာ ပါတဲ့ အကြောင်းအရာ တွေကို ...မျိုးတစ်ဖုံ ဇာတ်ကွက် ဆင်ပြီး ရေးလိုက်ရရင် စတ္တူ ...ငါး-ခြောက်ပုဒ်တော့ ထွက်လာမှာပဲ....။

...သော် သူ့ စိတ်ကူးမှာ စိတ်ကူးထဲမှာပင် အဆုံးသတ် ...သည်၊ လက်လျှော့ခဲ့ရသည်။

...ဆိတ် ...ဒီနေရာမှာ ခဏထိုင်ပါရစေ....'

...န်းခနဲ ကြားလိုက်ရသောအသံကြောင့် မောရစ်ဆင်မှာ ...ပျက်သွားပြီး ရုတ်တရက်မော့ကြည့်လိုက်မိသည်။ နယူး ...စ်ယွန်ဖောင်းဝတ်ထားသည့် အရပ်ရှည်ရှည်စစ်သား ...သောက်....၊

...ောင်တာဘက်ဆီ လှမ်းကြည့်လိုက်တော့လည်း လူတွေ ...မ်းပြည့်နေသည်။ သူကနယူးဇီလန်ယူနီဖောင်းကို ခေါင်း ...က်သည်။

...မှာက ဘော်တော်လေး ထူကျပ်နေတယ် ခင်ဗျ....။ ...တော် နာမည်မော်စလေလို့ခေါ်ပါတယ်။ ဂျက်မော့စ်လေ ...ယူးဇီလန် အမှတ်(၁)သေနတ်ကိုင် တပ်ရင်းကပါ....'

www.burmeseclassic.com

www.burmeseclassic.com

လက်မောင်းတွင် အရစ်များ တပ်ဆင်ထားသော နယ
ဇီလန် တပ်ကြပ်ကြီးသည် သူပါလာသောပုလင်းကို ဖွင့်လို
သည်။

'အဲဒါ ထားပါဦးလား၊ ဒီပုလင်းထဲက ဟာသဲ အရ
ရှင်းကြတာပေါ့'

ပြောပြောဆိုဆိုဖြင့် မောရစ်ဆင်သည် သူ့ ပုလင်းထဲ
လက်ကျန်များကို နယူးဇီလန် တပ်ကြပ်ကြီး မော်စ်လေ
ဖန်ခွက်ထဲသို့ လောင်းထည့်ပေးလိုက်သည်။

မော်စ်လေက ဘာမျှပြန်မပြောဘဲ သူ့ ဘောင်းဘီအိပ်
ထဲမှ ဆေးတံကိုထုတ်၍ ဆေးထည့်ရန် ဟန်ပြင်လိုက်သည်
ဆေးတံသမားများသည် သူတို့ အချင်းချင်း ရိုင်းပင်းဝေ
ရှိကြသည်၊

'ဒီမယ်...ကျုပ်မှာ ဆေးတံသောက်ဆေး အကောင်းစာ
ပါတယ်။အဲဒါလေး မြည်းစမ်းကြည့်ပါဦး....'

အာသွတ် လျှာသွက်ရုံမျှ မက လက်ပါ သွက်နေသေ
မောရစ်ဆင်သည် ပြောရင်း ဆိုရင်း သူ့ ဆေးတံဆေး ထည့်
ထားသော အိတ်ကို စားပွဲပေါ်သို့ ပစ်ချပေးလိုက်သည်၊

မော်စလေဆိုသူကလည်း သူချပေးလိုက်သော ဆေးတံ
ဆေးအိတ်ကို ဆွဲယူ၍ ဆေးတံအိုးထဲသို့ ဆေးတစ်ဆုံ အပြည့်



ည့်လိုက်သည်။ ပြီး မီးညှိ၍ တစ်ဖွာနှစ်ဖွာ ဖွာကြည့်သည်။
ာတ် ဆေးတံဆေး ကောင်းကြောင်း ခေါင်းညိတ်၍
ညည်ပြုလိုက်သည်၊

'ဒါထက်နေပါဦး ခင်ဗျား အမေရိကန်နဲ့တူတယ်၊ ဟုတ်
ါမဟုတ်လား....'

'ဟုတ်ပါတယ်၊ ကျုပ် အမေရိကန်ပါပဲ....'

'ကောင်းတယ်ဗျာ....ကျွန်တော်ကတော့ အမေရိကန် တွေ
သဘောကျတယ်။ ဒါထက် နေပါဦး၊ ခင်ဗျားက အခုလို
ပ်ဘယက် အချိန်မျိုးမှာ ဒီဂရိနိုင်ငံကို ဘာကိစ္စနဲ့ လာရ
ာလဲ'

မော်စလေ၏ ပုလင်း ဖွင့်ပြီးသည့်နောက် မောရစ်ဆင်
ယောက် အတော်ကလေး 'အာချောင်' လာပြီဖြစ်သည်။
တစ်ပုလင်းကုန်၍ နောက်တစ်ပုလင်း ရောက်လာသည့်
ာ ဘွင်မူ သူသည် သူ့ အကြောင်းကို တစ်ခုမကျန် ဇာတ်စုံ
ပြခဲ့ရုံမျှမက ထုံးစံအတိုင်း သူ့ သားငယ် 'ဂျင်' နှင့်သမီးငယ်
း' တို့၏ ဓာတ်ပုံများကိုပါ ထုတ်ပြခဲ့ပြီးဖြစ်သည်။

မော်စလေကလည်း ရင်းနှီးမှုကို တုံ့ပြန်သောအားဖြင့်
ကလေး သုံးယောက်၏ ဓာတ်ပုံများကို အပြန်အလှန်
ပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မောရစ်ဆင်သည် အတော်ကလေး ထွေနေသည့်ကြား
သူနှင့် သောက်ဖော်သောက်ဖက် မော်စလေသည် အဝေ
ပင် ဖော်ရွေပြီး သွက်လက် ချက်ချာသူတစ်ဦး ဖြစ်သည်
ကောက်ချက် ချလိုက်မိသည်။

ယခုအခါ တစ်ဆိုင်လုံး ဆေးလိပ်မီးခိုး၊ ဆေးတံမီးခိုးမ
ဖြင့် မှုန်နေပြီဖြစ်သည်။ သံပြိုင်သီချင်း ဆိုသံများလည်း
ကျယ်လာသည်။ ဆိုသူများလည်း ပို၍များလာသည်။

'မောရစ်ဆင် ခင်ဗျားအလုပ်က ဘာလဲ....'

သည့်မေးခွန်းကို မောရစ်ဆင် အကြောက်ဆုံး ဖြစ်သ
အဘယ့်ကြောင့်ဆိုသော် တစ်စုံတစ်ယောက်သည် စာ
ဆရာ တစ်ယောက်ယောက်ကိုတွေ့လိုက်သည်နှင့် တစ်ပြိုင်န
အားရဝမ်းသာဖြစ်ကာ ဟမ်းမင်းဝေးတို့လို၊ ဖော့ကနား
လို တကယ့် စာရေးဆရာကြီးများနှင့် တွေ့လိုက်ရသည့်ပ
ပြာပြာသလဲ ဖြစ်သွားတတ်ကြသောကြောင့် ဖြစ်သည်။ ယ
လည်း လာပြန်ပြီတစ်ယောက်....။

'ဟုတ်လား၊ စာရေးဆရာ မိုက်မောရစ်ဆင်ဆိုတာ လက
သတ်တော့ ခင်ဗျားကိုး....တွေ့ရတာ သိပ်ဝမ်းသာတာပဲဗျာ
ဒါထက် မှတ်မှတ်ရရ ပြောလိုက်ရဦးမယ်။

ခင်ဗျား ရေးခဲ့တဲ့'မှဆိုးဂေဟာ'ဆိုတဲ့ ဝတ္ထုကို ကျွန်တေ
သိပ်သဘောကျတာပဲဗျာ... တကယ်ပါ တော်တော့ကို ကော
တဲ့ စာအုပ်ပါပဲ....'



'တကယ်ပဲလား၊ ဒီလိုဆိုကျေးဇူးပါပဲဗျာ....ကဲ....နောက်
တစ်ခွက် ချလိုက်ကြဦးစို့....'

'ရပါတယ်၊ ရပါတယ်၊ ချကြတာပေါ့၊ ဒါထက်နေပါဦး
မောရစ်ဆင်၊ ခင်ဗျားနဲ့ ကိုယ်တိုင်တွေ့တုန်း တစ်ခုမေးပါရ
စေဦး။

ခင်ဗျားဟာ ခင်ဗျား ဝတ္ထုတွေထဲမှာ ရေးခဲ့သလို ဘဝရဲ့
ဒဏ်ရာ ဒဏ်ချက်တွေ တော်တော်များများ ခါးခါးသီးသီး
နာကျည်းစရာတွေ တွေ့ခဲ့ကြုံခဲ့ ခံစားခဲ့ရတယ်ဆိုတာ အမှန်
ပဲလား....'

မောရစ်ဆင်အတွက် သည်မေးခွန်းမျိုးကတော့ ရိုးနေပြီ
ဖြစ်သည်။ တကယ်ကလည်း စာဖတ်ပရိသတ်သည် ဝေဖန်ရေး
သမားများပင် ဖြစ်သည်။

စာတစ်အုပ်အပေါ်တွင် သူ့ထင်မြင်ချက် တစ်ခုခုသည်
အလိုလိုရှိနေပြီးဖြစ်သည်။ ဖွင့်ပြောတာ မပြောတာသာ ကွာ
ခြားသည်။

ဒါပေမယ့် မော်စလေတစ်ယောက်ကတော့ တကယ်ပင်
အံ့ဩစရာ ကောင်းသည်။ သူ့ထင်မြင်ချက်များနှင့် ယူဆချက်
များသည် လေးနက်မှုရှိသလောက် ကျိုးကြောင်းခိုင်လျော်လှ
သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂရာစီအရက်ကလည်း တကယ်ပင် သောက်လို့ကောင်းသည်။ အသံဗလံ‌တွေကလည်း ဆူညံလှသည်။ မောရစ်ဆင်သည် နောက်တစ်ခွက် ထပ်မှာလိုက်ပြန်သည်။

သူသည် တော်တော်ကလေး အရှိန်ရနေပြီဖြစ်သည်။အရှိန်ရလေ၊ စကားပြောလို့ ကောင်းလေ ဖြစ်သည်၊ ပြောလည်း ပြောနိုင်သည်။

အကြောင်းအရာကလည်း စုံလှသည်။ စာပေအကြောင်းမှ စန်ဖရန်စစ္စကို အကြောင်း၊ နောက်ပြီး တော့ ဂရိနိုင်ငံ အကြောင်း၊ တစ်ဖန် ဂီတအကြောင်း....

နောက်ပိုင်းတွင် မောရစ်ဆင်သည် သူတစ်ယောက်တည်း ဒိုင်းခံပြော၍ ဒိုင်ခံသောက်သလို ဖြစ်နေပြီး သူ့ မိတ်ဆွေ မော်စလေမှာ အရက်ကို တကယ်တမ်း ဟုတ်ဟုတ် ငြား ငြား မသောက်ဘဲ တမင်ချိုနေသည်ကို သူလုံးဝမသိဘဲ ဖြစ်ခဲ့သည်။

နောက်ဆုံးတွင် အရက်သမား အများစု၏ ထုံးစံအတိုင်း တခြားပြောစရာ အချက်အလက် ကုန်သွားသည်နှင့် ထစ်ဖြိုင် နက် မိန်းမအကြောင်း ခေါင်းစဉ်ပြောင်းသွားကြသည်၊

'ဒီမယ်....မော်....မော်စလေ....ကျုပ် ခင်ဗျားကို တကယ် ရင်းနှီးတဲ့ မိတ်ဆွေ တစ်ယောက် အနေနဲ့....အရေး့....အရေး ကြီးတဲ့ မေးခွန်းတစ်ခု မေးမယ်ဗျာ.... အဲ.... အဲဒီ....မေးခွန်း



တော့ တခြား....တခြားမဟုတ်ပါဘူး၊ ခင်ဗျားတာ ခင်ဗျား က 'ကြက်မကြီး' အပေါ် ထာဝစဉ် သစ္စာစောင့်သိမယ် တဲ့ လူစားမျိုးလား....ဘယ်နှယ်လဲ ကျုပ်မေးတာဖြေလေဗျာ'

'ထာဝစဉ်တော့ ဘယ်ဟုတ်မလဲဗျာ....တစ်ခါတလေတော့

မော်စလေက စကားကို တစ်ပိုင်းတစ်စ ရပ်ထားလိုက် ည်။

'အဲ....ကြိုက်ပြီ၊ ဒီလိုဆို ဒါဟာတစ်ခါတစ်လေပဲဗျ....အခု ပ်တို့ ဘာလုပ်ကြမလဲဆိုတာ ခင်ဗျားကို ပြောပြမယ် ထောင်၊ ကျုပ်ပြောမယ်။

'အခု ဒီကပြီးရင် ကျုပ်တို့ကားတစ်စီးနဲ့ ဟိုပန်းခြံကို ကြမယ်၊ အဲဒီမှာ ကောင်မနှစ်ကောင် ခေါ်မယ်ဗျာ.... နဲ့လဲ....'

'ရပါတယ်လေ၊ ရပါတယ်....အင်မတန် လျော်ကန် သင့် တဲ့ အကြံပါပဲ'

'ဒီကောင်မတွေက ခင်ဗျားလို ကောင်မျိုးကို သိပ်မတွဲချင် ဘူးဗျ၊ မဟုတ်ဘူး....မဟုတ်သေးဘူး၊ တကယ်တော့ ားဟာ လူတော်တစ်ယောက်ပါ၊ ကျွန်တော် စာအုပ် ခင်ဗျားကို မှတ်တမ်းတင်လိုက်ပြီ....'

www.burmeseclassic.com

www.burmeseclassic.com



မောရစ်ဆင်သည် စကားပြောရင်း ထိုင်ရာမှထလိုက်သ
သို့သော် သူ့ကိုယ်သူ မဟန်နိုင်အောင် ဖြစ်နေပြီး ကုလ
ထိုင် ပေါ်သို့ ယိုင်ကျသွားသည်။

နောက်တစ်ကြိမ်အထတွင် မော်စလေက ထိန်းပေးသ
တော်တော်ကလေး မတ်သွားသည်။ နယူးဇီသန်ဓာပ်ကြပ်
သည် သူ့ကိုတွဲ၍ ဆိုင်ထဲမှ စစ်သားများကို ရှောင်တိမ်း
အပြင်သို့ ခေါ်ထုတ်လာခဲ့ရသည်။

အပြင်ဘက်တွင် လေနုအေးကလေးက သူတို့နှစ်ယောက်
ဆီးကြိုနှုတ်ဆက်လိုက်သည်။ အအေးဓာတ်ကြောင့် မော
ဆင်သည် ရုတ်တရက် အိပ်ရာမှ လန့်နိုးသလို ဖြစ်သွားသ

'ဟေ ....ဟေ ....ဟေ လူ ခဏနေဦး....ခဏနေဦး၊ ကျ
နာရီကို ကြည့်ပေးစမ်းပါဦး၊ ဘယ်နှစ်နာရီ ရှိပြီလဲ၊ ကြ
ပေးစမ်းပါဦး'

'ရှစ်နာရီခွဲ....'

'ဟိုက်....သွားပြီဗျို့ ၊ ကျုပ်ချိန်းထားတာတစ်ခု ရှိတယ်
ဒီမယ်....ကျုပ်ပြောမယ်၊ ဒီလိုလုပ်ဗျာ၊ ခင်ဗျား ဟိုတယ်
သွားနှင့်၊ကီဖစ်....ကီဖစ်....ဖစ်ဖစ်....ဟာ အရေးထဲမှဒီသော
ဟိုတယ်နာမည်ကလဲ ဘာတဲ့၊ ကီဖစ်ရှ ...ရှား....အဲ— အဲ ကီ
ရှား ဟိုတယ်၊ဟုတ်ပြီ၊ အဲဒီ ဟိုတယ်ကို ခင်ဗျား သိတယ်မဟု
လား....



'ဟို....ကုန်းမြင့်မြင့်လေးပေါ်က ဟိုတယ်ဗျာ၊အဲဒီ ဟိုတယ်
က ခင်ဗျားစောင့်နေ ကျုပ် ခုချက်ခြင်း ပြန်လာခဲ့မယ်၊အရေး
ကြီးတဲ့ ကိစ္စနဲ့ချိန်းထားတာ တစ်ခုရှိနေလို့ပါ၊ မကြာပါဘူး၊
ကျုပ် ပြန်လာတော့မှ ကျုပ်တို့ ဇာတ်လမ်းကို ပြန်ဆက်ကြတာ
ပေါ့၊ ကျုပ်ပြောတာ သဘော ပေါက်တယ် မဟုတ်လား'

မော်စလေသည် လမ်းဘေးတွင် အဆင်သင့် တွေ့ရသော
တက္ကစီ ကားတစ်စီး ပေါ်သို့ မောရစ်ဆင်အား တွဲတင်ပေး
လိုက်သည်။

ပလက်ဖောင်းဘွင်ရပ်၍ လက်ပြ နှုတ်ဆက်နေဆဲ ကားက
တစ်ဘီးချင်းလိမ့်၍ ထွက်သွားသည်။

အရှိန်မပြေသေးသော မောရစ်ဆင်သည် ကား ပြတင်း
ပေါက်မှ ခေါင်းပြူရင်း လှမ်းအော်သွားသည်။

'ကီဖစ်....ကီဖစ်ရှားနော်၊ မှတ်မိတယ်မဟုတ်လား၊ အဲဒီက
ဆက်ဆက် စောင့်နေနော်၊ ဆက်ဆက်'

မောရစ်ဆင် စီးသွားသော တက္ကစီကားကလေး ထောင့်
ချိုးတွင် ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက် ဇီမိခံ ကား
နက်ကြီး တစ်စင်းသည် လှမ်းမကြီးကို ဂ,ငယ်ကွေ့ ကွေ့ကာ
မော်စလေရပ်နေသော ပလက်ဖောင်းသို့ ထိုးဆိုက်လာသည်။

မော်စလေသည် ကားတံခါးကို ဆွဲဖွင့်၍ အထဲသို့ဝင်လိုက်
သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ သူ့နောက် လိုက်ရမှာလား'

ကားမောင်းသမားက မေးလိုက်သည်။

'မလိုပါဘူး.... မလိုက်နဲ့တော့၊ ဇာဗော့နဲ့ သွားတွေ့ဖို့ ရှိသေးတယ်'

စက်မရပ်ဘဲ အရှိန်သတ်ရုံသာ သတ်ထားသော ကားနက်ကြီးသည် လမ်းမကြီးအတိုင်း ထွက်လာသည်။

'ဒီ အမေရိကန်ကို ဘယ်လိုလုပ်မလဲ'

မော်စလေသည် ကားနောက်ပိုင်းတွင်ကျောဆန့်၍ နောက်မှီချလိုက်ရင်း မသိမသာ ပြုံးလိုက်သည်။

'အသကား ကောင်ပါကွာ၊ သောက်ရူးပါ၊ ဒီကောင်သာ ဗြိတိသျှ ထောက်လှမ်းရေး အရာရှိ ဖြစ်မယ်ဆိုရင် ငါလဲ ဝန်ကြီးချုပ် ဝင်စတန် ချာချီ ဖြစ်နေပြီ'

* * *

## ပက်ထရာကီလမ်း အမှတ် ၁၇

မောရစ်ဆင်သည် ပက်ထရာကီလမ်း အမှတ် ၁၇ မှ အဝါရောင် အုတ်တိုက်ကြီးရှေ့တွင် တွေတွေကြီး ရပ်နေမိသည်။ တစ်လမ်းလုံး မှောင်အတိကျနေပြီး လူသွား လူလာ မရှိဘဲ ရှင်းနေသည်။

သူသည် ခပ်ယိုင်ယိုင်ဖြင့် အုတ်လှေကားအတိုင်း တစ်ထစ်ချင်း၊ တက်သွားပြီး တံခါးမကြီးတွင် တပ်ဆင် ထားသော ကြေးလက်ကိုင်ကြီးကို ခေါက်လိုက်သည်။

'ဒိန်း....ဒိန်း....ဒိန်း'

မိမိစေအတိုးကြီးတာဆော့၏ခြေသံကိုနားစွင့်နေမိသည်။ သို့သော် အထဲမှ ဘာသံမျှ မကြားရ၊နောက်တစ်ကြိမ် တံခါးခေါက်လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

'ဒိန်း....ဒိန်း....ဒိန်း....ဒိန်း....'

အတော်ကြာ စောင့်နေသော်လည်း ဘာသံမျှမကြားရ၊ ဘယ်သူမှ တံခါးကို လာမဖွင့်။

မောရစ်ဆင်သည် စိတ်မရှည်နိုင်တော့သဖြင့် တံခါးမကြီးကို တစ်အားဆောင့်၍ တွန်းကြည့်လိုက်သည်။ကျွီခနဲမြည်သံနှင့်အတူ တံခါးရွက်တစ်ခု ပွင့်သွားသည်။

သူသည် မှောင်မည်းနေသော ခန်းမကြီးထဲသို့ရုတ်တရက် မဝင်ရဲသဖြင့် သူ့လက်ထဲမှ မီးခြစ်ကို ထုတ်၍ ခြစ်လိုက်သည်။ ရှဲခနဲ မြည်သံနှင့် အတူ မီးခြစ်ဆံမှ မီးရောင်ကြောင့် သူ့ပတ်ဝန်းကျင်မှ အရာဝတ္ထု ပစ္စည်းများကို သဲသဲကွဲကွဲ မြင်လိုက်ရသည်။ပထမဆုံး သူ သတိထား၍ ရှာကြည့်လိုက်သည်ကတော့ မီးခလုတ်....

လက်ချောင်းများ ပူခနဲ ဖြစ်သွားသဖြင့် မီးခြစ်ဆံကိုလွှတ်ချလိုက်ရသည်။မေါးစပ်မှ အမှတ်တမဲ့ ရေရွတ်လိုက်မိသည်။

'ဒီမီးခြစ်ကလဲ သောက်ရေးထဲမှာ....'

နောက်ထပ် မီးခြစ်တစ်ဆံ ထုတ်၍ ခြစ်လိုက် ပြန်သည်။ ဟောဟိုမှာ မီးခလုတ်။

သူသည် မီးခလုတ်ရှိရာသို့ မီးခြစ်ဆံ ငြိမ်းမသွားမီ ခပ်သုတ်သုတ်ပြေး၍ နှိပ်လိုက်သည်။ မီးလုံးများပွင့်၍ လင်းလာ



သည်။သို့သော် မီးလုံးတချို့သာ ပွင့်သဖြင့် ခန်းမကျယ်ကြီးမှ ပစ္စည်းများ အားလုံးကို မှုန်တိမှုန်မွှားသာ မြင်ရသည်။

'စတားဂူး....ထပါဦး'

ခပ်အုပ်အုပ် အော်လိုက်သော မောရစ်ဆင်၏ အသံသည် ခန်းမကျယ်ကြီးထဲတွင် ပဲ့တင်ထပ်၍ ထွက်ပေါ် လာသည်။

သူသည် ရှေ့သို့ အနည်းငယ် တိုးသွားပြန်သည်။ အရက်အရှိန်မပြေသေးသော်လည်း အနည်းငယ် ကြောက်စိတ် ဝင်လာမိသည်။

'စတားဂူး....ဒီကိုလာပါဦး၊ ကျွန်တော်ရောက်နေပြီလေ၊ မောရစ်ဆင်....မိုက်ကယ် မောရစ်ဆင် ရောက်လာပါပြီ'

ရှေ့သို့တိုး၍ သွားရင်း စတားဂူး၏ ရုံးခန်းဝသို့ သူ ရောက်သွားသည်။

'အဘိုးကြီး သူ့ ရုံးခန်းထဲမှာပဲ အိပ်ပျော် နေသလား မသိဘူး'

'ဟုတ်တယ်၊ ဒီအခန်းထဲမှာ အိပ်ပျော်နေပြီ ထင်တယ်' ရုံးခန်းတံခါးကို တွန်းဖွင့်လိုက်ရာ အဆင်သင့် ပွင့်သွားသည်။သို့သော် တစ်ခန်းလုံး မှောင်မည်းနေသည်။ ဘာကိုမှ မမြင်ရ။

www.burmeseclassic.com

www.burmeseclassic.com



မောရစ်ဆင်သည် ညနေက စားပွဲပေါ်တွင် မီးအိမ်တစ်လုံး တွေ့မြင်ခဲ့ရသည်ကို သတိရသဖြင့် စားပွဲရှိရာသို့ မှန်း၍ ခပ် ဖြည်းဖြည်းလျှောက်လာခဲ့သည်။

သို့သော် စားပွဲဆီသို့ မရောက်မီ ကုလားထိုင်တစ်လုံးကို ဝင်တိုက်မိ၍ ကုလားထိုင်ရောလူပါ ဝုန်းခနဲလဲကျသွားသည်။ အားယူ၍ ကြိုးစားထကြည့်သည်။ ရုတ်တရက် ထ၍မရ၊ အရက် အရှိန်က ယခုမှ ပြန်ထလာပြန်သည်။

သို့ဖြင့် ဒူးထောက်လျက်သား ရှေ့သို့စမ်း၍သွားလိုက်ရာ စားပွဲစွန်းနှင့် ခေါင်းဖြင့် ဒုတ်ခနဲ တိုက်မိပြန်သည်။

ငယ်ထိပ်တွင် ပူခနဲ ဖြစ်သွားသည်ကို သတိ မထားနိုင်ဘဲ စားပွဲစွန်းကိုလက်ဖြင့် ကိုင်၍ အားယူထရင်း စားပွဲပေါ်မှ မီးအိမ်ကို စမ်း၍ ရှာလိုက်သည်။ တွေ့ပါပြီ။

မီးအိမ်ကိုမီးညှိလိုက်သောအခါ ဝါကျင့်ကျင့် မီးရောင်နှင့် အတူ မည်းနက်သော သူ့အရိပ်ကြီးသည် နံရံတွင် ဘွားခနဲ ပေါ်လာသည်။

သူသည် စားပွဲပေါ်သို့ လက်နှစ်ဖက် ထောက်ကာ ယခု အထိ အမူးမပြေသေးသော သူ့ခေါင်းကို တစ်ချက် နှစ်ချက် ရမ်းလိုက်မိသည်။

သည်တော့မှ သူ့ရှေ့က စားပွဲပေါ်တွင် စာရွက်များ၊ ဖိုင်တွဲများနှင့်တကွ မင်အိုး၊ ကလောင်တံ၊ခဲတံ၊ ဖောက်စက် သည့် ရုံးသုံးပစ္စည်းများ အားလုံး မြင် မကောင်းအောင် ဖရိုဖရဲ ပြန့်ကြဲနေသည်ကို သတိထားလိုက်မိသည်။

တစ်ကောက်ယောက်က သည်စားပွဲပေါ်တွင်တစ်စုံတစ်ရာ ရှာဖွေ မွှေနှောက်သွားသည်မှာ သေချာသည်။

ရုတ်တရက် လှုပ်ရှားသံလိုလို အသံတစ်ခု ကြားလိုက်ရ သည်။

သူသည် ဖြတ်ခနဲ မျက်လုံး ကစားလိုက်သည်။ ဖြုန်းခနဲ ကြမ်းပြင်ပေါ်တွင် ကွဲကြေနေသော စတားဂူး၏ခေါင်းထောင့် မျက်မှန်ကလေးနှင့်အတူကြမ်းခင်းကော်ဇောပေါ်မှအနီရောင် သွေးကွက်များကို ရဲခနဲ တွေ့လိုက်ရသည်။

'မော်ရစ်ဆင်'

အခန်းတစ်နေရာမှ အသံသဲ့သဲ့ ကြားလိုက်ရသည်။

သူသည်ခေါင်းနားပန်းများကြီးပြီး တစ်ကိုယ်လုံးဆတ်ခနဲ တုန်သွားမိသည်။

'ဘယ်သူလဲ....'

အထိတ်တလန့် ဖြစ်နေသော မောရစ်ဆင်သည် အလို အလျောက် အသံတိုးတိုးဖြင့် မေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

'ကျုပ်ပါ၊ ဒီ....ဒီတံခါးနားကပါ'

'ခင်ဗျား ဘယ်သူလဲ၊ စဘာဂူးကော ဘယ်မှာလဲ'

'စဘာဂူး မရှိတော့ဘူး၊ သူ သေပြီ'

မောရစ်ဆင်သည် ရုတ်တရက် နှလုံးသွေး ရပ်သွားသလို ခံစားလိုက်ရသည်၊ သည်တစ်ခါတော့ တအာယ်ပင် အကြောက်ကြီး ကြောက်သွားမိသည်။ ချက်ချင်း အမူးပြေသွားသည်၊

ဒါပေမယ့် သူ့ ဦးခေါင်းသည် အရက်မူးနေစဉ်ကထက် ပို၍ကြီးလာသည်ဟု ထင်ရသည်။ သူ့ခေါင်းကို တစ်ချက် ယမ်းလိုက်မိပြန်သည်။ ပိတ်နေသော တံခါးအားနားတွင် သူ့ကို စိုက်ကြည့်နေသောလူတစ်ယောက်၏မျက်လုံးများကိုမှောင်ရိပ်ထဲတွင် တလက်လက် မြင်လိုက်ရသည်။

'အို....မဟုတ်ဘူး....မဟုတ်ဘူး.... ကျွန်တော်နဲ့မဆိုင်ဘူး.... ကျွန်တော်နဲ့ ဘာမှမဆိုင်ဘူး၊ ကျွန်တော်ဒီနေရာက အခုထွက်သွားတော့မှာပါ' မောရစ်ဆင်သည် ဂယောင်ဂတမ်း ပြောရင်းက ကြောက်အားလန့်အားဖြင့် တံခါးမကြီးဆီသို့ သွားရန် ခြေလှမ်းပြင်လိုက်သည်။

'မောရစ်ဆင် ခင်ဗျား ငြိမ်ငြိမ်လေးနေပါ၊ ကျုပ်လက်ထဲမှာ သေနတ်ရှိတယ်'

မောရစ်ဆင်သည် တုံ့ခနဲ ဖြစ်သွားသည်၊ တံခါးဝမှ လူသည် မှောင်ရိပ်မှထွက်လာပြီး စားပွဲအနီးမှ ကုလားထိုင်ပေါ်

ထိုင်ချလိုက်သည်။ သူ့မျက်နှာကို ခုမှ ထင်ထင်ရှားရှား သည်။

သူ့ပါးစပ်မှ စီးကျနေသော သွေးများမှာ မီးရောင် ကျ်တွင် ညိုညစ်ညစ်ဖြစ်နေသည်၊ ရောမ သူ့နှုတ်ခမ်း ကြီးမှာလည်း သွေးချား စိုရွှဲနေတာန် တူသည်။

'ခင်ဗျား ကျွန်တော့်ကို ဘာလုပ်မလို့လဲ၊ ကျွန်တော့်မှာ အပြစ်ရှိလို့လဲ' မောရစ်ဆင်က တုန်တုန်ယင်ယင်ဖြင့် ကိုက်သည်။

'တိုစာအိတ်လေ ခင်ဗျားကိုပေးထားတဲ့ စာအိတ်၊ အဲဒီ တ်ကို လိပ်စာအတိုင်း ပို့ဖြစ်အောင် ပို့ပေးပါ၊ ဒီနေ့ည ရှိ ဘက်တွ ၀င်လေဆိပ်က ထွက်မယ့်လေယာဉ်တစ်စင်း ၊ နေဦး ခင်ဗျား ကျုပ်မှတ်ပုံတင်စာရွက် ယူသွားဦး'

သူ့စကားမဆုံးမီ မောရစ်ဆင်သည် သူ့အင်္ကျီ အတွင်း ကို သက်ဖြင့် စမ်းကြည့်မိသည်။ စာအိတ်ကလေးမှာ အတိုင်း ရှိသေးသည်။

မသိချင်ဘူးဗျာ၊ ဒီစာအိတ်ကို ခင်ဗျားတို့ ပြန်ယူကြ းတို့ဟာတွေက ရှုပ်ရှုပ်ယှက်ယှက်နဲ့ ကျွန်တော်က အမေ တိုင်းရင်းသားဗျ၊ ကျွန်တော့်ကို ခင်ဗျားတို့ အရှုပ် းထဲမှာ ဆွဲမသွင်း'

www.burmeseclassic.com

'ဒီမယ် မောရစ်ဆင်၊ ခင်ဗျားမှာ တခြားရွေးစရာလ
မရှိတော့ဘူး၊ ခင်ဗျားနောက်ကို သူတို့လိုက်နေကြပြီ၊ ခင်ဗျ
ကို မတွေ့ တွေ့အောင် ရှာနေကြပြီ၊ ခင်ဗျား....ခင်ဗျား အ
ရိုကန် သံရုံးကိုလဲ အဆက်အသွယ် မလုပ်နဲ့တော့၊ အဲဒီက

သူတို့ ဝင်မွှေကြလိမ့်မယ်၊ နေရာတကာမှာ သူတို့လူတွေခ
ပဲ၊ဒါကြောင့်....ဒါကြောင့် ခင်ဗျားမှာ တခြားရွေးစရာ
မရှိ မရှိတော့ဘူး'

တစ်လုံးချင်းအားယူ၍ ပြောနေရဟန် တူသော ထိုလူ
ခပ်ဖြည်းဖြည်း ခပ်တိုးတိုး ကြိုးစားပြောနေရာမှ သူ့စက
အဆုံးတွင် သူ့အသံမှာ နက်ဝင်သွားသည်၊

သူ့ လက်ထဲတွင် ကိုင်ထားသော ပစ္စတိုသေနတ်သည် က
ပေါ်သို့ ဒေါက်ခနဲ ကျသွားသည်။

မောရစ်ဆင်သည် ထိုလူ၏ ကုတ်အင်္ကျီကော်လာ နှစ်
ကို စုံကိုင်၍ လှုပ်ရမ်းရင်း....

'သူတို့ဆိုတာ ဘယ်သူလဲ ဟင်၊ ဘယ်သူတွေလဲ သူ
တာ....'

ထိုလူသည် သူ့ဦးခေါင်းကို ကြိုးစား၍ ထူလိုက်သ
သို့သော် မဟန်နိုင်ဘဲ ဇက်ကျိုးသလို ငိုက်ကျသွားသည်၊





သူ့ ပါးစပ်မှ သွေးများ စောစောကထက်ပို၍ စီးကျလာ
... လုံးဝ စကားမပြောနိုင်တော့။

မောရစ်ဆင်သည် ကြမ်းပေါ်မှ ပစ္စတိုသေနတ်ကို ငုံ့၍
...က်ယူလိုက်သည်။

...ပြီးနောက် ပျော့ခွေနေသော ထိုလူ၏ လက်ထဲမှ မှတ်ပုံ
...တ်ကို ဆွဲယူလိုက်ပြီး အတွင်းအင်္ကျီအိတ်ထဲသို့ ထိုးထည့်
...သည်။

ထိုလူ၏ ပါးစပ်မှ ညည်းသံတစ်ချက် ထွက်လာပြန်သည်။

မောရစ်ဆင်၏ ပါးပေါ်မှ ကျလာသော ချွေးစီးသည်
...ါ်နှုတ်ခမ်းမှတစ်ဆင့် ပါးစပ်ထဲသို့ မသိမသာ ရောက်
...သည်။ လျှာပေါ်မှ ငံညီညီအရသာကို စိတ်ထဲမှ ဖျောက်
...း သူသည် တံခါးဆီသို့ နောက်ပြန်ဆုတ်လာခဲ့သည်။

...နောက် တံခါးကိုဖွင့်၍ အပြင်သို့ လှစ်ခနဲ ထွက်လာ
...

* * *

www.burmeseclassic.com

www.burmeseclassic.com

## တက်တွံငြင်လေဆိပ်သို့

မောရစ်ဆင်သည် အဝါရောင် အုပ်ဆိုက်ကြီး၏ ရှေ့ဖု
စောစောကလို တွေတွေကြီးရပ်ကာ၊ လမ်းမပေါ်သို့ ဘယ်ည
လှမ်းကြည့်လိုက်သည်။ စောစောကလို တစ်လမ်းလုံး မှော
နေပြီး လူသွားလူလာ လုံးဝမရှိဘဲ ရှင်းနေသည်။

သူသည် အုတ်လှေကားပေါ်မှ ခပ်သုတ်သုတ်ဆင်းက
ဆိုဖီယာ လင်းမကြီးဘက်ဆီသို့ ပလက်ဖောင်းပေါ်မှ လျှော
လာခဲ့သည်။

လူစည်ကားသော ထိုလမ်းမကြီးသို့ ရောက်လျှင် လူသွာ
လူလာများ မုချတွေ့ရမည် ဖြစ်သည်။

ထိုလမ်းမကြီးဆီသို့ အမြန်ဆုံးရောက်မှ ဖြစ်မည်။ ခပ်သွ
သွက် လှမ်းလာသော သူခြေသံသည် တိတ်ဆိတ်နေသော
လမ်းမပေါ်တွင် ပဲ့တင်ထပ်နေသည်။



သူသည် ဖြုန်းခနဲရပ်၍ နားစွင့်လိုက်သည်။

မှန်သည်၊ သူ့နောက်မှ မော်တော်ကားသံတစ်ခု ကြားရသည်။ ခပ်ဖြည်းဖြည်းမောင်းလာသော စက်သံနှင့်အတူ စိုစွတ်သော လမ်းမပေါ်တွင် ပွတ်၍ လိမ့်လာသော ကားဘီးသံများပါ ကြားနေရသည်။

မောရစ်ဆင်သည် လက်ယာဘက်မှ အနီးဆုံး အဆောက်အဦနံရံနှင့် ကပ်နိုင်သမျှ ကပ်၍ မတ်မတ်ရပ်နေလိုက်သည်။

အနက်ရောင် ဇိမ်ခံ ကားကြီးတစ်စင်းသည် လမ်းမအတိုင်း ခပ်ဖြည်းဖြည်း မောင်းလာနေသည်၊

ရှေ့မီးများ အားလုံး ငြိမ်းလာသည်ကို တွေ့ရသည်။

မောရစ်ဆင်သည် မျက်လုံးကို မှေး၍ အသက်အောင့်ထားလိုက်သည်။ ကားနက်ကြီးသည် လမ်းအတိုင်း သူ့ရှေ့မှ ဖြတ်ကျော်သွားသည်။

ရှေ့နား ခပ်လှမ်းလှမ်းသို့ ရောက်သောအခါ လက်ဝဲဘက်သို့ ကွေ့သွားသည်။

စက်သံသည် တဖြည်းဖြည်း ဝေးရာမှ လုံးဝ ပျောက်သွားသည်။

သည်တစ်ခါတော့ မောရစ်ဆင်သည် လမ်းမအစပ်ဆီ တစ်ဆီ
အား စွပ်၍ပြေးလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြေးရင်းက အမောဒဏ်ကြောင့် အသက်ရှူ မှားမတတ် ဖြစ်လာသဖြင့် အရှိန်အနည်းငယ် လျှော့လိုက်သည်။ နောက် တဖန် အားသွန်၍ ပြေးခဲ့ပြန်သည်။

'ဟိုက်....ဘုရားရေ....ဘယ်လိုဖြစ်တာလဲ'

ဆိုဖီယာလမ်းကြီးပေါ်သို့ရောက်လျှင် ရောက်ခြင်း သူသည် ပါးစပ်မှ အလန့်တကြား လွှတ်ခနဲထွက်သွားသည်။

လူသွားလူလာများဖြင့် စည်စည်ကားကား တွေ့ရလိမ့်မည် ဟု တစ်ထစ်ချ မှတ်ယူခဲ့သော ဆိုဖီယာလမ်းမကြီးသည် ယခု တော့ လုံးဝချောက်သွေ့ပြီး အသက် ကင်းမဲ့နေသည်ကိုတွေ့ လိုက်ရသည်။

လမ်းမကြီးတစ်ခုလုံး လူတစ်ယောက်မှမတွေ့ရ၊ကား တစ် စီးမှ မမြင်ရဘဲ ဟိုဘက်သည်ဘက် တောက်လျှောက်ကြီး ဟာလာဟင်းလင်း ရှင်းရှင်းကြီး ဖြစ်နေသည်။

လမ်းဘေး တစ်ဖက်တစ်ချက်မှ အဆောက်အအုံ အားလုံး မှာလည်း လုံးဝ မီးရောင်မတွေ့ရဘဲ မှောင်နှင့်မည်းမည်း ဖြစ် နေသည်။

လမ်းမကြီးပေါ်မှာသာ လမ်းမီးရောင် မှုန်မှုန်မွှားမွှား ရှိနေသည်။

မောရစ်ဆင်သည် အံ့ဩမဆုံးအောင် ဖြစ်နေမိသည်။



'ဘယ်လို ဖြစ်ကုန်ကြတာပါလိမ့်၊ အကုန်လုံး သေကုန်ကြ ား'

အံ့ဩရာမှ ဒေါသ ဖြစ်လာသည်။

ဒေါသဖြစ်ရာမှ ကြောက်စိတ်ဝင်လာသည်။စောစောကလို ိုးတော့သော်လည်း ကြောက်စိတ်ကြောင့် ခပ်သွက်သွက် ာက်လာခဲ့မိသည်။

ဟော....ဟိုးရှေ့မှာ မီးရောင်တစ်ခု'

ာမ်းမကြီး၏ သုံးချိုးနှစ်ချိုးလောက်တွင်ဖြူဖွေးသော မီး င် လက်လက်တစ်ခုကို လှမ်းမြင်လိုက်ရသည်။

ာမ်းမီးမဟုတ်။ အိမ်မီးလည်းမဟုတ်နိုင်။ သေချာပေါက် ာစ်ဆိုင်က မီးရောင်ဖြစ်ရမည်။

ောရစ်ဆင်၏ ခြေလှမ်းများသည် လမ်းလျှောက်ပြိုင်ပွဲဝင် ဖြစ်သွားသည်။

ထင်သည့်အတိုင်း မှန်နေသည်။ စားသောက်ဆိုင် ိုင် ဖြစ်နေသည်။

ေသာ် တစ်ဆိုင်လုံးရှင်းနေသည်။အရက်ဘားမှ ကောင် ောက်တွင် လူတစ်ယောက် ထိုင်နေသည်ကိုသာ တွေ့ရ

ောရစ်ဆင်သည် ကောင်တာရှိရာသို့ တန်းဝင်သွားသည်။ ာင်တာမှလူသည် ဖြုန်းခနဲ ဝင်လာသောမောရစ်ဆ ချက်လုံးပြူး မျက်ဆံပြူး ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'အင်္ဂလိပ်...ခင်ဗျား အင်္ဂလိပ်စကား ပြောတတ်သလာ

ထိုလူက ဂရိလိုပြန်မေးပြောသည်။ မောရစ်ဆင် နားမလ

'အင်္ဂလိပ်စကား တတ်သလား အင်္ဂလိပ်လိုလေ၊ တယ်

ဖုန်း ကလင်...ကလင်....တယ်လီဖုန်း ရှိသလား'

မောရစ်ဆင်ကပြောပြော ဆိုဆိုဖြင့်အင်္ကျီအိတ်ထဲမှငွေစ

တစ်ရွက်ဆုတ်၍ စားပွဲပေါ်သို့ ဖြန့်ချလိုက်သည်။

ကောင်တာမှ လူက သူ ကျော်ဘက်နံရံမှ တယ်လီဖုန်း

ကို မေးငေါ့ပြလိုက်သည်။

'အော်ပရေတာ...အော်ပရေတာ....ဟဲလို...ကျုပ်ပြော

နားလည်ရဲ့လား၊ ဟဲလို... ခင်ဗျား အင်္ဂလိပ်စကား

သလား ကျေးဇူးပြုပါပဲဗျာ၊ အမေရိကန် သံရုံးကို ပြော

လို့ပါ....

မဟုတ်ဘူး၊အမေရိကန်.... အမေရိကန် သံရုံး၊ အဲ....

ဟုတ်တယ်၊ ဟုတ်တယ်၊ တစ်ဆိတ် မြန်မြန်ကလေး'

မောရစ်ဆင်သည် မျက်စိကို စုံမှိတ်၍တယ်လီဖုန်းခွက်

အသံကို နားစိုက်ထောင်လိုက်သည်၊

တစ်ဖက်သို့ ခေါ်နေသော ဘဲလ်သံကို ကြားရသည်၊

ကလင်...ကလင်၊ တစ်၊နှစ်၊သုံး၊လေး၊

'ဘယ်လိုလဲ ဘယ်သူမှ ဖုန်းလာမကိုင်ပါလား၊ ရှစ်၊

ဆယ်၊ ဆယ့်တစ်'

နောက်ထပ် ဘာသံမှမကြားရတော့....



သူသည် ဖုန်းခွက်ကိုပြန်ချလိုက်သည်။အကြီးအကျယ် စိတ်ပျက်သွားမိသည်၊ နံရံကိုမှီရင်း ခဏကြာသည်အထိ စဉ်းစားနေမိသည်။

'ဘာလုပ်ရမလဲ၊ ငါ ဘာဆက်လုပ်ရမလဲ၊ အဲ.... ဟုတ်ပြီ၊ ဟုတ်ပြီ...

'ဟဲလို...အော်ပရေတာ၊ အော်ပရေတာ'

နောက်တစ်ကြိမ် ထပ်ခေါ်ပြန်သည်။

'ဟဲလို-အင်္ဂလိပ်လိုပြောတတ်တယ်နော်၊ဟုတ်ပြီ၊ကျွန်တော် အေပီ သတင်းဌာနကို ပြောချင်လို့ပါ၊ အေပီ ဟုတ်ပါတယ်၊ အဆိုဆီယိတ် တက်ပရက်စ်၊ဟုတ်ကဲ့ အေပီ၊ ဟုတ်ပါတယ် မှန်ပါတယ်'

'ကလင်....ကလင်'

'ဟုတ်ကဲ့....အမိန့်ရှိပါ၊အေပီက ဝပ်ဆင် ပြောနေပါတယ်'

'ဟဲလို...မစ္စတာ မစ္စတာဝပ်ဆင် ကျွန်တော် အမေရိကန်ပါ ယောက်ပါ၊ ကျွန်တော့်မှာ ဒုက္ခရောက်နေလို့ပါ'

'ဒီလိုဆိုလဲ သံရုံးကို အကြောင်းကြားရင်ပိုကောင်းမယ်'

'မဟုတ်သေးဘူး၊ခဏနေပါဦး တယ်လီဖုန်း မချပါနဲ့ဦး၊ ရုံးကို ခေါ်လို့မရလို့ပါ၊ ဒါ့ကြောင့် ခင်ဗျားကျွန်တော့်ကို ညီစေချင်ပါတယ်'

'ကဲ...ဒါဖြင့်လဲ ဆိုပါဦး'

သူတို့ ကျွန်တော့်ကို လိုက်နေကြတယ်၊ ကျွန်တော့်ကို ဖို့ ကြိုးစားနေကြတယ်ခင်ဗျ'

www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ၊ လာနှောက်နေတာလား'

'မဟုတ်ပါဘူး မဟုတ်ပါဘူး၊ တကယ်ပါ သူတို့ ကျွန်တော့်ကို သတ်ဖို့ ကြိုးစားနေကြတာ အမှန်ပါ'

'ဟေ့ ကောင်ဖရက် တော်တော့ကွာ၊ မင့်အသံကြီး ဘယ်လိုဖျက်ဖျက် ခွေးချီသွားတော့ မှတ်မိတယ်ကွ၊ ဒီမှာ အလုပ်ရှုပ်နေရတဲ့အထဲ မင်းက'

'ဘုရားရေ ဒုက္ခပါပဲဗျာ၊ တဆိတ် ကျွန်တော် ပြောတာ ဂရုစိုက်ပြီး နားထောင်စေချင်ပါတယ်'

'ဟေ့ လူ ခင်ဗျားအဘည်ပြောနေတာလား'

'ဟုတ်ပါတယ်ဒါအမှန်ပါခင်ဗျာ၊ တကယ်ပြောနေတာပါ'

'နေပါဦး ခင်ဗျားအသံက မူးသံကြီးပါလား'

'ဒါတော့ ဟုတ်ပါတယ်၊ ကျွန်တော်သောက်ထားပါတယ်၊ ဒီအတွက်တော့ ကျွန်တော့်ကိုခွင့်လွှတ်ပါ၊ တကယ်ပါပဲ သူတို့ ကျွန်တော့်နောက်ကို လိုက်နေကြလို့ပါ၊ ကျွန်တော့်ကို ကူညီပါဦး'

'နေပါဦး သူတို့ဆိုတာက ဘယ်သူတွေလဲ'

'ဒါတော့ ကျွန်တော်လဲ မသိဘူးခင်ဗျာ'

'ဂလောက်'

'ဟဲလို....ဟဲလို....ဟဲလို'

တစ်ဖက်မှ တယ်လီဖုန်း ချသွားပြီဖြစ်သည်။ မောရစ်ဆင်သည် တယ်လီဖုန်းခွက်မှ ခလုတ်ကလေးကို အကြိမ်ကြိမ်နှိပ်၍ ခေါ်ကြည့်သည်။ နောက်ထပ် ဘာသံမှ မကြားရတော့။



ထိုအခိုက် ဆိုင်ရှေ့လမ်းမပေါ်မှ ကားသံ ကြားလိုက်ရသဖြင့် မောရစ်ဆင်မှာ ထိတ်ခနဲ ဖြစ်သွားသည်။ သူသည် အသက်မရှူရဲဘဲ နံရံကိုကပ်၍ တောင့်တောင့်ကြီး ရပ်နေမိသည်။

ကားနက်ကြီးတစ်စီး ဆိုင်ရှေ့လမ်းမပေါ်မှဖြတ်၍မောင်းသွားသည်ကို ရိပ်ခနဲ မြင်လိုက်ရသည်။ ရင်ထဲတွင် အေးခနဲ ဖြစ်သွားသည်။

ဆိုင်ထဲတွင် ဆက်နေရန် အကြောင်းမရှိတော့သဖြင့်အပြင်လမ်းမသို့ထွက်လာခဲ့သည်။ လမ်းမပေါ်ရောက်ပြန်တော့လည်း ငယ်သွား၍ ဘာလုပ်ရမှန်း မသိအောင် ယောင်လည်လည်ဖြစ်နေပြန်သည်။

ခြေဦးတည်ရာ လျှောက်လာခဲ့ရာမှ ပါလီမန် အဆောက်အဦးကြီး ရှေ့သို့ ရောက်မှန်းမသိ ရောက်လာသည်။

ရှေ့နားတွင်ပန်းခြံရှိသည်။သည်ပန်းခြံ တစ်ဝိုက်မှာတော့ ရှိ လူသူလေးပါး အသွားအလာများ တွေ့ရမည်ဟု တွက်လိုက်သည်။

အေမာလီယာလမ်းမပေါ်သို့ရောက်၍ ပန်းခြံဆီသို့ လှမ်းကြည့်လိုက်သောအခါ လူအသွားအလာတစ်ယောက်မှမတွေ့ရဘဲ ဖြစ်နေပြန်သည်။ လမ်းမပေါ်တွင် တိတ်ဆိတ်နေသလို ပန်းခြံဘက်ဆီမှာလည်း ရှင်းနေသည်ကို တွေ့လိုက်ရသဖြင့် စိတ်ညစ်မဆုံးအောင် ဖြစ်သွားမိသည်။

မောရစ်ဆင်သည် 'အညတြစစ်သည်တော်ဗိမာန်' ရှေ့တွင် ကျောက်ရုပ်တစ်ရုပ်လို အတန်ကြာအောင် ရပ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခိုက် ကားသံကြားလိုက်ရပြန်သဖြင့် အလိုက်တလန့် လှည့်ကြည့်လိုက်သည်။ကြောက်စိတ်များ ပြေသွားရုံမက ဓမ်း အသာကြီး သာသွားမိသည်။

သူ့ရှေ့တည့်တည့်တွင် ထိုးရပ်လိုက်သောကားမှာ တက္ကစီ ကားတစ်စီး ဖြစ်နေသည်ကို တွေ့ရသောကြောင့် ဖြစ်သည်။

သူသည် ဘာတစ်ခွန်းမှပြောမနေဘဲ နောက်ဘက်မှ ကား တံခါးကိုဆွဲဖွင့်ကာ ဝင်ထိုင်လိုက်သည်။ သူ့ကိုယ်ခန္ဓာသည် ထိုင်ခုံပေါ်သို့ အိခနဲ ကျသွားသည်။

'ဘယ်လိုဖြစ်တာလဲဗျ၊ လူတွေလဲ ရှင်းလို့ပါလား၊ လမ်း ပေါ်မှာ တစ်ယောက်မှ မတွေ့ရသေးဘူး'

ကားဆရာသည် မောရစ်ဆင်၏မေးခွန်းကိုနောက်သို့လှည့် မကြည့်ဘဲ ဂီယာတိုးရင်း ပြန်ဖြေလိုက်သည်။

'ဗြိတိသျှတပ်တွေ အေသင်မြို့က ဆုတ်ကုန်ကြပြီလေ၊ ဒါ့ ကြောင့် လူတွေလဲလန့်ဖြန့်ပြီး အိမ်ထဲကအိမ်ပြင် မထွက်ရဲကြ တာပေါ့၊ ခင်ဗျားကို ဘယ်ပို့ပေးရမလဲ'

'မောင်းပါ...မောင်းသာ မောင်းပါ၊ဘယ်ရယ်လို့မဟုတ် ပါဘူး၊ သက်သက် ကားလျှောက်စီးတာပါ'

ကားပေါ်ရောက်မှ စိတ်သက်သာသွားသည်။ကြောက်စိတ် ထန့်စိတ်များလည်း ပြေသွားသည်။ ယခုမှ ခေါင်းအေးအေး ဖြင့် ပြန်စဉ်းစားနိုင်သည်။ အဖြစ်အပျက်ကတော့ တကယ့် ချောက်ချားစရာတွေ ဖြစ်သည်။

ရုတ်တရက် သတိရသဖြင့် အင်္ကျီအိတ်ကိုစမ်းလိုက်မိသည်။ ကတ်ပြားတစ်ခုနှင့် စာအိတ် အဖြူကလေးတစ်အိတ် ထွက် သည်။ မှတ်ပုံတင်ကတ်ပြားကို ကားထဲမှ မီးရောင်ဖြင့် ကြည့်လိုက်သည်။ 'ဗိုလ်မှူးသီယိုဒိုစီလ်ကင်၊ ထောက်လှမ်း အရာရှိ'

မှတ်စိတ်ထဲတွင် ပေါ်လာပြန်သည်။ ပါးစပ်မှ သွေးများ ကျနေပြီး နှုတ်ခမ်းမွေးတစ်ခုလုံး သွေးများ စိုရွှဲနေသော ကို မြေးမြင်မိသည်။

မောရစ်ဆင်သည် စကားဂူးဝေးထားခဲ့သော စာအိတ်ဖြူ သးကိုတစ်ချက်ထောင်ကြည့်လိုက်ပြီး ကားဆရာကို လှမ်း လိုက်သည်။

'ကျွန်တော့်ကို...ကျွန်တော့်ကို တက်တွ ိုင် လေဆိပ်ကို းဗျာ...'

* * *

www.burmeseclassic.com

www.burmeseclassic.com

## ဒိုးသံ အမြောက်သံများ အကြားဝယ်

တက္ကစီကားကလေးသည် ပြောင်ချောနေသောလမ်းမ
ပေါ်တွင် စက်ကုန်ဖွင့်၍ မောင်းလာခဲ့သည်။လမ်းဆုံ လမ
များမှာပင် အရှိန် မသတ်ဘဲ လမ်းကွေ့ များတွင်လ
တစ်အားကွေ့၍ တစ်အား မောင်းလာခဲ့သည်မှာ အသ
ယားဖွယ်ရာပင် ဖြစ်သည်။

မောရစ်ဆင်သည် တစ်စတစ်စနှင့်တဖြည်းဖြည်း ကြေ
စိတ်များ ပြေပြစ်ပြုလာသည်။

သို့သော် ယနေ့ တစ်နေ့တာအတွင်း သူ ကြုံခဲ့ တွေ
သောစုန့်လှုပ်ချောက်ချားဖွယ်ရာ အတွေ့အကြုံအဖြစ်အပ
များမှာ ယခုကားလမ်းဘေးမှ တိုက်တာနေအိမ် အဆော



ဦးများပမာ ရိုပ်ခနဲ ပေါ်လာပြီး ရိုပ်ခနဲပျောက်သွားခဲ့ရ
သည်။

ဆယ်နာရီလေးဆယ့်ငါးမိနစ်တိတိအချိန်တွင်မောရစ်ဆင်
သာသောကားကလေးသည် သံဆူးကြိုးများပတ်ပတ်လည်
ထားသော လေဆိပ်အဝင်၊ ဂိတ်ဝတွင် ကျွီခနဲ ဘရိတ်
၍ ရပ်လိုက်သည်။

'ကားရှေ့ကမီးတွေ ပိတ်လိုက်ပါ'

ရှေ့နားဆီမှအစောင့်စစ်သားတစ်ယောက်၏အမိန့်ပေးသံ
ပေါ်လာသည်။

မောရစ်ဆင်သည် ကားပေါ်မှဆင်းလိုက်ပြီး၊ ကားသမား
း ကျသင့်သည့်ကားခ ရှင်းပေးလိုက်သည်။ ပြီးနောက်
ာင့်စစ်သားရှိရာသို့ လျှောက်လာခဲ့သည်။

'ဒီမှာငါ့အတွက် လေယာဉ်တစ်စင်း ရှိတယ်မဟုတ်လား၊
း ဝီလ်ကင်အတွက်လေ'

အစောင့်စစ်သားသည် သာခွေယိုင်ဖြစ်နေသော မောရစ်
 ပုံပန်းသဏ္ဌာန်ကို အကဲခတ်သလို စိုက်ကြည့်လိုက်သည်။
ပါဘဲ၊ မောရစ်ဆင်ရဲ့ အခြေအနေက ပုံပျက်ပန်းပျက်
ပုံမလာ'ဘဲ ဖြစ်နေသည်။

'ကျွန်တော် မှတ်ပုံတင်ကြည့်ပါရစေ'

'မှတ်ပုံတင်....အော်....အေး....အေးရပါတယ်....ရပါတယ်'

အစောင့်စစ်သားသည် မောရစ်ဆင်လှမ်းပေးသော ကတ်
ယူလိုက်ပြီး ဂိတ်ဝမှ ကင်းရုံကလေးထဲသို့ဝင်၍ အ

www.burmeseclassic.com

www.burmeseclassic.com

ဆောင်းအုပ်ထားသော် မီးရောင်အောက်တွင် ခေတ္တမျှ စစ်
ဆေးကြည့်သည်။

ထို့နောက် ပြန်ထွက်လာပြီး သတိအနေအထားဖြင့် ခြေစုံ
ရပ်ကာ ဗြိတိသျှစစ်သားများ၏ ထုံးစံအတိုင်း စမတ်ကျကျ
အလေးပြုလိုက်သည်။

မောရစ်ဆင်သည် မသိမသာ သက်ပြင်းချလိုက်သည်။

အစောင့်စစ်သားသည် ကင်းရုံထဲသို့တဖန် ပြန်ဝင်သွား
ပြန်သည်၊ ပြီးနောက် တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

'ဟဲလို...အမှတ် ၃ စခန်းက တပ်သား အက်ဒ်မွန် စကား
ပြောနေပါတယ်၊ ဟုတ်ကဲ့၊ ဗိုလ်မှူးဝီလ်ကင် ရောက်နေပါပြီ
ခင်ဗျာ၊ ဟုတ်ကဲ့ခင်ဗျာ၊ ကောင်းပါပြီခင်ဗျာ'

တယ်လီဖုန်းခွက်ကို ပြန်ချလိုက်ပြီး အပြင်သို့ ထွက်လာပြန်
သည်။

'ဗိုလ်မှူး အထဲဝင်ပါဦးလားခင်ဗျာ၊တပ်က ကားလွှတ်ပေး
ပါလိမ့်မယ်၊ အခုပဲရောက်လာမှာပါ၊ မကြာပါဘူး၊ ဗိုလ်မှူး
အတွက် လေယာဉ်လဲ အဆင်သင့်ပါပဲ၊ ဟိုအရှေ့ဘက် လေ
ယာဉ် ပြေးလမ်းပေါ်မှာ အဆင်သင့်ပါပဲ ခင်ဗျာ'

မောရစ်ဆင်သည် ကင်းရုံထဲသို့ ဝင်လာခဲ့သည်။ အစောင့်
စစ်သား ညွှန်ပြရာသို့ ကင်းရုံပြတင်းပေါက် ကလားမှမျှော်၍
ကြည့်လိုက်သည်။

လေယာဉ်ကွင်းထဲတွင် ပို့ဆောင်ရေး လေ
ယာဉ်ကြီး တစ်စင်း၏ ပုံသဏ္ဌာန်ကို ခပ်ရေးရေးလှမ်းမြင်
သည်။

တစ်ဆက်တည်းတွင် ကင်းရုံနှင့် မလှမ်းမကမ်း ကတ္တရာ
လမ်းမကြီးပေါ်တွင် စစ်သားများ အပြည့်တင်ထား
သော ထရပ်ကားကြီးများ အစီအရီ ရပ်ထားသည်ကိုပါ မြင်
ရသည်။

'အဲဒါတွေက ဘာတွေလဲကွ'

'ကိုကိုနီယာစခန်းက တပ်တွေပါခင်ဗျာ၊ ကျွန်တော်တို့
လေယာဉ်ကွင်းက တပ်ဖွဲ့ပါ သူတို့နဲ့တစ်ပါတည်း လိုက်ရ
မှာ စောင့်နေတာပါ ခင်ဗျာ။

'တကယ်တော့ ဒီကိစ္စဟာ သိပ်ရှက်ဖို့ ကောင်းပါတယ်
ဗျာ၊ ကျွန်တော်တို့တပ်တွေ အေသင်က ဆုတ်ခွာပေးရ
တာ တကယ်ရှက်စရာ ကောင်းပါတယ် ဗိုလ်မှူး ဒီဂျာမန်
တွေနဲ့ တစ်ပွဲတစ်လမ်း ချချင်ပါသေးတယ်။

'အော်...ဒါ့ထက် ကျွန်တော့်ကို ခွင့်လွှတ်ပါ ဗိုလ်မှူး၊
ကျွန်တော်တစ်ခု မေ့သွားလို့ပါ၊ ခပ်စောစောက ဗိုလ်မှူးကို
လူတစ်ယောက် နှစ်ယောက်က လာမေးသွားပါတယ်'

မောရစ်ဆင်သည် အစောင့်စစ်သားမျက်နှာကို မြုန်းခနဲ
ကြည့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

'လာမေးတဲ့လူက နယူးဇီလန် စစ်ယူနီဖောင်းနဲ့ပါ၊ တ
ကြပ် တစ်ယောက်ပါပဲ၊ နာမည်တော့ မပြောသွားပါ
ခင်ဗျာ၊ သူနဲ့ အတူ ခပ်ဝဝ တုတ်တုတ် လူတစ်ယောက်
ပါလာပါတယ်။

အဲဒီ လူကတော့ ကြည့်ရတာ ဂရိလူမျိုးနဲ့ တူပါတယ
သူတို့က ဗိုလ်မှူးရောက်လာပြီလားလို့ မေးသွားကြပါတယ

မောရစ်ဆင်သည် ကြောထဲက စိမ့်ခနဲ ဖြစ်သွားသည

'နောက်တစ်ယောက်လဲ လာသွားပါသေးတယ်၊ သူ
တော့သိပ်မကြာသေးပါဘူး၊ ဗိုလ်မှူး ရောက်မလာခင်ကလေ
ပါတဲ၊ သူ့နာမည် ဆိုယူတာလို့ ပြောသွားပါတယ်'

'ဆိုယူတာ ဟုတ်လား'

'ဟုတ်ပါတယ်ခင်ဗျာ၊ ခပ်ပိန်ပိန် ခပ်သေးသေး၊ ကျွဲကော
ကိုင်း မျက်မှန်နဲ့ပါ၊ ဒီလူကြည့်ရတာ မဟုတ်မှလွဲရော၊ စကော
လူမျိုးနဲ့ တူပါတယ်'

ကုဘ်အင်္ကျီအိတ်ထဲသို့ နှိုက်ထားသော မောရစ်ဆင်၏လ
သည် ပစ္စတိုသေနတ်ကို အလိုလို ဆုပ်မိလျက်သား ဖြစ်သွ
သည်။

ညအေမှောင်ထုကို ဖြတ်ကျော်ကာ ကွင်းထဲမှ လေယာ
ရှိရာသို့ လှမ်းကြည့်လိုက်ပြန်သည်။

'မင့်ကားက ဘာဖြစ်နေတာလဲကွ၊ ကြာသွားချည်လား'

'ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော် ဝမ်းနည်းပါတယ်၊ တက
တော့ ခုလောက်ဆို ရောက်ဖို့ကောင်းပါပြီ'



အစောင့်စစ်သားသည် ကျိုးနွံစွာ ပြန်ပြောရင်း မောရစ်
အား မသိမသာ အကဲခတ်လိုက်သည်။ ပုံဖျက်ပန်းဖျက်
ရှိမက၊ ဂနာမငြိမ် ကူးနြွမရဘဲ တစ်လှုပ်လှုပ် တစ်ရွရွ
တုန်တုန်ယင်ယင်ဖြစ်နေသော မောရစ်ဆင်ကို စိုက်ကြည့်
'ထောက်လှမ်းရေးက လူတွေဟာ လူထူးလူဆန်းတွေပဲ'
တွေးနေမိသည်။

အခိုက် ကားတစ်စင်းသည် အရှေ့ဘက် လေယာဉ်ပြေး
ဘက်ဆီသို့ ဦးတည်၍ မောင်းလာသည်။

လေယာဉ်ကွင်းနှင့် ဂိုက်နှစ်ရာခန့်အရောက်တွင် ရုတ်တရက်
ကြောင်းရန် ဥဩဆွဲသံ ထွက်ပေါ်လာပြီး အဆိုပါကား
ဖြုန်းခနဲ လမ်းခုလတ်တွင် ထိုးရပ်လိုက်သည်။

လျားသော ဥဩဆွဲသံမဆုံးမီ ခပ်လှမ်းလှမ်း တောင်း
အုံးအုံးမြည်သံများ စတင်ကြားရသည်။ တဖြည်းဖြည်း
ည်နှင့်အမျှ ထိုအသံများသည် ကျယ်လောင်မြည်ဟိန်း
မြေကြီးများပါ သိမ့်သိမ့်တုန်လာသည်ဟု ထင်ရသည်။

င်းဆိုသလိုပင် မည်းမှောင်နေသော ကောင်းကင်တွင်
ားသော အလင်းရောင်တန်းကြီးများ ဟိုမှ သည်မှ
သည်။ အလင်းရောင်တန်းကြီးများသည် တောင်း
တစ်ခုနှင့် တစ်ခု လက်ချင်းယှက်သလို အပြိုင်အဆိုင်
သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်တည်းတွင် မြေပြင်မှ အမြောက်သံများ အုန်း
အုန်းခနဲ ပေါ်ထွက်လာပြီး ကောင်းကင်တွင် အဖြူရော
အလုံးကလေးများကို ဖွာခနဲ ဖွာခနဲ လှမ်းမြင်ရသည်။

စောစောက မောရစ်ဆင်သည် လှမ်းမြင်ရသော ထ
ကားပေါ်မှ စစ်သားများသည် အမြောက်သံ ဗုံးသံမျ
အကြားတွင် ကားများပေါ်မှ အားလုံး တစ်ယောက်မကျ
ခုန်ဆင်းကြသည်။

တချို့က လှမ်းဘေးသို့စွတ်ပြေးကြသည်။ တချို့က က
အောက်တွင် အလျားမှောက်နေကြသည်။ အားလုံး ဖရို
တကွဲတပြား ဖြစ်ကုန်ကြသည်။

တစ်ချက်တစ်ချက်တွင် မြေပြင်တစ်ခုလုံး အုံးခနဲ အုံး
သွက်သွက်ခါပြီး သိမ့်သိမ့်တုန်သွားသည်။

မောရစ်ဆင်သည် ကင်းရုံထဲ မှာပင် ကြမ်းပြင် ပေါ်
မှောက်လျက်သား လှဲချလိုက်သည်။

ထိုအချိန်မှာပင် ဝေါခနဲအသံနှင့်အတူ ဝုန်းခနဲ ပေါက်
သံကြီးသည့် နားကွဲမတတ် ပေါ်ထွက်လာသည်။ အစော
စစ်သားသည် လေထဲသို့မြောက်သွားပြီး ပြန်အကျတွင်နံရံ
ကိုင်ရိုက်လိုက်သလို ဖြစ်သွားသည်။

နောက်မြေကြီးပေါ်သို့စန့်စန့်ကြီးဘိုင်းခနဲကျသွားသည

မောရစ်ဆင်သည် တစ်ပိုင်းပြိုကျသွားသော ကင်းရုံ
အပြင်သို့ လှမ်းကြည့်လိုက်ရာ၊ လေယာဉ်ကွင်းတစ်ခုလုံး အ



ရောင် မီးတောက်မီးလျှံကြီးများ ဖုံးလွှမ်းနေသည်ကို တွေ့ရ
သည်။

သည့်အထဲတွင် အရှေ့ဘက် လေယာဉ်လမ်းကြောင်းဆီမှ
စောစောက မြင်ရသော ပို့ဆောင်ရေး လေယာဉ်ကြီးမှာ
မီးဟုန်းဟုန်းတောက်လောင်နေသည်ကို အထင်းသားမြင်နေ
ရသည်။

စိတ်ကူးညာဏ် တစ်ခုသည် မောရစ်ဆင်၏ ခေါင်းထဲသို့
ထက်ခနဲ ဝင်လာသည်။ သူသည် မြေပြင်ပေါ်တွင် မလှုပ်
မယှက် စန့်စန့်ကြီး လဲကျနေသော အစောင့်စစ်သားရှိရာသို့
လေးဖက်တွားရှ သွားခဲ့သည်။

အနီးသို့ ရောက်သွားသော အခါ ထိုစစ်သား၏ အဝတ်
များကို အရှူးတစ်ယောက်ပမာ အတင်းတရကြမ်း ဆွဲချွတ်
လိုက်သည်။ အစောင့်စစ်သား၏ စစ်အင်္ကျီနှင့် စစ်ဘောင်းဘီ
သည် သူ့လက်ထဲသို့ တစ်ပိုင်းတစ်စ စုတ်ဖြဲ၍ ပါလာသည်။

ဝေါခနဲ အသံနှင့်အတူ ဝုန်းခနဲ အသံ ကြားလိုက်ရပြန်
သည်။

သူသည် လက်ထဲမှ ယူနီဖောင်း အဝတ်များဖြင့် နား
နှစ်ဖက်ကို စုံပိတ်၍ မျက်နှာကို မြေကြီးဖြင့် ကပ်ထားလိုက်မိ
သည်။

ပြီးနောက် သူ့အဝတ်အစားများကို ကမန်းကတန်းချွတ်
ပစ်လိုက်ပြီး အစောင့်စစ်သား၏ ယူနီဖောင်းကိုသုတ်သီး
သုတ်ပြာ ပြန်ဝတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် သူချုတ်ပစ်လိုက်သော အင်္ကျီဘောင်းဘီအိတ်ထဲမှ ပစ္စည်းများကို ခပ်သွက်သွက် နှိုက်ယူပြီး သူဝတ်ထားသည့် ယူနီဖောင်းဝတ်စုံမှ အိတ်များထဲသို့ ခပ်မြန်မြန် ထည့်လိုက်သည်။ဆေးတံ…ဆေးတံ၊ ဆေးဘူး၊ ပိုက်ဆံအိတ်၊ မှတ်ပုံတင်ကတ်ပြား၊ စာအိတ်ဖြူ၊ ပြီးတော့…ပစ္စတို။

နောက်ထပ် ဝုန်းခနဲ ကြားလိုက်ရပြန်ပြီး မြေကြီးသိမ့်ခနဲ တုန်သွားပြန်သည်။ မောရစ်ဆင်သည် မြေကြီး ပေါ်တွင် မှောက်လျက်သား ဖြစ်နေရာမှ သူ့ ကိုယ်လုံးကို တစ်အားပစ်၍ လိမ့်ချလိုက်သည်။

'မောရစ်ဆင်….မောရစ်ဆင်….'

လေယာဉ်ပြေး လမ်းကြောင်းဘက်ဆီမှ ပြေးလာသော ခြေသံနှင့်အတူ လူတစ်ယောက်အော်ခေါ်သံကို ကြားလိုက်ရသည်။

'မောရစ်ဆင်….မောရစ်ဆင်….မောရစ်ဆင်….'

သူသည် နောက်သို့ လုံးဝလှည့်မကြည့်တော့ဘဲ လမ်းမကြီးဘက်ဆီသို့ လိမ့်၍ လိမ့်၍ လာခဲ့သည်။ ခပ်လှမ်းလှမ်း ရောက်သောအခါ မြေကြီးမှာ မညီမညာဖြစ်နေသဖြင့် လိမ့်၍ မရတော့ဘဲ လေးဖက်တွား၍ လာခဲ့ရသည်။

ခေါခေါဝေး ကမ္ဘာပျက်သလို အဝီစိပွက်သလို ဟဝုန်းဝုန်း ထဒိုင်းဒိုင်း ဆူညံနေသော လေဆိပ်တစ်ခုလုံးမှာ ယခုတော့



အားလုံး ငြိမ်သက်နေပြီဖြစ်သည်။ လေယာဉ်ကွင်းဆီမှ မီးတောက် မီးလျှံများနှင့်အတူ တဖျစ်ဖျစ်တောက် လောင်နေသောအသံများကိုသာ ကြားနေရသည်။

မောရစ်ဆင်သည် လမ်းမကြီးပေါ်မှ ထရပ်ကားကြီးတစ်စင်း၏ ဘေးနားသို့ ရောက်နေသည်။

'ဘုရား….ဘုရား ငါမသေသေးဘူး….ငါမသေသေးဘူး….'

သူသည် ကားဘီးကို ခေါင်းဖြင့်ဆိုက်ရင်း သတိမရတစ်ချက် ရတစ်ချက် ဖြစ်နေ၍ သူ့ခေါင်းမှာ ချာချာလည်နေသည်။ 'အမေရိကန်သံရုံး….' 'မင့်နောက်ကို သူတို့လိုက်နေကြပြီ….' 'မြောင်းချောင်နေတဲ့ လမ်းတွေ…' 'ဟေ့ ကောင်ဖရက်…. မင့်အသံကြီးကို ခွေးချီသွားတောင် မှတ်မိပါတယ်ကွာ….' 'ပါးစပ်ထဲက သွေးတွေ…. နှုတ်ခမ်းမွေးမှာလဲ သွေးတွေ…. သွေးတွေ….'

သည့်နောက် မိုက်ခနဲ သတိလစ်သွားသည်။

'ခွေးမသား ဂျာမန်တွေ….'

'ဟေ့ ကောင် တွမ်၊ ဒီမှာ….ဒီမှာ၊ ဒီကောင်တော့ ထိသွားပြီထင်တယ်….လာကြည့်စမ်း'

'ဒဏ်ရာရတာမှ တုတ်ရဲ့လားကွာ၊ ဒီကောင့်ပါးစပ်က အရက်နံ့တောက်လဲ ထောင်နေတာပဲ'

'ကဲပါကွာ၊ ဘာပဲဖြစ်ဖြစ် ကားပေါ် မတင်မှဖြစ်မယ်….လာကြဟေ့'

www.burmeseclassic.com

www.burmeseclassic.com



'ဒီမယ်ဆရာ၊ တဆိတ် ဒီကောင်ကို ဆွဲတင်လိုက်စမ်းပါ တစ်ကိုယ်လုံးလဲ အေးစက်နေတာပဲ'

မောရစ်ဆင်၏ ကိုယ်ခန္ဓာသည် ကားပေါ်သို့ မြောက်ခ ရောက်သွားသည်။ ကားနောက်မြီးမှ တံခါးသည် ကျိုင်းခ ပိတ်သွားသည်။

ကားတန်းကြီးသည် စက်သံများနှင့်အတူ တရွေ့ရွေ့ လိမ့် ကာ ထွက်ခွာလာခဲ့သည်။

* * *

## ရထားတွဲပေါ်မှ သူတို့နှစ်ယောက်

အာခေါင် တစ်ခုလုံးခြောက်သွေ့နေသည်။ ပါးစပ်ထဲတွင် လည်း စီးထန်းထန်းဖြင့် ခါးသက်သက် ငံညှိညှိအရသာမျိုး ဖြစ်ပေါ်နေသည်။ မအောင့်နိုင်သည့်အဆုံး အသံထွက်အောင် တစ်ချက်ညည်းလိုက်ပြီး လည်ပင်းကိုလက်ဖြင့် ပွတ်နေမိသည်။

သည့်နောက် မျက်လုံးကို တဖြည်းဖြည်းအားယူ၍ဖွင့်ကြည့် လိုက်သည်။ မျက်နှာချင်းဆိုင်ခုံပေါ်တွင် လူတစ်ယောက် ခပ် စောင်းစောင်း ထိုင်နေသည်ကို မှုန်ဝါးဝါးမြင်ရသည်၊

တစ်စတစ်စဖြင့် ပို၍ ပီသလာသည်။ ယူနီဖောင်းဝတ်ထား သော စစ်သားတစ်ယောက် မျက်နှာတစ်ခုလုံး ဖုံးစီး ထားသည့် ရုပ်ပုံလွှာကို ထင်ထင်ရှားရှား မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မောရစ်ဆင်သည် မျက်စိရှေ့မှ မြင်ကွင်းကိုကြည့်ရင်း တဖြည်းဖြည်း ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ နားထဲတွင် စည်းချက်ဝါးချက်မှန်မှန် ကြားနေရသော ဂျုံးဂျုံး ဂျက်ဂျက် အသံနှင့် ငြိမ့်ခနဲ ငြိမ့်ခနဲ ဖြစ်နေသော မိမိကိုယ်ကို သတိထားလိုက်မိသဖြင့် မီးရထားတစ်စင်းပေါ်သို့ ရောက်နေသည်ကို သိလိုက်သည်။

သူ့ထိုင်ခုံမှနေ၍ မျက်နှာတူရူသို့ မြင်ရသလောက် လှမ်းကြည့်လိုက်သည်။ ရထားတစ်တွဲလုံးလိုလို ဒဏ်ရာရလာသည့် စစ်သားများဖြင့် ပြည့်နေသည်ကို တွေ့ရသည်။

သူသည် ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် ဖိထားရင်း စိတ်ကို တည်ငြိမ်အောင် ကြိုးစားကြည့်လိုက်သည်။ ပထမဆုံးသူ သတိရလိုက်သည်မှာ လူတစ်ယောက်၏ စကားသံဖြစ်သည်။

'ဒီမယ် မောရစ်ဆင် ခင်ဗျားမှာ တခြားရွေးစရာလမ်း မရှိတော့ဘူး'

သူသည် အိပ်ရာမှ ဖျတ်ခနဲလန့်နိုးသလိုဖြစ်သွားသည်။ သူ့အင်္ကျီအိတ်များကို ကမန်းကတန်း စမ်းကြည့်လိုက်သည်။ ကော်ဖြားကလေးတစ်ခုနှင့် စာအိတ်ကလေးကို စမ်းမိသည်။

ရထားသည် သံလွင်တောတစ်တောကို ဖြတ်ကျော်လာခဲ့သည်။ မျက်နှာချင်းဆိုင် စစ်သားထံမှ ညည်းသံတစ်ချက် ထွက်လာပြန်သည်။



မောရစ်ဆင်သည် စိတ်ထဲက မရေမရာ ဇဝေဇဝါ ဖြစ်နေ...ဖြင့် မှတ်မိသလောက် ပြန်စဉ်းစားကြည့်လိုက်သည်။ ခေါင်း...ထဲတွင် ပေါ်လာသမျှ တစ်စစီ တစ်စစီပြန်၍ ဆက်စပ်ကြည့်...နေသည်။

ဘာပဲဖြစ်ဖြစ် သူ့အိတ်မှ မှတ်ပုံတင်ကတ်ပြား၊ စာအိတ်၊ ...ဝတ်ထားသော ယူနီဖောင်း၊ ယခု သူစီးလာသော မီး...ရထား၊ ဒါတွေကို ကြည့်ခြင်းအားဖြင့် သည်အဖြစ်အပျက်...များ အားလုံးသည် အိပ်မက်မဟုတ်ကြောင်း သေချာနေပြီ...ဖြစ်သည်။

အိတ်ထဲမှ ဆေးတံကိုထုတ်၍ ဆေးထည့်ပြီး သောက်လိုက်...သည်။ အခုမှ ခေါင်းအေးအေးဖြင့် စဉ်းစားနိုင်သည်။

သည်ကိစ္စတွင် ရှေ့နေအတိုင်းကြီး စပဲဟားဂူးဘည် အရေး...ကြီးသော အခန်းမှ ပါဝင်နေသည်မှာ သေချာသည်။ သို့သော်...သည်လို အရေးကြီးသည်၊ ဘာ့ကြောင့် အရေးကြီးသည် ဆို...သောအချက်မှာ သူပေးလိုက်သည့် စာအိတ်ဖြူကလေးထဲမှ ...အချက်များပေါ်တွင် တည်နေသည်။

သည်စာအိတ်ကလေးကိုတစ်ခုံတစ်ယောက်သော ရန်သူက ...ချင်သည် မှာလည်း အမှန်ပင် ဖြစ်သည်။ သည်စာအိတ်...ထဲမှာ ဗြိတိသျှ ထောက်လှမ်းရေး အဖွဲ့ဝင်များ ထံ...ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

သို့ဖြစ်ရာ သည်စာအိတ်ကို လိုချင်နေသော ရန်သူမှာ ဂျာမန်တွေဖြစ်ရမည်။

မောရစ်ဆင်သည် ကြုံခဲ့တွေ့ခဲ့ရသည်များကို ပြန်စဉ်းစားမိပြီး ပုခုံးနှစ်ဖက်တွန့်ခနဲ ဖြစ်သွားသည်။

'ငါကလဲ ငါပဲ၊ ငါဆပ်ဆော့လို့ ဒီလိုဖြစ်ရတာ....'

သည်လိုစဉ်းစားမိပြန်တော့လည်း မောရစ်ဆင်မှာ ဒေါသထွက်လာမိပြန်သည်။ သည်တော့ လုပ်စရာတစ်ခုပဲ ရှိသည်။ သည်အရှုပ်အထွေးထဲက လွတ်အောင် ရုန်းထွက်ဖို့ပဲဖြစ်သည်။

ရထားသည် တဖြည်းဖြည်း အရှိန်သတ်၍ရပ်သွားသည်။ တွဲထဲသို့ကြက်ခြေနီလက်ပတ်ပတ်ထားသောလူတစ်ယောက်ဝင်လာသည်။ကြက်ခြေနီဆရာက မျက်နှာချင်းဆိုင်မှ မျက်နှာတစ်ခုလုံး ပတ်တီးစည်းထားသော လူနာကို ခေတ္တမျှ ဟိုတို သည်သည် စစ်ဆေးကြည့်ပြီး လက်မောင်းတွင် ဆေးတစ်လုံး ထိုးပေးသည်။

'ကဲ....ကိုယ့်လူ၊ ခဏ မှိန်းနေလိုက်ဦး၊ တော်တော်ကြာ ဆရာဝန် ရောက်လာလိမ့်မယ်'

ပြီး မောရစ်ဆင်ဘက်သို့ လှည့်ကြည့်လိုက်သည်။

'ခင်ဗျားကတော့ ထူထူထောင်ထောင်ပါပဲလား။ ဘယ့်နှယ်နေသေးလဲ'



ကိုယ်တွေလက်တွေ မလှုပ်ချင်ဘဲ ဖြစ်နေတယ်'

'ဖြစ်ရမယ်လေ၊ ဒါပေမယ့် မနေ့က ခင်ဗျား ဒီပေါ်က်လာလို့ စစ်ဆေးကြည့်တော့ ဘာဒဏ်ရာမှ မတွေ့ရပါ အဲဒီတော့ ခင်ဗျား သက်သာပြီဆိုရင် ခင်ဗျားတပ်ကို သွားရင် ကောင်းမယ်၊ခင်ဗျားတပ်ကို ဒီရထားပေါ်မှာပဲ တ်တွဲမှာ တွေ့ပါလိမ့်မယ်'

'အခု ဘယ်ရောက်နေပြီလဲ၊ရထားဘာလို့ရပ်ထားတာလဲ' မောရစ်ဆင်က သူ့စိတ်ကူးဖြင့် သူမေးလိုက်သည်။

'အခု ကော့ရင်နယ်ထဲကို ရောက်လာပြီ၊ရထားရပ်ထား တော့ နောက်ထပ် တပ်သားတွေ ဒီနေရာမှာ တင်စရာ ...'

မောရစ်ဆင်သည် ဘာမှ ပြန်မပြောဘဲ တင်စုံအစ်ရာ ားနေမိသည်။ဘာပဲဖြစ်ဖြစ် တစ်ခုခုတော့လုပ်မှဖြစ်မယ်။ 'ဒီမယ်၊ ခင်ဗျား ဘာမှစဉ်းစားမနေနဲ့၊ကိုယ့်ထပ် ကိုယ် သွားတာ အကောင်းဆုံးပဲ'

ကြက်ခြေနီဆရာက သူ့စိတ်ကူးဖြင့် သူ ပြောလိုက်သည်။ 'ဒါထက် နေပါဦး၊ အခု ဒီ ရထားပေါ်မှာ ဘယ်သူ ချုပ်လာသလဲ'

'ဗိုလ်မှူးကြီးပေါ်တာလေ၊ ဘာလုပ်မလို့ မေးတာလဲ' မောရစ်ဆင်သည် ဘာမှ ပြန်မပြောဘဲ သူ့ အိတ်ထဲမှ များကို ထုတ်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကြက်ခြေနီသည် မောရစ်ဆင်လက်ထဲမှ ကတ်ပြားကို ငုံ့ကြည့်လိုက်ပြီး ပခုံးတစ်ချက် တွန့်သွားသည်။

'အဲဒီ ဗိုလ်မှူးကြီးကို တွေ့အောင်ရှာပြီး ငါက စကား ပြောချင်တယ်လို့ သွားပြောစမ်း'

'ဟုတ်ကဲ့ပါ ဗိုလ်မှူး'

ကြက်ခြေနီသည် တံခါးဆီသို့ ခြေလှမ်းလိုက်သည်။

'ဒီမယ်....ရဲဘော်'

'ဟုတ်ကဲ့....ဗိုလ်မှူး'

'ဒီအကြောင်းကို ဗိုလ်မှူးကြီးပေါ်တာက လွဲလို့ တခြား ဘယ်သူ့ကိုမှ သွားမပြောနဲ့ ကြားလား'

'ဟုတ်ကဲ့ပါ ဗိုလ်မှူး'

ကြက်ခြေနီသည် အပြင်သို့လှစ်ခနဲ ထွက်သွားသည်။

မောရစ်ဆင်၏ အစီအစဉ်မှာ ရိုးရိုးကလေးပင် ဖြစ်သည် ဗိုလ်မှူးကြီးနှင့်တွေ့လျှင် ဖြစ်ခဲ့ပျက်ခဲ့သမျှ အားလုံးကို အမှန်အတိုင်း ပြောပြမည်။ သူပြောသမျှ အမှန်ဖြစ်ကြောင်း သူ့လက်ထဲတွင် ခိုင်လုံသောစာရွက်စာတမ်း သက်သေအထောက် အထား ရှိပြီးဖြစ်သည်။

ဒါတွေ အားလုံးသည် ဗြိတိသျှတို့၏ တာဝန် ဖြစ်သည်။ ဒါကြောင့် သူ့ကို ဘေးကင်းရာ တစ်နေရာရာသို့ ပို့ပေးရန် သူတို့မှာ တာဝန်ရှိသည်။



အချိန် တော်တော်ကလေး ကြာသွားသည်။ မောရစ်ဆင် သည် ရထားပြတင်းပေါက်မှနေ၍ အပြင်သို့လှမ်းကြည့်လိုက် သည်။ စစ်သား တော်တော်များများ ရထားပေါ်သို့ တက်နေ ကြသည်ကို မြင်ရသည်။

ရုတ်တရက်မမျှော်လင့်ဘဲသူ့ မျက်လုံးများသည်တွဲအောက် လှုပ်လှုပ်ရွရွ ဖြစ်နေကြသော စစ်သားများထဲမှ လူ ယောက်ကို ထူးထူး ခြားခြား သတိထားလိုက်မိသည်။ သူမှာ အရပ်ခပ်ပုပု၊ ကိုယ်လုံးခပ်သေးသေးဖြင့် ကျွဲကော် း မျက်မှန်တပ်ထားသည်။

သူ့ကိုမှ ထူးထူး ခြားခြား သတိထားလိုက် မိသည်မှာ သည် စစ်သား အားလုံးထဲတွင် အရပ်အပုဆုံး ဖြစ်နေပြီး ခြားစစ်သားများလို စစ်အသုံးအဆောင် ပစ္စည်းဆို၍ ဘာ ခုမှမပါဘဲ ခါးတွင် ရေဗူး ပစ္စတိုကြီးတစ်လက်သာ ချိတ် ားသည့်ကို တွေ့ရသောကြောင့် ဖြစ်သည်။

ပြီး သူဝတ်ထားသော ယူနီဖောင်း ဝတ်စုံမှာလည်း သူ့ ကိုယ်နှင့် အံဝင်ခွင်ကျ မဖြစ်ဘဲ ကို ယို့ကားယား ပုံမကျ မကျ ဖြစ်နေသောကြောင့်ဖြစ်သည်။ စစ်သားနှင့်လည်း မတူ။

ကန္တ ဒီလူကြည့်ရတာ တစ်ခုခုတော့ တစ်ခုခုပဲ၊ အဲ.... ပြီ၊ မှတ်မိပြီ၊ တက်တူ့ ိုင်လေဆိပ်မှ အစောင့်စစ်သား လိုက်သော စကားများကို ပြေးသတိရလိုက်မိသည်၊

အရပ်ပုပု၊ ကိုယ်လုံးသေးသေး၊ ကျွဲကော်ကိုင်း မျက်မှန် ထားသော လူတစ်ယောက်....ဗိုလ်မှူးပီလ်ကင်ကိုလာ

www.burmeseclassic.com

www.burmeseclassic.com

သွားသည်။ အစောင့်စစ်သားက သည်လူ့နာမည်ကိုပြောလိုက်ပါသေးသည်။

ဒါပေဗျာယ့် မောရစ်ဆင် မမှတ်မိတော့။

လှုပ်ကလေးသည် ရထားတွဲ ပေါ်သို့ တက်လိုက်သည်။ ရထားတီး များသည် တဖြည်းဖြည်း အရှိန်ဖြင့် လိမ့်ကာ ထိုနေရာမှထွက်ခွာလာခဲ့သည်။ မောရစ်ဆင်သည် လှုပ်ကလေး အကြောင်းကို စဉ်းစားရင်း ဘဲဥ အစရှာမရသလို ဖြစ်နေသည်။

'ဗိုလ်မှူး ဝီလ်ကင်'

အသံကြားရာသို့မော့ကြည့်လိုက်ရာ စောစောကကြက်ခြေနီကို တွေ့ရသည်။

'ဗိုလ်မှူးကြီး ပေါ်တာက သူနဲ့ တွေ့ချင်ရင် သူ့ဆီကို လာခဲ့ပါတဲ့၊ ဒီတွဲရဲ့ ရှေ့က ဒီတွဲပါနဲ့ ဆိုရင် စာတုတ္တတွဲမှာ ဗိုလ်မှူးကြီးရှိနေပါတယ်'

မောရစ်ဆင်သည် ချက်ချင်းပင် ထ၍ လာခဲ့သည်။ တွဲ အပြင်ဘက်စင်္ကြံမှလူသွားလမ်းအတိုင်း ခပ်သုတ်သုတ်လျှောက် လာခဲ့သည်။ ပထမ တွဲကို လွန်လာပြီးနောက် ဒုတိယတွဲသို့ ရောက်သည်။ သည်တွဲတစ်တွဲလုံးမှာလည်း စစ်သားများအပြည့် ဖြစ်နေသည်။

တတိယတွဲသို့ ကူးလာခဲ့သည်။ စင်္ကြံမှနေ၍ အတွင်းသို့ လှမ်းကြည့်လိုက်သည်။ ပါလက်စတိုင်း စစ်သားများအတွက် သီးသန့်တွဲဖြစ်ဟန် တူသည်။

သည်တွဲပြီးလျှင် ရှေ့ကစတုတ္ထတွဲတွင် ဗိုလ်မှူးကြီး ပေါ်တာကို တွေ့ရမည်ဖြစ်သည်။

မောရစ်ဆင်သည် တစ်ကိုယ်လုံး သွေးခဲသွားသလို တောင့်တောင့်ကြီးရပ်ကာ ကြက်သေသေသွားသည်။ တတိယတွဲမှ စတုတ္ထတွဲသို့ ကူးရမည့် စင်္ကြံ လမ်းကလေးဘေးမှ ထိုင်ခုံပေါ်မှ သူ့ကိုစိုက်ကြည့်နေသော လူတစ်ယောက်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ထိုလူ၏ မျက်လုံးများမှာ အေးတိအေးစက်ဖြင့် အသည်းအေးရာပင် ဖြစ်သည်။ မောရစ်ဆင်အတွက် ပို၍ အသည်းအေးမိသည်မှာ သူ့ကိုယ်ပေါ်မှ တပ်ကြပ်ကြီးတံဆိပ် တပ်ထားသော နယူးဇီလန် စစ်သားယူနီဖောင်းကို ထင်ထင်ရှားရှားကြီး မြင်လိုက်ရသောကြောင့် ဖြစ်သည်။

ဟုတ်ပါတယ်၊ အေသင်မှာတုန်းက ငါနဲ့အရင် အတူတူ ...က်ခဲ့တဲ့ လူပဲ၊ မေဘ်စလေ၊ ဟုတ်တယ် သူ့နာမည် မေဘ်စလေပဲ'

မောရစ်ဆင်သည် ဘောင်းဘီအိတ်ထဲမှ ပစ္စတိုသေနတ်ကို ...ိုက်သည်။ 'တိုက် ...သေနတ်မရှိတော့ပါလား'

မောရစ်ဆင်သည် ရှေ့မတိုးဘဲ ငူငူကြီးရပ်ကာ မေဘ်စလေ ...ကြည့်နေမိသည်။ သူကလည်း မောရစ်ဆင်ကို မျက်...မခတ်ဘဲ ပေ၍ကြည့်နေသည်။

...နဲ့ မေဘ်စလေသည် လက်ထဲခု စီးကရက်တိုကိုပစ်ချ... ထိုင်ခုံပေါ်မှထကာ မောရစ်ဆင်ရှိရာသို့ လျှောက် ...ည်။

www.burmeseclassic.com

www.burmeseclassic.com

မောရစ်ဆင်သည် ဖြုန်းခနဲ သတိရလာပြီး၊ နောက်
ပြန်လှည့်ကာစကြံ့လမ်းအတိုင်း စွတ်ပြေးလာခဲ့သည်။ ပါ
စတိုင်း စစ်သားများတွဲကို ကျော်လာခဲ့သည်။

နောက်သို့ လုံးဝ လှည့်မကြည့်ဘဲ ဒုတိယတွဲသို့ အရော
ပြေးလာခဲ့သည်။ တွဲထဲမှ စစ်သားများသည် တစ်ယော
တည်း အချောက်တိုက် စင်္ကြံလမ်းအတိုင်း ပြေးလာသေ
မောရစ်ဆင်အား ထိတ်လန့်တကြား လှည့်ကြည့်ကြသည်။

ဟောဟဲလိုက်နေသော မောရစ်ဆင်သည် သူ့တွဲရှိရာ
ပြန်ရောက်လာခဲ့သည်။ အရှိန်မသတ်ဘဲ ဆက်ပြေးလာခဲ့
စောစောက သူထိုင်ခဲ့သော ထိုင်ခုံရှိရာ ရောက်လုဆဲဆဲ
ဖွင့်ထားသော ပြတင်းပေါက်မှ အထဲသို့ လှမ်းမြင်လိုက်ရသေ
မြင်ကွင်းကြောင့် တုံ့ခနဲရပ်ကာ၊ ကိုယ်ရှိန်သတ်လိုက်မိသ

စောစောက သူထိုင်ခဲ့သည့် ထိုင်ခုံဘေးနားတွင် ကျွဲ
ကိုင်း မျက်မှန်ဖြင့် လူပုကလေးကို ရိပ်ခနဲ မြင်လိုက်ရသေ
ကြောင့် ဖြစ်သည်။

မောရစ်ဆင်သည် စင်္ကြံလူသွားလမ်း၏ နံရံကိုမှီ၍ လူ
ကောင်လို မလှုပ်မယှက် မတ်မတ်ကြီး ရပ်နေမိသည်။

'စောစောက ခင်ဗျားပြောတော့ ဒီတွဲမှာရှိတယ်ဆို'

'ဟုတ်ကဲ့၊ စောစောကတော့ ဒီမှာရှိပါတယ်'

သည်အသံက [illegible]ကျက်ခြေနီဆရာ၏ အသံဖြစ်ကြောင်း မော
ရစ်ဆင် ကောင်းကောင်း ကျက်မိသည်။

'ဒါဖြင့် သူအခု ဘယ်ရောက်သွားပြီလဲ'



'ရှေ့တွဲကို သွားပါတယ်၊ ဗိုလ်မှူးကြီးပေါ်တာနဲ့ တွေ့
ဆုံပြီး ထွက်သွားတာပဲ၊ ဒီတွဲရဲ့ ရှေ့က တတိယတွဲမှာ
လိမ့်မယ်'

မောရစ်ဆင်သည် စင်္ကြံလမ်းတွင် ထီးထီးကြီးဖြစ်နေရာမှ
ဘရက် အနီးဆုံးတံခါးပေါက်မှနေ၍ တွဲထဲသို့ ဖြုန်းခနဲ
ဝင်လိုက်သည်။

ပြီး....တံခါးပေါက်နှင့် ကပ်နေသော ထိုင်ခုံပေါ်မှ ဒဏ်ရာ
ခွေနေကြသည့် စစ်သားနှစ်ယောက်ကြားသို့ ဝင်၍ အသာ
သား ဝပ်နေလိုက်သည်။ မျက်မှန်ဖြင့် လူပုကလေးသည်
လမ်းအတိုင်း ခပ်သွက်သွက် လျှောက်သွားသည်။

မောရစ်ဆင်သည် စင်္ကြံဘက်ဆီမှ လူပုကလေး၏ ခြေသံကို
ထောင်နေမိသည်။ သည်ခြေသံများနှင့်အတူ စတားဂူး၏ ရှိုး
ထဲမှ ပါးစပ်တွင် သွေးများစီးကျနေသော လူကြီး၏
စကားများသည် သူ့နားထဲတွင် ပဲ့တင်ထပ်နေသည်၊

ခင်ဗျားနောက်ကို သူတို့ လိုက်နေကြပြီ၊ သူတို့လိုက်နေကြပြီ၊
အကာမှာ သူတို့လူတွေချည်းပဲ၊ သူတို့လူတွေချည်းပဲ'
ခြေသံများ တဖြည်းဖြည်းဝေး၍ ပျောက်ကွယ်သွားသည်
တစ်မှိုင်နက် မောရစ်ဆင်သည် ခုံပေါ်မှထကာ အပြင်သို့
လိုက်သည်။

နောက် စင်္ကြံလမ်းအတိုင်း သူတို့တွဲ၏ နောက်ဘက်ဆီသို့
သွားပြေးသာခဲ့သည်။ သူတို့တွဲသည် နောက်ဆုံးတွဲဖြစ်သည်
ထိုတွဲနောက်တွင် တခြားတွဲမရှိတော့။

www.burmeseclassic.com

www.burmeseclassic.com



သူ့အကြံအစီမှာ နောက်ဆုံးတွဲမှနေ၍ ရထားပေါ်
ခုန်ချရန်ဖြစ်သည်၊ ရထားပေါ်မှ ခုန်ချလျှင် ဒဏ်ရာအနာတ
ဖြစ်ရုံသာရှိမည်။ သည့်ရထားပေါ်တွင် ဆက်နေလျှင် အသ
အန္တရာယ်ပါ စိုးရိမ်ရသည်။

သို့သော် နောက်ဆုံးတွဲသို့ မရောက်မီ ရထားသည် ဆေ
ကြီး အောင့်ကြီးဖြင့် တုံ့ခနဲ ရပ်သွားသည်။

'ကျွီ...ကျွီ...ကျွီ...' ရထား ဘရိတ်သံသည် သံလမ်း
ရထားဘီး ထိရာမှ ကြောက်မက်ဖွယ်ရာ ရှည်လျားစွာ ထွ
ပေါ်လာသည်။

မောရစ်ဆင်သည် အရှိန်ဖြင့် ပြေးနေရာမှ စကြံ လမ်းပေ
တွင် ရှေ့သို့ ဟပ်ထိုးလဲကျသွားသည်။

တစ်ကိုယ်လုံး ကိုင်ရိုက်လိုက်သလို အင့်ခနဲ ဖြစ်သွား
လေယာဉ်သံများကို ခေါင်းပေါ်မှ ကြားလိုက်ရသည်။ တ
တွိုင်လေဆိပ်တွင် ကြားခဲ့ရသည့် အသံမျိုးပင် ဖြစ်သည်။

* * *

## ကျွဲကော်ကိုင်းမျက်မှန်တပ်ထားသောလူပုကလေး

မှန်သည်၊ တက်တွိုင်လေဆိပ်တွင် ကြားခဲ့ရသော အသံမျိုးပင်ဖြစ်သည်။ ဂျာမန်ဗုံးကြဲလေယာဉ်တွေ--။

ကောင်းကင်မှ မည်းမည်းသဏ္ဍာန် လေယာဉ်ပျံများသည် အောက်သို့ ဟပ်ထိုး စိုက်ဆင်းလာသည်။ မောရစ်ဆင်သည် စကြံ လမ်းပေါ်တွင် မှောက်လျက်လဲနေရာမှ ထအားကုန်း၍ အလိုက်သည်။

ဝေါခနဲမြည်သံနှင့်အတူ အုံးခနဲ အုံးခနဲ အသံများ ကျယ်လောင်စွာ မြည်ဟီးသွားသည်။ မြေပြင်တစ်ခုလုံး သိမ့်သိမ့် တုန်သွားသည်။

မောရစ်ဆင်သည် ရထားပေါ်မှအောက်သို့ ဘယ်လိုရောက်သွားမှန်းမသိ ရောက်သွားသည်။ ရထားပြတင်းပေါက်များ

www.burmeseclassic.com

www.burmeseclassic.com



အတက်အဆင်း လှေကားများမှ အလုအယက် သူ့ထက်ငါ ခုန်ဆင်းကြသော စစ်သားများမှာ ရထားဘေးတွင် မည်း မည်း လှုပ်လှုပ် ဖြစ်နေသည်။

အောက်သို့ရောက်သည်နှင့် တစ်ပြိုင်နက် ခြေဦးတည့်ရာ စွတ်ပြေးကြသဖြင့် ပတ်ဝန်းကျင်ကွင်းပြင်တခုလုံးကာကီရောင် စစ်သားများဖြင့် ပြန့်ကြဲနေသည်။

မောရစ်ဆင်သည် အခြားစစ်သားများနှင့်အတူ ရထားနှင့် ဝေးနိုင်သမျှ ဝေးအောင် ခြေကုန်သုတ်၍ ပြေးခဲ့သည်။ စစ်သားများသည် ရထားဘေးမှ ကွင်းပြင်ကိုဖြတ်၍ ခပ်လှမ်း လှမ်းမှ သံလွင်တောအုပ်ကလေးရှိရာသို့ စွတ်ပြေးကြသည်။

ရှိသမျှအားကို ဖျစ်ညှစ်၍ ခြေကုန်သုတ်ပြေးရင်က မောရစ်ဆင်သည် သူ့ပခုံးကိုကျော်၍ နောက်သို့တစ်ချက် လှမ်း ကြည့်လိုက်ရာ တတိယတွဲမှာ ဂျာမန်တို့ ဗုံးဒဏ်ကို 'ဒါရိုက် ဟစ်' ခံလိုက်ရသဖြင့် ရစရာမရှိအောင် တစ်တွဲလုံး အပိုင်း ပိုင်း ဖြစ်နေသည်ကို တွေ့ရသည်။

ကျန်ရထားတွဲများမှာလည်း ဖရိုဖရဲ တွန့်လိမ်ကောက် ကွေး၍ လမ်းပေါ်တွင် အသေရိုက်သတ်ထားခံရသော မြွေ ကြီးတစ်ကောင်လို ဖြစ်နေသည်။

အင်ဂျင်စက်ခေါင်းမှာလည်း လမ်းဘေးသို့ ထိုးကျနေပြီး ရေနွေးငွေ့များ တရှူးရှူးတရှဲရှဲဖြင့် ဒေါသတကြီးပန်းထွက် နေသည်ကို တွေ့ရသည်။

မောရစ်ဆင်သည် သံလွင်တောအုပ်ကလေး၏ အစပ်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် အနည်းငယ် စိတ်လျော့လိုက်ရာမှ



ခြေကုန်လက်ပန်းကျကာ သံလွင်ပင်များအကြားတွင် ပစ်လဲ သွားသည်။

သူနှင့်အတူ ပြေးလာကြသော စစ်သားများမှာလည်း နေရာအရောက်တွင် ကိုယ်ရှိန်သတ်၍ရပ်လိုက်ကြပြီး သံလွင် များ၏ ခြေရင်းတွင် ခြေပစ်လက်ပစ် ပက်လက်လှန်၍ လှဲချ ကြသည်။

လေယာဉ်သံများကို တခေါ်တခေါ်ဖြင့် ဆူညံစွာ ကြား ရဆဲဖြစ်သည်။ မီးရထားကို စိတ်တိုင်းကျ ဗုံးကြဲခဲ့ပြီး က် လေယာဉ်များသည်၊ ကွင်းပြင်ထဲတွင် ပရွက်ဆိတ်များ ကြောက်အား လန့်အားဖြင့် တရှုရှုပြေးနေကြသော သားများအား စက်သေနတ်များဖြင့် မွှေ့ရမ်းလျက်ရှိ သည်။

အကာအကွယ် လုံးဝမဲ့နေသော ကွင်းပြင်ထဲတွင် စစ် များမှာ ကောက်ပင်များကို ခါးလယ်မှ လှီးဖြတ်လိုက် အတုံးအရုံး လဲကျကုန်ကြသည်။

'တပတ်ကြွေ့လာမြန်ပြီဟေ့'

'သောက်ဂျမြင်းမသားတွေ'

ခေါင်းပေါ်မှ ဝေါခနဲအသံကြီးကို ကြားလိုက်ရသည်။

မောရစ်ဆင်သည် ကြောက်အားလန့်အားဖြင့် ကယောင် န်း မော့ကြည့်လိုက်ရာ သံလွင်ပင်ထိပ်ဖျားမှ လွတ်ရုံ သား ပျံသွားသော ဂျာမန်လေယာဉ်တစ်စင်းပေါ်မှ လေ ယာဉ်မောင်းသမား၏ မျက်နှာကိုပင် လှမ်းမြင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သူ့အနားမှ စစ်သားတစ်ယောက်သည် မြေကြီး ပေါ်တွင် ဒူးထောက်ကာ သူ့လက်ထဲမှ ရိုင်ဖယ်သေနတ်ဖြင့် လှမ်းပစ်လိုက်သည်။

ပြီးနောက် ခပ်ဝေးဝေးသို့ရောက်သွားသော ဂျာမန်လေ ယာဉ်ကို ဒေါသတကြီးဖြင့် လက်သီးဆုပ်ပြကာ၊ ပါးစပ် လည်း ရေရွတ်ကြိမ်းဆဲလိုက်သည်။

ဤတွင် စစ်ဗိုလ်တစ်ယောက် ပြေးလာပြီး သူ့လက်ထဲ သေနတ်ကို ဆွဲယူလိုက်သည်။

'ခွေးသား...သောက်ရူး၊ မင်းကသူတို့ကို တို့ဘယ်နေရာမှ ရှိတယ်ဆိုတာ သိအောင်လုပ်နေတာလား' စစ်ဗိုလ်က ကြိမ်း လိုက်သည်။

'ဘာရယ်ဗျ...သူတို့က ကျုပ်တို့ဘယ်မှာ ရှိတယ်ဆိုတာ သိပြီးသားပါ၊ ကျုပ်လုပ်မှ မဟုတ်ပါဘူး'

သူတို့နှစ်ယောက်မှာ ကြာကြာအချင်းမများ လိုက်ကြ ဘဲ၊ ဝေါခနဲ ထိုးဆင်းလာသော လေယာဉ်တစ်စင်းမှ စ သေနတ်ကျည်ဆန်များ မြေကြီးပေါ်သို့ အဆွေးလိုက်ကျလာ သောကြောင့် နီးရာသစ်ပင်ခြေရင်းသို့ နှစ်ယောက်စလုံးပြေး ၍ အကာအကွယ် ယူလိုက်ကြရသည်။

ဂျာမန်လေယာဉ်များသည် သံလွင်ပင်များပေါ်မှ နိမ့်နိမ့် ကလေး ပျံဝဲကာ၊ တစ်သုတ်ပြီးတစ်သုတ် တစ်စင်းပြီးတစ်စင်း စက်သေနတ်များဖြင့် စိမ်ပြေနပြေ ပစ်နေကြသည်။



ဆယ်မိနစ်၊ မိနစ်နှစ်ဆယ်၊ မိနစ်သုံးဆယ်၊ နောက်ဆုံး၌ သူတို့တွင်ပါလာသော ဗုံးများနှင့် ကျည်ဆန်များအားလုံး ကုန်သွားတော့မှ ပြန်လှည့်သွားကြသည်။

မောရစ်ဆင်သည် နောက်ဆုံးလေယာဉ်သံ တဖြည်းဖြည်း ဝေးရှိုးဝေးရှိုး အသံပျောက်သွားတော့မှ တိုးတိုးကလေး ရေ ရွတ်လိုက်မိသည်။ 'ဘုရား...ဘုရား ဘုရားကယ်ပေလို့ပဲ'

ပတ်ဝန်းကျင်မှ စကားသံများနှင့် လှုပ်လှုပ်ရှားရှား အသံ များကို ယခုမှ ကြားရသည်။ မောရစ်ဆင်၏ ပခုံးကို တစ်စုံ တစ်ယောက်က လာပုတ်သဖြင့် မော့ကြည့်လိုက်သည်။

သြစတြေးလျ စစ်ယူနီဖောင်းဝတ်ထားသော စစ်ဗိုလ် ကလေးတစ်ယောက်ကို တွေ့ရသည်။

'ရဲဘော်...ဟိုနေရာကို သွားပါ' သစ်ပင် အုပ်ကလေး၏ အပြင်ဘက်နားမှ စစ်သားတစ်စုရှိရာသို့ သူက လက်ညှိုးထိုးပြ လိုက်သည်။

မောရစ်ဆင်သည် ထိုင်ရာမှ အားယူ၍ ထလိုက်သည်။

'ဗိုလ်မှူးကြီး ပေါ်တာကော၊ သူ ဘယ်မှာရှိမလဲ'

'ဗိုလ်မှူးကြီး ဒဏ်ရာရသွားတယ်လို့ ပြောတယ်' သြစ တြေးလျ စစ်ဗိုလ်က ပြန်ပြောလိုက်သည်။

'ဒါဖြင့် ကျုပ် တာဝန်ရှိတဲ့ တခြားတပ်မှူးတစ်ယောက် ယောက်နဲ့ စကားပြောချင်တယ်' မောရစ်ဆင်သည် ပါးစပ်မှ ထိုသို့ပြောရင်း အိတ်ထဲမှ မှတ်ပုံတင်ကတ်ကို ဆွဲထုတ်လိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အိတ်ထဲတွင် မှတ်ပုံတင်ကတ်ပြားကို မတွေ့ရတော့။ ရထားပေါ်မှ ဆင်းပြေးစဉ်က တစ်နေရာရာတွင် ကျကျန်ရစ်ခဲ့ဟန်တူသည်။

ဒါမှမဟုတ် ရထားပေါ်တွင် မှောက်လျက်လဲတုံးကပဲ ကျကျန်ရစ်ခဲ့သလား မသိ၊ လုံးဝမရှိတော့။

မောရစ်ဆင်သည် စစ်ဗိုလ်ကလေးကို တောင်းပန်သည့် အမူအရာဖြင့် တစ်ချက်လှမ်းကြည့်လိုက်သည်။ ပြီးနောက် စောစောက သူညွှန်ပြသည့် စစ်သားတစ်စုရှိရာသို့ ခေါင်းငုံ့၍ ထွက်လာခဲ့သည်။

အခြားစစ်သားများလည်း အလျှိုအလျှိုဖြင့် တပ်ဖွဲ့လိုက် သွား၍ လူစုကြသည်။ စစ်ဗိုလ်များမှာ ဟိုတပ်ဖွဲ့ပြေးလိုက် သည်တပ်ဖွဲ့ပြေးလိုက်ဖြင့် အလုပ်များနေကြသည်၊ သူတို့ထံမှ အော်ဟစ် အမိန့်ပေးသံများကိုလည်း ယခုမှ ပြန်၍ကြားရသည်။

ခဏအကြာတွင် သူတို့အားလုံး ထိုနေရာမှ တပ်ဖွဲ့လိုက် အုပ်စုလိုက် ထွက်ခွာလာခဲ့ကြသည်။ ခပ်လှမ်းလှမ်းတွင် တောင်ကုန်းမို့မို့များကို မြင်ရသည်။

ဂျာမန်လေယာဉ်တွေ နောက်ထပ် မလာမီ သည်တောင်ကုန်းများဆီသို့ အရောက်သွား၍ အကာအကွယ် ယူကြရမည် ဖြစ်သည်။

တဖြည်းဖြည်း ညနေစောင်းသည်ထက် စောင်းလာသည်။ စစ်သားများသည် တပ်ဖွဲ့လိုက် အုပ်စုလိုက် မှန်မှန်ကြီး ချီတက်နေကြသည်။



သို့သော် သူတို့ကို ကြည့်ရသည်မှာ စစ်တပ်မှ စစ်သားများနှင့်မတူ။ တောထဲ တောင်ထဲတွင် ခြေဦးတည့်ရာ လျှောက်သွားနေကြသူများနှင့် တူနေသည်။

မောရစ်ဆင်သည် တဖြည်းဖြည်းလျှောက်ရင်း ကိုယ်လက်များ မသယ်ချင့်အောင် ဖြစ်လာသည်။ တောင်ကုန်းများဆီသို့ သွားနေသော်လည်း သူ့စိတ်ထဲတွင် မျှော်လင့်ချက်ကင်းမဲ့သော၊ မရေမရာသော၊ အဆုံးအစမရှိသော လမ်းကို လျှောက်နေသလို ခံစားနေမိသည်။

တောင်ကုန်းများနှင့် နီးလာလေလေ ခရီးမှာ ပို၍ပို၍ ကြမ်းလေလေ ဖြစ်လာသည်။ လျှိုမြောင်များနှင့် ချောက်ကမ္ဘားများကို တွေ့သည်ထက် တွေ့လာရသည်။

စစ်သားအားလုံးမှာ စကားမပြောနိုင်ကြတော့ဘဲ ရှေ့သူနှင့်နောက်လူ ရှေ့တပ်ဖွဲ့နှင့် နောက်တပ်ဖွဲ့ မျက်ခြေမပြတ်သွားအောင်သာ ချီတက်လာခဲ့ကြသည်။

နေလုံးကြီးသည် တောင်ကုန်းများ၏ နောက်ဘက်သို့ တစ်စတစ်စ နိမ့်ဆင်းသွားပြီး နောက်ဆုံး၌ လုံးဝ ပျောက်ကွယ်သွားသည်။

အမှောင်သန်းလာသည်နှင့် တစ်ပြိုင်နက် အအေးဓာတ် ကြမ်းခြုံ စပြုလာသည်။ လျှိုမြောင်ချောက်ကမ္ဘားနှင့် တောင်များ တောင်ရိပ်ကြောင့် ချမ်းစိမ့်စိမ့် ဖြစ်လာသည်။

ရှေ့ဆုံးမှ တပ်ဖွဲ့တစ်စုနှင့်အတူ ခေါင်းဆောင်လာသော စစ်ဗိုလ်တစ်ယောက်က တစ်နေရာတွင် တပ်ဖွဲ့အားလုံး နားရန် အမိန့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

စစ်သားများသည် ကျောက်တုံး ကျောက်ဆောင်များ၊ ခြုံပုတ်များနှင့် သစ်ပင်အုပ်များရှိရာသို့ ကိုယ့်အုပ်စုဖြင့်ကိုယ် စိုင်းဖွဲ့၍ နေရာယူကြသည်။ စစ်သားတချို့က စစ်ဗိုလ်များ၏ သတိပေး တားမြစ်သည့်ကြားမှ ခပ်လှမ်းလှမ်းရှိ စမ်းချောင်း ထဲသို့ သွား၍ မျက်နှာသစ်ရင်း ရေဆင်းသောက်ကြသည်။

အမှောင်ထုသည် ပို၍ပို၍ အားကြီးလာသည်။

မောရစ်ဆင်သည် ကျောက်တုံးတစ်ခုကိုမှီ၍ လှဲရင်းက မှောင်ထဲတွင် မျက်လုံးများကို တအားဖွင့်ထားမိသည်၊ နေ့ ထစ်ဝက်လုံး ခရီးကြမ်း နှင်ခဲ့ရသဖြင့် အဆမတန် ပင်ပန်း နွမ်းနယ်နေသော်လည်း အိပ်ချင်စိတ် လုံးဝမရှိဘဲ ဖြစ်နေ သည်။

အိပ်ချင်စိတ် မရှိရုံမျှမက မျက်လုံးများကို ပိတ်၍ ခေတ္တ မှိန်းနေရန်ပင် စိတ်မကူးမိဘဲ ဖြစ်နေသည်။

သူ့ခန္ဓာကိုယ်ကို အနားပေးခဲ့ရပြီ ဖြစ်သော်လည်း သူ့ စိတ်မှာ အနားမရသေးဘဲ လှုပ်ရှားနေဆဲပင် ဖြစ်နေသည်။

တာကိုမှ မမြင်ရဘဲ မှောင်နှင့်မည်းမည်း ဖြစ်နေသော် လည်း သည်အမှောင်ထဲထုမှာပင် အရုပ်ရုပ်ရည်ရှုည် နသူး၏ လန် ယူနီဖောင်းဝတ် စစ်သားနှင့် ကျွဲကော်ကိုင်းတပ်ထား သော လူပု...လေး၏ မျက်နှာများကို မြင်နေမိသည်။

'သူတို့တစ်တွေက ဘယ်သူတွေလဲ၊ ငါနောက်ကို တခြား ဘယ်သူတွေ လိုက်နေကြသေးသလဲ၊ ငါ ဘယ်သူ့ကို ယုံရ မှာလဲ'



တစ်စတစ်စ ညဉ့်နက်သည်ထက် နက်လာသည်။

မောရစ်ဆင်သည် ခဆုံးနိုင်သော အတွေးများဖြင့် လုံး ...သည်နေရာ တစ်ခါတစ်ခါ သူ့မျက်လုံးများသည် မှေး ...ဖြစ်သွားသည်။ ငိုက်ခနဲဖြစ်သွားသည်။

သို့သော် သူ့အားပတ်ပတ်လည်မှ တီးတိုးစကား ပြော ...သံလို၊ လူးလွန့်သလိုလို မကြားခဏ ကြားနေရသဖြင့် မျက် ...များ ပြန်၍ကျယ်လာသည်။

သည်လိုနှင့်ပင် အရုဏ်တက်၍ နံနက်မိုးသောက် အလင်း ရောက်လာသည်။

ဒုတိယနေ့တွင် စစ်သားများသည် တောင်ကုန်းများပေါ် ရောက်လာကြသည်။ အဝေးမှမြင်ရစဉ်က ခပ်နိမ့်နိမ့်ဖြစ် ...သော တောင်ကုန်းများသည် အနီးသို့ ရောက်လာသော ...ါ အတော်ကလေး မြင့်နေသည်ကို တွေ့ရသည်။

တကယ်တမ်း တက်ကြည့်သောအခါ တောင်တန်းကြီးများ ...ာ တက်၍မဆုံးအောင် ဖြစ်နေသည်။

ဂျာမန်လေယာဉ်များသည် ဒုတိယနေ့တွင်လည်း ဗြိတိသျှ ...များကို လာရောက်ဗုံးကြဲကြပြန်သည်။

သို့သော် တောင်ကုန်းများပေါ်တွင် ဖြစ်နေသဖြင့် အကာ ...ယ် ရနေပြီဖြစ်ရာ ပထမနေ့ကလောက် အထိအခိုက်မများ ...ခဲ့သည်။

မောရစ်ဆင်သည် ပေါက်သည့်နဖူး မထူးတော့ပြီဟု ...ထားလိုက်သည်။ နယ်မြေ လုံးဝ မကျွမ်းကျင်သည့်

www.burmeseclassic.com

www.burmeseclassic.com

အတွက် သည်စစ်သားများနှင့်ခွဲ၍ တစ်ယောက်တည်း လွ
ရာကျွတ်ရာ ပြေးချင်ပါလျက် မပြေးနိုင်အောင် ဖြစ်နေခဲ့သည်

တစ်ဖန် ဂျာမန်လေယာဉ်များသည် မိမိလိုက်ပါလာသ
တပ်များကိုသာမက အခြားနေရာများကိုလည်း နေ့ရောည
ဗုံးကြဲတိုက်ခိုက်လျက်ရှိကြောင်း သိရသဖြင့် တစ်နေရာသို့ထွ
ပြေးရန် အကြံအစည်ကို လုံးဝလက်လျှော့လိုက်ရသည်။

တောင်ကုန်းများပေါ်မှ လှမ်းမြင်ရသလောက် ပတ်ဝ
ကျင်တစ်ဝိုက်တွင် ဟိုနေရာ သည်နေရာမှ မီးတောက်မီးလ
များ၊ မည်းနက်သော မီးခိုးတန်းကြီးများနှင့် ပေါက်ကွဲ
ကြီးများကို ကြားနေရ မြင်နေရသဖြင့် ပြေးပေါက်မရှိအော
ဖြစ်နေသည်ကို ရိပ်မိလိုက်သည်။

တတိယနေ့တွင်မူ မောရစ်ဆင်တို့ တပ်ဖွဲ့များကို အုပ်ချု
လာသော စစ်ဗိုလ်ကလေးသည် ရန်သူ၏ လေကြောင်းတို
ခိုက်မှုကို စိတ်မချရသဖြင့် နေ့ဘက်တွင် ချီတက်ခြင်းမပြု
ညဘက်တွင်မှ ချီတက်ဆုတ်ခွာရန် အမိန့်ထုတ်လိုက်သည်။

ခြေကုန်လက်ပန်းကျနေသောမောရစ်ဆင်အဘွက် ညဘ
ချီတက်ရသည်မှာ ပို၍ အခက်အခဲတွေ့လာရသည်။ စစ်အဖေ
အကြို လုံးဝမရှိသည့်ပြင်၊တစ်နေ့တခြား အားပြတ်လာသဖြ
လမ်းပင် ကောင်းကောင်းမလျှောက်နိုင်အောင် ဖြစ်သာ
သည်။

မှောင်နှင့်မည်းမည်း စမ်းတဝါးဝါးဖြင့် ဒယီးဒယိ
လျှောက်လာခဲ့ရာမှ မကြာခဏ သတိလစ်သလိုဖြစ်ကာ လဲ



သူနှင့် အတူယှဉ်၍ လိုက်ပါလာသော စစ်သားက မ ,တွ
အားပေးစကားပြောကာ တွဲလာခဲ့ရသည်။

နောက်တစ်နေ့နံနက်တွင် သူတို့တပ်ဖွဲ့သည် ရှောက်ပင်
ဖြင့် အုပ်ဆိုင်းနေသော ရွာတစ်ရွာသို့ ရောက်သွားကြ
သည်။

မောရစ်ဆင်မှာ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေပြီး မလှုပ်
အောင် ဖြစ်နေသည်။ သူ့ မျက်စိအောက်တွင် မြင်မြင်သမျှ
မပီမသဖြင့် ဝိုးဝိုးဝါးဝါး ဖြစ်နေပြီး သူ့နားတွင် ကြား
စကားသံများမှာလည်း အဝေးကြီးမှရသလို ဖြစ်နေ
သည်။

စစ်သားများမှ ညက တစ်ညလုံး ချီတက်လာခဲ့ရသဖြင့်
မ်းကာ သစ်ပင်ရိပ်များတွင် တုံးလုံးပက်သက် အိပ်မော
နေကြသည်၊ မောရစ်ဆင်မှာ အိပ်မရဘဲ သစ်ပင်တစ်ပင်
၍ မျက်လုံးများ ကြောင်နေသည်။
သည် စိတန်းနေသော ရှောက်ပင်များကို အဓိပ္ပာယ်မရှိ
ကြည့်နေမိသည်။

သို့အခိုက် သူ့မျက်လုံးများသည် စောစောကထက် ပို၍
သာပြီး အရူးတစ်ယောက်လို ဝိုင်းဝိုင်းလည်သွားသည်၊
ကိုက်သုံးရာခန့် အကွာအဝေးတွင် လူတစ်ယောက်ကို
မြင်လိုက်ရသည်။ ပထမတွင် လူပုံပန်းသဏ္ဌာန်ကို သတိ
းမိဘဲ ရှောက်ပင်များကြားမှ ထိုးကျလာသောနေရောင်
င့် တလက်လက် ရောင်ပြန်ဟပ်နေသော မျက်နှာကို
မိသည်။

www.burmeseclassic.com

www.burmeseclassic.com

မောရစ်ဆင်သည် မျက်တောင်တစ်ချက် ခတ်လိုက်သည်၊ ပို၍အာရုံစိုက်ကြည့်လိုက်သောအခါ လူပုံပန်းသဏ္ဌာန်ကို ကွဲကွဲပြားပြား မြင်လာရသည်။

ကိုယ်လုံးကိုယ်ပေါက် ခပ်သေးသေး၊ အရပ်ခပ်ပုပု၊ သူ့မျက်နှာပေါ်မှ ကျွဲကော်ကိုင်းမျက်မှန်သည် နေရောင်တွင် တလက်လက် ဖြစ်နေသည်။

ထိုလူသည် ရောက်ပင်များအောက်တွင် ဖရိုဖရဲ အိပ်ပျော်နေကြသော စစ်သားများအကြား ဟိုဟို သည်သည် လမ်းလျှောက်နေသည်။

မောရစ်ဆင်သည် မျက်တောင်မခတ်ဘဲ ထိုလူကို မျက်လုံးမျှား၍ ကျွတ်ထွက်မတတ် စိုက်ကြည့်နေမိသည်။

*　　　*　　　*

## အေသင်မြို့ကို ဂျပန်တွေ သိမ်းလိုက်ပြီ

...ဘာ ...ရဲဘော်၊ ဒါက ဘယ်သွားမလို့လဲ'

...ဒိုလ်ကလေး၏အသံကြောင့် မောရစ်ဆင်သည် နောက်...ညှို့ကြည့်မိသည်၊ 'ရေ...ရေသွားရှာမလို့ပါ၊ ရွာထဲမှာ...

...ဒိုလ်ကလေးသည် မောရစ်ဆင်အား တစ်စုံတစ်ရာပြော...ဘာ့မလိုလုပ်ပြီးမှ မပြောသေးဘဲ ရပ်တားလိုက်သည်။ ...ရစ်ဆင်အား အသေအချာ ဂရုစိုက်ကြည့်လိုက်သည်။

...ဝတ်အစား ဖိုသီဖတ်သီဖြင့် ပုံပျက်ပန်းပျက် မသက်... ဖြစ်နေသော မောရစ်ဆင်၏ အသွင်အပြင်သည် မြင်...ခင်းအောင် ဖြစ်နေသည်။ ပြီး သူ့တွင် ကြေးပိုးအိတ်၊ ...၊ ရိုက္ခာဘူး စသည့် အသုံးအဆောင် ပစ္စည်းဟူ၍ ဘာ...မရှိဘဲ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲလေ သွားမှာဖြင့်လဲ မြန်မြန်သွား၊ သိပ်မကြာစေ
တစ်နာရီအတွင်း ရောက်အောင်ပြန်လာခဲ့'

စစ်ဗိုလ်ကလေး၏ စကားအဆုံးတွင် မောရစ်ဆင်သည်
လှမ်းလှမ်းမှ ရွာဘက်သို့ ခေါင်းငိုက်စိုက်ဖြင့် ဒယီးဒယိ
လျှောက်လာခဲ့သည်။

စစ်ဗိုလ်ကလေးသည် မောရစ်ဆင်၏ ထူးဆန်းသော ပုံပ
သဏ္ဌာန်နှင့် ထူးဆန်းသော အမူအရာကို လှမ်းကြည့်ရင်း က
ရစ်ခဲ့သည်၊

မောရစ်ဆင်သည် အိမ်ခြေ နှစ်ဆယ်ကျော် သုံးဆယ်
ရှိမည်ဟု ခန့်မှန်းရသော ရွာကလေးထဲသို့ ရွာအဝင်လ
ကလေးအတိုင်း လျှောက်လာခဲ့သည်။

ရွာလယ် ကွက်လပ်သို့ ရောက်သောအခါ လူသံသ
များ ကြားရသဖြင့် ဟိုတိုသည်သည် လှည့်ကြည့်လိုက်ရာ
စောစောက ငြိမ်သက်တိတ်ဆိတ်နေသော အိမ်များပေါ
ရွာသူရွာသားများ တစ်ယောက်တပေါက်ပြောရင်း
ညံ့ညံ့ဖြင့်သူ့ရှိရာသို့ ဝိုင်းလာကြသည်ကို တအံ့တဩ တွေ့
ရသည်။

သို့သော် သူတို့မျက်နှာပေါ်တွင် တစ်စုံတစ်ရာ ရန်မူ
လက္ခဏာများ မတွေ့ရဘဲ ထူးဆန်းအံ့ဩသည့် အမူအရာမျ
နှင့် ဖော်ရွေသည့် အသွင်သဏ္ဌာန်များကို တွေ့လိုက်ရသ
စိတ်အေးသွားမိသည်။



သူတို့ထဲမှ အသက်ခပ်ရွယ်ရွယ် ခပ်ကြီးကြီး ရွာသား သုံး
ယောက်ကမူ သူ့အနီးသို့ ပြုံးပြုံးရွှင်ရွှင်ဖြင့် လာ
က်၍ လက်ဆွဲနှုတ်ဆက်ခြင်းများပင် ပြုလုပ်ခဲ့ကြသည်။

မောရစ်ဆင်သည် ရွာသားများ၏ ဖော်ရွေသော အပြု
များကြောင့် အားတက်လာပြီး ပါးစပ်ကိုဟ၍ လက်
အမူအရာ လုပ်ပြလိုက်သည်။ 'ရေ....ရေ....ရေပေးပါ...
ာက်ခရ....'

ချက်ချင်းပင် ရွာသားတစ်ယောက်သည် အနီးဆုံးအိမ်ထဲ
ပြေးဝင်သွားပြီး ဆိတ်ရေဖြင့် ချုပ်ထားသော ရေအိတ်
ခုကို ဆွဲယူလာသည်။ မောရစ်ဆင်သည် ဝမ်းသာအားရ
ထိုရေအိတ်ကို လှမ်းယူလိုက်ပြီး အိတ်ဝကို ပါးစပ်တွင်
၍ မော့ချလိုက်သည်။

အိတ်ထဲမှရေများသည် တရဟောကျလာပြီး မျက်နှာ
လုံး စိုရွှဲသွားရာ သူ့ကိုဝိုင်းကြည့်နေကြသော ရွာသား
သုံး ဝါးခနဲ ပွဲကျသွားသည်၊ သည့်အထဲတွင် ကလေးငယ်
မှာ သဘောကျလွန်းလှသဖြင့် အားရပါးရရယ်ကာ လက်
များပင် တီးလိုက်ကြသေးသည်။

မောရစ်ဆင်မှာသည်း သူ့အဖြစ်ကိုသူ သဘောကျပြီး အသံ
အောင် ရယ်လိုက်မိသည်။ ယခုလို အားရပါးရ ရယ်လိုက်
မှ သည်လိုမရယ်ရသည်မှာ ကြာပြီဖြစ်ကြောင်း သူသတိ
က်မိသည်။

ဖြင့် သူသည် အရှုးတစ်ယောက်ပမာ ရေအိတ်ထဲမှ ရေ
ကို ခေါင်းပေါ်သို့ လည်းကောင်း၊ မျက်နှာပေါ်သို့

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ တဝေါဝေါလောင်းချလိုက်ပြီး စောအေ… ထက်ပို၍ အသံထွက်အောင် ရယ်ချလိုက်မိသည်။ ရွာ… အားလုံးမှာလည်း သူ့ကိုကြည့်ပြီး တဝါးဝါး တဟား… ဖြင့် ပွဲအကျကြီး ကျနေကြသည်။

ထိုအခိုက် မိန်းမကြီး တစ်ယောက်သည် ဘယ်အခ… ဘယ်အိမ်မှ သွားယူလိုက်မှန်းမသိ၊ နောက်ထပ်ရေအိတ်… တစ်ခုနှင့်အတူ ပေါင်မုန့်ကြီး တစ်လုံးနှင့် ဒိန်ခဲ ခပ်ကြီး… တစ်ခဲယူလာပြီး မောရစ်ဆင်အား လှမ်းပေးလိုက်သည်။ … စပ်မှလည်း ဂရိဘာသာဖြင့် ပြောရင်း ပေါင်မုန့်စားရန် … အရာလုပ်ပြသည်။

မောရစ်ဆင်မှာလည်း ဣန္ဒြေမဆောင်နိုင်တော့ဘဲ ပေ… မုန့်ကြီးကို ပါးစပ်ဖြင့် ဖဲ့၍ ပလုပ်ပလောင်းစားလိုက်… ဒိန်ခဲကိုလည်း တစ်ကိုက်နှစ်ကိုက် ကိုက်လိုက်သည်။

ပြီး ရေအိတ်ထဲမှ ရေကို အားရပါးရသောက်လိုက်… ရွာသူ ရွာသားများသည် မောရစ်ဆင်၏အဖြစ်ကို ကြည့်… စောစောက ရယ်ရယ်မောမော ဖြစ်နေကြရာမှ သူတို့မျက်… များပေါ်တွင် ကြင်နာမှု အရိပ်အရောင်များ ပေါ်လာ… သည်။

စကားသံများမှာလည်း စောစောကလို ဆူဆူညံညံ … ကျယ် လောင်လောင် မဟုတ်တော့ဘဲ၊ သူတို့အချင်း… တီးတိုးပြောသံများအဖြစ် ပြောင်းလဲသွားကြသည်။

ခပ်စောစောက မိန်းမကြီးသည် မောရစ်ဆင်အနား… ကပ်လာပြီး လက်ထဲတွင် တစ်ပိုင်းတစ်စကျန်နေသော …



…မုန့်ကြီးကို ဆွဲယူ၍ နှစ်ဖဲ့ သုံးဖဲ့ ဖဲ့လိုက်ပြီး မောရစ်ဆင်၏ …ဘောင်းဘီအိတ်များထဲသို့ ထိုးထည့်ပေးလိုက်သည်။ ဒိန်ခဲကို …လည်း အင်္ကျီအိတ်ထဲသို့ ထည့်ပေးသည်။

အခြားခပ်ရွယ်ရွယ် မိန်းမတစ်ယောက်ကလည်း မောရစ်ဆင်လက်ထဲမှ ရေအိတ်ကို ဆွဲယူလိုက်ပြီး ရေအိတ်တွင် ကပ်ပါသည့် ကြိုးကို ပခုံးတွင် စလွယ်သိုင်းပေးလိုက်သည်။ သူတို့၏ စေတနာနှင့် အပြုအမူများကြောင့် မောရစ်ဆင်မှာ …စိတ်ဖြင့် မျက်ရည်များပင် စို့လာမိသည်။

မောရစ်ဆင်သည် ထိုအမျိုးသမီးနှစ်ယောက်ကို လက်ဆွဲနှုတ်ဆက်လိုက်သည်။ နောက် ကျန်ရွာသူရွာသားများကို တစ်ယောက်ပြီး တစ်ယောက် လိုက်၍ လက်ဆွဲနှုတ်ဆက်သည်။

ကလေးငယ်များကိုပါမကျန် နှုတ်ဆက်သည်။ ရွာသားများမှာ စောစောကလို ဆူဆူညံညံ တစ်ယောက်တစ်ခွန်း ပြောလာကြပြန်သည်။

'ဟေ့…ရဲဘော်…ဒါဖြင့် ရှာလိုက်ရတာကွာ'

မောရစ်ဆင်သည် အသံကြားရာသို့ အထိတ်တလန့် လှည့်ကြည့်လိုက်ရာ လူအုပ်ကြားထဲသို့ တိုးဝင်လာသော စစ်သားတစ်ယောက်ကို မြင်လိုက်ရသည်။

'ဗိုလ်ကြီးက ခေါ်ခိုင်းလို့ မောင်ရင့်ကို လိုက်ရှာနေတာ …နေပြီ'

'ဗိုလ်ကြီးကို ခွင့်တောင်းပြီးမှ လာခဲ့တာပဲ'

မောရစ်ဆင်က သူ့ခါးတွင် စလွယ်သိုင်း၍ လွယ်ထားသော ရေအိတ်ကို နေသားတကျဖြစ်အောင် ပြင်ရင်း ပြန်

www.burmeseclassic.com

www.burmeseclassic.com

ပြောလိုက်သည်။ ရွာသားများသည် နောက်ရောက်လာသော… စစ်သားကို ကြည့်ရင်း အကဲခတ်နေကြသည်။

'ခွင့်တောင်းလာတာတွေ ဘာတွေလုပ်မနေနဲ့၊ ခုဒီနေရာ… ရှေ့ဆက်သွားတော့မလို့'

'ရှေ့ဆက်သွားတော့မယ် ဟုတ်လား၊ ဘယ့်နှယ် နေ့ခ… ကြီး ရှိသေးတာပဲ၊ လေယာဉ်ပျံတွေလာရင် ဘယ့်နှဲ့လုပ်မလဲ…'

'မသွားလို့မဖြစ်ဘူး၊ ဂိုင်ယာလက်နဲ့ နောက်ထပ် အမိ… ရောက်လာတယ်၊ သေရွှေမနေနဲ့ လာသွားမယ်'

မောရစ်ဆင်သည် စစ်သားနောက်မှ လိုက်လာခဲ့ရသည်… စောစောက ရွာသူရွာသားများနှင့် တွေ့၍ ပျော်ခဲ့ရသော… စိတ်များမှာ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားခဲ့သည်…

မောရစ်ဆင်သည် ခေါင်းငိုက်စိုက်ချ၍ လိုက်ခဲ့ရာမှ ရွာ… ရွာသားများနှင့် တဒင်္ဂမျှ တွေ့ခဲ့ရ၍ ကြည်နူးခဲ့ရသ… အဖြစ်ကို တွေးလာမိသည်။ ထိုမှတစ်ဆင့် စစ်သားများရှိရာ… ပြန်သွားရသည်မှာ သူ့အတွက် အန္တရာယ်ရှိရာ အရပ်ကို သွ… နေရသလို ထင်မြင်လာမိသည်။

'ခင်ဗျားနောက်ကို သူကိုလိုက်နေကြပြီ…ခင်ဗျားနောက်… သူတို့ လိုက်နေကြပြီ'

သည်အသံများသည် မောရစ်ဆင်၏နားထဲသို့ ဝင်လာ… ပြန်သည်၊ သူသည် သူ့ရှေ့မှ သွားနေသော စစ်သား… တစ်ချက် လှမ်းကြည့်လိုက်ရင်း ပါးစပ်မှ လွှတ်ခနဲ ထွက်သွ… သည်။

www.burmeseclassic.com



'ဒီမယ်…ရဲဘော်'

'ဘာလဲ…ဘာပြောချင်လို့လဲ' စစ်သားက ခပ်သွက်သွက် …လျှောက်ရင်း နောက်သို့တစ်ချက်လှည့်ကြည့်ပြီးပြန်မေးသည်။

'ကျွန်တော်တို့ အခုလာကြတဲ့ တပ်ဖွဲ့တွေထဲမှာ ကျွဲကော် …ခေါင်းမျက်မှန်နဲ့ အရပ်ခပ်ပုပု လူတစ်ယောက်ကို မသိဘူးလား'

'မသိပါဘူး… ဒါလောက်များတဲ့ စစ်သားတွေထဲမှာ ဘယ် …လုပ် သိနိုင်မှာလဲ၊ နေပါဦး…အဲဒီလူကို ခင်ဗျားက ဘာ …လုပ်မလို့လဲ'

'ဘာ…ဘာမှမလုပ်ပါဘူး၊ ဘာမှမလုပ်ပါဘူး'

မောရစ်ဆင်သည် လွှတ်ခနဲထွက်သွားသော သူ့စကားကို …ပြန်ထိန်းလိုက်ရသည်။

စစ်သားများရှိရာသို့ ပြန်ရောက်လာသောအခါ ဆက်လက် …ထွက်ရန် အားသုံး လှုပ်လှုပ် ရွရွ ပြင်ဆင်နေကြသည်ကို …တွေ့ရသည်။ စစ်ဗိုလ်ကလေးက မောရစ်ဆင်အား တစ်ခွန်း …နှစ်ခွန်း ဆူပူကြိမ်းမောင်းပြီး စစ်သားများရှိရာသို့ သွားရန် အမိန့်ပေးလိုက်သည်။

မောရစ်ဆင်သည် ဘာမျှပြန်မပြောဘဲ သူ့အမိန့်အတိုင်း …စစ်သားများရှိရာသို့ လှည့်ထွက်လာခဲ့သည်။ သူ့ကို ရွာထဲသို့ လိုက်ခေါ်သော စစ်သားနှင့် စစ်ဗိုလ်ကလေးသို့ နှစ်ယောက် …သား အပြန်အလှန် စကားပြောရင်း ကျန်ရစ်ခဲ့သည်။

'ဗိုလ်ကြီး…ဒီလူကြည့်ရတာ ဦးနှောက်ချောင် သလိုလိုပဲ'

'ဟုတ်တယ်…သိပ်တော့ မှုမမှန်းဘူး၊ သူ့ကို သတိ… နေရင် ကောင်းမယ်'

www.burmeseclassic.com

www.burmeseclassic.com



'စိတ်ချပါဗိုလ်ကြီး၊ ကျွန်တော် စောင့်ကြည့်ပါ့မယ်'

ခဏအကြာတွင် တပ်များ ဆက်လက် ထွက်ခွာလာခဲ့ သည်။

သူတို့သည် အမြင့်ဆုံးတောင်ကုန်းများကို ကျော်လာခဲ့ ပြီဖြစ်၍ ယခုတစ်ကြိမ်တွင် တောင်ကုန်းများ၏ သည် ဘက်သို့ မသိမသာ ဆင်းလာခဲ့ကြရသည်။

တဖြည်းဖြည်း နိမ့်ဆင်းသွားသော တောင်ကုန်းများ အောက်တွင် မြေပြန့်ခမြပြင်ကို မြင်နေရသည်၊ သည်မြေပြန့် အဆုံးတွင် မိုးကုတ်စက်ဝိုင်းကို ဖြူဖြူဖွေးဖွေး ခပ်ရေးရေး လှမ်းမြင်ရသည်။

တစ်ခန့်နှင့်တစ်ည ချီတက်လာခဲ့ကြပြီးနောက် အရုဏ် တက်အချိန်လောက်တွင် မြေပြန့်သို့ ရောက်လာကြသည်၊

ထိုနေရာတွင် ခေတ္တစခန်းချကြသည်။ တစ်နေ့လုံး တစ်ည လုံး ချီတက်လာခဲ့ကြရသော စစ်သားများမှာ စခန်းချ အနားပေးလိုက်သည်နှင့် တစ်ပြိုင်နက် မဟာန်နိုင်တော့ဘဲ ရာသစ်ပင်အောက်တွင် ပစ်လှဲလိုက်ကြသည်။

တခဏ အတွင်း သူတို့အားလုံးသည် အတုံးအရုံးပြ အိပ်မောကျသွားကြတော့သည်။

အချိန်မည်မျှ ကြာသွားသည်မသိ ပူနွေးစူးရှသော နေ ရောင်ခြည်သည် မောရစ်ဆင်၏ မှိတ်နေသော မျက်ခွံများ ပေါ်သို့ ထိုးကျလာသည်။

သူသည် အိပ်ပျော်နေရာမှ နိုးလာပြီ ဖြစ်သော်လည်း ရှုတ်တရက်ထ၍ မရအောင် ဖြစ်နေသည်။ တစ်ကိုယ်လုံး



အကြောအချဉ်များ တောင့်နေပြီး မလှုပ်နိုင် မရှားနိုင်အောင် ဖြစ်နေသည်။

သို့သော် အားရပါးရ အိပ်ရေးဝအောင် အိပ်လိုက်ရ သဖြင့် စိတ်ထဲက လန်းဆန်း နေသည်ကိုတော့ သတိပြုမိ သည်၊

မြေကြီးကို တတောင်ဖြင့်ထောက်၍ အားယူထလိုက်သည်။ တစ်ကိုယ်လုံး နာကျင်နေရာမှ ခြေထောက်ဆီသို့ ပို၍ အာရုံ ရောက်နေသဖြင့် ဖိနပ်တစ်ဖက်ကို အသာအယာ ချွတ်ကြည့် လိုက်သည်။ ခြေဖဝါးပြင်တခုလုံး ဖူးရောင် နီရဲနေသည်ကို တွေ့လိုက်ရသည်။ ဖိနပ်နှစ်ဖက်စလုံးကို ချွတ်လိုက်ပြီးသော အခါ စေးစေးကထက် ခြေထောက်အနာ ပို၍သက်သာသလို ဖြစ်သွားသည်။

ထို့နောက် ပခုံးတွင် သိုင်း၍လွယ်ထားသော ရေအိတ်မှ ကြိုးကို ခေါင်းပေါ်မှကျော်၍ ဖြုတ်ယူလိုက်ပြီး ရေအိတ် ထဲမှ ရေကို အားရပါးရ တစ်ငကြိမ်း သောက်လိုက်သည်။

ပြီးမှ လက်ခုပ်ထဲသို့ ရေငှဲ့၍ မျက်နှာသစ်ပစ်လိုက်သည်။ ကိုယ်ရောစိတ်ပါ ကြည်ကြည်လင်လင် ဖြစ်သွားသည်။ သည် တော့မှ ဘောင်းဘီအိတ်နှင့် အင်္ကျီအိတ်များထဲတွင် ခိုးလို့ ခုလုဖြစ်နေသော ပေါင်မုန့်နှင့် ဒိန်ခဲကို သတိရပြီး ထုတ်စား ရသည်။

နာရီဝက်ခန့် ကြာသွားပြီးနောက် စောစောကချွတ်ထား သော ဖိနပ်များကို ပြန်စီးလိုက်သည်။ စိတ်ထဲက ပေါ့လို့လှ္ား

www.burmeseclassic.com

www.burmeseclassic.com

မသိ ခြေဖဝါးမှ ဒဏ်ရာမှာ သိသိသာသာကြီး ပျောက်သွား[illegible]
သည်ကို တွေ့ရသည်။

ခြေထောက်မှ အနာပျောက်သွားသဖြင့် အုံ့ညြှိုသွား[illegible] သည်ထက် ခပ်ဝေးဝေးဆီမှ ပြန့်လွင့်လာသော သီချင်းသံ[illegible] များနှင့် ဆူဆူညံညံ အော်ဟစ်သံများကို ကြားလိုက်ရသော[illegible] ကြောင့် ပို၍ တအံ့တသြ ဖြစ်သွားမိသည်။

မောရစ်ဆင်သည် ထိုင်ရာမှ ဖြုန်းခနဲ ထလိုက်မိသည်။ သေ[illegible] သေချာချာ နားထောင်ကြည့်လိုက်သောအခါ ဆူဆူညံညံ[illegible] အသံများနှင့်အတူ သီချင်းသံများသည် သူထင်သလောက် ခ[illegible] ဝေးဝေးမှ မဟုတ်ကြောင်း သိရသည်။

ဂရုစိုက်၍ နားစွင့်ထောင်လေလေ အသံများမှာ ပို၍နီးလေ[illegible] လေဟု ထင်ရသည်။ ရိုးရိုးသီချင်းများမဟုတ်ဘဲ စစ်ချီသီချင်း[illegible] များ ဖြစ်နေသည်ကိုပါ သတိပြုမိသည်။

သူသည် ခပ်လှမ်းလှမ်းရှိ ခြုံပုတ်များဆီသို့ အပြေးအလွှား[illegible] သွားရောက်ကာ ခြုံပုတ်များကို ကျော်၍ အသံကြားရာသို့[illegible] လှမ်းကြည့်လိုက်သည်။ ကွင်းပြင်ကြီး၏ အဆုံးတစ်ဖက်တွင်[illegible] ရုတ်ရုတ်သဲသဲဖြစ်နေသော သဏ္ဌာန်များကို မသဲမကွဲမြင်ရ[illegible] သည်။

သေသေချာချာ အာရုံစူးစိုက်၍ ကြည့်လိုက်သောအခါ[illegible] မဲမဲလှုပ်နေသော ဧရာမစစ်သားထုကြီးကို တွေ့ရသည်။ စစ်[illegible] သားများမှာ အရေအတွက်အားဖြင့် အနည်းဆုံး ငါးရာ ကျော် ခြောက်ရာနီးပါးခန့် ရှိမည်ဟု ထင်ရသည်။



အားလုံး တစ်ယောက်မကျန် လှုပ်လှုပ်ရွရွ ခုန်ပေါက် [illegible]အော်ဟစ်ကာ စစ်သီချင်းများကို သံပြိုင်ဆိုနေကြသည်။

မောရစ်ဆင်နှင့်အတူ အခြားစစ်သားများသည်လည်း မိမိ [illegible]နေရာများမှ ပြေးလာကြပြီး ကွင်းပြင်ကြီးတစ်ဖက်မှ လှုပ် [illegible]ရွရွဖြင့် သီချင်းတကြော်ကြော် အော်ဟစ်သီဆိုနေသော [illegible]သားအုပ်ကြီးကို လှမ်းမျှော်ကြည့်ကာ ပါးစပ်အဟောင်း [illegible]ား ဖြစ်နေကြသည်။

'ဟေ့ …ဟိုမှာတွေ့သား သူတို့နောက်နားက သဘော် [illegible]စင်း မြင်ရဲ့လား'

'ဘယ်မှာလဲ…ဟာ…ဟုတ်တယ်ဟေ့၊ စစ်သဘောနဲ့ တူ [illegible]ယ်'

ဟုတ်ပါသည်။ သံပြိုင်ဟစ်ကြွေးနေကြသော စစ်သားအုပ် [illegible]း၏ နောက်ဘက် မိုးကုတ်စက်ဝိုင်းတွင် ညို့ညို့မှိုင်းမှိုင်း [illegible] သဘောကြီးတစ်စင်း၏ ပုံသဏ္ဌာန်ကို ယခုမှ သတိထား [illegible]ကြသည်၊

မောရစ်ဆင်သည် သူ့ရှေ့မှောက်တွင် မြင်နေရသော စစ် [illegible]သားများနှင့် စစ်သဘောကြီးကို ကြည့်ကာ သူ့မျက်စိများကို [illegible] မယုံနိုင်အောင် ဖြစ်နေမိသည်။ မျက်လုံးများကို ထပ်ခါ [illegible]သဲလဲ ပွတ်၍ကြည့်မိသည်။

တောင်တောင် လျှို့မြောင်များကို ဖြတ်ကျော်၍ ဝေးရက် [illegible]လုံး ခရီးပြင်းနှင်ကာ မိမိတို့အား အုပ်ချုပ်ခေါင်းဆောင် [illegible]ခဲ့ကြသော စစ်ဗိုလ်များ၏ရည်ရွယ်ချက်ကို ယခုမှ [illegible] [illegible]ောင်းကြီး သဘောပေါက်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

မျက်စိအောက်တွင် မြင်နေရသော မြင်ကွင်းဟိုဘက်မှ စစ်သားများမှာ မိမိတို့ထက် စော၍ ပင်လယ်ကမ်းခြေသို့ ရောက်နေနှင့်ကြသည့် စစ်သားများ ဖြစ်ဟန်တူသည်။

'အဲဒါပေါ့ကွ....'စလာဗက်' စစ်သင်္ဘောဆိုတာ'

'မင်းက ဘယ်လိုလုပ်သိတာလဲ'

'ငါဒီသင်္ဘောနဲ့ မြေထဲပင်လယ်ကို ဖြတ်ဖူးတယ်ကွ...တန်ချိန် ရှစ်ထောင်ရှိတယ်'

'ငါထင်သားပဲ၊ တို့ကို ရေတပ်က လာကယ်လိမ့်မယ်လို့ တွက်ထားပြီးသားပါ'

'စောစောက ဗိုလ်ကြီးပြောသံကြားရသလောက် တို့ ဒီသင်္ဘောနဲ့ ဒီနေ့ညပဲ ဆုတ်ရလိမ့်မယ်လို့ ပြောတယ်'

မောရစ်ဆင်သည် သူ့ဘေးပတ်ဝန်းကျင်မှ စစ်သားများ၏ တစ်ယောက်တစ်ပေါက် ပြောနေသံများကို နားထောင်ကာ စစ်၏အတွေ့အကြုံများကို စိတ်ထဲက ဆင်ခြင်စဉ်းစားနေမိသည်။ ပါးစပ်မှလည်း တီးတိုးရေရွတ်နေမိသည်။

'ဘုရားသခင်ရဲ့ ကျေးဇူးတော်ပဲ'

ခဏအကြာတွင် သူတို့အားလုံး လက်ရှိ တပ်စခန်းချရာ နေရာမှ ပင်လယ်ကမ်းခြေသို့ ဆက်လက် ထွက်ခွာလာခဲ့ရပြီး ကမ်းခြေမှ စစ်သားများနှင့် ပူးပေါင်းလိုက်ကြသည်။

ယခုအခါ စစ်သားအရေအတွက်မှာ တစ်သောင်းနည်းပါး မျှရှိလာပြီဖြစ်သည်၊ ကမ်းခြေတစ်ခုလုံးမှာ ဗျားအုံကို တုတ်ဖြင့် ဆွသားသည့်ပမာ လှုပ်လှုပ်ရွရွဖြင့် ဆူဆူညံညံဖြစ်နေသည်၊



...တို့ကိုကြည့်ရသည်မှာ စစ်ဆုတ်လာသည့် စစ်သားများ ...ဘဲ ပင်လယ်ကမ်းခြေသို့ အပျော်ခရီးထွက်လာကြသူ ...နှင့် မခြား တပျော်တပါးကြီး ဖြစ်နေကြသည်။

...ခုအခါ မောရစ်ဆင်သည် ကြောက်စိတ်များ အတော် ... လျော့နည်းသွားခဲ့ပြီ ဖြစ်သည်၊ ဤမျှလောက် များ ...သည့် လူအုပ်ကြီးထဲတွင် နယူးဇီလန် စစ်သားနှင့်သော် ...ကောင်း အရပ်ပုပု ကွဲကော်ကိုင်း မျက်မှန်တပ် စစ်သား ...သော် လည်းကောင်း တွေ့ရန်မလွယ်ဟု ယူဆထားသည်။

...တစ်ချက် စိုးရိမ်စရာရှိသည်မှာ ကမ်းခြေမှ စစ်သင်္ဘော ...သို့ လှေများဖြင့် သွားကြရမည်ဖြစ်ရာ၊ သည်အခါမျိုးတွင် ...ခြေမှသော် လည်းကောင်း၊ စစ်သင်္ဘောပေါ်မှသော် ...ကောင်း စောင့်ကြည့်လျှင် မိမိအား တွေ့သွားနိုင်သည်။

...သို့သော် ညအချိန် မှောင်တော့မှ သင်္ဘောပေါ်သို့ဘက် ...မည်ဖြစ်ရာ မှောင်နှင့်မည်းမည်း၊ သည်လောက်များပြား ...သည့် စစ်သားများအကြားတွင် မိမိအား တွေ့မြင်ရန် ...ကူ၍လည်း တစ်ဖက်မှ တွေးမိသည်။

...သို့ဖြစ်၍လည်း စောစောကလောက် ကြောက်စိတ်မဝင် ...ဘဲ သက်သာရာ ရနေခဲ့သည်။

...အချိန်ကုန်မှန်းမသိ ကုန်လာခဲ့ပြီး နေဝင်၍ မှောင်ရိပ် ...စပြုလာသည်။

...ကမ်းခြေနှင့် အတော်ကလေးလှမ်းနေသော သင်္ဘောပေါ် ...လှေများဖြင့် တစ်ဆင့်သွားကြရမည်ဖြစ်ရာ မောရစ်ဆင် ... သူ့တွင်ပါလာသော ပစ္စည်းများကို ရေမစိုစေရန်

www.burmeseclassic.com

www.burmeseclassic.com



ကြိုတင်ကာကွယ်မှု ပြုလုပ်ခဲ့သည်။ သူ့ဆေးတံမှာ ပါမလာ
တော့ဘဲ တစ်နေရာရာတွင် ကျကျန်ခဲ့ပြီး၊ ဆေးတံသော
ဆေးထည့်သည့် အိတ်သာ ပါလာခဲ့သည်။ ထိုအိတ်မှာ အထဲသို့
လုံးဝရေမဝင်နိုင်သည့် ရေစိုခံ အိတ်ဖြစ်သည်။

သူသည် ထိုအိတ်ထဲမှ လက်ကျန် ဆေးတံ ဆေးများကို
သွန်ပစ်လိုက်ပြီး ထိုအိတ်ထဲသို့ နိုင်ငံကူး လက်မှတ်နှင့် စဘာ
ကူးပေးလိုက်သော စာအိတ်ဖြူကလေးကို ထည့်လိုက်သည်။

ထို့ပြင် သူ့ထံတွင်ပါလာသော ငွေစက္ကူအချို့ကိုလည်း
ထိုစာအိတ်ထဲမှာပင် ထည့်လိုက်ပြီး ဇစ်ကို ပိတ်လိုက်သည်။
သည်အတိုင်းဆိုလျှင် သည်ပစ္စည်းများ ရေစိုတော့မည် မဟုတ်
သည်မှာ သေချာပြီဖြစ်သည်။

အမှောင်ထု လွှမ်းလာပြီဖြစ်၍၊ စစ်သားများသည်သင်္ဘော
ပေါ်သို့ တက်ရန် ဟန်တပြင်ပြင် ဖြစ်နေကြသည်၊ သင်္ဘော
မှ လာခေါ်မည့် လှေများကို မှောင်ကြီး မည်းကြီးထဲတွင်
မျှော်တလင့်လင့် ဖြစ်နေကြသည်။

ဖြည်းဖြည်းဖြင့် အချိန်ကုန်မှန်းမသိ ကုန်လာသည်။ တစ်
နာရီကျော်မျှ ကြာလာခဲ့သည်။ လှေများရောက်မလာသေးဘဲ
ဖြစ်နေသည်၊

နောက်ထပ် နာရီဝက်ကျော် တစ်နာရီနီးပါးမျှ အချိန်
ကုန်သွားပြန်သည်၊ ဘာမှမထူးခြားသေးဘဲ ဖြစ်နေသည်။

စစ်သားများသည် အငြိမ်မနေနိုင်တော့ဘဲ လှုပ်လှုပ်ရှရှ
ဖြစ်လာကြသည်။ မှောင်ထဲတွင် မည်းမည်းသဏ္ဌာန်များသည်
ဂနာမငြိမ်ဘဲ ဖြစ်နေသည်၊ စိတ်မရှည်နိုင် မအောင့်နိုင်တော့



လက်ခုပ်သံ တီးတိုးရေရွတ်သံများ ကြိမ်ဆဲသံများ
တစ်စတစ်စ ကြားလာရသည်၊

ရုတ်တရက် သင်္ဘောဆီမှ လက်ခနဲအလင်းရောင် ထွက်
လာသည်။

စစ်သားများသည် စောစောကထက် ပို၍ ရုတ်ရုတ်သဲသဲ
ဖြစ်လာကြသည်၊ စောစောက တီးတိုးသံများသည် ဖြန်း
ကျယ်ကျယ်လောင်လောင် ဖြစ်လာသည်။

သင်္ဘောဆီမှ အလင်းရောင်သည် မှိတ်ချည် လင်းချည်ဖြင့်
ဖြစ်နေရသည်။ ရိုးရိုးမဟုတ်ဘဲ အချက်ပြ သတင်းပို့နေခြင်း
ဖြစ်သည်။

စစ်သားများ၏ အသံသည်ပို၍ကျယ်လာသည်၊ တစ်စုံတစ်ခု
သော အသံသည် တစ်နေရာမှ တစ်နေရာသို့ အဆင့်ဆင့်
ထွက်လာသည်။

'သင်္ဘော သဲသဲကွဲ နေပြီတဲ့ဟေ့'

စကားအုံ့ကိုတုတ်ဖြင့် ထိုးဆွလိုက်သလို အားလုံး လှုပ်လှုပ်
ရှားရှား ဖြစ်သွားကြသည်။ ဆူဆူညံညံဖြင့် အော်သံဟစ်သံ
များ ကြားလာရသည်။

မှောင်မည်းနေသော ကမ်းခြေမှ မျက်လုံး အစုံပေါင်း
ထောင်ချီသော ခန့်တို့သည် ပင်လယ်ထဲမှ သင်္ဘောဆီသို့ မျက်
တောင်မခတ်ဘဲ စိုက်ကြည့်နေကြသည်။ သင်္ဘောမှ အချက်ပြ
မှုများ ရပ်သွားသည်။

အချိန်ကြာသည်ထက် ကြာလာသည်။ လှုပ်လှုပ် ရှရှ ဆူညံ
သော အသံများသည် တစ်စတစ်စပြန်၍ ငြိမ်သွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

မောရစ်ဆင်သည် အကြီးအကျယ် စိတ်ညစ်သွားသည်
သည်အတိုင်းသာဆိုလျှင် သည်သဘော်မှထွက်နိုင်သမျှ မိမိ
အားလုံး သည်ကမ်းခြေတွင် 'သောင်တင်' နေတော့မည် ဖြ
သည်

သည်နေရာတွင် ဘယ်လောက်ကြာကြာ နေရဦးမည်မသ
သည်လို့ မရေရာ မသေချာသည့် နေရာတွင် အချိန်ကုန်ခံ
မည့်အစား အေသင်မြို့သို့ ဖြစ်သည့်နည်းဖြင့် ရောက်
သွားရလျှင် ကောင်းလေမလားဟု စဉ်းစားနေမိသည်။

အေသင်မြို့မှ ဆိုလျှင် တစ်နည်းနည်းဖြင့် ထွက်ပေါက်
နိုင်မည် ဖြစ်သည်။ အကူအညီရနိုင်စရာလည်း ရှိသည်။ အေသ
သို့ ပြန်ရောက်လျှင် နှစ်ရက် သုံးရက်အတွင်း ရောက်မည်
သေချာသည်။

သို့သော် ယခု မိမိရောက်နေသော နေရာသည် ဘယ်နေ
ဘယ်ဒေသမှန်း မသိရဘဲ ဖြစ်နေရ၊ အေသင်မြို့မှာလည်း
ဘယ်နေရာဆီတွင် ရှိနေသည်ကို မခန့်မှန်းနိုင်ဘဲ ဖြစ်နေသည်
ဘယ်ပုံ ဘယ်နည်းရောက်အောင် သွားရမည်ကို မသိဖြစ်
သည်။

ညဉ့်နက်သည်ထက် ညဉ့်နက်လာသည်။ သန်းခေါင်ကျော်
၍ အာရုံဘက်ချိန်ပင် နီးလာပြီဟု ယူဆရသည်။ မိုးကျ
စက်ဝိုင်း တစ်နေရာဆီမှ ရောင်နီများ ပျို့အန်စပြုလာသည်
ကိုပင် တွေ့နေရပြီ ဖြစ်သည်။

'ကဲ...ရဲဘော်တို့၊ သောင်ပြင်ကနေပြီး ပြန်ဆုတ်ကြ
အားလုံး အသင့်ပြင်ကြ....'



ကမ်းခြေပေါ်တွင် အသေကောင်များလို အတုံးအရုံး
နေသော စစ်သားများသည် တစ်ဖန် လှုပ်လှုပ်ရှားရှား
ဖြစ်လာကြသည်။

သို့သော် သူတို့၏ လှုပ်ရှားမှုမှာ ညဉ်းပိုင်းကလို တက်
ကြွတ်လတ်မှု မရှိတော့ဘဲ လေးတွဲ့ ဖင့်နွှဲးနေကြသည်။
အသက်မရှိသော စက်ရုပ်များလို ဖြစ်နေကြသည်။

မောရစ်ဆင်သည် လှဲနေရာမှ အားယူ၍ထလိုက်သည်၊ သူ့
ထဲတွင် အေသင်မြို့ဆီသို့ ပြန်သွားလိုစိတ်များ ပြင်းပြနေ
။ အခြားစစ်သားများ လူစုနေကြသည့်တိုင်အောင် သူ
စစ်သားအုပ်စုများရှိရာသို့ မသွားသေးဘဲ ခြုံပုတ်
အနီးတွင် အမိပ္ပာယ်မရှိ ရပ်နေမိသည်။ သဘော်ဆီသို့
ချက်လှမ်းကြည့်လိုက်မိသည်။

သဘော်ဆီမှ လှေငယ်ကလေးများ ကမ်းခြေဘက်သို့ လှော်
လာနေသည်ကို တွေ့ရသည်။ သဲကျွံနေတဲ့ သဘော်ကို
ပြီး ခုတ်မောင်းသို့ရအောင် မကြိုးစားကြတော့ဘူးလား။
သူ့ အတွေးသည် ဖြုန်းခနဲရပ်သွားသည်၊ မိုးကောင်းကင်
နေရာဆီမှမိုးချုန်းသလိုအသံများ သဲ့သဲ့ကြားလိုက်ရသော
ကြောင့် ဖြစ်သည်။

အသံကြားရာသို့ မော့ကြည့်လိုက်ရာ၊ အရှေ့ဘက်ဆီမှ
အန်လာသော အနီရောင်ကောင်းကင်တွင် အမည်းစက်
လေးများကို အမြောက်အမြား မြင်လိုက်ရသည်။ လာ
ပြီ၊ ဂျာမန် လေယာဉ်တွေ...။

www.burmeseclassic.com

www.burmeseclassic.com



စစ်သားများသည် လေယာဉ်သံများကြောင့် အက[illegible] အကွယ်မဲ့ဖြစ်နေသော သဲသောင်ပြင်မှ ခြုံပုတ်များနှင့် သ[illegible] ပင်ငယ်ကလေးများရှိရာ ကွင်းပြင်ဘက်ဆီသို့ တအားပြေး[illegible] သည်။ မောရစ်ဆင်သည် ခြုံပုတ်များပေါ်မှကျော်၍ သဘော[illegible] နှင့် တန်းနေသော ဂျာမန်လေယာဉ်များဆီသို့ ကြော[illegible] ကြည့်နေမိသည်။

လေယာဉ်များ၏ ပုံသဏ္ဍာန်မှာ တော်တော်ပင် ထင်[illegible] ရှားရှား ဖြစ်လာသည်။ မိုးချုန်းသံများမှာလည်း ပို၍ က[illegible] လောင် မြည်ဟီးလာသည်။

အကာအကွယ်ယူရန် ကွင်းပြင်ဘက်သို့ ထွက်လာတော့[illegible] ဆဲဆဲ အုံးခနဲ အုံးခနဲ ရောမအသံကြီးများကြောင့် လှမ်းကြ[illegible] လိုက်ရာ စောစောက ပင်လယ်လိပ်ကြီးတစ်ကောင်လို မလှ[illegible] မယှက်ဖြစ်နေသော သင်္ဘောကြီးမှာ ပေါက်ကွဲပျက်စီးပြီး [illegible] တောက် မီးလျှံများနှင့် မီးခိုးလုံးကြီးများ အလိပ်အလိ[illegible] တက်လာသည်ကို မြင်လိုက်ရသည်။

မောရစ်ဆင်သည် မြင်ကွင်းကို ဆက်ကြည့်မနေတော့ဘဲ [illegible] နေရာမှ ချာခနဲလှည့်၍ ကွင်းပြင်ဘက်ဆီသို့ အပြေးကလေး[illegible] ထွက်လာခဲ့သည်။

ထိုအခိုက် သူ့နောက်နားမှ ခြေသံများ အဆက်မပြ[illegible] ကြားလိုက်ရပြီး စစ်ဗိုလ်တစ်ယောက်နှင့် စစ်သားတစ်ယော[illegible] သည် စကားပြောရင်း သုတ်သီးသုတ်ပျာဖြင့် သူ့ကို ကျေ[illegible] တက်သွားကြသည်ကို တွေ့လိုက်ရသည်။



'ဒီတစ်ခါတော့ ကိစ္စချောပြီ ဗိုလ်ကြီး'

'အေးကွာ…အရေးထဲမှ နောက်ထပ် အမင်္ဂလာသတင်း [illegible]ဒ်က ရောက်လာသေးတယ်'

'ဘာသတင်းလဲ ဗိုလ်ကြီး'

'အေသင်မြို့ကို ဂျာမန်တွေ သိမ်းလိုက်ပြီတဲ့ကွ'

❈

www.burmeseclassic.com

www.burmeseclassic.com

## မြောင်းထဲတွင် သေနေသော မြင်းတစ်ကော

မောရစ်ဆင်သည် ဗြိတိသျှတပ်များ၏ ခွမ်းရည်ကို အံ့ နေမိသည်။

မြေပြင်ရော လေပြင်ပါ ဂျာမန်တပ်များက ကြိုးစိုး အဆက်မပြတ် တရစပ်ထိုးနှက်နေသည့်ကြားထဲမှ မိမိတပ်မျ ကို 'အောင်မြင်စွာ' ဆုတ်ခွာနိုင်အောင် ဖြစ်သည့်နည်းလ ဖြင့် အစွမ်းကုန် ကြိုးစားနေကြသည်မှာ ချီးကျူးစရာ ဖြစ်သည်။

ပင်လယ်ကမ်းခြေမှ ဒရောသောပါး နောက်ကြောင်း ပြန်၍ ဆုတ်ခွာလာခဲ့ကြသော ဗြိတိသျှတပ်များသည် ကွင်း ကြီးကို ဖြတ်ကျော်၍ သက်ဝဲဘက်လမ်းသို့ လိုက်လာခဲ့ကြ တစ်နာရီခန့်အကြာတွင် ဖြောင့်တန်းနေသော လမ်းမ



…ခုနှင့် အတူ သည်လမ်းမကြီးပေါ်တွင် အစီအရီရပ်ထား …သာ စစ်ကားကြီးများ အစီးသုံးဆယ်ခန့်ကို ဘွားခနဲ တွေ့ …တ်ရသည်။

သည့်စစ်ကားကြီးများသည် ဘယ်အရပ် ဘယ်ဒေသက …ောက်လာကြသည်မသိ၊ တကယ်အံ့သြ ချီးကျူးစရာပင် …သည်။

စစ်ဗိုလ်က အမိန့်ပေးလိုက်သည်နှင့်ပင် ပြိုင်နက် စစ်သား …ားသည် အဆိုပါ စစ်ကားကြီးများပေါ်သို့ အလုအယက် …တက်ပါ ဦးအောင်တက်ကြသည်။ စစ်ကားကြီးများမှာ …စင်းပြီး တစ်စင်း စစ်သားများဖြင့် ပြည့်သွားခဲ့သည်။

မောရစ်ဆင်သည် ပထမတွင် ဇဝေဇဝါဖြစ်နေသေးသည်။ …စ်ကားတွေနဲ့မှ လိုက်သွားရမလား။ မလိုက်ဘဲနဲ့ အလယ်မှာ …ောက်ချန်ပြီး ပုန်းနေခဲ့ရ ကောင်းမလား။

သည်စစ်ကားများနှင့်မလိုက်ဘဲ နေရစ်မည်ဆိုပါက၊ သွား …လမ်းမှာ အေသင်မြို့သာလျှင် ရှိသည်။

သို့သော် အေသင်ကို ဂျာမန်တို့က သိမ်းပိုက်လိုက်ပြီဖြစ်ရာ၊ အေသင်သို့ ပြန်သွားခြင်းသည် ကိုယ့်သေချိုင်းရှိရာ ကိုယ်သွား …လိုသာ ဖြစ်မည်။ ကိုယ့်လည်ပင်း ကိုယ်ပြန်၍ ကြိုးကွင်း …ပ်စွပ်လိုသာ ဖြစ်မည်။

မောရစ်ဆင်သည် စစ်ကားများပေါ်သို့ အပြေးအလွှား …က်နေသော စစ်သားများကို ငေးစိုက်ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

သူ့အတွက် တခြားသွားစရာ လမ်းမရှိ၊ သည်စစ်ကာ... များ သည်စစ်သားများနှင့် ဘယ်ရောက်ရောက် ဘယ်ပေါ်... ပေါက် လိုက်ရတော့မည်သာ ဖြစ်သည်။

နောက်ဆုံးကားပေါ်သို့ ခပ်သုတ်သုတ်ပြေး၍ တက်လိုက်... သည်။ ကားပေါ်မှ စစ်သားများက ကားနောက်မြီး... တို့လို့ တွဲလောင်း ဖြစ်နေသော သူ့ကိုဝိုင်း၍ ဆွဲတင်လိုက်... သည်။

မောရစ်ဆင်သည် ကားပေါ်မှ စစ်သားအားလုံးကို မျ... လုံးတစ်ချက်ဝေ့၍ အလိုလိုကြည့်လိုက်မိသည်။ တော်ပါသေး... ရဲ့၊ သည်ကားပေါ်တွင် နယူးဇီလန်စစ်သားနှင့် လူပုကလေး... ကို ခတွေ့မမြင်ရဘဲ ရှိနေသည်။

ချက်ချင်းလိုပင် စက်နိုးသံများ ထွက်ပေါ်လာပြီး ကား... သီးများ တဖြည်းဖြည်းလိမ့်ကာ ကားတန်းကြီးသည် ထိုနေ... ရာမှ ထွက်ခွာလာခဲ့သည်၊

အတော်ကလေး မောင်းမိသောအခါ လမ်းဆုံတစ်ခုသို့ ရောက်လာသည်။သည်လမ်းဆုံတွင် နောက်ထပ် စစ်ကားတန်း ကြီးတစ်ခုကို တွေ့ရပြန်သည်။ ဗြိတိသျှတပ်များပင်ဖြစ်သည်။

နောက်ရောက်လာသောကားများနှင့် ပေါင်းလိုက်သော အခါ ကားတန်းကြီးမှာ တစ်ရာကျော် နှစ်ရာနီးပါးမျှ ရော... ကားတန်းကြီး ဖြစ်သွားသည်။ ကားများအားလုံး စုပေါင်း ပြီး ထွက်ခွာလာခဲ့ကြသည်။



ကားလမ်းဆုံတွင် လည်းကောင်း၊ ကားလမ်းဘေးတွင် ...းကောင်း တွေ့မြင်ခဲ့ရသော လမ်းညွှန်ဆိုင်းဘုတ်များကို ...၍ မိမိတို့ ဘယ်နေရာရောက်နေသည်ကို ယခုမှ မောရစ် ...ခန့်မှန်းနိုင်တော့သည်။

သည်လမ်းမကြီးသည် နော့ပလီယာန်မြို့မှလာသော လမ်းမ ...ဖြစ်၍ မိမိတို့သည် ယခု ကောရင့်မြို့ကို ကျော်လာပြီး ...နိုင်ငံ၏ အောက်ပိုင်းဆီသို့ ဦးတည်သွားနေကြောင်း သိ ...ရသည်။

ယခုကဲ့သို့ ဗြိတိသျှတပ်များ ဆုတ်ခွာနိုင်ရန်အတွက် ဂရိ ...များသည် ကောရင့်မြို့တစ်ဝိုက်တွင် ဂျာမန်များကို ခုခံ ...တွယ်တိုက်ခိုက်လျက် ကျန်ရစ်ခဲ့ကြသည်ကိုပါ ကြားသိရ ...သည်၊

လမ်းဆုံတွင် ကားတန်းချင်း ဆုံမိ၍ တပ်ချင်း ပေါင်းမိ ...မှ သတင်းမျိုးစုံကို ကားပေါ်တွင် ကြားလာရသည်။ တစ် ...ဘက်တစ်ခွန်း ပြောလာကြသည့် စစ်သားများ၏ စကား ...အရ ယခု သည်နယ်မြေတစ်ဝိုက်တွင် ရောက်ရှိနေကြပြီး ...ရိနိုင်ငံမှ ဆုတ်ခွာကြရန် စုစည်းနေကြသည့် ဗြိတိသျှ တပ် ...ားပေါင်းမှာ အရေအတွက်အားဖြင့် ငါးသောင်းနီးပါးမျှ ...သည်ဟု သိရသည်။

ဂျာမန်တပ်များသည် ဂရိနိုင်ငံကလေးကို မြေပြင်မှ အလုံး ...ရင်းဖြင့် ဝင်ရောက်လာကြသလို လေပြင်မှလည်း အဆက် ...ပြတ် ဗုံးကြဲတိုက်ခိုက်နေကြသည်ဖြစ်ရာ မြို့ကြီးပြကြီးများ ...ကျေးရွာများသာမက ဂရိရေတပ်နှင့် ဗြိတိသျှရင့်

www.burmeseclassic.com

www.burmeseclassic.com



ရေတပ်မတော်မှ အဓော်ာအမြောက်အမြားမှ ဂျာမန်တို့ဗ
ဒဏ်ကြောင့် အကြီးအကျယ် ဆုံးရှုံးပျက်စီးခဲ့ရပြီဟု ဆို
သည်။

သည့်သတင်းများအပြင် ကောလာဟလ သတင်းမျာ
ပါ မျိုးစုံအောင် ကြားရသည်။

ဂရိဘုရင်မင်းမြတ်သည် ဂရိနိုင်ငံမှ ရေယာဉ်ပျံဖြင့် ထ
မြေးလွတ်မြောက်သွားပြီ ဟူ၍လည်းကောင်း၊ ဂရိဝန်
ချုပ်သည် ဂျာမန်တပ်များထံ လက်နက်ချ အဖမ်းမခံဘဲ
ကိုယ်ကို သတ်သေသွားပြီ ဟူ၍လည်းကောင်း၊ ဂရိတပ်မ
သည် အယ်လ်ဘေးနီးယားနိုင်ငံတွင် အလုံးအရင်းဖြင့် ဂျာ
တို့၏ ဖမ်းဆီးခြင်း ခံလိုက်ရသည်ဟူ၍လည်းကောင်း၊ ဗြိတ
ရေတပ်သည် အီတလီရေတပ်အား အကြီးအကျယ်ထိုးနှက်
အောင်ပွဲခံလိုက်ပြီဟူ၍လည်းကောင်း၊ ကောလာဟလပေါ
သောင်းခြောက်သောင်တို့ကို အားပေါ်တွင် ကြားရသ

သည့်သတင်းများထဲတွင် စိတ်ချမ်းသာစရာ အကောင်းဆ
မှာ မိမိတို့ ဗြိတိသျှတပ်များအား ဂျာရီနိုင်ငံမှ အောင်
စွာဆုတ်ခွာနိုင်ရန် အစစ စီစဉ်ပြီးဖြစ်သည်ဟူသော သတ
ပင်ဖြစ်သည်။

သည့်သတင်းသည် အခြားသူများထက် မောရစ်ဆ
အတွက် အားတက်စရာ မျှော်လင့်ချက်တစ်ခုပင် ဖြစ်သ

လမ်းဆုံလမ်းခွတစ်နေရာရာသို့ ရောက်တိုင်းလိုလို ခနက
ထပ်စစ်ကားများကို ပို၍တွေ့ရသည်။



တွေ့ရသမျှ စစ်ကားများကလည်း မိမိတို့စစ်ကားတန်းကြီး
ပူးပေါင်း၍ ဆက်လက်လိုက်ပါလာကြရာ နောက်ဆုံး
စစ်ကားတန်းကြီးမှာ လမ်းမကြီးတစ်လျှောက် မဆုံးနိုင်
င် ရှည်လျားသည့်ကားတန်းကြီး ဖြစ်လာခဲ့သည်။
တဖြည်းဖြည်းဖြင့် အခန်ကြာလာသည်နှင့်အမျှ လမ်းမကြီး
မြေပြန့်မှ တစ်စတစ်စ မြင့်လာပြီး တောင်တန်းများ
သို့ မသိမသာ တက်လာခဲ့သည်။
ထိုသို့ မြေပြန့်မှ လွန်လာသည်နှင့်တစ်ပြိုင်နက် လမ်းမှာ
အကွေ့အကောက်များလာပြီး တဖြည်းဖြည်း လမ်း
းလာခဲ့ရာ ကောင်းကင်အမြင့်မှ ဆီး၍ကြည့်လိုက်ပါက
ကောက်သော မြောင်ကြား လမ်းပေါ်တွင် တအိအိ
နေသော ကားတန်းကြီးကို ရှည်လျားလှသည့် မြွေကြီး
ကောင်လို တွေ့မြင်ကြရသည်။
ဒုတိယကမ္ဘာစစ်ကြီး၏သမိုင်းဖြစ်စဉ်များတွင် ဤစစ်ကား
ပေါ်မှ စစ်သားများသည် ဗြိတိသျှ စစ်သားများအဖြစ်
တိုင်ကိုယ်ကျပါဝင်၍ သမိုင်း၏ စာမျက်နှာများကို ရေး
နေကြသူများ ဖြစ်သည်။
သို့သော် သည့်စစ်သားများနှင့်အတူ လိုက်ပါ လာခဲ့ကြ
ော မောရစ်ဆင်မှာမူ ဤစစ်ကြီးနှင့်သော်လည်းကောင်း၊
သမိုင်းဝင် ဖြစ်ရပ်ကြီးနှင့် သော်လည်းကောင်း၊ လုံးဝ
တ်ဝပ်ပတ်သက်မှုမရှိပါဘဲလျက်၊ မဆီမဆိုင် အခြောက်တိုက်
ပါ လာခဲ့ရသည်မှာ စဉ်းစား လေလေ သူ့အား
သတွက်စရာကောင်းလေလေ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီစစ်ကြီးနဲ့ ငါနဲ့ ဘာဆိုင်သို့လဲ၊ ငါဟာ ဘာဖြစ်လို့ စစ်သားတွေနဲ့ တကောက်ကောက် လိုက်ပြီး ထွက်ပြေးနေ တာလဲ'

မောရစ်ဆင်သည် စစ်ကားပေါ်တွင် ချောင်းကုပ်၍ လိုက် ပါလာရင်း သူ့အဖြစ်ကို သူ စဉ်းစားရင်း၊ တွေးလာ မဆုံးအောင် ဖြစ်လာခဲ့သည်။ တွေးရင်း တွေးရင်း ချာ လည်လာပြီး ဦးနှောက်ချောက်လာသည်။

အတော်ကလေးကြာသောအခါ သူသည်မဟန်နိုင်တော့ ခေါင်းစိုက်၍ ငိုက်လာခဲ့သည်။

အမှောင်ရိပ်သည် တောင်တန်းများပေါ်သို့ တစ်စတစ် လွှမ်းခြုံစ ပြုလာသည်။ တဖြည်းဖြည်း အလင်းရောင်ပျော ကွယ်လာသည်နှင့်အမျှ အမှောင်ထုသည် ပို၍ပို၍ သိပ်သည်း လာသည်။

ခဏ အ...တွင် ကားလမ်းမကြီးသည် မည်း မှော သော တောင်တန်းကြီးများ အကြားတွင် လုံးဝပျောက်ကွ သွားသည်။

ချက်ချင်းဆိုသလိုပင် စစ်ကားကြီးများမှ ရှေ့မီးလုံးမှ သည် သိပ်သည်းသောအမှောင်ထုကို ဖောက်ထွင်းပေါ်ထွ လာခဲ့သည်။ မဆုံးနိုင်သော ကားတန်းကြီးမှ မဆုံးနိုင်သော မီးရောင်များသည် တောင်ကြားလမ်း တစ်လျှောက် ရှ လျားသော မီးစောင်းတန်းကြီးလို ဖြစ်ပေါ်လာသည်။

အတော်ကလေး ခပ်ဝေးဝေးမှကြည့်လျှင် မရေမတွက်နိုင် သော ဘုရားဖူးများသည် ဖယောင်းတိုင်များ ကိုယ်စီကိုင်



...ဆောင်ထွန်းညှိကာ တောင်ထိပ်ပေါ်သို့တက်နေကြသည့် ...း မြင်တွေ့ကြရသည်။

...ောရစ်ဆင်သည် ကားပေါ်တွင် ငိုက်လာခဲ့ရာမှစစ်သား ...ယာက်၏ပခုံးပေါ်သို့မှီရင်း နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော် ...ခဲ့သည်။

အချိန်မည်မျှကြာသွားသည်မသိ၊ ဆူဆူညံညံစကားသံများ ...သံများကြောင့် အိပ်ရာမှ ဖျတ်ခနဲ နိုးလာသောအခါ ...တန်းကြီးသည် တောင်တန်းကြီးများ၏ တစ်ဖက်သို့ ခပ် ... ဆင်ခြေလျော မောင်းနေသည်ကို တွေ့ရသည်။

အရှေ့ဆီမှ ရောင်နီလာနေပြီ ဖြစ်သည်။ တစ်စတစ်စဖြင့် ...တန်းကြီးသည် မြေပြင်သို့ မသိမသာ ရောက်စပြုလာပြီး ...မ်းလှမ်းမှအလင်းရောင်မှုန်ဝါးဝါးအောက်တွင်ညို့ညို့ ...င်း အဆောက်အဦ ပုံသဏ္ဌာန်များကို မြင်တွေ့ရသည်။ ...မြို့နှင့်အတိုင်း အတန်ကြာ မောင်းလာခဲ့ကြပြီး ကား ...ကြီးသည် တစ်နေရာတွင် ရုတ်တရက် အရှိန်သတ်၍ ရပ် ...သည်။

...ခပ်စောစောက မြင်ရသော ညို့ညို့မှိုင်းမှိုင်း ပုံသဏ္ဌာန် ...မှာ အဆောက်အဦများပင် ဖြစ်သော်လည်း သည် ...ဆောက်အဦများမှာ အကောင်းပကတိ မဟုတ်တော့ဘဲ၊ ...ဆုံးလိုလို အပျက်အစီးများသာ ဖြစ်နေသည်ကို တွေ့မြင် ...ည်။

...ခဲ့သည်။ ဂျာမန်တို့သည် လွန်ခဲ့သည့်နှစ်ရက်ခန့်က... ...နေရာ သည်ဌာနဖြစ်သော ကာလာမေမြို့ကလေးကိုရက်

www.burmeseclassic.com

www.burmeseclassic.com


ရက် စက်စက် ဗုံးကြဲတိုက်ခိုက်ခဲ့ကြသဖြင့် တစ်မြို့လုံးမှာ ပြ
ပုံနှင့် အဆောက်အဦးပျက်များသာ ကျန်တော့သည်။

အညာမြို့ကလေးသည် ဂရိနိုင်ငံအောက်ပိုင်း မက်ဆီန
ပင်လယ်ကွေ့အတွင်းရှိ မြို့တစ်မြို့ ဖြစ်သည်။ အေသင်မှလာ
သော ကားလမ်းမကြီးသည် သည်မြို့ကလေးတွင် လမ်းဆုံး
သည်။

ရှေ့ဆက်၍ ကုန်းလမ်းခရီးဟူ၍ မရှိတော့။ ဟိုမှာဘက်
တွင် မြေထဲပင်လယ်ကြီးသာ ထီးထီးရှိတော့သည်။

မောရစ်ဆင်သည် အခြားစစ်သားများနှင့် အတူ ကား
ပေါ်မှ ခုန်ဆင်းလိုက်သည်။ မြေကြီးပေါ်သို့ ရောက်သည်နှ
တစ်ပြိုင်နက် ဘာစ်ဝိုတစ်ယောက်က ပခုံးကို လာကိုင်သည်
လှည့်ကြည့်လိုက်ရာ တပ်ကြပ်ကြီးတစ်ယောက်ကို တွေ့ရသည်

'ကဲ...ကိုယ့်လူ လာလိုက်ခဲ့ဦး။ လူသိနေတာယ်၊ မြို့ထဲ
ရိက္ခာအပြည့်နဲ့ ကားတစ်စီးတွေ့ထားတယ်လို့ ရှေ့ကရဲဘော်
တွေ လာသတင်းပို့လို့၊ အဲဒါတွေ သွားသယ်ရမယ်'

တပ်ကြပ်ကြီးသည် မောရစ်ဆင်နှင့်အတူ အခြားစစ်သား
ဆယ်ယောက်ခန့်ကိုလည်း သူနှင့်အတူ လိုက်ခဲ့ရန် ခေါ်
သည်။ မောရစ်ဆင်သို့ လူစုနေစဉ် အခြားကားပေါ်မှ စစ်
သားများ ရောက်လာကြပြီး တစ်ယောက်တစ်ပေါက် ပြော
နေသံများ ကြားရသည်။

'ဘယ်လိုလဲကွ...ဒီကနေပြီး တပ်ဆုတ်ရမှာလား'

'ဟုတ်တယ်၊ ဒီကနေ ပင်လယ်ကမ်းခြေကိုသွားပြီး သင်္ဘော
နဲ့ ဆုတ်မယ်လို့ ပြောတယ်'

'ဒါပေမယ့် နက်ဖြန်ညကျမှ သင်္ဘောတွေ ထွက်ခိုင်းမယ်
လို့ ကြားတယ်'

'ဂျာမန်ကောင်တွေကော၊ အခု ဘယ်ရောက်လာပြီတဲ့လဲ'

'နောက်ပိုင်းက ကောရင့်မြို့မှာ တိုက်ပွဲတွေဖြစ်နေတုန်းပဲ
ကြားရတယ်'

မောရစ်ဆင်နှင့် အဖွဲ့သည် ကားတန်းကြီး၏ နောက်တွင်
ခြား ရပ်ထားသော စစ်ကားတစ်စီးပေါ်သို့ အားလုံး
ခဲ့ကြရပြီး၊ လူစုံသည်နှင့် တစ်ပြိုင်နက် ထိုကားသည် မြို့
ဆီသို့ ဦးတည် မောင်းလာခဲ့သည်။

မောရစ်ဆင်တို့ လိုက်ပါလာသော စစ်ကားသည် မြို့တွင်း
နေရာ ပန်းခြံတစ်ခုအနီးတွင် ထိုးရပ်လိုက်သည်။
ထိုအခိုက် မမျှော်လင့်ဘဲ ဂျာမန်လေယာဉ် သုံးစင်းသည်
နေရာမှ ထွက်လာသည့်ပမာ ခေါင်းပေါ်သို့ ဝေါခနဲ
ရောက်လာသည်။

ကားပေါ်မှ စစ်သားများသည် ဖြုန်းခနဲ ကြောက်အား
အားဖြင့် ဝရုန်းသုန်းကား ခုန်ဆင်းကာ ပန်းခြံအနီးရှိ
ခုံများဆီသို့ တအားပြေး၍ အုတ်ခုံအောက်တွင် ဒိုင်ဗင်ထိုး
လိုက်ကြသည်။ စက္ကန့်ပိုင်းအတွင်းမှာပင် သူတို့ စီးလာ
ကားသည် အုံးခနဲ မြည်သံကြီးနှင့်အတူ ပေါက်ကွဲကာ
အောက်ကြီးများ ထွက်ပေါ်လာသည်။

မောရစ်ဆင်သည် ပေါက်ကွဲသံနှင့်အတူ အုတ်ခုံအောက်သို့
ဆက်မီ မြောင်းကလေးထဲသို့ ပစ်လှဲချလိုက်သည်။ သူ့ရင်
သည် မာကြောသော မြေကြီးနှင့် ထိတွေ့ရမည့်အစား

www.burmeseclassic.com

www.burmeseclassic.com



ပျော့ဖတ်ဖတ် အရာဝတ္ထုတစ်ခုပေါ် ထိုးကျသွားသဖြင့် သတ်
ထားကြည့်လိုက်ရာ ဘယ်အချိန်က သေမှန်းမသိရသော မြင်
ကြီးတစ်ကောင်၏ ဝမ်းဗိုက်ပေါ်သို့ဖက်မိလျက်သား ဖြစ်နေ
သည်ကို တွေ့ရသည်

သူသည် ကြောက်အားလန့်အားဖြင့် မြင်းသေကြီးကိုပင်
ဖက်မိဖက်ရာ အတော်ကြာအောင် မလွှတ်တမ်း ဖက်ထားမိ
သည်။

မြင်းကြီးမှာ ဇက်ကျိုးနေပြီး ဦးခေါင်းလည်ပြန်ကြီး ဖြစ်
နေရာ ပြူးနေသော မျက်လုံးကြီးနှစ်လုံးသည် မောရစ်ဆင်
အား ထိတ်လန့်ဘကြား တအားဖြင့် ကြည့်နေသည်ဟု မှတ်
ရသည်။

ရုတ်တရက် မောရစ်ဆင်၏စိတ်ထဲတွင် မြင်းကြီး၏ မျက်
လုံးကြီးကပင် မိမိအား စကားပြောနေသလို ထင်လိုက်မိ
သည်။

‘ဒီစစ်ကြီးနဲ့ ကျုပ်နဲ့လဲ ဘာမှမဆိုင်ပါဘူးဗျာ’ ဟု ပြော
နေသလိုလို။

နောက်တစ်ကြိမ် လေယာဉ်သံများ ကြားရပြန်သည်။ စော
စောက လေယာဉ်များ တစ်ကြော့ပြန်လာကြဟန်တူသည်။

မောရစ်ဆင်သည် သူရောက်နေသောနေရာကို စိတ်မချ
သဖြင့် လေယာဉ်သံများ ခေါင်းပေါ်သို့မရောက်မီ မြောင်း
ထဲမှထ၍ မလှမ်းမကမ်းမှ အုတ်တိုက်အပျက်ကြီး တစ်ခုဆီသို့
တအား စွတ်ပြေးလာခဲ့သည်။

www.burmeseclassic.com



တစ်ပိုင်းတစ်စ ပြိုကျနေသော အုတ်နံရံကြီး၏ တစ်ဖက်
င် အလျားမှောက်၍ ဝပ်ချလိုက်သည်။ ထိုအချိန်မှာပင် ပန်း
ကိဆီမှ ပေါက်ကွဲမြည်ဟည်းသံများ နောက်တစ်ကြိမ်
းရပြန်သည်။

သူသည် ထိုနေရာမှ မထရဲဘဲ အတော်ကြာအောင် ဝပ်နေ
ည်။ ဂျာမန်လေယာဉ်များမှာ မြေပြင်မှ တစ်စုံတစ်ရာ ခုခံ
တ်မှု လုံးဝ မရှိသဖြင့် စိမ်ပြေနပြေ လုပ်ချင်တိုင်း လုပ်နေ
သည်။

အချိန်မည်မျှ ကြာသွားသည်မသိ မောရစ်ဆင် စိတ်ထဲတွင်
ပေါင်းများစွာ ကြာသွားသည်ဟု ထင်မိသည်။

တဖြည်းဖြည်း ဝေးသွားသော လေယာဉ်သံများသည်
ဝတစ်စ ပျောက်ကွယ်သွားကြသည်။ နောက်ထပ်ဘာသံမှ
ြားရတော့....

အုတ်နံရံဘေးမှ သူထွက်ကြည့်လိုက်သောအခါ ပတ်ဝန်း
င်တစ်ဝိုက်တွင် မှုန်မှုန်များနှင့် မီးခိုးများ လုံးထွေးနေဆဲ
သည်။

ခဏအကြာတွင် ကားတန်းကြီးဘက်ဆီမှ စစ်ကားတစ်စီး
က်လာသည်။ မောရစ်ဆင်သည် အခြားစစ်သားများနှင့်
ကားပေါ်သို့ အ းယူ၍ တက်ခဲ့ရသည်။

မူလနေရာသို့ သူပြန်ရောက်သွားသောအခါ ကားများ
းလုံး တောစပ်မှ သစ်ပင်ရိပ်များအောက်တွင် ကာ
ယ်ယူ၍ ရပ်ထားကြသည်ကို တွေ့ရသည်။

www.burmeseclassic.com

ရုတ်တရက် ဖြန်းခနဲ မိုးရွာချလိုက်သည်။ သဲသဲမဲမဲ ရွာချ လိုက်သော မိုးကြောင့် စစ်သားအားလုံး ရွဲရွဲစိုသွားကြသည်။ စစ်သားအချို့ သစ်ပင်အောက်သို့လည်းကောင်း၊ ကားများ အောက်သို့လည်းကောင်း ပြေးဝင်ကြသည်။

မောရစ်ဆင်သည် ဘယ်ကိုမှ မသွားတော့ဘဲ မိုးရေထဲမှာ ပင် ပေနေလိုက်သည်။ မကြာမီ ရွှံ့ထဲဗွက်ထဲမှာ အိပ်ပျော် သွားသည်။

*　*　*

## မော်စလေ၏ နောက်ဆုံးခြေလှမ်း

နေရောင်ခြည်သည် ခပ်နွေးနွေးရှိနေရာမှ တဖြည်းဖြည်း သော ပူဖြင်းစ ပြုလာသည်။

မောရစ်သည် ဖျတ်ခနဲ လန့်နိုးလာသည်။ သူ့ခန္ဓာကိုယ် ရွှံ့ထဲဗွက်ထဲတွင် နေသားတကျ နှစ်ထားသလို ဖြစ်နေ ရုတ်တရက် မျက်စိများကို ဖွင့်မရသဖြင့် မျက်ခွံများ တွင် ကပ်နေသော ရွှံ့ဖတ်များကို တစ်ဖတ်ချင်း ခွာချ သည်။

ရွှံ့ထဲမှ အားယူ၍ ရှုန်းထ ရင်းပတ်ဝန်းကို လှမ်းကြည့် ရာ စစ်သားတော်တော်များများမှာ သူ့လိုပင် မိုးရေထဲ တစ်ညလုံး ပေအိပ်နေခဲ့ကြပြီး၊ ယခုမှ အိပ်ရာက နိုးလာ သည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



စစ်ဗိုလ်တစ်ယောက် သူတို့အနီးသို့ ရောက်လာပြီး သူ… အားလုံးကို အခြား စစ်သားများရှိရာ တောင်စောင်းမှ… ပေါ်သို့ သွားရောက်စုဝေးကြရန် အမိန့်ပေးလိုက်သည်။

မောရစ်ဆင်သည် အခြားစစ်သားများနှင့် အတူ မလှ… မကမ်းမှ တောင်စောင်းများ၊ တောင်ခါးပန်းများ ရှိရာ… ဆီသို့ လေးကန်စွာ လျှောက်လာခဲ့သည်။

တောင်စောင်းတစ်နေရာတွင် စစ်သားတစ်ယောက်သ… ဂေါ်ပြားတစ်လက်ဖြင့် ကျင်းကလေး တူးနေသည်ကို တွေ့… သည်၊ မောရစ်ဆင်သည် ထိုစစ်သားလုပ်သမျှ အစ အဆ… စောင့်ကြည့်နေမိသည်။

စစ်သားသည် လူတစ်ကိုယ်စာ ဝင်သာထိုင်သာရုံ ကျင်း… ကလေးကို ကျွမ်းကျင်ဖျတ်လတ်စွာ တူးလိုက်ပြီးမှ ကျင်းထဲ… ဝင်၍ အကျအန ထိုင်ချလိုက်သည်။

မောရစ်ဆင်သည် ထိုစစ်သားကို အားကျသွားသည်။ … ထံမှ ဂေါ်ပြားကို ခေတ္တငှား၍ မလှမ်းမကမ်း တစ်နေရာ… အလားတူ ကျင်းကလေးတစ်ကျင်း တူးလိုက်သည်။

ထိုစစ်သားလောက် လျင်မြန်ခြင်း မရှိသော်လည်း ခ… အကြာတွင် လူတစ်ကိုယ်စာ နှစ်ပေကျော်ကျော်ခန့်နက်သ… ကျင်းကလေးတစ်ကျင်း တူးပြီးသွားသည်။

သူသည် ဂေါ်ပြားကို စောစောကစစ်သားထံပြန်ပေး… ကျင်းထဲသို့ ဝင်ထိုင်လိုက်သည်။ သူ့ကိုယ်ခန္ဓာနှင့် အနေတော်… ပင် ဖြစ်နေသဖြင့် သဘောကျသွားသည်။ ကျင်းထဲတွင် …



…သည်မှာ မြေငွေ့ကြောင့် နွေးထွေးနေသည့်ပြင် ပို၍ သက် …တောင့် သက်သာ ရှိသည်ဟု ထင်ရသည်။

ကျင်းကလေးထဲတွင် အကျအနထိုင်ရင်း ခေါင်းကိုမော့၍ …ဝေးသို့ လှမ်းမျှော် ကြည့်လိုက်သည်။ တောင်စောင်းမှာ …တော်ကလေးမြင့်သဖြင့် ခပ်ဝေးဝေးကို ကောင်းကောင်း လှမ်းမြင်နေရသည်။

မနေ့က ရိက္ခာများသယ်ရန် သွားစဉ်က ဖုံးကြခဲ့ခဲ့ရသော …သာမေ မြို့တွင်းမှ ပန်းခြံနေရာကလေးကိုပါ လှမ်းမြင်ရ …သည်။

…သည်မြို့ကလေး၏ ဟိုမှာ ဘက်တွင်မူ သံလွင်ပင်များ၊ …ကပ်ပင်များနှင့် စပျစ်ပင်များ အစီအရီ ညီညီညာညာ …တ်နေသည့် သစ်ပင်တန်း ကလေးနှင့် အတူ ပင်လယ် …ခြေကို မြင်ရသည်။

မောရစ်ဆင်သည် တောင်စောင်းပေါ်မှ လှမ်းမြင်နေရ …သဘာဝရှုခင်းကို ကြည့်ရင်း တစ်ဒင်္ဂအားဖြင့် စိတ်ပါ… ကြည်နူးသွားမိသည်။

…သော် မျက်စိအောက်တွင် မြို့ပျက်ကြီးနှင့်အတူ မနေ့ …ကြခဲ့ခဲ့ရသည့် ပန်းခြံကို မြင်နေရသဖြင့် စိတ်မချမ်း… ဖြစ်သွားမိပြန်သည်။

…စ်ဖန် မြောင်းထဲတွင် မျက်လုံးကြီးများ အပြူးသား …ထဲကျသေဆုံးနေသော မြင်းကြီးကို မြင်ယောင်လာမိ …အခါ အော့ချင်သလို အန်ချင်သလို ဖြစ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်အတိုင်းသာ ဆိုပါက မကြာမီ မိမိကိုယ်ဘိုင် … မြင်းကြီးကဲ့သို့ ဘုမသိဘမသိ အသေဆိုးဖြင့် သေရမသ… စဉ်းစားရင်း ကြောက်စိတ်နှင့်အတူ ဒေါသစိတ်များ … ဖွား ဝင်လာမိသည်။

သည်လိုအဖြစ်မျိုး သည်ဘဝမျိုး ရောက်အောင် ဘယ်… ဖန်တီးခဲ့တာလဲ၊ ဘယ်သူ့ကြောင့်ဖြစ်ရတာလဲ၊

မောရစ်ဆင်သည် အမျှင်မပြတ် တွေးနေရင်းက … မထင် အင်္ကျီအိတ်ကို စမ်းကြည့်လိုက်မိသည်။ သူ့ကို သ… ဘဝမျိုးရောက်အောင် သည်လိုအဖြစ်မျိုး ကြုံရအောင် … တီးခဲ့သော စာအိတ်ဖြူကလေးသည့်အားသည့် ဆေးတံ… အိတ်ကို သွားစမ်းမိသည်၊ သူသည် တစ်စုံတစ်ခုကို ပ တိ… ဆုံးဖြတ်လိုက်သည်။

ချက်ချင်းပင် သူသည် အင်္ကျီအိတ်ထဲမှ ဆေးတံဆေး… သောအိတ်ကို ဆွဲထုတ်လိုက်ပြီး ဇစ်ကိုဆွဲဖွင့်လိုက်သည်၊ … အထဲမှ စာအိတ်ဖြူကလေးကို ထုတ်ယူလိုက်သည်။

စာအိတ်ပေါ်မှ ရှေ့နေကြီး စတားဂူး၏ သေသ… ညာသော လက်ရေးဖြင့် ရေးထားသည့် လိပ်စာကို အ… ကြာမျှ စိုက်ကြည့်နေမိသည်။

'ဆာသောမတ်စ်–ဝက်စ်လေ၊ အမှတ် ၁၂ ဖြူးချ… ကွက် လန်ဒန်အရှေ့တောင် ၃ (ကျေးဇူးပြု၍ ကိုယ်… အရောက်ပို့ပေးပါရန်)'

www.burmeseclassic.com



မောရစ်ဆင်သည် လိပ်စာကို ထပ်တလဲလဲ ဖတ်နေမိသည်။ …အိတ်ကလေးကို အတန်ကြာအောင် မျက်တောင်မခတ်ဘဲ …ကြည့်နေသည်။

'ငါ့ကို သည်လိုဘဝမျိုးရောက်အောင်၊ သည်လိုအဖြစ်မျိုး …နဲ့ ကြုံရအောင် ဖန်တီးခဲ့တာ ဒီစာအိတ်ကလေးပဲ၊ ဒါ …ကလေးပဲ'

သူသည် နှုတ်ခမ်းကို ခပ်နာနာကလေး ကိုက်ထားမိသည်။ …နောက် ဖြုန်းခနဲ ဆိုင်းမဆင့် ဗုံမဆင့်ဘဲ စာအိတ်ကလေး …ဘေးနှုတ်ခမ်းသားများကို ဒေါင်လိုက် ဆွဲဆုတ်ပစ်လိုက် …သည်။

…ပြီး စာအိတ်ကလေးထဲသို့ လက်ဖြင့်စမ်းကြည့်လိုက်ရာ စာ …ရွက်ပါးပါးကလေး တစ်ရွက်သာ တွေ့ရသည်။

သူသည် ကြာကြာ ဆိုင်းမနေတော့ဘဲ စာရွက်ကလေးကို …ဖျတ်ခနဲဆွဲထုတ်၍ ဖြန့်ဖတ်လိုက်သည်။

လက်ရေးမှာ ရှေ့နေကြီး စတားဂူး၏ သေသပ်သောလက် …ရေးပင် ဖြစ်သည်။

သို့သော် ရေးထားသောစာမှာ တစ်စုံတစ်ရာ ထူးထူးခြား …ခြား အဆန်းတကျယ်မဟုတ်ဘဲ လူနာမည်များနှင့် မြို့နာမည် …များသာလျှင် ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

'ဂျွန်ပီတာဆင်၊ ဂျိုဟန်နက်စ်ဘတ်မြို့၊ တောင်အာဖရိက'

'လော်ရီ ဒယ်နီယယ်၊ ဆစ်ဒနီမြို့'

'အယ်လ်မာ ဂျက်ဆင်၊ မွန်ထရီယယ်မြို့'

'ဆာရာမွန်းစတုန်း၊ မွန်ထရီယယ်မြို့'

www.burmeseclassic.com

www.burmeseclassic.com

'အေဒမ် ပိုက်ပါ၊ မွန့်ထရီယယ်မြို့'

'ဒေးဗစ်မိန်း၊ ခရစ်ချပ်ချ်မြို့ နယူးဇီလန်'

သည့်နောက် အလားတူနာမည်များနှင့် မြို့အမည်များ စာရင်း၊

မောရစ်ဆင်သည် အကြီးအကျယ်အံ့သြပြီး မစဉ်းစားတတ် အောင်ပင် ဖြစ်သွားမိသည်၊

'ဒီလူတွေနဲ့ ဒီမြို့နာမည်တွေက ဘယ်လိုဟာတွေလဲ၊ ဒီစာရင်းတွေက ဘာအဓိပ္ပာယ်လဲ'

မောရစ်ဆင်သည် အမျိုးမျိုးအဖုံဖုံ စဉ်းစားကြည့်သည်။ ဒါတွေက လျှို့ဝှက်တဲ့ သင်္ကေတတွေလား၊ စကားဝှက်တွေလား။ စဉ်းစားရင်း စဉ်းစားရင်း ဦးနှောက်ခြောက်၍ ခေါင်းရှုပ်လာသည်။

တစ်ခုတော့ သေချာသည်၊ ဒီစာရင်းစာရွက်သည် ဗြိတိသျှတွေအတွက်ရော ဂျာမန်တွေအတွက်ပါ အလွန့်အလွန် အရေးကြီးနေသည်မှာ သေချာသည်။

ဘာ့ကြောင့် အရေးကြီးနေရတာလဲ။ ဘယ်လိုအရေးကြီးတာလဲ၊ သည်မေးခွန်းများကိုမူ သူ လုံးဝမဖြေတတ်ဘဲ ဖြစ်နေသည်။

နောက်တစ်ခုက သည်စာရွက် သူ့လက်ထဲရှိနေသရွေ့ ၊သူ သိမ်းဆည်းထားသရွေ့ သူ့နောက်က အန္တရာယ်သည် အရိပ် မည်းကြီးပမာ ထပ်ချပ်မကွာ လိုက်လာနေမည်မှာလည်း သေချာသည်။



သို့ဖြစ်လျှင် သည်စာရင်းကို လုံးဝ ဖျောက်ဖျက်လိုက်ရင် ကော၊ ဆည်လိုဘာပြန်တော့ ရှေ့နေကြီး စတားဂူး အတွက် သိမ်မှာကြားခဲ့သော လိပ်စာရှင်ထံ ဒီစာရွက် ရောက်သွား တော့မည်မဟုတ်၊ စတားဂူးသည်–လူ့ပြည်တွင်မရှိတော့၊သေ ဖြစ်သည်။

သို့သော် သူ့သေရသည်မှာ သည်စာရင်းစာရွက်ကြောင့် ဖြစ်သည်။ ဒီအချက်ကိုတော့ ငြင်းလို့မရ။

သို့ဖြစ်ရာ သူ့အသက် ဆုံးရှုံးခဲ့ရသည်အထိ အရေးကြီးလှ သော သည်စာရင်းစာရွက်ကို သူ ဆယ်ဆက် မှာသွားသလို လိပ်စာရှင်ထံ ဆက်ဆက်ပို့ပေးခြင်းဖြင့် သေသူအပေါ် သစ္စာ စောင့်သိရန် အထူးလိုအပ်နေသည် မဟုတ်ပါလော။

မောရစ်ဆင်သည် စာရွက်ပေါ်မှ နာမည်များကို နောက် တစ်ကြိမ် ဖတ်ကြည့်လိုက်ပြန်သည်။ 'ဂျွန်ပီတာဆင်၊ လော်ရီ ဒီယယ်၊ အယ်လ်မာ ဂျက်ဆင်'

သူသည် နာမည်များကို မသိမသာ အသံထွက်၍ ဖတ်ကြည့် ရင်း ဝင်းခနဲ လျှပ်စီးလက်သလို အကြံတစ်ခု ခေါင်းထဲဝင် လာသည်။

'ဒီစာရင်းထဲက လူနာမည်တွေနဲ့ မြို့နာမည်တွေကို ဖျောက် ပစ်လိုက်ရင် မကောင်းဘူးလား'။

ကောင်းသည်။ အကောင်းဆုံးဖြစ်သည်။

သေသူကိုလည်း သစ္စာရှိရာရောက်၊ မိမိအတွက်လည်း အန္တရာယ်ကာ ကွယ်ရာရောက်သည်။ သည်နည်းသည်သာလျှင် အကောင်းဆုံးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မောရစ်ဆင်သည် စာရွက်ကိုဖြန့်ပြီးနောက် တစ်ကြိမ် အသံထွက်၍ ရွတ်ဆိုကြည့်လိုက်သည်။ 'ရွှန်ပီတာဆင်၊ လော် ဒယ်နီယယ်၊ အသ်လ်မား ဂျက်ဆင်'

သုံးခေါက်လောက် ရွတ်ကြည့်သောအခါ အလွယ်တကူ အလွတ်ဆိုနိုင်သည်ကို တွေ့ရ၍ ဝမ်းသာသွားမိသည်။ နော တစ်ကြိမ် အလွတ်ဆိုမိပြန်သည်။

ပြီးနောက် မောရစ်ဆင်သည် သူ့စိတ်ကို ယတိပြတ် ဖြတ်ကာ လက်ထဲမှ စာရွက်ကလေးကို အစိတ်စိတ်အမွှာမွှာ ဖြစ်အောင် ဆုတ်ပစ်လိုက်သည်။

နောက် စာရွက်ဆုတ်ကလေးများကို တစ်စစီ ပြန့်ကြဲ အောင် လွှင့်ပစ်လိုက်သည်။

မောရစ်ဆင်သည် တစ်နေ့လုံး အသံမထွက်ဘဲ စိတ်ထဲ သည်နာမည်စာရင်းကို အကြိမ်ပေါင်း မရေမတွက်နိုင်အော အလွတ်ရွတ်ဆိုနေခဲ့သည်။ ညနေစောင်းသည်အထိ စိတ်ထဲ တဖွဖွ ရွတ်နေမိသည်။

နေဝင်လုဆဲဆဲ အချိန်တွင် မောရစ်ဆင်သည် နာမည် ရင်း ရွတ်ဆိုနေရာမှ ဖျုန်းခနဲ ရပ်ပစ်လိုက်ရသည်။ အော ခြေ မြေပြန့်ဘက်ဆီခဲ့ စစ်သားများ၏ ကျယ်လောင်သော အသံများကို ထူးထူး ခြားခြား ကြားလိုက်ရသောကြော ဖြစ်သည်။

ရုတ်တရက် မိမိတို့အတွက် စစ်သဘော်များ ပင်လ ကမ်းခြေသို့ ရောက်လာကြပြီဟု ထင်လိုက်မိသည်။



သို့သော် ကြားနေရသော အသံများမှာ အထိတ်တလန့် ဖြင့် အော်ဟစ်ပြောကြားနေကြသော အသံများ ဖြစ်နေသော ကြောင့် သတိထား၍ နားထောင်လိုက်သည်။ သူ့ဘေးနား မှ ကျင်းထဲတွင် ရှိနေကြသော စစ်သားများလည်း၊ သူကဲ့သို့ ပင် အောက်ခြေမြေပြင်မှ ကြားနေရသော အသံများကို သဲ ကွဲအောင် နားစွင့် ထောင်နေကြသည်ကို တွေ့ရသည်။

ခဏအကြာတွင် တောင်စောင်းပေါ်မှ စစ်သားတစ် ယောက်၏ အော်သံကို ပီပီသသကြီး ကြားလိုက်ကြရသည်။ 'ဘာလာမေမြို့ ဆင်ခြေဖုံးမှာ ဂျာမန်လေထီးတပ်သားတွေ ရောက်လာကြပြီတဲ့ ဟေ့....'

အားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။ အသံများမှာ ဆူဆူညံညံ ဖြစ်လာသည်။

'ဂျာမန်လေထီးတပ်သားတွေ ရောက်နေပြီ....'

'ရိုင်ဖယ်ကိုင်ထားတဲ့လူတိုင်း ရှေ့ကိုထွက်ခဲ့ကြပါ....'

'ကဲ....ကိုယ့်လူတို့ လာကြ....ချီတက်ကြစို့ ....'

'ခွေးမသား ဂျာမန်တွေကို ဆော်ကြဟေ့....'

တောင်ကုန်းတစ်ခုလုံး အစီစီပွက်သလို အော်သံဟစ်သံ များ ညံနေသည်။

ခဏအကြာတွင် တောင်ကုန်းများ၏ အောက်ခြေမြို့ဘက် ဆီမှ သေနတ်သံများ စတင်ကြားကြရသည်။

ပထမတွင် တစ်ချက်ချင်း နှစ်ချက်ချင်း ကြားရသော သေနတ်သံများမှာ မကြာမီ တဒိုင်းဒိုင်းဖြင့် ဆက်မပြတ်

www.burmeseclassic.com

www.burmeseclassic.com

ကြားကြရသည်၊ စက်သေနတ်သံများပါ ကြားရသည်၊ တိုက်ပွဲမှာ ပို၍ပြင်းထန်လာသည်။

မောရစ်ဆင်သည် တောင်စောင်းပေါ်မှ ပြေးဆင်းလာခဲ့သည်။ သို့သော် သူသည်တောင်ခြေမှ ရှေ့သို့ဆက်၍ မသွားနိုင်ဘဲ ဖြစ်နေသည်ကို တွေ့ရသည်

အဘယ့်ကြောင့်ဆိုသော် ဗြိတိသျှတပ်များသည် အလုံးအရင်းဖြင့် အင်အားကြီးမားလှသည့် ဂျာမန်တပ်များ၏ တိုက်ခိုက်မှုဒဏ်ကို မခံနိုင်ဘဲ ဖရိုဖရဲဖြင့် နောက်သို့ ဆုတ်ပြေးလာကြသောကြောင့် ဖြစ်သည်။

မောရစ်ဆင်သည် ရောမ စစ်သားအုပ်ကြီးထဲသို့ ညှပ်၍ပါသွားသည်။ စစ်သားများမှာ ထိန်းမနိုင် သိမ်းမရအောင် ဖြစ်နေကြသည်၊ ကမ္ဘာပျက်သလို ဖြစ်နေသည်။

နောက်ဆုံး၌ ဗြိတိသျှတပ်များမှာ မည်သို့မျှ မတတ်နိုင်တော့ဘဲ သက်ဆိုင်ရာ စစ်ဗိုလ်များ၏ အမိန့်အရ လက်မြှောက် အရှုံးပေးခဲ့ကြရသည်။

ဗြိတိသျှတပ်များ အညံ့ခံ၍ စစ်သုံ့ပန်းအဖြစ် မိမိတို့ ရောက်သွားပြီးဖြစ်ကြောင်း ဗြိတိသျှ ဗိုလ်မှူးကြီးတစ်ယောက်က ကြေညာလိုက်ရာ စစ်သားများ၏ ဒေါသဖြင့် အော်ဟစ်ဆူပူသံများမှာ ပွက်ပွက်ညံသွားခဲ့သည်။

'စစ်သုံ့ပန်း...စစ်သုံ့ပန်း...စစ်သုံ့ပန်း....'

သည်စကားသုံးလုံးသည် တခဏချင်း အတွင်း စစ်သားများ၏ နှုတ်များတွင် ပဲ့တင်ထပ်သွားခဲ့သည်။




မောရစ်ဆင်မှာ မည်သို့မျှ မကြံတတ်အောင် ဖြစ်သွားသည်။ အချိန်အားဖြင့် နာရီပိုင်းအတွင်း အပြောင်းလဲကြီး ပြောင်းလဲသွားသော မိမိတို့အခြေအနေနှင့် အဖြစ်အပျက်ကို အိပ်မက်လေလားဟူ၍ပင် ထင်မှတ်မိသည်။ စစ်၏အမှတ်မထင်သော သဘောသဘာဝကိုလည်း အံ့သြမဆုံးအောင် ဖြစ်နေသည်။

သို့သော် တကယ် တကယ်အားဖြင့်မူ ဤအပြောင်းအလဲသည် မိမိအတွက် ဘာမှ မထူးခြားဟူ၍လည်း ခံယူမိသည်။ မိသည် ဤစစ်ကြီးနှင့် ဘာမျှမဆိုင်။

မိမိသည် ဗြိတိသျှ စစ်သားလည်း မဟုတ်၊ ဤဗြိတိသျှ စစ်သားများ ဂျာမန်တို့၏ စစ်သုံ့ပန်းဘဝသို့ ရောက်ရှိသွားခြင်းသည် မိမိအပေါ်တွင် ကျရောက်လာမည့် အန္တရာယ်ပိုမို ကြီးမားလာခြင်း ရှိမရှိ ဆိုသော အချက်သာ မိမိအတွက် အရေးကြီးသည်ဟု ယူဆမိသည်။

သည်အတိုင်းဆိုလျှင် အန္တရာယ်သည် ပိုမိုနီးကပ်လာပြီဟူ၍ ယူဆရတော့မည် ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် မိမိသည် ဂျာမန်တို့ အလိုရှိနေသော အရေးကြီးသည့် စာရင်းစာရွက်ကို ယူဆောင်လာခဲ့သူ ဖြစ်ရာ၊ သည်ကိစ္စကို သိထားသော ဂျာမန်များသည် မိမိအား တနည်းနည်းဖြင့် ရှာဖွေတွေ့ရှိ သွားတော့မည်မှာ သေချာပေါက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

စစ်သုံ့ပန်း ဖြစ်သွားကြသော ဗြိတိသျှ စစ်သားများသည် တစ်ညလုံးမအိပ်ဘဲ ပင်လယ်ကမ်းခြေတွင် မီးပုံကြီးများဖိုကာ ဝိုင်းဖွဲ့၍ စကားပြောနေကြသည်။

အချို့ စစ်သားများမှာမူ သီချင်းများကိုပင် သံပြိုင်ဆို နေလိုက်ကြသေးသည်။ သို့သော် သူတို့သည် သီချင်းများကို ပျော်၍ ဆိုနေကြခြင်း မဟုတ်ဘဲ၊ နာကျည်းစိတ်ဖြင့် လည်း ကောင်း၊ ကိုယ့်ကိုယ်ကို အားပေးသည့် အနေဖြင့် လည်း ကောင်း၊ သီဆိုနေကြခြင်း ဖြစ်ကြောင်း သူတို့၏ အသံများက ဖော်ပြနေကြသည်။ မလှမ်းမကမ်းတွင် လှံစွပ်ကိုင် ဂျာမန် စစ်သားများကို မီးရောင်ဖြင့် အထင်အရှားမြင်နေရသည်။

မောရစ်ဆင်သည် အေးအေးဆေးဆေး စဉ်းစားသလိုဖြင့် မီးပုံအောက်တွင် ဝိုင်းအုံနေကြသော စစ်သားများထဲ ...၍ ခပ် လှမ်းလှမ်းနေရာသို့ တစ်ယောက်တည်း ထွက်လာခဲ့သည်။

သူသည် ကြုံခဲ့တွေ့ခဲ့ရသမျှ အဖြစ်များကို ပြန်၍စဉ်းစား ရင်း မိမိကံကြမ္မာသည် ရှေ့အဖို့ မည်သို့မည်ပုံဖန်လာမည်ကို မတွေးတတ်နိုင်အောင် ဖြစ်နေမိသည်။

တစ်ချိန်တည်းတွင် တကယ့်ဖြစ်ရပ်များသည် စိတ်ကူးယဉ် အဖြစ်အပျက်များထက် ပိုမိုဆန်းကျယ်သည် ဟူသော အချက် ကို စိတ်ကူးယဉ် စာရေးဆရာ ပီပီ ယခင်က လက်မခံနိုင်ဘဲ ရှိခဲ့ရာမှ ယခုသော်မူ ကိုယ်တွေ့ကြုံနေရပြီ ဖြစ်သဖြင့် ထို အချက်ကို ကောင်းကောင်းကြီး လက်ခံသဘောပေါက်ခဲ့ရပြီ ဖြစ်သည်။



မောရစ်ဆင်သည် စပျစ်ပင်တစ်ပင်၏ ခြေရင်းတွင် မှီ၍ ...ရင်း သူ့ကိုယ်သူ ဘယ်ဘာကြောင့်ရောက်ရောက် ပေါက်တဲ့နဖူး ...းတော့ပြီ ဟူ၍ စဉ်းစားနေမိသည်။

တဖြည်းဖြည်း အချိန်ကုန်မှန်းမသိ ကုန်သွားသည်။ အရှေ့ ...က်ဆီမှ အလင်းရောင်သည် အမှောင်ထုကို ဖောက်ထွင်း၍ ...ည်းညှင်းစွာ ပေါ်လာသည်။

မောရစ်ဆင်သည် တစ်ညလုံးမအိပ်ခဲ့ရသော်လည်း ခါတိုင်း ... မတူဘဲ ကိုယ်ရောစိတ်ပါ အတော်ကလေး လန်းလန်း ...းဆန်း ဖြစ်နေသဖြင့် သူ့ကိုယ်သူ အံ့သြနေမိသည်။

သို့သော် ထိုအခိုက် မောရစ်ဆင်နှင့် မလှမ်းမကမ်းရှိ ...ပင်အုပ်ကလေး၏နောက်ကွယ်တွင် ဘယ်အချိန်က ရောက် ...မှန်း မသိရဘဲ နယူးဇီလန်စစ်ယူနီဖောင်းဝတ်သားသည့် ...ပ်ရှည်ရှည် လူတစ်ယောက်သည် မောရစ်ဆင်အား စိုက် ...ည့်နေသည်ကို မည်သူမျှ သတိမထားမိကြဘဲ ဖြစ်နေသည်။

မောရစ်ဆင် ကိုယ်တိုင်ကလည်း ဒါကို လုံးဝမရိပ်မိဘဲ ...နေသည်။

နေလုံးကြီးသည် ပင်လယ်ထဲမှ ထွက်ပေါ်လာပြီး တဖြည်း ...ည်း မြင့်တက်လာနေသည်။

နယူးဇီလန်စစ်သားသည် ဖြုန်းခနဲ သစ်ပင်အုပ်၏နောက် ...ွယ်မှ ထွက်လာပြီး သူ့ဘက်ကိုကျောပေး၍ ထိုင်နေသော ...ောရစ်ဆင်ရှိရာသို့ ခပ်ဖွဖွ ခပ်သုတ်သုတ်လျှောက်လာသည်။ ...ခြေသံကို မောရစ်ဆင် မကြားရ။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် စိတ်ထဲက စနိုးစနောင့်ဖြစ်လာသဖြင့် နောက်သို့ ရှုတ်တရက် လှည့်ကြည့်လိုက်မိသည်။ အေးစက်သော မျက်လုံးများဖြင့် သူ့နောက်နားသို့ ရောက်လာသော နယူးဇီလန်စစ်သားကို ဖြုန်းခနဲ မြင်လိုက်ရသည်။ မော်စလေ...ဂျက်စလေ ဟုတ်သည်။ သူ့ကို မောရစ်ဆင် ကောင်းကောင်း မှတ်မိသည်။

သို့သော် အန္တရာယ်နှင့် ဟာဟယ် ရင်ဆိုင်ရသော အခါ မရင်ဆိုင်ရမီက တွေး၍ ကြောက်နေခဲ့သောစိတ်သည် လုံးဝ ပျောက်ကွယ်သွားသဖြင့် မောရစ်ဆင်သည် သူ့ကိုယ်သူ အံ့ဩသွားမိသည်၊ ကျေနပ်သွားမိသည်။

သူသည် ထိုင်ရာမှမင် မထဘဲ မော်စလေကို စိုက်ကြည့်သည်။

'ကဲ...မစ္စရစ်ဆင်၊ ထိုင်ရာက ထလိုက်စမ်း၊ အော်မယ် ဟစ်မယ်တော့ စိတ်မကူးနဲ့နော်၊ ကျုပ်နောက်ကို အေးအေး ဆေးဆေးလိုက်ခဲ့'

ပြောပြော ဆိုဆိုဖြင့် မော်စလေသည် သစ်ပင်အုပ်များ ရှိရာသို့ မေးငေါ့ပြလိုက်သည်။ မောရစ်ဆင်သည် တစ်စုံတစ်ရာ ဘာမှပြန်မပြောဘဲ သူခေါ်ရာသို့ ထ၍လိုက်လာခဲ့သည်။

သူတို့ နှစ်ယောက်သည် သစ်ပင်အုပ်ကလေးကို လွန်၍ အတော်ကလေး ခပ်လှမ်းလှမ်းသို့ ရောက်ခဲ့ကြသည်။

မော်စလေသည် ရှေ့ကသွားနေရာမှ ရပ်လိုက်ပြီး မောရစ်ဆင်ဘက်သို့ မျက်နှာလှည့်လိုက်သည်။



ပြီးနောက် ဘောင်းဘီ အိတ်ထဲမှ ပစ္စတို ထုတ်လက်ကို တရုတ်ဆွဲထုတ်ကာ မော်ရစ်ဆင်အား ချိန်ရင်း အနီးရှိ ပင်တစ်ပင်ကိုမှီ၍ မခန့်လေးစားအမူအရာဖြင့် ကြည့်လိုက်ည်။ သူ့မျက်နှာမှာ မချိုမချဉ်ဖြင့် ပျော်ပြုံးပြုံးနေသည့် အရာမျိုး ဖြစ်သည်။

'အေးသင်မှာ တုန်း က အရက်မူးချတ်ဘဲ ပြောခဲ့တဲ့ ရဲ့အိုက်တင်က တော့ ချီးကျူးစရာပဲ အခိုက်အတန့်တော့ ကို မင်း တစ်ပတ်ရိုက်သွားနိုင်တာပေါ့ ဟုတ်လား'

ရစ်ဆင်က ဘာမှပြန်မပြောဘဲ ငြိမ်နေသည်။ သို့သော် မျက်လုံးများမှာ မော်စလေအား မုန်းတီး ရွံရှာမှုဖြင့် မှောင်ကြုပ်နေသည်။

'အေးသင်မှ ရှိတဲ့ ကွန်းရှက်ဖောလ်ဆာကို ငါ တယ်လီ နဲ့ လှမ်းပြောပြီးပြီ၊ မင်းဒီနိုင်ငံက ထွက်မသွားခင်းဘူး တာ သိရလို့ သူ အကြီးအကျယ် ဝမ်းသာသွားတယ်'

'စကား အရှိတွေ ပြောမနေနဲ့ ခင်ဗျား ကျုပ်ကို သတ် ဖြင့် အခုပစ်သတ်လိုက်' မောရစ်ဆင်က အသံကိုထိန်း၍ အေးအေးဆေးဆေး အမူအရာဖြင့် ပြောလိုက်သည်။

'မင်းကိုသတ်ရမယ် ဟုတ်လား၊ ဒီလိုလဲ မဟုတ်သေးဘူး မင်းကို တို့မသတ်ပါဘူး၊ မင်းကို ဗိုလ်ကြီး ဖောလ်ဆာ အေးသင်မြို့မှာ ကျကျနန ညှဉ်းဖို့ စီစဉ်ထားတယ် ရှိပါ းတယ်၊ မင်းဆီမှာ ဖောလ်ဆာအတွက် သတင်းကောင်း သေးတစ်ခု ပေးစရာရှိနေတယ်ဆိုတာ ငါသိပြီးသားပဲ။ သင်ကိုသွားဖို့ကားလဲ မကြာခင်ရောက်လာတော့မှာပါ။



www.burmeseclassic.com

www.burmeseclassic.com

'အေသင်ရောက်ရင် ကျုပ်ကို ဘယ်လိုလုပ်မလဲ'

'ဘယ်လိုလုပ်မလဲ ဟုတ်လား၊ ဒါကတော့ မင်းအပေါ်မှာ တည်တာပဲလေ....ဒါပေမယ့် မင်းကို ပြောလိုက်ရဦးမယ်၊ လူ တစ်ယောက်ဆီက သတင်းတစ်ပုဒ်ကို ဘယ်လိုလုပ်ပြီးရအောင် ယူရမလဲဆိုတဲ့ နေရာမှာတော့ ဟောလ်ဆာနဲ့ငါနဲ့ အယူအဆ ချင်း လုပ်နည်းလုပ်ဟန်ချင်း မတူဘူး၊

ဒါပေမယ့် သူလဲ သူ့နည်းသူ့ဟန်နဲ့ မဆိုးပါဘူး၊ အလုပ် ဖြစ်နေတာပဲပါ။ ဒါထက် နေပါဦး....မင်းငါ့ကို အေသင်မှာ တုန်းက ပေးသောက်ခဲ့တဲ့ ဆေးတံသောက်ဆေးရဲ့ နာမည် ကလေး ပြောပြစမ်းပါဦး၊ အဲဒီဆေးတံကို အမေရိက လမ်း မှာ ချင်လို့ပါ'

'ခင်ဗျားတို့နာဇီတွေဟာ လူယုတ်မာတွေပဲ' မောရစ်ဆင် က ဒေါသဖြင့် ရေရွတ်လိုက်သည်။

'ဒီမယ်ကိုယ့်လူ မင်းဟာ လောလောဆယ် ငါပြုသမျှ နေရ မယ့်လူပါ၊ အဲဒါလဲ သတိထားပါဦး' မော်စလေက မခိုးနှစ် ကို တွန့်ရင်း ပမာမခန့် ပြန်ပြောလိုက်သည်။

'သောက် အလကား နာဇီကောင်တွေ'

'မင်းဒေါသတွေကို ဟောလ်ဆာနဲ့တွေ့ဖို့ ချန်ထားပါဦး လေ...' မော်စလေက မဲ့ပြုံးပြုံးကာ ပြောလိုက်သည်။ သူ့ အပြုံးနှင့်အတူ ပစ္စတိုသေနတ်သံ တစ်ချက်ကို ဒိုင်းခနဲ ကြား လိုက်ရသည်။



ပြုံးပြုံးနေသော မော်စလေ၏ မျက်နှာသည် တကယ် ...သွားသည်။ သူ့လက်မှ ပစ္စတိုသေနတ်သည် မြေ ...လွတ်ကျသွားသည်။

...သည် တုန်တုန်ယင်ယင်ဖြင့် မောရစ်ဆင်ရှိရာသို့ ခြေ ...း လှမ်းလိုက်သည်။ နောက်တစ်လှမ်း....သူ့ဒူးနှစ် ...းသည် ရှေ့သို့ညွတ်ကျသွားပြီး မြေကြီးပေါ်သို့ ...လျက်သား ဖြစ်သွားသည်။

...တစ်ဖန် မဟန်နိုင်တော့တဲ့ သူ့ခန္ဓာကိုယ် တစ်ခုလုံး ...မောရစ်ဆင်၏ ခြေရင်းတွင် ပုံလျက်သား ခွေလဲကျ ...သည်။ မြေကြီးပေါ်တွင် ခေတ္တမျှ တွန့်လိမ်ပြီး ငြိမ်ကျ ...သည်။

...ါးစပ်မှာ ဟလျက်သား ဖြစ်နေပြီး သူ့မျက်လုံးများ ...း အံ့သြသည့် အရိပ်အယောင်ဖြင့် ပြူးကြောင် ...ဖြစ်နေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော့်ကို ကယ်ကြပ၊

မောရစ်ဆင်မှာ တစ်ကိုယ်လုံး တောင့်တောင့်ကြီး ဖြစ်
မိသည်။

သူ့ခြေရင်းတွင် ပုံလျက်သားလဲကျကာ လုံးဝ မလှုပ်
တော့သည့် မော်စလေ၏ ကိုယ်ခန္ဓာကြီးကို အပေါ်မှ ငုံ့
ကြည့်ရင်း ကြက်သေ သေနေမိသည်။

ထိုအခိုက် ခြေသံလိုလို ကြားလိုက်ရသဖြင့် အသံကြားရာ
လှမ်းကြည့်လိုက်ရာ မလှမ်းမကမ်း အယ်ဒမကျော်
အကွာမှ လူအစ်ယော ...က်သည် သစ်ပင်နောက်ကွယ်မှ
လာသည်ကို တွေ့လိုက်ရသည်။

မောရစ်ဆင်သည် စောစောကထက် ပို၍ ပါးစပ်အဟော
သားဖြင့် အံ့ဩသွားမိသည်။ သစ်ပင်နောက်ကွယ်မှ ထွက်



အရပ်ငါးပေခန့်မျှသာရှိသည့် လူပုကလေးဖြစ်၍ သူ့
...ခေါင်းပေါ်မှ ကျွဲကော်ကိုင်းမျက်မှန်ကို အဆင်းသား တွေ့
...သည်။

သူ့ လက်ထဲတွင်မူ ယမ်းငွေ့ မပြယ်သေးသည့် ပစ္စတို
...တစ်လက်...။

လူပုကလေးသည် တစ်စုံတစ်ရာ ဘာမှမပြောဘဲ မောရစ်
...ခြေရင်းတွင် လဲကျနေသော မော်စလေ၏ ကိုယ်မှ
...အိတ်များကိုသာ တစ်အိတ်ပြီးတစ်အိတ် နှိုက်ကြည့်လိုက်

...မြေကြီးပေါ်တွင် ကျနေသော မော်စလေ၏ ပစ္စတို
...တ်ကို ကောက်ယူလိုက်ပြီး ... ဝင်းကြောင် ဖြစ်နေ
... မောရစ်ဆင်အား လှမ်းပေးလိုက်သည်။

ဒီသေနတ်ကို ခင်ဗျားခါးထဲ ထိုးထား

...နောက် လူပုကလေးသည် မော်စလေ၏ ခန္ဓာကိုယ်
... ခြေထောက်ဖြင့်တန်ကာ အနီးရှိ ခြုံပုတ်အောက်သို့
...သွင်းလိုက်သည်၊

ကဲ...လာ...လာ၊ ဒီနေရာက သွားမှဖြစ်မယ်

မောရစ်ဆင်သည် လူပုကလေးက ဒရွတ်တိုက်၍ ဆွဲခေါ်
... အိပ်မက်ထဲ လမ်းလျှောက်နေသူမှာ ဒယိမ်းဒယိုင်ဖြင့်
...လာခဲ့သည်။

...င်သယ်ကမ်းစပ် သောင်ပြင်ပေါ်သို့ ရောက်တော့မှ လူပု
...လေးသည် သဲပေါ်တွင် ထိုင်ချလိုက်ပြီး မောရစ်ဆင်ကို
... လက်ဆွဲ၍ အထိုင်ခိုင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'တော်ပါသေးရဲ့ဗျာ၊ သေနတ်သံကို ဘယ်သူမှ ကော
ကောင်းကြားလိုက်ဟန်မတူဘူး' လူပုကလေးကရေရွတ်ပြော

မောရစ်ဆင်မှာ ယခုအချိန်အထိ ကြောက်နေဆဲ
စကားပြန်မပြောနိုင်ဘဲ ဖြစ်နေသည်။ သူ့မျက်စိအောက်
လတ်တလော ဗူပူနွေးနွေး ဖြစ်ခဲ့သမျှ ဘယ်လိုမှ အဓိ
ပ္ပာယ်ဖော်မရဘဲ ဖြစ်နေသည်။

သူ့နောက်ကို လိုက်နေကြသော နယူးဇီလန် စစ်
တစ်ယောက်နှင့် လူပုကလေးတစ်ယောက် အခု လူပု
က နယူးဇီလန်စစ်သားကို ဘာ့ကြောင့် ပစ်သတ်လို
တာလဲ။

လူပုကလေးသည် ယခုစိတ်အေးသွားဟန်ဖြင့် မောရ
အနားသို့ တိုးကာ အသံကိုခပ်နှိမ့်နှိမ့်ထား၍ ပြောလိုက်
'ကျွန်တော့်နာမည်က ဆိုယူတာပါ၊ အေသင်မှာ အ
ခံခဲ့ရတဲ့ ဗိုလ်မှူး ဝီလ်ကင်ကို ခင်ဗျားသိပါလိမ့်မယ်၊
ကျွန်တော်နဲ့က တစ်ဖွဲ့တည်းပါ'

မောရစ်ဆင်သည် လူပုကလေးပြောလိုက်သော စ
များကို ကြားလိုက်ရသဖြင့် မျက်လုံးများ ပြူးသွားမိ
သူ့စိတ်ထဲတွင် မူလက သည်လူပုကလေးနှင့် နယူးဇီ
စစ်သားတို့သည် သူ့ကိုနောက်ယောင်ခံ၍ လိုက်နေကြသူ
သူ့အသက်အန္တရာယ်ကို ရန်ရှာနေကြသူများဟု ထင်မိ

သူတို့နှစ်ယောက်သည် တစ်ကျိတ်တည်း တစ်ညက်တ
ဟု၍ ယူဆထားခဲ့ရာမှ ယခု လူပုကလေး 'ဆိုယူတာ'



သားများကို ကြားလိုက်ရသောအခါ တစ်မျိုးတစ်ဖုံ အံ့သြ
သွားမိပြန်သည်။

သို့သော် လူပုကလေးအပေါ်တွင် ယခုအထိ သံသယစိတ်
ပျောက်သေးဘဲ ဖြစ်နေရာ သူသည် ဘာစကားမှ ပြန်
ပြောဘဲ ငြိမ်နေမိသည်။

'ဒီမယ်...မောရစ်ဆင်၊ ဒီအချိန်ဟာ အချင်းချင်း ကလိန်
ကျနေရမယ့် အချိန်မဟုတ်ပါဘူး၊ ကျွန်တော်တို့မှာ တစ်ခြား
လုပ်စရာ အစီအစဉ်တွေ ရှိနေပါတယ်'

သည်စကားကို ကြားလိုက်ရတော့မှ မောရစ်ဆင်မှာ အိပ်
ရာက လန့်နိုးလာသလို ဖြစ်သွားသည်။ စောစောက ဖွေဝေ
နေသော သူ့မျက်နှာမှာ အနည်းငယ် တင်းမာသွားသယောင်
ဖြစ်သွားသည်။

'အစီအစဉ်...ဟုတ်လား၊ ဘာအစီအစဉ်လဲ၊ ဒီမယ်...
ကျွန်တော်ဟာ အမေရိကန် တိုင်းရင်းသားတစ်ယောက်ပါ၊
ကျွန်တော့်နာမည်မောရစ်ဆင်ဆိုတာ ဟုတ်ပါတယ်၊ ဒါပေမယ့်
ခင်ဗျားတို့ အစီအစဉ်ထဲမှာ ကျွန်တော်ဘာမှမပါဘူး၊ ဘာမှ
လဲ မပတ်သက်ဘူး၊ သက်သက်မဲ့ အချောက်တိုက်ဝင်ပြီး
ခံစားခံ ဖြစ်နေရတာ။

အဲဒီတော့ ကျွန်တော် ဒီရှုပ်ရှုပ်ယှက်ယှက်တွေထဲက လွတ်
အောင် ရှောင်နေဖို့ဘဲ ရှိတယ်၊ ကျွန်တော့် ဆန္ဒကတော့
ဒါဘဲ'

မောရစ်ဆင်သည် စိတ်လိုက်မာန်ပါ ဖြေလိုက်ပြီးမှ မိမိ
အသက်ကို မော်စလေလက်ထဲမှ လက်မတင်လေး ကယ်တင်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



သော ဆိုယူတာသို့သူ လူပုဂ္ဂလေးကို အားတုံ့အားနာ ဖြ
သွားမိသည်။

သို့သော် ဆိုယူတာကမူ စိတ်ဆိုးဟန် လုံးဝမပြဘဲ
အေးအေးပင် ပြန်ပြောနေသည်။

'ဒီမယ်...အဲဒီလို ခင်ဗျား ဒီထဲက ရှောက်ထွက်သွား
ဆိုတာ မလွယ်ဘူးဗျ။ တာကယ်ကိုမလွယ်ဘဲ ဖြစ်သနာသဲ၊
ဒီကိစ္စကို ခင်ဗျားရပ်မဆိုင်လို့ မဖြစ်တော့ဘူး၊
ဖြစ်သို့လဲဆိုတော့ ခင်ဗျားအနေနဲ့ ခြေလွန်လက်လွန် ဖြစ်နေ

'ဘာ ဖြစ်လို့လဲ၊ ကျွန်တော်က ဘာလုပ်ခဲ့လို့ ခြေလွန်လ
လွန် ဖြစ်ရတာလဲ' မောရစ်ဆင်က မဆိုင်းမတွ ပြန်မေးလို
သည်။

'ဒါကတော့ ဒီလိုရှိပါတယ်၊ ခင်ဗျားစိတ်ထဲက လိုလ
တာ မသိလားတာ အပထား၊ အခြေအနေက ဒီဘိုင်းဖြစ်
ပြီ၊ ဒီမယ် မောရစ်ဆင်၊ ကျွန်တော်တို့မှာ တစ်ခါတစ်ခါ ကို
အသက်အန္တရာယ်ကို ကာကွယ်တဲ့အနေနဲ့ စကားကို ဆင်ခြ
ပြောရတာမျိုး ရှိတတ်ပါတယ်'

မောရစ်ဆင်သည် ဆိုယူတာ၏စကားကို နားစိုက်ထောင်
ရင်း သဲပြီထဲသို့ သူ့ခြေထောက်ကို ဆိုးဆွနေမိသည်။ သူသည်
လူပုဂ္ဂလေး ဆိုယူတာ အပေါ်တွင် စောစောကလို သံသယ
စိတ်များ မရှိတော့ဘဲ၊ အနည်းအကျဉ်း ယုံကြည်မှု ရှိလာခဲ့ပြ
ဖြစ်သည်။



သူ့စကားအသွားအလာနှင့် သူ့ အသံကိုကြားရခြင်းဖြင့်
အတိုင်း အသေး အနက် ပြောကြား နေကြောင်း
ကောင်းကောင်းကြီး ရိပ်မိလိုက်သည်။

'ခင်ဗျားပြောတာ ကျွန်တော်နားလည်ပါပြီ၊ ကျွန်တော်
တာ ပေါက်ပါတယ်'

ဆိုယူတာသည်သက်ပြင်းတစ်ချက်ချလိုက်ပြီးမောရစ်ဆင်၏
နှာကို စေ့စေ့ကြည့်နေသည်။ ပြီးနောက် ယခုကိစ္စနှင့်
ချွှင်း၍ ဖြစ်ခဲ့ပျက်ခဲ့ မှုကို မောရစ်ဆင်အား ဖော်ပြ
ပြသည်။

သူပြောပြချက်အရ သူနှင့်ဗိုလ်မှူးဝီလ်ကင်တို့သည် ဗြိတိသျှ
ထောက်လှမ်းရေး အဖွဲ့ဝင်အဖြစ် ဂရိနိုင်ငံသို့ ရှေးဟောင်း
ဘုံကူဟိမှ စာရင်းစာရွက်ကို ရယူရန် လာခဲ့ကြသည်။
သို့သော် သူတို့ ရောက်ချိန်တွင် ဂရိနိုင်ငံသို့ ဂျာမန်တို့
ကျူးကျော်ဝင်ရောက်လာကြပြီဖြစ်၍ဂျာမန်ထောက်လှမ်းရေး
အဖွဲ့က သူတို့ကို အနံ့ရသွားခဲ့ကြသည်။

ထိုအကြောင်းကို သိနေကြသော သူနှင့် ဝီလ်ကင်တို့သည်
ရှေ့နေကြီးမတောင်းကုဋ်းထံ လုံးဝ အဝင်အထွက် မလုပ်ကြဘဲ၊
သူတို့အလိုရှိသည့် စာရင်းစာရွက်ကို မောရစ်ဆင်မှတစ်ဆင့်
လန်ဒန်သို့ရောက်မည်အောင် စီစဉ်ခဲ့ကြသည်။

တစ်ချိန်တည်းတွင် မောရစ်ဆင်အပေါ် သံသယ မဖြစ်
စေရန်နှင့်ဂျာမန်တို့အား လှည့်စားရန် ဘက်ဒွေ ဝိဒေသီမှ
လေယာဉ်တစ်စင်းဖြင့် သူတို့ နှစ်ယောက် ထွက်ခွာသွားရန်
စီစဉ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့က ဆိုယူတာသည် အေသင်မြို့ထဲတွင် ဂျာမန်တို့အ မျက်စိလည်အောင် အယောင်ပြခဲ့ပြီး၊ ညဘက်တွင် ဝီလ် နှင့် ချိန်းထားသည့် နေရာသို့ သွားခဲ့သည်။ သို့သော် ကျန်သည့်အထိ ဝီလ်ကင်ရောက်မလာသည့်အတွက် စိုးရိမ် စထားဂူးအိမ်သို့ ထွက်လာခဲ့သည်။

စတားဂူးအိမ်မှ မောရစ်ဆင် အရက်မူးမူးဖြင့် ပြန်ထွ သွားပြီး မိနစ်အနည်းငယ်အကြာတွင် ထိုအိမ်သို့ ဆိုယူ ရောက်သွားခဲ့သည်။

ထိုအချိန်တွင် ဝီလ်ကင်မှာ မသေသေးဘဲ သေလုဆဲ ဖြစ်နေရာမှ မောရစ်ဆင်လက်ထဲတွင် စာရင်းစာရွက်ပါသွ ကြောင်းနှင့် ထက်တူ ုင်လေဆိပ်သို့သွားလျှင် တွေ့နိုင် ရှိကြောင်း ပြောသွားနိုင်ခဲ့သည်။

သို့ဖြင့် ဆိုယူတာသည် ထက်တူ ုင်လေဆိပ်သို့ လို လာခဲ့သည်။ သို့သော် မောရစ်ဆင်နှင့် မတွေ့ဘဲ လွဲခဲ့သ

သည့်နောက် ဖြစ်ခဲ့ ပျက်ခဲ့သမျှမှာ မောရစ်ဆင် သိ ဖြစ်သည်။

'တကယ်က ကျွန်တော့်အနေနဲ့ကံဆိုးချင်လို့ပါ၊ခင်ဗျ လိုက်သာ ရှာရတယ်၊ ခင်ဗျားကိုလဲ တစ်ခါမှ မမြင်ဖူးဘူ ဘယ်လိုပုံပန်းသဏ္ဍာန်မျိုးရှိမှန်းတောင်မသိရဘူး၊နောက်ဆ မော်စလေနဲ့ တွေ့ကြတော့မှ ခင်ဗျားကို မောရစ်ဆင်မှ သိရတော့တာပါပဲ'

'ဒါ့ထက် နေပါဦး၊အဲဒီ မော်စလေဆိုတာက ဘယ်သူ ဘယ်ကလဲ'



'အင်း...သူကတော့ နာမည် လေး,ငါး,ခြောက်မျိုးရှိတဲ့ သူပဲ၊ အောက်စဖို့ တက္ကသိုလ်ကျောင်းထွက် ဂျာမန် စပိုင် တစ်ယောက်ပေါ့၊ သူနဲ့ ဟောလ်ဆာ ဆိုတဲ့ ဂျာမန်နိုင်ငံစစ်ပိုလီနဲ့ အဆက်တွေပဲ'

'အဲဒီ ဟောလ်ဆာ ဆိုတဲ့ လူက သူတို့ထဲမှာ ဆရာကြီးပဲ ထင်တယ်'

'ဟုတ်တာပေါ့၊ သူ့ကို ကျွန်တော် နှစ်ခါတောင် တွေ့ဖူး တယ်၊ နော်ဝေးမှာတစ်ခါ၊ ပြင်သစ်မှာတစ်ခါ၊ တကယ်ရက် စက်ပြီး တကယ်လျှင်တဲ့လူပဲ၊ အခု သူ့ လူ မော်စလေသေပြီဆို တာ သိရရင်တော့ ကျွန်တော်တို့ကို တွေ့ရာသင်္ချိုင်း ဝေး ဆိုင်းဘဲ မြေလှန်ပြီးရှာမှာ သေချာတယ်။ သူနဲ့သာဆိုရင် တော့ မလွယ်ဘူး မောရစ်ဆင်'

'အင်း...ဆိုပါဦး'

'တခြား ထွေထွေထူးထူး ပြောစရာတော့ မရှိတော့ပါဘူး၊ အရေးကြီးတာက ခင်ဗျားဆီမှာ ရှိနေတဲ့ စာရင်းစာရွက်နဲ့ ပတ်သက်လို့ပါပဲ။ အဲဒီစာရွက် ရှိတယ်မဟုတ်လား'

'အန္တရာယ်သိပ်များလို့ စာရွက်ကိုတော့ ဆုတ်ပစ်လိုက်ပြီ၊ ဒါပေမယ့် အဲဒီထဲက နာမည်စာရင်းတွေအားလုံး ကျွန်တော် အလွတ်ရအောင် ကျက်ထားပါတယ်၊

ဒါ့ထက် နေပါဦး၊ အဲဒီ လူနာမည်တွေနဲ့ မြို့နာမည်တွေ က ဘာတွေတုန်း၊ စကားဝှက်တွေလား' မောရစ်ဆင်က သိ ချင်စောဖြင့် ကသောကမျော မေးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'အင်း...ဒါတွေနဲ့ ပတ်သက်လို့ ခင်ဗျားလဲ သိထားဖို့ လို
ပါတယ်၊ ဒါတွေက ဒီလိုပါ၊ ရှေ့နေကြီး စဘားဂူးဟာ ဂျပန်
နိုင်ငံမှာ အကျော်ဆုံး ရှေ့နေကြီး တစ်ယောက်ပါ၊ လွန်ခဲ့တဲ့
ဆောင်းတွင်းတုန်းက ဂရိနိုင်ငံကို အီတလီတွေ ဝင်လာ
တဲ့အချိန်မှာ စဘားဂူးဟာ ဂရိအစိုးရ ထိပ်ပိုင်းက အရာရှိ
ကြီးတွေကို ချဉ်းကပ်ပြီး အကြံအစည်တစ်ခု ထုတ်ခဲ့ပါတယ်၊

သူ့အကြံအစည်ကတော့ အီတလီတွေ ဝင်လာချိန်မှာ လူ
လုံးကိုယ့်ဘက်သားအနေနဲ့ သူတို့ထဲဝင်ပြီး သူတို့နဲ့ အတူလုပ်
ဖို့ ဘင့်ဆော်တဲ့ ပုဂ္ဂိုလ်တွေကို လာဝန်ခံပေးဖို့ပါပဲ၊ သူပေးတဲ့
အကြံအတိုင်း သူ့လူကိုယ့်ဘက်သားအနေနဲ့ ဝင်လုပ်ဖို့ လူ
ပေါင်း ၁၇-ယောက်တိတိရွေးပြီး တာဝန်ပေးခဲ့ပါတယ်၊

အခု အဲဒီ ၁၇-ယောက်ဟာ ဂျာမန်နဲ့ သူလျှိုတွေ အဖြစ်နဲ့
ကမ္ဘာ့အနှံ့ အပြားမှာ ရောက်နေကြတယ်၊

အားလုံးဟာ အရေးကြီးတဲ့နေရာတွေမှာ တာဝန်ယူနေ
ကြပါတယ်၊ ဒီထဲက နှစ်ယောက် သုံးယောက်ဆိုရင် အစိုးရ
အဖွဲ့ဝန်ကြီးတွေတောင် ဖြစ်နေကြတယ်။

တကယ့်...ကယ်တော့ ဒီလူတွေအားလုံးဟာ ကျွန်တော်တို့
လူ...ချည်းပါပဲ၊ ကျွန်တော်တို့အတွက် လုပ်နေကြတဲ့ လူ
တွေပါ'

မောရစ်ဆင်သည် ပခုံးကစ်ချက် တွန့်လိုက်သည်။ ဂျာမန်
တို့၏ ပြင်းထန်သောစိတ်ဓာတ်နှင့် ကြီးမားသော အင်အား
ကို အထိုက်အလျောက် သိထားပြီး ဖြစ်နေသဖြင့် ဆိုယူတာ
၏ စကားများမှာ နားထဲဝင်အောင် ဖြစ်နေမိပါသည်၊



'ဒီလူ ၁၇-ယောက်နဲ့ ဂျာမန်တွေရဲ့ ရောမ အင်အားကို
ဘယ်လိုလုပ်ပြီး ဖြိုဖျက်လို့ရမှာလဲ'

'ဒီမယ် မောရစ်ဆင်၊ ဒီနေရာမှာတော့ ခင်ဗျားအတွေး
အခေါ် လွဲနေပြီထင်တယ်၊ စစ်ပွဲတွေ တော်တော်များများရဲ့
အရှုံးအနိုင်ဟာ ဒီလိုလူတွေအပေါ်မှာ တည်နေတယ်ဆိုတာ
ခင်ဗျားသိထားဖို့လိုတယ်နော်၊ အဲဒီလိုလူတွေဆီကတစ်ဆင့် ကျွန်
တော်တို့ဟာ ဂျာမန်တွေရဲ့ အကြံအစည် ရည်ရွယ်ချက်မှန်သမျှ
အရေးကြီးတဲ့ စစ်ဆင်ရေးမှန်သမျှ ကြိုတင်ပြီး သိနိုင်တယ်ဗျ။

ဒီမယ် ကျွန်တော်တစ်ခုပြောမယ်၊ ခင်ဗျားခေါင်းထဲ စွဲစွဲ
မြဲမြဲမှတ်ထားစမ်းပါ၊ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် ဒီစစ်
ပွဲဟာ တစ်မျိုးတစ်ဖုံ အကြီးအကျယ် ပြောင်းလဲသွားလိမ့်
မယ်၊ အဲဒီလို ပြောင်းလဲသွားအောင် ဒီလိုလူတွေက အခြေအနေ
ကောင်းလာအောင် လုပ်ကြပါလိမ့်မယ်၊ အဲဒါ ခင်ဗျား
စောင့်ကြည့်နေပါ'

မောရစ်ဆင်သည် လူလောင်သေးသလောက် စိတ်ဓာတ်
ကြီးမား ပြင်းထန်လှသည့် ဆိုယူတာအား ဘာတစ်ခွန်းမျှ ပြန်
မပြောဘဲ ငေးစိုက်ကြည့်နေမိသည်။

ထိုအချိက် ဆိုယူတာသည် မောရစ်ဆင်၏လက်ကို ရုတ်
တရက် ကိုင်ညှစ်လိုက်သည်။ 'တိတ်တိတ်နေ စကားမပြောနဲ့ဦး'

ဂျာမန်စစ်သားတစ်ယောက် ခပ်လှမ်းလှမ်းမှ လာနေသည်။
မောရစ်ဆင်နှင့် ဆိုယူတာအပါအဝင် ဒေါင်ပြင်တွင် ရှိနေ
သော ဗြိတိသျှ စစ်သားများသည် အဆိုပါ ဂျာမန်စစ်
သားကို မျက်စောင်းခတ်ဘဲ စိုက်ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျာမန်စစ်သားသည် ဗြိတိသျှ စစ်သုံ့ပန်းများ အနီးသို့ ရောက်အောင် မသာဘဲ ခပ်လှမ်းလှမ်းမှနေ၍ ဂျာမန်သံဝဲနေသော အင်္ဂလိပ်ဘာသာဖြင့် လှမ်းအော်လိုက်သည်။

'တန်းစီ .. တန်းစီ'

မောရစ်ဆင်နှင့် ဆိုယူတာသည် အခြား သုံ့ပန်း စစ်သားများ ရှိရာသို့ ထလာခဲ့ကြသည်၊

'ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ'

'အခု ကျွန်တော်တို့ကို ကောရင့်မြို့အထိ ခေါ်သွားလိမ့်မယ်ဆင်တယ်၊ အဲဒီမရောက်ခင် အခြေအနေ စောင့်ကြည့်ရမှာပဲ'

'ကောရင့်မြို့ရောက်ရင် ဘယ်လိုလုပ်ဖို့ စီစဉ်ထားလို့လဲ'

'မဟုတ်သေးဘူးလေ...ကောရင့်မြို့ထိအောင် ဘယ်လိုက်သွားလို့ ဖြစ်မလဲ၊ လမ်းမှာတင် ရထားတွဲပေါ်က အသစ်ခုန်ချ နေရစ်ခဲ့မှ ဖြစ်မယ်'

ဂျာမန်စစ်သားများသည် လွယ်စွပ်တပ်ထားသော ရိုင်ဖယ်သေနတ်များ တကားကားဖြင့် ဗြိတိသျှ သုံ့ပန်းများအား အော်ဟစ် အမိန့်ပေးနေကြသည်။

'ဒီမယ်.. မောရစ်ဆင်၊ ခင်ဗျား ကျွန်တော်နဲ့ ကပ်နေနော်၊ လူချင်းမကွဲစေနဲ့၊ တကယ်လို့ မတော်မဆ ကွဲသွားရင်လဲ အေသင်မြို့ကို မဖြစ်မနေ ရောက်အောင်သွားပြီး အဲဒီမှာ ဒေါက်ဘာ သတ္တရေး ဆိုတဲ့ လူတစ်ယောက်ရှိတယ်၊ အမေရိကန် ပီသုကာပညာရှင်အဖွဲ့ကို မေးရင်ရတယ်။ အဲဒီလူနဲ့ ဆက်သွယ်ဖို့ မမေ့နဲ့ ကြားလား'



ဒေါက်ဘာသတ္တရေး....အမေရိကန် ဗိသုကာပညာရှင်

မောရစ်ဆင်သည် ဆိုယူတာပြောသော နာမည်ကို ပါး အသံထွက်၍ မှတ်သားထားလိုက်မိသည်။

အကြာတွင် မောရစ်ဆင်နှင့် ဆိုယူတာ အပါအဝင် န်းစစ်သားများသည် ကာလာမေမြို့အပြင်မှ မီးရထား ရုံသို့ ရောက်လာကြသည်။ ဂျာမန်တို့က သုံ့ပန်းများကို တစ်စုလျှင် လူ ၈၀ စီခွဲ၍ ရထားတွဲများပေါ်သို့ တင်ကြသည်။

များဆုံး တစ်တွဲလျှင် လူ ၄၀ ခန့်သာ စီးနိုင်မည့် းတွဲများပေါ်သို့ တစ်တွဲလျှင် လူ ၈၀ ပါသော အုပ်စု း တက်ခိုင်းကြသည်။

၄၀ ခန့် တက်ပြီးသည်နှင့် တွဲပေါ်တွင် နေရာလပ်မရှိ ပြည့်ကျပ်သွားခဲ့ရာ ကျန် လူ ၄၀ ကို မဖြစ်မနေ အခမ့ ရိုက်နှက်၍ တွဲများပေါ်သို့ မောင်းတင်ကြ ဗြိတိသျှ စစ်သုံ့ပန်းများမှာ ဂျာမန်စစ်သားများ လက် တကယ့် ကျွန်သွားတိရစ္ဆာန်များပမာ အရိုက်အနှက် အနကျွတ်များ ခံကြရသည်။

ရစ်ဆင်နှင့် ဆိုင်ယူတာတို့ ပါဝင်သော လူ ၈၀ အလှည့်မကျသေးသဖြင့် ပလက်ဖောင်းပေါ်တွင် စောင့်နေကြရသည်။

ယ်...ရထားပေါ်ကို ပထမဆုံး အရင် ရောက်အောင် နော်၊ နောက်ကျမနေစေနဲ့၊ တွဲပေါ်ရောက်ရင် ရှေ့ဆုံးက

www.burmeseclassic.com

www.burmeseclassic.com

လက်ဝဲဘက် ထောင့်နားမှာ နေရာ ရအောင် ယူထား ကျွန်တော်လဲအဲဒီနေရာရောက်အောင် လာခဲ့မယ်၊ အဲဒီနေရာ ခေါင်မိုးမှာ အပေါက်ကလေးတစ်ခု ရှိတယ်

ဆိုယူတာက မောရစ်ဆင်အား ခပ်တိုးတိုး မှာနေသည်

ရထားတွဲတံခါး ဖွင့်သိုက်သည့်အင်္ဂါတစ်ဖြိုင်နက် မော ဆင်သည့် တွဲပေါ်သို့ ပြေးတက်လိုက်သည်။

အလားတူပင် အခြားစစ်သားများသည်လည်း သူ ၎င်း အလုအယက်ပြေးတက်ကြရာ၊ မောရစ်ဆင်မှာ သူတို့ ထဲတွင် ညပ်ပါသွားသည်။ ထိုအခိုက်သူ့နောက်မှ ဆိုယူတာ သူ့အင်္ကျီကို တအားကိုင်၍ ဆောင့်တွန်းလိုက်ရာ မော ဆင်မှာ တွဲပေါ်သို့မှောက်လျက်သား လဲကျသော ရှေ့ဆုံး ရောက်သွားခဲ့သည်။

ခဏအကြာတွင် ရထားတွဲ တံခါးကို ဂျိုင်းခနဲ ပိတ် ကြားလိုက်ရပြီး တစ်တွဲလုံးမှောင်သွားသည်။သို့သော် လုံး မမြင်ရအောင် မှောင်သွားခြင်းမဟုတ်တဲ့၊ တွဲဘေး ပျဉ်ပြ များကြားမှ ဝင်လာသောအလင်းရောင်ကြောင့် တစ်ယော ကို တစ်ယောက် မှုန်ဝါးဝါး မြင်ကြရသေးသည်၊

မောရစ်ဆင်သည် သူ့ ဘေးနားမှ ကပ်ညပ် နေသော စစ်သားကို ကြည့်လိုက်ရာ ဘယ်အချိန်က ရောက်နေမှန်း မ လိုက်ရဘဲ ဆိုယူတာ ဖြစ်နေသည်ကို တွေ့ရသည်။

'ဘာပဲဖြစ်ဖြစ် ဒီနေရာကတခြားရောက်မသွားစေနဲ့ ဆိုယူတာက သူ့နားထဲသို့ကပ်၍ တီးတိုးပြောလိုက်သည်



အကယ်တော့ သူတို့နှစ်ယောက်စလုံး သည်နေရာမှတခြား သို့ရောက်သွားစရာလုံးဝအကြောင်းမရှိ၊ အဘယ့်ကြောင့် သော်ခြေချစရာမရှိအောင်တစ်ယောက်အပေါ်တစ်ယောက် ၍ မြဲတဲ့သိပ် ကျပ်ညပ်နေသည်ဖြစ်ရာ ထိုနေရာမှ ရွေ့ချင် ငင်အောင် ဘယ်လိုမှ လှုပ်၍မရ၊ ရွေ့၍ မရနိုင်သည့် မျိုးသို့ရောက်နေသောကြောင့် ဖြစ်သည်။

ရထားသည် တဖြည်းဖြည်းဘီးလှိမ့်၍ထွက်ခွာလာခဲ့သည်။ မောရစ်ဆင်နှင့် ဆိုယူတာတို့သည် လက်ဝဲဘက်ရှေ့ဆုံးမှ ထောင့်ထဲတွင် ညပ်၍ ပါလာကြသည်။ ရထား ထွက်တွင် ညီးငယ် အသက်ရှူ ချောင်သလိုလို ထင်ရသော်လည်း သာသည်နှင့်အမျှ လူငွေ့ဖြင့် မွမ်းကာ အသက်ရှူ ကျပ် သက် ကျပ်လာခဲ့ကြသည်။

တဖြည်းဖြည်းဖြင့် အနံ့အသက်များ ဆိုးရွားသည်ထက် ားလာပြီး ဟိုနေရာ သည်နေရာမှ ချောင်းဆိုးသံများ ည်း အဆက်မပြတ်ကြားနေရသည်။

မောရစ်ဆင်မှာ ခြေသလုံးများတောင့်လာပြီး ခေါင်းထဲမှ ခဏ မိုက်ခနဲ ဖြစ်သွားသည်။

သို့သော် သူ့ ဘေးနားမှ ကပ်နေသော ဆိုယူတာမှာ တစ်ရာထူးထူးခြားခြား ဖြစ်ဟန်မရှိဘဲ သူ့အသက်ရှူ မှန်မှန်ကြီးကြားနေရသဖြင့် ခန္ဓာကိုယ်သေးသလောက် ည်ရှိသော လူပုကလေးကို ချီးကျူးအံ့သြနေမိသည်။

နေ စောင်းလာသော အခါ တွဲပေါ်မှ လူအားလုံး ယောက်မှ မဟာနိုင် တော့ဘဲ တစ်ယောက် ပုခုံးပေါ်

www.burmeseclassic.com

www.burmeseclassic.com

တစ်ခဏယာက် ခေါင်းစိုက်ကာ အချို့စစ်သားများမှာ သ
လစ်သလို ဖြစ်နေကြသည်။

တစ်စတစ်စ မှောင်စပျိုးလာသည်၊ မောရစ်ဆင်သည် မို
ခနဲဖြစ်ကာ ဘဲတိလစ်သလို ဖြစ်သွားသည်။ ဆိုယူတာက
လက်မောင်းကို ဖျစ်ညှစ်လိုက်သည်။

'အား ... ငါးသားနေဘ်၊ ခဏနေရင် ဖောက်ထွက်ကြမယ်

မောရစ်ဆင်က သဘောပေါက်ဟန်ဖြင့် ခေါင်းတစ်ချ
ညိတ်ပြလိုက်သည်။

တအောင့်သော်ကြာသောအခါ ဆိုယူတာက စောင
ကသက် အသံကိုမြှင့်ကာ မောရစ်ဆင်၏ကိုယ်လုံးကို လှုပ်
ရင်း ပြောလိုက်သည်။

'ကဲ... ခင်ဗျားအရင် စတက်ပေတော့၊ ကျွန်တော် တ
တင်ပေးမယ်၊ တာမှမကြောက်နဲ့ အဲပေါ်ရောက်ရောက်ခ
အခြေအနေကြည့်ပြီး မျက်စိမှိတ်သာခုန်ချ စိတ်ချပါ။ မ
နိုင်ပါဘူး'

ပြောပြောဆိုဆိုဖြင့် ဆိုယူတာသည် မောရစ်ဆင်အ
သူ၏ ပခုံးဖြင့် တွန်းတင်လိုက်သည်။ သူ့ ခန္ဓာကိုယ်နှင့်
တန်နိုင် ဖြစ်နေသည်။

'ကဲ... ကိုယ့်လူတို့ သူ့ကိုဝိုင်းပြီး မ ပေးကြပါဦး... ကျွ
ခေါင်မိုးက ဖောက် ထွက်ကြမယ်လို့'

စောစောက ပလှုပ်မယှက်ဖြစ်နေကြသော စစ်သား
သည် ဆိုယူတာ၏ အသံကြောင့် လှုပ်လှုပ် ရှားရှား ဖြစ်



ည်။ မောရစ်ဆင် ဘေးပတ်ပတ်လည်မှ လူ လေး ငါး
ာက်သည် မောရစ်ဆင်အား ဝိုင်း၍ မ လိုက်ကြသည်။
မောရစ်ဆင်သည် ပထမတွင် ကိုးရိုးကားယားဖြင့် အပေါ်
မြောက်တက်သွားရာမှ သူ့ကို ဝိုင်းမပေးကြသူများက
ချက်ညီအောင် ထိန်းလိုက်ကြသဖြင့် သူတို့ခေါင်းပေါ်တွင်
သားတကျ ဖြစ်သွားသည်။

သည် သူ့ ခေါင်းပေါ်တည့်တည့်မှ မသိမသာဟနေသော
ါက်ကလေးကို လက်ဖြင့်စမ်းကြည့်လိုက်သည်။
ို့နောက် ထိုအပေါက်ကလေးမှ အပြင်သို့ ခေါင်းထိုး၍
ကြည့်လိုက်ရာ အေးမြသောလေသည် သူ့ ခေါင်းကို ရုတ်
ရှေ့ဖြင့် လောင်းလိုက်သလို ဖြစ်သွားသည်။

သည် အသက်ကို အားရပါးရဝအောင် ရှူလိုက်သည်။
နောက် အားယူ၍ ပခုံးနှစ်ဖက်ကို အပေါက်ထဲမှ ခက်
ခဲဖြင့် အပြင်ရောက်အောင် ထွက်လိုက်သည်။ ပခုံး
တ်နှင့်အတူ လက်တစ်ဖက် အပြင်သို့ ရောက်သည်နှင့်
ဦးနက် ထိုလက်ဖြင့် ခေါင်မိုးကိုထောက်ကာ ကျန်ပခုံး
တ်ကို အားယူ၍ ထုတ်ယူလိုက်သည်။

အကြာတွင် မောရစ်ဆင်၏ တစ်ကိုယ်လုံးသည် အရှိန်
တ်မကောင်းဖြစ်နေသော ရထားတွဲခေါင်မိုးပေါ်သို့ လုံးလုံး
ျားရောက်သွားသည်။
ောရစ်ဆင်သည် အချိန်ကြာကြာဆိုင်းမနေဘဲ၊ ရထား
ခုန်ချရန် ခေါင်မိုးအစွန်းတစ်ဖက်မှနေ၍ လမ်းဘေးမှ

www.burmeseclassic.com

www.burmeseclassic.com

မြေအနေအထားကို ကိုယ်ကိုစောင်း၍ မသိမသာ ငုံ့ကြ... လိုက်သည်။

ဤတွင် ရထားခေါင်မိုးပေါ်မှ တစ်ခါမျှလိုက်မပါ၍ ... ဖူးခြင်း မရှိသဖြင့် တစ်ကြောင်း၊ အတော်အတန် အရှိန်... စွာ ခုတ်မောင်းနေသော ရထား၏အရှိန်ကြောင့်တစ်ကြော... မောရစ်ဆင်မှာ သူ့ကိုယ်သူ မထိန်းနိုင်ဘဲ၊ ရထားခေါ်... စွန်မှ အောက်သို့လွင့်စင် ကျသွားခဲ့သည်။

မော်ရစ်ဆင်၏ ခန္ဓာကိုယ်သည် မြေကြီးပေါ်သို့ ဖုတ်... ကျသွားပြီး၊ သုံးလေးပတ်ခန့် လိမ့်သွားသည်။

သူသည် ရုတ်တရက် သတိလစ်သလို ဖြစ်သွားပြီမှ ... မအော်မိစေရန် ကိုယ့်ကိုယ်ကို ထိန်းချုပ်ထားလိုက်ပြီး ... ကြီးပေါ်တွင် အရှိန်သေသွားသည်နှင့် တစ်ပြိုင်နက် အလ... မှောက်၍ ဝပ်နေလိုက်သည်။

ထိုအခိုက် ရှေ့နားခပ်လှမ်းလှမ်းဆီမှ ဝုန်းခနဲ အသံ... ကို ကြားလိုက်ရသည်။ တစ်ဆက်တည်းတွင် သေနတ်သံ... ချက်ကို ကြားလိုက်ရပြန်သည်။

ရထားတွဲများ လွန်သွားသည်နှင့် တစ်ပြိုင်နက် မော... ဆင်သည် အလျားမှောက်နေရာမှ ကုန်း၍ ထလိုက်သ... အလွယ်တကူပင် ထနိုင်သဖြင့် သူ့ကိုယ်သူ အတော်... အံ့ဩသွားမိသည်။

ရထားပေါ်မှ လိမ့်ကျခဲ့ပြီး မြေကြီးပေါ်တွင် သုံးလေ... ပတ် လိမ့်သွားခဲ့သည့်တိုင်အောင် တစ်စုံတစ်ရာဒဏ်ရ...



...ဖြစ်ဘဲ လူကောင်းပကတိအတိုင်း ရှိနေသည့်အတွက် ...ဖြနိုင်လောက်အောင် ဝမ်းသာသွားမိသည်။

...သော် အချိန်ကြာကြာ ဆိုင်းနေ၍မဖြစ်သဖြင့် မီးရထား ...းကို မျက်ခြေပြတ်မခံဘဲ သံလမ်းဘေးအတိုင်း ဟိုဟို ...သည် သတိထားကြည့်ရင်း ခပ်ဖြည်းဖြည်းလာခဲ့သည်။ ...စောစောက ရှေ့နားဆီမှ ဝုန်းခနဲ ကြားလိုက်ရသောအသံ ...ချ ဆိုသူတာ ဖြစ်ရမည်ဟု တွက်လိုက်သည်။

...ဖြစ်၍ သူ့ကိုရှာရန် သံလမ်းဘေးအတိုင်း မှန်း၍ ...ောက်လာခဲ့ခြင်း ဖြစ်သည်။

'ဆိုယူဘာ...ဆိုယူတာ'

အသံခပ်အုပ်အုပ်ဖြင့် ကျယ်ကျယ်ကလေးခေါ်ကြည့်သည်။ ...တရက် ...ဘာသံမှမကြားရ ခဏကြာတော့မှ ရှေ့နားဆီမှ ...း သံလိုလို ကြားလိုက်ရသဖြင့် ခပ်သွက်သွက်ကလေး ခြေ... ...ခဲ့သည်။ အသံကြားလိုက်ရသည့် နေရာသို့ ရောက်လာခဲ့ပြီး ...သည်သည် လှည့်ကြည့်လိုက်သည်။ မှုန်မွှားသောလရောင် ...ောက်တွင် သူ့ရှေ့နားမှ မျက်ခင်းပေါ်၌ မှောင်လျက် ...း လဲနေသော လူတစ်ယောက်၏ သဏ္ဌာန်ကို မြင်လိုက်ရ ...သည်။

အနားသို့ရောက်သွားသောအခါ မျက်နှာကို မမြင်ရသေ... ...း လူပုံပန်းသဏ္ဌာန်ကို ကြည့်ရခြင်းအားဖြင့် ဆိုယူမှာ ...ူတာဖြစ်ကြောင်း ချက်ချင်းသိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မောရစ်ဆင်သည် မှောက်လျက်သားလဲကျနေသော ဆို တာအား ဆွဲ၍ ပက်လက်လှန်လိုက်ပြီး ငုံ့ကြည့်လိုက်သည် ဆိုယူဘာမှာ အသက်မရှိတော့။

ရုတ်တရက် ခေါင်းနပမ်းများ ကြီးသွားမိသည်။ နောက် စိတ်ကိုသိမ်း၍ အားတင်းကာ ဆိုယူဘာ၏ အကျီအိတ်များ စမ်းကြည့်သည်။ ဘာပစ္စည်းမှမတွေ့ရ။ ခါးကြားမှ ဓားတို နှတ်တစ်လက်သာ တွေ့ရသဖြင့် ဆွဲယူလိုက်ပြီး သူ့ခါးထဲ ထိုးထည့်လိုက်သည်။

ထို့နောက် မောရစ်ဆင်သည် ဆိုယူဘာ၏ အလောင်း ကျိုင်းနှစ်ဖက်မှနေ၍ မကာ မလှမ်းမကမ်းမှ သစ်ပင်အုပ်က ရှိရာသို့ နှိုင့်တနှိုင့်ဖြင့် ဒရွတ်တိုက်ဆွဲလာခဲ့သည်၊

သစ်ပင်အုပ်ရှိရာသို့ ရောက်သော အခါ မြေကြီးကိုစမ်း မြေပွသည့်နေရာ၌ လူတစ်ကိုယ်စာမြှုပ်နိုင်ရုံမျှ တွင်းက တစ်ခုကို လက်ဖြင့် ပင်ပင် ပန်းပန်းယက်ကာ ဆိုယူဘာ အလောင်းကို ထိုတွင်းကလေးထဲသွင်း မြှုပ်လိုက်ပြီး မြေ များဖြင့် ဖြန့်ဖို့လိုက်သည်။

'အေသင်... အေသင်ကို သွားမှဖြစ်မယ်၊ ဒေါက်တာ သ ရေး၊ သက္ကန္နေး၊ သူ့ကိုတွေ့အောင်ရှာမယ်'

မောရစ်ဆင်သည် သူ့ကိုယ်သူမနည်းအားတင်းထားသ ကြားနှစိတ်ရောက်ပါ ပင်ပန်းလှသဖြင့် နီးရာသစ်ပင်တစ်ပင် မှီနေလိုက်ရသည်။

အတော်ကလေးကြာမှ ထိုနေရာမှထွက်လာခဲ့ပြီး ခပ်လှ လှမ်းမှ ကွင်းပြင်ဘက်ဆီသို့ ဒယိမ်းဒယိုင်ဖြင့် လျှောက်ခဲ့



သည်။ ဆယ့်ငါးမိနစ်ခန့် လျှောက်မိသောအခါ စောစောက ကွင်းပြင်ဟု သူထင်ခဲ့သည်မှာ ကွင်းပြင် မဟုတ်ဘဲ ပင်လယ် ကမ်းခြေတစ်ခု ဖြစ်နေသည်ကိုတွေ့ရသည်။

ကမ်းခြေဘက်နေရာတွင် မီးရောင်များ မှိတ်တုတ်မှိတ်တုတ် ရွာကလေးတစ်ရွာကို လရောင်အောက်တွင် ခပ်ရေးရေး မြင်လိုက်ရသဖြင့် အကြီးအကျယ် ဝမ်းသာသွားမိသည်။

'ရွာကလေး...ဒီရွာကလေးရောက်ရင် လူတွေတွေ့ရမှာပဲ၊ သူတွေ ဟုတ်တယ်၊ ရိုးရွာသူ ရွာသားတွေ၊ အင်္ဂလန် မှာရှိတဲ့ ဂရိလူမျိုးတွေ သူတို့ဆီမှာ ငါပုန်းနေမယ်၊ ငါ နေမယ် သူတို့ဆီကို ငါရောက်အောင် သွားမယ်'

မောရစ်ဆင်သည် မပီလယ် ကမ်းခြေအတိုင်း သဲပြင် ပေါ်တွင် ဒယိမ်းဒယိုင်ဖြင့် ကြိုးစားလာခဲ့သည်။

သို့သော် ခြေထောက်များမှာ သဲထဲတွင်မသယ်ချင့်အောင် ဖြစ်ကာ ဒရွတ်ဆွဲလာခဲ့ရာမှ နောက်ဆုံးတွင် လုံးဝမသယ်နိုင် တော့ဘဲ သဲထဲတွင် ဒူးထောက် လဲကျသွားသည်။

သူသည် လဲကျသွားရာမှ အားယူ၍ထလိုက်သည်၊ ထ၍မရ ဒူးထောက်လျက်သားဖြင့် သဲထဲတွင် လက်နှစ်ဖက်ကိုယက်ကာ လေးဖက်ထောက်၍ လာခဲ့သည်။ သတိမလစ်အောင် အစွမ်း အားတင်းထားမိသည် ရွာနဲ့နီးလာပြီ...ရွာနဲ့နီးလာပြီ၊ ဆိပ်ရောက်ပြီ

သူသည် ပထမဆုံးတွေ့ရသော အနီးဆုံးတဲဆီသို့ သွား မိကျောင်းတက် တက်သလို လေးဖက်တွား၍ လာခဲ့ သည်။ တဲတံခါးဝသို့ ရောက်သောအခါ မတ်နိုင်တော့ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းစိုက်ကျသွားခဲ့ရာ တံခါးနှင့်ခေါင်းနှင့် ဆောင့်မိသွား
သည်။

'ကယ်ကြပါ...ကျွန်တော့်ကို ကယ်ကြပါ'

ဖြုန်းခနဲ တံခါးပွင့်လာသည်။

မောရစ်ဆင်သည် တံခါးဝမှ တဲအဲသို့ မှောက်လျက်သား
လဲကျသွားသည်။ လုံးဝ သတိလစ်သွားသည်။

* * *

## ဆရာ တပည့်နှစ်ယောက်

တယ်လီဖုန်းသံ ဆူညံစွာကြားရသည်။

ဟောလီဆာ အိပ်ရာပေါ်တွင် ဟိုဘက်မှ သည်ဘက်သို့ လှိမ့်
လိုက်သည်။ ထို့နောက် ခေါင်းရင်းဘက်မှ စားပွဲပေါ်ရှိ
တယ်လီဖုန်းခွက်ကို လက်ဖြင့် စမ်းကာ လှမ်းယူလိုက်ပြီး
ခေါင်းအုံးပေါ်တွင် ကြောကို မှီထားရင်း နားထောင်ကြည့်
လိုက်သည်။

'ကျွန်တော်ပါ...ဇာဗော့ပါ'

ဖုန်းခွက်ထဲမှ အသံထွက်လာသည်။ 'အခုလို အချိန်မတော်
ကြီး ခေါ်ရတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော်
တို့ အေသင်ကို ပြန်ရောက်ပါတယ်'

'မင်းအခု ဘယ်ကပြောနေတာလဲ' ဗိုလ်ကြီး ဟောလ်ဆာ
က အိပ်ချင်မူးတူးအသံဖြင့် မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ချုပ်ကမေ'

'ဒါဖြင့် မင်း အခုချက်ချင်း ဒီဟိုတယ်ကို လာခဲ့ ကြား
လား'

ဟေလ်ဆာသည် တယ်လီဖုန်းခွက်ကို ဆောင့်၍ချလိုက်
သည်။ သူ့ ခေါင်းမှ အမျိုးသမီးသည် မျက်လုံးကို မဖွင့်ဘဲ သူ့
ဘက်သို့ လှိမ့်၍ ကူးလာသည်။ သူမကိုယ်ပေါ်မှ စောင်သည်
အောက်သို့ အနည်းငယ် လျှောကျသွားသည်။

ဟေလ်ဆာသည် သူတို့နှစ်ယောက် အတူခြုံထားသော
စောင်ကို သူ့ကိုယ်ပေါ်မှ ဆွဲဖယ်လိုက်ပြီး အိပ်ရာပေါ်မှ ရုတ်
တရက် ထလိုက်သည်။ သူမ၏မျက်လုံးများ ပွင့်လာသည်။

'ဘယ်ကိုသွားဦးမှာလဲမောင်'

'ကိစ္စရှိလို့ပါကွာ၊ အသာအိပ်နေစမ်းပါ'

သူမသည် ကိုယ်ကို အပေါ်သို့ အနည်းငယ် ရွေ့ထွား
အောင် ထိုးလိုက်ပြီး ခုတင် ခေါင်းရင်းဘက် ခုံကလေးပေါ်
မှ သံပုံးကလေးထဲသို့ လက်နှိုက်လိုက်သည်။ သူမလက်ထဲတွင်
ချော့ကလက် လေးငါးခု ပါလာသည်။ ချော့ကလက်တစ်ခုကို
ဖြည်၍ ပါးစပ်ထဲ ထည့်ရင်းက အိပ်ရာပေါ်မှ ထသွားသော
ဟေလ်ဆာကို မခေ့နုပ်သော အမူအရာဖြင့် မျက်စောင်းထိုး
လိုက်သည်။ ဒါပေမဲ့ ပါးစပ်ကတော့ ချော့ကလက်
အဝါးမပျက်...

'မွှေးမွှေးလာပေးဦးလေ'

'အိပ်မှာသာ အိပ်စမ်း'



ဟေလ်ဆာသည် သူမကို လှည့်မကြည့်ဘဲ နံရံမှ ကြွေအင်
တုံရှိရာသို့ သွား၍ မျက်နှာကို အားရပါးရ သစ်နေသည်။
နောက် မျက်နှာသုတ်ပြီး ဆံပင်ကို ခေါင်းလိမ်းဆီလိမ်းကာ
ခေါင်းဖြီးလိုက်သည်။ ကြွေအင်တုံ၏ အထက်နားတွင် ရှိနေ
သော မှန်ထဲမှ ဟေလ်ဆာ၏ မျက်နှာမှာ ခါတိုင်းကဲ့သို့ သူ့
ကိုယ်သူ ကျေနပ်နေသည့် အမူအရာမျိုး မတွေ့ရတော့ဘဲ ဖြစ်
နေသည်။

ဇာခေဘ့ဆိုတဲ့ ဂရီ ဝက်ပုဟ်လုပ်လိုက်မှတော့ ဘယ်ကျေ
အံ့စရာ ရှိပါတော့မလဲ၊ သူလာတော့မယ် ဆိုကတည်းက
မှ ချမ်းသာအောင်းတစ်ခုခု ပါလာမယ်ဆိုတာ သေချာနေပြီ
မှန်သည်။ ဇာခေဘလုပ်သမျှ အရာနှင့်အကြောင်းကြောင်း
အသုံး ဖြစ်ခဲ့သည်။ မဟုတ်မ သူအသုံးမကျသည့်အတွက် ရှေ့နေ
ကြီး ဖြစ်ဇာဂုးသည့် ကိုယ့်ကိုယ်ကို သတ်သေသွားခဲ့သည်

စတားဂုးသေသွားသဖြင့် လျှို့ဝှက်သော စာရင်းပါ သော
ရှာသို့ မပါသွားသည်။ ဒုတိယ ဆိုယူတာကို လွတ်ထွက်သွား
အောင် သူလုပ်ခဲ့ပြန်သည်။ တတိယ သူညံ့ဖျင်းသည့်အတွက်
အမေရိကန်လူမျိုး မော်ရစ်ဆင်ဆိုသူက အားလုံး ကာမောက်
မော ဖြစ်အောင် လုပ်သွားနိုင်ခဲ့သည်။

'ဒီစားရေးဆရာဆိုတဲ့ အမေရိကန်ကောင်ကလဲ အတော်
လာက်ဒုက္ခပေးတဲ့ကောင်ပဲ'

ရသမျှ သတင်းများကို ဆက်စပ်ကြည့်လိုက်ခြင်း အားဖြင့်
သောက်ကင်နှင့် ဆိုယူတာတို့သည် အမေရိကန် စာရေးဆရာ

www.burmeseclassic.com

www.burmeseclassic.com



မောရစ်ဆင် ဆိုသူအား သူတို့အလုပ်ထဲ ဆွဲသွင်းပြီး အသုံးချသွားသည်ကို ဟောလ်ဆာ သိလိုက်ရသည်။

သို့ဖြစ်၍လည်း မောရစ်ဆင်အား အောသင်မြို့တွင် မြေလှန်ရှာခဲ့သည်။ ဘယ်မှာမှ ရှာမရ၊ နောက်ဆုံး အမေရိကန်သံရုံးမှ ဓာတ်ပုံနှစ်ပုံသာ ရခဲ့သည်။ တစ်ပုံက မောရစ်ဆင်၏ ဝတ္ထုစာအုပ် နောက်ကျောဖုံးမှ ဓာတ်ပုံ၊ နောက်တစ်ပုံက နိုင်ငံကူးလက်မှတ်တွင် ကပ်ထားသော ဓာတ်ပုံ သို့သော်သည်ဓာတ်ပုံ နှစ်ပုံစလုံးမှာ မောရစ်ဆင်၏ အသွင်အပြင်ကို ခေါက်ခေါက် ပင်လျှင် မှတ်မိနိုင်စရာ မရှိသည့်ပုံတွေ ဖြစ်နေသည်။

သည့်နောက် မော်စလေထံမှ တယ်လီဖုန်း သတင်းအရ မောရစ်ဆင်တစ်ယောက် သည်နိုင်ငံထဲမှာပဲ ရှိနေကြောင်း သိရသည်။ ဗြိတိသျှ တပ်များနှင့် ပါသွားကြောင်း သိရသည်။

သည်သတင်းအရ ဟောလ်ဆာနှင့် ဇာဗော့တို့နှစ်ယောက် ကောရင့်မြို့သို့ အပြေးအလွှားရောက်ကာ ဗြိတိသျှ သုံ့ပန်းတွေထဲမှာ မောရစ်ဆင်ကို ရှာကြသည်။ အဲဒီမှာလဲ သူ့ကိုမတွေ့။ မော်စလေ အလောင်းကိုသာ ကာလာမေမြို့အနီးမှ ပင်လယ်ကမ်းခြေတွင် တွေ့ရသည်။ အမေရိကန် စာရေးဆရာက သည်တစ်ချီ အပိုင်ထုသွားခဲ့သည်။

နောက်တစ်ဖန် ဆိုယ္ယူတာ၏အလောင်းကို မီးရထားလမ်းဘေး တစ်နေရာတွင် မထင်မရှား မြှုပ်ထားသည်ကို တွေ့ပြန်သည်။ သည်ရထားပေါ်တွင် ပါသာသမျှ ဗြိတိသျှ သုံ့ပန်းများကို တစ်ယောက်မကျန် စစ်ဆေးမေးမြန်းခဲ့သည်။



သည်အတွက် ဟောလ်ဆာမှာ နာရီပေါင်း ၆၀ လုံးလုံး တစ်မှေးမျှ မမှေးရအောင် ပင်ပန်းခဲ့ရသည်၊ နောက်ဆုံး စစ်ဆေးမေးမြန်းခဲ့ရသမျှ ခန့်မှန်းကြည့်ရသလောက် ထိုရထားပေါ်တွင် ဆိုယ္ယူတာနှင့် မောရစ်ဆင်တို့ နှစ်ယောက်စလုံး လိုက်ပါလာပြီး ရထားပေါ်မှ ခုန်ချထွက်ပြေးကြဟန်တူသည်။

ရထားပေါ်မှ ခုန်ချကြရာတွင် ဆိုယ္ယူတာမှာ မတော်တဆ သေဆုံးခဲ့ပြီး ,မောရစ်ဆင်မှာ လွတ်မြောက်သွားခဲ့ပုံရသည်။

သည်နေရာမှာပင် မောရစ်ဆင်တစ်ယောက် ခြေရာပျောက်သွားခဲ့သည်။

ဒါ့ကြောင့် သူတို့နှစ်ယောက် ရထားပေါ်မှ ခုန်ချခဲ့သည့် နေရာတစ်ဝိုက်သို့ ဇာဗော့အား စေလွှတ်၍ စုံးစမ်းခိုင်းခဲ့သည်။ ဇာဗော့ ပြန်ရောက်လာပြီ...။

ဒါပေမယ့် သူ့ထံမှ သထင်းကောင်း ကြားရဖို့ ခဲယဉ်းသည်၊ အမင်္ဂလာသတင်းဆိုးများသာ ကြားရဖို့သေချာသည်၊ လုပ်သမျှ အဆင်မပြေတာကများသည်။ သူလုပ်ခဲ့သမျှ အရာကြောင်းကြောင်းချည်း ဖြစ်သည်။

ဟောလ်ဆာသည် ခေါင်းဖြီးနေရာမှ ဝက်မှင်ဘီးကို ပစ်ချလိုက်သည်။

ဇာဗော့သည် ဧည့်ခန်းထဲတွင် ဦးထုပ်ကို လက်မှကိုင်ရင်း ခန်းထောင့်မှ အရက်မျိုးစုံ ထည့်ထားသော မှန်ဗီရိုကို ကြည့်နေမိသည်။ ကြည့်နေရင်းက သွားရည်ယိုလာ၍ မျိုချလိုက်ရသည်။ 'တစ်နေ့ကျရင် ဒီလိုအရက်အကောင်း

www.burmeseclassic.com

www.burmeseclassic.com

စားတွေကို တပကြီးသောက်နိုင်တဲ့ အခြေအနေမျိုး ရော ဦးမှာပေါ့ကွာ'

အခန်းထဲသို့ ဟောလ်ဆာ ပြုန်းခနဲဝင်လာသဖြင့် ဇာဗော မှာ စိတ်ကူးပျက်သွားသည်၊ သူတို့နှစ်ယောက်သည် တစ် ယောက်နှင့် တစ်ယောက် စကားမပြောကြဘဲ မေတ္တာမျှ အပြ အလှန်စိုက်ကြည့်နေကြသည်။

အကြည့်ထဲတွင် မုန်းတီးမှု၊ မယုံသင်္ကာမှုနှင့် ရွံရှာမှုများ သည် နှစ်ယောက်စလုံး၏ မျက်လုံးများထဲတွင် ပေါ်နေကြ သည်။

'ကဲ...ဘယ်လိုလဲ ဆိုစမ်းပါဦး' ဟောလ်ဆာက သူပြောနေကျ ဆိုနေကျစကားလုံးများဖြင့် စ၍ ပျိုးလိုက်သည်၊ သည်စကား လုံးကိုပင် ဇာဗော့အကြောက်ဆုံး ဖြစ်သည်၊ အရွံ ဆုံးဖြစ် သည်။

ဗိုလ်ကြီး ပြောသလို ပိုက်စိပ်တိုက်ပြီး ရှာတာပါပဲ၊ ဒါ ပေမယ့် ဒီကောင်ကို အရိပ်အငွေ့တောင် မတွေ့ခဲ့ရဘူး

'အမတော်သောက်သုံး မကျတာဘဲ...' ဟောလ်ဆာက ပြ ပက်စက်စက် ပြောလိုက်သည်။ သူသည် အိတ်ထဲမှ စီးကရက် ဘူးကိုထုတ်၍ စီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်။ ပြီး အရက်ဗီရိုကလေးဆီသို့ လျှောက်သွားသည်။ မြည်ဟွင်းဖြ ဂရိအရက်ကို ဖန်ခွက်ထဲသို့ ဟစ်ခနဲထည့်လိုက်ပြီး ဇာဗော အား ငေးကြည့်လိုက်သည်။ ဇာဗော...သူ့ အတွက် ဝီစကီ အကောင်းစားတစ်ခွက် ထည့်လိုက်သည်။



ဇာဗော့သည် ဖန်ခွက်ထဲမှ အရက်တစ်ငက်သာသာခန့်ကို ...ကြိုက်တည်းဖြင့် မော့ချလိုက်ပြီး သူ့နှုတ်ခမ်းကို လျှာဖြင့် ...သော လျက်လိုက်သည်။

တကယ်ပါပဲ ဗိုလ်ကြီး၊ ဒီကောင်ကို ဘယ်လိုမှရှာလို့မတွေ့

တော်စမ်း...တိတ်၊ ဒါမြင်းအသုံးမကျလို့ပေါ့' ဟောလ်ဆာ ...ည် ဒေါသဖြင့် လှမ်းအော်လိုက်ပြီး သူ့လက်ထဲမှ ဝီစကီ ...က်ကို စားပွဲပေါ်သို့ ဒေါက်ခနဲ ဆောင့်ချလိုက်သည်။

ထို့နောက် စားပွဲအံဆွဲကို ဆွဲလိုက်ပြီး အထဲမှ ခပ်သွယ်သွယ် ...က်ခေါက်ကြီးတစ်ခုကိုယူလိုက်သည်။ သည်စာရွက်ခေါက် ...ကို ဖြန့်လိုက်သောအခါ ဂရိနိုင်ငံ တောင်ပိုင်းတစ်ခုလုံး ...သော ရောင်စုံခြယ်ထားသည့် မြေပုံကြီးကိုတွေ့ရသည်။

ဟောဒီ...ဟောဒီ ပင်ဂနဲ့ကျွန်းတစ်ဝိုက်က လူတွေကို ...လိုက်ရင် ဒီကောင်ဘယ်မှာရှိတယ်ဆိုတာ သိရမှာပေါ့ကွ'

ဟောလ်ဆာသည် မြေပုံပေါ်မှ တစ်နေရာကို ခဲတံနီဖြင့် ...ိုင်း ဝိုင်းပြလိုက်သည်။ ပြီး ခဲတံကို စားပွဲပေါ်သို့ ...က်ခနဲ ပစ်ချလိုက်သည်။

'ကျွန်တော်တို့လဲ မေးတာပါပဲ ဗိုလ်ကြီး၊ အားလုံး လူ ...င်း တစ်ထောင်ကျော်ကျော် မေးခဲ့တာပါပဲ'

'လူတစ်ထောင်ကိုမေးလို့ မသိရသေးရင် လူတစ်သောင်း မေးရမယ်ကွ...နားလည်လား'

ဟောလ်ဆာသည် ဒေါသဖြင့် သံကုန်အော်လိုက်သည်။ လက် ...မှ စီးကရက်တိုကို ကြမ်းပေါ်သို့ ပေါက်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'တို့အခု ဘယ်လိုကောင်မျိုးနဲ့ ရင်ဆိုင်နေရတယ်ဆိုတာ မ
သိရဲ့လား၊ တကယ့်လူသယ်ကွ၊ လယ်လို့ စာရေးဆရာ လု
စားနေတဲ့ကောင်၊ အဲဒီတော့ ဒီကောင်နဲ့ပတ်သက်လို့ တို့လု
စရာ နှစ်ခုပဲရှိတယ်။

ဒီကောင်ရှိရာ တို့လိုက်သွားရမလား၊ တို့ရှိရာကို ဒီကော
လာအောင် စောင့်နေမလား...ဒါပဲ၊ ဒီကောင် အေသင်ကို
ပြန်လာရမယ်၊ ဒီကိုပြန်လာပြီး သူတို့လူတွေနဲ့ ပြန်ဆက်မှာ

ဟောလ်ဆာသည် သူ့စကားကို ခေတ္တမျှရပ်လိုက်ပြီး ကြမ်
ပြင်ကို စိုက်ကြည့်လိုက်သည်။ ပြီးမှ သူ့ကိုယ်သူ ပြောသည့်
လေသံမျိုးဖြင့် ဆက်ပြောလိုက်သည်။

'ဒါပေမယ့် ဒီကောင်ကို တို့စောင့်နေလို့ မဖြစ်ဘူး၊
ရှိမယ့်နေရာကို လိုက်မှဖြစ်မယ်၊ ဒါလောက် အရှိန်နဲ့မောင်း
နေတဲ့ ရထားပေါ်က ခုန်ချမှတော့ ဆပ်ကပ်ထဲက ဘား
ချွမ်းသမားမှ မဟုတ်ဘဲ ဒဏ်ရာရမှာတော့ သေချာတယ်
အဲဒီတော့ ဒီကောင်ဟာ အဲဒီနေရာတစ်ဝိုက်မှာဘဲ ရှိရဦး
မယ်'

'ဗိုလ်ကြီးပြောတဲ့အတိုင်း ဟုတ်မှာပါဘဲ'

ဟောလ်ဆာသည် ဝါဇော့အား ရွံ့ရှာသည့်အမူအရာဖြင့်
ရှုံ့မဲ့၍ ကြည့်လိုက်သည်၊ ပြီး စားပွဲပေါ်မှ ဗီစကီခွက်ကို
လှမ်းယူ၍တစ်ချက် မော့လိုက်သည်။

'အဲဒီတော့ ဘာမှပြောမနေနဲ့၊ ငါကိုယ်တိုင် နော်ပယ်လီယ
မြို့ကို လိုက်သွားပြီး ဒီကောင်ကို မတွေ့တွေ့အောင်ရှာမယ်'



ဟောလ်ဆာသည် ပြောပြောဆိုဆိုဖြင့် ထိုင်ရာမှ ထလိုက်
သည်။

'အဲဒါပဲ ဝါဇော့...ငါပြောတာ ကြားတယ်မဟုတ်လား၊
တို့နဲ့ မိတ်ဆွေကြီး မစ္စတာ မောရစ်ဆင်ကို ငါကိုယ်တိုင်
ခေါင်းဆောင်ပြီး မြေလှန်ရှာမယ်'

'ဟုတ်ကဲ့ပါ ဗိုလ်ကြီး'

* * *



www.burmeseclassic.com

www.burmeseclassic.com

## ညိုဖြာညွှက်ကလေး အိလက်သစ

ရှက်တရက် မျက်လုံးများကို ဖွင့်ကြည့်လိုက်ရာ အားလုံး ဖွေးဖွေးဖြူနေသည်ကို တွေ့ရသည်။ အဖြူရောင်မှာ စူးရှ သဖြင့် မျက်လုံးများကို ချက်ချင်းပြန်ပိတ်လိုက်ရသည်၊ ပြီး လက်ဝါးဖြင့် ကာရင်း ဖြည်းဖြည်းချင်း အားယူ၍ မျက်လုံး များကို ပြန်ဖွင့် ကြည့်လိုက်သည်။

သို့ တိုင် အောင် အဖြူရောင်များသည် မောရစ်ဆင်၏ မျက်လုံးထဲတွင် ဝါးပြီး ပြာနေဆဲဖြစ်သည်။ သူဘယ်နေရာ ရောက်နေသည်ကို စဉ်းစားရင်းက ပင်လယ်ကမ်းခြေမှ ရွှ ကလေး တစ်ရွာ၏ တဲတံခါးဝတွင် လဲကျ သွားခဲ့သည် အထိ ရမိသည်။ သည်တော့မှ သူ့ တကိုယ်လုံး ကိုက်ခဲနာကျင် နေသည်ကို သတိပြုမိသည်။

လေးအယ်လေးအနံ့ရှိများကိုအဖြူရောင်သုတ်ထားသည့် အခန်းတစ်ခန်းထဲသို့ သူရောက်နေသည်။ သူ့ခေါင်းရင်းတွင် ချိတ်ဆွဲထားသည့် ပေါ်ချပ်ထဲမှ သခင်ယေရှုသည် ခုတင်ပေါ်



…လျှောင်းနေသော မောရစ်ဆင်အား ငုံ့ကြည့်နေသည် …င်ရသည်၊

…ရစ်ဆင်သည် ခေါင်းရင်းဘက်သို့ ကိုယ်ကို အနည်း …၍ ထိုးလိုက်သည်။ တစ်ကိုယ်လုံးမှ အကြောများကို …ဆွဲလိုက်သလို ဖြစ်သွားသဖြင့် ရှက်တရက် ပါးစပ်မှ … ညည်းလိုက်မိသည်။

…ဖက်ခန်းမှ လှုပ်ရှားသံတစ်ခု ကြားလိုက်ရပြီး သည် …ခန်းထဲသို့ တစ်စုံတစ်ယောက် ဝင်လာသည်ကို သိလိုက် … ခြေရင်းဘက်မှ တံခါးဝသို့ လှမ်းကြည့်လိုက်သည်။ …သူမှာ မိန်းမပျို ကလေး တစ်ယောက်၊ အသက် …ခန့်…။

…သည် ခြေဘက်ကို ခပ်ဖွဖွနင်းကာ ခုတင်ဘေးတွင် …၍ မောရစ်ဆင်အား ငုံ့ကြည့်လိုက်သည်။ နက်မှောင် မျက်ခုံးကောင်းကြီးများ အောက်မှ မျက်လုံးများ …ဝိုးရိမ်မှုအရိပ်အယောင်များ သမ်းနေသည်။

…ည်လျှားလှသော ပိတုံးရောင် ဆံပင်များသည် ဖွံ့ထွား … သူမ၏ ကိုယ်ခန္ဓာအထက်ပိုင်းမှ ညိုညွှက်သော ပခုံး …က်ပေါ်သို့ ဖားလျားကျနေသည်။

…ဖြူရောင် လည်ဟိုက်လက်ပြတ်အင်္ကျီနှင့် ရောင်စုံပန်းပွင့် …ထားသော ဂါဝန်ရှည်ကြီးအား ခါးလယ်မှစည်း …သော … ရင်းကြီးသည် သူမ၏ကိုယ်လုံးကိုယ်ပေါက်… …က်ကြွ … ဖော်ပေးထားသလို ဖြစ်နေသည်။

www.burmeseclassic.com

သူမသည် ခုတင်ပေါ်တွင် မလှုပ်မယှက် ဖြစ်နေသော
မောရစ်ဆင်၏အနီးသို့ကပ်၍ ငုံ့ကြည့်လိုက်သည်။ လည်ပင်း
အင်္ကျီ၏အတွင်းဘက် အထက်နားဆီမှ ရင်သားနှစ်ခုကြား
မို့မို့ဖောင်းဖောင်း အစေ့အကြောင်းကလေးတစ်ခု လှစ်
ပေါ်သွားသည်။

'ကျွန်တော့်ကို ထူပေးကြပါ၊ ကျွန်တော် အေးသင့်
ရောက်အောင် သွားမှ ဖြစ်မယ်'

မောရစ်ဆင်သည် သတိမရတစ်ချက် ရတစ်ချက်ဖြင့် ညည်း
တွားရင်း ပြောလိုက်သည်။

မိန်းမပျိုကလေးသည် ရုတ်တရက် ပါးစပ်မှ ဂရိဘာသာ
ဖြင့် တစ်စုံတစ်ခုကို တိုးတိုးကလေး လွှတ်ခနဲ ပြောလိုက်
အခန်းပြင်ဘက်သို့ ချက်ချင်းပြန်ထွက်သွားသည်။

မောရစ်ဆင်သည် အခန်းပြင်ဘက်သို့အပြေးကလေးထွက်
သွားသောမိန်းမပျို၏ခြေသံကြောင့် မျက်လုံးများကိုမှေးထား
ရာမှ အားယူ၍ဖွင့်ကြည့်လိုက်သည်၊ ခုတင်ဘေးနားမှ ကုလား
ထိုင် တစ်လုံးပေါ်တွင် ချိတ်ထားသော စစ်အင်္ကျီတစ်ထည်
တွေ့ရသည်။ သူ့အင်္ကျီပင် ဖြစ်ကြောင်းသိလိုက်ရသည်။
မျက်လုံးများမှာ စောစောကထက် ပို၍ ကြည်ကြည်လင်လင်
ဖြစ်လာသည်။

သူသည် ကုလားထိုင်ပေါ်မှ အင်္ကျီဆီသို့ လက်လှမ်း၍
အင်္ကျီအိတ်ကို စမ်းလိုက်သည်။ အိတ်ထဲမှ ...တို သေနတ်
တစ်လက်ထွက်လာသည်။ သူသည် ထိုသေနတ်ကို ခေါင်းအုံး
အောက်သို့ အသာထိုးထားလိုက်သည်။



ခဏအကြာတွင် မိန်းမပျိုကလေးသည် လူနှစ်ယောက်နှင့်
အတူ အခန်းထဲသို့ ပြန်ဝင် လာသည်။ တစ်ယောက်မှာ
...င်ထောင် မောင်းမောင်း ဗလ ကောင်းကောင်းဖြင့်
...င်းမှ ဖောက်ထားသော ဝတ်ရုံအနက်ကြီးကို ဝတ်ဆင်
ထားသည်။

အခြားတစ်ယောက်မှာ အရပ်ပုပု၊ ဝဝတုတ်တုတ်နှုတ်ခမ်း
... ရေးရေးဖြင့် ဘဲလေးအကာသမားများ ဝတ်လေ့ရှိသည့်
...ည်အင်္ကျီကို ဝတ်ဆင်ထားသည်၊

...တို့နှစ်ယောက်သည် မောရစ်ဆင်အား တစ်ချက် လှမ်း
...လိုက်ပြီး သူတို့ အချင်းချင်း ဂရိဘာသာဖြင့် အပြန်
...န် ပြောကြသည်။ ပြီးနောက် ဘဲလေးအင်္ကျီ ဝတ်ထား
...သူသည် တံခါးဝသို့သွား၍ အပြင်သို့တစ်စုံတစ်ရာ လှမ်း
...ပြောလိုက်သည်။မကြာမီ နောက်ထပ် ယောက်ျားမိန်းမ
...တ်ယောက်ခန့်အခန်းထဲသို့ဝင်လာပြန်ရာ အခန်းကလေး
လူများဖြင့် ပြည့်ကျပ်သွားသည်။

...မိန်းမများသည် သူတို့နှင့်အတူ စားစရာ သောက်စရာများ
...သီး ယူလာကြရာ ချက်ချင်းပင် ခေါင်းရင်း ဘက်မှ
...လေးနှင့်ခုတင်ဘေးမှ ကုလားထိုင်တွင် ကြက်သားကြော်၊
...သမင်း၊ ပေါင်မုန့်နှင့် ဝိုင်အရက်များ ပြည့်သွားသည်။
ဘဲလေးအင်္ကျီနှင့် လူက စားပွဲပေါ်မှ ဝိုင်အရက်ခွက်ကို
...ထဲသို့ လောင်းထည့်ပြီး မောရစ်ဆင်အား လှမ်းပေး
...သည်။ ထိုဝိုင်အရက်ကို သောက်ရန် မောရစ်ဆင်အား
...အရာဖြင့် လုပ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



မောရစ်ဆင်သည် လှဲနေရာမှထိုင်ရန် ကြိုးစား၍ အား ထလိုက်သည်။ခုတင်ဘေးတွင် ရပ်နေသောမိန်းမပျိုကလေး ခေါင်းအုံးများကို မောရစ်ဆင်၏ ကျောအောက်သို့ ရော အောင် အသာအယာ ထိုးပေးလိုက်သည်။ အခန်းထဲရှိ အားလုံးက မောရစ်ဆင်အား စိုက်ကြည့်နေကြသည်။

မောရစ်ဆင်သည် ရှင်ထဲက ဆာလောင်မွတ်သိပ်နေ လည်း ထင်သလောက်စား၍မရဘဲ ဖြစ်နေသည်။ပေါင်မုန့် ဝိုင်အနည်းငယ်သာ စားနိုင် သောက်နိုင်သည်။

ဘဲကလေးအကျီနှင့်လူက နေ့လက်ထပ်စားရန်အမှုအရာ တိုက်တွန်းသော်လည်း လုံးဝစား၍ မရတော့သဖြင့် လာ သာ ခါပြလိုက်ရသည်။

တအောင့်လောက် ကြာသောအခါ ဘဲကလေးအကျီ လူကပင် ဂရိအားသားစကားဖြင့် စကားတစ်ခွန်းပြောလိုက် မိန်းမပျိုကလေးမှလွဲ၍ကျန်လူအားလုံး အခန်းထဲမှအလျို ဖြင့် ပြန်ထွက်သွားကြသည်၊အခန်းထဲတွင် လူရှင်းသွားသော အခါ ဘဲလေးအကျီနှင့် လူက အင်္ဂလိပ်စကား မသော တခေါက်ဖြင့် မောရစ်ဆင်အား ပြောပြသည်။

'ကျုပ်နာမည်က ယာလောရစ်ပါ၊ ခရစ်စတော်ယာလော ရစ်လို့ ခေါ်ပါတယ်။ ဒါကတော့ ကျုပ်တူမပါ၊ သူ့နာမည် ကတော့ အီလက်သာလို့ ခေါ်ပါတယ်။

သူက ဒါနီကာမြို့မှာ နေပါတယ်။ အဲဒီမြို့မှာ ကျုပ်အ အိုကြီးကို ကြည့်ရှုစောင့်ရှောက်နေရာက အခု ခင်ဗျားကို



ဖို့ ဒီကိုခေါ်ထားပါတယ်၊ ခင်ဗျားနာမည် ဘယ်လိုခေါ်ပါ သလဲ....'

သူ့စကားအဆုံးတွင် မောရစ်ဆင်က ကျေးဇူးတင်သည့် အပြုံးမျိုးဖြင့် အားယူ၍ပြုံးလိုက်ရင်း...

'ဟုတ်ကဲ့၊ ကျွန်တော့်ကို အခုလို ကယ်ဆယ်စောင့်ရှောက် ခဲ့တာကို ကျေးဇူးအထူးတင်ပါတယ်။ ကျွန်တော့်အတွက် ဝင် ပန်းပြီး ဒုက္ခရောက်ကြရတာကိုလဲ အများကြီး ဝမ်းနည်းပါ တယ်။ ဒါ့အတွက်လဲ တောင်းပန်ပါတယ်။

ကျွန်တော့်နာမည်ကတော့ ဂျေလို့ ခေါ်ပါတယ်၊ ဂျေ ဆင်ဒန်လို့ ခေါ်ပါတယ်။ ဒါနဲ့ ကျွန်တော် အခု ဘယ် ရောက်နေတယ်ဆိုတာ သိပါရစေ'

'ခင်ဗျား အခု ပါလီခိုရာနယ်ထဲ ရောက်နေပါတယ်'

'ပါလီခိုရာ ဟုတ်လား'

'ဟုတ်ပါတယ်...ဒီနေရာက အောသင်မြို့ရဲ့ မြောက်ဘက်ကို ထိုမီတာ နှစ်ရာလောက်ဝေးပါတယ်'

'အောသင်မြို့ရဲ့ မြောက်ဘက်....ဟုတ်ရဲ့လား....။ တောင် ဘက် မဟုတ်ဘူးလား....၊ ကျွန်တော် ဂရိနိုင်ငံတောင်ပိုင်း ရောက်မနေတယ်မဟုတ်လား၊ဘယ်လိုလဲ....ကျွန်တော်တော့ နား မလည်နိုင်အောင် ဖြစ်နေပြီ'

'ဟုတ်ပါတယ်...ခင်ဗျားကို ကျွန်တော်တို့ စတွေ့ခဲ့တာ တာ အောသင်ရဲ့ တောင်ဘက်၊ နော်ပလီယန်မြို့နားမှာပါပဲ၊ အဲဒီမှာ ရထားပေါ်က ခုန်ချပြီး ခင်ဗျား နော်ပလီယန် ဆင် ခြေဖုံးက ရွာတစ်ရွာကို ဒဏ်ရာနဲ့ ရောက်လာပါတယ်၊ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



တုန်းက ခင်ဗျားလိုပဲ အင်္ဂလိပ်စစ်သားတွေ တော်တော်များ များ ရထားပေါ်ကခုန်ချပြီး ထွက်ပြေးခဲ့ကြပါတယ်၊ ခင်ဗျား အတွက် ကံကောင်းချင်တော့ အဲဒီရွာကလေးက အိမ်တစ်အိမ် ကို ခင်ဗျားရောက်လာချိန်မှာ ကျွန်တော်တို့ကလဲ အဲဒီအိမ်ကို ခဏအလည်သွားရင်း ရောက်နေပါတယ်'

အဲဒီမှာ ခင်ဗျား လုံးဝသတိမေ့ပြီး မလှုပ်မယှက် ဖြစ်နေ တာနဲ့ ကျွန်တော်ပဲ ဒီကိုရောက်အောင် ကျွန်တော့် မော်တော် ဘုတ်ကလေးနဲ့ တင်ပြီးခေါ်လာခဲ့ပါတယ်။ ဟိုမှာဆိုရင် ခင် ဗျား ဂျာမန်တွေလက်ထဲ ပြန်မိသွားနိုင်ပါတယ်'

'ဩ်...ကျွန်တော့်ကို မော်တော်ဘုတ်နဲ့ တင်ပြီး ဒီခေါ် လာခဲ့တာကိုး...အင်း...ဒါထက် နေပါဦး ခင်ဗျားက ရေလုပ် ငန်းသုပ်သလား'

'မဟုတ်ပါဘူး...ကျွန်တော်က အရောင်းအဝယ် လုပ်ပါ တယ်၊ ပါလီခိုရာမှာ ကျွန်တော်ဟာ ကုန်သည်ကြီးတစ်ယောက် ပါပဲ၊ ကျွန်တော့်မော်တော်ဘုတ်ဆိုတာ ကျွန်တော် ဟိုဟိုဒီဒီ ကိစ္စ အဲ...အဲ...အရောင်းအဝယ်ကိစ္စနဲ့ သွားတဲ့လာတဲ့အခါ မှာ အသုံးပြုတဲ့ သည်မော်တော်ဘုတ်ကလေးပါ'၊ ခရစ် စတော်သည် သူ့ မော်တော်ဘုတ်အကြောင်းကို သိအပ်သည် ထက် ပို၍ရှင်းပြနေသည်။

ကေန္တ မော်တော်ကလေးဖြင့် မှောင်ခိုလုပ်ငန်းများ လုပ် နေသည်ဟု မောရစ်ဆင်က တောက်ချက်ချလိုက်မိသည်။

'ခင်ဗျား အခုဘယ်လိုနေသေးသလဲ၊ တော်တော် သက် သာပြီမဟုတ်လား၊ နောက် နှစ်ရက် သုံးရက်ဆိုရင် ဆရာဝန်



တစ်ခေါက် ရောက်လာပါလိမ့်မယ်၊ စိုးရိမ်စရာ မရှိ ပါဘူး၊ အနားယူဖို့ပဲလိုပါတယ်'

'ဒါပေမယ့်...ဒါပေမယ့် ကျွန်တော် အသေင်ကိုရောက် င် သွားစရာရှိတယ်'

'ဒီကိစ္စကို နောက်မှပြောကြတာပေါ့၊ ကဲ...အီလက်သာ ားရှိသွားအောင် ခဏအိပ်ပါစေဦး'

မောရစ်ဆင်သည် ခရစ်စတော်နှင့် အီလက်သာတို့ ထွက် ပြီးနောက် ခဏအကြာတွင် မှေးခနဲ အိပ်ပျော်သွား

သည် သည်အိမ်ကလေးထဲတွင် ပုန်းအောင်း၍ အနား း သုံးလေးရက်ခန့် ကြာသွားခဲ့သည်။ သည်ရက်များ င်း အငတော်အတန် အားပြည့်လာသည်နှင့်အမျှ သည် လေးတွင် နေရထိုင်ရသည်မှာ စိတ်ချမ်းသာစရာ ဖြစ်ခဲ့

အထူးသဖြင့် အဲလေးအင်္ကျီ ဝတ်ထားသည့် ခရစ်စတော် ဘူးဇူးကြောင့် ဂရိနိုင်ငံ၏ တောင်ပိုင်းမှ မြောက်ပိုင်း ရောက်လာခဲ့သည်ဖြစ်ရာ ဂျာမန်တို့ အန္တရာယ်မှ အခိုက် န့်အားဖြင့် မုချ လွတ်ကင်းနေပြီဟု ဆိုနိုင်သည်။

သည်အခုတောအတွင်း ဂျာမန် ယောက်လှမ်းရေးအရာရှိ ယ်ဆာသည် မိမိအား တောင်ပိုင်းတစ်ခွင် ဖြပြစင်အောင် ခွဲစစ်ဆမ်းနေမည်မှာ သေချာသည်။ တောင်ပိုင်းမှ မြောက် သို့ မိမိရောက်နေသည်ကို ဟောလ်ဆာ ဘယ်နည်းနှင့်မျှ သိ

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်မဟုတ်၊ သိနိုင်စရာမရှိ၊ ထိုသို့မသိသမျှ သည်ရွာကလေးတွင် စိတ်အေးချမ်းစွာ နေနိုင်သည်။

သို့သော် သူ့စိတ်ထဲကမူ အေးသင်မြို့သို့ အရောက်သွားလ... သာ စိတ်စောနေသည်၊ အေးသင်သည် သူ့အတွက်၊ သူ... နိုင်ငံမှ လွတ်မြောက်ရန်အတွက် တစ်ခုတည်းသော ထွ... ပေါက်ဟု ယူဆထားသည်။

အေးသင်အကြောင်း စဉ်းစားလိုက်သည်နှင့် တစ်ပြိုင်နက် ဆိုယူတာဖြောခဲ့သည့် ဒေါက်တာ သက္ကရေး၏ အမည် ကောင်းကောင်းကြီး မှတ်မိနေသည်။ အေးသင်ကိုရောက်လျှင် ဒေါက်တာသက္ကရေးကို အလွယ်တကူ ရှာတွေ့လိမ့်မည်ဟု ... ကြည်နေသည်။

သို့သော် လောလောဆယ် ယမ်းကောင်းတော... မလျှောက်နိုင်သေးဘဲ အေးသင်သို့ အရောက်သွားရေးမှာ ... ကူးထဲမှာပင် ရှိနေဦးမည်ဖြစ်သည်။ သည်ရွာကလေး... ဆက်၍နေရဦးမည် ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် သည်ရွာကလေးသည် သူ့အတွက် စိတ်ချ... သာမှု အပြည့်အဝ ပေးခဲ့သည်ကတော့ အမှန်ပင် ဖြစ်သ... သည့်စိတ်ချမ်းသာမှုထဲတွင် အီလက်သာတစ်ယောက်လည်း အပါအဝင်ဖြစ်သည်၊

အီလက်သာ...ညိုပြာညက်ကလေး အီလက်သာ၊ ... တွေ့ရသည်မှာ စိတ်ချမ်းသာစရာ ကောင်းရုံမက ကြည်... စရာလည်းကောင်းသည်။



ဒါပေမယ့် တစ်ခုခက်နေတာက သူမသည် အလွန်ရှက်တတ်သူကလေး ဖြစ်သည်၊ အရှက်ပိုလွန်းသည်ဟုပင် ဆိုနိုင်သည်။ မိမိသည် သူမအတွက် သူစိမ်းတစ်ရံဆန် ယောကျာ်းတစ်ယောက်ပင် ဖြစ်ရုံမျှမက မျိုးမတူဇာတ်ခြားသည့် နိုင်ငံခြားသားတစ်ယောက်လည်း ဖြစ်နေသည်။

ဒါကြောင့် ရှက်ရကြောက်ရမည်ကို သဘောပေါက်ပြီးဖြစ်သည်။

သို့သော် အီလက်သာ၏ အရှက်အကြောက်မှာ သည့်ထက်ပို၍နေသည်၊ မိမိအား တစ်နေ့လုံးနေ၍မှ စကားတစ်လုံးပြောဖော်မရဘဲ ရှက်ဆိတ်လွန်းအားကြီးသဖြင့် မေ့ရုပ်ဆင်မှာ သူ့ကို အားမလိုအားမရ ဖြစ်မိသည်။

သို့သော် မိမိအတွက် စားစရာ သောက်စရာများနှင့် အခြား အသေးအဖွဲ့ ကိစ္စကလေးများကို လုပ်ကိုင်ပေးသည့် အခါမျိုးတွင်မူ ဖျာဖျာသလဲဖြင့် အမြဲတမ်း အားတက်သရော စိတ်ပါလက်ပါ လုပ်ပေးလေ့ရှိသည်၊ ထို့ပြင် မိမိ အစားအသောက်များ စားသောက်နေစဉ်တွင်လည်းကောင်း၊ အိပ်ယာပေါ်၌ မှိန်းနေစဉ်တွင်လည်းကောင်း၊ အိပ်ရာဘေးမှနေ၍ မိမိအား စောင့်ကြည့်ကာ အကဲခတ်နေသည့် သူမ၏မျက်လုံးများတွင် ကြင်နာမှု အရိပ်အယောင်များကို အထင်အရှား တွေ့နေရပြန်သည်။

ဘာပဲဖြစ်ဖြစ် အီလက်သာသည် ယောကျာ်းတစ်ယောက်၏ စိတ်နှလုံးကို သိမ်းကြုံးဆွဲဆောင်နိုင်သူ ကလေးပင် ဖြစ်သည်၊

www.burmeseclassic.com

www.burmeseclassic.com



သည်အိမ်ကလေးတွင် ခရစ်စတော်နှင့် အီလက်သာတို့အပြင် ခရစ်စတော်၏ ဇနီးကိုသည်း တွေ့ရသည်။ တွေ့ရသည်ဆိုသည်မှာ တကယ်ပင် တွေ့ရရုံမျှသာ ဖြစ်သည်။

အီလက်သာကဲ့သို့ပင် ခရစ်စတော်၏ ဇနီးသည်လည်း မောရစ်ဆင်အား အိမ်ရှင်ဝတ္တရား မပျက်သော်လည်း စကားတစ်လုံးမှ မပြောဘဲ နှုတ်ဆိတ်လွန်းလှသည်။

အမျိုးသမီးနှစ်ယောက်က နှုတ်ဆိတ်လွန်းသလောက် ခရစ်စတော်ကမူ နှုတ်သွက်လွန်းလှသည်။ ညနေဖက် အလင်းမှိန်လာသည်နှင့် တစ်ပြိုင်နက် ခရစ်စတော်သည် မောရစ်ဆင်၏ ခုတင်ဘေးသို့ ကုလားထိုင်တစ်လုံးဆွဲကာ စကားကို အမျိုးမပြတ် ပြောတော့သည်။

နောက်ဆုံး အချိန်တျ၍ ညစာစားသည့် အခါများတွင်ပင် စားပွဲကလေးတစ်လုံးကို မောရစ်ဆင်၏ ခုတင်ဘေးနားသို့ ယူလာပြီး မောရစ်ဆင်နှင့် နှစ်ယောက်အတူ ညစာစားရင်း စကားကို ဆက်ပြောလေ့ရှိသည်။

ရံဖန်ရံခါ ရွာထဲမှ အခြားရွာသား နှစ်ယောက် သုံးယောက် ဆိုသလို ညနေဖက်တွင် ခရစ်စတော်၏ အိမ်သို့ ရောက်လာလေ့ရှိကြသည်။

သည်အခါမျိုးတွင် အိမ်ရှင် ခရစ်စတော်သည် ဧည့်သည်များအား အရက်ဖြင့် ဧည့်ခံတတ်သည်။ နဂိုကပင် စကားကို ဖောင်ဖွဲ့အောင် ပြောတတ်သော ခရစ်စတော်သည် အရက်ကလေး နှစ်ခွက် သုံးခွက် ဝင်လာသည်နှင့် သူတစ်ယောက်တည်း အကြောင်းအရာမျိုးစုံကို ဒိုင်ခံ၍ ပြောတော့သည်။



သူပြောသည့်အထဲတွင် သည်စစ်ကြီးကြောင့် အရောင်းအဝယ်များ ပျက်စီးနေသည့်အကြောင်း၊ သည်ကြားထဲ အေဒင်သို့ စွန့်စွန့်စားစား တစ်ခေါက်လောက် သွားနိုင်လျှင် တစ်ချီဘည်းနှင့် အမြတ်အစွန်း နင့်ခနဲ ရနိုင်သည့်အကြောင်း၊ အသင်မြို့ပေါ်မှ မိန်းမရွှင်များအကြောင်းနှင့် ဂရိအမျိုးသမီးများ၏ စိတ်နေသဘောသဘာဝများမှစ၍ သူငယ်စဉ်က ဂရိ ဘုရင်ဘုလ်ဘေးရီးယား စစ်ဖြစ်ခဲ့ရာတွင် စစ်ထဲသို့လိုက်သွားခဲ့သည့်အကြောင်းများပါမကျန် အဖြစ်အပျက်မျိုးစုံအကြောင်း အရာမျိုးစုံကို အိပ်ချိန်ရောက်သည်အထိ မနားတမ်း ပြောသည်ရှိသည်။

သည်သို့ပင်ဖြစ်စေ၊ မောရစ်ဆင်သည် ခရစ်စတော်၏ စကားများကို ကြားရသဖြင့် သူမသိသေးသော ဂရိနိုင်ငံနှင့် ဂရိလူမျိုးများအကြောင်းကို သိရသည်။

စိတ်ရင်းကောင်းသလောက် စေတနာကောင်းပြီး စကားကိုလည်း နားထောင်ကောင်းအောင် ပြောတတ်သော ခရစ်စတော်ကြောင့် သူ့ရောဂါမှာ အလိုလို သက်သာလာသည်ဟု ထင်မှတ်ရသည်။

သည်အချိန်တွင် ဂရိနိုင်ငံတောင်ပိုင်းမှ နော်ပလီယန်မြို့ကားသည် စိတ်မအားလူမအား ဖြစ်နေသူမှာ ဂျာမန်ထောက်လှမ်းရေး ဗိုလ်ကြီး ဟေလ်ဆာပင် ဖြစ်သည်။

ဟေလ်ဆာသည် နော်ပလီယန် မြို့ကလေးရှိ တစ်ခုသော အဆောက်အဦ၏ လသာဆောင်တွင် မတ်တတ်ရပ်ရင်း ပင်လယ်ဘက်ဆီသို့ အဓိပ္ပာယ်မရှိ ငေးစိုက်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

သူ့ မျက်လုံးများမှာ ရဲရဲနီလျက် သူ့ဆံပင်မှာလည်း ခါ တိုင်းလို သေသေသပ်သပ်မရှိဘဲ ဖရိုဖရဲဖြင့် ဖွာလျားကြဲနေ သည်။ သူ့ဘေးနားမှ စားပွဲခုံကလေးပေါ်တွင် စီးကရက် အတိုအစများဖြင့် ပြည့်နေသော ပြာခွက်ကလေးကို တွေ့ရ ရသည်။

သူသည် နော်ပလီယန်မြို့ပေါ်တွင် ချောင်ကြိုချောင်ကြား မကျန်၊ အိမ်ကြိုအိမ်ကြားမကျန် မောရစ်ဆင်အား မြေလှန်၍ ရှာခဲ့သည်။ မြို့ဆင်ခြေဖုံးတစ်ဝိုက်တွင်လည်း ပိုက်စိတ်တိုက်၍ စုံစမ်း မေးမြန်းခဲ့သည်။

သည်ကြားထဲက မောရစ်ဆင်တစ်ယောက် ပျောက်ခြင်း ပျောက် ပျောက်နေသည်။ လုံးဝ အရိပ်အယောင်မျှ အနံ့ခံ၍ မရအောင် ဖြစ်ခဲ့သည်။

နောက်ဆုံး သူ့တပည့်ကျော် ဇာဇော့နှင့် အဖွဲ့၏ မနေ မနား ကြိုးပမ်းစုံစမ်းမှုကြောင့် မောရစ်ဆင် ရထားပေါ်မှ ခုန်ချထွက်ပြေးခဲ့ပြီးသည့်နောက် တစ်ရက် နှစ်ရက်လောက်က ဘော်တော်ဟုတ်တစ်စင်းပေါ်သို့ လူတစ်ယောက်ကို ပွေ့ချီ တင်သွားကြောင်း ပင်လယ်ကမ်းနားရှိ တံငါသည်များထံမှ သတင်းအစအန ရခဲ့သည်။

ဆည်သတင်းအရ သည်းဖြစ်အပျက်ကို မြင်လိုက်ရသည် ဆိုသော တံငါသည်တို့ မရှာရှာဖွေရန် ဇာဇော့အား တာဝန်ပေးထားခဲ့သည်။ သည်သတင်းသာလျှင် မိမိတို့အတွက် တစ်ခုတည်းသော သဲလွန်စဖြစ်သည်။



အခန်းထဲမှ ရုတ်တရက် တယ်လီဖုန်းသံ ကြားလိုက်ရသည်။ ဆာသည် လသာဆောင်မှ ချာခနဲလှည့်၍ အခန်းထဲသို့ ဝင်သွားခဲ့သည်။

'တဲလို...ဗိုလ်ကြီးလားခင်ဗျာ'

'အေး ... ငါစကားပြောနေတယ်'

'ကျွန်တော် ဇာဇော့ပါ'

'ခင်းအခု ဘယ်ရောက်နေသလဲ'

'ကီယားကျွန်းပေါ် ရောက်နေပါတယ်ဗိုလ်ကြီး'

'တိုလှာကိုတွေ့ပြီလား'

'ဟုတ်ကဲ့ တွေ့ပါပြီ၊ တွေ့လို့ဖမ်းထောင်ဖမ်းထားပါပြီ၊ ဒါပေမယ့် သေလောဆယ်တော့ ကာမှမေးလို့ မရသေး'

'ဒီအနေရိုက်နိုင်ကောင် ဘယ်မှာရောက်နေတယ် ဆိုတာကော ဖော်ရဲ့လား'

'နှံ့ပတ်သက်လို့ သူတစ်ခုခုတော့ သိထားပုံရပါတယ်၊ ... သေချာပါတယ်'

'ဖြင့် သူ့ကို အေသင်ခေါ်လာခဲ့ကွာ၊ ငါအခုချက်ခြင်း ... ကို သွားနှင့်မယ်၊ ငါနဲ့တွေ့ရင် ဒီကောင်မပြောဘဲ ... ဘယ်ရမလဲ'

'ဟုတ်ကဲ့ဗိုလ်ကြီး၊ အေသင်ကို ကျွန်တော်လာခဲ့မယ်၊ မော် ... ဘုတ်လဲ အဆင်သင့်ရှိနေပါတယ်၊ နက်ဖြန်ညဲ အေသင် ... အောင် ထွက်ခဲ့ပါမယ်၊ စိတ်ချပါဗိုလ်ကြီး'

*

www.burmeseclassic.com

## မယုံရင် မင်းစောင့်ကြည့်

ပါခီလီယာရွာကလေးသို့ မောရစ်ဆင် ရောက်လာ တစ်ပတ်တိတိ ပြည့်သောနေ့တွင် ခရစ်စတော်ပြောသည့် ဆ ဝန်သည် မြို့မှ ရောက်လာသည်။ ဆရာဝန်က မောရစ် အား စစ်ဆေး ကြည့်ရှုပြီး ဆေးနှစ်လုံးထိုးပေးသည်။

စားဆေး သောက်ဆေး များလည်း ပေးသည်၊ စိုးရိမ်စရာမရှိကြောင်းနှင့် အားရှိမည့် အစားအစာမျာ စားရန် လိုအပ်ကြောင်း မှာသွားသည်။ အားအနည်း ပြည့်လာလျှင် လမ်းလျှောက် လေ့ကျင့်ပေးရန်လည်း ပြေ သွားသည်။

အားပြည့်၍ ကျန်းမာလာပြီး လမ်း ကောင်း ကော လျှောက်နိုင်လာလျှင် အေသင်မြို့ကို အမြန်ဆုံးသွားနိုင် ဟူသော စိတ်ကူးဖြင့် မောရစ်ဆင်သည် ဆရာဝန်သွား နောက်တစ်နေ့မှစ၍ လမ်းလျှောက်ကျင့်ခဲ့သည်။

ခရစ်စတော်၏ ဇနီးက လမ်းလျှောက်ရာတွင် အသုံးပြု တုတ်ကောက်ကြီးတစ်ချောင်း ပေးသည်၊ မောရစ်ဆင်သ



င်ကောက်ကို ယာဘက်လက်မှကိုင်၍ ထောက်ကာ ဘယ် က်ဖြင့် အီသက်သာ၏ ပခုံးကိုဖက်ရင်း ပထမဆုံးအကြိမ် ာထဲသို့ လမ်းလျှောက်ထွက်လာခဲ့သည်။

ခပ်လှမ်းလှမ်းမှ ကြည့်လျှင် လယ်သမား အဝတ်အစားများ ဝတ်ဆင်ထားသော မောရစ်ဆင်အား သည်ရွာမှ ချိုနဲ့နေ သည့် လူမမာတစ်ယောက်ဟူ၍သာ ထင်ရမည်ဖြစ်သည်။

မောရစ်ဆင်သည် အီလက်သာ၏ ပခုံးကို မှီရင်း တုတ် က်ကို အားပြုကာ ခရစ်စတော်၏ အိမ် ပေါက် ဝ ရှိ င်းသီး ဟင်းရွက် ခင်းကလေး ဘေးမှ ပတ်၍ ရွာထဲသို့ ဖြည်းချင်း လျှောက်လာခဲ့သည်။

ရွာလယ်သို့မရောက်မီ ခရစ်စတော်၏ အိမ်သို့ ညနေဖက် မကြာမဏ လာလေ့ရှိသော ရွာသား တစ်ယောက် ယောက်ကို တွေ့ရသည်။ သူတို့က မောရစ်ဆင်အား သာ အားရ နှုတ်ဆက်ကြသည်၊ အီလက်သာကိုလည်း ရစ်ဆင်အား ဂရုစိုက်၍ ခေါ်သွားရန် ပြောသွားသည်။ ထိုနေရာမှဆက်၍လျှောက်လာခဲ့ကြရာ အဆိုပါ ရွာသား က ပြောကြား သွား၍လား မသိ၊ အီလက်သာသည် ရစ်ဆင်အား စောစောကထက်ပို၍ ဂရုတစိုက် ဖြစ်လာ သူမသည် မောရစ်ဆင်နှင့် ဘေးတိုက် ကိုယ်လုံးချင်း ပ်ကာ လိုက်ပါလာခဲ့သည်။

သည့်မျှမက သူမ၏ပခုံးပေါ်သို့ သိုင်း၍ ဖက်ထားသော ရစ်ဆင်၏လက်ကိုလည်း သူမ၏လက်တစ်ဖက်ဖြင့်ယုယုယ တိုင်လာခဲ့သည်။ အိစက်ညက်ညောသော သူမ၏ပခုံးသား

www.burmeseclassic.com

www.burmeseclassic.com

ကလေးများကိုသာမက ကိုယ်လုံးချင်းပါ ပူးကပ်လာခဲ့ရသော မောရစ်ဆင်မှာ မဖော်ပြနိုင်သော စိတ်လှုပ်ရှားမှုတစ်မျိုးဖြင့် ရင်ထဲတွင် တလှပ်လှပ်ဖြင့် ပါခဲ့ရသည်။

သူ့ကိုယ်ခန္ဓာမှ နာကျင်မှု ဝေဒနာသည် သူ့နှလုံးသားဆီသို့ ကူးစက်လာသလို တစ်လမ်းလုံး ခံစားလာခဲ့ရသည်။

ထိုနေ့က လမ်းလျှောက်ရာမှ ပြန်ရောက်လာသောအခါ မောရစ်ဆင်မှာ ခြေးများပြန်ကာ တုန်တုန်ယင်ယင်ဖြစ်နေမိသည်။

နောက်တစ်နေ့ညနေဖက်တွင် အီလက်သာနှင့်နှစ်ယောက်သား ဒုတိယအကြိမ် လမ်းလျှောက်ထွက်ခဲ့ကြပြန်သည်။သည်ကနေ့တော့ မောရစ်ဆင်မှာ မနေ့ကလောက် စိတ်လှုပ်ရှားမှု မဖြစ်တော့ဘဲ တစ်ကိုယ်လုံး ပေါ့ပါးသွက်လက်ခဲ့သည်။

သူမ၏ကိုယ်လုံးကလေးနှင့်ပူးကပ်ကာ သူမ၏ပခုံးကိုဖက်၍ လမ်းလျှောက်ရသည်မှာ လေထဲတွင် လျှောက်နေရသလို ထင်မိသည်။လမ်းလျှောက်လာရင်း သူမအား မကြာခဏ ကြည်နူးသော အပြုံးဖြင့် ကြည့်ကာ လာခဲ့မိသည်။

ထိုအခါ သူမ၏အပြစ်ကင်းစင်လှသော မျက်နှာကလေးပေါ်တွင် ရောင်ပြန် အပြုံးကလေးများ ချစ်စဖွယ် ထင်ဟပ်လာသည်ကို တွေ့ရသည်၊

သည်လိုဆိုတော့သည်း ယခင်က အရှုံက်ပိုခဲ့သောသူမ မျက်နှာချိုကလေးနှင့်မို့ ပို၍ ကြည့်ကောင်းသည်ဟု ထင်သည်။



မောရစ်ဆင်သည် သုံးရက်တိတိ လမ်းလျှောက်လေ့ကျင့်သည်။ တစ်ရက်ထက် တစ်ရက် ပို၍ ခပ်ဝေးဝေးကလေး လျှောက်ခဲ့သည်၊သည်သုံးရက်အတွင်း လှကောင်းပကတိပမာ အားပြည့်လာခဲ့သည်။ စိတ်ရော ကိုယ်ပါ လန်းဆန်းလာခဲ့သည်၊

တကယ်ဆိုတော့ သည်ရွာကလေးမှာ သာယာသည့်ရှုခင်းဖြင့် အေးချမ်းလှသည့် ရွာကလေးတစ်ရွာပင် ဖြစ်သည်။ ရိုနိုင်ငံ၏ အရှေ့ဘက်ကမ်းခြေရှိ ကာရစ်ဘာ ပြည်နယ်တွင်း မြောက်ဘက်အစွန်ဆုံး ဒေသမှ ရွာကလေး ဖြစ်၍ တောင်စောင်းကလေး ပေါ်တွင် တည်ထားခြင်းဖြစ်ရာ ရွာမှ ထွက်၍ ကြည့်လိုက်လျှင် အဆုံးအစမရှိသော ပင်လယ်ကို အတိုင်းသား မြင်နေရသည်၊ရွာကလေး၏ အောက်တွင် စမ်းချောင်းကလေး တစ်ခုသည် တောင်စောင်းကို ၍ ရစ်ခွေစီးဆင်းနေသည်၊

လှကောင်း ပကတိအတိုင်း ကျန်းမာလာပြီ ဖြစ်သော ရစ်ဆင်သည် လမ်းလျှောက် လေ့ကျင့်သည့် အနေဖြင့် ဘောဘဲ အပျင်းပြေ ရွာအပြင် မှတ်ဝန်းကျင်သို့ မကြာ ထွက်၍ လမ်းလျှောက်ခြင်းများ ပြုလုပ်ခဲ့သည်၊

သည်အခါမျိုးတွင်အီလက်သာသည် သူနှင့်အတူအမြဲတမ်း ပါလာသည်။ တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးသည် ရင်းနှီးလာကြပြီ ဖြစ်ရာ မောရစ်ဆင်နှင့် အီလက်သာသည် နှစ်ယောက်သား လက်ချင်းချိတ်ကာ ရွာပတ်လမ်း သားဆီသို့လည်းကောင်း၊တောင်စွန်းအောက်ဘက်သို့ စမ်း

www.burmeseclassic.com

www.burmeseclassic.com

ချောင်းကလေးဆီသို့လည်းကောင်း၊ တစ်ခါတစ်ရံ ပင်လယ် ကမ်းခြေဘက်သို့လည်းကောင်း နေ့စဉ်လိုလို လမ်းလျှောက် ထက်ကြသည်။

ထိုသို့ နှစ်ယောက်အတူ လမ်းလျှောက်ရင်း မောရစ်ဆ သည် အီလက်သာထံမှ ဂရိစကားများ သင်ကြားခဲ့သ အီလက်သာကလည်း မောရစ်ဆင်အား စိတ်ရှည်လက်ရှည် သင်ပေးသည်။ ဂရိစကားလုံးများထံမှ စလုံးနှင့်ဇာကွဲသံမျာ ပီပီသသ အသံထွက်အောင် ကြိုးစား၍ ရွတ်ဆိုနေရသေ မောရစ်ဆင်၏အဖြစ်ကိုကြည့်ကာ အီလက်သာသည့် ခေ ကလေးကိုနောက်သို့လှန်၍ ခွက်ထိုးခွက်လန်ရယ်တော့သည

သည်အခါ မျိုးတွင် မောရစ်ဆင်သည် စိတ်ကို မထိန်း တော့ဘဲ အီလက်သာ၏ ဖောင်းမို့နေသော ပါးကလေး မနာအောင် လိမ်ဆွဲပါသည်။

ထိုမှတစ်ဆင့် တစ်ခါတစ်ရံ အီလက်သာ၏ ခါးကလေ ပင် ခပ်တင်းတင်းကလေးဖက်ထားမိသည်။ အီလက်သာသ မောရစ်ဆင်၏ အပြုအမူ များကို တစ်စုံ တစ်ရာ ငြင်းဆ ရှုန်းကန်ခြင်း မရှိဘဲ အပြစ် ကင်းစင်သည့် ကလေး တစ်ယောက်လို ငြိမ်းငြိမ်းလေး နေတတ်သည်။ သည့်နော နှစ်ယောက်စလုံး မပြောဘဲ အတော်ကြာအောင် ငြိမ်ေ ကြသည်။

မောရစ်ဆင်သည် သူ့အဖြစ်ကို တွေးမိပြီး ရင်ထဲ ဝေဒနာမျိုး ခံစားနေရသည်။ သူ့ကိုသူလည်း မကျေမ ဖြစ်မိသည်။



တစ်စတစ်စဖြင့် အီလက်သာအပေါ် တွယ်တာလာနေပြီ သော သံယောဇဉ်နှောင်ကြိုးအတွက် စဉ်းစားလိုက်တိုင်း ဖြေမထွက်ဘဲ အခက်ကြုံနေခဲ့သည်။

အာပဲဖြစ်ဖြစ် မီမီဘာဝ မိမိနှောင်ရေးမှာ ရင်လေးစရာ င်းသ က် မရေမရာ နိုင်လှသည်ဖြစ်ရာ သည့်ထို အခါမျိုးတွင် အီလက်သာနှင့် ပတ်သက်၍ နောက်ထပ် နှောင်အဖွဲ့ တစ်ခု တိုးမလာအောင် ထိန်းချုပ်နိုင်ရမည် ည်။

ဖြစ်ရာ မောရစ်ဆင်သည် သူ့ကိုယ်သူ စိတ်ပိုင်းဖြတ် သည်။ ထိုနေ့မှစ၍ အီလက်သာနှင့် ရှုပ်ပြင်သို့ လမ်း ကမထွက်တော့ဘဲ တစ်နည်းနည်းဖြင့်အကြောင်းပြကာ င်နေလိုက်တော့သည်။

သည်အတောအတွင်း သူ့လိုပင် သံ့ပန်းတာဝမှ ထွက် လာသော စစ်သား တစ်ယောက်သည် ရွာကလေးသို့ လာမြန်သည်ကို တွေ့ရသည်။ ထိုစစ်သား၏ အမည်မှာ ဖြစ်၍ ကောရင့်မြို့ရှိ ဂျာမန်တို့၏သံ့ပန်းစခန်းမှထွက် သာသူဖြစ်သည်။

မောရစ်ဆင်မှာ အဆိုပါ စစ်သားနှင့် တွေ့လိုက်ရသည့် တစ်စုံတစ်ရာ ထူးထူး ခြားခြား မရှိခဲ့သော်လည်း ရင့်သံ့ပန်းစခန်းမှ အခြေအနေများကို တော်တော် း အသေးစိပ် ကြားသိခဲ့ရသည်။ ဘာလူဝီ၏ ပြောပြချက် ကောရင့်သံ့ပန်းစခန်းတွင် ဂျာမန်တို့၏ ရက်စက်မှု

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဗြိတိသျှ သို့ ပန်းများ နေ့စဉ်နှင့်အမျှ သေဆုံးနေကြ
သည်။

ထောင်ပေါင်းများစွာသော သို့ပန်းများမှာ ဂျာမန်
လက်ထဲတွင် ကျွဲ နွား တိရစ္ဆာန်များပမာ လူမဆံ့သော
စက်ညှင်းပန်းခြင်းမျိုးဖြင့် အညှင်းဆဲခံနေကြရသည်။

'အာပဲဖြစ်ဖြစ်၊ ကျုပ်ကတော့ ဒီစခန်းကလွတ်ရင်ပြီးရော
သေချင်သေဆိုပြီး ထွက်ပြေးလာခဲ့တာပဲ။

ဒါပေမယ့် ကျုပ်ရည်ရွယ်ချက်ကတော့ ဒီကနေ အေသ
ကို ရောက်အောင်သွားပြီး အေသင်ကမှတစ်ဆင့် မြော
အာဖရိကကို ကူးဖို့ စီစဉ်ထားတာပဲ'

'ခင်ဗျား အေသင်ကို ဘယ်လိုလုပ်သွားမလဲ'

သူ့လို လူဖတ်စ်ယောက်တွေ့နေရသဖြင့် သူ့ဆီမှ တစ်
တစ်ရာ အကူအညီ အကြံဉာဏ်များ ရမလားဟူ၍ ယူဆ
မောရစ်ဆင်က ဘာလူဝီအား လှမ်းမေးလိုက်သည်။

သို့သော် တကယ်တကယ်တွင်မူ ဘာလူဝီမှာလည်း
ကဲ့သို့ပင် သည်ရွာကလေးမှ အေသင်သို့ရောက်အောင်
သို့ မည်ပုံ သွားရမည်ကို လုံးဝမသိဘဲ ဖြစ်နေသည်။

'ဒါထက် နေပါဦး ဂျေရဲ့၊ ခင်ဗျား စကားပြောတာ
ကျွန်တော်နဲ့ တွေ့ဘူး သိဘူးတဲ့ အမေရိကန်တွေရဲ့ လေသံ
ပါပဲလား'

'ဒါကတော့ ကျွန်တော်က အမေရိကမှာ ၁၃ နှစ် တိ
စန်ဖရန်စစ္စကိုမြို့က သင်္ဘောကုမ္ပဏီတစ်ခုမှာ အလုပ်လု



အကြာကြီး နေခဲ့ဘူးတော့ အမေရိကန်သံ ပေါက်နေတာ
ပေါ့၊ ဒါအဆန်း မဟုတ်ပါဘူး'

သူ့ကိုယ်သူ ဗြိတိသျှတပ်မှ စစ်သား 'ဂျေလင်ဒန်' ဟူ၍
အမည်ပေးထားခဲ့သော မောရစ်ဆင်သည် ဘာလူဝီ၏ မေး
ခွန်းကို ယုတ္တိ ယုတ္တာဖြင့် သဘာဝကျကျ ပြန်ဖြေခဲ့သည်။

မောရစ်ဆင်သည် ပါလီခိုရာရွာကလေးတွင် ဆယ်ရက်
ကျော်မျှ ကြာလာပြီဖြစ်သည်။ ဘာလူဝီနှင့် တွေ့ပြီးနောက်
အေသင်မြို့သို့သွားရန် ကိစ္စသည် သူ့ခေါင်းထဲတွင် ထပ်မံ၍
နိုးကြားလာပြန်သည်။

သောသောဆယ် အခြေအနေအရ ဒီရွာကလေးမှ ကီလို
မီတာ နှစ်ရာကျော်ဝေးသည့် အေသင်မြို့သို့ ခရစ်စတော်
လိုက်မပို့ဘဲ၊ သို့မဟုတ် ခရစ်စတော်က စီစဉ်မပေးဘဲ သွား
ရန် ခဲယဉ်းနေသည်။

သို့ဖြစ်ရာ သည်ကိစ္စအတွက် ခရစ်စတော်အား တစ်နည်း
နည်းဖြင့် အကူအညီတောင်းမှ ဖြစ်မည်ဟု သူယူဆမိသည်။

သို့ဖြင့် နောက်တစ်နေ့တွင် ညနေစာ စားချိန်၌ သူနှင့်
ခရစ်စတော်တို့ နှစ်ယောက်တည်း ရှိနေခိုက် သူကပင် စကား
စလိုက်သည်။

'ဒါထက်ခရစ်စတော်....ခင်ဗျား မော်တော်ဘုတ်က ဘယ်
တော့ ခရီးထွက်ဖို့ စီစဉ်ထားသလဲ'

'ဒါတော့ ကျုပ်လိုချင်တဲ့ ကုန်ပစ္စည်းရတယ်ဆိုရင် ထွက်ဖို့
ပဲ၊ ဒါပေမယ့် သောသောဆယ် ဒီအချိန်မှာ လိုချင်တဲ့ ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



ရဖို့ဆိုတာ မလွယ်ဘူးမဟုတ်လား၊ ဒါ့ကြောင့် ကျုပ်တဲ့ စောင့်နေတာပေါ့’

‘ဒီမယ် ခရစ်စတော် ကျွန်တော် ပွင့်ပွင့်လင်းလင်း ပြောမယ်၊ ကျွန်တော့်အသင်ကိုတော့ ဖြစ်တဲ့နည်းနဲ့ ရောက်အောင် သွားချင်တယ်’

‘ဘာလဲ...ခင်ဗျား ဒီရွာနေရတာ သဘောမကျလို့လား မဟုတ်သား၊ ဒီရွာမှာ မပျော်ဘူးလား’

‘ဒီရွာကို ကျွန်တော်သဘောကျပါတယ်၊ သိပ်ကိုသဘောကျပါတယ်။ ပျော်လဲပျော်ပါတယ်’

‘ဒါဖြင့် ဒီရွာက ဘာလို့ တခြားသွားချင်ရတာလဲ...၊ ခင်ဗျားရှုးနေလို့လား၊ ဒီရွာက တခြားသွားရင် ခင်ဗျား ဖြစ် အဖမ်းခံရမှာပေါ့’

ထမင်းပွဲတွင် ဂရိအရက်များ အလျှံပယ် ဖြစ်နေသည်။ ခရစ်စတော်သည် ရေချိန်ကိုက်နေသဖြင့် အစနေ့ချောင်နေပြီဖြစ်သည်။ မောရစ်ဆင်ကိုယ်တိုင်လည်း အနည်းငယ်သောက်ထားသည်၊ သူလည်း အာသွက်နေသည်။

‘မဟုတ်သေးဘူးလေ...’ ကျွန်တော်မပြောချင်တာလဲ ဒါပဲ တခြားမှာ အဖမ်းမခံရဘဲ ကျွန်တော် ဒီရွာမှာ အဖမ်းခံရမှာ စိုးလို့ပြောတာပေါ့...’ မနေ့ကပဲ ဟိုဘက်က ရွာတစ်ရွာမှာ တွက်ပြေးတဲ့ သုံ့ပန်းတစ်ယောက်ကို လက်ခံထားလို့ ဆိုပြီး ရွာမီးရှို့ခံရတယ်မဟုတ်လား၊ နောက်တစ်ခုက ကျွန်တော့် အနေနဲ့ စစ်သားမိဝိ စစ်သားအလုပ်တွေ လုပ်စရာရှိသေး တယ်လေ’



တဲ...ဒီလိုဆိုလဲ ထားပါတော့။ ကျုပ် မကြာခင် တော် ...ကလေး ပွဲမယ့်အလုပ်တစ်ခု လုပ်ဖို့စီစဉ်ထားတော့ ရှိ ...အဲသဒီမှာလဲ ကျုပ်ငယ်စရာမြမ်းရော ရှိနေပါတယ်။ ...တော့ သိပ်မကြာပါဘူး’

...ရစ်ဆင်သည် ခရစ်စတော်၏ စကားကြောင့် အံ့တော် ...သား ကျေနပ်သွားသည်းထို့ နောက် စားပွဲပေါ်မှ အရက် ...ကို လှမ်းယူပြီးမော့ချလိုက်သည်။ ပြီးမှ...

‘ဒီမယ် ခင်ဗျားကို နောက်တစ်ခု ပြောစရာရှိသေးတယ်၊ ...ဘာလဲဆိုတော့ အီတလီသားကို ခင်ဗျားအမေရှိတဲ့ဆီ ပြန် ...ကောင်းမယ်ထင်တယ်၊ ခင်ဗျားအမေကလဲ အသက်ကြီး ...တော့ အနားမှာ စောင့်ရှောက်မယ့်လူ လိုမှာပဲ’

‘ဒါတော့ ကိစ္စမရှိပါဘူး၊ ကျွန်တော့်အမေက အခု ကျွန် ...အစ်ကိုအိမ်ကို ရောက်နေပြီပဲ၊ ပြီးတော့ သူလဲ အခု နေ ...ကောင်းပါတယ်’

‘ဒါပေမယ့်...ဒီလိုလေ...ဒီလိုရှိတယ် ခရစ်စတော်...။ကျွန် ...က် အခု ကျန်းမာနေပါပြီ၊ ကျွန်တော့်အတွက် ပြုစုဖို့လူ ...တော့ပါဘူး’

ခရစ်စတော်သည် သူ၏ ထိပ်ပြောင်ကြီးကို လက်ဝါးဖြင့် ...ချက်ပွတ်လိုက်သည်၊ ပြီး...အရက်တစ်ခွက် ငှဲ့ရင်း...မောရ ...ဆင်အား စိတ်မရှိ သူတစ်ယောက်ပမာ စိုက်ကြည့်လိုက် ...သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုလဲ...ခင်ဗျား ဒီကောင်မလေးကို သဘောမကျ
လား၊ ဟုတ်လား။ နေပါဦး သူက ခင်ဗျားအပေါ်မှာ
ခုခု အမှားအယွင်း လုပ်ခဲ့လို့လား'

'မဟုတ်ပါဘူး၊ ကျွန်တော်နဲ့ ပတ်သက်လို့ သူ ဘာတစ်
အမှားအယွင်း လုပ်ခဲ့တာ မရှိပါဘူး သူ့ကိုလဲ ကျွန်
သိပ်သဘောကျပါတယ်'

'ဒါဖြင့် ဘာဖြစ်လို့ သူ့ကိုပြန်ပို့ခိုင်းတာလဲ ပြောပါ'

'ဒါတော့လား...ဒါကတော့...ဒီလိုပါ၊ ကျွန်တော် သူ
သဘောကျပါတယ်။ သိပ်သဘောကျတယ်လို့ တောင်
ပါတယ်။

ဒါပေမယ့် ဒီကိစ္စက တော်တော်လေး ပြောရ ကျ
တယ်ဗျာ။ ဒီမယ် ခင်ဗျား တစ်ခုစဉ်းစားစေချင်တယ်။ခင်ဗ
လဲ ယောကျာ်းတစ်ယောက်ပဲ၊ အဲဒီတော့ ဒါမျိုးဟာ
လိုဖြစ်တတ်တယ်၊ ဘယ်လိုဖြစ်လာနိုင်တယ်ဆိုတာ ခင်ဗျာ
နားလည်ပြီးသားပါ၊ ဒီမယ် ခရစ်စတော်...ခင်ဗျားကို
တော် ခင်ပါတယ်၊ လေးလဲလေးစားပါတယ်။

'အဲဒီတော့ ကျွန်တော့်အနေနဲ့ ဘယ်သူ့ကိုမှ စိတ်မ
မသာ မဖြစ်စေချင်ဘူးဗျာ'

'ဒီမယ်နေဂျ...ခင်ဗျားအခုပြောနေတာတွေဟာ ရူးကြေ
ကြောင်လူတစ်ယောက် ပြောနေတာနဲ့ အတူတူပဲ သိရဲ့လ

'ဒါတော့ ထားလိုက်ပါလေ...ကျွန်တော် အခုပြော
အဓိပ္ပာယ်က ဒီကောင်မလေး ဒီမှာ ရှိနေရင် ပြဿနာ
ဖြစ်လာမှာစိုးလို့ပါ၊ ဒါပါပဲ'



'ပြဿနာ ဟုတ်လား၊ ခင်ဗျားပြောတော့ ခင်ဗျား သူ့
ကို သဘောကျတယ်ဆို'

'ဟုတ်တယ်လေ ဒါပေမယ့်'

'ဒါပေမယ့်တွေဘာတွေ လုပ်မနေနဲ့၊ ခင်ဗျားက သူ့ကို
သဘောကျတယ်၊ သူကလဲ ဒီမှာပဲနေချင်တယ်၊ ဒါဆိုရင် ပြီး
ပြီ၊ သူ့ကို ဒီမှာပဲ နေပါစေပေါ့'

ခရစ်စတော်သည် စိတ်ထဲရှိသည့်အတိုင်း ပြောလိုက်ပြီးမှ
သူ့စကားကြောင့် ရုတ်တရက် ငိုင်သွားသော မောရစ်ဆင်၏
မျက်နှာကို အတန်ကြာ စိုက်ကြည့်နေသည်။

ခရစ်စတော်နှင့် မောရစ်ဆင်တို့သည် စကားဆက်မပြော
ကြတော့ဘဲ နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက်
အတော်ကလေး ကြာအောင် စွေကြည့်နေကြသည်။ နောက်
မောရစ်ဆင်သည် ထိုင်ရာမှထ၍ အခန်းထဲမှ ထွက်လာခဲ့သည်။

ထိုညက သန်းခေါင် အချိန်ခန့်လောက်တွင် မောရစ်ဆင်သည်
အိပ်ရာမှ ရုတ်တရက် နိုးလာသည်။ သူ့ခြေရင်းဘက်တွင် ပွင့်
နေသော ပြတင်းပေါက်မှတစ်ဆင့် လရောင်သည် အခန်းတွင်း
သို့ မှုန်ဝါးဝါးဖြင့် ဖြာကျနေသည်။

သူသည် အိပ်ရာပေါ်မှ ထလိုက်ပြီး ပြတင်းပေါက်ဆီသို့
လျှောက်လာခဲ့သည်။ အပြင်ဘက်တွင် မှုန်ပျပျ လရောင်အောက်
၌ အိမ်ဝင်းအတွင်း တစ်နေရာမှ အိုသက်သာ၏ တဲခေါင်မိုး
လေးက ပြတင်းပေါက်မှတစ်ဆင့် အဖွေးသား လှမ်းမြင်နေ
ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ မျက်စိထဲတွင် သည့်ထဲကလေးအတွင်းရှိ ခေါက်ခုတင်တလေးပေါ်၌ အပြစ်ကင်းစင်စွာဖြင့် ခွေခွေကလေးအိပ်ပျော်နေမည့် အီလက်သာ၏ မျက်နှာကလေးကို မြင်ယောင်လာမိသည်။

မောရစ်ဆင်သည် ရင်ထဲမှ တလှပ်လှပ် ဖြစ်လာသည်။ ထိုအခိုက် တစ်ဖက်ခန်းမှ ခရစ်စတော်နှင့် သူ့ ဇနီးတို့၏ ပြိုင်တူ ဟောက်သံများကို ကြားလိုက်ရသည်။ သူသည် ပြတင်းပေါက်မှခွာ၍ အိပ်ရာဆီသို့ ဖြည်းဖြည်းချင်း လှမ်းလာခဲ့သည်။

* * * *

ယောလ်ဆာသည် ဖန်ခွက်ထဲမှ ရေရောထားသည့် ဝီစကီကို တစ်ကျိုက် မော့ချလိုက်သည်။ ပြီးမှ စီးကရက် တစ်လိပ်ကို မီးညှိ၍ တစ်ရှိုက်နှစ်ရှိုက် ဖွာလိုက်သည်။

သူ့ အားမှ ကုလားထိုင်ပေါ်တွင် ဇာ့ခဇာ့သည် မျက်လုံးကို ပေကလပ် ပေကလပ် လုပ်ကာ အိပ်ချင်မူးတူးဖြင့် ယောလ်ဆာအား မော့ကြည့်နေသည်။

ယောလ်ဆာသည် အရောင်တဖိတ်ဖိတ် တောက်နေသည့် စားပွဲကြီးကို ကျော်၍ သူနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်နေသော လူတစ်ယောက်ကို လှမ်းကြည့်လိုက်သည်။



ထိုလူမှာ တံငါရေလုပ်သား မက်ဇော့ဆိုသူ ဖြစ်သည်။

မက်ဇော့သည် ယောလ်ဆာအား ခပ်ပေပေဖြင့် စိုက်ကြည့်နေသည်။ သူ၏ တုတ်ခိုင်လုံးကျစ်သော ကိုယ်ခန္ဓာမှ လက်မောင်းကြွက်သားများနှင့် ပခုံးသားများကို နက်ပြာရောင် ချွေးစုပ်အင်္ကျီ၏ အောက်တွင် ဖထင်းသာ မြင်နေရသည်။ ကြည့်ရသည်မှာ ခပ်ကြမ်းကြမ်း ခပ်မိုက်မိုက် ရုပ်မျိုးဖြစ်သည်။

'ကဲ...ဆိုစမ်းပါဦး...ခင်ဗျား သိတဲ့ အဖြစ်အပျက်ကို တစ်ခါ ထပ်ပြောပါဦး...' ယောလ်ဆာက မေးလိုက်သည်။

'ကျုပ်ဒီကို ပြောရတာ အကြိမ်ပေါင်းငါးဆယ် ရှိပြီနော်...' မက်ဇော့က အသံဩကြီးဖြင့် ပြန်ပြောလိုက်သည်။

'ငါတစ်ခါ ထပ်ပြီး ကြားချင်သေးလို့ပါ ပြောပါဦး'

မက်ဇော့သည် စိတ်မရှည်ဟန်ဖြင့် သက်ပြင်းတစ်ချက် မှုတ်ချလိုက်သည်။ 'ဒီတစ်ခါ ပြောပြီးရင် ကျုပ်ကို ပြန်လွှတ်မလား'

'အေးပေါ့ကွာ လွှတ်သင့်ရင် လွှတ်ရမှာပေါ့'

မက်ဇော့သည် သူ့ ကိုယ်ကြီးကို အနည်းငယ် နေရာပြင်လိုက်သည်။ ပြီးမှ သူသိခဲ့သမျှ အဖြစ်အပျက်ကို ငါးဆယ့်တစ်ကြိမ်မြောက် ပြောပြပြန်သည်။

'အဲဒီနေ့က ကျွန်တော်ဟာ ဆိပ်ကမ်းက စားသောက်ဆိုင်မှာ အရက်သောက်ရင်းနဲ့ အလုပ်ကိစ္စတို့ စဉ်းစားနေပါတယ်၊ အဲဒီအချိန်မှာလဲ ကျွန်တော်နဲ့ကပ်နေတဲ့ စားပွဲမှာလဲ လူတစ်ယောက် အရက်သောက်နေပါတယ်၊ သူလဲ သူ့အလုပ်ကိစ္စကို သူ စဉ်းစားနေပုံ ရပါတယ်'

www.burmeseclassic.com

www.burmeseclassic.com

'အဲဒီလူဟာ ဘယ်သူလဲဆိုတာ မင်းမသိဘူး...ဟုတ်လား'

'ဒီလူကို လွန်ခဲ့တဲ့ လေးလကျော်လောက်က ဒီဆိုင်ထဲမှာတဲ မြင်ဘူးတွေ့ဘူးပါတယ်။ ဒီလူဟာ လာရှစ်ဆာဖြည်နယ်က မော်တော်ဘုတ်တစ်စင်းက စက်မောင်းသမား ဆိုတာ သိရ ပါတယ်။

သူဝတ်ထားတာကလဲ လာရှစ်ဆာနယ်ဘက်လူတွေ ဝတ်လေ့ ဝတ်ထရှိတဲ့ အဝတ်အစားမျိုးပါပဲ။ ပြောတဲ့လေသံကလဲ အဲဒီ နယ်က လေသံ အတိုင်းပါပဲ'

'မင်း ဒီလူနဲ့ တစ်ခါမှ စကားမပြောဖူးဘူးလား'

'မပြောဖူးပါဘူး၊ ဒါကိုလဲ ခင်ဗျားကို ကျုပ် ပြောခဲ့တာ အခါပေါင်း တစ်ရာလောက်ရှိနေပြီဗျ၊ နောက်ထပ် ဘယ်နှစ် ခါ ထပ်ပြောရဦးမှာလဲ'

'ကဲပါ မင်းဇာတ်လမ်းကို ဆက်ပါဦး'

'ကျွန်တော် စောစောကပြောတဲ့ အတိုင်းပါပဲ၊ အဲဒီလူကို လွန်ခဲ့တဲ့ လေးလလောက်က တစ်ခါမြင်ဖူးတယ်'

'ဒါဖြင့် ဒီလူဟာ အခု ဒုတိယအကြိမ်လာတာပေါ့၊ ဒါ ကော သေချာရဲ့လား'

'သေချာပါတယ်....ကျုပ် ဒီမျက်နှာကို ကောင်းကောင်း မှတ်မိတာပဲ၊ ဒီလူမှ ဒီလူအစစ်ပါ'

'ဒါဖြင့် ဒီလူဟာ လောရှစ်ဆာက လာတယ်ဆိုတာကော သေချာရဲ့လား'

'ဒါလဲ သေချာပါတယ်...အဲဒီ နယ်ဘက်ကလာတဲ့လူဆိုရင် မြင်ရုံနဲ့ ကျုပ် အတတ်ပြောနိုင်တယ်'



'ကဲ ထားပါတော့ ...အဲဒီတုန်းက ခင်ဗျားနားက စားပွဲ အဲဒီလူ လာထိုင်တယ်၊ ထိုင်ပြီး အရက်သောက်နေတယ်၊ ဒီနောက် ဘာဖြစ်သေးသလဲ'

'အဲဒီနောက် ဆိုင်ထဲကို လူတစ်ယောက် ထပ်ဝင်လာပြီး၊ တော့်ဘေးနားက လူကို မော်တော်ဘုတ်ရှိရာ ကမ်းနား သွားဖို့ လာခေါ်တယ်။

ဒါပေမယ့် သူက ချက်ချင်း ထလိုက်မသွားဘဲ သူတို့နှစ် ောက် စကားများနေကြတယ်၊ သူတို့ပြောနေတဲ့ စကား မော်တော်ပေါ်က အရေးကြီးတဲ့ လူနာတစ်ယောက် က် ခုချက်ခြင်း နောဝ်ပလီယန်က ထွက်ဖို့ဆိုတဲ့ အကြောင်း ကြားလိုက်ရတယ်၊ ကျုပ်သိရသမျှတော့ ဒါပဲ။

အဲဒီနောက် သူတို့နှစ်ယောက် ဆိုင်ထဲက ပျာယီပျာယာနဲ့ သွားကြတာပါပဲ၊ နောက်တစ်နေ့ကျတော့ ကျုပ်လဲ မ်းဖို့ ဆိုပြီး ကျုပ် မော်တော်ကလေးနဲ့ ပင်လယ်ဘက် ခဲ့တာပဲ၊ နောက်တော့ မကြာပါဘူး' မက်ဇော့ သည် ွဲဘေးမှ ဇာဇော့အား လက်ညှိုး ထိုးပြလိုက်ပြီးမှ 'အဲ... ဒီလူ ရောက်လာပြီး ကျွန်တော့်ကို ဟိုမေးသည်မေးနဲ့ ခွန်းတွေ စုံနေအောင် မေးတော့တာပါပဲ'

က်ဇော့၏ စကားအဆုံးတွင် ဟောလ်ဆာသည် သူ့နှုတ် မွေး တိုနံ့နံ့ကို လက်ဖြင့်စမ်းရင်း ခေတ္တမျှ စဉ်းစားနေ ည်၊ ပြီး စားပွဲပေါ်မှ လူခေါ်ခေါင်းလောင်းခလုတ်ကလေး ပ်လိုက်ရာ ဂျာမန်စစ်သားနှစ်ယောက် အခန်းထဲသို့ ကျက် ရောက်လာသည်။ ဟောလ်ဆာသည် မက်ဇော့အားခေါ်

www.burmeseclassic.com

www.burmeseclassic.com

သွားရန် အဆိုပါ စစ်သားနှစ်ယောက်အား မေးငေါ့ ပြုလိုက်သည်။

'ကျွန်တော်အခု ပြန်လို့ရပြီလား'

ဂျာမန်စစ်သား နှစ်ယောက်ကြားတွင် လိုက်ပါ သွားရ မက်ဇော့သည် ဟောလ်ဆာအား လှမ်းမေးလိုက်သေးသည် ဆိုသော် ဟောလ်ဆာက ဘာမှပြန်မပြောဘဲ ငြိမ်နေသည်။

'ဗိုလ်ကြီး ဘယ်လိုသဘောရသလဲ' ဂျာမန်စစ်သား နှစ် ယောက်နှင့် မက်ဇော့တို့ အခန်းပြင်ဘက်သို့ ပျောက်ကွ သွားသည်နှင့် တပြိုင်နက် ဇာဇော့က ဟောလ်ဆာအား လှ မေးလိုက်သည်။

'ကောင် တစ်ခုခုတော့ တစ်ခုခုပေါ့ကွာ၊ ဘာဖြစ်လို့ ဆိုတော့ အခု ကိုနော့ပလီယန်မှာ မောရစ်ဆင်ကို ရှာရင်း သုံ့ပန်းစခန်းက ထွက်ပြေးတဲ့ ဗြိတိသျှစစ်သား ဆယ်ယော ကောင် ဖမ်းမိသွားပြီ ကကယ်လို့ ဒီမြို့မှာသာ မောရစ်ဆ ရှိနေရင်းမှန်ရင် သူ့ကိုလဲ ကိုဖမ်းမိမှာဘဲ၊ အဲဒီတော့ သူဟ ဒီမြို့ကနေပြီး ရေလမ်းကထွက်ပြေးတယ်ဆိုတာ ဖြစ်နိုင်တယ် ဒါ့ထက် နေဦး၊ ဇာဇော့က ဟိုကောင်ပြောတဲ့ အတိုင် ပေါ်တော်ဘုတ်နဲ့လူဘာ ယေ ရစ်ဆော ပြည်နယ်ကဆိုတာ ဟု ပါမလား'

'ဟုတ်မှာပါ ဗိုလ်ကြီး၊ ကျွန်တော်တို့ ရေကြောင်းမျိုးတွေဟာ ကျွန်တော်တို့အချင်းချင်း ဘယ်နယ်သားလဲဆိုတာ သိကြ တယ်၊ သူပြောတာ မှားစရာ အကြောင်းမရှိပါဘူး'



'ဘာပဲဖြစ်ဖြစ် မောရစ်ဆင်ဟာ ဒဏ်ရာရသွားတာတော့ သေချာတယ်ကွ၊ ဒီကောင် အဲဒီနယ်ဘက်မှာ ရှိနေဦးမှာဘဲ၊ ဘာဖြစ်လို့လဲဆိုတော့ အေသင်နဲ့ ဆလိုနီကာမြို့မှာရှိတဲ့ သူတို့ တွေဆီကို ခုထက်ထိ ဒီကောင် အဆက်အသွယ်လုပ်တာ တွေ့ရသေးဘူး'

'ဒီလိုဆိုရင်လဲ အဲဒီနယ်ထဲက ရွာတွေကိုရှာရင် မကောင်း ဘူးလား၊ အဲဒီဘက်မှာ ရွာပေါင်းသုံးဆယ်လောက်ရှိတာပဲ၊ ရွာတွေကို တစ်ချိန်တည်း တစ်ပြိုင်တည်း ဝိုင်းရှာကြရင် ....'

'မင်း ရူးနေသလား၊ အခု အဲဒီနယ်ဘက်မှာ သုံ့ပန်း စခန်းက ထွက်ပြေးတဲ့စစ်သားတွေ တစ်ရာလောက် ရောက် နေတယ်ကွ၊ သိရဲ့လား၊ အဲဒီတော့ တစ်ရွာချင်းပိုက်စိပ်တိုက်ပြီး ရှာဖြစ်မှာပေါ့၊ ရွာတွေအားလုံး တစ်ပြိုင်နက်ရှာလို့ ဘယ် ဖြစ်မလဲ၊ ဒီတော့ ဒီလိုလုပ်၊ နက်ဖြန်ကျရင် လူ သုံးဆယ် ခေါ်ပြီး ငါ့ဆီကို မနက်စောစော ရောက်အောင် ခဲ့၊ နောက်ပြီးတော့ အီတလီနယ်လှည့်ခရီးသည် ဆယ့်လေး ယောက်လဲ ရအောင်ရှာပြီး ခေါ်လာခဲ့၊ ပြီးတော့ အဲဒီ ဆယ်ကမ်းခြေတစ်ဝိုက်မှာ စစ်တပ်တွေရှိ မရှိ စုံစမ်းကြည့် ဦးမယ်၊ ဘာပဲ ဖြစ်ဖြစ် ဒီကောင့်ကို တော့ တောထဲ ကင်ထဲ လျှောက်ပြေးနေတာမျိုး အဖြစ်မခံနိုင်ဘူး'

ဇာဇော့သည်စားပွဲပေါ်မှအရက်ခွက်ကိုဟောလ်ဆာထံသို့ ရောက်အောင် ရွှေ့ပေးလိုက်သည်။ ပြီးမှ....

www.burmeseclassic.com

www.burmeseclassic.com

'ဒေါက်တာ ဗိုလ်ကြီး၊ စီသုဘာ အဟတ်ပညာရှင် အဖွဲ့ ပတ်သက်လို့ ကျွန်တော်တို့ ရထားတဲ့သတင်းကို အမေရိကန် သံအမတ်ဆီ တိုင်စာပို့လိုက်ရမလား'

'နေဦး မပို့နဲ့ဦး၊ အဲဒီ ဒေါက်တာသက္ကရေးဆိုတဲ့လူဟာ ထွက်ပြေးတဲ့ ဗြိတိသျှစစ်သားတွေကို အကူအညီပေးနေတယ် ဆိုရင်လဲ ပေးပေစေဦး၊ တို့ သူ့ကို နှစ်ဆယ့်လေးနာရီ စောင့်ကြည့်ခိုင်းထားတယ်၊ ဒါနဲ့ပတ်သက်လို့ ငါ့မှာ အစီအစဉ်ရှိပြီးသား၊ ဒါပေမယ့် အချိန် မကျသေးလို့ ငါ စောင့်နေတာ၊ ဒီသက္ကရေးတို့စုက နောက်ပိုင်းမှ ကြည့်ရှင်းမယ်၊ မောရစ်ဆင်ဟာ သူ့ဆီကို အဆက်အသွယ် လုပ်ကောင်း လုပ်လာပါလိမ့်မယ်၊ မယုံရင် မင်း စောင့်ကြည့်...'

# သံယောဇဉ်ကလေး တစ်မျှင်

ပါလီခိုရာ ရွာကလေးတွင် သုံ့ပန်းစခန်းမှထွက်ပြေးလာကြသော ဗြိတိသျှစစ်သားများ ရောက်ရှိနေကြသည်ဆိုသော သတင်းမှာ ယခုအခါ လျှို့ဝှက်ချက် မဟုတ်တော့ဘဲ လူအတော်များများက သိနေကြပြီဖြစ်သည်။

အမှန်စင်စစ် ဗြိတိသျှ စစ်သားများသည် ပါလီခိုရာ ရွာကလေးတွင်သာ မဟုတ်၊ အခြား ရွာများတွင်လည်း အနှံ့အပြား ရောက်ရှိနေကြသည်။

ဂရိနိုင်ငံအတွင်းသို့ ဂျာမန်တပ်များ အလုံးအရင်းဖြင့် ဝင်ရောက်လာခဲ့ကြ၍ ဗြိတိသျှတပ်များ ဖရိုဖရဲကစဉ့်ကလျား ဖြစ်သွားသည့်အချိန်မှစ၍ တပ်ဆုတ်ရာမှ တကွဲတပြားဖြစ်သွားကြသော ဗြိတိသျှစစ်သားများနှင့် ဂျာမန်တို့၏ သုံ့ပန်းအဝမှ ထွက်ပြေးလာခဲ့ကြသော ဗြိတိသျှစစ်သားများသည် ဂရိနိုင်ငံအတွင်းရှိ ကျေးလက် တောရွာများသို့ နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲ ဆိုသလို ရောက်ရှိသွားခဲ့ကြသည်။

အချို့ ရွာများတွင်မူ လေး ၊ ငါး ၊ ဆယ်ယောက် အထိ ရောက်ရှိလာခဲ့ကြသည်။

ထိုသို့ ကျေးလက် တောရွာများသို့ ထွက်ပြေး ရောက်ရှိကြသော ဗြိတိသျှစစ်သားများအနက် ဂရိ ရွာသူရွာသား

www.burmeseclassic.com

www.burmeseclassic.com



များက လိုလိုလားလား၊ ကြင်နာသောနှလုံးသားဖြင့် လက်ခံ ကျွေးမွေးပြုစုခဲ့ကြရုံမျှမက လုံခြုံသော နေရာများတွင် ဖွက်ထားကာ ဂျာမန်တို့၏ အန္တရာယ်မှ ကာကွယ် စောင့်ရှောက်ပေးခဲ့ကြသည်။ ထိုသို့ ဂရိ ပြည်သူများကိုယ်တိုင်က ဗြိတိသျှ စစ်သားများအား အကူအညီပေးနေကြသည့်အတွက် ဂျာမန်တို့မှာ အကြီးအကျယ် အခက်တွေ့ခဲ့ကြရသည်။

သို့ဖြစ်ရာဂျာမန်တို့သည် ဤပြဿနာကိုဖြေရှင်းရန် အတွက် မသမာသောနည်းများကို တန်ပြန်အသုံးပြုခဲ့ကြသည်။ မြို့ကြီးပြကြီးများတွင်သာမက ကျေးလက်တောရွာများအထိ သူလျှိုများကိုစေလွှတ်ခဲ့ကြသည်။ ငွေဖြင့် ဖျားယောင်းကာ သတင်းပေးများကို မွေးခဲ့ကြသည်။ ဗြိတိသျှစစ်သားများကို လက်မခံရဲအောင် ခြိမ်းခြောက်ခဲ့ကြသည်။ ဗြိတိသျှ စစ်သားများကို လက်ခံသည့်ရွာမှန်သမျှ မီးလောင်တိုက် သွင်းမည် ဟူ၍ အမိန့်ထုတ်ပြန်ခဲ့ကြသည်။ သို့သော်ဂရိရွာသူရွာသားများသည် ဂျာမန်တို့၏ ခြိမ်းခြောက်မှုကို ဂရုမစိုက်ဘဲ ဗြိတိသျှစစ်သားများအား လက်ခံမြဲ လက်ခံခဲ့ကြသည်။ ကူညီမြဲ ကူညီခဲ့ကြသည်။

မော်ရစ်ဆင်သည် ပါလီခိုရာ ရွာကလေးအပေါ် တစ်နေ့တခြား သံယောဇဉ်ကြီးမားသည်ထက် ကြီးမားလာခဲ့သည်။ မိမိအား ဆွေမျိုးရင်းခြာတစ်ယောက်လို ကျွေးမွေး စောင့်ရှောက်လာခဲ့သော ခရစ်စတော်တို့အိမ်သူအိမ်သားများအား ကျေးဇူးတင်၍မဆုံးသည်နှင့်အမျှ သူတို့အပေါ် ခင်မင် တွယ်တာမှု ပိုသည်ထက် ပိုလာခဲ့သည်။



အထူးသဖြင့် အီလက်သာကလေး၏ ကြင်နာသော အပြုံးနှင့် ယုယသော အပြုအမူများသည် မော်ရစ်ဆင် အတွက် ကြည်နူးစရာများနှင့်ချမ်းမြေ့ဖွယ်ရာများဖြစ်နေခဲ့ရာ၊ သည်ရွာကလေးမှ ရုတ်တရက် ခွဲခွာ၍ မသွားနိုင်အောင် ဖြစ်ခဲ့သည်။

သို့သော် အခြေအနေမှာ တစ်နေ့တခြား ပိုမိုဆိုးရွားလာနေသည်။ မိမိတို့ ဗြိတိသျှ စစ်သားများ သည်ရွာကလေးတွင် ရှိနေသည်ကို တစ်နေ့တခြား လူသိများလာသည်နှင့်အမျှ ဂျာမန်တို့၏ ခြိမ်းခြောက်မှုနှင့် ရက်စက်မှုအန္တရာယ်ကလည်း တစ်နေ့ထက်တစ်နေ့ ပိုမိုနီးကပ်လာနေပြီဖြစ်သည်။ မိမိကြောင့်တစ်ရွာလုံး မီးလောင်ပြာကျရမည်ဆိုပါက မိမိအနေဖြင့် တစ်သက်လုံး ရင်နာ၍မဆုံးအောင် ဖြစ်စရာရှိသည်။

ထို့ပြင် လူ့ပြည်တွင် မရှိကြတော့ပြီ ဖြစ်သော ရှေ့နေကြီး စဘားဂူးနှင့် လူပုကလေး ဆိုယူဘာတို့၏ မှာကြားချက်များကို သစ္စာရှိစွာဖြင့် ဆက်လက်ဆောင်ရွက်ရဦးမည် ဖြစ်သည်။

သို့ဖြစ်ရာ မိမိ သည်ရွာကလေးမှ အမြန်ဆုံး ထွက်ခွာခြင်းသည် မိမိအတွက်ရော ခရစ်စတော်အတွက်ရော အီလက်သာအတွက်ပါ အားလုံးအတွက် အကောင်းဆုံးဖြစ်မည်ဟု ယူဆမိသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ သူ့ကိုတွေ့ပြီ ဗိုလ်ကြီး'

တယ်လီဖုန်းထဲမှ ဇာဗေ၏အသံသည် အားရဝမ်းသာ ဖြစ်နေသည်။

သို့သော် သူ့ဆရာဟေလ်ဆာကမူ အရေးမကြီးသလို လေသံမျိုးဖြင့် ခပ်အေးအေး ပြန်မေးလိုက်သည်။

'တကယ်ပဲလား...သေချာရဲ့လား'

'ဟုတ်ပါတယ်...သေချာပါတယ်'

'မင်း အခုပြောနေတာ ဘယ်ကလဲ'

'ဒါဒီမြို့ကပါ'

'တယ်လိုလုပ်ပြီး သေချာတယ်လို့ ပြောနိုင်တာလဲ'

'ကျွန်တော်တို့ကို သတင်းပေးနေတဲ့ ရွာသားတစ်ယောက်က ပြောလို့ သိရတာပါ၊ စကားပြောရင် အခုမရိုက်နိုင် ပေါက်နေတဲ့ ဗြိတိသျှ စစ်သားတစ်ယောက်နဲ့ တွေ့ခဲ့ရတယ်လို့ သူကပြောပါတယ်။ သူပြောပြတဲ့ ပုံပန်းသဏ္ဌာန်အရ မောရစ်ဆင်ပဲ ဆိုတာသေချာပါတယ်၊ တစ်ပုံစံတည်းပဲ'

'ဘယ်မှာတွေ့ခဲ့တာလဲ'

'ပါလီခိုရာဆိုတဲ့ ရွာကလေးမှာပါ၊ လာရစ်ဆာမြည်နယ်ရဲ့ မြောက်ဘက်အစွန်ဆုံးမှာရှိတဲ့ ရွာကလေးပါ၊ အဲဒါသူ့ကို သွားမဖမ်းခင် ဗိုလ်ကြီးသိအောင် သတင်းပို့တာပါ'

'နေဦး မင်းအရမ်းသွားလို့ မဖြစ်သေးဘူး၊ ငါ့ဆီရောက်လာတဲ့သတင်းတွေအရ၊ တချို့ရွာတွေမှာ တို့ကိုပြန်ချဖို့ လက်နက်တွေစုထားတယ်လို့ သိရတယ်၊ အဲဒီတော့ မဖြစ်မလော အင်အားနဲ့သွားလို့ မဖြစ်သေးဘူး'



'ဒါဖြင့် ကျွန်တော်ဘယ်လိုလုပ်ရမလဲ ဗိုလ်ကြီး'

'အဲဒီရွာကို တစ်ရွာလုံးဝိုင်းမယ်ဆိုရင် တပ်အင်အားဘယ်လောက်လိုမယ်ထင်သလဲ'

'နှစ်ရာ သုံးရာလောက်တော့ လိုလိမ့်မယ်ထင်တယ်' ဇာဗေက ပြန်ပြောသည်။

'ဒါဖြင့်မင်းဘာမှမလုပ်နဲ့ဦး၊ ငါ ခုချက်ချင်း ဒါဒီမြို့ကို လိုက်လာခဲ့မယ်၊ အဲဒီ ပါလီခိုရာဆိုတဲ့ ရွာကို နက်ဖြန်ည သန်းခေါင်မှာ ဝိုင်းနိုင်အောင် တို့စီစဉ်မှဖြစ်မယ်...ကြားလား'

* * *

ဖယောင်းတိုင်မီးရောင်ကြောင့် ခရစ်စတော်၏ခေါင်းမှာ ရှိန်ပြောင်နေသည်ဟု ထင်ရသည်။ သို့သော် သူ့မျက်နှာမှာ မသာမယာ ဖြစ်နေသည်ကို တွေ့ရသည်။

'ဒီမယ်...ဂျေ...ခင်ဗျားကို ကျုပ် ဆွေမျိုးသားချင်းအရင်းလိုပဲ ခင်လို့ ပြောတာပါ...ခင်ဗျား မသွားဘဲနေရင် ကောင်းလိမ့်မယ်ထင်တယ်'

'ခရစ်စတော်...ခင်ဗျားလဲ အသိဉာဏ်ရှိတဲ့လူပဲဗျ...ဒီအချိန်မှာ ဒီတိုင်းသာဆက်သွားရင် နက်ဖြန် ဒါမှမဟုတ် သန်ဘက်ခါ ဒါမှမဟုတ် တစ်နေ့နေ့မှာ ဒီရွာကို ဂျာမန်တွေဝိုင်းလောင်တိုက်သွင်းလိမ့်မယ်'

ခရစ်စတော်သည် ကြမ်းပေါ်သို့ တံတွေးတစ်ချက် ပက်ခနဲ ထွေးလိုက်ပြီး ဂျာမန်တွေကို ကြိမ်ဆဲလိုက်သည်။ ပြီးမှ...

www.burmeseclassic.com

www.burmeseclassic.com



'တကယ်လို့ ခင်ဗျားမရှိသည့်တိုင်အောင် ကျုပ်တို့အနေနဲ့ အင်္ဂလိပ်တွေကို ကျော်ခိုင်းမသွားပါဘူး၊ စိတ်ချပါ၊ မဟုတ်သေးပါဘူး၊ ခင်ဗျားသွားလို့ မဖြစ်သေးပါဘူး....' ခရစ်စတော်၏ အသံမှာ ခပ်အက်အက်ဖြစ်နေသည်။

မောရစ်ဆင်သည် သူ့လက်ထဲတွင် ကိုင်ထားသော အထုပ်ကို စားပွဲပေါ်သို့ အသာတင်လိုက်သည်၊ ပြီးနောက်....

'ဒါ ကျွန်တော့်မှာရှိတဲ့ ငွေပဲ၊ အားလုံး ငွေ ငါးသန်းရှိတယ်....အဲဒါ ခင်ဗျားယူတော့'

ခရစ်စတော်၏ မျက်နှာသည် ဒေါသဖြင့် ရဲခနဲ ဖြစ်သွားသည်၊

'ဒါ ခင်ဗျား ကျုပ်ကို သက်သက်စော်ကားတာပဲ၊ ခရစ်စတော်ဆိုတဲ့ကောင်ဟာ ငွေမက်တယ်လို့ ခင်ဗျား ထင်နေသလား၊ ဟုတ်လား၊ ဒီမယ်....ဂျေ....ခင်ဗျားကို ကျုပ်တို့စောင့်ရှောက်ပြုစုခဲ့တာဟာ စေတနာသက်သက်နဲ့ပါဗျာ'

ခရစ်စတော်၏ မျက်နှာအမူအရာနှင့် စကားလုံးများကြောင့် မောရစ်ဆင်မှာ စိတ်မကောင်း ဖြစ်သွားမိသည်။

'ဒါကို ကျွန်တော်နားလည်ပါတယ် ခရစ်စတော်၊ ဒါပေမယ့် ကျွန်တော် ဒီရွာက ထွက်သွားမှဖြစ်မယ်။ တကယ်လို့ ခင်ဗျား လိုက်မပို့နိုင်ဘူး ဆိုရင်လဲ ကျွန်တော်တစ်ယောက်တည်း ဖြစ်သလိုသွားတော့မယ်'

ခရစ်စတော်သည် စားပွဲပေါ်မှ အရက်ခွက်ကို လှမ်းယူ၍ တစ်ချက်မော့လိုက်သည်။



'ဒီမယ် မောရစ်ဆင်၊ ကျုပ်တူမကလေး အီလက်သာဟာ အင်မတန်ရိုးသားပြီး အင်မတန် စိတ်ကောင်းနှလုံးကောင်း ရှိပါတယ်။ အဲဒီတော့....'

ခရစ်စတော်သည် သူ့စကားကို ခေတ္တရပ်ကာ မောရစ်ဆင်၏ မျက်နှာကို မသိမသာစိုက်ကြည့်လိုက်သည်။

'အဲဒီတော့....ဒီမိန်းကလေးရဲ့ အုပ်ထိန်းသူတစ်ယောက်အနေနဲ့ ခင်ဗျားကို ပွင့်ပွင့်လင်းလင်းပဲ ပြောပါရစေ၊ ဒါနိုကာ ဆိုတဲ့ရွာမှာ ကျုပ် မြေကွက်တစ်ကွက် ဝယ်ထားတာရှိတယ်။ ကျုပ်အခုနေတဲ့ ရွာကလေးမှာပေါ့....နောက်ပြီးတော့ အီလက်သာအတွက် သူ့မိဘနှစ်ပါးက ထားရစ်ခဲ့တဲ့ ဘဏ်ဝတ်လက်စားနဲ့ အခမ္ပပစ္စည်းတချို့လဲ ကျုပ်ထိန်းသိမ်းထားတာရှိတယ်။ အဲဒီတော့ ကျုပ်အနေနဲ့ ခင်ဗျားကို အီလက်သာနဲ့ နေရာချပေးချင်တယ်၊ အခုဆိုရင် ခင်ဗျားလဲ ဒီလို ကောင်းကောင်းပြောတတ်ပြီး ကျုပ်တို့နဲ့ ခနသားလောက်ဖြစ်နေပြီဆိုတော့'

ခရစ်စတော်၏ စကားမဆုံးမီ မောရစ်ဆင်က ဖြတ်ပြောလိုက်သည်။

'ဒါတော့ လုံးဝမဖြစ်နိုင်ဘူး ထင်တယ်ခရစ်စတော်....၊ ဘာလို့လဲဆိုတော့ ကျွန်တော်ဟာ လွတ်လပ်တဲ့ လူတစ်ယောက် မဟုတ်ပါဘူး၊ အိမ်ထောင်နဲ့ပါ ကျွန်တော့်မှာ သားသမီး တစ်ယောက်တောင် ရှိပါတယ်'

ခရစ်စတော်သည် ထိုင်နေရာမှ ရုတ်တရက်ထလိုက်သည်။ ပြီးနောက် ဘာမှမပြောဘဲ လက်နှစ်ဖက်ကို နောက်ပစ်ကာ

www.burmeseclassic.com

www.burmeseclassic.com



အခန်းကလေးထဲတွင် ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေသည်။ တအောင့်လောက်ကြာမှ မောရစ်ဆင်အား မကြည့်ဘဲ တစ်လုံးချင်း ဖြည်းညှင်းစွာ ပြောလိုက်သည်။

'ဒီမယ် ရေ့... ခင်ဗျားကို ကျုပ် နော်ပလီယန်မှာ တွေ့တွေ့ခြင်း လူရိုးလူကောင်း တစ်ယောက်အနေနဲ့ သတ်မှတ်ပါတယ်။ ဒီရောက်တော့လဲ ခင်ဗျားကိုအိမ်သူအိမ်သား ဆွေမျိုးရင်းခြာ တစ်ယောက်လို သဘောထားခဲ့ပါတယ်၊ ကျုပ်မှာ ကျွေးမွေးနောက်ခံ သားသမီးရယ်လို့ တစ်ယောက်မှ မရှိပါဘူး၊ အဲဒီတော့ ကျုပ်ပြောတာကို အလေးအနက်...

မောရစ်ဆင်သည် ခရစ်စတော်၏ စကားမဆုံးမီ ဖြတ်ခနဲထ၍ အခန်းအပြင်ဘက်သို့ ထွက်လာခဲ့မိသည်။ သူ့ အမူသည် ရိုင်းပြလွန်းလှသည်ကို သူသိလိုက်သည်။

သို့သော် ရင်ထဲမှ လှိုက်လှိုက်လှဲလှဲဖြင့် ပြောကြားနေသော ခရစ်စတော်စကားများကို သူဆက်၍ နားထောင်နိုင်စွမ်း မရှိသောကြောင့် ယခုလို ထလာခဲ့ခြင်းဖြစ်သည်။

သို့သော် သူသည် အခန်းအပြင်ဘက်သို့ ရောက်သောအခါ ရှေ့ဆက်မသွားနိုင်ဘဲ တံခါးဝနားတွင် တွေဝေတွေကြီး ရပ်နေမိသည်။ အချိန်အတော်ကလေး ကြာသွားသည်။

သူ့ ရင်မှာ တလှပ်လှပ်ဖြစ်နေသည်။ သူ့ စိတ်မှာ လှုပ်ရှားနေသည်။ ကြာကြာနေလျှင် 'နေမြင့်လေ... အရှုံးရင့်လေ' ဖြစ်လာမည်မှာ သေချာသည်၊ သည်ရွာကလေးတွင် တစ်... ပို၍နေလျှင် သံယောဇဉ်တရစ် တိုးလာမည်။



သည်သံယောဇဉ်နှောင်ကြိုး အထပ်ထပ်ကို အချိန်မနှောင်း ပြတ်ပြတ် သားသား ရှန်းကန် ဖြတ်တောက်နိုင်မှသာလျှင် အားလုံး စိတ်ချမ်းသာကြမည် ဖြစ်သည်၊

မောရစ်ဆင်သည် သူ့ စိတ်ကို ယတိပြတ် ဆုံးဖြတ်လိုက်ပြီးနောက် အခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။ စောစောက အခန်းထဲတွင် လမ်းလျှောက်နေသော ခရစ်စတော်သည် ကုလားထိုင်ပေါ်တွင် ခေါင်းငိုက်စိုက်ချ၍ ထိုင်နေသည်။

သူသည် အခန်းထဲသို့ ရုတ်တရက် ပြန်ဝင်လာသော မောရစ်ဆင်အား တစ်ချက် လှမ်းကြည့်လိုက်ပြီး ပြောလိုက်သည်။

'နက်ဖြန် မနက်စောစော ကျုပ်ခင်ဗျားကို မော်တော်နဲ့ အသင်ကို လိုက်ပို့မယ်'

* * *

www.burmeseclassic.com

www.burmeseclassic.com


## ကြောက်စရာကောင်းသော ညတစ်ည

'ဂျေ…ထစမ်း…ထစမ်း'

မောရစ်ဆင်သည် အိပ်ရာမှလန့်နိုးပြီး၊ အိပ်မှုန်စုံမွှားဖြ…
ပျာယီးပျာယာ ထလိုက်သည်။ သူ့မျက်စိအောက်တွင် ညဝ…
အင်္ကျီရှည်ကြီးဖြင့် ဖယောင်းတိုင်တစ်တိုင်ကို ကိုင်ကာ သ…
ခုတင်ဘေး၌ ရပ်နေသော ခရစ်စတော်ကို မီးရောင်တွင် မြ…
လိုက်ရသည်။

ဖယောင်းတိုင် ကိုင်ထားသော ခရစ်စတော်၏လက်မှာ
တုန်တုန်ယင်ယင်ဖြစ်နေပြီး သူ့မျက်နှာမှာလည်း မီးရောင်တွ…
အဆီပြန်၍ ပြောင်နေသည်။

'အား…ဘာဖြစ်လို့လဲ' မောရစ်ဆင်သည် အိပ်ချင် မပြေ…
သေးဘဲ ဖြစ်နေသည်။

'မြန်မြန်ထ၊ ဟိုဘက်ရွာက သတင်းလာပို့တယ်၊ ဂျာမ…
တွေ တော်တော်များများ ဒီဘက် ဆင်းလာနေပြီတဲ့၊ ဒီရွ…
ဘက်ကို ဦးတည်ပြီး လာနေတယ်လို့ ပြောတယ်'

မောရစ်ဆင်သည် ကိုယ်ပေါ်မှစောင်ကို ရုတ်တရက် ခွာ…
လိုက်ပြီး ခုတင်ပေါ်မှ ကတိုက်ကရိုက် ဆင်းလိုက်သည်။

'ဘုရားရှိခိုးကျောင်းကို မြန်မြန်သွားမှ ဖြစ်မယ်' ခရ…
စတော်က တုန်လှုပ်သော အသံဖြင့် ပြောလိုက်သည်။

မောရစ်ဆင်သည် အဝတ်အစားများကို သုတ်သီးသုတ်ပြာ
…၍ ခေါင်းအုံးအောက်မှ ပစ္စတိုသေနတ်နှစ်လက်ကို ဆွဲကာ
…မ်ထဲမှ ထွက်လာခဲ့သည်။ သူသည် အိမ်တံစက်မြိတ်မှ မှောင်
…ကိုခို၍ ဟိုဟို သည်သည် ရွာထဲဘက်ဆီသို့ လှမ်းကြည့်လိုက်
…ဝင်းအပြင်သို့ခပ်သုတ်သုတ် ထွက်လာခဲ့သည်။

ရွာပြင်မှ ဘုရားရှိခိုးကျောင်းသို့ ရောက်သောအခါ သူ့
…င် သည်ရွာတွင် ပုန်းအောင်းနေသော ဗြိတိသျှစစ်သား
…လူစီအား သူ့အရင်ရောက်နေသည်ကို တွေ့ရသည်။ ဘလူစီ
…အတူ အခြားစစ်သား သုံးယောက်ကိုပါ တွေ့ရသည်။

သူတို့ငါးယောက်သည် မှောင်နှင့်မည်းမည်း ဘုရားရှိခိုး
…ျောင်းထဲတွင် တစ်နေရာတည်း စုရုံးနေကြသည်။

အပြင်မှ ဘာသံမျှမကြားရ။ အထဲတွင်လည်း အပ်ကျသံကို
…ကြားရမတတ် ငြိမ်သက်တိတ်ဆိတ်လျက် ရှိသည်။

'အခုနေ ထွက်ပြေးရရင် မကောင်းဘူးလား' ပထမဆုံး
…လူစီ၏အသံ ထွက်ပေါ်လာသည်။

'မဖြစ်သေးဘူးလေ၊ သူတို့က အပြင်ကနေခြေ ်င်းပြီး ပစ်
…ရင် ဘယ့်နှယ်လုပ်မလဲ' မောရစ်ဆင်၏ အသံဖြစ်သည်။
သူတို့သည် မှောင်ထဲတွင် နောက်ထပ် အတန်ကြာအောင်
…းမပြောဘဲ ငြိမ်နေကြသည်။

ထိုအခိုက် ဘလူစီသည် မောရစ်ဆင်၏ ပခုံးတစ်ဖက်ကို
…၍ လှုပ်လိုက်သည်။ ခပ်လှမ်းလှမ်း ရွာဘက်ဆီမှ ဆူဆူ
… အသံများ မသဲမကွဲ ကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ခွေးဟောင်သံများ၊ အမိန့်ပေးသံများ၊ နွားမည်ကို တ... အော်ခေါ်ကြသည့် အသံများ၊ မောရစ်ဆင်သည် ဖွင့်ထား...သော ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ လှမ်းကြည့်လိုက်...သည်။ အားလုံး မှောင်မည်းနေသည်။ ဘာကိုမှ သဲသဲကွဲကွဲ... မမြင်ရ။ ဆူဆူညံညံအသံများကိုသာ ကြားရသည်။ အသံများ...မှာ ပို၍ပို၍ ကျယ်လာသည်။ စကားလုံး မသဲကွဲသော်လည်း... စကားပြောသံများကိုပါ ကြားနေရပြီဖြစ်သည်။

'ရွာထဲမှာ ရှာနေကြပြီထင်တယ်'

တုန်လှုပ်နေသော ဘလူဝီက လေသံ ခပ်အုပ်အုပ် ပြော...လိုက်သည်။ နောက်ထပ် မော်တော်ကားသံများ၊ ထရပ်ကား...သံများကို ကြားလိုက်ရပြန်သည်။ စက်သံများနှင့်အတူ ခွေး...ဟောင်သံများနှင့် စကားပြောသံများမှာ ကျယ်လောင်သည်...ထက် ကျယ်လောင်လာသည်။ မိန်းမသံနှင့် ယောက်ျားသံ...ပင် ကွဲကွဲပြားပြား ကြားနေရသည်။

ထိုအခိုက် သေနတ်သံတစ်ချက် ဒိုင်းခနဲကြားလိုက်ရသည်... သေနတ်သံနှင့်အတူ အော်သံ ဟစ်သံများ ဝေါခနဲ ကြား...သည်။ ဒေါသဖြင့် အော်ဟစ်နေကြသည့် အသံများ ဖြစ်သ...

နောက်ထပ် သေနတ်သံများ လေး၊ငါးချက် ဆက်တိုက်... ကြားလိုက်ရပြန်သည်။ မိန်းမများ၏အော်ဟစ်သံများ ပို၍ဆူ... သွားသည်။

ထို့နောက် ဖြုန်းခနဲ အသံများ ငြိမ်သွားသည်။

ခဏအကြာတွင် မော်တော်ကားစက်နှိုးသံများကို ကြား... ရပြန်သည်။ စက်သံများကိုပထမတွင်ကျယ်ကျယ်လောင်လော...

...ကြားနေရပြီး ရွာထဲမှကားများ တစ်စီးပြီးတစ်စီး ထွက်ခွာသွားသည့် အနေဖြင့် အသံများ တဖြည်းဖြည်းဝေးသည်ထက် ဝေးသွားပြီး လုံးဝပျောက်ကွယ်သွားခဲ့သည်။

ကားသံများပျောက်ကွယ်သွားသည်နှင့်တစ်ပြိုင်နက် လူသံ...များကို ကြားကြရပြန်သည်။ သို့သော် သည်တစ်ကြိမ် ကြားသည့်အသံများမှာ ရွာသူရွာသားများ၏အသံများ မဟုတ်တော့ဘဲ၊ ဂျာမန်စစ်သားများ၏အသံသာလျှင် ဖြစ်နေသည်ကို သူတို့သတိပြုမိကြသည်။

သူတို့ ငါးယောက်စလုံး အသက်မရှူနိုင်ဘဲ နားစွင့်နေကြသည်။ မောရစ်ဆင်သည် ခါးကြားထဲမှပစ္စတိုတစ်လက်ကို ထုတ်ကာ ပြတင်းပေါက်ဆီသို့ မသိမသာ ချိန်ထားလိုက်သည်။

ရုတ်တရက် ဘုရားရှိခိုးကျောင်းအပြင်ဖက်နားဆီမှ ခွတ်... အသံတစ်ခု ကြားလိုက်ရသဖြင့် သူတို့အားလုံး နားရွက်များ ထောင်သွားကြသည်။

လှုပ်ရှားသံမှာ ရပ်မသွားဘဲ ဆက်၍ ကြားနေရသည်။ ...ရစ်ဆင်သည် ပစ္စတိုသေနတ်ကို ပြတင်းပေါက် အပြင်မှ ...င်ကြီးမည်းကြီးဆီသို့ ထိုးချိန်ထားလိုက်သည်။

အပြင်ဖက်တွင် လူရိပ်လိုလို မည်းမည်းသဏ္ဌာန် တစ်ခု.... ...ကျောင်းဖက်သို့ ခပ်ရွေ့ရွေ့ လာနေသည်။ ဘလူဝီသည် ...ယ်သေနတ် ပြောင်းဝကို ထိုမည်းမည်းသဏ္ဌာန် ရှိရာ ...ချင်း သူ့နားထင်မှ ချွေးများစီးကျလာသည်ကို သိလိုက်...သည်။

www.burmeseclassic.com

www.burmeseclassic.com

မည်းမည်းသဏ္ဍာန်သည် ဖြည်းဖြည်းချင်း လာနေသည်။ တဖြည်းဖြည်းနီးလာလေလေ လူတစ်ယောက်၏သဏ္ဍာန် ပို၍ ပေါ်လာလေလေ ဖြစ်သည်။ တစ်လှမ်းချင်း အားယူ၍လာနေဟန်တူသော ထိုသဏ္ဍာန်သည် အနည်းငယ်ယိမ်းယိုင်နေသည်ဟု ထင်ရသည်။

ခဏအကြာတွင် ဒယိမ်းဒယိုင် ဖြစ်နေသော မည်းမည်းသဏ္ဍာန်သည် ဘုရားရှိခိုးကျောင်း၏နံရံအနီးသို့ရောက်လာပြီး မြင်ကွင်းမှ ပျောက်သွားသည်။ မောရစ်ဆင်တို့ လူစုသည် နံရံကိုကပ်၍ နားစွင့်လိုက်ကြသည်။

အပြင်မှခြေသံသည် တံခါးပေါက်ဆီသို့ ဖြည်းဖြည်းချင်း ရွေ့လျားလာနေသည်။ ခဏအကြာတွင် တံခါးဝမှ တံခါးရွက်နှစ်ခုသည် တစ်ဖြိုင်နက် ပွင့်သွားပြီး လူတစ်ယောက်၏ ပုံသဏ္ဍာန်ကို ဘွားခနဲ မြင်လိုက်ကြရသည်။

'အီသက်သာ'

မောရစ်ဆင်သည် ပါးစပ်မှ လွှတ်ခနဲ အော်လိုက်မိသည်။ ကောင်းကင်နောက်ခံတွင် ပေါ်လာသော ကိုယ်လုံးသဏ္ဍာန်ကြောင့် အီသက်သာမှန်း မောရစ်ဆင် ချက်ချင်း သိလိုက်သည်။

မှန်သည် အီလက်သာပင် ဖြစ်သည်။ သူမသည် တံခါးဝမှာပင် တုန်တုန်ယင်ယင်ဖြင့် ရပ်နေသည်။ အနီးကပ်မြင်လိုက်ရသဖြင့်သူမ၏စကတ်ဂါဝန်နှင့်လည်ဟိုက်အင်္ကျီမှာ အစုတ်စုတ်အပြတ်ပြတ် ဖြစ်နေသည်ကို တွေ့ရသည်။

BURMESE CLASSIC .com



မောရစ်ဆင်သည် ပစ္စတို ကိုင်ထားသော လက်ဖြင့် မိမိအနီးမှ လူဝီ၏ ရိုင်ဖယ်သေနတ်ကို ဘေးသို့တွန်း၍ ဖယ်ပစ်လိုက်ပြီး အီလက်သာရှိရာ တံခါးဝသို့ တစ်ဟုန်ထိုး ပြေးလာသည်။ တံခါးဝသို့ ရောက်သောအခါ မလှုပ်မယှက် ရပ်နေသော အီလက်သာအား လက်မောင်းမှဆွဲ၍ အခန်းထဲသို့ ခေါ်လာခဲ့သည်။ သူသည် အီသက်သာ၏ မျက်နှာကိုကြည့်လိုက်သည်။ သူမ၏ မျက်လုံးများမှာ ကြောင်တောင်တောင်ဖြစ်နေပြီး စိတ်မနှံ့ သူတစ်ယောက်လို ဖြစ်နေသည်။

'ဟေ့ လူ....ခင်ဗျားလုပ်တာနဲ့ ကျုပ်တို့ အကုန်ဒုက္ခရောက်ကုန်လိမ့်မယ်ဗျ'

အခန်းထဲမှ စစ်သားတစ်ယောက်သည် မောရစ်ဆင်နှင့် အီလက်သာတို့ နှစ်ယောက်ကို ကြည့်ကာ လှမ်းအော်လိုက်သည်။ မောရစ်ဆင်သည်ယခုအချိန်အထိ မလှုပ်မယှက် ဖြစ်နေသော အီသက်သာ၏ကိုယ်လုံးကိုပခုံးနှစ်ဖက်မှကိုင်၍လှုပ်ယမ်းလိုက်သည်။ ဤတွင် အီသက်သာသည် အိပ်ရာမှလန့်နိုးလာသူကဲ့သို့ ရုတ်တရက်စူးစူးဝါးဝါးအော်လိုက်ပြီး မောရစ်ဆင်၏ ရင်ခွင်ကို ငုံ့ကိုက်လိုက်သည်။ ထိုအခိုက် ကျောင်းဝင်းပြင်ဖက်မှ စစ်ဖိနပ်သံများ ကြားလိုက်ရသည်။

'တဲ....လူစုခဲ့ပြီး လွတ်အောင် ပြေးကြတော့ဟေ့'

မောရစ်ဆင်သည် သူ့လူများအား လှမ်းပြောလိုက်ပြီး ကိုယ်တိုင်ကလည်း အီလက်သာ၏ ကိုယ်လုံး ကလေးကို ပွေ့ချီကာ ဘုရားစင် ဘေးနားရှိ မလှမ်းပေါက်ဝမှ ငုံ့၍ အပြင်ဖက်သို့ ထွက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် တံခါးဝဆီမှ ဂျာမန် စစ်ဖိနပ်သံများကို စုပြုံ၍ ကြားလိုက်ရသည်။

မောရစ်ဆင်သည် အပြင်သို့ရောက်သည်နှင့် တစ်ဖြိုင်နက် ခပ်လှမ်းလှမ်းမှ တောစပ်ဆီသို့ တအား ပြေးလာခဲ့သည်။ ကျောင်းဝင်းမှ တောစပ်ဆီသို့ ကိုက်သုံးရာခန့် ဝေးသည်။

သို့သော် ကျောင်းဖက်ဆီမှ ဂျာမန်စစ်သားများ၏အော်သံ ဒေါက်သံများနှင့်အတူ ဘလူဝီ၏ ရေရွတ်ကျိန်ဆဲသံများကို ကြားနေရသည်၊ ထို့နောက် သေနတ်သံများ အဆက်မပြတ် ကြားလိုက်ရပြီး ငြိမ်သွားသည်။

မောရစ်ဆင်သည် တောစပ်မှ ကိုက်ငါးဆယ်ခန့် အရောက် တွင် ပခုံးပေါ်မှ အီသက်သာအား မြေကြီးပေါ်သို့ လှဲ... လိုက်သည်။ အီသက်သာသည် ဆင်ခြေလျှောကလေး ဖြစ်... သော မြေကြီးပေါ်သို့ ကျသွားရာမှ အင့်ခနဲ အသံတစ်ခ... ထွက်ကာ မျက်လုံးများ ပွင့်လာသည်။

မောရစ်ဆင်သည် ရုတ်တရက် အီသက်သာ အလန့်တကြား အော်လိုက်မည်စိုးသဖြင့် သူမ၏ပါးစပ်ကို သူ့လက်ဝါး... ဖိ၍ ပိတ်ထားလိုက်ရာ သူမသည် ရူးရူး ဝါးဝါး ဖြစ်... အတင်းခန်းကန်၍ ထရန် ကြိုးစားသည်။ ညတွင် မော... ဆင်မှာ မတတ်သာတော့ဘဲ သူမ၏ကိုယ်ပေါ်သို့ သူ့ ခန္ဓာ... ကြီးဖြင့် တအားဖိ၍ ထားလိုက်တော့မှ ခဏအကြာတွင် ... မှာ ငြိမ်ကျသွားတော့သည်။

ထို့နောက် မောရစ်ဆင်သည် မလှုပ်မယှက်ဖြစ်ကာ ... မှောက်နေသော အီသက်သာအား နောက်တစ်ကြိမ် ပခုံးပေ... ထမ်းကာ တောနက်ထဲသို့ ခပ်သုတ်သုတ် ပြေးဝင်လာခဲ့ ပြန်သည်။ လက်နှိပ်ဓာတ်မီးရောင်များ ခွေးဟောင်သံများနှင့် ဂျာမန်စစ်သားများ၏ အချင်းချင်း စကားပြောသံများသည် တဖြည်းဖြည်း ဝေးသည်ထက်ဝေးကာ နောက်ဆုံးတွင် အာ... ...မျှ မကြားရတော့ဘဲ ငြိမ်သက်သွားသည်။



အတော်ကလေး ကြာသောအခါ မောရစ်ဆင်မှာ တစ်ကိုယ်လုံး ချွေးများ ရွှဲနစ်ကာ မဟန်နိုင်လောက်အောင် ဖြစ်... သဖြင့် ပခုံးပေါ်မှ အီသက်သာအား သစ်ပင်တစ်ပင်၏ ခြေရင်းတွင်မှီ၍ မြေကြီးပေါ်သို့ အသာအယာ လှဲချလိုက်ရသည်၊ ထို့နောက် သတိမရတစ်ချက်ရတစ်ချက် ဖြစ်နေသော ...လက်သာအား ပခုံးကို လှုပ်ယမ်း၍လည်းကောင်း၊ ပါး...ဖက်ကို လက်ဖြင့် အသာအယာပုတ်၍ လည်းကောင်း.... ...တိရအောင် ကြိုးစားကြည့်သည်။

'အီသက်သာ...အီသက်သာ'

သူမသည် ကိုယ်ကို အနည်းငယ်လူးလွန့်လိုက်သည်။သို့သော် ...တိကောင်းစွာ မရသေးဘဲ မောရစ်ဆင်၏လက်ထဲတွင် ...ခွေနေသည်။ နောက်ဆုံး၌ မောရစ်ဆင်သည် သူကိုယ်... ...ကာ မှောဟိုက်ပင်ပန်းကာ မလှုပ်ချင် မရှားချင်တော့ဘဲ ...လက်သာအား ပွေ့ထားရာမှ သစ်ပင်ကိုမှီချလိုက်ပြီး မျက်... ...တို့ စုံမှိတ်ကာ မှိန်းနေလိုက်ရသည်။

ထိုအခိုက် မိုးသည် မမျှော်လင့်ဘဲ ဖြုန်းခနဲ သဲသဲမဲမဲ ရွာ... ...လိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## တောထဲ တောင်ထဲ နှစ်ယောက်တည်း

အီလက်သာသည် ရှိုက်ကြီးတငင် ငိုကြွေးနေသည်။ ရှိုက်
နှင့်အတူ သူမ၏ကိုယ်လုံးကလေးသည် သိမ့်သိမ့်တုန်နေ
သည်။ မောရစ်ဆင်သည် သူမအား မည်သို့နှစ်သိမ့်ရမည်ကို
မသိတော့ဘဲ ဖြစ်နေမိသည်၊ သူကိုယ်တိုင်ကပါ မချိတင်
ဝမ်းနည်းလွန်းလှသဖြင့် မျက်ရည်များ တတွေတွေ ကျဆင်
နေမိသည်။ တစ်နေ့နေ့တွင် မိမိကြောင့် ယခုလို တစ်ရွာလ
အတိဒုက္ခ ရောက်လာနိုင်စရာရှိသည်ကို ကြိုတင်သိနေပါလ
သည်အန္တရာယ်မျိုး မကျရောက်အောင် ပြုတ်ပြုတ်သားသ
မလုပ်နိုင်ခဲ့သော သူ့အဖြစ်ကိုလည်း အကြီးအကျယ် မ
မနပ်ဖြစ်နေမိသည်၊ သူ့ကိုယ်သူ ဒေါပွရှုမဆုံးအောင် ဖြ
သည်။ ယခုတော့ မိမိကြောင့် တစ်ရွာလုံး ဒုက္ခရောက်ခဲ့ကြ

အီလက်သာ ပြောပြချက်အရ ဂျာမန်စစ်သားများသ
ခရစ်စတော်အား ရွာလယ်တွင် ပစ်သတ်ခဲ့ကြသည်တု
သည်။ ထို့မှမက ခရစ်စတော်၏ ဇနီးကိုပါ သူ့ယော
အလောင်းကိုဖက်၍ ငိုနေခိုက် ဂျာမန်များက လှ စွပ်ဖြင့်
ရက်စက်စက် ထိုးသတ်ခဲ့ကြသေးသည်။

ယမန်နေ့ညကအဖြစ်မှာ အီလက်သာပြောပြသမျှ
စရာကောင်းလှသည်။ ဂျာမန်စစ်သားများ ရွာထဲသို့
လာကြပြီး တစ်ရွာလုံး ရုတ်ရုတ်သဲသဲဖြစ်နေခိုက် အီလက်
သည် ကံအားလျော်စွာ အခြားရွာသူရွာသားအချို့နှင့်



မ်တစ်အိမ်မှ ထပ်ခိုးပေါ်တွင် ပုန်းအောင်းနေခဲ့ပြီး လွတ်
မြောက်လာခဲ့သည်။သို့သော် ထိုအိမ်ပေါ်မှ ဆင်းမပြေးနိုင်မီ
ာလယ်တွင် ဦးလေး ခရစ်စတော်တို့ လင်မယားနှစ်ယောက်
သုံး ရက်ရက်စက်စက် အသတ်ခံကြရရှာသော မြင်ကွင်းကို
ောင်းကြည့်ရာမှ မြင်ခဲ့ရသည်ဖြစ်ရာ သူမမှာ စိတ်ထိခိုက်
ွန်းလှသဖြင့် တုန်လှုပ်ချောက်ချားကာ ရူးမတတ်ဖြစ်သွားခဲ့
သည်။ ရွာသူရွာသားများအား ထိုသို့ ရွာလယ်တွင် အား
စုဝေးခိုင်းပြီး ရွာထဲတွင် တစ်အိမ်တက်ဆင်းရှာဖွေနေကြ
ဖြင့် ဘုရားရှိခိုးကျောင်းမှ မောရစ်ဆင်တို့ လူသိုက်မှာ သီသီ
လေး လွတ်လာခဲ့ခြင်းဖြစ်သည်၊ အီလက်သာသည် ခရစ်
တော်တို့ လင်မယား အသတ်ခံလိုက်ရသည်ကို မြင်လိုက်ရပြီး
က် ကြောက်အားလန့်အားဖြင့် စိတ်ကိုမထိန်းနိုင်ဘဲ ပြေး
ပြေးရာ ရွာပြင်သို့ ထွက်ပြေးခဲ့ရာမှ မောရစ်ဆင်တို့ရှိရာ
ားရှိခိုးကျောင်းသို့ ရောက်လာခဲ့ခြင်းဖြစ်သည်။

ယခုသော်မူ ခရစ်စတော်တို့ လင်မယားနှစ်ယောက်နှင့်
အခြားရွာသား လေးငါးယောက် အသတ်ခံခဲ့ရသည့်
ပါလီခိုရာ တစ်ရွာလုံးမှာ ဂျာမန်တို့လက်ချက်ဖြင့် ပြာပုံ
ဖြစ်ခဲ့ရပြီ၊ မီးလောင်း ပြာကျသွားခဲ့ရပြီဖြစ်သော ရွာ
ားနှင့်တကွ မီးလောင်ပြင်မှ ယခုတိုင် မီးခိုးတလူလူ
နေသည်ကို တောင်ကုန်းပေါ်မှ လှမ်းမြင်နေရသော
ရစ်ဆင်မှာ ရင်နာ၍မဆုံးအောင် ဖြစ်မိသည်။
သတိပြန်ရလာသည့် အချိန်မှစ၍ ဝမ်းနည်းပမ်းနည်းဖြင့်
ချုကာ ငိုမစဲအောင် ဖြစ်နေရှာသော အီလက်သာကို
ချင်း ပို၍ စိတ်မချမ်းမသာ ဖြစ်မိသည်။ သို့သော် သည်

www.burmeseclassic.com

www.burmeseclassic.com



ရွာကလေး၏ အနီးအနားတွင် ရှိနေသမျှဂျာမန်တို့ အန္တရာယ်
သည် အချိန်မရွေး ရောက်လာနိုင်သည် ဖြစ်ရာ မောရစ်ဆေ
သည် အီသက်သာအား အတတ်နိုင်ဆုံး ဖျောင်းဖျကာ အာ
ပေးနှစ်သိမ့်ရင်း ထိုနေရာမှ နှစ်ယောက်သား ထွက်ခွာလာ
ခဲ့ကြသည်။ နေ့လည်မွန်းတည့်ချိန်လောက်တွင် အတော်ကလေ
ခရီးပေါက်လာခဲ့ကြသည်။ တောင်ကုန်းပေါ်တွင် ဖြစ်သေ
လည်း သစ်ပင်များမှာ ပို၍ ပို၍ ထူထပ်လာပြီး တော
လည်း နက်သည်ထက် နက်လာသည်။

အချို့နေရာများတွင် လူသွားလမ်း ဟူ၍ လုံးဝမရှိတော့
ဘဲ ဖြစ်နေရာ ချုံနွယ်ပိတ်ပေါင်းများ အောက်မှ ခက်ခ
ခဲခဲ ငုံ့ကာတိုးကာဖြင့် ခဲခဲယဉ်းယဉ်း လာခဲ့ကြရသည်။

ညနေစောင်းလာသောအခါ သူတို့နှစ်ယောက်စလုံး
ခြေထောက်များ မသယ်ချင်လောက်အောင် ဖြစ်ကာ နွမ်း
ခွေနုံး လာကြသည်။ တစ်နေ့လုံး အစာလုံးဝ မစား
တစ်တောဝင် တစ်တောထွက် ခက်ခဲပင်ပန်းစွာ လာခဲ့ရ
ဖြစ်ရာ အီလက်သာမှာ သုံးဆောက်၍ လမ်းမလျှော
အောင် ဖြစ်သာသည်။ သို့ဖြစ်ရာ မောရစ်ဆင်သည်
အဖို့ ထိုနေရာမှာပင် စခန်းချရန် စီစဉ်ရတော့သည်။

နေဝင်သွားသည်နှင့် တစ်ပြိုင်နက် တောရိပ် တော
ကြောင့် အမှောင်ကျသည် သိသိသာသာ လွှမ်းမိုးလာ
ကို တွေ့ရသည်။ ညက တစ်ညလုံး မိုးရေထဲတွင် အိ
ရသဖြင့် စိုရွှဲနေသော သူတို့ အဝတ်အစားများမှာ
လုံး နေပျောက်မတိုးသည့် တောနက်ထဲတွင် လာခဲ့ရ
ယခုတိုင် မခြောက်သေးဘဲ ဖြစ်နေသည်။ မောရစ်ဆ



အနီးအနား တစ်ဝိုက်မှ သစ်ကိုင်းခြောက်များကို သယ်နိုင်
သလောက် သယ်လာပြီး မီးပုံကလေးတစ်ခုဖြစ်အောင် မီးမွေး
လိုက်သည်။ မီးတောက်များ အတော်ကလေးတက်လာသည်နှင့်
နွေးနွေးထွေးထွေး ရှိသွားသည်။ အနီးအနား တစ်ဝိုက်တွင်
လည်း မီးရောင်ကြောင့် လင်းလင်းချင်းချင်း ဖြစ်သွားသည်။

မောရစ်ဆင်သည် မီးပုံကလေးမှ မနီးမဝေးတွင် သစ်လုံး
တစ်ခုကိုမှီ၍ ခွေခွေကလေးထိုင်နေသော အီသက်သာ ရှိရာသို့
သွားကာ ဒူးထောက်၍ ထိုင်ချလိုက်သည်။

'မင်းတစ်ခါတည်း အိပ်ပျော်သွားအောင် အိပ်လိုက်ရင်
ကောင်းမယ်' မောရစ်ဆင်သည် သူမအား ကြင်နာသော အသံ
ဖြင့် ခပ်တိုးတိုး ပြောလိုက်သည်။ 'ဒါမှ နက်ဖြန်မနက်ကျရင်
ခရီး ဒါနီကာကို ဆက်သွားနိုင်မယ်'

သူမသည် ခက်မှောင်သော မျက်တောင်ကော့ကြီးများကို
ဖွင့်၍ မောရစ်ဆင်အား စိုက်ကြည့်လိုက်သည်။ မျက်လုံးများ
မှာ ရဲနေပြီး မျက်ခွံများမှာလည်း မို့နေသည်။ 'ရှင့်အတွက်
ကော...ဘယ်လိုစီစဉ်မလဲ'

'ကိုယ့်အတွက် မစဉ်းစားပါနဲ့၊ ကိုယ့်ကြောင့် ဒုက္ခရောက်
ရတာတွေ ဒါလောက်ဆိုရင် တော်လောက်ပါပြီ'

'ဒီလိုလဲ ဘယ်ဟုတ်မလဲရှင်၊ ဒါတွေဟာ ရှင့်အပြစ်မဟုတ်
ဘူး၊ ဒီဂျာမန်တွေကို ဒီနိုင်ငံရောက်အောင် ရှင်ခေါ်လာ
တာမှ မဟုတ်ဘဲ'

သူမ၏စကားကြောင့် မောရစ်ဆင်မှာ 'မချိပြုံး' ပြုံးမိ
သည်။ ဘာပဲဖြစ်ဖြစ် အခြားသူများအနေဖြင့် ထိုပုံးမိုးမှောင်
ကျခဲ့ကြရသည် မှန်သော်လည်း သူ့အတွက်မူ ယခုအထိ တံ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကောင်းနေဆဲဖြစ်သည်။ သို့သော် ရန်သူအပေါ်တွင် လက်တံ့ ရှည်လှသော ဂျာမန်တောက်လှမ်းရေးဗိုလ် ဟောလ်ဆာ၏ လက်တွင်းမှ အဘယ်မျှကြာအောင် လွတ်မြောက်နေနိုင်ပါမည်နည်း။ အဘယ်မျှကြာအောင် ကံကောင်းနေပါဦးမည်နည်း။

မောရစ်ဆင်သည် တွေးလက်စကိုဖြတ်ကာ အနီးအနားတစ်ဝိုက်ရှိ သစ်ရွက်ခပ်ကြီးကြီးများကို အစ်ရွက်ချွင်းစီ၍ ထပ်ကာ အီလက်သာအတွက် အိပ်ရာနေရာ ပြုလုပ်ပေးခဲ့သည်။ ထို့နောက် သူမအား ပခုံးမှဖက်၍တွဲကာ အိပ်ရာပေါ်တွင် နေသားတကျ ဖြစ်အောင် အသာအယာ လှဲချလိုက်သည်။

အီလက်သာသည် သစ်ရွက်များပေါ်တွင် အသာကလေး ပက်လက်လှန်၍ အိပ်လိုက်သည်။ တစ်နေ့လုံး ပင်ပန်း ထား သမျှ အညောင်းဆန့်ရလိုက်သဖြင့် အကြောအခြင်များ ပျော့ သွားပြီး အတော်ပင် နေသာထိုင်သာ ရှိသွားခဲ့သည်။ မော ရစ်ဆင်သည် သူမအား အိပ်ရာပေါ်သို့ နေသားတကျဖြစ် အောင် အသာအယာလှဲချလိုက်ပြီးနောက် သူမ၏ကိုယ်ကို တ ချက်ငုံ့ကြည့်လိုက်သည်။ သူမဝတ်နေကျဖြစ်သော လက်ပြ လယ်ဟိုက် အင်္ကျီကလေးမှာ တစ်ထည်လုံး စုပ်ပြဲနေသည် ရာ သူမ၏အပေါ်ပိုင်းမှာ မလုံမလဲ ဖြစ်နေရှာသည်။ ခ တည့်တည့်တွင် ဖွာလန်ကြဲအောင် စုတ်ပြဲနေသော အ အတွင်းမှ မို့မောက်လုံးကျစ်သောအသားဆိုင်များကို အ သားမြင်နေရသည်၊ မောရစ်ဆင်သည် အသက်ရှူမှားမ ဖြစ်သွားမိသည်၊ တစ်ကိုယ်လုံး အဖျားတက်သလို ရှိန်း ဖိန်းခနဲ ခံစားလိုက်ရသည်။ သူသည် ရုတ်တရက် သ ပြန်၍ထိန်းချုပ်ကာ သူ့မျက်လုံးများကို သူမ၏ ခန္ဓာ



အပေါ်ပိုင်းမှ မျက်နှာလွှဲကာ သူမအား အမှတ်မထင် စောင်း ငဲ့၍ကြည့်လိုက်သည်။ သူ့အား စိုက်ကြည့်နေသော သူမ၏မျက် လုံးများနှင့် ဆုံမိကြသည်၊ အရှိန်ပြင်းစွာဖြင့် လောင်ကျွမ်းနေ ပြီဖြစ်သော မီးပုံမှ မီးရောင်အောက်တွင်သူမ၏ မျက်လုံးများ သည် တလက်လက်တောက်နေသည်။ မောရစ်ဆင်သည် ချက် ချင်းပင် မျက်နှာကို တစ်ဖက်သို့ လှည့်ပစ်လိုက်သည်။

'ကိုယ် နောက်ထပ် သစ်ရွက်နဲ့ သစ်ကိုင်းခြောက်တွေသွား သယ်လိုက်ဦးမယ်၊ ညကျရင် ပိုပြီးချမ်းလိမ့်မယ်' ပြောပြော ဆိုဆိုဖြင့် သူသည် သူမအနီးမှ ထလာခဲ့သည်။

ခဏအကြာတွင် မောရစ်ဆင်သည် သစ်ကိုင်းများနှင့် သစ် ရွက်များကို ပွေ့၍ ပြန်ရောက်လာသည်။ သူသည် သစ်ကိုင်း ခြောက်အချို့ကို မီးပုံထဲသို့ ထပ်ထည့်ကာ မီးပုံကိုလည်း အနည်းငယ် ဆွပေးလိုက်သည်။ မီးတောက်များ စောစောက ထက် ပို၍ အရှိန်ကောင်းလာသည်။

BURMESE CLASSIC .com

မောရစ်ဆင်သည် မီးပုံကလေး၏ တစ်ဖက်သေးတွင် သူ့ အတွက် သစ်ရွက်များကိုခင်းကာ လှဲအိပ်လိုက်သည်။ သူသည် မျက်လုံးများကို စုံမှိတ်ထားသော်လည်း အိပ်၍မရအောင်ဖြစ် နေသည်။ သူ့စိတ်ထဲတွင် အီလက်သာ၏ မလုံ့တလုံ့ဖြစ်သော ကိုယ်ခန္ဓာအပေါ်ပိုင်းကိုသာ မြင်ယောင်နေမိသည်။ သူသည် သူ့စိတ်ကို အစွမ်းကုန်ထိန်းချုပ်ကာ အီလက်သာနှင့်ပတ်သက် သည့် စိတ်ကူးစိတ်သန်းများကို ကြိုးစား၍ ဖျောက်ဖျက်နေခဲ့ သည်။ မီးပုံကလေး၏ တစ်ဖက်မှ အီလက်သာ၏ လှုးတွန့်သံကို ကြားရသည်။ မောရစ်ဆင်၏ စိတ်များသည် ဝဲပေါ်တော့ပမာ ယောက်သို့သော တဝဲလယ်လယ် ဖြစ်နေသည်။ သူသည် နဖူးပေါ်

www.burmeseclassic.com

www.burmeseclassic.com



လက်တင်ကာ မျက်စိကိုစုံမှိတ်၍ ပက်လက်လှန်အိပ်နေရမှ မီးပုံကိုကြွေးပေးသော ဓာတ်ဖမ်းသို့ ဆောင်းလိုက်သည်။ သူ့ ရင်ထဲမှ လှုပ်ရှားမှုကို သူ့ဦးနှောက်မှ အသိတရားဖြင့် ကြိုး စား၍ ထိန်းချုပ်ထားရသည်။

'မောရစ်ဆင်...မင်းဘဝနဲ့ အခြေအနေကို သိလျက်သားနဲ့ ဘာလို့ စိတ်အလိုကို လိုက်ချင်ရတာလဲ၊ မင့်ကြောင့် တစ်ရွာ လုံး ဒုက္ခရောက်ခဲ့ရတာကို မင်းမမေ့သေးဘူးလား မောရစ် ဆင်၊ ဒီမိန်းကလေးဟာ မသေလို့ ကျန်ခဲ့သူကလေးပါ ဒါကိုမင်းက သူ့ဘဝသက်သာမှာ စိတ်မချမ်းမသာဖြစ်ရ အောင်မျိုးရောက်အောင် ရေနှစ်သူကို ငါးဖျားထိုးဦးမလို့လား မင့်ကြောင့် သေတဲ့သူတွေလဲ သေကျန်ခဲ့ကြပြီ မတော်လား ပြီးတော့ မင့်မှာအရေးကြီးတဲ့ တာဝန်...'

မောရစ်ဆင်၏ ခေါင်းထဲတွင် စတားဂူးမေးထားခဲ့သော စာခင်းစာရွက်ကလေးကို ဖြုန်းခနဲ သတိရ[illegible]သည်။ သည် စာခင်းစာရွက်ကလေးထဲမှ လူ ၁၇ နှစ်ယောက်၏ နာမည် များသည် သူ့ခေါင်းထဲသို့ အစီအရီ ဝင်လာသည်။ သူသည် ထိုနာမည်များကို အလွတ်ပြန်၍ ရွတ်ဆိုကြည့်လိုက်သည်။ နာမည်များနှင့် မြို့များအားလုံး ရွတ်ကြည့်သည်။ တစ်ခု မကျန် အလွတ်ပြန်၍ ရွတ်နိုင်သည်ကို တွေ့ရ၍ ဝမ်းသာ သွားမိသည်။ သည်နာမည်များကို ရွတ်ဆိုရင်း လေးထောင့် မျက်မှန် တပ်ထားသော စတားဂူး၏မျက်နှာကို မြင်ယောင် လာမိသည်။ ထို့မှတစ်ဆင့် လူပုကလေး ဆိုယူဘာ၊ ဘဲလော အကျီဝတ်ထားသော ခရစ်စတော်၊ သည့်နောက်သေနတ် များ၊ ခွေးဟောင်သံများ၊ ဂျာမန်စစ်သားများ...။



မောရစ်ဆင်၏ နောက်ကျောမှာ အေးသည့်ထက် အေး လာသည်။ မျက်လုံးကို ဖွင့်ကြည့်လိုက်ရာ မီးရောင်မှာ စော စောကလောက် မလင်းတော့ဘဲ ခပ်ဖျော့ဖျော့ဖြစ်နေသည်ကို တွေ့ရသည်။ မီးပုံမှာ မီးအားနည်းနေပြီကို ချက်ချင်း သိလိုက် သည်။ သို့ဖြင့် သူသည် လှဲနေရာမှ ထထိုင်လိုက်ပြီး မီးပုံဘက် သို့ လှည့်ကာ ဘေးနားမှ သစ်ကိုင်းများကို မီးပုံထဲသို့ ထပ် ထည့်လိုက်သည်။ တဖျစ်ဖျစ်မြည်သံနှင့်အတူ မီးတောက်များ ပြန်၍ အရှိန်ကောင်းလာသည်။

'ဝေ့...'

မောရစ်ဆင်သည် မြန်အိပ်မည့်ဆဲဆဲ မီးပုံ၏ တစ်ဖက်ဘေး မှ အိသက်သာ၏အသံကို ကြားလိုက်ရသည်။

'ကိုယ်ရှိပါတယ်၊ အိပ်လေ...ပျော်အောင်အိပ်လိုက်'

'အိပ်လို့မရဘူး ကျွန်မသိပ်ချမ်းတယ်'

'ခဏနေရင် ပြန်နွေးလာမှာပါ၊ အခု မီးထပ်ထည့်လိုက် ပြီ'

မောရစ်ဆင်သည် သူ့ အိပ်ရာပေါ်တွင် ပြန်၍လှဲလိုက်သည်။

'ဝေ့...'

'ဘာလဲ...ဘာလုပ်ချင်လို့လဲ'

'ကျွန်မကြောက်တယ်'

မောရစ်ဆင်သည် ရုတ်တရက် ဘာမှပြန်မပြောဘဲ အတန် ကြာအောင် စဉ်းစားရင်း ငြိမ်နေလိုက်သည်။ ပြီးမှ...'ကဲ...ဒါ ဖြင့်လဲ၊ လာ...လာ၊ ဒီဘက်ကိုပြောင်းခဲ့...'

တစ်ဖက်မှ ချိုးချိုးချွတ်ချွတ် အသံများ ကြားလိုက်ရပြီး ခဏအကြာတွင် သူ့ အိပ်ရာဘေးသို့ အိသက်သာ ရောက်[illegible]

www.burmeseclassic.com

www.burmeseclassic.com



သည့်ကိုသိလိုက်သည်။ သူမ၏ကိုယ်လုံးကလေးသည်သူ့ဘေးသို့ အလိုက်သင့် ကျလာသည်။ သူသည် သူမအား အသာအယာ ဆီး၍ ဖက်လိုက်သည်။

'ဟင်....အီသက်သာ၊ မင့် တစ်ကိုယ်လုံး အေးစက်နေတာ ပါလား....ကြည့်စမ်း၊ ရေခဲတုံးကျနေတာပဲ'

မောရစ်ဆင်သည်သူမ၏လက်မောင်းနှင့်ပခုံးသားကလေး များကို မသိမသာ ပွတ်ပေးလိုက်သည်။ အီသက်သာသည် သူ သခင်၏ယုယမှုကို ခံနေရသော ကြောင်မကလေးတစ်ကောင် ဖမာ မောရစ်ဆင်၏ရင်ခွင်ထဲသို့ ခေါင်းကလေးတိုးဝှေ့ကာ ငြိမ်နေရှာသည်။ မောရစ်ဆင်သည် သူမ၏ကိုယ်လုံးကလေးကို ညင်ညင်သာသာဆွဲ၍ သိမ်းဖက်ထားလိုက်သည်။ သူ၏ လက် တစ်ဖက်သည် သူမ၏နုညက်အိထွေးသောကြောပြင်ကလေးကို စမ်းမိသည်။

'အိပ်နော်....ပျော်အောင်အိပ်လိုက်၊ နော်....နော်....'

* * *

ခန္ဓာထွေးသောနေရောင်ခြည်သည် သစ်ပင်များအကြားမှ တစ်ဆင့် တောအုပ်ထဲသို့ ထိုးကျလာသည်။

မောရစ်ဆင်သည် အိပ်ရာမှ ဖျတ်ခနဲ နိုးလာသည်။

မီးပုံကလေးမှာ မီးငြိမ်းနေပြီ ဖြစ်သည်။ သူသည် သူ့ ရင်ခွင်ထဲတွင် အပြစ်ကင်းစင်သည့် ကလေးငယ် တစ်ယောက် ဖမာ အိပ်ပျော်နေရှာသော အီလက်သာအား သစ်ရွက်များ



ပေါ်သို့ အသာကလေးချကာ သူ့ကိုယ်ကို အနည်းငယ် ရွှေ့ လိုက်ပြီး အားယူ၍ ထလိုက်သည်။

သူသည် မတ်တပ်ရပ်၍ အညောင်းဆန့်လိုက်ရင်း အမှတ် မဆင် သူ့ဗိုက်ကို လက်ဝါးဖြင့် စမ်းလိုက်သည်။ နှစ်ညနှင့် တစ်နေ့လုံးလုံး ဘာမျှမစားဘဲနေခဲ့ရသောကြောင့် သူ့ဗိုက်မှာ ပြားချပ်နေသည်ကို တွေ့ရသည်။ ထိုအခိုက် အီသက်သာသည် အူးလွန့်ကာ အိပ်ရာမှနိုးလာသည်။

မောရစ်ဆင်သည် သူမအား လှမ်းကြည့်လိုက်ရာ သစ်ရွက် များပေါ်တွင် ကပိုကရို ဖြစ်နေသော သူမ၏ခန္ဓာကိုယ်ဆီသို့ သူ့မျက်လုံးများ ရောက်သွားသည်။ သူသည် ချက်ချင်းပင် မျက်နှာ လွှဲပစ်လိုက်ပြီး သစ်ကိုင်းခြောက်များ ကောက်ရန် ခပ်လှမ်းလှမ်း ထွက်လာခဲ့သည်။ အနီးအနားမှ ထင်းများနှင့် သစ်ကိုင်းခြောက် များကိုပွေ့၍ ပြန်လာသောအခါ အီသက် သာသည် ဒူးကလေးနှစ်ဖက်ကိုထောင်ကာ ခြေသလုံးကို လက် နှစ်ဖက်ဖြင့် ပိုက်၍ပါးကလေးတစ်ဖက်ကို ဒူးခေါင်းပေါ်သို့ ယှက်ဝှဲ တင်ထားရင်း ထိုင်နေရာမှ မောရစ်ဆင်အား စိုက် ကြည့် နေသည်ကို တွေ့ရသည်။

သူမသည် သစ်ကိုင်းခြောက် များဖြင့် မီးမွေးနေသော မောရစ်ဆင်အား ပြုံးပြုံး ကလေး ငေးကြည့် နေသည်။ အိပ်ရေးဝအောင် အိပ်လိုက်ရသောကြောင့် ကြည်လင် ရွှင်ပြ ဟာ လန်းဆန်း နုပျိုနေသော ကိုယ်ဟန် ကလေးသည် နူးထွေးနေသော နေရောင်ခြည်အောက်တွင် သူမ၏အလှကို ထွမ်းကုန် ဖော်ပြထားသလို ဖြစ်နေသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မောရစ်ဆင်သည် ဖြူနုန်းခနဲသူမထံသို့ တအားပြေးသွားပြီး သူမ၏ကိုယ်လုံးကလေးကို တအားသိမ်းကျုံးဖက်လိုက်သည် ပြီး သူ၏နှုတ်ခမ်းများဖြင့် သူမ၏နှုတ်ခမ်းအစုံကို အငမ်းမ စုပ်ယူလိုက်သည်။ သူမသည် ခေါင်းကလေးမော့၍ နောက်သို့ အနည်းငယ်ကော့သွားရာမှ မောရစ်ဆင်အား လက်မောင်း နှစ်ဖက်ဖြင့် သိုင်း၍ မလွှတ်တမ်း ဖက်ထားလိုက်သည်။

အချိန်မည်မျှကြာသွားသည်မသိ၊ မောရစ်ဆင်သည် ရုတ်တရက် သတိပြန်ဝင်လာပြီး သူမ၏ ကိုယ်လုံးကလေးကို သိမ်း ကျုံးဖက်ထားရာမှ ဖြုန်းခနဲ လူချင်းခွာ၍ မတ်တတ်ရပ်လိုက် သည်၊ အီသက်သာမှာ သူ၏အပြုအမူကို နားမလည်သည့်မျက် နှာကလေးဖြင့် ဖျတ်ခနဲ မော့ကြည့်လိုက်မိသည်။ သူမ၏ မျက် လုံးများမှာ နံနက်ခင်း၏ နေရောင်အောက်တွင် တသက် တောက်နေသည်ဟု ထင်ရသည်။

မောရစ်ဆင်သည် မတ်တတ်ရပ်၍ သူမအား တစ်ခ ငုံ့ကြည့်လိုက်ပြီး သူ့ကိုယ်ပေါ်မှ ရှပ်အင်္ကျီကို ခေါင်းမှလျှို ချွတ်လိုက်သည်။

'ရော့...အဲဒါ ဝတ်ထားစမ်း'

'နေပါဦး ဂျေရှယ်...ဘယ်လိုဖြစ်တာလဲ...ဟင်...'

'ဒီမယ် အီသက်သာ၊ ကိုယ်ပြောတာနားထောင်စမ်း... အင်္ကျီကိုဝတ်ထား'

မောရစ်ဆင်၏ လေသံကြောင့် အီသက်သာသည် ရှက် ရက် ဆခင်က အမူအရာအတိုင်း ရှက်သွေးကလေး ဖြန်းသွား ၍ သူ့ထံအားနှားမှ ရှပ်အင်္ကျီကို ကောက်ဝတ်လိုက်သည်။



သူတို့နှစ်ယောက် အချိန် အတော်ကလေးကြာသွားသည် အထိ တစ်ယောက်နှင့်တစ်ယောက် စကားမပြောဘဲ နေမိကြ သည်။ သို့သော် ပါးစပ်က မပြောဘဲနေခဲ့ကြသော်လည်း တစ် ယောက်ကိုတစ်ယောက် ကြည့်လိုက်တိုင်း သည်အကြည့် သည် မျက်လုံးများထဲတွင် အဓိပ္ပာယ်အပြည့်အဝ ပါခဲ့ကြသည်။

နောက်ဆုံးတွင် မောရစ်ဆင်ကပင် စတင်၍ပြောသည်။

'မင်းရွာကို မင်းပြန်ဖို့ စိစဉ်ရင် ကောင်းမယ် အီသက် သာ'

'ဒီလိုဆို ရှင်ရော ဘယ်သွားမှာလဲ'

'အေသင်ကို သွားမယ်လေ...၊ အဲဒီကို တစ်နည်းနည်းနဲ့ ရောက်အောင်သွားမှဖြစ်မယ်' မောရစ်ဆင်၏အသံမှာ သူ ကိုယ်သူ စိတ်မချသည့် အသံမျိုး ဖြစ်နေသည်။

'ရှင်တစ်ယောက်တည်းသွားလို့ အေသင်ကို မလွယ်ပါဘူး ...ဒါကို ရှင်လဲ သိပါတယ်...၊ အဲဒီတော့ ကျွန်မနဲ့ ဒါနီ ယာကို လိုက်ခေတာက ပိုအဆင်ပြေမယ်ထင်တယ်'

'နောက်ထပ် ရွာတစ်ရွာ မီးလောင်ခံရတာ ကြည့်ချင်လို့ လား အီသက်သာ'

'ဒါ ရှင့်အပြစ်မဟုတ်ပါဘူး၊ ရှင့်ကို အပြစ်တင်စရာ မလို ပါဘူး'

'ဒါနီယာကို လိုက်လို့ ဘာအကြောင်းထူးမှာလဲကွယ်'

ဒီမယ်ဂျေ...ကျွန်မ မောင်နဲ့ မခွဲနိုင်ဘူး'

မောရစ်ဆင်သည် ငြင်သာစွာဖြင့် တိုးတိုးကလေးပြော လိုက်သော သူမ၏ စကားကို ကြားလိုက်ရသောအခါ ရင်ထဲ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

တွင် နင့်ခနဲ ခံစားလိုက်ရသည်၊ ရုတ်တရက် ဘာမှပင် ပြ
မပြောနိုင်အောင် ဖြစ်သွားသည်။

ကျွန်မမှာ ဒက်စပိုဆိုတဲ့ ကြီးတော်ဝမ်းကွဲတစ်ယောက်
တယ်။ သူက ကာလိုဂရီဆိုတဲ့ ရွာကလေးမှာ နေတယ်'
လက်သာသည် သူ့စိတ်ကူးဖြင့် သူပြောနေရှာသည်။

'အဲဒီ ရွာကလေးဟာ ဟို...အဝေးကြီးက တောင်တန်း
တွေ ပေါ်မှာ ရှိတယ်၊ အဲဒီမှာဆိုရင် မောင့်အတွက် စိတ်ခ
ရမှာပါ'

'မဖြစ်ဘူး အီလက်သာ၊ ကိုယ် အေသင်ကိုအရောက်သွား
ဖြစ်မယ်'

'အဲဒီရွာကလေးက သိပ် ချောင်ကျလွန်းလို့ ဂျာမန်တွေ
အနေနဲ့ ဒီရွာကလေး ရှိမှန်းတောင် မသိပါဘူး၊ အဲဒီ ရွာ
ကလေးကို မောင်လိုက်လာပြီး အဲဒီကမှတစ်ဆင့် အေသင်
ရောက်အောင် အီလက်သာ စီစဉ်ပေးပါမယ် မောင်ရယ် —
လိုက်ခဲ့ပါနော်...ဒီနေ့ ဒီကနေ့ ခရီးဆက်ထွက်ရင် နက်ဖြ
ညနေလောက် အဲဒီရွာကလေးကို ရောက်မှာပါနော်....'

လင်းယုန်မောင်မောင်

ဇာတ်သိမ်းပိုင်း ဆက်လက်ထွက်လာမည်

သန္တာရောင်စာပေ စီစဉ်တင်ဆက်မှု (၃/၉၄)

စီစဉ်သူ-သန္တာရောင်ကျော်ဝင်း

သန္တာရောင်
စာပေအနုပညာဆက်ဆံရေး
တိုက်-၂၂၀၊အခန်း-၂၄၊ရန်ကင်း၊ရန်ကုန်မြို့
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၇၁၇/၉၃(၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၇၉၀/၉၃(၁၀)
ဒုတိယအကြိမ်
၁၉၉၄/ဇွန်

မျက်နှာဖုံး — မန်းချို ဘောင်ဝင်း(Aquarium)
စာလုံးဒီဇိုင်း — နိုင်းလင်း
အုပ်ရေ — ၅၀၀
တန်ဖိုး — ၅၅ ကျပ်
မျက်နှာဖုံးရိုက်နှိပ်သူ
အတွင်းပုံနှိပ်သူ — ဒေါ်သန်းကြည်(၀၂၆၇၈)၊ ဝင်းရွှေစင်ပုံနှိပ်တိုက်
၂၆၊ ၉၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ — ဦးကြည်ဝင်း (၀၁၀၂၉)၊ ဝင်းစာပေ၊
၃၄ဂ၊ ဗညားဒလလမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC .com

လင်းယုန်မောင်မောင်

# 'အချစ်နှောင်ထုံး စစ်တောင်ကုန်း'

ဒုတိယတွဲ(ဇာတ်သိမ်း)

**THE ANGRY HILLS**
**LEON URIS**

www.burmeseclassic.com

www.burmeseclassic.com

# လူကြမ်း လူရမ်းကြီး လီယွန်နီ

သည်နေရာမှာ ပင်လယ်ရေမြင် အမြင့်ပေထောင့်ငါးရာခန့် ည်ဟု ခန့်မှန်းရသည်။ သည်နေရာမှ အောက်ဘက်ဆီသို့ ကြည့်လိုက်သောအခါ ခပ်လှမ်းလှမ်းတွင် ကျောက် ာင်များ ကျောက်စောင်းများနှင့် မညီညာသောမြေစိုင် ခဲများ၏ အလယ်မှ ထုံးဖြူများ သုတ်ထားသည့် တဲ လေးများကို မြင်နေရသည်။

ဘာလိုဂရီယန်နီ ရွာကလေး ဖြစ်သည်။

သည်ရွာကလေးသို့ မောရစ်ဆင်နှင့်အီလက်သာတို့ ရောက် ကြသောအခါ ညနေဘက် နေဝင်လုဆဲဆဲ ဖြစ်နေပေပြီ။ အီလက်သာသည် အိမ်တစ်အိမ်မှတံခါးကို ခေါက်လိုက်၏။ ထရက် ချက်ချင်းပင် တံခါးပွင့်လာပြီး [illegible]လူကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်သည် သူတို့နှစ်ယောက်ကို အပေါ်မှမိုး၍ ငုံ့ကြည့်လိုက်သည်။

အရပ်ခြောက်ပေခန့်ရှိ၍ ထူထဲ မည်းနက်သော မုတ်ဆိတ်မွေးများဖြင့် ဘွားခနဲ ပေါ်လာသော ထိုလူကြီး၏ မျက်နှာမှာ ဘီလူးကြီး တစ်ကောင် ထွက်လာသလိုပင် ထင်လိုက်ရသည်။

'ဟဲ့...ကောင်မလေး'

အီလက်သာကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ထိုလူကြီးသည် ဝမ်းသာအားရ အော်လိုက်ရာ သူ့အသံကြီးမှာ သူ့ခန္ဓာကိုယ်ကြီးနှင့်အမျှ ဟိန်း၍ သွားသည်။

'ဒက်စပိုရေ...အီလက်သာတို့ လာတယ်ဟေ့ .... စားစရာသောက်စရာတွေ ယူခဲ့ပါ၊ မြန်မြန်လုပ်ပါဟ မိန်းမရ'

ထိုလူကြီးသည် အီလက်သာနှင့် မောရစ်ဆင်တို့အား အိမ်ခန်းထဲသို့ ခေါ်လာရင်း အတွင်းဘက်သို့ ကျယ်လောင်သော အသံကြီးဖြင့် လှမ်းအော်လိုက်သည်။

ပိန်ပိန်ပါးပါး အဘွားကြီး တစ်ယောက်သည် မီးဖိုချောင်ဘက်ဆီမှ ပျာယီးပျာယာ ထွက်လာပြီး အီလက်သာအား ပွေ့ကာ ဖက်ကာဖြင့် ကြိုဆို နှုတ်ဆက်ရှာသည်။

အပေါ်ပိုင်းတွင် အင်္ကျီတုံးလုံး ဖြစ်နေသော မောရစ်ဆင်သည် အဘိုးကြီး အဘွားကြီးနှင့် အီလက်သာတို့ သုံးယောက်သား အားရဝမ်းသာ ဖက်လှဲတကင်း နှုတ်ဆက်နေ



ကြသည်များကို ခပ်ကြောင်ကြောင်ကြည့်နေမိသည်။ နောက်ဆုံးတွင်မှ အီလက်သာသည် သူ့ဘက်သို့ လှည့်လိုက်ပြီး....

'သူကတော့ ဂျေလင်ဒန်ပါ ဘကြီး၊ နယူးဇီလန် စစ်သားတစ်ယောက်ပါ၊ သူ့အတွက် နေဖို့ထိုင်ဖို့ စီစဉ်ပေးစေချင်ပါတယ်'

'အင်္ဂလိပ်တပ်ကလား....' လူကြီးက အသံအောကြီးဖြင့် မေးလိုက်သည်။

'ဟုတ်ပါတယ်'

အီလက်သာက မိတ်ဆက်ပေးသဖြင့် မောရစ်ဆင်သည် ထိုရောမလူကြီး၏ အမည်မှာ လီယွန်နီဟူ၍ သိလိုက်ရသည်။ လီယွန်နီက မောရစ်ဆင်အား လိုက်လှဲစွာဖြင့် လက်ဆွဲ နှုတ်ဆက်လိုက်သည်။ ကြီးမား တုတ်ခိုင်လှသော သူ့လက်ဝါးကြီးဖြင့် ဖျစ်ညှစ် လှုပ်ယမ်းခြင်း ခံလိုက်ရသော မောရစ်ဆင်မှာ လက်မောင်းများ ပြုတ်ကျမတတ် ဖြစ်သွားသည်။

လီယွန်နီသည် အင်္ကျီတုံးလုံး ဖြစ်နေသော မောရစ်ဆင်အား သူ့ရှပ်အင်္ကျီတစ်ထည် ထုတ်ပေး၍ ဝတ်ခိုင်းသည်။ အင်္ကျီများမှာ အားလုံးလိုလို ရောမဆိုက်ကြီး ဖြစ်နေရာ ဆိုက်အသေးဆုံးကို ရွေးဝတ်သည့်တိုင်အောင် မောရစ်ဆင်၏ ကိုယ်ပေါ်တွင် ဖိုးရိုးဖားရား ဖြစ်နေသည်။

ခဏအကြာတွင် မောရစ်ဆင်နှင့် အီလက်သာတို့သည် လီယွန်နီနှင့်အတူ စားပွဲတစ်လုံးတွင် ခွေးခြေများဖြင့် ဝိုင်း၍ ထိုင်ကာ ညစာ စားကြရသည်။

www.burmeseclassic.com

www.burmeseclassic.com

စားသောက်ကြပြီးနောက် အီလက်သာက ပါလီခို ရှာကလေးမှ ကြွေကွဲဖွယ်ရာ အဖြစ်အပျက်များကို လီယွန်နီတို့ ဇနီးမောင်နှံအား အပြည့်အစုံ ပြောပြရာ အဘိုးကြီး လီယွန်နီမှာ တရှူးရှူးတရှားရှားဖြင့် ဒေါသထွက်၍ မဆုံးအောင် ဖြစ်နေသည်။

အဘွားကြီး ဒက်စပိုမှာလည်း အီလက်သာ ပြောသမျှကို နားထောင်ရင်း ရင်တမမဖြင့် မျက်စိပျက် မျက်နှာပျက် ဖြစ်နေရှာသည်။

'ကဲ...မောင်ရင် ဂျေလင်ဒန်၊ ကျုပ်ရဲ့ တစ်ဦးတည်းသော သား ယာနီဟာ အယ်လ်ဘေးနီးယားမှာ အီတလီတွေ တိုက်ရင်း တိုက်ပွဲမှာ ကျသွားခဲ့တယ်၊ အဲဒီတော့ မောင်ရင် သူ့ အိပ်ရာပေါ်မှာပဲ ကြိုက်သလို အိပ်ပေတော့၊ ပြီးတော့ ဒီမှာ မောင်ရင် နေချင်သလောက် နေပေတော့'

အတန်ငယ် ညဉ့်နက်လာပြီ ဖြစ်သဖြင့် လီယွန်နီက စကားဝိုင်းကို လက်စသတ်ကာ မောရစ်ဆင်အား လှမ်းပြောလိုက်သည်။ 'ကဲ....ကဲ....မောင်ရင်တို့ လမ်းမှာ တော်တော် ပင်ပန်းလာကြမှာပဲ၊ အိပ်ကြပေတော့၊ နက်ဖြန်မှ အေးအေးဆေးဆေးစကားပြောကြတာပေါ့'

မောရစ်ဆင်သည် လူကောင်ကြီးသလောက် စိတ်သဘောကောင်းပုံရ၍ ပွင့်ပွင့်လင်းလင်း ဘွင်းဘွင်းကြီး ပြောဆိုတတ်သော အဘိုးကြီး လီယွန်နီအား သဘောကျသွားမိသည်။

ထို့နောက် လီယွန်နီသည် သူ့ဇနီး ဒက်စပိုအား အီလက်သာအတွက် အခြား တဲတစ်ခုတွင် အိပ်ရန် နေရာ စီစဉ်ခိုင်းလိုက်သည်။ မောရစ်ဆင်သည် ဒက်စပို ခေါ်ဆောင်ရာသို့ လိုက်သွားသည်။



အီလက်သာအား တံခါးဝအထိ လိုက်ပို့ရင်း.... 'ကဲ.... မနက်ကျမှ အေးအေးဆေးဆေး စကားပြောရအောင်နော်၊ ကိုယ်တို့မှာ လုပ်စရာ ကိုင်စရာတွေ အများကြီး ရှိသေးတယ်' ဟု ပြောလိုက်သည်။

နောက်တစ်နေ့ နံနက်စောစော အိပ်ရာမှ နိုးသောအခါ မောရစ်ဆင်သည် ညက ညစာစားခဲ့သော စားပွဲပေါ်တွင် စားစရာများ အသင့်ပြင်ထားပြီးဖြစ်နေသည်ကို တွေ့ရသည်။

သူသည် မျက်နှာသစ်၍ ကိုယ်လက် သုတ်သင်ပြီးနောက် စားပွဲတွင် အသင့်ရောက်နေပြီဖြစ်သော လီယွန်နှင့်အတူ ဝင်ထိုင်လိုက်သည်။ သူသည် စားစရာများကို ခပ်ဖြည်းဖြည်း စားရင်း အီလက်သာကို စောင့်မျှော်နေမိသည်။

သူ့အတွက် သည်ရွာမှ တစ်ဆင့် အေသင်သို့ သွားရန် အရေးကြီးနေသည်။ သည်ကိစ္စကို အီလက်သာနှင့် ဆွေးနွေး တိုင်ပင်ရဦးမည် ဖြစ်သည်။

အဘိုးကြီး လီယွန်နီသည် ညကလို စကားကို ဟောင်ဖွာ ဟောင်ဖွာ မပြောတော့ဘဲ စားစရာများကိုသာ ပလုတ် ပလောင်းစားနေသည်။ အတော်ကလေး ကြာသွား၍ စား သောက်ပြီးစီးလုဆဲဆဲ အချိန်အထိ အီလက်သာတစ်ယောက် ပေါ်မလာသေးဘဲ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံး၌ မောရစ်ဆင်သည် စိတ်ထဲက စနိုးစနောင့် ဖြစ်လာသဖြင့် မအောင့်နိုင်တော့ဘဲ ပြောင်ဖွင့်မေးလိုက်ရတော့သည်။

'အီလက်သာတစ်ယောက်လဲ မလာသေးပါလား'

'သူ ဒါနီတာကို ပြန်သွားပြီ…' အဘိုးကြီး လီယွန်နီ၏ အသံမှာ အေးတိအေးစက်နိုင်လှသည်ဟု မောရစ်ဆင် ထင်မိသည်။

'ဘာပြောဘယ်…၊ အီလက်သာ ဒါနီတာကို ပြန်သွားတယ်…ဟုတ်လား၊ ဘယ်လိုဖြစ်တာလဲ၊ ဘကြီးပြန်လွှတ်လိုက်တာလား'

'ဟုတ်တယ်လေ…သူပြန်သွားပြီ၊ ဘာ့ကြောင့် ပြန်သွားတယ်ဆိုတာ သိရတော့ကော ဘာအကြောင်း ထူးမှာလဲ မောင်ရင်…'

မောရစ်ဆင်သည် ရုတ်တရက် မထောင်းခနဲ ဒေါသထွက်သွားသည်။

'ကျွန်တော့်အတွက်တော့ အကြောင်း သိပ်ထူးတာပေါ့'

'ကော်ဖီတွေ အေးကုန်ပြီ၊ သောက်လိုက်ဦးလေ'

'ဒါထက် နေပါဦး'

'သိပ်လဲ စိတ်လိုက်မာန်ပါမဖြစ်ပါနဲ့လေ၊ သူနောက်ဥပုသ်ဆိုရင် ပြန်လာမှာပါ'

မောရစ်ဆင်က နောက်ထပ် စကား တစ်လုံးမျှ ပြန်မပြောရသေးမီ အဘိုးကြီး လီယွန်နီသည် စားပွဲမှ ရုတ်တရက်ထကာ အပြင်ဘက် ယာခင်းဆီသို့ ထွက်သွားတော့သည်။



မောရစ်ဆင်မှာ ဒေါပွ၍ ကျန်ရစ်ခဲ့သည်။ 'ဒါ ဘယ်သူ့လက်ရာလဲ…အီလက်သာက ငါ့ကို ဒီရွာလေးမှာ အမြဲနေဖြစ်သွားအောင် တမင်သက်သက် အကွက်ဆင်သွားတာလား၊ ဒါမှမဟုတ် ဒီအဘိုးကြီးကပဲ အကြောင်းတစ်ခုခုရှိလို့ အီလက်သာကို တမင် ပြန်လွှတ်လိုက်တာလား'။ ဘာပဲဖြစ်ဖြစ် မောရစ်ဆင်မှာ သည်ကိစ္စအတွက် မကျေမချမ်း ဖြစ်နေပါသည်။

နေ့ချင်း ညချင်းပြောင်းလဲသွားသော အဘိုး လီယွန်နီ၏ ဆက်ဆံပုံ ဆက်ဆံနည်းများကိုလည်း စဉ်းစား မရအောင် ဖြစ်ပါသည်။

မည်သို့ဖြစ်စေ လောလောဆယ် သူ့ အနေဖြင့် ဥပုသ်နေ့အထိ စောင့်ကြည့်ရန်သာ ဆုံးဖြတ်လိုက်ရသည်။

အီလက်သာနှင့် ပတ်သက်သည့် ကိစ္စမှတစ်ပါး လီယွန်နီသည် မိမိအပေါ်တွင် အစစအရာရာ ဧည့်ဝတ်ကျေပွန်စွာဖြင့် ချင်မင်ရင်းနှီးစွာ ဆက်ဆံ ပြောဆိုသည်ကို နောက်ရက်များတွင် မောရစ်ဆင် တအံ့တဩ တွေ့နေရပြန်သည်။

အစားအသောက် အနေအထိုင်မှစ၍ လိုလေသေးမရှိအောင် စောင့်ရှောက်ပြုစုသည့်ဖြင့် စကားပြောဆို ဆက်ဆံရာတွင်လည်း မိမိအား ဧည့်သည် သူစိမ်း တစ်ယောက်အနေဖြင့် မဟုတ်ဘဲ အိမ်သူအိမ်သား ဆွေမျိုးရင်းချာတစ်ယောက်ပမာ ပွင့်လင်း ရင်းနှီးလှသည်ကို အထင်အရှား တွေ့ရသည်။

အထူးသဖြင့် နံနက်စာ နေ့လယ်စာ ညစာ စသည်ဖြင့် အစားအသောက်များ စားသောက်ရာတွင် အမြဲတမ်း လီယွန်

www.burmeseclassic.com

www.burmeseclassic.com

နီနှင့်အတူ လက်ရည် တစ်ပြင်တည်း စားသောက်ရသည်
ထိုသို့ စားရင်းသောက်ရင်း ငယ်စဉ်က ဖြေးဟောင်း
ဖြစ်များကို အားရပါးရ ပြန်လည် ပြောပြလေ့ရှိ
အဘိုးကြီး လီသွန်နီ၏ ပြောပုံဆိုပုံများနှင့် ဟန်ပန်အမူ
များမှာ လုံးဝ ဟန်ဆောင်မှု မပါဘဲ လိုက်လိုက်လှဲလှဲ
သောကြောင့် မောရစ်ဆင်မှာ အဘိုးကြီးအား ခင်မင်
ထက် ခင်မင်လာပါသည်။

သို့ဖြင့်ရာ နောက်ရက်များ၌ နေ့လယ် ငှနခင်းဘက်
မောရစ်ဆင်သည် လုပ်စရာကိုင်စရာဘာမှမရှိသည့်အခေ
အဘိုးကြီးရှိရာ ယာခင်းများသို့ လိုက်သွားပြီး တော
မည့်ရှ အလုပ်များကို အားတက်သရော ကူညီ လုပ်ကိုင်
သည်။

သည့်အခါတွင် မှလီထွန်နီသည် အသက်အရွယ်နှင့်မ
အောင် ခွန်အားဗလ ပြည့်စုံ၍ အထန့်အလှန့် အပင်ပန်းခံ
ကြောင်း ကိုယ်တွေ့ မျက်မြင် ဖြစ်ခဲ့ရသည်။ ယာခင်း
ရောမကျောက်တုံးကြီးများကို လည်းကောင်း၊ ကြီးမာ
သည့် သစ်ငုတ်ကြီးများကို လည်းကောင်း တူးဖော်၍
ဝေးဝေး ဆစ်နေရာသို့ ရွှေ့ပြောင်းသည့် အခါများ
ဘေးမှ ဝင်ရောက်ကူညီသော မောရစ်ဆင်အနေဖြင့် ယော
လိုက်ကာ အမောဆို့နေချိန်တွင် လီယွန်နီမှာ အပြုံး မပျ
အရယ်မပျက်ဘဲ ကျားကုတ် ကျားခဲ လုပ်ကိုင်နိုင်သည်
တအံ့တသြ တွေ့မြင်ရသည်။



'ဟိတ်ကောင်လေး.... အေးအေးဆေးဆေး အိမ်ပြန်ပြီး
အိမ်မှာ ငါ့မိန်းမ စပျစ်သီးခူးတဲ့ဆီ သွားပြီးအကူအညီပေးကြ
ပါကွာ၊ မင်းတို့လို မြို့ကြီးသား အင်္ဂလိပ်တွေရဲ့ လက်ဖဝါး
နုနုကလေးတွေနဲ့ ငါတို့ အလုပ်ကြမ်းမျိုးနဲ့ မအပ်စပ်ပါဘူး၊
ငါ့ကျောက်တုံးတွေကို ငါတစ်ယောက်တည်း တူးပြီး ရွှေ့သို့
ရပါတယ်၊ ဟား...ဟား...ဟား'

ထိုသို့ပြောရင်းက အဘိုးကြီးသည် ဟောဟဲလိုက်၍အမော
ဆိုက်နေသော မောရစ်ဆင်အား ယာခင်းဘေး၌ ထိုင်ခိုင်း
ထားပြီး ရောမကျောက်တုံးကြီးများကို သူတစ်ယောက်တည်း
ချွေးတလုံးလုံးဖြင့်တူးဆွဖော်ထုတ်ကာ ယာပြင်ရောက်အောင်
ဘုတ်ကြီးများဖြင့်ကော်၍ ရွှေ့ပစ်ခဲ့သည်။ မောရစ်ဆင်
သည် သူ့ထက် အသက်သုံးဆယ်ကျော်မျှ ကြီးနေပြီဖြစ်သော
အဘိုးကြီး၏ ခွန်အားဗလနှင့် ပင်ပန်းခံနိုင်မှုများကို ကြည့်
ကာ အံ့သြမဆုံးနိုင်အောင်ဖြစ်နေပါသည်။

တစ်ချိန်တည်းတွင် ဝမ်းရေးအတွက် ဘဝကို ပင်ပန်း
ကြီးစွာ ရုန်းကန်တည်ဆောက်နေကြသော တောသူတောင်
သားများအပေါ် အကြင်နာတရားနှင့် ကရုဏာ များလာမိ
သည်။

ထိုမှတစ်ဆင့် သည်အဘိုးကြီး လီယွန်နီ၏ ရိုးသားမှုနှင့်
ကြိုးစားမှုအပေါ်တွင် လေးစား၍မဆုံးအောင် ဖြစ်သောပြီး
ခင်မင်မှုများပါ တဖွားဖွားဖြစ်ပေါ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် မောရစ်ဆင်နှင့် လီယွန်နီတို့၏ တစ်ယောက် အပေါ် တစ်ယောက် ရင်းနှီးခင်မင်မှုနှင့် လေးစားတွယ်တာ မှုတို့သည် ရက်ပိုင်းအတွင်း ကြီးထွားမြင့်မားလာခဲ့သည်။

ဥပုသ်နေ့သို့ ရောက်လာသည်။

ထိုနေ့တွင် မောရစ်ဆင်သည် အိပ်ရာမှ အစောကြီးနိုးလာ ပြီး အီလက်သာကို မျှော်နေပါသည်။

သို့သော် တဖြည်းဖြည်း နေမြင့်၍ နေ့လယ်ချိန်သို့ ရောက်လာသည်။ အီလက်သာ၏ အရိပ်အယောင်ကို လုံးဝ မမြင်ရသေးဘဲ ဖြစ်နေသည်။

အချိန်ကြာသည်ထက်ကြာလာသောအခါ မောရစ်ဆင်မှာ သံသယဝင်လာသည်။

ထို့ပြင် ထိုနေ့က အဘိုးကြီး လီယွန်နီမှာလည်း ခါတိုင်း လို စကားမများဘဲ ငြိမ်ချက်သားကောင်းနေခဲ့ရာ မောရစ် ဆင်၏ သံသယမှာ ပို၍ကြီးမားလာခဲ့သည်။

ညနေစောင်းလာသည်အထိ အီလက်သာ ပေါ်မလာဘဲ ဖြစ်နေသည်။ မောရစ်ဆင်၏ စိတ်ထဲတွင် ကေ့န္တ တစ်ခုခု ဖြစ်နေပြီဟု တထစ်ချတွက်လိုက်မိသည်။

ညနေ စောင်းသည်ထက် စောင်းကာ အချိန်ကာ သလောက် ဖြစ်လာသောအခါ မောရစ်ဆင်သည် သူ့စိတ် ကိုလုံးဝ မအောင့်အည်း မချုပ်တည်းနိုင်တော့ဘဲ တစ်နေ့ လုံး ငြိမ်ချက်သားကောင်းနေသော လီယွန်နီအား ပြောင်ပြောင် မေးလိုက်သည်။



'ဘယ်လိုလဲ၊အီလက်သာ ဒီနေ့လာမယ်ဆိုပြီး ခုထိမရောက် လာသေးပါလား၊ ဘယ်လိုဖြစ်တာလဲ'

အဘိုးကြီးသည် မျက်နှာတစ်ချက် ကွက်ခနဲ ပျက်သွား သည်။ ထို့နောက် မောရစ်ဆင်အား တစ်စုံတစ်ရာ ဘာတစ် ခွန်းမှ ပြန်မပြောဘဲ ယာခင်းဘက်ဆီသို့ ခေါင်းငိုက်စိုက်ချ၍ ထွက်သွားသည်။

မောရစ်ဆင်သည် သံသယဖြစ်နေရာမှ စိုးရိမ်စိတ်များ ဝင်လာသည်။

သို့ဖြင့် အိမ်ထဲတွင် ဗိုင်းငင်နေသော အဘွားကြီး ဒက်စပို ထံသို့ တန်းဝင်လာခဲ့သည်။

'ကြီးတော်....အီလက်သာ တစ်ယောက်လဲ ပေါ်မလာပါ လား'

အဘွားကြီးသည် မောရစ်ဆင်အား တစ်ချက်မော့ကြည့် လိုက်ပြီး ခေါင်းကို ယမ်းပြလိုက်သည်။

'ခင်ဗျားတို့ဟာ ဘယ်လိုဖြစ်ကြတာလဲဗျ၊ အီလက်သာ ရော ဘယ်မှာလဲ၊ ပြောစမ်းပါဦး'ဟု မောရစ်ဆင်က ဒေါသ ဖြင့် မေးလိုက်ပါသည်။ သည်တော့မှ အဘွားကြီးက လှမ်း ပြောလိုက်သည်။

'သူ ဒီကိုလာသွားပြီးပြီ၊လွန်ခဲ့တဲ့ နှစ်ရက်သုံးရက်လောက်က လာသွားတယ်၊ အဲဒီတုန်းက မောင်ရင် ယာထဲရောက်နေ တယ်၊ သူ့ကို လီယွန်နီက ပြန်သွားဖို့ ပြောတာနဲ့ သူလဲ ပြန်သွားတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'နေပါဦး....ဘကြီးက သူ့ကို ဘာဖြစ်လို့ ပြန်လွှတ်လိုက်ရ
တာလဲ'

'မင့်ဘကြီးက မင်းကို သားအဖြစ်နဲ့ မွေးစားလိုက်ပြီ
ပါ့ကြောင့် မင်းကိုဒီရွာမှာပဲနေခိုင်းတော့မယ်လို့ ပြောလွှတ်
လိုက်တာပဲ'

မောရစ်ဆင်သည် ဘာလုပ်ရမှန်း မသိအောင် ဖြစ်သွား
သည်။ လီယွန်နီသည် သူ့ကို ထောင်ချောက်ဆင်၍ ဖမ်းလိုက်
ပြီဟု နားလည်လိုက်သည်။

သည်အတိုင်းဆိုလျှင် သည်ရွာမှ တခြားသို့ ထွက်သွားရ
မလွယ်တော့ပြီဖြစ်သည်။ ဘယ်မြို့ ဘယ်ရွာကို ဘယ်လမ်းက
သွားရမည်ပင် မသိ ဖြစ်နေသည်။

ဘာပဲဖြစ်ဖြစ် သည်အဘိုးကြီးကို တွေ့အောင်ရှာမှ သည
ကိစ္စ ရှင်းမည်။

မောရစ်ဆင်သည် အဘိုးကြီး၏ ယာခင်းအက်ဆီသိ
အပြေးအလွှား ထွက်ခဲ့သည်။ ယာခင်းထဲတွင် အဘိုးကြီး
ကို မတွေ့ရသဖြင့် အနီးအနား တစ်ဝိုက်မှ တောစပ်တွင
နေရာအနှံ့ လိုက်ရှာသည်။ ဘယ်မှာမှ မတွေ့ဘဲ ဖြစ်နေ
သည်။

ထိုသို့ရှာရင်း ရွာနှင့် အတော်ကလေးလှမ်းသည့် တော
ခြေသို့ ရောက်လာသည်။

သူသည် သည်တောင်ကို ရွာဆီက လည်းကောင်း၊ ယာ
ခင်းဆီက လည်းကောင်း အကြိမ်ကြိမ် မျှော်ကြည့်ဖူးသည်။



တောင်၏အနေအထားနှင့် မတ်စောက်သော ပုံသဏ္ဌာန်
ကြည့်၍ သည်တောင်ပေါ်သို့တက်ပြီး တောင်ထိပ်မှနေ၍
ပ်လေးမျက်နှာကို ကြည့်ရလျှင် အလွန်ရှုချင်းသည့် မြင်
းများကို မြင်ရလိမ့်မည်ဟု မှန်းဆမိသည်။ တစ်နေ့နေ့
သည်တောင်ထိပ်သို့ တက်ကြည့်မည်ဟု စိတ်ကူးထားခဲ့
ည်။

အဘိုးကြီးသည် တစ်ခါတစ်ခါ ယာခင်းထဲမှနေ၍ သူ၏
နတ်ကိုထမ်းကာ သည်တောင်ပေါ်သို့ တက်သွားလေ့ရှိ
ည်။ အပျင်းပြေ အမဲသွားပစ်ခြင်းဖြစ်သည်။

ယာခင်းထဲတွင် အဘိုးကြီးအား ရှာမတွေ့သည့်အဆုံး
ရစ်ဆင်သည် တောင်မြေသို့ရောက်လာခဲ့ပြီး တောင်ပေါ်
ဖြည်းဖြည်း တက်မှန်းမသိ တက်လာခဲ့မိသည်။

အဘိုးကြီးအိမ်မှ ထွက်သွားစဉ်က လက်ထဲတွင် သေနတ်
ါသွားသည် ဖြစ်ရာ သည်တောင်ပေါ်တွင် အမဲလိုက်
င်း လိုက်နေလိမ့်မည်ဟု ထင်မိသည်။

မောရစ်ဆင်သည် တောင်စောင်းတစ်ဝိုက် ပတ်ပတ်လည်
အဘိုးကြီးအား တွေ့လိုတွေ့ငြား ရှာရင်း တောင်ပေါ်
ရောက်မှန်းမသိ ရောက်လာခဲ့သည်။

သနေ့ နေဝင်လုဆဲဆဲအချိန်လောက်တွင် သူသည် တောင်
ပေါ်သို့ လုံးလုံးလျားလျား ရောက်သွားခဲ့သည်။

တောင်ဝန်းကျင်မှ အလွန်အမင်းသာယာလှသော မြင်ကွင်း
ရှုခင်းများကြောင့် မောရစ်ဆင်သည် အဘိုးကြီးကိုပင်
တရကို သတိမေ့သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်ဆီတွင် ကျယ်မောပြန့်ပြောလှသည့် အပြာ ရောင် ပင်လယ်ပြင်ကြီးထဲမှ ကျွန်းကလေးများကို လည်း ကောင်း၊ အနောက်ဘက်တစ်ခွင်မှ တောစိမ်းညို တောင်တန်း များနှင့် တောင်ခေါင်း တောင်စွယ်များကိုလည်းကောင်း မြင်တွေ့လိုက်ရသည်မှာ နာမည်ကျော် ပန်းချီဆရာကြီးတစ် ယောက်၏ ပန်းချီကားတစ်ချပ်ကိုကြည့်လိုက်ရသလို ခံစား သည်။

မောရစ်ဆင်သည် မမျှော်လင့်ဘဲ ရောက်လာခဲ့ရသော တောင်ပေါ်မှ လှမ်း၍ မြင်တွေ့လိုက်ရသည့် ရှုခင်းသ သဘာဝအလှကို အပြည့်အဝ အာရုံခံစားရင်း ဆန်းကြ သော သူ့အဖြစ်နှင့် အံ့ဩစရာ ကောင်းလှသည့် သူ့ဘဝ ပြန်ပြောင်း စဉ်းစားနေမိသည်။

သူ၏ မျက်စိထဲတွင် ကွယ်လွန်သူ သူ့ဇနီး အယ်လီ သားသမီးများ၏ ရုပ်ပုံလွှာများသည် လည်းကောင်း၊ ရွှေ ကြီး စတားဂူး၊ လူပုကလေး ဆိုယူလာတို့၏ အမှာစကား များသည် လည်းကောင်း၊ တရေးရေး ပြန်၍ ပေါ်လာ ကြသည်။

ထိုမှတစ်ဆင့် ခရစ်စတော်နှင့် အီလက်သာတို့၏ ရုပ်ပုံလွှာ များ ကိုလည်း သူ၏ စိတ်အစဉ်တွင် ထင်ယောင် မြင်ယော ဖြစ်လာခဲ့သည်။

နောက်ဆုံး၌ သူသည် စတားဂူးထံမှ ရခဲ့သော စာချ စာရွက်ထဲမှ လူ ၁၇ ယောက်တို့၏ အမည်များကို သ



မိပြီး ထိုအမည်များကို ပါးစပ်မှ တိုးတိုးကလေး ရွတ်ဆိုပါ သည်။

ထိုအခိုက် သူ့ခေါင်းထဲတွင်လျှပ်စီးလက်သလို တစ်စုံတစ် ခုသော အတွေးသည် ဖျတ်ခနဲ ပေါ်လာသည်။ သူသည် မမျှော်လင့်ဘဲ ဝင်ရောက်လာသော ထိုအတွေးကြောင့် သူ့ ကိုယ်လူ တအံ့တဩ ဖြစ်သွားပါသည်။

သူ၏ အကြီးမားဆုံးသောဆန္ဒမှာ အေသင်မြို့သို့အရောက် သွား၍ ဆိုယူလာ မှာသွားသည့်ဒေါက်တာသက္ကရေးဆိုသူနှင့် ဆက်သွယ်ရန်ပင် ဖြစ်သည်။

သို့သော် အေသင်သို့ရောက်အောင် သွားရန်မှာ အီလက် သာ၏ အကူအညီ ရမှသာလျှင် ဖြစ်နိုင်မည် ဖြစ်သည်။

တစ်ဖန် ယခု လောလောဆယ် မိမိမှာ အဘိုးကြီး လီယွန် နီ၏ ထင်ရာမြင်ရာ ကမောက်ကမ လုပ်မှုကြောင့် အီလက်သာ နှင့်မတွေ့ရတော့ဘဲ သည်ရွာကလေးတွင် သောင်တင်ရတော့ မည့် အဖြစ်မျိုးသို့ ရောက်နေသည်။ သို့ဖြစ်ရာ အေသင်မြို့သို့ မိမိကိုယ်တိုင် ချက်ချင်းလက်ငင်း မသွားနိုင်သေးမီ မိမိကိုယ် အား အီလက်သာအား စေလွှတ်နိုင်မည်ဆိုပါက အဆင်ပြေ မည်၊ ပို၍ သေးရန် ကင်းရှင်းမည် ဟူသော အတွေးတစ်ခု ဖျတ်ခနဲ ပေါ်လာသည်။

သို့ဖြစ်ရာ အီလက်သာအား ထိုသို့ အေသင်သို့ လွှတ်နိုင် ရန်မှာ အဘိုးကြီး လီယွန်နီ၏ သဘောတူညီချက်နှင့် ခွင့်ပြု ချက် ရရှိမှသာလျှင် ဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် အဘိုးကြီးမှာ တဇောက်ကန်းကြီး ဖြစ်၍ သူထင်ရာ လုပ်တတ်သည်။ သူ လုပ်ချင်သည့် အလုပ်ကို မရရသည့်နည်းဖြင့် အကျပ်ကိုင်၍ လုပ်လေ့ရှိသည်။

ယခု မိမိအား သည်ရွာတွင် အမြဲနေသွားရန် ကိစ္စကို မိမိနှင့် တစ်လုံးတစ်ပါဒမျှ မတိုင်ပင်ဘဲ သူ့သဘောနှင့်သူ လုပ်ခဲ့ခြင်း ဖြစ်သည်။ သည်လိုလူမျိုးကို ခယ တောင်းပန်နေ၍ အကြောင်းထူးမည် မဟုတ်။ သူက သူလုပ်ချင်ရာ ဇွတ်လုပ်ခဲ့သလို မိမိကလည်း မိမိဖြစ်ချင်ရာဇွတ်ဖြစ်အောင်လုပ်မှရမည်။ မိမိအား သူက အကျပ်ကိုင်သလို မိမိကလည်း သူ့အား အကျပ်ကိုင်မှ ဖြစ်မည်။

အီလက်သာအား ပြန်ခေါ်ပေးရန် အကျပ်ကိုင်မှ ဖြစ်မည်။ ဇွတ်လုပ်မှ ရမည်။

မောရစ်ဆင်သည် သူ့စိတ်ကူးနှင့်သူ တောင်ထိပ်ပေါ်မှနေ၍ ရှုမျှော်ခင်းကို နောက်ဆုံးတစ်ကြိမ် လှမ်းကြည့်လိုက်ပြီး တောင်ပေါ်မှ ဆင်းလာခဲ့သည်။

ရွာသို့ သူပြန်ရောက်သွားသောအခါ နေ့ဝင်၍ မှောင်စပြုနေပြီ ဖြစ်သည်။

'အတော်မိုက်တဲ့ အင်္ဂလိပ် စစ်သားပဲ၊ ငါ အခုပဲ မင်းကို လိုက်ရှာတော့မလို့၊ နောင်ကို တောထဲတောင်ထဲ မင်း တစ်ယောက်တည်း ဘယ်တော့မှ မသွားနဲ့ကွာ'

အဘိုးကြီးသည်အိမ်ထဲသို့ဝင်လာသော မောရစ်ဆင်အား မြင်လိုက်လျှင်မြင်လိုက်ချင်း စောစောက သုန်သုန်မှုန်မှုန်



နေရာမှ ဝမ်းသာအားရဖြင့် အကျယ်ကြီး လှမ်းအော်ာလိုက်သည်။

မောရစ်ဆင်သည် မတ်တတ်ရပ်နေရာမှ ခွေးခြေပေါ်တွင်ိုင်နေသော လီယွန်နီအား တစ်ချက် စိုက်ကြည့်လိုက်သည်။

....

'ခင်ဗျား နက်ဖြန်ကျရင် ဒါနီကာရွာသွားပြီး၊ အီလက်ကို ခေါ်ပေးပါ'

'ထိုင်ပါဦးလေကွာ၊ စားစရာရှိတာစားစမ်းပါဦး၊ စကားတာ ဖြည်းဖြည်း ပြောမှပေါ့'

'မလိုချင်ဘူး....နက်ဖြန်ကျရင် ဒါနီကာကို ခင်ဗျား သွားား ကျွန်တော် သွားရမလား....ဒါပဲပြောပါ'

မောရစ်ဆင်သည် ထိုင်နေသော လီယွန်နီ၏ ပခုံးမှအတ်ဲ၍ မေးလိုက်ရာအဘိုးကြီးသည် သူ့ပခုံးနှစ်ဖက်ကို တွန်းပြီးသူ့အနားမှဒက်စပိုအားလှမ်းပြောလိုက်သည်။ ရှူးနေ့ ဒီကောင်တော့ ရူးပြီ၊ ထို့နောက် စားပွဲပေါ်ရှိသောက် ပန်းကန်ကြီးကို လက်နှစ်ဖက်ဖြင့် စုံကိုင်၍န်ထဲမှ ဟင်းရည်များကို အားရပါးရ သောက်ချလိုက်

...

နှုတ်ခမ်းပေါ်တွင် ပေ နေသော ဟင်းရည်ကို လျှာဖြင့် ၍ သိမ်းရင်းက....

www.burmeseclassic.com

www.burmeseclassic.com



'ထိုင်ပါဦး မောင်ရင်ရဲ့၊ စားမှာစားစမ်းပါဦး၊ ဒါလော တောင် မိန်းမ လိုချင်နေတယ်ဆိုရင်လဲ မင်းညစာ စား ငါ တစ်ယောက် ခေါ်ပေးပါမယ်....

'တစ်ယောက်မကပါဘူး၊ တစ်ဒါဇင် ခေါ်ပေးမယ်ကွ မိန်းမတစ်ဒါဇင်၊ အဲဒီထဲကမှ မင်းကြိုက်တာ ခေါင်းခေါ ရွေးပေါ့ ဟုတ်လား....'

'ဒီလိုလား၊ ကောင်းပြီ၊ ဒီလိုဆိုရင် ကျွန်တော်အခု ဒီအိမ် က ထွက်သွားမယ်'

အဘိုးကြီး ရုတ်တရက် မျက်နှာတစ်ချက် ပျက်သွားသေ ဘည်။

'ဂျေ....မင်း ဘယ်လို ဖြစ်နေတာလဲ'

'အီလက်သာကို နှက်ဖြန်သွားခေါ်ရင် ခေါ်ပေး၊ ခေ မပေးဘူးဆိုရင် ကျွန်တော် ဒီအိမ်က ထွက်သွားမယ်'

'ဘာလို့ ထွက်သွားရမှာလဲ၊ မသွားရဘူး'

မောရစ်ဆင်သည် ဘာမှ ပြန်မပြောတော့ဘဲ သူ့အိပ် ဆီသို့ လျှောက်သွားပြီး အိပ်ရာဘေးမှ သူ့ပစ္စည်းမျ ဆွဲယူလိုက်သည်။ ပစ္စတိုနှစ်လက်နှင့် ငွေစက္ကူတစ်ထ

သူသည် ငွေစက္ကူအထပ်ထဲမှ သုံးလေးရွက်ခန့် ဆွဲထု လိုက်ပြီး ကျန်ငွေစက္ကူ အားလုံးကို စားပွဲပေါ်သို့ တင်လ သည်။ ထို့နောက် တံခါးဆီသို့ မျက်နှာလှည့်လိုက်သ

လီယွန်နီသည် ထိုင်ရာမှ ဝုန်းခနဲ ထကာမော့မောရစ်ဆ ရှေ့မှလာ၍ ရပ်လိုက်သည်။



'ထိုင်စမ်း' အဘိုးကြီး၏ အသံသည် ကျားဟိန်းသလို ထွက်ပေါ်လာရာ၊ အဘွားကြီး ဒက်စပိုသည် အပြင်သို့ ထွက် ပြေးတော့သည်။

'ခင်ဗျား ကျွန်တော့်ခရှေ့က ကာမထားနဲ့နော်....ကျွန်တော် စ်ချင့်အဲ့နဲ့ ပစ်လိုက်ရလိမ့်မယ်' မောရစ်ဆင်သည် ပစ္စတို ခလက်ကို ထုတ်၍ ချိန်လိုက်သည်။

'ပြန်ထိုင်စမ်း....မထိုင်ရင် မင်းကို ငါ သတ်မိလိမ့်မယ်'

လီယွန်နီသည် အခန်းထဲရှိ မီးလင်းဖိုမှ ရောမမီးညှပ်ကြီး ဆွဲယူလိုက်ပြီး မောရစ်ဆင်ခေါင်းကို ရိုက်ခွဲပစ်တော့မလို ထားလိုက်သည်။ မောရစ်ဆင်ကလည်း ပစ္စတိုသေနတ်မှ ခလုတ်ကို လက်ညှိုးဖြင့် တေ့ထားလိုက်သည်။

ထိုအခိုက် အပြင်ဘက်မှ ရွာသူရွာသားများ၏ ဆူဆူညံညံ သံများကိုကြားလိုက်ရပြီး ရွာသားနှစ်ယောက်သုံးယောက် ခါးဝသို့ ရောက်လာကြသည်။

'အေးအေးဆေးဆေး လုပ်ကြပါဗျာ....ဒေါသ မကြီးကြ ပါ'

•••

မောရစ်ဆင်နှင့် လီယွန်နီတို့သည် တစ်ယောက်ကို တစ် ယောက် အတော်ကြာအောင် စိုက်ကြည့်နေကြသည်။ နောက် ဆုံး လီယွန်နီသည် မျက်နှာလွှဲလိုက်ပြီး လက်ထဲမှ မီးညှပ် ကို ကြမ်းပေါ်သို့ ပစ်ချလိုက်သည်။

'ဘကယ့်ငါ့သားနဲ့ တဇေရာတည်းပါပဲကွာ၊ မင်းလဲ တော့သွားပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



မောရစ်ဆင်က ဘာမှပြန်မပြောဘဲ လီယွန်နီအား ငိုး
ကြည့်မြဲ ကြည့်နေသည်။

အဘိုးကြီးသည် မျက်နှာလွှဲနေရာမှ မောရစ်ဆင်ဘ
တစ်ဖန် ပြန်၍ လှန်ကြည့်လိုက်သည်။ သူမျက်နှာမှာ
သာသာကြီး ညှိုးကျနေသည်။ ဇရာ၏လက္ခဏာများဖြစ်
အရေးအကြောင်းများကို သူ့မျက်နှာပေါ်တွင် မောရစ်
ပထမဆုံးအကြိမ် မြင်တွေ့လိုက်ရသည်။

အဘိုးကြီးသည် သက်ပြင်းရှည်ကြီး တစ်ချက် ချ
သည်။

'ကဲ...ထိုင်ပါကွာ၊ ဒါနီ ကာ ကို ငါ အချိန် ရ
သွားပြီး အီလက်သာကို ခေါ်ပေးပါမယ်'

'ဘယ်တော့ အချိန်ရမှာလဲ'

'ကဲ ပါကွာ...နက်ဖြန်ပဲ ငါ သွားပေးပါမယ်'

## အေသင်မြို့ရောက် မိန်းကလေးတစ်ယောက်

အေသင်မြို့အဝင် လာရစ်ဆာ ဂိတ်ပေါက်တွင် ဖြစ်သည်။

မိတ်ကပ်များ အကျအနန ခြယ်သကာ မြို့သူ တစ်ယောက်
မှာ ဝတ်စားထားသော အီလက်သာသည် ဂိတ်ပေါက်တွင်
တန်းစီ၍ ရပ်နေရင်း သူမ၏ရင်မှာ တဒိတ်ဒိတ် ခုန်နေ
သည်။

သူမ၏ရှေ့တွင်လည်းကောင်း၊ နောက်တွင် လည်းကောင်း
တန်းစီနေသော လူတန်းကြီးမှာ အတော်ကလေး ရှည်
လျားသည်။ ယနေ့အဖို့ရာ၌ အေသင်မြို့ထဲသို့ အကြောင်းအမျိုး
အမျိုးမျိုးဖြင့် ဝင်ရောက်ခွင့်ရရန် သည်ဂိတ်တွင် တန်းစီနေ
ကြခြင်း ဖြစ်သည်။

အီလက်သာသည် သူမ၏လက်ထဲမှ လက်ကိုင်အိတ် အသေး
ကလေးကို မသိမသာ ခပ်နာနာကလေး ဖိ၍ ကိုင်ထားရင်း

www.burmeseclassic.com



ကူနွေ့မပျက်အောင် ကြိုးစား၍ ရှေ့သို့ လှမ်းကြည့်လိုက်သည်။

လူတန်းကြီးမှာ ရှေ့သို့တရွေ့ရွေ့ တိုးသွားနေသည်။ ရှေ့နားတွင် ဂျာမန်၊ အီတလီနှင့် ဂရိတ်စစ်ဆေးရေး အရာရှိများသည် စားပွဲများတွင် ထိုင်ကာ လာသမျှ လူများကို တစ်ယောက်ချင်း မေးမြန်း စစ်ဆေးလျက်ရှိသည်။

မြို့ထဲသို့ ဝင်ကြမည့် သည့်လူများ၏ လက်ဆွဲအိတ်များ၊ သေတ္တာများ၊ သားရေအိတ်များနှင့်တကွ ပိုက်ဆံအိတ်များပါမကျန် ပါလာသမျှတို့ကို ဖွင့်၍ ကြည့်နေကြသည်။

အီလက်သာ၏အလှည့်သို့ ရောက်လာသည်။ စားပွဲတွင် ထိုင်နေသော အရပ်ဝတ်အရပ်စားနှင့် ခပ်ရွယ်ရွယ် ဂျာမန်တစ်ယောက်သည် သူမအား မော့ကြည့်လိုက်သည်။ သူမက ခရီးသွားလက်မှတ်ကို သူ့ရှေ့သို့ မြန်မြန်ဖြူလိုက်သည်။

သို့သော် ဂျာမန်စစ်ဆေးရေးအရာရှိသည် စားပွဲပေါ်မှ ခရီးသွားလက်မှတ်ကို မကြည့်ဘဲ သူမ၏ တစ်ကိုယ်လုံးကို စားတော့မလို ဝါးတော့မလို စိုက်ကြည့်နေသည်။ အီလက်သာသည် ရှုတ်တရက် မျက်နှာလွှဲပစ်လိုက်သည်။

'ဒီကိုဘာကိစ္စနဲ့လာတာလဲ' သူက ခပ်သွက်သွက်မေးလိုက်သည်။

'ဆွေမျိုးတွေဆီ အလည်လာတာပါ' သူမက အသံမှန်နှင့် ဖြေလိုက်သည်။



ဂျာမန်စစ်ဆေးရေးအရာရှိသည် သူမထံမှ လက်ကိုင်အိတ်တောင်းယူလိုက်ပြီး ဇစ်ကိုဖွင့်လိုက်ကာ အထဲမှ ပစ္စည်း...းကို စားပွဲပေါ်သို့ မှောက်ချသွန်ချလိုက်သည်။

နှုတ်ခမ်းဆိုးဆေး၊ လက်သည်းဆိုးဆေး၊ တို့ဖတ် စသည့် ...မအသုံးအဆောင်များနှင့်အတူ ငွေစက္ကူ အထော်များ ...း အ...ပ်လိုက်တွက်လာသည်။

'မင့်ငွေတွေက များလှချည်လား'

သူမက ဘာမှပြန်မဖြေဘဲ ငြိမ်နေသည်။

'မင်း ဘာအလုပ်အကိုင်လုပ်သလဲ'

'ကျွန်မ ယောက်ျားက လယ်သမားပါ'

'ဒီခေတ်မှာတော့ မင်းတို့လယ်သမားတွေ အတော် စား...နေတာပေါ့လေ...ဟုတ်လား၊ အေးသင်ကို လာလာပြီး ...ကြနေကြတာပေါ့'

အီလက်သာသည် ဘာမှပြန်မပြောဘဲ ကူနွေ့မပျက်အောင် ...ထားနေလိုက်သည်။

'ဟိုလက်ဆွဲအိတ်ကို ဖွင့်စမ်းပါဦး'

...အိတ်ထဲတွင် မိန်းမအဝတ်အစား နှစ်စုံ သုံးစုံခန့်နှင့် ...း တိုလီမိုလီများသာတွေ့ရသည်။

...ဂျာမန်သည် သူမ၏နောက်မှ လူတန်းကြီးကို လှမ်းကြည့်ပြီး မျက်နှာတစ်ချက်ရှုံ့သွားသည်။ ပြီးမှ သူမဘက်သို့ ...တာ မချိုမချဉ်ဖြင့် မေးလိုက်သည်။

'မင်း အေးသင်မြို့ထဲကျရင် ဘယ်မှာတည်းမှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



အီလက်သာသည် ခေတ္တစဉ်းစားလိုက်ပြီးမှ....

'ကျွန်မ အဒေါ် အိမ်မှာ တည်းမှာပါ'

'ဩော်....မင်း ဒါထက် ငါနဲ့ မြို့ထဲလျှောက်လည် ပါလိုက်ပြမယ်လေ'---

'ကျွန်မ အဒေါ် အိမ်မှာ ကျွန်မ ယောကျ်ား စော တယ်ရှင့်'

'ဩော်....ဒီလိုလား၊ ကဲ....သွား...သွား၊ နော ယောက်ပေါ့'

သူမသည် ထိုနေရာမှ ခပ်သုတ်သုတ်ထွက်လာခဲ့သည်။

မြို့အဝင်လမ်းမကြီးအတိုင်း ခပ်တည်တည် လျှော ခဲ့ရသော်လည်း ဘယ်သွား၍ ဘယ်လာရမှန်းမသိဘဲ သည်။

ဆိုင်းဘုတ်အမျိုးမျိုးတပ်ထားသော ဆိုင်များနှင့် အသား အမျိုးမျိုး ပြထားသော လမ်းများ၊ သွားလာနေကြသော လူများကိုကြည့်ကာ အထူးအဆ နေသည်။

သူမသည် အေသင်မြို့သို့ လွန်ခဲ့သည့် နှစ်အတော်ကြ တစ်ခေါက်သာ ရောက်ခဲ့ဖူးရာ ယခုတစ်ခေါက်သည် အခေါက်၊ ဒုတိယအကြိမ် ဖြစ်သည်။ သို့သော် ယခု ခေါက်တွင် အစစအရာရာ ပြောင်းလဲနေကြပြီး အောင် ဖြစ်နေသည်။

လမ်းဘေးတွင် လည်းကောင်း၊ လမ်းထောင့်များ လည်းကောင်း ဂျာမန်စစ်သားနှင့် အီတလီ စစ်သားမျာ



နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ဟိုနေရာ သည်နေရာ တွင် တွေ့မြင်နေရသည်။ အီလက်သာသည် အနည်းငယ် ကြောက်ဒိတ်ဝင်သလို ဖြစ်လာမိသည်။

တစ်နေရာတွင် တက္ကစီအငှားကား လေးငါးဆယ်စီးခန့် တန်းစီ၍ရပ်ထားသည်ကို တွေ့လိုက်ရသည်။ ဒါကိုတော့ သူမ သိလိုက်သည်။ သို့ဖြင့် အငှားကားတစ်စီးပေါ်သို့ တက်ကာ ထိုနေရာမှ ထွက်လာခဲ့သည်။

'ကျွန်မကို အမေရိကန် ဗိသုကာပညာရှင်များအဖွဲ့ကို ပို့ ပေးပါရှင်'

ကားကလေးသည် လူများ၊ ကားများ ဥဒဟို သွားလာ နေကြသော မြို့လယ်လမ်းမကြီး အတိုင်း မောင်းလာခဲ့ပြီး တစ်နေရာတွင် ထောင့်ချိုးကွေ့၍ လူသွားလူလာ ရှင်းနေ သည့် လမ်းအတိုင်း အရှိန်ဖြင့်မောင်းလာခဲ့သည်။

ခဏအကြာတွင် မြို့ဆင်ခြေဖုံးမှ ကိုလိုနာကီ ရပ်ကွက်ကို ဖြတ်ကျော်ကာ အမေရိကန်ဆေးရုံ၊ ဗြိတိသျှစာသင်ကျောင်း ဟောင်းနှင့် အခြား အဆောက်အအုံများကို လွန်လာခဲ့ပြီး အနီရောင်အုတ်များဖြင့်ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက် ကြီး တစ်တိုက်ရှေ့တွင် ထိုးရပ်လိုက်သည်။

အီလက်သာသည် ကားပေါ်မှ ဆင်း၍ ကားခရှင်းပေး လိုက်သည်။ ကားကလေးသည် ဝူးခနဲ ပြန်လှည့်ထွက်သွားသည်။ သူမသည် ရှေ့တည့်တည့်မှအဆောက်အအုံကို တစ်ချက် မော့

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ပြီး တံခါးမကြီးဆီသို့ ဇွတ်နှင့် ယှောက်လာခဲ့သည်။

အဆင်သင့်ပွင့်နေသော တံခါးမကြီးမှတစ်ဆင့် အတွင်းသို့ ဝင်လိုက်သောအခါ ဧည့်ခန်းနှင့်တူသော ရှေ့မ အခန်းကျယ်ကြီး တစ်ခုကို တွေ့လိုက်ရသည်။

အခန်း၏ အခန်းထောင့်တစ်နေရာတွင် အမျိုးသမီး တစ်ယောက် စားပွဲတစ်လုံးနှင့်ထိုင်နေသည်ကို မြင်ရသည်။ မြင်လိုက်ရုံဖြင့် သူမသည် ဂရိအမျိုးသမီး မဟုတ်ကြောင်း အီလက်သာ သိလိုက်သည်။

သူမ၏ဦးခေါင်းတွင် နားကျပ်တစ်ခု သိုင်း၍ တပ်ထားသည်။

'ကျွန်မ ဘာအကူအညီပေးရမလဲ'

ထိုအမျိုးသမီးသည် သူမ အနီးသို့ ရောက်လာသော အီလက်သာအား မေးလိုက်သည်။

'ကျွန်မ...ကျွန်မ...ဒေါက်တာဟယ်ရီသက္ကရေးနဲ့ တွေ့ချင်လို့ပါ'

အီလက်သာက ခပ်တိုးတိုးပြန်ပြောသည်။

'ရှင့်နာမည်'

'အီလက်သာပါ...အီလက်သာယာလော့ရစ်ပါ'

'ဒေါက်တာသက္ကရေးနဲ့ ချိန်းထားသလား' သူမက အီလက်သာ၏ တောစရိုက်ကျသော ဝတ်စားဆင်ယင်မှုကို မသိမသာ အကဲခတ်ရင်း မေးလိုက်သည်။



'ချိန်းမထားပါဘူးရှင်...ကျွန်မကို သူ မသိပါဘူး'

'ခဏနေဦးနော်'

သူမသည် ထိုင်ရာမှထ၍ စားပွဲရှေ့သို့ ထွက်လာ၏။ ထို့နောက် ဧည့်ခန်းကျယ်ကြီး၏ လက်ဝဲဘက်တွင် မြင်နေရသော တံခါးကြီး အတိုင်း ခပ်သုတ်သုတ် ထွက်သွားသည်။ အီလက်သာသည် သူမ၏ နောက်မှနေ၍ သူမ၏ လမ်းလျှောက်သွားပုံကို ကြည့်ကာ 'လမ်းလျှောက်ပုံက တစ်မျိုးလေးပဲ' ဟု၍ တွေးနေသည်။

ခဏအကြာတွင် သူမပြန်ရောက်လာသည်။

'ဝမ်းနည်းပါတယ်ရှင်၊ ဒေါက်တာ သက္ကရေးက ရှင့်ကို တွေ့နိုင်သေးဘူးလို့ ပြောလိုက်ပါတယ်'

အီလက်သာမှာ ရုတ်တရက် အလန့်တကြား ဖြစ်သွားကာ ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားမိသည်။ ဇွတ်နှင့်မဆည်နိုင်အောင် မျက်နှာ ပျက်သွားမိသည်။ အမျိုးသမီးသည် အီလက်သာ၏ မျက်နှာကို အကဲခတ်သလိုစိုက်ကြည့်နေသည်။

အီလက်သာသည် ဂျေလင်ဒန်၏ မျက်နှာကို မျက်စိထဲတွင် မြင်လာသည်။

'ကျွန်မ သူ့ကို ဘယ်တော့လောက် တွေ့နိုင်မလဲ' အီလက်သာသည် အားတင်း၍ မေးလိုက်သည်။

'ဒါတော့ ကျွန်မလဲ မပြောနိုင်ဘူးရှင်၊ သူအခု အလုပ်များ သိပ်များနေတယ်၊ ရှေးဟောင်း တစ်နေရာကို သွားပြီး တူးဖော်ဖို့ စီစဉ်နေတယ်'

www.burmeseclassic.com

www.burmeseclassic.com

'ဒါပေမယ့်.... ဒါပေမယ့်.... ကျွန်မ အခု ဒါဒီမြို့ကနေပြီး အဝေးကြီး လာခဲ့ရတာပါရှင်၊ ကိစ္စကလဲ သိပ်အရေးကြီးတဲ့ ကိစ္စရှိလို့ပါ'

ထိုအခိုက် အပြင်ဘက်မှ လူနှစ်ယောက် ဝင်လာကြသည်ကို တွေ့ရသည်။ နှစ်ယောက်စလုံးမှာ နိုင်ငံခြားသား အမေရိကန်များဖြစ်ဟန် တူသည်။

သူတို့နှစ်ယောက်သည် အီလက်သာနှင့် ဇည့်ကြို အမျိုးသမီးကို လုံးဝလှည့်မကြည့်ဘဲ နံရံတွင် ကပ်နေသော ခုံတန်းလျားပေါ်သို့ သွားထိုင်ကာ နိုင်ငံခြား မဂ္ဂဇင်းများကို ဖွင့်၍ ဖတ်နေကြသည်။

စားပွဲရှေ့တွင် မျက်စိပျက် မျက်နှာပျက်ဖြင့် ရပ်နေသော အီလက်သာအား ဧည့်ကြို အမျိုးသမီးက ကြွင်နာသော မျက်လုံးများဖြင့် လှမ်းကြည့်လိုက်သည်။

'ရှင်က ဒေါက်တာ သက္ကရေးနဲ့ ဘာကိစ္စ တွေ့ချင်တာလဲ'

'ကိစ္စကတော့ ကိုယ်ရေးကိုယ်တာပဲ ဆိုပါတော့ရှင်၊ ဒါပေမယ့် သိပ်ကို အရေးကြီးတဲ့ ကိစ္စမို့ ခရီးအဝေးကြီးက တောင် လာခဲ့ရတာပါ'

အမျိုးသမီးသည် ပခုံး နှစ်ဖက်ကို တွန့်လိုက်ပြီး ထိုင်ရာမှ ထကာ စောစောက စကြံ အတိုင်း ထွက်သွားပြန်သည်။ ခဏအကြာတွင် ပြန်ရောက်လာပြီး 'ကဲ.... ကျွန်မ နောက်လိုက်ခဲ့'

အီလက်သာသည် ဝမ်းသာအားရဖြင့် ထ၍လိုက်လာခဲ့သည်။ ရှည်လျားလှသည့် ဇရာမ ကော်ဇောကြီး အတိုင်း



...ာက်လာခဲ့ရပြီး နာမည်ကလေးများ ရေးထားသည့် ...ပြား ဆိုင်းဘုတ်ကလေးများနှင့်အတူ အခန်းများကို ...ခန်းပြီးတစ်ခန်း ဖြတ်ကျော်လာခဲ့သည်။

တစ်နေရာတွင် ရှေ့မှ အမျိုးသမီးသည် ဖြုန်းခနဲ ရပ်လိုက် အခန်းတံခါးတစ်ခုကို အသာအယာ ဆွဲဖွင့်လိုက်သည်။ ထို့နောက် အီလက်သာအား အခန်းသို့ ဝင်ရန် မျက်ရိပ်...ခြည်ဖြင့် ပြလိုက်သည်။

အီလက်သာ အခန်းထဲသို့ ရောက်သွားသော အခါ အမျိုးသမီးက တံခါးကို အပြင်က အသာအယာ ပိတ်...က်သည်။

အခန်းမှာ မှောင်မနေသော်လည်း အလင်းရောင် အား...း နေသည်ကို တွေ့ရသည်။

သို့သော် စားပွဲပေါ်တွင် စားပွဲတင် မီးအိမ်ကလေး တစ်ခု...နေသည်။ စားပွဲနောက်တွင် အသက် ၅၀ ကျော် ၆၀ နီး...း ရှိမည်ဟု ခန့်မှန်းရသော လူကြီး တစ်ယောက် ထိုင်နေ...သည်။ ထိုလူကြီး၏ မျက်နှာမှာ ပါးရိုးမေးရိုးများ ပေါ်နေ...း ခေါင်းမှ ဆံပင်မှာလည်း ဆံပင်ရှိသည်ဟုဆိုရရုံမျှ ပါးပါး ...လေး ဖြစ်နေသည်။

လူကြီးက အီလက်သာအား ခေတ္တ စိုက်ကြည့်လိုက်ပြီး...

'မိန်းကလေးက ကျုပ်ကို တွေ့ချင်တယ်ဆို' သူ့ အသံမှာ ...သည်ငြိမ်လှသည်။ သိမ်မွေ့လှသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒေါက်တာ သက္ကရေးဆိုတာ'

'ဟုတ်ပါတယ်....ကျုပ်ပါပဲ'

အီလက်သာသည် သူမ၏ နှုတ်ခမ်းကို မသိမသာကိုက်[illegible] ထိုလူကြီးအား စိုက်ကြည့်ရင်း ခေတ္တမျှ စဉ်းစားနေမိသည်။ ဂျေလစ်ဒန်မှ လိုက်သော စကားများကို ပြန်၍ကြားယော[illegible] လာမိသည်။

'ကျွန်မနဲ့ အင်မတန် ခင်တဲ့ မိတ်ဆွေ တစ်ယောက်[illegible]'

အီလက်သာသည် ကြိုးစား၍ ပြောရာမှ သူမ အသံမှာ တု[illegible] တုန်ယင်ယင် ဖြစ်နေသဖြင့် ခေတ္တမျှ နားလိုက်သည်။ ပြီး[illegible] အားတင်းကာ ဆက်ပြောလိုက်သည်။

'ကျွန်မနဲ့ အင်မတန် ခင်မင်တဲ့ မိတ်ဆွေ တစ်ယောက်[illegible] အခု ကျွန်မရဲ့ ဆွေမျိုးသားချင်း တစ်ယောက်အိမ်မှာ ရှိနေ[illegible] တယ်၊ သူက ဒေါက်တာနဲ့တွေ့ဖို့ အေသင်ကို လာချင်ပါတ[illegible] သူ ကျွန်မကို ပြောလိုက်တာက ဒေါက်တာရဲ့ ရင်းနှီးတဲ့ မိတ်[illegible] ဆွေ တစ်ယောက်က သူ့ကို ဒေါက်တာနဲ့ သွားတွေ့ဖို့ မှာ[illegible] လိုက်တဲ့အကြောင်း ပြောလိုက်ပါတယ်'

'ကဲ....မိန်းကလေး ခဏထိုင်ဦး'

အီလက်သာသည် စားပွဲရှေ့မှ မဟော်ဂနီရောင် လက်[illegible] သော ကုလားထိုင်ပေါ် သို့ ထိုင်ချလိုက်သည်။

'မင်းရဲ့မိတ်ဆွေဆိုတာက အခု ဘယ်မှာလဲ'

'ကာလိုဂရီယန်နီမှာပါ'

'ကာလိုဂရီယန်နီ....ဟုတ်လား'

'ဟုတ်ပါတယ်....လာရစ်ဆာ နယ်ထဲမှာ ရှိပါတယ်၊ အင်[illegible]န် ချောင်ကျတဲ့ ရွာကလေးပါ'

[illegible]လူကြီးသည် မသိမသာ အံ့ဩသွားဟန်တူသည်။

'မင်းမိတ်ဆွေအကြောင်း ငါ့ကို ပြောပါဦး'

'သူက ဗြိတိသျှ စစ်တပ်ကပါ၊ နယူးဇီလန်နိုင်ငံသားပါ[illegible]'

[illegible]ဒေါက်တာသက္ကရေးသည် ရုတ်တရက် မျက်နှာတစ်ချက် [illegible]သွားသည်။

'[illegible]ဒီမယ် မိန်းကလေး၊ မင်း ပြောတဲ့လူက ငါနဲ့ ဘာမှ [illegible]ဘူး၊ မင်း ငါ့ကို လူမှားပြီး လာပြောနေတာပဲ၊ မင်းရဲ့ [illegible]ဆွေ အဲဒီလူဟာ ဗြိတိသျှ စစ်သားတစ်ယောက် ဆိုတော့ [illegible]ဒေနဲ့ အေသင်ကို တရားဝင်လာလို့ လုံးဝ မဖြစ်နိုင်[illegible]

[illegible]ပြီးတော့ ကျုပ်ဟာ အမေရိကန်တစ်ယောက်၊ အမေရိ[illegible] [illegible] ဂျာမနီက စစ်ဖြစ်နေကြတဲ့ နိုင်ငံတွေ မဟုတ်ဘူး'

'[illegible]ါပေမယ့် ကျွန်မမိတ်ဆွေ ပြောလိုက်တာက....'

'[illegible]မ်းနည်းပါတယ် မိန်းကလေး၊ ကျုပ် မင်းကို ဒီကိစ္စ[illegible] [illegible]နိုင်စရာ မရှိဘူးထင်တယ်၊ အဲဒီတော့ မင်းကို ကျုပ် [illegible]ကောင်းဆုံး အကြံပေးချင်တာက အေသင်မြို့က ခါမြန်ဆိုး[illegible]

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားဖို့ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီကိစ္စဟာ မင်းအတွ အကြီးအကျယ် ဒုက္ခရောက်စရာရှိနေတယ်’

အီလက်သာသည် ရုတ်တရက် ကယောင်ကတမ်းဖြင့် ရာမှ ထလိုက်မိသည်။ ဒေါက်တာ သက္ကရေး၏ စကား သည် မိမိအတွက် လုံးဝမျှော်လင့်ချက်ကုန်ဆုံးပြီး ရင်ဝ အကန်ခံလိုက်ရသလို ဖြစ်သွားသည်။ ရင်ထဲမှ တလှပ်လှ လာကာ တန့်မဆောင်နိုင်တော့ဘဲ မျက်ရည်များ စို့လာ ငိုမိတော့မလို ဖြစ်သွားသည်။

သူမသည် ဒေါက်တာသက္ကရေး၏ မျက်နှာကိုပင် မ နိုင်တော့ဘဲ ခေါင်းကို ငုံ့ထားရာမှ ‘ဒါဖြင့်မယ်…ဒါပေမ ဒေါက်တာနဲ့ ရင်းနှီးတယ်ဆိုတဲ့လူ၊ အဲဒီ စကော့တလ လာတဲ့လူက…’

အီလက်သာသည် သူမ၏ စကားကိုပင် ဆုံးအောင် မ နိုင်တော့ဘဲ ဖြစ်နေသည်။

သို့သော် ဒေါက်တာ သက္ကရေးသည် လှုပ်လှုပ်ရှား ဖြစ်သွားသည်ကို သတိထားလိုက်မိသည်။

သူသည် ပြောလက်စ စကား တစ်ပိုင်းတစ်စဖြင့် ရပ် သော အီလက်သာအား တွေ့၍ စိုက်ကြည့်နေရာမှ…

‘ခနပါဦး၊ မင်းရဲ့ မိတ်ဆွေက အေသင်ကို ဘာ လာချင်ရတာလဲ’

မမျှော်လင့်ဘဲ ထပ်မံကြားလိုက်ရသော ဒေါက်တာ ရေး၏ မေးခွန်းကြောင့် သူမမှာ အနည်းငယ် အား သရော ပြန်ဖြစ်သွားမိသည်။

သို့ဖြစ်ရာ စောစောက ဝမ်းနည်းပန်းနည်း ဖြစ်နေသော ကို အတတ်နိုင်ဆုံး ထိန်းချုပ်၍ ဂျေလင်ဒန် မှာလိုက် ာ စကားကို ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ကြိုးစား၍ လိုက်မိသည်။

‘သူ ကျွန်မကို မှာလိုက်တာက ဒေါက်တာ့ကို သူ ပြော အကြောင်းအချက် ၁၇ချက်ရှိနေတဲ့အတွက် အေသင်ကို ချင်တယ်လို့ ပြောလိုက်ပါတယ်’

ဒေါက်တာ သက္ကရေးသည် ပထမဆုံးအကြိမ် ထိုင်ရာမှ တရက် ထလိုက်သည်။ ‘မင်း…ဒီမှာ ခဏစောင့်နေဦး၊ ် ခုပဲ ပြန်လာမယ်’

အီလက်သာသည် အခန်းထဲတွင် တစ်ယောက်တည်း ကျန် သည်။ ရုတ်တရက် အပြင်သို့ ထွက်သွားသော ဒေါက်တာ ရေး၏ အပြုအမူကို စဉ်းစားမရဘဲ ဖြစ်နေမိသည်။ အထိ လာရကျိုးမနပ်ဘဲ မရေမရာဖြစ်နေခဲ့ရာ လာမိတာ လပြီလားဟူ၍ပင် တွေးနေမိသည်။

ဒေါက်တာ သက္ကရေးသည် သူနှင့် အခန်းချင်းကပ်နေ ာ အခြားအခန်းတစ်ခုထဲသို့ ဝင်လာခဲ့သည်။ ထိုအခန်း နားနှစ်ဖက်စလုံးတွင် နားကျပ်များ တပ်ထားသော စ်ယောက်ကို တွေ့ရသည်။

ထိုလူသည် ဒေါက်တာကို မြင်လိုက်ရသည်နှင့် ထိုင်ရာမှ ကဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ကောင်မလေး ပြောတာ ကြားတယ် မဟုတ်
လား၊ အဲဒါ ဘယ်လို ယူဆသလဲ'

'သူပြောတဲ့လူဟာ မောရစ်ဆင်ပဲ ဖြစ်မှာပါ၊ သေချာ
ပါတယ်' ထိုလူက ပြန်ဖြေလိုက်သည်။

'ဒါဖြင့် သူ မသေသေးဘူးဆိုတာ မှန်နေတာပေါ့၊ ဘု
သခင်ရဲ့ ကျေးဇူးပါပဲဗျာ၊ ကျုပ်ကတော့ လုံးဝ မျှော်
ချက်မရှိတော့ဘူးလို့ အောက်မေ့နေတာ'

'ကျွန်တော်တို့ အဲဒီသတင်းကို အမြန်ဆုံးရမှ ဖြစ်မ
အဲဒီတော့ ကောင်မလေးကို ဘယ်လိုလုပ်မလဲ' ထိုလူက ဗျာ
ဗျာယာဖြင့် မေးလိုက်သည်။

'ကျုပ်တို့နဲ့ သွားဖော် လာဖက်တွေကော အပြင်မှာ
လား'

ဒေါက်တာ သက္ကရေး၏ စကားထဲမှ 'သွားဖော်
ဖက်' ဆိုသည်မှာ ဂျာမန် ဂက်စတာပိုစုံထောက်များကို ဆို
ကြောင်း ထိုလူက သိပြီးဖြစ်သည်။

'သူတို့ကတော့ ထုံးစံအတိုင်း အပြင်မှာ ရှိနေကြ
ပေါ့'

'ဒီလိုဆိုရင် ခင်ဗျား ကားတစ်စီး ခေါ်လိုက်၊ ဒီမိန်း
လေးကို တစ်နည်းနည်းနဲ့ အပြင်ရောက်အောင် အလစ်
သွားမှ ဖြစ်မယ်....



'သူ့ကို ဒီကောင်တွေ လက်ထဲ အပ်ခဲ့လို့ မဖြစ်ဘူး၊
ပြီးတော့ လီ ဘကို ကျုပ်တို့နဲ့ ပါပါပိုလီဆီမှာ လာတွေ့ဖို့
တစ်ယောက်ယောက်ကို ဆင့်ခေါ် ခိုင်းလိုက်၊ ဒီကောင်မလေး
ကိုတော့ ဟိုလူ ဆီ အမြန်ဆုံး ရောက်အောင် ကျုပ် ပို့ပေး
လိုက်မယ်'

www.burmeseclassic.com

www.burmeseclassic.com

## သူတော်ချင်းချင်း သတင်းလွှလွှ

လီစာသည် ဒေါက်တာသက္ကရေး၏ ညွှန်ကြားချက်မျ
အလေးအနက် မှတ်သားလျက် ရှိသည်။

သူမ၏ စိတ်ထဲတွင်မူ မိမိတို့အဖွဲ့ တစ်ဖွဲ့ လုံးသည် တ
တခြား အခြေအနေ ပို၍ ရှုပ်ထွေးကာ ပို၍ အရေးကြီး
နေပြီဟု သတိပြုလိုက်မိသည်။

ဒေါက်တာ သက္ကရေးသည် အသေးစိတ် ညွှန်ကြား
များကို သူကိုယ်တိုင် တစ်ခါဖွင့်မျှ မပေးဖူးပါသဲ
ယခု ပထမဆုံးအကြိမ် သူကိုယ်တိုင် မိမိအား အသေး
ညွှန်ကြားလျက်ရှိသည်။

ဤအချက်သည်ပင်လျှင် မိမိတို့အဖွဲ့ကြီး၏ အရေး
လာသော အခြေအနေကို ဖော်ပြနေသည် မဟုတ်ပါလ



သို့သော် ဤဂျာမန် ဆန့်ကျင်ရေး မြေအောက် အဖွဲ့ကြီး ဖွဲ့စည်းခဲ့သည့် အချိန်မှစ၍ အထက် အမိန့်ကို တစ်စုံတစ်ရာ အမေးအမြန်း မရှိစေရဘဲ တစ်သဝေမတိမ်း လိုက်နာဆောင် ရွက်ရသည့် တင်းကျပ်သော သိမ်ဖဲ စည်းကမ်း သတ်မှတ်ခဲ့ ပြီးဖြစ်ရာ လီစာသည် သက္ကရေး၏ ပြောနေခိုက် ဘာတစ် ခွန်းမှ ပြန်လှန်မေးမြန်းခြင်း မရှိဘဲ နားစိုက်၍သာ ထောင် နေခဲ့သည်။

သို့သော်...သို့သော် သူမ စိတ်ထဲတွင်မူ သိပ်ပြီး အဝင် ကျေလှ။

သည့်လောက် ဝေးကွာလှသည့် နေရာတစ်နေရာသို့ သွား ရောက်ပြီး ထိုနေရာတွင် ပုန်းအောင်းနေသော ဗြိတိသျှလူမျိုး တစ်ယောက်ကို မိမိတစ်ဦးတည်း တာဝန်ယူ၍ ခေါ်ဆောင် လာရမည့် တာဝန်မှာ ပေါ့သေးသေးမဟုတ်သည်ကို သတိ ပြုမိသည်။

နောက်ပြီးတော့ သည်လူက ဘာလဲ၊ ရောမ စစ်ဗိုလ်ကြီး သား၊ ဒါမှမဟုတ် မိမိတို့ မြေအောက်အဖွဲ့မှ အရေးကြီးသည့် ရာမခေါင်းဆောင်ကြီး တစ်ယောက်ပဲလား။

လီစာသည် ထိုသို့စဉ်းစားရင်း ဒေါက်တာ သတ္တရေး၏ စကားကို နားစိုက်ထောင်နေမိသည်။

'အဲဒီတော့ မင်း ဒီနေ့ညပဲ အဲဒီမြို့ကို ခရီးထွက်ရမယ်၊ အဲဒီမှာ အီလက်သာဆိုတဲ့ မိန်းကလေးတစ်ယောက်နဲ့ တွေ့ ဆုံရမယ်၊ မင်း သူနဲ့အတူ ကာလိုဂရီယန်နီဆိုတဲ့ ရွာကလေးကို

www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားရမယ်၊ ဟိုရောက်တော့ သူက မင့်ကို ဗာစီလီဆို
လူတစ်ယောက်နဲ့ မိတ်ဆက်ပေးလိမ့်မယ်၊ မင်းကိုယ်မင်း
မင်းနာမည် ဟယ်လီနာလို့ပဲ သူ့ကိုပြောပါ၊ အရေးကြီးတာ
က မင်း သူ့ကို ဘာမေးခွန်းမှ မမေးပါနဲ့'

လီစာသည် သတ္တုရေး၏ တည်ကြည်သော မျက်နှာ
ကို စိုက်ကြည့်ရင်း ခေါင်းညိတ်လိုက်သည်။

'အဲဒီမှာရှိတဲ့ တို့လူတွေက အဲဒီလူအတွက် လိုအပ်တဲ့
သွား လက်မှတ်တွေနဲ့ မှတ်ပုံတင် စာရွက်စာတမ်းတွေ
လုံး လုပ်ပေးကြလိမ့်မယ်၊ သူ့ကိုလဲ ရုပ်ဖျက်ပေးလိမ့်
သူ့အတွက် သုံးဖို့စရိတ် လိုအပ်တဲ့ငွေကိုတော့ ရထားပေါ်
သူတို့ လာပေးလိမ့်မယ်၊ အဲဒီလူရဲ့ လုံခြုံရေးအတွက်
ဘာကိုမှ မင့်ကွက်ဘဲ တာဝန်ယူရလိမ့်မယ်၊ ငါပြောတာ
ရှဲလား'

'ဟုတ်ကဲ့...ရှင်းပါတယ်' လီစာက ပြန်ဖြေသည်။

'အဲဒီနောက် အသင်ကို ရောက်ရောက်ချင်း သူ့ကို
ဇာရပ်ဆီ ခေါ်လာပြီး အဲဒီကမှတစ်ဆင့် ငါ့ဆီကို ချက်ချင်း
သတင်းပို့၊ ဟုတ်လား'

'ဟုတ်ကဲ့'

'မရှင်းတာ မေးစရာရှိသေးလား'

'မရှိပါဘူး၊ အားလုံးရှင်းပါတယ်'



လီစာသည် သတ္တုရေး၏ ညွှန်ကြားချက်များမှ လူအမည်
မြို့အမည်များကို နှုတ်မှ ခပ်တိုးတိုး ရွတ်ဆိုကြည့်ရင်း သူမ
အတွက် ပေးထားသော စာရွက်စာတမ်းများနှင့် ငွေစက္ကူ
များကို စစ်ဆေးကြည့်လိုက်သည်။

ထိုအခိုက် ပါဝါပင်နို ဝင်လာသည်။ ပါပါပင်နိုမှာ
ဘုန်းတော်ကြီးဖြစ်သည်။

'ကဲ...စားဖို့ သောက်ဖို့ အချိန်ရောက်ပြီ'

ဒေါက်တာ သတ္တုရေးက 'ဟုတ်ကဲ့'ဟု ပြောလိုက်ပြီး
'မြန်မြန်စားပြီး မြန်မြန်ပြန်မှဖြစ်မယ်၊ အပြင်မှာ ကျွန်တော့်
ကို စောင့်နေကြတဲ့ ဂျာမန်နှစ်ယောက် မိုးရွာထဲမှာ အကြာ
ကြီး ရပ်နေရတာ အားနာစရာကြီး'ဟူ၍ ပြောရင်း မသိ
မသာ ပြုံးလိုက်သည်။

ဘုန်းတော်ကြီး ပါပါပင်နို ခေါ်ရာ မီးဖိုခန်းဘက်ဆီသို့
လျှောက်လာကြရင်း တံခါးဝသို့ရောက်သောအခါ သတ္တုရေး
သည် ရုတ်တရက် လီစာအား နောက်ပြန် လှည့်ကြည့်လိုက်
သည်။

'လီစာ...ဒီနေ့ မင့်ကြည့်ရတာ မျက်နှာသိပ်မကောင်းပါ
ဘူး၊ တစ်ခုခုဖြစ်နေလို့လား'

'မဟုတ်ပါဘူး...မဟုတ်ပါဘူး၊ ကျွန်မ ဘာမှမဖြစ်ပါ
ဘူး'

'မင့်ကို နောက်တစ်ခုပြောဖို့ရှိသေးတယ်၊ အဲဒါကတော့
အခု မင်းသွားတဲ့ကိစ္စမှာ တကယ်လို့ အခြေအနေသိပ်ဆိုးရွား

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဘယ်လိုမှရှောင်လွှဲတိမ်းလို့ မရတော့ဘဲ အဖမ်းခံရတော့မယ့် အခြေအနေမျိုး ဖြစ်လာရင်တော့ မင်း ဟိုလူကို ပစ်သတ်ရမယ်၊ ကြားလား၊ သူ့ကို ဂျာမန်တွေလက်ထဲမှာ အရှင်ဖမ်းမိသွားလို့ မဖြစ်ဘူး'

ဖြုန်းခနဲ လီစာ၏ခေါင်းထဲသို့ လျှပ်စီး လက်သလိုအတွေးတစ်ခု လက်ခနဲ ဝင်လာသည်။

'ငါ့ကလေးတွေကို လွှတ်အောင် လုပ်ပြီး ငါ့ကိုယ်ငါ သစ္စာဖောက်အဖြစ်ခံလိုက်ရ ကောင်းမလား'

* * *

မောလ်ဆာသည် ဆိုဖာပေါ်တွင် နောက်သို့မှီ၍ ခြေပစ်လက်ပစ် ထိုင်နေသည်။ သူ့ခေါင်းမှ ဆံပင်များမှာ နဖူးတစ်ခြမ်းပေါ်သို့ ဖွာရရာကြနေပြီး သူ့မျက်လုံးများမှာ နီရဲနေသည်။

သူ့ခြေထောက်နှစ်ဖက်သည် ကျောက်ပြား ခင်းထားသော စားပွဲပေါ်သို့ ရောက်နေသည်။ စားပွဲပေါ်တွင် မှန်ပေါင်သွင်းထားသည့် ဓာတ်ပုံထဲမှ ဂျာမန်ရုပ် ပေါက်နေ



သော သူ့မိန်းမနှင့် သူ့ကလေး သုံးယောက်သည် သူ့ကို လှမ်းကြည့်နေကြသည်။

သူသည် စားပွဲခုံအောက်မှ အပေါ်ဆုံး အံဆွဲကို ဆွဲဖွင့်လိုက်ပြီးနောက် စက္ကူဖြင့်ထုပ်ထားသော အထုပ်သေးသေးကလေး တစ်ခုကို နှိုက်ယူလိုက်သည်။ ဂရိခေါင်းကိုက်ပျောက်ဆေးမှုန့် ဖြစ်သည်။

စားပွဲပေါ်တွင် အသင့်ရှိနေသော ရေချိုင့်ထဲမှ ရေတစ်ခွက် ငှဲ့လိုက်ပြီး ဆေးမှုန့်ကိုဖျော်၍ မော့ချလိုက်သည်။ ဇာဗော့ အိမ်မှပြန်လာကတည်းက ခေါင်းကိုက်နေခဲ့သည်။

ဇာဗော့က သူ၏အိမ်တွင် အပေါင်းအသင်း မိတ်ဆွေများကိုဖိတ်၍ ပါတီတစ်ခု ပေးခဲ့သည်။ သည်အိမ်မှာ မကြာမီကမှ သူ ဝယ်လိုက်သည့်အိမ် ဖြစ်သည်။ အိမ်ကြီးမှာ ဇာဗော့နှင့် မလိုက်အောင် ကြီးကျယ်ခမ်းနားလှသည်။

အခန်းပေါင်း ဆယ်ခန်းရှိသည်။ အိမ်ထောင်ပရိဘောဂများမှာ အကောင်းစားချည်းဖြစ်၍ ဖိတ်ဖိတ်တောက်နေသည်။

တစ်အိမ်လုံး အနှံ့အပြား ရှေးဟောင်းပစ္စည်းများ၊ ရုပ်တုများ၊ ပန်းချီကားချပ်ကြီးများ၊ ပန်းအိုးများဖြင့် မွှမ်းမံပြင်ဆင်ထားသည်မှာ တကယ့်ပြတိုက်ကြီးတစ်ခုလား အောက်မေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဟေလ်ဆာ၏ စိတ်ထဲတွင်မူ သည်ရွှေးတောင်းပစ္စည်းများနှင့် သည်အိုကြီးသည့် အရှုး တစ်ယောက်၏ မြတိုက်နှင့်တူသည်ဟု အောက်မေ့လိုက်မိသည်။

'ရွှေးမသား ဇာဗော့....အရှုး....ဝက်ပုတ်'

ဟေလ်ဆာသည် ခေါင်းကိုက်နေရာမှ ကျိန်ဆဲမိသည်။

မှန်သည်။ ဇာဗော့၏ ခန္ဓာကိုယ်သည် အလျင်ကထက် ပို၍ ဝက်ပုတ်ကြီး တစ်ကောင်နှင့် တူသည်ထက် တူလာသည်။

သို့သော် သည်ဝက်ပုတ်ကြီးသည် အလွန်လည်သော ဝက်ပုတ်ကြီး ဖြစ်သည်။ သူ့ အကျိုးစီးပွားကို အလွန်သိတတ်သည့် ဝက်ပုတ်ကြီးဖြစ်သည်။ သူ့ အတွက်အကျိုးမရှိဘဲ သူ့ အတွက် စီးပွားမဖြစ်ဘဲ ဘာမှမလုပ်၊ မိမိတို့ ဂျာမန်များ အေသင်မြို့ကို အိမ်းပိုက်ခဲ့သည့်အချိန်မှစ၍ မိမိတို့ခိုင်းသမျှ မညည်းမညူ မရှက်မကြောက် လုပ်ပေးခဲ့သည်မှာ အဓိကအားဖြင့် သူ့ အကျိုး သူ့ စီးပွားအတွက်ဖြစ်သည်။

အေသင်မြို့ထဲမှ ဂျာမန်တို့ သိလိုသမျှ သတင်းများကိုသာမက ဂျာမန်အရာရှိများအတွက် အရက်ဆိုအရက် မိန်းမဆိုမိန်းမ လိုသမျှ ရအောင်ရှာပေးခဲ့သည်။

ထိုသို့ မိမိနှင့်တကွ မိမိထက် ရာထူးကြီးသော ဂျာမန်အရာရှိကြီးများ အလိုကျ ဆောင်ရွက်ပေးပြီးနောက် သည်အင်္ဂလိ သည်ပါဝါဖြင့် ပိုက်ဆံချမ်းသာသည့် ဂရိသူဌေးကြီးများ



ကုန်သည်ကြီးများထံမှသာမက ဆင်းရဲသားများ ထံမှပါ နည်းမျိုးစုံဖြင့် ငွေညှစ်ခဲ့သည်။ တစ်ဖက်လှည့်၍ ခြိမ်းခြောက်၍ ငွေတောင်းခဲ့သည်။

သည်လိုဖြင့် ဂျာမန်တို့၏ ရက်စက်ကြမ်းကြုတ်လှသော အမှုအုပ်စိုးမှုအောက်တွင် ဇာဗော့တစ်ယောက် ငွေဝင်လမ်းဖြောင့်ခဲ့သည်။

ယခုသော်မူ တစ်နှစ်ကျော် နှစ်နှစ်မျှသော အချိန်ကလေးအတွင်း ဇာဗော့သည် မိမိ မျက်စိအောက်တွင် မယုံနိုင်အောင် ကြီးပွားချမ်းသာလာခဲ့ပြီဖြစ်၍ ခမ်းနားကြီးကျယ်သော အိမ်ကြီးတစ်လုံးကိုပင် ဝယ်နိုင်ပြီဖြစ်သည်။

ဟေလ်ဆာသည် ဇာဗော့၏ ကိုယ်ကျိုးရှာမှု စီးပွားရှာမှုများကို မသိမဟုတ်၊ အားလုံးသိသည်။ မိမိတို့ ဂျာမန်များကို ၍ အမြီးကျက် အမြီးစား ခေါင်းကျက် ခေါင်းစား လုပ်နေကြောင်း ဟေလ်ဆာ အသိဆုံးဖြစ်သည်။

ဒါပေမယ့် သည်ဝက်ပုတ်ကြီးကို မပေါင်းလို့ မဖြစ်၊ ပစ်ယ်လို့ မရ၊ အရေးရှယ် အကြောင်းရှယ် ဖြစ်လာလို့ အေသင်ထဲမှာ တစ်ယောက်ယောက်ကို ရှာစရာ ဖွေစရာ ဖမ်းစရာလာလျှင် သည်ဝက်ပုတ်ကြီးကိုပဲ တာဝန် ပေးရသည်။ အင်္ဂလိပ်သူလျှိုစစ်သားတွေနဲ့ ပတ်သက်လာလို့ အရေးကြီးတဲ့သတင်းတစ်ခုခု စုံစမ်းချင်လျှင်လည်း သည်သတ္တဝါကြီးကိုပဲ ခိုင်းရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာကိစ္စမဆို သူ့ကိုပဲ အားကိုးနေရသည်။ နောက်ဆုံး အရက်ရှာခိုင်းဦးမလား၊ မိန်းမရှာခိုင်းဦးမလား။

ယခုလောလောဆယ်ပင် ဟောလ်ဆာသည် အေသင်မြို့ပေါ်တွင် ဂျာမန်ဆန့်ကျင်ရေး မြေအောက်ဂိုဏ်း တစ်ဂိုဏ်းနှင့် ပတ်သက်၍ အနံ့ရထားသဖြင့် ဇာဗေ့အား စုံစမ်းခိုင်းထားရသည်။ နောက်ပြီးတော့ ယနေ့အထိ မိမိတို့အား ခေါင်းတုံးပေါ်ထိပ်ကွက်ကာ ပျောက်ချက်သားကောင်းနေသော အမေရိကန် စာရေးဆရာ မောရစ်ဆင်ဆိုသူနှင့် ပတ်သက်၍ အေသင်မြို့တွင်းမှ မသင်္ကာစရာလူများကို ဇာဗေ့မှတစ်ဆင့် စောင့်ကြည့်ခိုင်းထားရသည်။ ဒါကြောင့်လည်း သည်ဝက်ပုတ်ကြီးကို 'မချစ်သော်လည်း အောင့်ကာနမ်းနေ' ရခြင်း ဖြစ်သည်။

တံခါးခေါက်သံ ကြားလိုက်ရပြီး ဇာဗေ့ ဝင်လာသည်။

'ဒီဝက်ပုတ်ကြီး အသက်ရှည်ဦးတော့မှာပဲ'

ဟောလ်ဆာသည် ယခင်ကနှင့် မတူဘဲ အပြောင်းလဲကြီး ပြောင်းလဲနေသော ဇာဗေ့၏ အသွင်အပြင်ကို ကြည့်ရင်း အန်ချင် အော့ချင်သလို ဖြစ်သွားသည်။

ကြည့်ပါဦး၊ အထူး အော်ဒါပေး၍ ချုပ်ထားသည့် သက္ကလတ် အကောင်းစား ဝတ်စုံနှင့်။ ကိုယ်ကျပ် အင်္ကျီမှာလည်း ပိုးအပျော့စားဖြစ်သည်။ လည်စည်းတွင် ညှပ်ထားသော ကလစ်မှာလည်း စိန်ကလစ်၊ လည်ပင်းတွင် တပ်ထားသော ကြယ်သီးမှာလည်း စိန်ကြယ်သီး၊ လက်တွင်ဝတ်ထားသော လက်စွပ်များမှာလည်း စိန်လက်စွပ်၊ သူ့သွားတွေကိုစိန်စီမထားရုံတစ်မည်သာ ကျန်တော့သည်။

'နောက်တစ်နာရီမှာ ကျွန်တော်တို့ လီစာနဲ့တွေ့ဖို့ ချိန်းထားတယ်'

ဇာဗေ့၏အသံမှာ အလျင်ကလိုမဟုတ်တော့ဘဲ လေသံမြင့်နေသည်။ ခါတိုင်းလို ဟောလ်ဆာအား 'ဗိုလ်ကြီး' ဟုပင် မခေါ်တော့ဘဲ ပြောလိုက်သည်။

ဟောလ်ဆာသည် ဇာဗေ့၏ အမူအရာကို အကဲခတ်နေသည်။ မိမိထက် ရာထူးကြီးသော ဂျာမန် ဗိုလ်မှူးများ ဗိုလ်မှူးကြီးများနှင့် အလှမ်းသင့် နသဖြင့် မိမိအား ယခင်ကလို မလေးစားတော့သည့် ဇာဗေ့အား ပညာပြသည့် အနေဖြင့် ဘာမျှပြန်မပြောဘဲ သူ့မျက်နှာကိုသာ စိုက်ကြည့်နေလိုက်သည်။

ဒါကို ဇာဗေ့က ရိပ်မိသည်၊ မြေမြွေချင်း ခြေမြင်ထားပြီ ဖြစ်သည်။

နွားမြင်တိုင်း လက်ညှိုးထိုးတတ်သလို မိန်းမမြင်တိုင်း အငမ်းမရ ဖြစ်တတ်သော ဟောလ်ဆာသည် လီစာအပေါ် စိတ်ဝင်စားနေသည်ကို သူ သိပြီးဖြစ်သည်။ ဒါကြောင့် သူက ဟောလ်ဆာကို သွေးတိုးစမ်းလိုက်သည်။

'ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ လီစာနဲ့ ပတ်သက်ပြီး ပြတ်ပြတ်သားသားလုပ်ဖို့ လိုလိမ့်မယ်ထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒီမယ်….ဇာဗော့၊ ဒီဌာနကို ငါ ဦးစီးပြီး လုပ်နေရတာ ပါ၊ သူတို့ထဲက တစ်ယောက်ယောက်ဟာ မော်ရစ်ဆင်နဲ့ ပတ်သက်လို့ သဲလွန်စ တစ်ခုခု ရစရာရှိနေသမျှ သူတို့ကို အပြတ်လုပ်လို့ မဖြစ်သေးဘူး ဆိုတာ မင်း သိထားဖို့ လိုမယ်'

'ဒါပေမယ့် လီစာနဲ့ ပတ်သက်လို့ကတော့ သူ့ဆီက သတင်းရဖို့ မလွယ်ဘူးထင်တယ်၊ ဒါကို ဗိုလ်ကြီးလဲ သိပါ တယ်၊ သူ့ကို ဒီအတိုင်း လွှတ်ထားရင် ကျွန်တော်တို့ တစ် နေ့နေ့ ချောက်ကျမှာစိုးရတယ်၊ အဲဒီတော့ အနည်းဆုံး သူ့ ကို စောင့်ကြည့်ဖို့တော့ လိုလိမ့်မယ်ထင်တယ်'

'မင်း အတော်တုံးသေးတာပဲ၊ တို့ သူ့ကို စောင့်ကြည့် တာနဲ့ တစ်ပြိုင်နက် မြေအောက်အဖွဲ့ကကောင်တွေက ဒါကို ငါး မိနစ် အတွင်း ရိပ်မိ သွား မှာပေါ့ကွ၊ တကယ် က သူ့ကလေးတွေ တိုဖမ်းထားသမျှ တို့ပြောတဲ့စကားကို သူ နားထောင်ရမှာပဲ'

'ဒီလိုဆိုလဲ သူ့ကလေးတစ်ယောက်ယောက်ကို အပျောက် ရှင်းပစ်လိုက်ပါလား၊ အဲဒီကျတော့ သူလဲ နေနိုင်မှာ မဟုတ် ပါဘူး၊ ကျွန်တော်တို့ စကားကို ပိုပြီး နားထောင်လာမှာ'

ဇာဗော့ အကြံမှာ မဆိုးလှ၊ ဒါပေမယ့် သည်လို ရက်ရက် စက်စက် လုပ်လိုက်ရင်လည်း ပိုပြီးစိတ်နာသွားမှာ စိုးရသည်။

စိတ်နာသွားလျှင် ခွာပြသွားမှာ သေချာသည်။ ခွာပြ သွားလျှင် လူချင်းဝေးသွားမည်။ တကယ်ဆိုတော့ လူချင်း နီးစပ်ဖို့က အရေးကြီးဆုံးမဟုတ်လား။



ဇာဗော့သည် ဟောယ်ဆာ၏ 'ဆင်ကြံ'ကြံနေပုံကို ရိပ်မိပြီး ပြုံးလိုက်မိသည်။ ပြီးမှ….

'ဗိုလ်ကြီးလုပ်ပုံက မဟုတ်သေးပါဘူး၊ လီစာ အကြောင်း ဗိုလ်ကြီး ကောင်းကောင်းမသိသေးပါဘူး၊ ကျွန်တော် သူ့ ကို ငွေသန်းချီပေးပြီး ကျွန်တော်နဲ့အတူလာနေဖို့ ခေါ်ပြီးပြီ၊ ရဘူး၊ အတော် မလွယ်တဲ့ မိန်းမ ဗိုလ်ကြီးရဲ့'

'ဟော့….တော်စမ်းကွာ၊ တိတ်စမ်း

www.burmeseclassic.com

www.burmeseclassic.com

## မရှန်းသာ မလွှတ်သာသည့် လီစာ

လီစာသည် မြို့လယ်ဗဟို ပန်းခြံကိုဖြတ်၍ ဟာမက်လမ်း ကြီးပေါ်မှ ဆိုင်များဆီသို့ ရွေးရှု၍ လာခဲ့သည်။

ပန်းခြံထဲမှ လည်းကောင်း၊ လမ်းမပေါ်မှ လည်းကော င်း လူအတော်များများသည် သူမအား လှည့်ကြည့်ကြသည်။ ဂရိ-ဂျာမန်နှင့် အီတလီအမျိုးသားများ ဖြစ်သည်။

တကယ်ဆိုတော့ လီစာသည် ရုပ်ရေ သနားကမားဖြစ် ချောမောလှပသူ တစ်ယောက် ဖြစ်သည်။ သူမ၏ အလှမှာ လူအများထဲတွင် ထူးထူးခြားခြား ထင်ပေါ်နေတတ်သည့် အလှမျိုး ဖြစ်သည်။

သည့်လို မျက်လုံးမျက်ခုံးမျိုး၊ သည်နှာတံမျိုးမှာ ဂရိ အမျိုးသမီးများထဲတွင် တွေ့ရခဲသည်။ ရက်ရက်စက်စက် ချော



သည်ဟု မဆိုနိုင်သော်လည်း ယဉ်ယဉ်ကလေးနှင့် လှသည်ဟု ဆိုရမည် ဖြစ်သည်။

လီစာသည် သူမအား ငေးကြည့်နေကြသူများကို အရေး ထိုက်သည့် အမူအရာမျိုး၊ သို့မဟုတ် ရှုံ့တိုး ရွံ့တန့် နေသည့် အမူအရာမျိုး မဟုတ်ဘဲ သိမ်သိမ်မွေ့မွေ့ဖြင့် ဣန္ဒြေ ရှိကလေး လျှောက်လာခဲ့သည်။

ဟာမက်လမ်းမပေါ်မှ အထည်ဆိုင် တစ်ဆိုင် ရှေ့သို့ ရောက်သောအခါ သူမသည် ရုတ်တရက် ကိုယ်ရှိန်သတ်ကာ ဆိုင်ထဲသို့ လှမ်း၍ ကြည့်လိုက်သည်၊ သည်ဆိုင်မှာ ပြင်သစ် လူမျိုး အင်တွန်ဆိုသူ၏ အထည်ဆိုင် ဖြစ်သည်။

ဆိုင်ရှေ့တွင် သူမ ရပ်နေစဉ် ဂျာမန်စစ်ယူနီဖောင်းဝတ် ထားသူ တစ်ယောက်သည် မယောင်မလည်ဖြင့် သူမအနီးသို့ ကပ်လာသည်။

သူသည် လီစာအား တစ်စုံတစ်ရာပြောတော့မလိုဟန်ပြင် ပြီးမှ သူမ၏ တည်ကြည်သော မျက်နှာထားကြောင့် မပြောရဲတော့ဘဲ လှည့်ထွက်သွားသည်။

လီစာသည် ထိုဂျာမန်အရာရှိကို လုံးဝ လှည့်မကြည့်ဘဲ ဆိုင်ရှေ့တွင် ခေတ္တရပ်နေပြီး သူမကိုယ်ကို အားတင်းသည့် ဟန်ဖြင့် အသက်ပြင်းပြင်းတစ်ချက် အားရပါးရ ရှူလိုက် သည်။

ရုတ်တရက် မျက်လုံးထဲမှ မျက်ရည်များ ဝေ လာသဖြင့် လမ်းကို မသိမသာကိုက်ကာ စိတ်တင်းထားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ဆိုင်တံခါးကို အသာအယာ တွန်းဖွင့်ကာ အထဲသို့ ဝင်လာခဲ့သည်။

ဆိုင်ရှေ့ခန်းထဲတွင် စမတ်ကျကျ ဝတ်စုံများ ဝတ်ထားသော လူတစ်ယောက်ကို တွေ့ရသည်။ ဆိုင်ရှင် အင်တွန်ပင် ဖြစ်သည်၊ အင်တွန်သည် လီစာအား လေးလေးစားစား ဦးညွတ်၍ နှုတ်ဆက်လိုက်ပြီး အတွင်းခန်းဘက်သို့ ရှေ့ဆောင်၍ ခေါ်သွားသည်။

'ထိုင်ပါခင်ဗျာ....ထိုင်ပါ'

အင်တွန်က ယဉ်ကျေးသိမ်မွေ့သည့် လေသံဖြင့်ပြောရင်း လီစာအား ဆိုဖာတစ်ခုကို ညွှန်ပြလိုက်သည်။

'ခဏစောင့်ပါခင်ဗျာ....သူတို့ အခုပဲ ရောက်လာပါလိမ့်မယ်'

အင်တွန်သည် ဆိုဖာပေါ်တွင် ထိုင်နေသော လီစာအား ဦးညွတ်၍ နှုတ်ဆက်ကာ အခန်းထဲမှ ပြန်ထွက် သွားသည်။

လီစာသည် ဆိုဖာပေါ်တွင် နောက်မှီ၍ ထိုင်နေရင်း ကြွေရုပ်မဆည်နိုင်တော့ဘဲ မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ကာ 'အင့်' ခနဲတစ်ချက် ရှိုက်လိုက်မိသည်။ မျက်ရည်များသည် ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာသည်။

ချက်ချင်းပင် သူမသည် အားပြန်တင်းလိုက်ပြီး မျက်တောင်မခတ်ဘဲ အပြာရောင် ဆေးသုတ်ထားသော နံရံကို စိုက်ကြည့်လိုက်သည်။



သူမ၏ စိတ်အစဉ်တွင် အတိတ်မှ ဖြစ်စဉ်များသည် တစ်ခုပြီး တစ်ခု အဆက်မပြတ်ဘဲ ပေါ်လာနေသည်။

* * *

သည့်ဇာတ်လမ်း ... ည်ဖြစ်စဉ်သည် အေသင်မြို့ကို ဂျာမန်များ သိမ်းပိုက်ခဲ့ပြီး နောက်တစ်နေ့မှာပင် စတင်ခဲ့သည်။ လီစာ၏ ခင်ပွန်းဖြစ်သူ မင်နီလစ်၏ ဇာတ်ရုပ်သည်လည်း ထိုနေ့မှာပင်စတင်၍ ဘွားဘွားကြီး ပေါ်ခဲ့သည်ဟု ဆိုရမည် ဖြစ်သည်။

လီစာ၏ ဖခင်မှာ စက်ရုံတစ်ရုံ၏ ပိုင်ရှင်ဖြစ်သည်၊ သူသည် မျိုးချစ်စိတ်ရှိသူတစ်ဦးပီပီ၊ ဂရိနိုင်ငံကို မတရားကျူးကျော် ဝင်ရောက်လာကြသော ဂျာမန်များနှင့် ပူးပေါင်းရေးကို ခါးခါးသီးသီး ငြင်းဆန်ခဲ့သည်၊ ဂျာမန်များ၏ အပြင်းအထန် တိုက်တွန်း တောင်းဆိုနေသည့်ကြားမှ စက်ရုံကိုပိတ်ပစ်ခဲ့ သည့်ပြင် စက်ပစ္စည်းအချို့ကိုပါ ဖျက်ဆီးပစ်ခဲ့သည်၊ ဂျာမန် များ အကြီးအကျယ် ဒေါသထွက်ခဲ့ကြသည်။

လီစာ၏ ဖခင်က ထိုသို့ လုပ်ဆောင် ခဲ့သည်နှင့်အမျှ လီစာ၏ ခင်ပွန်းဖြစ်သူ မင်နီလစ်က ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ဂျာမန်တို့နှင့်ပူးပေါင်းရေးသမားဖြစ်သည်၊ ဂျာမန်တွေနှင့်ပေါင်းပြီး ကိုယ်ကောင်းစားရေး လုပ်ဆောင်ရမည်ဟူသော ဝါဒ လက်ကိုင်ထားသူ ဖြစ်သည်။

သို့ဖြင့် မင်နီလာစ်သည် သူ့ယောက္ခမကြီးက ဂျာမန်များအား ဆန့်ကျင်၍ ပိတ်ထားခဲ့သော စက်ရုံကို ဂျာမန်များ၏ စေခိုင်းချက်အရ သူကိုယ်တိုင်ဦးစီး၍ ပြန်လည်ဖွင့်လှစ် လုပ်ကိုင်ခဲ့သည်။

သည်လိုနှင့်ပင် ယောက္ခမအမွေကိုမျှော်မှန်းကာ လီစာကို လက်ထပ်ခဲ့သော မင်နီလာစ်သည် ဂျာမန်တွေကျေးဇူးကြောင့် ယောက္ခမ မသေသေးဘဲ စက်ရုံပိုင်ရှင် ဖြစ်လာခဲ့သည်။

အကြံပက်စက်သော မင်နီလာစ်သည် ထိုမျှဖြင့် အားမရသေးဘဲ ဂျာမန်များကို မမှန်သတင်းပေးကာ ယောက္ခမကြီးသူကို ထောင်မကျကျအောင် လုပ်ခဲ့သည်။

နောက်ဆုံး၌ သူ့ယောက္ခမဖြစ်သူ လီစာ၏ ဖခင်ကြီးမှာ ထောင်ထဲတွင် ဂျာမန်တို့၏ လူမဆန်သော ညှဉ်းဆဲမှုကြောင့် တနင်္ဂနွေ နှစ်ပတ်ဆုံးပတ်ခန့် အကြာတွင် အနိစ္စရောက်ခဲ့ရှာသည်။

ပထမတော့ လီစာသည် သူ့ယောက်ျား၏ ပက်စက်ယုတ်မာသော အလုပ်များကို မသိခဲ့၊ နောက်မှ ဖခင်ကြီး ကွယ်လွန်ပြီး တစ်ပတ်ခန့် အကြာတွင် ရင်းနှီး၍ အတွင်းသိနေသော မိတ်ဆွေ တစ်ယောက်က ဖောက်သည်ချသဖြင့် သည်အဖြစ်အပျက်ကို အမှန်အတိုင်း သိခဲ့ရသည်။



သို့ဖြင့် သူမသည် ကလေးနှစ်ယောက်ကို လက်ဆွဲကာ အိမ်ပေါ်မှ ဆင်းလာခဲ့သည်။

ထို့နောက် အေသင်မြို့ထဲတွင် မထင်မရှားနေခဲ့ရာမှ ဖခင်ကြီး အတွက် စိတ်အနာကြီးနာခဲ့ရသော လီစာသည် ဂျာမန်ဆန့်ကျင်ရေး မြေအောက်အဖွဲ့ဝင် တစ်ယောက် အဖြစ် အစောဆုံး ဝင်ရောက်ခဲ့သည်။

သို့သော် သူမမှာ မြေအောက်လုပ်ငန်းများကို ဘာတစ်ခုမှ ထိထိရောက်ရောက်မလုပ်ရသေးမီ တစ်ပတ် အတွင်းမှာပင် ဂျာမန်ဂက်စတာပို၏ ဖမ်းဆီးခြင်း ခံလိုက်ရသည်။

ထိုအချိန်တွင် ဂျာမန်များနှင့် အကြီးအကျယ် အလွမ်းသင့်နေပြီဖြစ်သော မင်နီလာစ်သည် သူ့ဇနီးဟောင်း အဖမ်းခံရသည့် သတင်းကို ကြားသောအခါ သံယောဇဉ် မကုန်သေးသည့်အနေဖြင့် သူကိုယ်တိုင် ဂျာမန်ဂက်စတာပို အရာရှိ ဟေလ်ဆာအား ဝင်ရောက် ပြောဆို၍ အာမခံခဲ့သည်။

သို့ဖြင့် လီစာမှာ ဂျာမန်တို့ လက်မှ မသေမပျောက်လွတ်မြောက်လာခဲ့သည်။

သို့သော် သူမ၏ လွတ်မြောက်ခြင်းမှာ ကောင်းသော လွတ်မြောက်ခြင်း မဟုတ်ဘဲ ဖြစ်ခဲ့ရသည်။

အဘယ်ကြောင့် ဆိုသော် ယုတ်မာလှသော မင်နီလာစ်သည် လီစာအား ရိုးရိုးသားသား သနားသည့်စေတနာဖြင့် ကူညီခဲ့ခြင်းမဟုတ်ဘဲ ဂက်စတာပိုတာဝန်ခံ ဟေလ်ဆာအား

www.burmeseclassic.com

www.burmeseclassic.com



လီစာဖြင့် မျှား၍ ဂျာမန်တို့ထံမှ ရသမျှ အခွင့်အရေး ယူ၍ မက်ပက်စက်စက် ကြံခဲ့သောကြောင့် ဖြစ်သည်။

သူ အကွက်ဆင်ခဲ့သည့်အတိုင်း မိန်းမဆိုလျှင် ပျိုသော အိုသော ဘာသောညာသော မရှောင်သည့် ဟေလ်ဆာသည် လီစာအား တွေ့လျှင် တွေ့ချင်း ငမ်းငမ်းတက် ဖြစ်သွား သည်။

သို့သော် ဂျာမန်တွေကို ခါးခါးသီးသီး အမုန်းကြီး မုန်းနေသော လီစာသည် ဟေလ်ဆာ၏ သိမ်းသွင်းမှုကို လက် မခံဘဲ လွတ်အောင် ရှောင်နေခဲ့သည်။

ဟေလ်ဆာသည် သူလိုချင်သည့်အရာရာတစ်ခုခုကိုရအောင် ကြိုးစားရာ၌ စိတ်ရှည်သူ ဖြစ်သည်။ လီစာက သူ့ကို ရှော ဖယ်ရှောင်ဖယ်လုပ်နေသည်ကိုရိပ်မိသော်လည်း စိတ်ဆိုးသည့် အမူအရာမပြဘဲ သည်းခံနေခဲ့သည်။ တစ်နေ့တစ်လံ ပုဂံ ဘယ် ပြေးမလဲဆိုသည့် စိတ်မျိုးထားခဲ့သည်။

သည်အတောအတွင်း တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသော သဘောမျိုးဖြင့် လီစာအား မြေအောက်အဖွဲ့မှ သတင်းများ ကို စုံစမ်းပေးရန် တာဝန်ပေးခဲ့သည်။

မိမိတို့က သနားသဖြင့် လွတ်ငြိမ်းခွင့် ပေးထားခဲ့ခြင်း ကြောင့် တစ်ကြောင်း၊ လောလောဆယ် သူမ၏ ကလေး နှစ်ယောက် မိမိတို့ လက်ထဲတွင် ရှိနေသဖြင့် တစ်ကြောင်း လီစာသည် တစ်နေ့နေ့တွင် မိမိခိုင်းသမျှ လုပ်ရမည့် အဖြစ်



မိမိပြုသမျှ နုရမည့် ဘဝမျိုးသို့ မကြာမီ မုချရောက်လာမည် ဟု ဟေလ်ဆာက တွက်ကိန်းချထားသည်။

လီစာအတွက် တစ်ခု ကောင်းနေသည်မှာ ဂျာမန် ဆန့် ကျင်ရေးမြေအောက်အဖွဲ့သည် သူမအား ဂျာမန်များက ဖမ်း ပြီး တစ်ရက်နှစ်ရက်အတွင်း ချက်ချင်း ပြန်လွှတ်ခဲ့ခြင်းဖြစ်ရာ မြေအောက် အဖွဲ့ဝင်များသည် သူမ အဖမ်းခံရသည်ကို သည်းကောင်း၊ လွှတ်လာသည်ကိုလည်းကောင်း လုံးဝမသိဘဲ ဖြစ်ခဲ့ကြသည်။

တစ်ရက်နှစ်ရက်ခန့် ခရီးလွန်နေသည်ဟူ၍ပင် ထင်မှတ် ကြသည်။

လီစာကိုယ်တိုင်ကလည်း သူမ၏ ရင်သွေး နှစ်ယောက်၏ အသက်အန္တရာယ် စိုးရိမ်ရသည့်အတွက် သည်အဖြစ်အပျက် များကိုသာမက ဂျာမန်တို့က မြေအောက်အဖွဲ့မှ သတင်း များ စုံစမ်းပေးရန် မိမိအား အတင်းအဓမ္မခိုင်းနေသည်ကိုပါ အဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များအား ဖွင့်မပြောဘဲထားခဲ့သည်။

သို့ဖြင့် လီစာမှာ ရှေ့မတိုးသာ နောက်မဆုတ်သာသည့် အဖြစ်မျိုးသို့ ရောက်နေခဲ့ရှာသည်။

သို့သော် သူမသည် သူမ၏အဖြစ်မှန်များကို ဘယ်လောက် ကြာကြာ ဖုံးကွယ်ထားနိုင်ပါမည်လဲ၊ ဟိုဘက်သည်ဘက် နှစ်ဖက်စလုံး ကို သည်အတိုင်း မလိမ်တပတ်လုပ်နေသည်မှာ အန္တရာယ်ကို ခေါ်ကွယ်ထားရသလို ဖြစ်နေသည် မဟုတ်ပါလော....။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့နေ့တွင် နှစ်ဖက်စလုံးက မယုံသင်္ကာ ဖြစ်ပြီး နှစ်ဖက်စလုံးက ရှုတ်ချခြင်းခံရသည့် ဘဝမျိုးဖြင့် ရင်နာသေဆုံးရမည် မဟုတ်ပါလော...။

မှောစီဗီး ကားနက်ကြီး တစ်စီးသည် အင်တွန်၏ အထည်ဆိုင် ရှေ့တွင် ထိုးရပ်လိုက်သည်။ ကားပေါ်မှ ဟောလ်ဆာနှင့် ဇာဗော့တို့ ဆရာတပည့် နှစ်ယောက် ဆင်းလာကြသည်။

'သူရောက်နေပြီလား'

'ဟုတ်ကဲ့ခင်ဗျာ၊ ဟုတ်ကဲ့၊ ရောက်နေပါပြီ'

အင်တွန်သည် ဦးညွတ်၍ နှုတ်ဆက်ရာမှ ပျာပျာသလဲ ပြန်ဖြေလိုက်ပြီး ဟောလ်ဆာနှင့် ဇာဗော့တို့ကို အိမ်ရှေ့ခန်းနှင့် တစ်ဆင့် အတွင်းခန်းဘက်သို့ ခေါ်ဆောင်သွားသည်။

လီစာသည် သူတို့နှစ်ယောက်ရှေ့တွင် မတုန်မလှုပ်ကျောက်ရုပ်ပမာ ရပ်နေသည်။

'ဘယ်လိုလဲ...လီစာ' ဟောလ်ဆာက စ၍ မေးလိုက်သည်။

'ဘာသတင်းမှ မထူးသေးပါဘူး၊ သူတို့ ကျွန်မကို အခုအချိန်အထိ လာပြီး မဆက်သွယ်ကြသေးပါဘူး'

'ဒီမယ် လီစာ၊ မင်း တို့ကို ဒီလိုပြောလာခဲ့တာ ဘယ်နှစ်ခါရှိပြီလဲ' ဇာဗော့က ခပ်တည်တည်ဖြင့် ဝင်ပြောလိုက်သည်။

'ဟုတ်တယ်... လီစာ၊ မင်း တို့ကို ဆက်ပြီး ညာနေရင် မကောင်းတော့ဘူး ထင်တယ်' ဟောလ်ဆာက ဆက်ပြောပြန်သည်။



'ကျွန်မမှန်တဲ့ အတိုင်းပြောနေတာပါ၊ ကျွန်မ လွတ်လာတဲ့နေ့ကစပြီး ဒီနေ့အထိ ဘယ်သူမှ အဆက်အသွယ် မလုပ်ကြသေးပါဘူး၊ အဲဒါကို ထောက်တော့ ကျွန်မ အဖမ်းခံရတယ်ဆိုတာ သူတို့ သိသွားပြီလို့ ထင်တာပဲ'

တော်စမ်း၊ မင်း တို့ကို လိမ်မနေနဲ့'

'ဘာလဲ မင်းက မင်း ကလေး ဘစ်ယောက်ရဲ့ ခေါင်းကို ဖြတ်ပြီးယူလာတာကို မြင်ချင်လို့လား၊ ဟုတ်လား' ဇာဗော့က ခြိမ်းလိုက်သည်။

သို့သော် လီစာ၏ အမူအရာမှာ ကြောက်ရွံ့ပုံမရ၊ တုန်လှုပ်ပုံမရ၊ တည်တည်ငြိမ်ငြိမ်ရှိလှသည်။ 'ကျွန်မကိုပေါ်မှာ ရှင်တို့ပေးထားတဲ့ ကတိတည်နေသမျှ ကျွန်မကလဲ ရှင်တို့အပေါ် ကတိတည်နေမှာပါပဲ'

ဟောလ်ဆာတို့ နှစ်ယောက်မှာ လီစာ၏ တည်ငြိမ်သော အသံနှင့် လေးနက်သော အမူအရာကြောင့် အံ့အားသင့်နေကြသည်။

'ကဲ...မင်း အပြင်က သွားစောင့်နေ'

ဟောလ်ဆာ၏ အမိန့်ကြောင့် ဇာဗော့သည် မကျေမနပ်သည့် အမူအရာဖြင့် အပြင်ဘက်သို့ ထွက်သွားသည်။

ဇာဗော့ အပြင်သို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် ဟောလ်ဆာသည် ကုလားထိုင် တစ်လုံးပေါ် ခပ်ဖြည်းဖြည်း ထိုင်ချလိုက်ပြီး လီစာ၏ မျက်နှာကို စိုက်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည်သူ့မျက်နှာကို အချိုဆုံးဖြစ်အောင် ကြိုးစား၍ လိုက်သည်။ သို့သော် လီစာမှာ စောစောကအတိုင်း မျက်နှာမပျက် အမူအရာမပျက် မတ်တတ်ရပ်လျက်...

'ဒီမယ် လီစာ...မင်းအခုလုပ်နေတာတွေဟာ မင့်အတွက် အကြီးအကျယ်ဒုက္ခရောက်ဖို့ကလွဲလို့ ဘာမှ အဓိပ္ပာယ်မရှိ ဘူးကွယ်၊ မင်းပြောတာတွေကို ငါ မယုံဘူးလို့ မပြော ဘူး၊ တကယ်ပါ၊ မင်းပြောတဲ့စကားတွေကို ငါ ယုံရမယ်လို့ ရင် ယုံချင်ပါတယ်....

'ဒါကြောင့် ငါ မင်းကို စောင့်ကြည့်ဖို့ ဘယ်သူ့ တာဝန်မပေးခဲ့ပါဘူး၊ ဒါကို မင်းလဲ သိတယ်မဟုတ်လား လီစာရယ်၊ လီစာ...အချစ်၊ ကိုယ် မင်းကို ကူညီဖို့ အကူ အကယ် ပေးဖို့ ကြိုးစားနေတယ်ဆိုတာ မင်း သိပါတယ် ကွယ်'

'ကျွန်မ ရှင့်ဆီက ဘာအကူအညီမှ မတောင်းခဲ့ပါဘူး အပေးအယူလုပ်ခဲ့တာပဲရှိတယ်၊ ကျွန်မ ကလေးတွေကို ခွင့်ပေးသမျှ ကျွန်မ ရသမျှ သတင်းတွေကို ပို့ပေးမယ် မဟုတ်လား'

ဟောလ်ဆာသည် သက်ပြင်းရှည်ကြီးတစ်ချက်ကို ချလိုက် ပြီး တကူယ်ပင် စိတ်မကောင်းသည့် အိုက်တင်မျိုးဖြင့် ပြော လိုက်သည်။

'ကလေးတွေကတော့ ကျန်းကျန်းမာမာ ရှိနေကြ တယ်'



ထို့နောက် သူသည် ရုတ်တရက် စိတ်ကိုမထိန်းနိုင်သည့် အမူအရာဖြင့် ထိုင်ရာမှထလိုက်သည်။

ပြီး မတ်တတ်ရပ်နေသော လီစာ့ ရှေ့တည့်တည့်တွင် ခြေစုံ ယ်ကာ လီစာ၏မျက်နှာကို အနီးသို့ကပ်၍ အငမ်းမရ စိုက် ကြည့်လိုက်သည်။

နောက် လီစာ၏ ပခုံးနှစ်ဖက်ကို လှမ်းကိုင်လိုက်သည်။ ိမှတစ်ဆင့် လီစာ၏ ဆံပင်များကို သူ့လက်နှစ်ဖက်ဖြင့် ခပ် ့ကလေး သပ်ပေးလိုက်ပြီး တစ်ဖန် လီစာ၏ပါးနှစ်ဖက်ကို သာအယာပွတ်လိုက်သည်။

'လီစာ...အချစ်ရယ်၊ ကိုယ်လေ မင့်အတွက်ဆိုရင် ဘာပဲ ပ်ရလုပ်ရ'

ဟောလ်ဆာသည် အသံတုန်တုန်ယင်ယင်ဖြင့်ပြောရင်း သူမ ကျောပြင်ကို သိမ်း၍ဖက်လိုက်သည်။

လီစာသည် ရပ်နေရာမှ မငြိမ့်မလျှားဘဲ သူမ၏တစ်ကိုယ် ်းမှာလည်း တကယ့် ကျောက်ရုပ်ပမာ လုံးဝမတုန်လှုပ် ယ်လိုမှ မတုံ့ပြန်။

ဟောလ်ဆာသည် သူမအား ဖက်ထားရာမှ လူချင်းခွာ က်ပြီး သူမ၏မျက်နှာကို စိုက်ကြည့်လိုက်သည်။ မုန်းတီးမှု ် ရွံရှာစွာမှုများကို သူမ၏မျက်နှာပေါ်တွင် အထင်းသားမြင် ့နေရသည်။

ဟောလ်ဆာသည် စိတ်ကို မချုပ်တည်းနိုင်တော့ဘဲ သူမ၏ ယ်ဘက်ပါးကို ဖြန်းခနဲ တစ်ချက်ချလိုက်သည်။ လီစာ ည် မတုန်မလှုပ် မငြိမ့်မလျှားဘဲ ပေခံနေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဖယောလ်ဆာသည် ချာခနဲလှည့်လိုက်ပြီး အခန်းပြင်ဘက်သို့ ဒေါ်နှင့်မောနှင့်တွက်သွားသည်။ သူ့နောက်ဘက်တွင် တံခါး ပိတ်သံသည် ဂျိုင်းခနဲမြည်၍ကျန်ခဲ့သည်။

လီစာသည် ယခုမှ သတိပြန်လည်သလို ဖြစ်လာသည်။ ရုတ်တရက် အားပြတ်သလို ဖြစ်သွားသဖြင့် စားပွဲခုံအစွန်း ကို လက်ဖြင့်လှမ်းကိုင်ကာ မျက်လုံးများကို စုံမှိတ်ထားလိုက် မိသည်။ သည်လို အဝဆိုးကလွတ်အောင် ဘယ်လိုများသုံးရ ပါမလဲ။

ဒေါက်တာသက္ကရေး၏ ညွှန်ကြားချက်များသည် ခေါင်း ထဲသို့ ဖျတ်ခနဲဝင်လာသည်။

သည်ညွှန်ကြားချက်အရ အေအင်သို့ မိမိ ခေါ်လာခဲ့ မည့် လူသည် အရေးပါသော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ရ မည်။ သည်လူကို ဂျာမန်တွေ မှချအလိုရှိမည်မှာ သေချာ သည်။

ဒီလိုဆိုရင် ဂျာမန်တွေနဲ့ အပေးအယူလုပ်ရလျှင် မဖြစ် နိုင်ဘူးလား၊ ဒီလူကို မြေအောက်အဖွဲ့ဝင်တွေ မသိအောင် ဂျာမန်တွေလက်ထဲ ထိုးအပ်ပြီး သူ့ကလေးတွေနဲ့ အလဲ အလှယ်လုပ်ရရင် မကောင်းဘူးလား၊ ဒီလိုလုပ်ပြီးတဲ့နောက် မြေအောက်အဖွဲ့ဝင်တွေနဲ့ လွတ်ရာကင်းရာ ခပ်ဝေးဝေး တစ် နေရာကို သွားနေရရင် မကောင်းဘူးလား'

## သည်ရွာကလေးနှင့် ဝေးခဲ့ပြီ

အီလက်သာသည် မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ် ကာ တရှုပ်ရှုပ် ငိုကြွေးနေရှာသည်။ ရှိုက်သံများနှင့်အတူ သူမ၏ ကိုယ်ကလေးမှာ တသိမ့်သိမ့်တုန်နေသည်။

'ကျွန်မ....ကျွန်မ ဒီတစ်သက်တော့ မောင်နဲ့ ပြန်တွေ့ရမှာ မဟုတ်တော့ပါဘူး'

မောရစ်ဆင်သည် အီလက်သာ၏ သနားစရာ အဖြစ်ကို ကြည့်ရင်း ရင်ထဲမှ ဆို့နင့်လာမိသည်။

'အီလက်သာ' သူက ဝမ်းနည်းကြေကွဲသည့် အသံဖြင့် ခေါ်လိုက်သည်။ 'အီလက်သာ....ကိုယ် မကျွန်းမမဖြစ် ကျွန်းက မင်းပဲ ကိုယ့်ကို ပြုစုစောင့်ရှောက်ခဲ့တယ်....

www.burmeseclassic.com

www.burmeseclassic.com

'ကိုယ် ခိုင်းသမျှကိုလဲ မင်း အသက်နဲ့လဲပြီး ဆောင်ရွက်ပေးခဲ့တယ်၊ အဲဒီတော့ မင်းကို အခု ကိုယ် ဘာပြောရမလဲ ဟင်၊ ဘယ်လိုပြောရမလဲ အီလက်ဆာ'

အီလက်ဆာသည် သူ့ စကားအဆုံးတွင် ရုတ်တရက် သူမ၏ လက်မောင်းနှစ်ဖက်ဖြင့် သူ့ လည်ပင်းကို သိုင်း၍ဖက်လိုက်ပြီး သူ့ ခေါင်းကို သူမ၏ ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်သည်။

'ကျွန်မကို မောင်နဲ့ တစ်ခါတည်းခေါ်သွားပါ မောင်ရယ် တစ်ခါတည်းခေါ်သွားပါ'

မောရစ်ဆင်သည် သူ့ ပခုံးပေါ်မှ သူမ၏ လက်များကို အသာအယာ ဖယ်ချလိုက်ပြီး တစ်ဖက်သို့ လှည့်လိုက်သည်။

'ကိုယ့်အတွက် ပိုပြီး စိတ်ဆင်းရဲစရာဖြစ်အောင် မလုပ်ပါနဲ့ အီလက်ဆာရယ်'

'တကယ်တော့ ကျွန်မ....ကျွန်မကို မောင် မချစ်ပါဘူး'

မောရစ်ဆင်သည် သူမဘက်သို့ တစ်ဖန်ပြန်၍ မျက်နှာလှည့်လိုက်ပြီး ခေါင်းကို ဖြည်းညင်းစွာ ယမ်းလိုက်သည်။

နောက် အတော်ကြာကြာ ငြိမ်နေကြသည်။

မောရစ်ဆင်သည် သူမ၏ပခုံးနှစ်ဖက်ကို လှမ်း၍ ကိုင်လိုက်ပြီးနောက် ချစ်နာနာကလေး ဆုပ်ထားလိုက်သည်။ ပြီး ချာခနဲလှည့်၍ အခန်းထဲမှ ထွက်သွားသည်။

အခန်းထဲတွင် အဘိုးကြီး လီယွန်နီသည် ဗိန်ခဲတုံးကြီး တစ်တုံးကို အကျအနထုပ်လျက်ရှိသည်။ မောရစ်ဆင် လမ်းတွင်စားဖို့ ပေးလိုက်ရန်ဖြစ်သည်။



လီစာသည် သူမ၏ မျက်စိအောက်မှ ဖြစ်ရပ်များကို ငြိမ်သက်စွာ ရပ်၍ကြည့်နေသည်။

ရပ်ရည်သနားကမားဖြင့် ဤတောသူမကလေး အီလက်ဆာနှင့် မောရစ်ဆင်တို့သည် တစ်ယောက်နှင့် တစ်ယောက် ဤမျှ ဤမျှ သံယောဇဉ်ခင်တွယ်မှုကြီးမားရလောက်အောင် တစ်ခုခုဖြစ်ခဲ့ကြပြီဟု တွေးလိုက်မိသည်။

'ဒါဒီကို ညနေအရောက်သွားရမှာဆိုတော့ ကျွန်မတို့ ဒီက ထွက်ဖို့ တော်ပြီထင်တယ်'

လီစာက မောရစ်ဆင်အား လှမ်း၍ သတိပေးလိုက်သည်။ မောရစ်ဆင်က သူမအား ခေါင်းညိတ်ပြသည်။

မောရစ်ဆင်သည် သူ၏ ပစ္စတိုသေနတ် နှစ်လက်ကို အိတ်ထဲမှထုတ်ယူလိုက်ပြီး တစ်လက်ကို အဘိုးကြီးလီယွန်နီ၏ လက်ထဲသို့ ထည့်လိုက်သည်။

သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်၍ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ရင်း မျက်ရည်များ စို့လာကြသည်။ လီယွန်နီသည် မောရစ်ဆင်အား ဖက်၍ ရင်ချင်းအပ်ကာ နှုတ်ဆက်လိုက်သည်။ 'မင်းကို ဘုရားသခင် စောင့်ရှောက်ပါစေကွာ'

မောရစ်ဆင်သည် ကျောပိုးအိတ်ကို လွယ်ပြီး လီစာအား ခေါင်းညိတ်၍ အချက်ပြလိုက်သည်။ သူတို့နှစ်ယောက်သည် အပြင်ဘက် မလှမ်းမကမ်းတွင် ရပ်ထားသော လှည်းဆီသို့ လျှောက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

လှည်းမှာ မြင်းတစ်ကောင် တပ်ထားသော လှည်းကလေးဖြစ်၏။ ထို့နောက် မောရစ်ဆင်နှင့် လီစာတို့သည် လှည်းကလေးပေါ်သို့ တက်ခဲ့ကြပြီး ထွက်လာခဲ့ကြသည်။

မောရစ်ဆင်သည် လှည်းနောက်မြီးမှနေ၍နောက်သို့လှည့်ကြည့်လာခဲ့သည်။ တံခါးဝတွင်ရပ်၍ မိမိတို့လှည်းကလေးအား လှမ်းကြည့်နေကြသော အဘိုးကြီး လီယွန်နီနှင့် အိလက်သာတို့၏ ရုပ်ပုံလွှာသည် တဖြည်းဖြည်း ဝေး၍ဝေး၍ သေး၍သေး၍ လာခဲ့ပြီး နောက်ဆုံးတွင် မြင့်ကွင်းမှ ပျောက်ကွယ်သွားခဲ့သည်။

ဤတွင်မှ သူသည် လှည်းပေါ်တွင် သူနှင့် ဘေးစောင်းထိုင်၍ ပါလာသော လီစာအား လှည့်ကြည့်ပြီး ပြောလိုက်သည်။

'အချိန်နည်းနည်း ကြာသွားတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ သူတို့ဟာ ကျွန်တော်နဲ့ အင်မတန် ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေကောင်းတွေပါ'

'ကျွန်မ နားလည်ပါတယ်' လီစာက အင်္ဂလိပ်လို ပီပီသသ ပြန်ပြောလိုက်သည်။

မြင်းလှည်းကလေးသည် ဖုန်လူထပ်သော လမ်းအတိုင်း အတော်ကလေးမောင်းလာခဲ့ပြီး မကြာမီ ကာလိုဂရီယန်နီ ရွာကလေးသည် အဝေးတွင် လုံးဝပျောက်ကွယ်၍ ကျန်ရစ်ခဲ့တော့သည်။



လီစာသည် လှည်းပေါ်တွင် လိုက်ပါလာရင်း 'ဗာစီလီ' သော အမည်ဖြင့် သူမ သိရှိထားသည့် မောရစ်ဆင်အား မသာ အကဲခတ်လာခဲ့မိ၏။

စောစောက သူမ၏စိတ်ထဲတွင်မှန်းဆထားသော အသက် ယ် ရုပ်ရည်လက္ခဏာနှင့် ယခု မျက်စိအောက်တွင် တွေ့ နေသည့် အသွင်အပြင်တို့မှာ လုံးဝ ခြားနားနေသည်ကို ရ၏။

သူ့ အသက်မှာ သုံးဆယ်ကျော်မျှသာ ရှိသေး၍ ရုပ်ရည် းဖြင့်လည်း တည်ကြည်ခံ့ညားပြီး သူမ မျှော်လင့်ထား ည်ထက်ပို၍ ယောကျ်ားပီသလျက်ရှိနေသည်။

အထူးခြားဆုံးမှာ သူ၏ ပြာလဲ့သော မျက်လုံးများပင် သည်။ သည်မျက်လုံးများ၏ စူးရှနက်နဲသောအကြည့်နှင့် ဖောက်ရှာဖွေသောအကြည့်ကို သူမ သတိပြုမိ၏။

လီစာသည် ဘာ့ကြောင့်မှန်းမသိ၊ မောရစ်ဆင်၏မျက်လုံး ကို ရင်မဆိုင်ရဲဘဲ ဖြစ်နေခဲ့သည်။ ကာလိုဂရီယန်နီရွာ လးထင်-ယမန်နေ့က စတင်တွေ့ရှိခဲ့သည့် အချိန်မှစ၍ ည်မျက်လုံးများ၏ တူးခြားသောအကြည့်ကို သူမ သတိ းမိသည်။

သူ့မျက်လုံးများမှာ အခြား ယောကျ်ားများကဲ့သို့ တပ် သည့် မျက်လုံးမျိုးမဟုတ်ဘဲ တစ်ဖက်သား၏ အတွင်း အာ စိတ်နေစိတ်ထားကို ထိုးဖောက်၍ မြင်နိုင်စွမ်းသည့် လုံးမျိုးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





ဇီလူဟာ ဘယ်သူလဲ။ ဘယ်လိုလူစားလဲ၊ ငါ့စိတ်ထဲ အကြံအစည်ကို သူ ရိပ်မိနေလို့လား၊ သိများသိနေလို့လား

မောရစ်ဆင်သည် လှည်းပေါ်တွင် ငြိမ်၍လိုက်လာခဲ့ သူ့အတွက် ကာလိုဂရီယန်နီ ရွာကလေးနှင့် သော်လည်းကောင်း၊ အဘိုးကြီး လီယွန်နီ ချစ်စရာ အီလက်သ သော်လည်းကောင်း အငေးကြီးငေးခဲ့ရပြီ။ သူတို့တစ်တွေ တကွ စိတ်သဘောထားဖြူစင်ရိုးသား၍ ခင်မင်စရာကောင်း လှသည့် ပါလီနီုရာရွာကလေးမှ ခရစ်စတော်တို့လို ရွာသူ သား တောသူတောင်သားများနှင့် သည်တစ်သက် ပြန်တွေ ရန် မလွယ်တော့၊ လုံးဝမလွယ်တော့။ သူတို့နှင့် ပတ်သ သည့် ဇာတ်ကွက်ဇာတ်လမ်းသည် တစ်ခန်းရပ်၍ တစ်ဇာ သိမ်းခဲ့ပြီ။

နေ့တာမှာ ရှည်လျားလှသည်နှင့်အမျှ တိတ်ဆိတ်ငြိမ်သ လှသည်။ မောရစ်ဆင်နှင့် လီစာတို့သည် လှည်းကလေးပေါ် တွင် အတွေးကိုယ်စီဖြင့် လိုက်ပါခဲ့ကြသည်။

ညနေစောင်း မှောင်စပျိုးချိန်တွင် မြင်းလှည်းကလေး သည် ဒါဒီမြို့တွင်းသို့ ဝင်လာခဲ့သည်။

မောရစ်ဆင်သည် ရှုတ်တရက် ပြောင်းလဲသွားသော သ ပတ်ဝန်းကျင်မှ မြင်ကွင်းများကြောင့် စိတ်ထဲတွင် အံ့သြသ ဖြစ်သွားမိသည်။

သည်လို လမ်းမီးများ၊ သည်လို တိုက်တာ အိမ်ခြေ အဆောက်အအုံများ၊ သည်လို မော်တော်ကား ယာ ထားများနှင့် သည်လို ဝတ်စားဆင်ယင်ထားကြသည့် မြို့ နေ လူထုများကို မမြင်ရ မတွေ့ရသည်မှာ ကြာခဲ့ပြီ မဟုတ် ပါလော။ အထူးသဖြင့် မြို့သူများ၏ ခေတ်ဆန်သော ဝတ် စားဆင်ယင် ထုံးဖွဲ့မှုများသည် မောရစ်ဆင်အတွက် အထူး ဆန်း ဖြစ်နေကြသည်။

လိုက်ပို့သော မြင်းလှည်းကလေးပြန်ထွက်သွားပြီးနောက် စာသည် မောရစ်ဆင်အား ပေါင်မုန့်လုပ်သည့် အိမ်တစ် အိမ်သို့ ခေါ်လာမိသည်။ အိမ်ရှင်၏အမည်မှာ ဘာဇီယာ ၍ သိရသည်။ သည်အိမ်ကလေးမှ နောက်ဖေးခန်းကလေး တွင် ထိုညအဖို့ သူတို့နှစ်ယောက် တည်းခိုကြရသည်။

မောရစ်ဆင်သည် အိမ်ကလေး၏ နောက်ဖေးခန်းထဲတွင် မျှော်လင့်ဘဲ တွေ့လိုက်ရသော လက်နက် များကြောင့် အားသင့်သွားမိသည်။

အခန်းထဲတွင် ပစ္စတိုသေနတ်များ၊ ရိုင်ဖယ်သေနတ်များ တကွ လက်ပစ်ဗုံးများကိုပါ အတော်များများ တွေ့ ရသောအခါ မောရစ်ဆင်မှာ မြို့ကြီးပြကြီးများမှ ာမန်ဆန့်ကျင်ရေး လှုပ်ရှားမှု၏ အတိုင်းအတာကို ရိပ်မိ သွားရပြီး အတော်ကလေး အားတက်သွားမိသည်။

ထိုအိမ်တွင် အိမ်ရှင် ဘာဇီယာအပြင် ရီဂတ်ဆိုသူကိုပါ ရသည်။ ရီဂတ်မှာ ဓာတ်ပုံဆရာတစ်ယောက် ဖြစ်သည်။ ကို ပထမဆုံး မောရစ်ဆင်အား တစ်ပတ်ရစ်ဝတ်စုံ စုံကို ဝတ်ဆင်ပေးပြီး ဓာတ်ပုံရိုက်ယူကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ထိုခေတ်ပုံကို အသုံးပြု၍ မှတ်ပုံတင်အ
စာရွက်စာတမ်းများ လုပ်ပေးကြသည်။ မှတ်ပုံတင်ထဲမှ
ရစ်ဆင်၏ အမည်မှာ ဗာစီလီဟော့စ်ဟူ၍ ဖြစ်သည်။

ထို့နောက် မီးရထားလက်မှတ်နှင့် ဂရိနိုင်ငံသုံး ငွေ
များ ပေးကြပြီး လီစာနှင့်အတူ 'ဗာစီလီ' ခေါ် မော
အား လိုအပ်သည့် အချက်အလက်များကို ရှင်းလင်း
ကြသည်။

ထိုသို့ တံခါးပိတ်ထားသော နောက်ဖေး ခန်းထ
လေးယောက်သား စီစဉ်လုပ်ကိုင် ခဲ့ကြပြီးနောက်၊
တစ်နေ့ အေသင်သို့ သွားမည့် ခရီးစဉ်အတွက် လိုအပ်
တိုင်ပင်ဆွေးနွေး ခဲ့ကြရာ အားလုံးကိစ္စ ဝိစ္စများ ပြီးစီး
သော အခါ ညသန်းခေါင်ကျော် နှစ်နာရီ ထိုးနေ
ဖြစ်သည်။

သို့ဖြင့် ဓာတ်ပုံဆရာ ရီဂတ် ပြန်သွားခဲ့ရာ အိမ်ရှင်
ယာသည် မောရစ်ဆင်နှင့်လီစာတို့အတွက် အိပ်ရာနေရာ
စီစဉ်ပေးပြီး သူ့ အိမ်ခန်း ရှိရာသို့ ထွက်သွားသည်။

မောရစ်ဆင်နှင့် လီစာတို့သည် ထိုအခန်း ကလေးထဲ
ဟိုဘက်နံရံနှင့် သည်ဘက်နံရံ တစ်ဖက်တစ်ချက်စီကပ်၍
ထားသော ခေါက်ခုတင်ကလေး နှစ်လုံးပေါ်၌ အိပ်
သည်။ မျက်နှာကြက်တွင် အားနည်းဖျော့တော့သော မီး
ကလေး တစ်လုံးကို တစ်ညလုံး ထွန်းပေးထားသည်။



အိပ်ရာဝင်ခဲ့ရပြီ ဖြစ်သော်လည်း မောရစ်ဆင်မှာ အိပ်၍မရဘဲ မျက်လုံးကြောင်နေမိသည်။ နက်ဖြန်နံနက် အေသင်သို့ သွားရမည့် ခရီးစဉ်အတွက် စိတ်စောကာ အိပ်မရအောင် ဖြစ်နေမိသည်။

သူသာလျှင် မဟုတ်၊ တစ်ဖက်နံရံမှ ခုတင်ပေါ်တွင် 'ဟယ်လီနာ' ဟူ၍ သူသိထားသည့် လီစာ တစ်ယောက်မှာလည်း အိပ်မပျော်ဘဲ ဖြစ်နေကြောင်း မောရစ်ဆင်သိနေ၏။ ဟယ်လီနာသည် ထူးခြားသော အလှပိုင်ရှင် တစ်ယောက် ဖြစ်သည်ကို သူသတိထားမိသည်။

သို့သော် သူမနှင့်ပတ်သက်၍ သူ့ စိတ်ထဲတွင် တစ်စုံတစ်ရာ စနိုးစနောင့် ဖြစ်နေမိသည်။ ဘာကြောင့်ရယ်လို့မသိ၊ ဘာရယ်လို့လဲ မသိ။ တစ်ခုခုတော့ တစ်ခုခုပဲ....

'စီးကရက်ရှိရင် တစ်လိပ်လောက် ပေးပါလား၊ ကျွန်တော့် ဆေးတံဆေးဘူးကို ဖွင့်နေရမှာစိုးလို့'

သူမ အိပ်မပျော်သေးမှန်း သိ၍ မောရစ်ဆင်က လှမ်းပြောလိုက်သည်။ သူမသည် အိပ်ရာပေါ်မှ ထ,လာပြီး စီးကရက်ဘူး တစ်ဘူး ပေးလိုက်သည်။ မောရစ်ဆင်သည် မီးခြစ်, ခြစ်၍ စီးကရက်ကို မီးညှိလိုက်သည်။ ရဲခနဲလင်းသွားသောမီးရောင်တွင် သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် အမှတ်မထင် စိုက်ကြည့် လိုက်မိကြသည်။ အတန်ငယ်ကြာသွားသည်။ မီးခြစ်မှ မီးရောင်သည် ဖျတ်ခနဲ

www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းသွားသည်။ အခန်းထဲတွင် မှောင်သွားပြီး မျက်နှာ ကြက်မှ မီးရောင်ဖျော့ဖျော့သာ ကျန်ရစ်သည်။

လီစာသည် အိပ်ရာပေါ်သို့ ပြန်၍ လှဲချလိုက်သည်။

'ကျွန်မတို့ ခဏတစ်ဖြုတ်တော့ ပျော်အောင် အိပ်လိုက် ရင် ကောင်းမယ်'။

## ရထားပေါ်တွင် ရင်တထိတ်ထိတ်

နောက်တစ်နေ့နံနက်....

မောရစ်ဆင်နှင့် လီစာတို့သည် ရှေ့ဆင့်နောက်ဆင့် အိပ်ရာမှ ထကြပြီး မျက်နှာသစ်ကြသည်။ ထို့နောက် နံနက်စာ အဖြစ် နွားနို့နှင့်ဒိန်ခဲကို ခပ်သုတ်သုတ်ကလေး စားသောက် ကြသည်။ သူတို့နှစ်ယောက်စလုံးမှာ ညက တစ်မှေးမှ မအိပ် ခဲ့ရဘဲ အိပ်ရေးပျက်သည့် မျက်နှာများ ဖြစ်နေကြသည်။

မှန်သည်၊ မောရစ်ဆင်သည် ညကတစ်ညလုံး အိပ်မရ၊ အိပ်မရရုံသာ မဟုတ်၊ တစ်ညလုံး ရင်တထိတ်ထိတ်ဖြင့် စိုးရိမ် စိတ်များ လွှမ်းမိုးကာ ပစ္စတိုသေနတ်ကို တစ်ညလုံးလိုလို ကိုင်ထားလျက်ဖြင့် စမ်းနေမိသည်။ ဘာ့ကြောင့် ရယ်လို့မသိ။ဘာရယ် ကြောင့်လဲ မသိ။

www.burmeseclassic.com

www.burmeseclassic.com



နံနက် ၇ နာရီခန့်တွင် သူတို့ အခန်းထဲသို့ ဘာဇီယာ ဝင်လာပြီး ဘူတာရုံသို့သွားရန် အချိန်ကျပြီ ဖြစ်ကြောင်း ပြောသည်။

ထို့နောက် မောရစ်ဆင်နှင့် လီစာတို့သည် ဘာဇီယာ ဖွင့်ပေးသော နောက်ဖေးပေါက်မှ ထွက်ကာ ဘာဇီယာအား နှုတ်ဆက်၍ ဘူတာရုံဘက်သို့နှစ်ယောက်သား လမ်းလျှောက် လာခဲ့ကြသည်။

ဘူတာရုံသို့ သူတို့ရောက်ပြီး ခဏအကြာတွင် ရထား ဝင်လာသည်။ မောရစ်ဆင်သည် ညကလို ရင်တထိတ်ထိတ် ဖြစ်လာမိပြန်သည်။ ခါးကြားမှ သေနတ်ကို လက်ဖြင့် စမ်း လိုက်မိသည်။ သို့သော် အတတ်နိုင်ဆုံးမျက်နှာမပျက်အောင် ထိန်းထားခဲ့သည်။

လီစာသည် မောရစ်ဆင်အား လက်မောင်းချင်းချိတ်ကာ ပလက်ဖောင်းပေါ်တွင် ဣနြေ္ဒရရ လျှောက်လာခဲ့သည်။ အထက်အဆင်းများဖြင့် ခရီးသည်များ ရှုပ်ယှက်ခတ်နေ သည့်အထဲမှ မောရစ်ဆင်သည် လီစာ ခေါ်ဆောင်ရာသို့ လိုက်ပါလာရင်း သူ့ခြေလှမ်းမှာ မသိမသာ တုံ့ခနဲဖြစ်သွား သည်။

မီးရထားတွဲ တစ်တွဲ၏ ခြေနင်းခုံပေါ်မှ လက်မှတ်စစ် တစ်ယောက်က လီစာအား အမှတ်မထင် ခေါင်းညိတ်ပြ လိုက်သည်ကို မြင်လိုက်ရသောကြောင့် ဖြစ်သည်။



ဤတွင် လီစာအား လှည့်ကြည့်လိုက်ရာ သူမကလည်း အသိအမှတ်ပြုသည့်အနေဖြင့် ပြန်၍ ခေါင်းညိတ်ပြသည်ကို တွေ့လိုက်ရသည်။

မောရစ်ဆင်သည် ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသည်။ သို့သော် သတိထား၍ စိတ်ကို ထိန်းလိုက်ပြီး လီစာနောက်သို့ လိုက်လာခဲ့သည်။ ရှေ့နားမှ တွဲတစ်တွဲသို့ ရောက်သောအခါ လီစာနှင့်အတူ တွဲပေါ်သို့ တက်လာခဲ့သည်။

တွဲထဲမှ ထိုင်ခုံများမှာ သစ်သားခုံများသာ ဖြစ်သည်။ ခရီးသည်များမှာ တွဲတစ်ဝက်သာသာခန့် ရှိ၍ များသော အားဖြင့် မြို့နေလူတန်းစားများဖြစ်သည်ကို တွေ့ရသည်။

လီစာသည် နှစ်ယောက်တွဲ ထိုင်ခုံတစ်ခုရှိရာသို့ လျှောက် လာပြီး မောရစ်ဆင်အား ပြတင်းပေါက်မှ ထိုင်ရန် နေရာ ပေးပြီးနောက် သူမက အတွင်းဘက် နေရာမှ ဝင်ထိုင်လိုက် သည်။

တွဲပေါ်မှ ခရီးသည်များ အားလုံးလိုလို ဟိုနေရာ သည် နေရာမှ ဆူညံညံဖြင့် စကားပြောလျက်ရှိနေကြသည်။ သူတို့ စကားများကို တစ်စွန်းတစ်စ ကြားရသလောက် စစ်ပွဲ အတွင်း စားဝတ်နေရေး ကြပ်တည်းသည့်အကြောင်း၊ ကုန် ဈေးနှုန်းများ ခေါင်ခိုက်နေ၍ ဒုက္ခရောက်သည့် အကြောင်း များသာလျှင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာတွင် ရထား ထွက်လာသည်။ ရထားခုတ် မောင်းသံနှင့်အတူ မောရစ်ဆင်၏ရင်မှာ တဒိတ်ဒိတ်ခုန်နေ သည်။

လီစာသည် မောရစ်ဆင်အား စကားတစ်လုံးမှ မပြောဘဲ မျှမက သူ့ဘက်သို့ပင် လှည့်၍မကြည့်ဘဲလိုက်ပါလာခဲ့သည်။ အတော်ကလေးကြာမှ သူမသည် မောရစ်ဆင်ကို ကျော်၍ ပြတင်းပေါက်မှ တစ်ဆင့် အပြင်သို့ လှမ်းကြည့်လိုက်သည်။

လယ်ကွင်းများနှင့် သစ်ပင်များသည် ရိပ်ခနဲ ရိပ်ခနဲ ချာချာလည်၍ ကျန်ခဲ့သည်။ အရှိန်ဖြင့် မောင်းလာခဲ့ရသော ရထားသည် မကြာမီ အရှိန် တဖြည်းဖြည်း လျော့လာပြီး ခဏအကြာတွင် ဘူတာ တစ်ခုသို့ အရှိန်သတ်၍ ရပ်လိုက် သည်။

ခရီးသည် အတက် အဆင်းများနှင့် ရှုပ်ယှက်ခတ်သွား သည်။ ထို့နောက် ရထားပြန်ထွက်လာသည်။ နောက်ဘူတာ တစ်ခုသို့ ရောက်လာပြန်သည်။ နောက် တစ်ဘူတာ.... ပြီး နောက်တစ်ဘူတာ....။

တွဲပေါ်တွင် လူများပြည့်ကျပ်လာပြီ ဖြစ်သည်။ ထိုင်ခုံ အားလုံး လူပြည့်နေသည့်ပြင် အချို့ခရီးသည်များမှာ ထိုင်ခုံ ကြားတွင် အထုပ်အပိုးများချ၍ ထိုအထုပ်အပိုးများ ပေါ် မှပင် ထိုင်လိုက်လာကြသည်။

မောရစ်ဆင်သည် ပြတင်းပေါက်ဘက်သို့ပို၍ နေရာယူကာ ထိုင်လာရမှ ကိုယ်ကိုအနည်းငယ်ရွှေ့၍ အညောင်းဆန့်လိုက်



သည်။ ထို့နောက် အိတ်ထဲမှ ဆေးတံကို ထုတ်ကာ ဆေး ထည့်၍ ဖွာလိုက်သည်။

လီစာသည် မောရစ်ဆင်၏ ဆေးတံမှ ဆေးရနံ့ကို ရှူ ရှိုက်လိုက်ရသောအခါ ကွယ်လွန်သူ ဖခင်ကြီးကို သွား၍ သတိရမိသည်။ သူမ၏ ဖခင်သည် သည်လို အနံ့သင်းသည့် ဆေးတံ ဆေးမျိုးကို အမြဲသောက်သူ ဖြစ်သည်။

'ခင်ဗျာ့ကြည့်ရတာ တော်တော်လေးမောပန်းနေပုံရတယ်'

ရုတ်တရက် မောရစ်ဆင်က စ၍ သူမဘက်သို့ လှည့်ကာ ပြောသည်။

'နည်းနည်းပါးပါး အညောင်း ပြေအောင် နောက်ကို မှီပြီး ခဏတစ်ဖြုတ်လောက် မှိန်းလိုက်ပါဦးလား'

'နေပါစေရှင်....ကိစ္စမရှိပါဘူး' သူမ၏ အသံမှာ အမျိုး သမီးများ၏ ပြောရိုးပြောစဉ် တစ်ဖက်သားကို အားနာသည့် လေသံမျိုးဖြစ်သည်။

'လုပ်ပါ၊ ဒါမှ ခင်ဗျား သက်သာသွားမှာပေါ့'

လီစာက နွမ်းလျသည့် အပြုံးကလေးဖြင့် ပြုံးလိုက်သည်။ မောရစ်ဆင် ပထမဆုံးမြင်ရသည့် အပြုံးမျိုး ဖြစ်သည်။

သူမသည် ထိုင်ခုံပေါ်တွင် ကိုယ်ကို အနည်းငယ်ကျုံ့ က်ပြီး နောက်သို့ မသိမသာ မှီလိုက်သည်။ သူမ၏ ဖောင်း အိနေသော ဦးခေါင်းသည် မောရစ်ဆင် ပခုံးပေါ်သို့ မသိ မသိကျလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com





ပထမတွင် သူမသည် မရှိမရဲဖြင့် အသက်ကို အောင့်ထား သလိုဖြစ်နေသည်။

ထို့နောက် တဖြည်းဖြည်းဖြင့် သူမ၏ ဦးခေါင်းသည် မောရစ်ဆင် ပခုံးပေါ်သို့ ပို၍ပို၍ စောင်းကျလာပြီးနောက် ခဏ အကြာအတွင်း သူမသည် မောရစ်ဆင်အား လုံးလုံးလျားလျား မှီလျက်သားဖြစ်ကာ အိပ်ပျော်သွားခဲ့သည်။

မောရစ်ဆင်သည် လီစာ၏ မျက်နှာကို အနီးကပ်ကြည့်လိုက်မိသည်။ သူမ၏ မျက်လုံး မျက်ခုံးများနှင့် နှာတံကလေးများမှာ ပန်းချီကျော် တစ်ယောက်၏ လက်ရာကဲ့သို့ ပြေပြစ်ပေါ်လွင်လှသည်။

ကလေးငယ် တစ်ယောက်ပမာ အိပ်ပျော်နေရှာသော သူမ၏ မျက်နှာကလေးမှာ ပြစ်မျိုးမှုမထင်သော သူမ၏အလှကို အပြည့်အဝ ဖော်ပြလျက်ရှိသည်။

ရထားသည် အရှိန်ကောင်းကောင်းဖြင့် ခုတ်မောင်းလျက်ရှိသည်။ မောရစ်ဆင်သည် တဖြည်းဖြည်း မျက်တောင်စင်းလာပြီး နောက်သို့မှီရင်း ငိုက်လာသည်။ စည်းချက်မှန်မှန်ကြားနေရသော ရထား ခုတ်မောင်းသံနှင့်အတူ မကြာမီ အိပ်မောကျသွားခဲ့သည်။

မည်မျှ ကြာသွားသည် မသိ။ ဖျတ်ခနဲ လန့်နိုးလာသော အခါသူတို့ ထိုင်ခုံ ရှေ့တည့်တည့်တွင် လူသုံးယောက် ရပ်နေသည်ကိုတွေ့လိုက်ရသဖြင့် ထိတ်ခနဲ ဖြစ်သွားမိသည်။

သေသေချာချာ ကြည့်လိုက်သောအခါ ထိုလူသုံးယောက် အနက် တစ်ယောက်မှာ စောစောက ဘူတာရုံပလက်ဖောင်း တွင် လီစာအား ခေါင်းညိတ်ပြခဲ့သည့် လက်မှတ်စစ် ဖြစ်နေ သည်ကို တွေ့လိုက်ရသည်။ ထိုလက်မှတ်စစ်၏ နောက်မှ ကပ် လျက် လက်နက်ကိုင် ယူနီဖောင်းဝတ် အီတလီ စစ်သားနှစ် ယောက်ကိုမြင်ရသည်။

'မှတ်ပုံတင်ပြပါ' အီတလီစစ်သား တစ်ယောက်က ပြော လိုက်သည်။

မောရစ်ဆင်သည် ကိုယ်ကို မတ်လိုက်ပြီး အိတ်ထဲသို့ လက် နှိုက် ဟိုဟိုသည်သည် စမ်းလိုက်မိသည်။

သည်အချိန်မှာပင် လီစာသည် မောရစ်ဆင့် လှုပ်လှုပ်ရှား ရှားလုပ်မှုကြောင့် အိပ်ပျော်နေရာမှ နိုးလာသည်။

သူမသည် မောရစ်ဆင်၏ အပြုအမူကို ကြည့်လိုက်ပြီး နောက် အခြေအနေကို ရိပ်သည့်အနေဖြင့် သူမ ကိုယ်တိုင် မောရစ်ဆင်၏ အတွင်းအိတ်ထဲသို့ လက်မြင့် လိုက်နှိုက်ပြီး မှတ်ပုံတင်ကတ်ကို ဆွဲထုတ်လိုက်သည်။

'ဗာစီလီ...ရှင်ဟာလေ ကိုယ့်ပစ္စည်းကိုယ် ဘယ်နေရာ ထားလို့ သိမ်းမိမှန်း မသိပါဘူး၊ ဒါ့ကြောင့်မို့ စောစော ကတည်းက ဒီမှတ်ပုံတင်ကို ကျွန်မ ယူထားပါ့မယ်လို့ပြောခဲ့နဲ့ တာ'

www.burmeseclassic.com

www.burmeseclassic.com



လီစာသည် မောရစ်ဆင်အား တကယ့် ပိုင်စိုးပိုင်နင်း လေသံမျိုးဖြင့်ပြောရင်းက သူမ လက်ထဲမှ မောရစ်ဆင်၏ မှတ်ပုံတင်ကတ်ကို အီတလီစစ်သားထံ လှမ်းပေးလိုက်သည်။ စစ်သားက လှမ်းယူကြည့်လိုက်၏။

'တက္ကသိုလ်ကျောင်းဆရာကို ယူမိတဲ့ အမျိုးသမီးမှန်သ ဒီလိုချည်းပါပဲဗျာ၊ သူတို့ဦးနှောက်တွေက အမြဲတမ်းမိုးပေ ရောက်နေကြတာပဲ'

လီစာသည် အီတလီ စစ်သား၏ စကားကို နှာခေါင် ရင်း ထိုစစ်သားကို ပြုံးပြလိုက်၏။ သည်အပြုံးမှာ ယောကျ်ား တစ်ယောက်ကို လှည့်စားတတ်သည့် မိန်းမတစ်ယောက်၏ အပြုံးမျိုးဖြစ်၏။

'ဗာစီလီ....ရထားလက်မှတ်တွေပြလိုက်ဦးလေ၊ သူတို့ခမျာ များ အလကား အချိန်ကြာနေပါဦးမယ်'

ထိုအချိန်အထိ အီတလီစစ်သားသည် မောရစ်ဆင်၏ မှတ် ပုံတင်ကို ကြည့်ရှုစစ်ဆေးနေဆဲ ဖြစ်သည်။ သူသည် မှတ် တင်ကို ကြည့်လိုက်၊ မောရစ်ဆင်၏မျက်နှာကိုကြည့်လိုက် ပြု နေ၏။

ပြီးနောက် သူ့အဖော် စစ်သားကို အီတလီ စကား တစ်စုံတစ်ရာ လှမ်းပြောလိုက်သည်။ သူတို့နှစ်ယောက် အ အလှန် ပြောနေခိုက် လီစာနှင့် လက်မှတ်စစ်သည် ယောက်ကို တစ်ယောက် ကြည့်လိုက်ကြ၏။



'ကဲ....ခင်ဗျား ထပါဦး၊ ခင်ဗျား အထုပ်ကို ဖြေပြပါ ဦး'

မောရစ်ဆင်သည် ထိုင်နေရာမှ ခပ်ဖြည်းဖြည်းချင်း ထ လိုက်သည်။

'ကဲပါဗျာ....လာကြပါ၊ ဒါတွေမလိုပါဘူး၊ ရထား တစ် ခင်းလုံး ဒါလောက် လူတွေ ပြွတ်သိပ်နေတာ၊ ဒီလိုသာ လျှောက်စစ်နေရင် တစ်ညလုံးပြီးမှာ မဟုတ်တော့ဘူး၊ မြန် မြန် ပြီးအောင်စစ်ပြီး ဖဲပြန်ရိုက်နေတာပဲ ကောင်းပါ တယ်'

လက်မှတ်စစ်က ရွတ်တရက် ဝင်ပြောလိုက်ခြင်း ဖြစ် သည်။ အီတလီ စစ်သားသည် မှတ်ပုံတင် ကတ်ပြား၏ နောက်ကျောဘက်ကိုကြည့်နေရာမှ လက်မှတ်စစ်၏ စကား ကြောင့် မှတ်ပုံတင်ကို မောရစ်ဆင်၏လက်ထဲသို့ ပြန်ထည့်လိုက် သည်။

ထို့နောက် သူတို့သုံးယောက်သည် နောက်ခုံ တစ်ခုသို့ ထွက်သွားကြသည်။

မောရစ်ဆင်သည် ယခုမှ သက်ပြင်းချလိုက်မိသည်။ သူ ကိုယ်သူ အသုံးမကျမှန်း ယခုမှသိရသည်။

တကယ်ဆိုတော့ လီစာနှင့် လက်မှတ်စစ်တို့ အချင်းချင်း သက်ဝင်းရိုက်ထားသည်ကို သူ အထင်လွဲခဲ့မိ၏။

ယခု သူတို့နှစ်ယောက်က ကယ်လိုက်သဖြင့် မိမိမှာ သီသီ လေး လွတ်လာခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

သူသည် တွဲထဲမှ လက်မှတ်စစ်နှင့် အီတလီစစ်သားများ ပြန်ထွက်မသွားမချင်း စိတ်ထဲက မလုံမလဲဖြစ်နေမိ၏။

'ကျွန်တော့်ကို စီးကရက် တစ်လိပ်လောက် ပေးပါဦး' ခဏကြာမှ သူက ပြောလိုက်၏။ လီစာသည် သူမ အိတ်ထဲမှ စီးကရက်ဘူးကိုထုတ်၍ မောရစ်ဆင်အား လှမ်းပေးရင်း တိုးတိုးကလေး ပြောလိုက်သည်။

'ရှင့်သေနတ် ကျွန်မကို ပေးထားပါ'

'ကျွန်တော် ဘာမှ မလုပ်ပါဘူး'

'အင်္ဂလိပ်စကားမပြောပါနဲ့၊ လူတွေက ကျွန်မတို့ကို လှမ်းကြည့်နေကြတယ်၊ ရှင်လုပ်ပုံနဲ့တော့ နှစ်ယောက်စလုံး ထောင်ထဲ ရောက်ကုန်တော့မှာပဲ၊ ကဲ...သေနတ် ကျွန်မကို ပေးပါ၊ ဒီသေနတ်ကြီးနဲ့ဆိုရင် ကျွန်မတို့ ရထားပေါ်က ဆင်းလို့ရမှာ မဟုတ်ဘူး'

မောရစ်ဆင်သည် လူကြီးများ ပြောသမျှ မြေဝယ်မကျ နားထောင်သည့် ကလေးငယ် တစ်ယောက်လို ခေါင်းကလေး ပုသွားပြီး အိတ်ထဲမှ သေနတ်ကို ဘေးလူများ မမြင်အောင် ဝှက်၍ လီစာ လက်ထဲသို့ ဖျတ်ခနဲ ထည့်လိုက်၏။ လီစာသည် ပစ္စတိုသေနတ်ကို လက်ကိုင်အိတ်ထဲသို့ ခပ်သုတ်သုတ် ထည့်လိုက်ပြီး ထိုင်ရာမှ ထ၍ စင်္ကြံဘက်သို့ ထွက်သွားသည်။

အတော်ကလေးကြာမှ ပြန်ရောက်လာ၏။

'သေနတ်ကို ဘယ်လိုလုပ်ခဲ့သလဲ'

'ရထားလမ်းဘေးမှာ ပစ်ချထားခဲ့တာပေါ့'

'ကျွန်တော့်အတွက် ခင်ဗျား တော်တော် စိတ်ညစ်နေပြီ ထင်တယ်'

တကယ်လည်း စိတ်ညစ်နေမိသည်။ သို့သော် လီစာက ဘာမှပြန်မပြော။

'ကျွန်တော်တို့ ဘယ်လောက်ကြာကြာ သွားရဦးမှာလဲ'

'မနက်မိုးလင်းခါနီးမှ အေသင်ကို ရောက်မယ်'

'ဒီလိုဆို ခင်ဗျား အိပ်ပါဦးလား'

'ရှင်သာ အိပ်ချင်ရင်အိပ်ပါ၊ ကျွန်မတော့ မအိပ်တော့ဘူး'

သူမက မောရစ်ဆင်၏ စိတ်ဓာတ် ချောက်ချားနေသည်ကို သိမိသည့် အနေမျိုးဖြင့် ပြောလိုက်သည်။

ထိုအခိုက် လီစာသည် ဘာမပြောညာမပြောဘဲ မောရစ်ဆင်၏ ရင်ခွင်ထဲသို့ သူမ၏ ကိုယ်လုံးကလေးကို ဖြုန်းခနဲ ပစ်ချကာ မောရစ်ဆင်၏ပါးကို ရွတ်ခနဲ နမ်းလိုက်၏။ မောရစ်ဆင်မှာ ရုတ်တရက် မျက်လုံးများပြူးကာ အံ့အားသင့်သွား၏။

နောက် သူမ၏ ပခုံးပေါ် ကျော်၍ လှမ်းကြည့်လိုက်တော့ ခမိတို့တွဲထဲသို့ သုတ်သီးသုတ်ပျာ ဝင်လာကြသော အီတလီ

www.burmeseclassic.com



စစ်သားနှစ်ယောက်ကို မြင်လိုက်ရသဖြင့် လီစာ၏ အပြုအမူနှင့် ပရိယာယ်ကို နားလည်လိုက်ရ၏။

သို့သော် အီတလီ စစ်သားများသည် မိမိတို့ တွဲထဲတွင် ဘာမျှမလုပ်ဘဲ အခြားတွဲသို့ ဆက်ကူးသွားကြ၏။

လီစာ ပြောသည့်အတိုင်း နံနက် လေးနာရီတိတိတွင် ရထားသည် အေသင်ဘူတာကြီးသို့ ဆိုက်လာခဲ့၏။

## ဂက်စတာပို၏ နောက်ဆုံး ရူဇဗဲသံ

အေသင်မြို့လယ်ခေါင်မှ ခြောက်မိုင်ခန့်ဝေးသည့် ဆင်ခြေဖုံး ဒေသ ချာလန်ဒရီ အရပ်သို့ ရောက်သည့်အခါ လီစာနှင့် မောရစ်ဆင်တို့သည် ဓာတ်ရထားပေါ်မှ ဆင်းခဲ့ကြသည်။

သူတို့နှစ်ယောက်သည် လမ်းကြားကလေး အတိုင်း လျှောက်လာခဲ့ကြပြီး အိမ်တစ်အိမ်ကို လွန်လာခဲ့ကြလေသည်။

ထို့နောက်တစ်ဖန် သံပရာပင်နှင့် ရှောက်ပင်များ စီတန်းနေသည့် လမ်းကြားကလေးတစ်ခုထဲသို့ ချိုးဝင်လာခဲ့ကြရာ ခဏအကြာတွင် သစ်ပင်များအကြားမှ အိမ်ကလေး တစ်လုံး ရှိရာကို ရောက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လီစာသည် အိမ်တံခါးကို ဖွင့်လိုက်ပြီး အိမ်ထဲသို့ဝင်၍ ရေနံဆီမီးအိမ်တစ်လုံးကို မီးထွန်းလိုက်၏။ နေ့လယ်နေ့ခင်းပင် ဖြစ်သော်လည်း အိမ်ကလေးထဲတွင် အတော်ကလေး မှောင်နေသည်။

အခန်းထဲတွင် ခုတင်နှစ်လုံး၊ စားပွဲခုံတစ်ခုနှင့် ကုလားထိုင် တစ်လုံးကို တွေ့ရ၏။ စားပွဲပေါ်တွင် မှန်အိမ်တစ်လုံးနှင့် ရေနံဆီပုံးကလေးတစ်ခုရှိသည်။ ခုတင်တစ်လုံးပေါ်တွင် စာအုပ်အချို့ကို တွေ့လိုက်ရသဖြင့် မောရစ်ဆင်မှာ စိတ်ဝင် စားသွားမိသည်။

'ခုမှပဲ စိတ်အေးရတော့တယ်' မောရစ်ဆင်က တကယ်ပင် ကိုယ်ရောစိတ်ပါ ပေါ့ပါးသွားသည့်လေသံဖြင့်ပြောလိုက် သည်။

လီစာသည် မောရစ်ဆင်၏ရှေ့တွင် ရပ်လိုက်သည်။ သူမ၏ အမူအရာမှာ လေးနက်သည့် အသွင်မျိုးဖြင့် တည်ငြိမ်လျက်ရှိ သည်။ သူမသည် မောရစ်ဆင်၏ မျက်နှာကို စိုက်ကြည့်လိုက် ပြီး....

'ဒီအိမ်ကလေးရဲ့ပိုင်ရှင် လာဇာရပ်ဆိုတဲ့သူဟာ ကျွန်မတို့ ယုံကြည်စိတ်ချရတဲ့လူတစ်ယောက်ပဲ၊ လောလောဆယ် သူ ဒီအိမ်က တခြားသွားနေခိုင်းထားတယ်....

'သူ့ကို ရှင်နဲ့ အဆက်အသွယ် မလုပ်ဖို့လဲ ပြောထား တယ်၊ ဒီကြားထဲက ရှင့်ကို သူ လာပြီးဆက်သွယ်တယ်ဆိုရင် ဒါကို ရှင်က သတင်းပို့ရမယ်'



'ဟုတ်ကဲ့ပါခင်ဗျာ'

'ညနေ နေဝင်သွားတာနဲ့တစ်ပြိုင်နက် စားစရာ သောက် စရာတွေကို တံခါးဝမှာ နေတိုင်းလာချထားလိမ့်မယ်၊ ဒီ အိမ်နဲ့ ကပ်ပြီးဆောက်ထားတဲ့ အိမ်သာတစ်ခုရှိတယ်၊ အဲဒီ အိမ်သာကို ရှင် ညဘက် မှောင်မှသွားရမယ်၊ နောက်ပြီး ရှင် ဒီအိမ်ထဲက ဘယ်လိုအကြောင်းကိစ္စနဲ့မှ အပြင်ကို မထွက် ရဘူး'

'ဒါပဲလား၊ တခြား မှာစရာရှိသေးသလား'

'ရှင့်အနေနဲ့ မိုက်ရူးရဲမလုပ်ရဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ရှင့်ကို ဒီခေါ်လာခဲ့ရတာဟာ အကုန်အကျခံပြီး အသက်နဲ့ လဲပြီး ခေါ်လာရတာ၊ ကျွန်မ ပြောချင်တာကတော့ ဒါ ပါပဲ'

မောရစ်ဆင်သည် လီစာ၏ ညွှန်ကြားချက်များသို့ နား ထောင်ပြီးနောက် စာအုပ်များ တင်ထားသော ခုတင်ဆီသို့ သွား၍ စာအုပ်များကို လှန်လှောကြည့်လိုက်၏။ ရှိတ်စပီး ယား၊ ဘားနတ်ရှော၊ အိုစကာဝိုင်း၊ ဂိုးလ်စမစ်တို့၏ စာအုပ် များကို တွေ့ရသည်။

'ရှင် ခဏ ဟိုဘက်လှည့်နေလိုက်စမ်းပါ'

လီစာ၏ အမိန့်ကြောင့် မောရစ်ဆင်သည် တစ်ဖက်သို့ လှည့်၍ ကျောပေးနေလိုက်ရ၏။ သူမ၏ အဝတ်အစားလဲ နေသည့် လှုပ်လှုပ်ရှားရှား အသံများကို ကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



မသိမသာ ခိုးကြည့်ချင်သည့်စိတ်များကို အတော်ထိန်းထားရသည်။

'ကဲ...ဒီဘက် ပြန်လှည့်နိုင်ပါပြီ'

မောရစ်ဆင်သည် တစ်ဖက်သို့ ပြန်လှည့်လိုက်ပြီး သူမကို လှမ်းကြည့်လိုက်သည်။ သူမ လက်ထဲတွင် မောရစ်ဆင်၏ ပစ္စတိုသေနတ်ကို လက်တစ်ဖက်ကကိုင်ထားပြီး တခြား တစ်ဖက်က ငွေစက္ကူများကို အထပ်လိုက် ကိုင်ထားသည်ကို မြင်လိုက်ရသည်။

'နောက်ဆိုရင် သေနတ်ကို အသုံးမပြုခင် ဘယ်လိုနေရာမျိုးမှာမှ အသုံးပြုသင့်တယ်ဆိုတာ ရှင် ကြိုတင်ပြီး သိအောင် ကြိုးစားဖို့လိုလိမ့်မယ်'

မောရစ်ဆင်မှာ သူမအား လုံးဝ လက်မြှောက်အရှုံးပေးလိုက်၏။

'ကျွန်တော် ဒေါက်တာ သက္ကရေးကို ဘယ်တော့တွေ့ရမလဲ'

'သူ အချိန်ရရချင်း တွေ့ရပါလိမ့်မယ်'

လီစာသည် တံခါးဆီသို့လျှောက်သွားသည်။ မောရစ်ဆင် ထိုင်ရာမှ ထလိုက်သည်။

'ဒီမယ်....'

သူမ ပြန်လှည့်လိုက်သည်။



'ဒီမယ်....တစ်ခုပြောပါရစေ၊ ခင်ဗျားနာမည် ဟယ်လီ ပဲ ဖြစ်ဖြစ်၊ ဗာစီလီရဲ့ဇနီး မစ္စစ်ဗာစီလီပဲဖြစ်ဖြစ် ဒါက ခင်ဗျားအတွက် လုပ်နေကျ အလုပ်တွေပ ။ ဒါပေမယ့် ပဲဖြစ်ဖြစ် ကျွန်တော် ခင်ဗျားကိုတော့ ကျေးဇူးတင်ပါ တယ်'

'မလိုပါဘူး'

'ကျွန်တော့် အနေနဲ့တော့ လိုပါတယ်၊ တစ်ယောက် ဘက်က ကျွန်တော့် အပေါ်မှာ ကောင်းခဲ့တယ်ဆိုရင် နှ်တော်ကတော့ ကျေးဇူးတင်နေမှာပါပဲ၊ ဒီကျေးဇူးကို စ်သက်လုံး မမေ့ပါဘူး'

လီစာက ပြုံးလိုက်၏။ ပြီးတော့ ခါတိုင်းလို မဟုတ်ဘဲ နိုးသည့် လေသံဖြင့် ပြောလိုက်၏။

'ရှင်နဲ့ ကျွန်မနဲ့ တစ်လမ်းလုံး ခိုးလိုးခုလုဖြစ်လာခဲ့ရတာ ဒါဟာ အခြေအနေနဲ့အချိန်အခါအရလို့ပဲ ကျွန်မ သဘော ားပါတယ်'

'ဒါထက် ခင်ဗျားဟာ တကယ်တော့ ကျွန်တော်ထင်သလို းတိအေးစက်နဲ့ အ,တီးအ,တ အစားထဲက မဟုတ်ပါ ....

'အဲဒီတော့ ခင်ဗျားနဲ့လဲ နောက်တစ်ခါ ပြန်တွေ့ချင်မှ ရတော့မှာမို့ ကျွန်တော် နှုတ်ဆက်လိုက်ပါတယ်၊ ကျေး လဲ တင်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ....ရှင်က ကျွန်မကို ရှင့်ဆီ မလာစေချင်လို့လား
တကယ်တော့ ကျွန်မ ရှင့်ကို နေ့တိုင်းလာကြည့်ဖို့ တာဝ...
သေးတယ်ရှင့်'

'အို....ဟုတ်လား၊ ဒဲဒီလိုဆိုရင်ဲ နောက်တစ်ခါလာမှ တွေ့...
ကြသေးတာပေါ့'

'ကျွန်မနာမည် လီစာပါ'

'နောက်တစ်ခါမှတွေ့မယ် လီစာ'

'သွားမယ်....ဗာစီလီ'

မာစီဒီးကားနက်ကြီးသည် ဟာမက်လမ်းထဲသို့ ချိုး...
လာခဲ့၏။

အင်တွန်၏ အထည်ဆိုင်ရှေ့တွင် ရပ်လိုက်သည်။

'ဗိုလ်ကြီး အခု လုပ်နေတာတာ နေရာကျပါ့မလား...
သေကောသေချာရဲ့လား' ဇာဗော့က မေးလိုက်၏။

'သေချာပါတယ်ကွာ....နေရာကျမှာပါ၊ လီစာ အ...
သူ့မှာ တခြား ရွေးစရာလမ်းမရှိတော့ဘူးဆိုတာ နှ...



ဆိုရင် သေချာပေါက်သိနေပါပြီ၊ ဒီတစ်ခါတော့ တို့စကား
...ားထောင်မှာပါ'

'ကျွန်တော်တော့ ဒါကို သဘောမကျဘူး၊ ဒီအတိုင်းဆို
...င် သူဟာ မြေအောက်အဖွဲ့ကို ပြန်ပြေးပြီး အကုန် ဖွင့်ချ
...ိမ့်မယ် ထင်တယ်'

'ဒါဖြင့် မင်းမှာ တခြား ဒီထက်ကောင်းတဲ့အကြံဉာဏ် ရှိ
နေလို့လား'

ဇာဗော့က ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်သည်။ ဟောလ်ဆာ
နှင့် ဇာဗော့တို့သည် ပါလီဒိုရွာမှ ရွာသူရွာသားများ၏
ပြောပြချက်အရ မောရစ်ဆင်သည် တောင်ကုန်းများပေါ်သို့
ထွက်ပြေးလွတ်မြောက်သွားကြောင်းနှင့် သူသည် ရွာမှာရှိစဉ်
က အေသင်သို့သွားရန် စီစဉ်ခဲ့ကြောင်းများကို အတိအကျ
...ခဲ့ရသည်။

သို့ဖြစ်ရာ မောရစ်ဆင်တစ်ယောက် အေသင်သို့မုချရောက်
...ာရမည်ဟု သူတို့ တထစ်ချ တွက်ထားကြသည်။ အေသင်
...င် သူသည် ဒေါက်တာ သက္ကရေး၊ ဘုန်းတော်ကြီး ပါပါ
...ိနိုနှင့် ပါမောက္ခ သာနာဆစ်တို့လူစုဖြင့် အဆက်အသွယ်
...ပ်လိမ့်မည်ဟု ယူဆထားကြသည်။

အင်တွန်သည် ဟောလ်ဆာနှင့် ဇာဗော့တို့အား လီစာ
...ာ ရုံးခန်းထဲသို့ ခေါ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



‘နေကောင်းရဲ့လား....လီစာ’ ဟောလ်ဆာ့က ကြင်နာသ
လှမ်း၍ နှုတ်ဆက်လိုက်သည်။ ‘မင်းကြည့်ရတာ ပင်ပန်း
ရတယ်၊ နေလို့မှကောင်းရဲ့လားကွယ်’

‘ကျွန်မ နေကောင်းတာ မကောင်းတာဟာ ရှင်နဲ့ မ
ပါဘူး’

‘ငါကတော့ အဲဒီလိုမယူဆဘူး၊ ငါနဲ့ သိပ်ပြီးဆိုင်တ
ထင်တယ်၊ ဒါထက် ကလေးတွေနဲ့ တွေ့ပြီးပြီလား’

‘တွေ့ပြီးပါပြီ’

ဟောလ်ဆာ့သည် အခန်းထဲသို့ တစ်ချက် မျက်လုံးက
လိုက်ပြီး စားပွဲကို ခပ်စောင်းစောင်းမှီ၍ ရပ်ကာ....

‘ဒီမယ် လီစာ....မင်း ဒေါက်တာသတ္တာရေးဆိုတဲ့ အ
ရိကန် တစ်ယောက်ကို သိသလား’

‘မသိပါဘူး၊ ဘာလုပ်မလို့လဲ’

‘ဘာမှမလုပ်ပါဘူး၊ မင်း သိသလားလို့ပါ’

‘အဲဒီလူဟာ မင်းတို့ မြေအောက်အဖွဲ့ ထဲကပဲ၊ တာ
လို့ မင်း သူ့ ကို မသိသေးဘူးဆိုရင် မကြာခင် သိလာ
မယ်’ ဇာဗေ့က ဝင်၍ပြောလိုက်သည်။ သည့်နောက်
ခွန်း အဆန်းများ တစ်ခုပြီးတစ်ခု အဆက်မပြတ် လာ
သည်။

‘ပါပါပင်နို ဆိုတဲ့ ဘုန်းကြီးကိုကော မသိဘူးလား’



‘သူ့ကိုတော့ သိသားပဲ’

‘သူ့အကြောင်း မင်း ဘာတွေသိသလဲ’

‘ဒါတော့ အေသင်းမြို့ထဲက တခြားလူတွေ သိသလောက်
ကျွန်မ သိတာပေါ့’

သူမ စိတ်ထဲတွင် ဟောလ်ဆာ့နှင့် ဇာဗေ့တို့သည် မျှော့
းစမ်းသလို စမ်းနေကြပြီဟု သိလိုက်သည်။

‘ဒီမယ် လီစာ....တို့ အခု ဒါတွေမေးနေတာက တို့ဟာ
ဖြစ်နေတာတွေကို ဘာမှမသိတဲ့ လူအ, လူနှ, တွေ မဟုတ်
ဆိုတာ မင်း သဘောပေါက်အောင် လုပ်နေတာ သိရဲ့
း’

‘ဟုတ်ပါတယ်၊ ဒါကို ကျွန်မ နားလည်ပါတယ်’

‘ပြီးတော့ မင်း တို့ကို တစ်ပတ်ရိုက်နေတယ် ဆိုတာလဲ
းသားပဲ၊ ဒါပေမယ့် ငါက ဒါတွေကို တမင် မသိချင်
ဆောင်နေခဲ့တာပါ၊ အဲဒီတော့ အခု ငါသိချင်တာက
တို့နဲ့ ပူးပေါင်းမလား....မပူးပေါင်းဘူးလား ဒါပဲ ငါ
င်တယ်’

ကျွန်မ ရှင်တို့နဲ့ အပေးအယူလုပ်....

နေပါဦး....ခဏနေပါဦး’ ဇာဗေ့က ကြားဖြတ် ဝင်
လိုက်သည်။ ‘နေပါဦး....မင့်ဟာ ခေတ်ပြားကွဲပြီး ပြန်

www.burmeseclassic.com

www.burmeseclassic.com

ဖွင့်ပြသလိုဖြစ်နေပြီ၊ ဒါကို တို့ သည်းမခံနိုင်တော့ဘူး၊ တို့ ပြောတဲ့အစီပွာယ်ကို မင်း နားလည်တယ် မဟုတ်လား’

‘ကျွန်မ နားလည်ပါတယ်’ သူမက တိုးတိုး ပြန်ပြော သည်။

‘အဲဒီတော့ မင့်ကို ငါ အခွင့်အရေးတစ်ခုပေးမယ် လီစာ၊ မင်း ငါတို့လိုချင်တဲ့ သတင်းကို စုံစမ်းပေးမယ်ဆိုရင် အပြီး အလွန် သဘောနဲ့ ကလေးတွေကို မင့်ဆီပြန်ပို့ပေးပြီး မင်း တို့ကို သဘောတစ်စင်းနဲ့ အီဂျစ်နိုင်ငံကိုပို့ပေးမယ်၊ ဘယ့်နှယ် လဲ’

ဟောလ်ဆာ၏ စကားကြောင့် လီစာမှာ သူမ၏ စိတ်လှုပ် ရှားမှုကို ကြိုးစား၍ ဖုံးကွယ်ထိန်းချုပ်လိုက်ရသည်။

ဟောလ်ဆာသည် သူ့ လက်ထဲမှ စာရွက်များ ညှပ်ထား သည့် ကတ်တူပြားကို ဖွင့်လိုက်ပြီး ဓာတ်ပုံတစ်ပုံကို ဆွဲထုတ် ကာ လီစာအား လှမ်းပေးလိုက်သည်။

သူမသည် ထိုဓာတ်ပုံကို ငုံ့ကြည့်လိုက်သည်။ ထိုပုံမှာ ဓေ ရစ်ဆင်၏ ‘မုဆိုးဂေဟာ’ စာအုပ်နောက်ကျောဖုံးမှ ဓာတ်ပုံကို ပြန်ကူးထားသည့်ပုံ ဖြစ်သည်။

‘ဒီလူဟာ အေသင်မှာ အခု ရှိချင်ရှိနေလိမ့်မယ်၊ မရှိသေး ရင်လဲ မကြာခင်ရောက်လာလိမ့်မယ်၊ မင်း တနင်္ဂနွေသုံးပတ်



အတွင်း အဲဒီလူ ဘယ်မှာရှိတယ်ဆိုတာ စုံစမ်းပေးရမယ်၊ ဒီလို စုံစမ်းမပေးဘူးဆိုရင်တော့....’

လီစာသည် သူမ လက်ထဲမှ ဓာတ်ပုံကို ဟောလ်ဆာအား ပြန်ပေးလိုက်သည်။

‘ကျွန်မ လုပ်ပေးရမှာက ဒါပဲလား’

‘အေး....ဒါပဲ’

‘ဒီနေ့တော့ မင်းအလျင်ရှေ့ကသွားနှင့်၊ ငါဒီမှာ ဝယ်စရာ တာ ဝယ်လိုက်ဦးမယ်’ ဇာဗော့က ပြောလိုက်၏။

လီစာသည် ရုံးခန်းထဲမှ ဖြည်းညင်းစွာ ထွက်သွားသည်။ ဟောလ်ဆာနှင့် ဇာဗော့တို့သည် သူမအား နောက်မှနေ၍ ကြည့်နေကြသည်။ တံခါးပိတ်သွားပြီ။

‘ဟိုလူတွေကို သူ သိပါတယ်’ဟု ဟောလ်ဆာက ပြောလိုက် သည်။

‘ဒီမိန်းမနဲ့ပတ်သက်လို့ ပြောရတာ မလွယ်ဘူး ဗိုလ်ကြီး၊ စိတ်ထဲကရှိတာကို ဘယ်တော့မှ တခြားလူ မသိအောင် ဆောင်တတ်တယ်’

‘ဒီ မြင်နေရာမှာ ဟန်ဆောင်နိုင်ပေမယ့် သူ့ ကလေးတွေနဲ့ သက်လာရင်တော့ အမေ တစ်ယောက်အနေနဲ့ ဟန် ဆောင်နိုင်မှာ မဟုတ်ပါဘူး’

www.burmeseclassic.com

www.burmeseclassic.com

'ဒါ့ထက် နေပါဦး ဗိုလ်ကြီး၊ သူနဲ့ သူ့ကလေးတွေ တကယ်ပဲ အီရျစ်နိုင်ငံ ပို့ပေးမလို့လား'

'ဘယ်ပို့ပေးပါ့မလဲကွာ....မင်းကလဲ'

## ယနေ့ည ဆယ်နာရီ

လီစာမှာ စိတ်လှုပ်ရှားလွန်းလှသဖြင့် ဆောက်တည်ရာ မရ ဖြစ်နေသည်။ စိတ်လှုပ်ရှားနေသလို လူလည်း အငြိမ်မနေနိုင်ဘဲ သူမ၏ အခန်းကလေးထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိသည်။ တစ်ခုခု ပြတ်ပြတ်သားသားလုပ်ရန် အကြိမ်ကြိမ် ဆုံးဖြတ်ချက်ချခဲ့သည်။

ပြီး သည့်ဆုံးဖြတ်ချက်များကို အကြိမ်ကြိမ်ဖျက်ပစ်မိပြန်သည်။ ပေါလ်ဆာခိုင်းထားသည့်အလုပ်ကို ခါးခါးသီးသီး အပြီးအပိုင် ငြင်းပစ်လိုက်ရန် စဉ်းစားလိုက်ပြန်သည့်အခါ တွင်လည်း သူ့ သားကလေးနှစ်ယောက်၏ သနားစရာမျက်နှာကလေးများက ပေါ်လာကြပြန်သည်။


www.burmeseclassic.com

www.burmeseclassic.com

ဗာစီလီ....။ သည်လူကတော့ တကယ် အရေးကြီးပုံရ သည်။ ပေါလ်ဆာသည် သူ့ကို အရေးတကြီးအလိုရှိနေဟန် ရှိသည်။

သူ့ အပေါ်တွင် အာရုံစိုက်နေရသဖြင့် သည်တစ်ခါ ပေါလ်ဆာသည် မိမိကို ခါတိုင်းလို ပတ်ချွန်ပ်ချွ စကား များပင် မပြောနိုင်အောင် ဖြစ်ခဲ့သည်။

ဘာပဲဖြစ်ဖြစ် ဗာစီလီဆိုသူကတော့ တကယ်ပဲ အရေးပါ အရာရောက်သူတစ်ယောက် ဖြစ်ဟန်တူသည်။

ဒါပေမယ့် ဒီကိစ္စနှင့် ပတ်သက်ပြီး ကိုယ့်ကိုယ်ကို သစ္စာ ဖောက် အဖြစ်ခံလို့ ကောင်းပါ့မလား။ သစ္စာဖောက်တစ် ယောက်ဖြစ်ပြီးမှ ကိုယ့်ဘဝဟာ ဘာအသုံးကျတော့မှာလဲ။ သည်လို သစ္စာဖောက်လိုက်လို့ ကိုယ့်ကလေး နှစ်ယောက် အသက်ချမ်းသာရပေမယ့် ကိုယ့်ရဲ့ သစ္စာဖောက်မှုကြောင့် တခြားကလေးတွေ အသက်ဆုံးရှုံးကြမှာကို ထည့်မစဉ်းစား တော့ဘူးလား....။

ဖြတ်ဖြတ်သားသားဆုံးဖြတ်ဖို့ တနင်္ဂနွေသုံးပတ် အချိန် ပေးထားသည်။ မှန်သည်။ တနင်္ဂနွေသုံးပတ်....။

လီစာသည် စိတ်ပျက်လက်ပျက်ဖြင့် ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

* * *



မောရစ်ဆင်မှာ အမြင်သို့ လုံးဝ မထွက်ရသဖြင့် သည် အိမ်ကလေးထဲမှာပဲ နေသားကျအောင် ကြိုးစား၍ နေခဲ့ သည်။ တကယ်ဆိုတော့ သည်နိုင်ငံက တစ်ခါတည်း အပြီး အပိုင် ထွက်ပြေးဖို့ဆိုတာက ပြောသလောက် မလွယ်လှဘူး မဟုတ်လား။

သူသည် အခန်းထဲတွင်ရှိနေသော စာအုပ်များကို ဖတ် ကြည့်သည်။ သို့သော် ခဏတစ်ဖြုတ်သာ စာအုပ်ထဲတွင် စိတ် ဝင်စားပြီး နောက်တော့ သူ့စိတ်မှာ စာအုပ်ထဲတွင် မရှိ တော့ဘဲ အမြင်ဘက်သို့ ရောက်သွားခဲ့သည်။

ထိုင်လိုက် ထလိုက် အိပ်ရာပေါ် လှဲနေလိုက်ရင်းဖြင့် တစ် နေကုန်ပြီး နေဝင်သွားအောင် စောင့်နေမိသည်။ နေဝင်ပြီး မှောင်တော့မှ အမြင်သို့ ခေတ္တခဏ ထွက်ခွင့်ရသည်။ သည် တော့မှ အမြင်လေကလေးကို အားရပါးရ ရှူရ ရှိုက်ရ သည်။

ညနေစောင်း၍ နေဝင်သွားပြီး မှောင် လာ သည် နှင့် တစ်ပိုင်နက် သတိအမြဲထား၍ နားစွင့်နေမိသည်။ အမြင်မှ ခြေသံများကိုသာမက လေတိုက်၍ သစ်ရွက်လှုပ်သံများကိုပါ ကြားရအောင် သတိထား၍ နားကိုစွင့်ထားရသည်။

အမှောင်လွှမ်းလာပြီး ခဏအကြာတွင် အမြင်ဘက်မှ ခြေသံတစ်ခုကို ခပ်သဲ့သဲ့ ကြားလာရသည်။ ခြေသံမှာ ဖြည်းဖြည်းနီးလာသည်။ တစ်စတစ်စ ကျယ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက် တံခါးဝသို့ရောက်လာသည်။ တံခါးဝတွင် စား စရာများ ထည့်ထားသော ပန်းကန်တစ်ချပ်နှင့် ဝိုင်အရက် တစ်ပုလင်း ချထားသံများကို ကြားလိုက်ရပြီး ခြေသံများ တဖြည်းဖြည်း ပြန်၍ပျောက်ကွယ်သွားသည်။

ပန်းကန်ထဲမှ စားစရာများကို မောရစ်ဆင် ကောင်း ကောင်း မစားနိုင်။ အာသာပြေရုံသာစားသည်။

သို့သော် ဝိုင်အရက်ပုလင်းကတော့ သူ့အတွက် အချိန် တော်တော်ကြာအောင် စိတ်သက်သာ ရစေခဲ့သည်။

ထို့နောက် မှောင်နှင့်မည်းမည်း အခန်းထဲတွင် ခေါက် တုံ့ခေါက်ပြန် လမ်းလျှောက်နေခဲ့သည်။ အိပ်ချိန်ရောက်၍ အိပ်ချင်တော့မှ ခုတင်ပေါ် တက်အိပ်လိုက်သည်။ နေ့ခင်း ဘက်တွင်လည်း နေ့တာမှာ ရှည်လျားလှသည်။

သူ့အဖြစ်မှာ လှောင်အိမ်ထဲတွင် အလှောင် ခံထားရ သော တိရစ္ဆာန်တစ်ကောင်နှင့် တူနေသည်။

သို့သော် သည်ကြားထဲက အပြင်ဘက်မှ ခြေသံတစ်ခုကို ကြားလိုက်ရသည့်အခါတွင်မူ သူ့စိတ်မှာ လန်းဆန်းလာ သည်။ သည်ခြေသံကတော့ ခပ်ဖော့ဖော့ ခပ်မှန်မှန်လျှောက် လာတတ်သည့် လီစာ၏ခြေသံဖြစ်သည်။

သည်လိုအခြေအနေ သည်လိုအချိန်အခါတွင် သူ့ထံသို့ လာတွေ့သည့် တစ်ဦးတည်းသော သက်ရှိသတ္တဝါမှာ လီစာ



တစ်ယောက်သာလျှင်ဖြစ်သည်။ ညစဉ် ပုံမှန်လာတတ်သော လီစာသည် သူ့အတွက် အားသစ်စိတ်သစ်လောင်းပေးသလို ဖြစ်နေသည်။

သို့မို့ကြောင့် လီစာပြန်သွားသည့် နောက်ပိုင်းတွင် မော ရစ်ဆင်သည် သူမအကြောင်းကို စဉ်းစား၍ မဆုံးအောင် ဖြစ် နေခဲ့သည်။

တာဝန်အရ လာတွေ့ခြင်းဖြစ်သော်လည်း သူမနှင့် တွေ့ရ သည်မှာ သူ့အတွက် စိတ်သက်သာစရာ၊ စိတ်ချမ်းသာစရာ ဖြစ်ခဲ့သည်။

'ဗာစီလီ... ဘယ့်နှယ်လဲ၊ နေလို့ ကောင်းရဲ့လား'

'သိပ်ကောင်းတာပေါ့၊ ကျွန်တော်တော့ ဒီနေရာလေးကို တဖြည်းဖြည်း သဘောကျလာပြီ၊ စာဖတ်လို့လဲ သိပ်အရသာ ရှိတာပဲ၊ ခင်ဗျားကို ဂျူးလီယက်ဆီဇာ စာအုပ် တစ်အုပ်လုံး အစအဆုံး ရွတ်ပြရဦးမလား'

'နေပါစေရှင်....ထားပါတော့၊ ဟောဒီမှာ ရှင့်အတွက် လိုမယ်ထင်တဲ့ ပစ္စည်းလေးတွေ'

လီစာက အထုပ်တစ်ထုပ်ကို ဖြေ၍ အထဲမှ မုတ်ဆိတ်ရိတ် ဓါးရိယာ တစ်ခု၊ မုတ်ဆိတ်ရိတ်ဓား လေးငါးချောင်းနှင့် စာအုပ်နှစ်အုပ်ကို ဆွဲထုတ်လိုက်သည်။ စာအုပ်များမှာ ဂျက် လန်ဒန်ရေးသည့် ဝတ္ထုစာအုပ်များ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အြော်...နေဦး၊ ဒီမှာရှိသေးတယ်၊ ရှင်မြင်လိုက်ရင်သော အံ့သြသွားမှာပဲ၊ ဒီမှာ ကြည့်စမ်း ဗာဇီလီ၊ ဆေးတံသော ဆေးလေ'

မောရစ်ဆင်သည် အကြီးအကျယ် ဝမ်းသာသွားသည်။ သူမကိုလည်း အထူးကျေးဇူးတင်မိသည်။

'ဒါထက် နေပါဦးလီစာ၊ ကျွန်တော် ဒီမှာ ဘယ်လော ကြာကြာ နေရဦးမှာလဲ'

'အင်း...တစ်ခု ခက်နေတာက အခု ရက်အတောအတွင်း ဒေါက်တာ သဏ္ဍာရေးဟာ အမြင်ကို လုံးဝထွက်ဖို့ မလွယ် ဖြစ်နေတယ်၊ ဒါပေမယ့် သိပ်တော့လဲ မကြာတော့ပါဘူး ဗာဇီလီ၊ သိပ်မကြာတော့ပါဘူး'

သည်လိုနှင့် ငါးရက်ကြာသွားခဲ့သည်။

သ ငါးရက်အတွင်း လီစာသည် အချိန်မှန်မှန် လာ သည်။ ... လျှင်လည်း ညမထွက်ရဟူ၍ ဂျာမန်တို့ အမိန့် ထုတ်သည့်အချိန်အထိ နေသွားသည်။

မောရစ်ဆင်သည် သူမ အလာကို တစ်ရက်ကက် စောင့်ရ ပို၍ မျှော်မိသည်။ သူမ မိမိထံ ညစဉ်ပုံမှန် အချိန်မှန်မှန် လာနေသည်မှာ တဖြည်းဖြည်း အလုပ်တာဝန် သဘော မဟုတ်တော့ဘဲ ရင်းနှီးသည့် မိတ်ဆွေ တစ်ယောက်ထံ လာ သည့်ပုံစံမျိုးဖြစ်လာသည်ကို မောရစ်ဆင် ရိပ်မိလာခဲ့သည်



တစ်စတစ်စ တဖြည်းဖြည်း မောရစ်ဆင်နှင့် လီစာတို့၏ ရင်းနှီးမှုမှာ ပို၍ သိသာလာခဲ့သည်။ သည်ရင်းနှီးမှုသည် တစ်ယောက်ကို တစ်ယောက် စိတ်ဝင်စားမှု အပေါ်တွင် အခြေခံသည်ဟူ၍ ဆိုစရာဖြစ်လာသည်။

ခုနစ်ရက်မြောက်ညတွင် ဖြစ်သည်။

ထိုညတွင် လီစာသည် မမျှော်လင့်ဘဲ မောရစ်ဆင်အား ကာလိုဂရီယန့်နီ ရွာကလေးတွင် သူမ တွေ့မြင်ခဲ့ရသည့် အဖြစ် အပျက်များကို အကြောင်းပြု၍ အီ ကီသာ အကြောင်းကို ကောက်ကာငင်ကာ မေးလိုက်သည်။ ခေတ်ပညာတတ် မြို့သူ တစ်ယောက်ပီပီ သူမသည် မောရစ်ဆင်နှင့် အီလက်သာတို့ ကိစ္စကို ပွင့်ပွင့်လင်းလင်းပင် မေးခဲ့သည်။ မောရစ်ဆင်သည် ဆိုင်းမဆင့်ဗုံမဆင့်ဘဲ ရုတ်တရက် မေးလိုက်သော လီစာ၏ မေးခွန်းများကြောင့် အံ့အားသင့်သွားမိသည်။

သို့ဖြင့် သူသည် အီလက်သာနှင့် ဖြစ်ခဲ့သမျှအကြောင်းကို အတော်အတန် မယုတ်မလွန် ပြောပြလိုက်သည်။

ထိုသို့ပြောပြပြီးသည့် နောက်ပိုင်းတွင် လီစာ၏ အမူအရာ သည် သိသိသာသာကြီး ပြောင်းလဲသွားခဲ့သည်။

သူမစိတ်ထဲတွင်တော်တော်ကလေး ခိုးလိုးခုလု ဖြစ်သွား ဟန်တူသည်။ ထိုညက သူမ၏ အပြုအမူ အပြောအဆိုများ မှာ ခါတိုင်းလိုလို ရွှင်ရွှင်ပျပျ မဟုတ်တော့ဘဲ အေးတိအေး စက် ဖြစ်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှစ်ရက်မြောက်သော နေ့တွင် လီစာသည် ခါတိုင်းလာ နေကျအချိန်၌ ပေါ်မလာတော့ဘဲ ရှိခဲ့သည်။

ကိုးရက်မြောက်နေ့....။

လီစာသည် တယ်လီဖုန်း ဒိုင်ခွက်မှ ဂက်စတာပို ဖုန်းနံပါတ်ကို လှည့်လိုက်သည်။ သူမ၏ မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်နေပြီး မျက်ရည်များ ရစ်ဝဲနေသည်။ သူသည် ဇာဗော့၏ အမည်ကို ခေါ်လိုက်သည်။

'အခု စကားပြောနေတဲ့ သူကို ရှင်သိတယ် မဟုတ်လား'

'သိပါတယ်' ဇာဗော့က ပြန်ဖြေသည်။

'ဒီနေ့ည ဆယ်နာရီတိတိမှာ ကျွန်မ အိုယိုကူလမ်းကအမျိုးသားဘဏ်ရှေ့ကို လာခဲ့မယ်၊ ကျွန်မနဲ့အတူ လူတစ်ယောက် ပါလိမ့်မယ်'

လီစာသည် တယ်လီဖုန်းခွက်ကို ပြန်ချလိုက်သည်။ သူမသည် တစ်စုံတစ်ခုကို ကျိတ်၍ အားတင်းထားသည့် အမူအရာဖြင့် အောက်နှုတ်ခမ်းကို ကိုက်ထားလိုက်သည်။

* * *



ရုတ်တရက် အခန်းတံခါး ပွင့်သွားသည်။

မောရစ်ဆင်သည် အခန်းထဲသို့ ဝင်လာသော လီစာအား ပြုံး၍ နှုတ်ဆက်လိုက်သည်။ မနေ့ညက ပေါ်မလာသဖြင့် အမျှော်ကြီး မျှော်နေခဲ့ရသော လီစာ၏ မျက်နှာကို ရုတ်တရက် မြင်လိုက်ရသဖြင့် ဝမ်းအသာကြီး သာသွားမိသည်။

'ဗာစီလီ....ကျွန်မမှာ သတင်းကောင်းတစ်ခု ပါလာတယ်' သူမက ရွှင်မြူးစွာ ပြောလိုက်သည်။ 'ဒီနေ့ည ကျွန်မတို့ အေဆင်မြို့ထဲကို သွားကြမယ်၊ ရှင် ဒီနိုင်ငံက ထွက်သွားနိုင်ဖို့အတွက် လူတစ်ယောက်နဲ့ အဆက်အသွယ် ရထားတယ်'

www.burmeseclassic.com

www.burmeseclassic.com

## လီစာ...လီစာရယ်...

သူတို့သည် ထိုအိမ်ကလေးမှ နှစ်ယောက်သား ထွက်လာခဲ့ကြသည်။

မောရစ်ဆင်သည် ခေတ်ရထားလမ်းဘက်ဆီသို့ လီစာ၏ဘေးမှ လိုက်ပါလာရင်း သူ့စိတ်ထဲတွင် ဟိုဟိုသည်သည်တွေး လာမိခဲ့သည်။

ပထမဆုံးအနေဖြင့် ကျဉ်းကျပ်မှောင်မည်းနေသည့် ထိုအိမ်ကလေးမှ အပြင်သို့ထွက်လာခဲ့ရသဖြင့် အတော်ကလေး စိတ်ချမ်းသာမိသည်။

နောက် သည်နိုင်ငံက တိတ်တဆိတ် ထွက်ခွာသွားရမည့် အရေးအတွက် ရင်လေးနေမိသည်။ တစ်ဖန် လီစာနှင့် ခွဲခွာ



သွားရတော့မည်ဖြစ်သဖြင့်လည်း စိတ်မကောင်းသလို ဖြစ်နေမိပြန်သည်။

သို့သော် တကယ်တကယ်အားဖြင့် သူ၏ အတွင်းစိတ်တစ်နေရာတွင် တစ်စုံတစ်ခုကို စိုးရိမ်ထိတ်လန့်မှုသည် မသိမသာ ကိန်းအောင်းလျက်ရှိနေသည်။ သည်လို စိုးရိမ်ထိတ်လန့်မှုမျိုးကို ဒါဒိမြို့မှ အေသင်မြို့သို့ မီးရထားဖြင့် မလာမီက တစ်ခါ သိသိသာသာကြီး ဖြစ်ပေါ်ခဲ့ဖူးသည်။

လီစာကတော့ ဂုဏ်မြှော်မပျက် ခြေလှမ်းမှန်မှန် လျှောက်လာသည်။

ခေတ်ရထားဂိတ်တွင် အဆင်သင့်တွေ့ရသော ခေတ်ရထားတစ်စီးဖြင့် လိုက်လာခဲ့ကြသည်။ အေသင်မြို့၏ အနောက်မြောက်ပိုင်းကို ဖြတ်ကျော်လာခဲ့ပြီးနောက် မြို့ထဲသို့ တစ်စတစ်စ ဝင်ရောက်လာခဲ့သည်။

အောက်တိုဘာ လမ်းမကြီးသို့ ရောက်သောအခါ သူတို့သည် ခေတ်ရထားပေါ်မှဆင်း၍ ကွန်ကော့ပန်းခြံဘက်ဆီသို့ ခြေကျင် လျှောက်လာခဲ့ကြသည်။

အချိန်မှာ ရှစ်နာရီခွဲရှိပြီ ဖြစ်၏။

လီစာသည် မောရစ်ဆင်အား လက်မောင်းချိတ်၍ ခပ်မှန်မှန် ဂုဏ်ရှိရှိ လျှောက်လာသည်။ မောရစ်ဆင်မှာ စောစောက စိုးရိမ်ထိတ်လန့်စိတ်များ ပျောက်ကွယ်သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



လီစာနှင့် ပူးပူးကပ်ကပ်တွဲ၍ လမ်းလျှောက်ရသည့် အဖြ[illegible] ကြောင့် မသိမသာ စိတ်လှုပ်ရှားနေခဲ့သည်။

အေသင်မြို့ကြီးမှာ အတော်ကလေး ခြောက်သွေ့နေ[illegible] ဖြစ်သည်။

တစ်ခါက ကုန်ပစ္စည်းများဖြင့် ပြည့်လျှံနေကြသော ဈေးဆိုင်များမှာ ယခုအခါ ပစ္စည်းများ မရှိတော့သလော[illegible] ခြောက်ကပ်နေပြီး ဈေးဝယ်များလည်း လုံးဝမတွေ့ရ[illegible] ဘဲ ဖြစ်နေသည်။

လမ်းဘေးပလက်ဖောင်းတွင် ဟိုဟိုသည်သည် သွားလာ[illegible] နေကြသူများမှာလည်း မျက်နှာ ရွှင်ရွှင်ပျပျမရှိကြဘဲ တစ်[illegible] တင်ခုကို စိုးရိမ်ကြောင့်ကြနေသည့် လက္ခဏာအသွင်အပြ[illegible] မျိုး ပေါ်ပေါက်နေကြသည်။

ကွန်ကော့ပန်းခြံအနီးသို့ ရောက်လာသောအခါ လူသွား[illegible] လူလာ အနည်းငယ်များလာသည်ကို တွေ့ရသည်။ လီစာသ[illegible] တစ်နေရာတွင် ရုတ်တရက် စဉ်းစားသလို ခေတ္တရပ်လိုက်[illegible] နောက်မှ ပို၍လူရှင်းသော လမ်းတစ်လမ်းထဲသို့ ချိုးဝင်လာ[illegible] ခဲ့သည်။

သူတို့နှစ်ယောက်သည် ရည်ရွယ်ချက်မရှိဘဲ ခြေဦးတည့်[illegible] လျှောက်သွားနေကြသည်။ တစ်လမ်းဝင် တစ်လမ်းထွ[illegible] လျှောက်လာခဲ့ကြသည်။ လီစာက သူမ၏ လက်ပတ်နာရီ[illegible] ငုံ့ကြည့်လိုက်သည်။ ကိုးနာရီထိုးပြီးပြီ။



ကိုလိုနာကီလမ်းအတိုင်း လျှောက်လာခဲ့ကြပြီး သီယိုဒို[illegible] င် ဘုရားရှိခိုးကျောင်းကို လွန်လာသောအခါ အီယိုကူလမ်း[illegible] ထဲသို့ ရောက်လာကြသည်။

မောရစ်ဆင်သည် အီယိုကူလမ်းမကြီးအတိုင်း လှမ်းမျှော်[illegible] ကြည့်လိုက်ရာ လမ်းမကြီး၏ အလယ်ဗဟိုလောက်တွင် [illegible]ကြေးနန်းရုံး အဆောက်အအုံကြီးကို တွေ့မြင်ရသည်။ သူ[illegible] အေသင်မြို့သို့ရောက်စက သည်ကြေးနန်းရုံးသို့ နေ့တိုင်းလိုလို [illegible]လာ၍ ကြေးနန်းစာများပေးပို့ခဲ့ရသည့် အဖြစ်ကို ပြန်လည် [illegible]သတိရနေမိသည်။ ကြေးနန်းရုံးကြီး၏ ရှေ့နားတွင်မူ အမျိုး[illegible] [illegible]ားဘာဏ် အဆောက်အအုံကြီးသည် ထီးထီးကြီး ရှိနေ[illegible]သည်။

'ကျွန်တော်တို့ ဒီကနေ ဘယ်ဆက်သွားရမလဲ' မောရစ်ဆင် [illegible] မေးလိုက်သည်။ လီစာသည် မောရစ်ဆင်နှင့် လက်မောင်း[illegible] [illegible]င်း ချိတ်ထားရာမှ ဖြုတ်လိုက်သည်။

'အီယိုကူလမ်းမကြီးအတိုင်း လျှောက်ကြမယ်'

မောရစ်ဆင်သည် သူ့အိတ်ထဲမှ ဆေးတံကိုထုတ်၍ မီးညှိ[illegible] [illegible]က်သည်။ မီးရောင်ကြောင့် လီစာ၏ မျက်နှာမှာ ဝင်းခနဲ [illegible]သွားသည်။ သူမ၏ မျက်လုံးများမှာ မှုမမှုန်ဘဲ ဖြစ်နေ[illegible] [illegible]သည်။ မီးငြိမ်းသွားသည်။

'ခဏနေဦး' သူမက ရုတ်တရက်ပြောလိုက်သည်။ 'အ[illegible] [illegible]ါသေးတယ်၊ လာ....လာ....ရှင့်ကို ကျွန်မ တစ်ခုလို[illegible] [illegible]'

www.burmeseclassic.com

www.burmeseclassic.com

လီစာသည် မောရစ်ဆင်အား အီယိုကူလမ်းမကြီးကိုပြ၍ ခေါ်လာသည်။

'ကျွန်မတို့ဆီမှာ လမြည့်နေ့ လသာတာကို အင်မတန် မြင်ရခဲ့တယ်'

လီစာက ပြောလိုက်သည်။

'ဂရိနိုင်ငံကို ရောက်လာတဲ့လူတိုင်း အက္ကရိုပိုလစ်အဆောက်အအုံတွေကို လသာတဲ့ညမှာ မကြည့်ရသေးဘဲနဲ့ အိမ်ကိုမှ မပြန်ကြဘူး'

လီစာသည် တဖြည်းဖြည်း မသိမသာ မြင့်သည်ထက်မြင့်လာသော လမ်းမကြီးအတိုင်း မောရစ်ဆင်အား ခေါ်လာခဲ့၏။ အတော်ကလေးကြာလာသောအခါ သူတို့နှစ်ယောက်သည် အေသင်မြို့၏ အမြင့်ဆုံး နေရာသို့ ရောက်လာကြသည်။

အမြင့်ပေ ၂၆၀ ခန့်ရှိသော သည်နေရာတွင် ရှေးရှေးက ခေါ်မလူမျိုးတို့၏ ဗိသုကာလက်ရာ အဆောက်အအုံများကြီးများသည် လရောင်မှအောက်တွင် ခမ်းနားလှပစွာဖြင့် ကြည့်မဝအောင် ရှိနေကြသည်။

သည်နေရာ သည်တောင်ကုန်း၏ အောက်ဘက်တွင် လရောင်ဖျန်းထားသော အေသင်မြို့ကို မီးရောင်တလက်လက်ဖြင့် မြင်နေရသည်မှာ ကြည်နူးစရာ လှမ်းဆွတ်စရာကောင်းလှသည်။



အနောက်ဘက်တစ်ခိုမှ ပင်လယ်ပြာကြီး တစ်မြင်လုံးမှာလည်း လရောင်အောက်တွင် ငွေမှုန်များကြဲထားသလို ဖြစ်နေသည်။

မောရစ်ဆင်သည် အက္ကရိုပိုလစ် အဆောက်အအုံကြီး၏ တောင်ဘက် နံရံကြီးကို ငေးကြည့်နေမိသည်။ မာဘယ်ကျောက်ပြားမြင့်ကြီးသည် လရောင်ဖြင့် ရောင်ပြန်ဟပ်လျက် တလက်လက် ဖြစ်နေသည်။

မောရစ်ဆင်သည် လီစာဘက်သို့ မျက်နှာ လှည့်လိုက်ပြီး သူမကို စိုက်ကြည့်လိုက်သည်။

သူမ၏ မျက်လုံးများထဲတွင် ညိုးငယ် နွမ်းလျသော အရိပ်အယောင်များကို အထင်အရှား မြင်နေရသည်။

'ဒီမယ်...လီစာ၊ တကယ်က ကိုယ့်အတွက် လူတစ်ယောက်နဲ့ အဆက်အသွယ် ရထားတယ်ဆိုတာ မဟုတ်ဘူး မဟုတ်လား ဟင်....ပြောစမ်းပါဦး' မောရစ်ဆင်က သူမ၏ မျက်နှာကို စိုက်ကြည့်ခနရင်းက ဖြည်းညင်းစွာ မေးပြောလိုက်သည်။

လီစာသည် ရုတ်တရက်မဖြေပြောနေရာမှ သတိပြန်ရလာသူ တစ်ယောက်ကဲ့သို့ သူမ၏ ကိုယ်လုံးကလေးကို မောရစ်ဆင်၏ ရင်ခွင်ထဲသို့ ပွေးကပ်ထားလိုက်ပြီး မောရစ်ဆင်အား ဖက်ထားလိုက်မိသည်။

ထို့နောက် သူမ၏ ဦးခေါင်းကို မောရစ်ဆင်၏ ရင်ဘတ်တွင် ကပ်ကာ တရှုပ်ရှုပ်ဖြင့် ခေါင်းငုံ့၍ ငိုလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



‘ဗာစီလီ…ကျွန်မကို ဖက်ထားစမ်းပါ ဗာစီလီရယ်၊ ဖက်ထားစမ်းပါ’ ရှိုက်သံများအကြားမှ သူမ၏ စမ်းနည်း ယဲ့နည်းဖြင့် ပျာပျာသလဲ ပြောလိုက်သော အသံများ ကြားပေါ်လာသည်။

‘ဘယ်လိုဖြစ်တာလဲ လီစ၀၊ ကိုယ့်ကို ပြောပါဦး’

‘ကျွန်မကိုသာ ဖက်ထားစမ်းပါ ဗာစီလီရယ်၊ တအားဖက်ထားစမ်းပါ’

မောရစ်ဆင်သည် သူမအား သိမ်းကျုံး၍ ဖက်ထားလိုက်ရာ သူမသည် သူ၏ရင်ခွင်ထဲတွင် ရှိုက်ကြီး တငင်ငင်ဖြင့် ငိုကြွေးနေသည်။ သည်ခဏတွင် တစ်ယောက်ကို တစ်ယောက် တင်းကျပ်စွာ ဖက်ထားလိုက်မိကြ၏။

ခဏအကြာတွင် လီစာသည် မောရစ်ဆင်၏ ရင်ခွင်ထဲမှ ထွက်လိုက်ပြီး မလှမ်းမကမ်းမှ ကျောက်တုံးတစ်ခု ရှိရာသို့ သွား၍ ခေတ္တမျှ မှီနေလိုက်သည်။ ပြီးမှ…‘ကိုင်း…ဗာစီလီ ကျွန်မရှင့်ကို ဟိုအိမ်ကိုပဲ ပြန်ပို့မယ်၊ လာ သွားကြစို့’

အပြန်တွင် လီစာသည် တစ်လမ်းလုံး စကားမပြောဘဲ ငြိမ်လာခဲ့သည်။ သူမတစ်ကိုယ်လုံးမှာ ပန်းလျလျဖြစ်နေ၏။ မောရစ်ဆင်မှာလည်း ခေါင်းထဲတွင်အတွေးများဖြင့် ချာချာလည်နေသည်။

ပါလီခိုရာ ရွာကလေးကိုပဲ ပြန်သွားရကောင်းမလား၊ ဒါမှမဟုတ် ကိုယ့်အဆက်အသွယ်နဲ့ကိုယ်ရှာပြီး ဒီနိုင်ငံက ထွက်ပြေးရမလား…။



သို့သော် ဒါတွေအားလုံးမှာ အပြော လွယ်သလောက် အလုပ်ခက်လှသည်ကို သူကောင်းကောင်း နားလည်ထားပြီး ဖြစ်နေသည်။

ဘာပဲဖြစ်ဖြစ် ဒေါက်တာ သက္ကရေးနှင့် တွေ့ဖို့ ရှိနေသေးသည် ဖြစ်ရာ သည်အတောအတွင်း လီစာ၏ အရိပ်အခြည်ကို စောင့်ကြည့်ရဦးမည် ဖြစ်၏။

သူတို့နှစ်ယောက် အိမ်ကလေးသို့ ပြန်ရောက်လာကြ၏။

လီစာသည် ခုတင်ပေါ်တွင် နွမ်းရိစွာဖြင့် ထိုင်လိုက်လေသည်။

‘ကျွန်မ ဝမ်းနည်းပါတယ်’ သူမက စ၍ ပြောလိုက်လေသည်။

‘လန်းသွားအောင် ဝိုင်နည်းနည်း သောက်လိုက်ပါလား’

‘ဟုတ်ကဲ့…ကျေးဇူးပါပဲ’

သူမသည် မောရစ်ဆင်၏ လှမ်းပေးသော ဖန်ခွက်ထဲမှ ဝိုင်တစ်ငုံစာလောက်ကို သောက်လိုက်သည်။ မျက်နှာမှာ အနည်းငယ် လန်းလာသည်ဟု ထင်လိုက်ရ၏။

သူမသည် ခုတင်ပေါ်မှ ထလိုက်၏။ ပြန်တော့မည်။ မောရစ်ဆင်က လက်ပတ်နာရီကို ကြည့်ပြီး ရုတ်တရက် ပြောလိုက်သည်။

‘ဟင်…ညမထွက်ရ အချိန်တောင် ရောက်နေပြီ’

သူမသည် ဘာမှ ပြန်မပြောဘဲ ငြိမ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

'ကဲ....ပါလေ၊ ဒီတစ်ညတော့ ဒီမှာပဲ အိပ်လိုက်ပါ'

သည်အချိန်မှတော့ လုံးဝပြန်လို့ မဖြစ်တော့၊ ဂျာမန်
ုံ၏ ညမထွက်ရ အမိန့်သည်တကယ်ပင်ကြောက်စရာကောင်း
ည်။

လီဇာသည် သည်မှာပင် အိပ်ရတော့မည်ဖြစ်၍ သူမ၏
ခေါင်းကုတ်အင်္ကျီကို ဖြည်းညင်းစွာ ချွတ်လိုက်၏။ပြီးနောက်
တင်ပေါ်သို့ ထိုင်လိုက်ပြီး ဖိနပ်နှစ်ဖက်ကို ချွတ်လိုက်လေ
ည်။

'ကျွန်တော်တို့လည်း ဒီလို ခုတင်မျိုးတွေနဲ့ချည်း တွေ့နေ
တော့ တာပါပဲ' မောရစ်ဆင်သည် စကားမရှိ စကားရှာ၍
ပြောလိုက်၏။ 'ကဲ....ကဲ....အိပ်တော့၊ခင်ဗျားကို ကျွန်တော်
စောင်ခြုံပေးမယ်'

မောရစ်ဆင်သည် သူ့ ခုတင်ပေါ်မှ စောင်ကို ယူလာပြီး
အခြားခုတင်ပေါ်တွင် ခွေခွေကလေး လှဲနေသော လီဇာ
အား ဖြည်းညင်းစွာ ခြုံပေးလိုက်သည်။

သို့ နောက် သူသည် မီးခလုတ်ရှိရာသို့ သွား၍နှိပ်လိုက်၏။
ာစ်ခန်းလုံး မှောင်သွားသည်။

မောရစ်ဆင်သည် သူ့ခုတင်ရှိရာသို့မှန်း၍ လာခဲ့ပြီး ခုတင်
ပေါ်တွင် လှဲချလိုက်သည်။ နောက် မှောင်ထဲတွင် မျက်လုံး
များ ဖွင့်၍ ဘာမှမမြင်ရဘဲ စိုက်ကြည့်နေမိသည်။

တစ်ဖက် ခုတင်ပေါ်မှ လီဇာ၏ အသက်ရှူသံများကို
ာ ကြားနေရသည်။ သူမနှင့်အတူ လက်ချင်းချိတ်၍ကောင်း
ာက်ရပုံများနှင့် အေးသင့်မြို့ ကုန်းမြင့်ပေါ်တွင် ...
၍ ရှုက်ကြီးတင်ငံ ငိုကြွေးခဲ့ပုံများကို မျက်စိထဲ၌ပင်
မြင်ယောင်နေမိသည်။

'ဗာဗီလီ' သူမ၏ အသံမှာ ညင်သာစွာ တိုးတိုးကလေး
သည်။ 'အိပ်ပြီလား'

'မအိပ်သေးပါဘူး'

အမှောင်ထဲတွင် သူမ ခုတင်ဘက်မှ လှုပ်ရှားသံများ ကြား
ည်။ နောက် သူ့ ခုတင်ရှိရာသို့ လာနေသော ခြေသံ
ဖွ....။

သူ့ ခုတင်မှာ ငြိမ့်ခနဲ ဖြစ်သွားသည်။သူမသည် သူ့ ခုတင်
နှုန်းတွင် ဝင်ထိုင်လိုက်ခြင်း ဖြစ်သည်။

နောက်တော့ သူမ၏ လက်တစ်ဖက်သည် သူ၏ ခေါင်းမှ
င်များကို လာ၍ စမ်းသည်။ ဖွသည်။ 'ကျွန်မအတွက်
ာ့ ရှင့်မှာ ဒုက္ခမရောက်စေရ ပါဘူးရှင်'

မောရစ်ဆင်သည် သူမ၏ ကိုယ်လုံးကလေးကို သူ့ ဘေးသို့
လိုက်သည်။ 'လီဇာ....လီဇာရယ်'

www.burmeseclassic.com

www.burmeseclassic.com

## တတိယမြောက် နေ့တွင်

နောက် နှစ်ရက် ကြာသွားသည်။ သည် နှစ်ရက်ဝ
လီစာ တစ်ယောက် ပေါ်မလာဘဲဖြစ်နေသည်။

မောရစ်ဆင်မှာ အစဉ်းစားရ ကျပ်နေမိသည်။ လီစာ
အပြုအမူကို နားမလည်နိုင်အောင် ဖြစ်မိသည်။ သူ့
အရွဲ့လုပ်သွားတာပဲလား၊ ဘာပဲဖြစ်ဖြစ် လီစာသည် အ
ရခက်သော မိန်းမများထဲတွင် ပို၍ အသိရခက်သည့် မိန်း
မျိုး ဖြစ်သည်။

သူမ၏ အမူအရာ တည်ငြိမ် သိမ်မွေ့သလောက် သူ
စိတ်ဓာတ်မှာ အေးစက်စက် နိုင်လှသည်ဟု ထင်မိသည်
ယဉ်ယဉ်ကလေးနှင့် လှသလောက် အေးအေး ကလေးနှ
ရက်စက်မည့် ရုပ်မျိုးဖြစ်သည်။



သူ့အတွက် လီစာသည် အန္တရာယ်ပေးမည်ဆိုက ကောင်း
ကောင်းကြီး ပေးနိုင်သည်ကို သူ ယခုမှ အလေးအနက် စဉ်း
ား မိသည်။ ဘယ်လို မိန်းမမျိုးလဲ၊ သူပြန်မှ လာပါတော့
ည်လား။

ဘာပဲဖြစ်ဖြစ် မောရစ်ဆင်သည် လီစာကို တသသ ဖြစ်နေ
သည်။ မိမိက သူမကို တသသ ဖြစ်နေသလို သူမကလည်း
မိအား သတိရကောင်း ရနေမည် ဟူ၍လည်း သူတွေးမိ
သည်။

ဒါမှမဟုတ် လီစာသည် ယောကျ်ားတကာနှင့် သည်လို
းတတ်သည့် မိန်းမစားမျိုးပေပဲလား။

လီစာကို စွဲစွဲ လမ်းလမ်း ဖြစ်နေမိရာမှ ကွယ်လွန်သူ
နီး အယ်လီကို သတိရမိပြန်သည်။ အယ်လီကို သူ စွဲစွဲ
မ်းလမ်း ချစ်ခဲ့သည်။ အသည်းနှစ်အောင် ချစ်ခဲ့သည်။

အယ်လီ မမျှော်လင့်ဘဲ သေဆုံးသွားသောအခါ သူ့
ံးသားထဲမှ အချစ်ဆိုသောအရာသည် အယ်လီနှင့် အတူ
ဆုံးသွားပြီဟု မှတ်ယူလိုက်မိသည်။ နောက်ထပ် ဘယ်သူ့
မှ ချစ်၍ရတော့မည် မဟုတ်ဟု သူထင်မှတ်ခဲ့သည်။

သည် ပြဿနာနှင့် ပတ်သက်၍ သူ ရေးခဲ့သည့် ဝတ္ထု
ပုဒ်ကို ပြေးသတိရမိသည်။ သူ တစ်ခါက မိန်းကလေး
ယောက်အပေါ် ထာဝစဉ် အသက် ထက်ဆုံး စွဲလမ်း

www.burmeseclassic.com

www.burmeseclassic.com



ချစ်ခင်သွားသောလူတစ်ယောက်အကြောင်းကို ဝတ္ထုရေး
သည်။

သည်ဝတ္ထုကို ဖတ်ပြီးသည့် အခြားမဲ့၌ သူ့ထိုက်
က 'သည်လို တစ်ယောက်တည်းကိုသာ ချစ်တတ်သည့်
စစ် အချစ်မှန်မျိုးသည် စိတ်ကူးယဉ်ဝတ္ထုများထဲတွင်သာ
အပြင်လောကတွင် လုံးဝမရှိ'ဟု သူ့ကို ရက်ရက် စ
ဝေဖန်ခဲ့ဖူးသည်။

တကယ့်အဖြစ်တွင် ယောကျ်ားတစ်ယောက်သည်
ဆိုသောအရာကို ကြိမ်ဖန်များစွာ တွေ့တတ်၍ ကြိမ်ဖ
စွာ ချစ်တတ်ကြသည်။

ပစ္စ သူ့ နေရာနှင့် သူ၊ သူ့ အနှစ်နှင့်သူ၊ အားလုံး သူ့
သူ့ဟန်ဖြင့် အချစ်စစ် အချစ်မှန် များသာ ဖြစ်သ
တတ်ဝေသူက သူ့ကို ရှင်းပြခဲ့ဖူးသည်။ ဒါကို ဟိုတု
သူ လက်မခံခဲ့၊ သဘောမပေါက်ခဲ့၊ ယခုတော့မှ သူ လ
လာမိသည်။ သဘောပေါက်လာမိသည်။

သည် အယူအဆ၊ သည် သဘောတရားအရဆိုလျှင်
ယခု လီစာအား စွဲစွဲလမ်းလမ်း ဖြစ်နေသည်မှာ အချ
အချစ်မှန်၏ သဘောပင်ဖြစ်သည်။ အကယ်၍ လီစာ
အယ်လီကဲ့သို့ ရုတ်တရက် မတော်တဆ သေဆုံးသွားခဲ့
သော် လည်းကောင်း၊ ဒါမှ မဟုတ် ယခုလို သူ့ ထံမြန်
တော့ဘဲ လုံးဝပျောက်ကွယ်သွားခဲ့လျှင်သော်လည်းကော



လီစာသည် လုံးဝ ပျောက်ကွယ် မသွားခဲ့။ သူ့ ထံသို့
တတိယ နေ့တွင် မမျှော်လင့်ဘဲ ရောက်လာသည်။ သို့သော်
ခါတိုင်းလို ညဘက်တွင်မဟုတ်ဘဲ နေ့ခင်းဘက် မွန်းတည့်
အချိန်လောက်တွင် ထူးထူးခြားခြား ရောက်လာခြင်း ဖြစ်
လေသည်။

လီစာ၏ ခြေသံကို မောင်ရစ်ဆင် ကောင်းကောင်း မှတ်မိ
သည်။

တံခါးပွင့်လာပြီး လီစာ ဝင်လာသည်။ အလျင်ကထက်
ပို၍ လှနေသည်။ ပို၍ယဉ်နေသည်။ ပို၍ချောနေသည်။

သို့သော် လီစာ၏အမူအရာမှာတက်ကြွ ဖျတ်လတ်မှုမရှိဘဲ
ခပ်လေးလေး ခပ်အေးအေး ဖြစ်နေသည်။ သူမ၏ အသံမှာ
လည်း အေးတိအေးစက် နိုင်လှသည်ဟု ထင်ရသည်။

'ဒီနေ့ည ရှင် တစ်ယောက်တည်း အေသင်မြို့ထဲကို သွားရ
လိမ့်မယ်၊ည ကိုးနာရီတိတိမှာ ဗဟိုပန်းခြံနားက အန်ဒရီးယား
ကဖေးရဲ့ လမ်းဘေး စားပွဲတစ်လုံးမှာ ရှင်ထိုင်နေပါ၊ ရှင့်ကို
နီကိုဆိုတဲ့ လူတစ်ယောက်က လာပြီး ဆက်သွယ် လိမ့်မယ်၊
သူက အင်္ကျီ ဘောင်းဘီဝတ်စုံ အနက်ရောင် ဝတ်ထားလိမ့်
မယ်၊ အဲဒီ နီကိုဆိုတဲ့လူက ရှင့်ကို ဒေါက်တာ သတ္တဗေဒဆီ
ခေါ်သွားလိမ့်မယ်'

လီစာသည် သူမ၏ စကားအဆုံးတွင် လှည့်ပြန်၍ တံခါး
ဆီသို့ ခပ်ဖြည်းဖြည်း လျှောက်သွားပြီး တံခါးကို ဖွင့်လိုက်
သည်။

www.burmeseclassic.com

www.burmeseclassic.com



'လီစာ....ကိုယ် မင်းကို နောက်ထပ်တွေ့ရဦးမှာလား

'မတွေ့ရတော့ဘူး' သူမသည် အပြင်သို့ ကူနြွေရှရဖြင့် ထွက်သွားသည်။

## ထူးဆန်းသော လူတစ်ယောက်

ည ရှစ်နာရီ....။

မောရစ်ဆင်သည် သူ၏ ပစ္စတိုသေနတ်ကို ခါးကြားသို့ လိုက်သည်။ ထို့နောက် အခန်း ကလေးကို နောက်ဆုံး ကြိမ် သိမ်းကျုံးကြည့်လိုက်ပြီး အပြင်သို့ ထွက်လာခဲ့သည်။

ဓာတ်ရထားမှတ်တိုင်အထိ ခြေကျင် လျှောက်လာခဲ့ပြီး တ်ရထား တစ်စီးပေါ်သို့ တက်၍ လိုက်ပါလာခဲ့သည်။ သည် တစ်စက်ခန့်မျှသာ စီးနင်းလိုက်ပါလာသော ဓာတ် ား သည် အေသင်မြို့ထဲ ကသို့ ထွက်လာခဲ့သည်။

မြို့တွင်း တစ်နေရာတွင် ဓာတ်ရထားပေါ်မှ ဆင်းလိုက် ာအခါ ရှစ်နာရီခွဲလုနီးပါး ရှိနေပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မောရစ်ဆင် သည် အနည်းငယ် ဆာသလိုလို ဖြစ်... သည်။ အချိန် အနည်းငယ် စောနေ သေး သဖြင့် ဘဲ... ဇင်းဖြူးလမ်းနှင့် ကီဖစ်ရှူးလမ်းဆုံမှနေ၍ အခြား ... ၅ထား တစ်စီး ပေါ်သို့ တက်လိုက်ခဲ့ပြန်သည်။ သည် ... ရထားပေါ်တွင်မူ လူများပြည့်ကျပ်နေသည်။ဂျာမန်စစ်... တော်တော်များများကိုလည်း တွေ့ရသည်။

ဓာတ်ရထားသည် အမေရိကန်သံရုံး အဆောက်အ... ကျော်လာသည်။ သံရုံးရှေ့တွင် အပြာရောင်ဝတ်စုံ ... ဖောင်းများဖြင့် လက်နက်ကိုင် အမေရိကန် ရေတပ်... နှစ်ယောက် အစောင့်တာဝန်ကျနေသည်ကို တွေ့ရ၏။ အ... ရိကန် အလံကိုလည်း သံရုံးရှေ့ကွက်လပ်တွင် တလူလူလွင့်... သည်ကို မြင်ရသည်။

ဗဟိုပန်းခြံမှ နာရီကြီးသည် ကိုးနာရီထိုးရန် ဆယ်... အချိန်ရှိပြီဖြစ်ကြောင်း ညွှန်ပြနေသည်။ မောရစ်ဆင်... ပန်းခြံကို ဖြတ်ကျော်လာခဲ့သည်။

အန်ဒရီးယား ကဖေး....

သည်ဆိုင်မှ လမ်းဘေးပလက်ဖောင်းပေါ်တွင် ခင်း... သော စားပွဲများမှာ အားလုံးလိုလို လူများ ပြည့်... သည်။

တချို့စားပွဲများတွင် ဂျာမန် စစ်သားများနှင့် အမျိုးသမီးကလေးများကို တွေ့ရသည်။ တစ်နေရာ...



အမေရိကန်သုံးယောက် စကားကောင်းနေကြ၏။ ဂရိ အမျိုးသား ဟူ၍ ပြောပလောက်အောင် မတွေ့ရ။

မောရစ်ဆင်သည် လမ်းနှင့် ကပ်နေသော စားပွဲလွတ် တစ်လုံးတွင် ဝင်ထိုင်လိုက်၏။ ဆိုင်မှ စားပွဲထိုးတစ်ယောက်သည် မောရစ်ဆင်အား သဘောမကျသည့်မျက်နှာဖြင့် လှမ်းကြည့်လိုက်သည်။

သူတို့သည် ဂရိအမျိုးသား အချင်းချင်း လူရာသွင်းချင်ပုံ မရကြောင်း မောရစ်ဆင် ရိပ်မိလိုက်သည်။ သူက ဝိုင်အရက် တစ်ပုလင်း လှမ်းမှာလိုက်ပြီး ဟိုဟိုသည်သည် ဘယ်ကိုမှ လှည့်မကြည့်ဘဲ ခပ်တည်တည်ဖြင့် ဣန္ဒြေရရ ထိုင်နေလိုက်သည်။

စားပွဲထိုးတစ်ယောက်က ဝိုင်တစ်ပုလင်း လာချပေးရာ ယူ၍ သောက်နေခဲ့၏။

ကိုးနာရီထိုးပြီ။

အမျိုးသမီး တစ်ယောက်သည် သူ့စားပွဲနားမှ ဖြတ်သွားပြီး သူ့ဘက်သို့ လှည့်ကြည့်လိုက်သည်ကို တွေ့ရသည်။ သို့သော် မောရစ်ဆင်၏ သားသားနားနားမရှိသည့်အသွင် အပြင်ကို မြင်လိုက်ရသဖြင့် ချာခနဲ ပြန်လှည့်ထွက်သွားသည်။ မောရစ်ဆင်သည် နောက်ထပ်ဝိုင်တစ်ခွက်ထပ်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုးနာရီငါးမိနစ်။

ကိုးနာရီ ဆယ်မိနစ်။

စိုင်တစ်ခွက် နောက်ထပ် မှာလိုက်သည်။ တော်တော်ကလေး အချိန်ရလာသည်။ မောရစ်ဆင်သည် ခပ်လှမ်းလှမ်း ပန်းခြံထဲမှ နာရီကြီးကို ကြည့်လိုက်သည်။ နောက်ထပ် ငါးမိနစ် စောင့်ကြည့်လို့မှ အကြောင်းမထူးရင် သည်နေရာမှ ထသွားတော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်သည်။

'ကျွန်တော် ခဏ ထိုင်ပါရစေ'

ခပ်ဝဝလူတစ်ယောက်သည် ပြောပြောဆိုဆိုဖြင့် မောရစ်ဆင်၏ မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ လူက ဝသလောက် သူ့မျက်နှာကြီးမှာ ခွေးဘီလူး မျက်နှာလို ရောမ အကြီးကြီးဖြစ်နေသည်။

သူ့လက်တစ်ဖက်တွင် သံလွင်သီးခြောက်များ ပါသည့် ပန်းကန်ပြားတစ်ချပ်နှင့် တခြားတစ်ဖက်တွင် အရက် ဖန်ခွက်တစ်ခွက်ကို ကိုင်ထားရာမှ ပန်းကန်ပြားကို စားပွဲပေါ် သို့ချလိုက်သည်။ အတော်ကလေးဟောင်းနေဟန်တူသော အဖြူရောင် ဝတ်စုံကို ဖိုသီဖတ်သီ ဝတ်ထားသည်။

'ကျွန်တော် ဒီစားပွဲမှာ လူတစ်ယောက်ကို စောင့်နေတာပါ'

မောရစ်ဆင်က ထိုလူကို ပြောလိုက်သည်။



'နိုကို ဒီနေ့ည မလာနိုင်ဘူး၊ သူ...သူ...ခရီးလွန်နေတယ်'

သူ့အသံမှာ အမေရိကန် လေသံမျိုး ဖြစ်သည်။ သူက စီးကရက် တစ်လိပ်ကို မီးညှိလိုက်သည်။ မောရစ်ဆင်သည် ထိုင်ရာမှ ထလိုက်သည်။

'ကျွန်တော်သာ ခင်ဗျားလိုနေရာမျိုးဆိုရင် ဘယ် ဒီလို ထသွားမလဲ၊ အခု ကျွန်တော် တစ်ချက်အော်လိုက်တာနဲ့ ခင်ဗျား ဒီနေရာက ပြေးမလွတ်တော့ဘူး'

မောရစ်ဆင်က ဘာမှပြန်မပြောဘဲ ငြိမ်နေသည်။

ခင်ဗျား ကြည့်ရတာ မဟုတ်မှုလုပ်ခဲ့ရော၊ အီဂျစ်ကို အမြန်ဆုံးရောက်အောင် သွားမယ့် သင်္ဘောတစ်စင်းကို လိုက်ရှာနေပုံရတယ်၊ ဒါဆိုရင် ခင်ဗျားကို ကျွန်တော် အကူအညီပေးနိုင်ပါလိမ့်မယ်'

'ကျွန်တော်က ဂရိတိုင်းရင်းသားပဲ၊ ခင်ဗျား အခုပြောနေတာတွေ ကျွန်တော် ဘာမှမသိဘူး'

'ဒီမယ် မိတ်ဆွေ...ကျွန်တော်ဟာ ဒီနိုင်ငံမှာ ဆယ့်နှစ် နှစ်လုံးလုံး သတင်းထောက်လုပ်လာတဲ့လူပါ၊ လူတစ်ယောက်ကို မြင်လိုက်တာနဲ့ ဒီလူဟာ ဂရိလူမျိုး မဟုတ်ဘူး ဟုတ်တယ် ဆိုတာ ခက်ခနဲ ပြောနိုင်ပါတယ်'

'ကောင်းပြီ...ဒီလိုဆို ကျွန်တော် အမှန်အတိုင်းပြောမယ်၊ ကျွန်တော်က ဗြိတိသျှလူမျိုး တစ်ယောက်ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုမှပေါ့....ဒါဆိုရင်လဲ ပြီးတာပါပဲ'

ထိုလူသည် ခပ်လှမ်းလှမ်းမှ စားပွဲထိုးကို လက်မြှောက်ပြ ...ုက်ပြီး ဝိုင်တစ်ပုလင်း ထပ်မှာလိုက်သည်။

'ခင်ဗျား ကျွန်တော့်ကို ဘယ်လိုလုပ်မှ်ဦးမလို့လဲ' မောရစ် ...ခင်က ခပ်တည်တည် မေးလိုက်၏။

'ခင်ဗျားကို ဘယ်လိုလုပ်မှ်ဦးမလို့လဲ၊ ဟုတ်လား၊ ဒီမယ် ...ကိုယ့်လူ၊ ကျုပ်နာမည်က ဂျူးလိယပ်ချက်စနေ့တဲ့၊ 'နယူး ...ယောက်စတားဘူလက်တင်' သတင်းစာက နိုင်ငံခြား သတင်း ...ထောက် တစ်ယောက်ပါ၊ ခင်ဗျား ကျုပ်ရေးတဲ့သတင်းတွေ ...ဖတ်ဖူးဘူးလား၊ ကျုပ်သတင်းတွေကို လန်ဒန် တိုင်းသတင်း ...စာကတောင် တစ်ဆင့် ထပ်ထည့်ပေးရတာ'

'ကျွန်တော်က နယူးဇီလန်ကပါ'

'အား....ကောင်းတယ်၊ နယူးဇီလန်သားတွေကို ကျုပ် သဘောကျတယ်၊ ဒါ့ထက် ခင်ဗျားနာမည်....'

'ဂျေလင်ဒန်ပါ'

ဝိုင်ပုလင်း ရောက်လာသည်။ သူက ဆက်ပြော၏။

'ကျုပ်မှာ ဒီကနေ့ မြောက်အာဖရိကကို ဘာမှ အနှောင့် အယှက် မဖြစ်စေရဘဲ အမြန်ဆုံးနေ ရောက်အောင်ပို့ပေးနိုင် တဲ့ သင်္ဘောကက်ပတိန် တစ်ယောက်နဲ့ အဆက်အသွယ်ရ ထားတယ်'



'အဲဒါ ကျွန်တော်က ဘာလုပ်ရမှာလဲ'

'အဲဒီသင်္ဘောနဲ့လိုက်ဖို့ ခင်ဗျား ငွေဘယ်လောက်ပေးနိုင် ...ဲ'

'ဒါတော့ ကျွန်တော် ဘယ်ပြောတတ်မလဲ'

'ဒီမယ်....အဲ....အဲဒါဆိုရင် ငွေသုံးသောင်းလောက်ပေးမှ ...မယ်'

'ကျွန်တော့်မှာ အဲဒီလောက်ငွေ မရှိပါဘူး'

'ဒါလောက်ကတော့ အသေးအဖွဲပါ၊ တကယ်လို့သာ ...ား အဲသလို သွားချင်တယ်ဆိုရင် ခင်ဗျားအတွက် အာ ...ငွေ ထုတ်ချေးမယ့် ဂရိ ကုန်သည်တစ်ယောက်နဲ့လဲ ကျုပ် ...ပေးနိုင်ပါတယ်....'

'ဒီမယ်ချက်စနေ့.... ဒါမျိုးတွေ ရိုးနေပါပြီဗျာ။ ဘာလဲ ...ားက အဲဒီဂရိကုန်သည်နဲ့ ကျွန်တော့်ကိုဆက်ပေးပြီး ...အတွက် သူ့ဆီက အာမခံငွေလဲရရော၊ ကျွန်တော့်ကို ...တောပိုလက်ထဲ ထိုးအပ်ပြီး ဂျာမန်တွေဆီကတစ်ခါ ဆု ...ထုတ်ယူဦးမယ် မဟုတ်လား'

'...ဘာ ဒီလိုမဟုတ်ပါဘူးဗျာ.... မဟုတ်ရပါဘူး၊ ဒီလိုပြော ...ာက်တော့ ခင်ဗျား အဲဒီလို ဗရုတ်ကျတဲ့ လူတွေနဲ့ ...းပြီ ထင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် စကားပြတ်သွားသည်။ ဂျာမန် စစ်သား… တစ်ယောက်နှင့် အမျိုးသမီးတစ်ယောက် ဆိုင်ထဲသို့ ဝင်လာ… ကြပြီး မောရစ်ဆင်တို့ စားပွဲနားတွင် နေရာလွတ် ရှာ… ကြသည်။

သို့သော် လုံး၀ ဖိုင်စရာနေရာ ရှာမတွေ့သဖြင့် ဂျာ… စစ်သားနှင့် သူ့အတွဲသည် ဆိုင်ထဲမှပြန်ထွက်သွားကြသ…

ချက်စနေ့က စကားပြန်ဆက်သည်။

'ဒီမှာဂျေ…၊ ကျုပ်တစ်ခုပြောမယ် ခင်ဗျားအခု ဒီ… ဆက်သွယ်ဖို့ ဒီကိုလာခဲ့တာပဲ၊ ဒ ပေမယ့် နိုကိုကရော… အောက် အဖွဲ့ကရော ခင်ဗျားကို ဘယ်လိုမှ မကူညီနိုင်ပါ… ဟောလ်ဆာနဲ့ သူ့တပည့် ဇာဗော့ဆိုတဲ့ ဂရိတစ်ယောက်… သူတို့လုပ်သမျှ အကုန်သိနေတာပဲ၊ ခင်ဗျား ဂက်စတာ… ဌာနချုပ်က ဟောလ်ဆာဆိုတဲ့နာမည် ကြားဖူးတယ် မဟု… လား'

'ပြောသံ ကြားဖူးပါတယ်'

မောရစ်ဆင်သည် သတင်းထောက် ချက်စနေ၏ အကြ… အမြင်များပုံကို အံ့သြနေမိသည်။

'အဲဒီတော့ ခင်ဗျားကို ကျုပ်ယောကျ်ားချင်းချင်း ပွင့်… လင်းလင်းနဲ့ ဘွင်းဘွင်းပဲ ပြောမယ်၊ ကျုပ်ဟာ ငွေလို… တယ်၊ ငွေမက်တယ်၊ ဒါ့ကြောင့် ဒီနည်းနဲ့ ငွေရှာနေတာ…



'ဒါဖြင့် ခင်ဗျားဟာ ဗြိတိသျှလူမျိုးတွေရဲ့ ကိုယ်ခန္ဓာတွေ နဲ့ စီးပွားရှာနေတာပေါ့ ဟုတ်လား'

'ဒီမယ်ကိုယ့်လူ၊ ဒီအချိန်မှာ ဒီဗြိတိသျှ စစ်သားတွေဟာ သိပ်ပြီး အိမ်ပြန် ချင်နေကြတာ ထိန်းမနိုင် သိမ်းမရဘဲ၊ နောက်တစ်ခုက ဘာပဲဖြစ်ဖြစ် ကျုပ်ကို တချို့လူတွေက အာဇာနည် ဝုဂ္ဂိုလ်ကြီးလို့တောင် သဘောထားနေကြတာ တွေလဲ ရှိနေပါသေးတယ်'

'ခင်ဗျား ကျွန်တော့်ကို တစ်ပတ်မရိုက်ဘူးဆိုတာ ဘယ် လိုလုပ် သိနိုင်မှာလဲ' မောရစ်ဆင်က အကဲစမ်း၍ မေးလိုက် သည်။

'ကျုပ်မျက်နှာ ကြည့်တာနဲ့ ကျုပ်ဟာ လူရိုး လူကောင်း တစ်ယောက်ဆိုတာ သိနိုင်ပါတယ်ဗျာ'

သူ့စကားကြောင့် မောရစ်ဆင်မှာ ပြုံးလိုက်မိသည်။ ဘာပဲဖြစ်ဖြစ် သူ့ကိုကြည့်ရသည်မှာ ချက်ချက်ချာချာ ရှိပုံရ သည်။ ပြီး ဗဟုသုတ အကြားအမြင်လည်းစုံသည်။ အသည် …င်က လျှို့ဝှက်ပြီး ထွက်သွားနိုင်ဖို့အတွက် သူနှင့် ဆက် …ယ်ရလျှင် အဆင်ပြေမည်ဟု ယူဆမိသည်။ ယုတ်စွအဆုံး …နွရာယ်မရှိနိုင်ဟု ယုံကြည်မိသည်။

'ကဲ ဒါဖြင့် ခင်ဗျားအစီအစဉ်က ဘယ်လို လုပ်မှာလဲ'

'အဲ အဲဒီလိုမှပေါ့…၊ ခင်ဗျားဟာ ကိစ္စတစ်ခုကို မှန်မှန် …ကန်ဖြစ်အောင် ဆုံးဖြတ်နိုင်တဲ့ လူတစ်ယောက်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်သိပါတယ်၊ အဲဒီတော့ နီကီစုအတွက် လာမယ့် ကြာသာပတေးနေ့ နေ့လယ် မွန်းတည့်ချိန်ကျရင် ဇာဟိုပန်းခြံ ဟိုဘက်နားက ပစ်ကာဒယ်လီကဖေးမှာ ကျုပ်နဲ့ လာတွေ့ပါ၊ ခင်ဗျားအတွက် အာမခံငွေ ထုတ်ပေးမယ့် ချူလီဗာဆိုတဲ့ လူဟို ခင်ဗျားနဲ့ မိတ်ဆက်ပေးမယ်၊ သူလုပ်ပေးလိုက်လို့ ဒီနိုင်ငံက လွတ်မြောက်သွားတဲ့ ဗြိတိသျှစစ်သား လေးယောက်တောင် ရှိသွားပြီ၊ အဲဒီလူတွေအားလုံး အင်္ဂလန်ကို ဘေးကင်းကောင်းမွန်မွန် ရောက်သွားကြပြီ’

‘တကယ်လို့ ခင်ဗျားကျွန်တော့်ကို မလိမ်တာပတ် လုပ်ရင် ခင်ဗျား ဘာဖြစ်သွားမယ်ဆိုတာကော သိရဲ့လား’

‘မသိပါဘူး ပြောပါဦး’

‘ခင်ဗျားကို သတ်ပစ်မယ်’

ချက်စနေက သက်ပြင်းတစ်ချက် ချလိုက်သည်။ ‘ဒီမယ်ဂျေ၊ ဒီအလုပ်မျိုးဟာ တကယ်တော့ လွယ်လွယ်ကလေးပါ၊ ဘာမှ မကြီးကျယ်ပါဘူး၊ ခက်လဲမခက်ပါဘူး၊ ဟင် ဟိုမှာ လူနှစ်ယောက် လမ်းဟိုဘက်မှာ အသာကြည့်လိုက်စမ်း တွေ့လား’

မောရစ်ဆင်သည် ချက်စနေ မျက်ရိပ်ပြ၍ လမ်းတစ်ဖက်သို့ မသိမသာ လှမ်းကြည့်လိုက်သည်။ ဂျာမန်ပုံစံ အရပ်ဝတ် အရပ်စားဖြင့် လူနှစ်ယောက်သည် အဆောက်အအုံတစ်ခုကိုမှီ၍ မတ်တတ်ရပ်ကာ စကားပြောနေကြသည်။



‘အဲဒီလူနှစ်ယောက်ဟာ ဂက်စတာပိုတွေပဲ၊ သူတို့အခုလို ဒီနားတစ်ဝိုက်မှာ မယောင်မလည် လာစောင့်နေကြတာဟာ ခင်ဗျားလို ဗြိတိသျှလူမျိုးတွေ ဒီနေရာလာလိမ့်မယ် ထင်လို့ စောင့်ကြည့်နေကြတာပဲ၊ ကေန္တ ခင်ဗျားကို နောက်ယောင်ခံ လိုက်နေပြီထင်တယ်၊ အဲဒီတော့ ခင်ဗျားအနေနဲ့ အာကျယ်သလောက် ဦးနှောက်ကောင်းမယ် ဆိုရင်တော့ ခင်ဗျားသူတို့ နှစ်ယောက်ကို အလွယ်ကလေးနဲ့ လိမ့်ထားခဲ့လို့ ရမှာပါ၊ ဒီကောင်တွေကတော့ ခပ်တုံးတုံးတွေပါ၊ အဲ အဲဒီတော့ လာမယ့် ကြာသပတေးနေ့ကျရင် ခင်ဗျားနဲ့ ပစ်ကာဒယ်လီကဖေးမှာ တွေ့ကြမယ်၊ ဟုတ်လား၊ ကဲ သွားမယ်’

ချက်စနေသည် ထိုင်ရာမှထ၍ ဆိုင်ထဲမှ ခပ်သုတ်သုတ် ထွက်သွားသည်။ မောရစ်ဆင်မှာ ရင်ထဲတွင် ဘာဒိတ်ဒိတ် ခုန်၍ ကျန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## နောက်ဖေး လမ်းကြားမှ အိမ်တစ်အိမ်

မောရစ်ဆင်သည် ဖန်ခွက်ထဲတွင် ကျန်နေသော ဝိုင်တစ်စက်ခန့်ကို တစ်ချက်တည်း မော့ချလိုက်သည်။ ထိုအချိန်မှာပင် ဂက်စတာပို နှစ်ယောက်သည် လမ်းတစ်ဖက်မှ ကူးလာကြသည်ကို တွေ့လိုက်ရသည်။

မောရစ်ဆင်သ ဆိုင်ထဲမှ ခပ်သုတ်သုတ် ထွက်လိုက်ပြီး ပန်းခြံဘက်သို့ လျှောက်လာခဲ့သည်။ ဂက်စတာပို နှစ်ယောက်သည် မလှမ်းမကမ်းမှ နောက်ယောင်ခံ၍ လိုက်လာကြ၏။ မောရစ်ဆင်၏ ခြေလှမ်းများမှာ စောစောကထက် ပို၍ သွက်လာသည်။ သူသည် ပြေးရန် စိတ်ကူးမိသော်လည်း မပြေးဘဲ နေပါမြန်မြန်သာ လျှောက်လာခဲ့သည်။



သူသည် လမ်းထောင့် တစ်နေရာတွင် ဘယ်ဘက်သို့ ချိုးလိုက်သည်။ အတော်ကလေး လျှောက်လာမိသော အခါ နောက်သို့ မသိမသာ လှည့်ကြည့်လိုက်၏။ စောစောက သူ ချိုးခဲ့သော လမ်းထောင့်တွင် ဂက်စတာပိုနှစ်ယောက်သည် ခေတ္တရပ်၍ သူရှိရာသို့လှမ်းကြည့်လိုက်ကြပြီး၊ ဆက်၍လျှောက်လာကြသည်ကို မြင်လိုက်ရသည်။ မောရစ်ဆင်သည် အထိတ်ထိတ် အလန့်လန့်ဖြင့် ဟိုဟိုသည်သည် ကြည့်လိုက်မိသည်။ ခပ်လှမ်းလှမ်းမှ ဓာတ်ရထား တစ်စင်းသည် လမ်းမကြီး အတိုင်း အရှိန်ဖြင့် မောင်းလာသည်ကို မြင်ရ၏။

ဓာတ်ရထားသည် မောရစ်ဆင်ရှိရာသို့ တဖြည်းဖြည်းနီးလာသည်။ သူသည် ရုတ်တရက် စိတ်ကိုဆုံးဖြတ်လိုက်ပြီး သူ့အနီးသို့ ဓာတ်ရထား ရောက်လာနှင့်တစ်ပြိုင်နက် လမ်းမကြီး ပေါ်သို့ ပြေးဆင်းလိုက်ပြီး၊ အရှိန်ဖြင့် တအား မောင်းလာသော ဓာတ်ရထားဘေးမှ လက်ကိုင်ကိုခုန်၍ လှမ်းဆွဲလိုက်သည်။ သူ့ခြေထောက် နှစ်ဖက်သည် လေထဲတွင် ခေတ္တမျှ တန်းလန်း ပါသွားရာမှ ရုတ်တရက် ခြေထောက်တစ်ဖက်ကို တအားမြှောက်၍ ခြေနင်းခုံပေါ်သို့ နင်းလိုက်သည်။

ချာခနဲ တစ်ပတ်လည်ကာ လိမ့်ကျတော့မလို ဖြစ်သွားပြီးမှ ခြေနင်းခုံပေါ်သို့ ခြေထောက်တစ်ဖက်ကို အရှိန်ဖြင့် မြှောက်လိုက်သည်။ ခရီးသည်များ၏ ဟင်ခနဲ ဟာခနဲ အထိတ်တလန့် အော်သံများနှင့်အတူ မောရစ်ဆင်သည် ဓာတ်ရထား ပေါ်သို့ ကိုးရိုးကားရားဖြင့် ရောက်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ခရီးသည်များကို သတိမထားနိုင်ဘူ ဝေါ အရှိန်မပျက် ဆက်၍ မောင်းလာသော ခါတ်ရထားပေါ နေ၍ နောက်ဘက်သို့ လှမ်းကြည့်လိုက်သည်။ စောစော ဂက်စတာပို နှစ်ယောက် ရပ်နေသော လမ်းထောင့်သို့ ရ တရက် ကားတစ်စီး ထိုးဆိုက်လာသည်ကို လည်းကော ဂက်စတာပို နှစ်ယောက်စ ုံး ကားပေါ်သို့ ခုန်တက်လို ကြပြီး၊ တစ်ယောက်က ဓာတ်ရထားဆီသို့ လက်ညှိုးထိုး နေသည်ကို လည်းကောင်း မြင်လိုက်ရသည်။

ချက်ချင်းပင် ဂက်စတာပို နှစ်ယောက်သည် ထိုကားဖြ ဓာတ်ရထားနောက်သို့ လိုက်လာခဲ့ကြ၏။ မောရစ်ဆင်သ ရုတ်တရက် မကြံတတ်အောင် ဖြစ်သွားမိ၏။ ထိုအချိန် ဓာတ်ရထားသည် မှတ်တိုင်နီးလာသဖြင့် အရှိန်တဖြည်းဖြ လျှော့၍ မောင်းလာခဲ့ရာ မောရစ်ဆင်သည် အချိန်ကုန် စဉ်းစားမနေတော့ဘဲ ဓာတ်ရထား အရှိန်မသေမီ အောက် ခုန်ချလိုက်ပြီး မှောင်ရိပ်သမ်းနေသော လမ်းထဲသို့ တအာ စွတ်ပြေးလာခဲ့သည်။

သူသည် ဘယ်နေရာ ရောက်နေမှန်းလည်း မသိ၊ ဘ ပြေးရမှန်းလည်း မသိဘဲ ပြေးမိပြေးရာ လမ်းမကြီးအတို ခြေကုန်သုတ်၍ ပြေးလာခဲ့ရာ နောက်မှ လိုက်လာသောကာ သံကို ကြားလိုက်ရသဖြင့် နောက်ဖေးလမ်းကြား ကလေ တစ်ခုထဲသို့ ဝင်ပြေးလာခဲ့သည်။



နောက်ဖေး လမ်းကြားကလေးမှာ လမ်းမီးတိုင်များ လုံးဝမရှိဘဲ မှောင်နှင့်မည်းမည်း ဖြစ်နေသည်။

သို့ဖြင့် နောက်သို့လုံးဝ ပြန်လှည့်မကြည့်တော့ဘဲ ဆက်၍ ပြေးလာခဲ့ရာမှ ခဏအကြာတွင် ပြေးစရာလမ်း မရှိတော့ဘဲ သူ့ရှေ့တွင် အုတ်တံတိုင်းကြီးတစ်ခု ကာဆီးနေသည်ကို ဘွားခနဲ တွေ့လိုက်ရ၏။

မောရစ်ဆင်မှာ ရုတ်တရက် ဇောချွေးများပင် ပြန်သွားမိသည်။

မည်သို့မျှ မတတ်နိုင်သည့်အဆုံး သူသည် တအားခုန်၍ အုတ်တံတိုင်းထိပ်ကိုလှမ်းဆွဲလိုက်၏။ သို့သော် အုတ်တံတိုင်းမှာ ဆယ့်ငါးပေလောက် မြင့်နေသဖြင့် လက်လှမ်းမမီဘဲ ပြန်ကျလာသည်။

ထိုအချိန် အုတ်တံတိုင်းတစ်ဖက်မှ ခွေးဟောင်သံများ ကြားလိုက်ရ၏။ သူသည် မှောင်ထဲတွင် အုတ် တံ တိုင်း ကို ကျောဖြင့် ကပ်ထားလိုက်ပြီး ကြောက်အား လန့်အားဖြင့် နောက်ပြန်ကြည့်လိုက်မိသည်။

သူ ပြေးဝင်လာခဲ့သည့် လမ်းကြားကလေးထိပ်မှ လမ်းမပေါ်တွင် ကားတစ်စီး ထိုးရပ်လိုက်သည့်အသံကို ကြားလိုက်ရပြီး တစ်ဆက်တည်း ကားတံခါးဖွင့်သံ ပိတ်သံများနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



လမ်းကြားထဲသို့ ခပ်သုတ်သုတ် ဝင်လာသော ခြေသံများကိုပါ ကြားလိုက်ရသည်။

သူသည် ခါးကြားမှ ပစ္စတိုသေနတ်ကို ဆွဲထုတ်လိုက်သည်။

ထိုအခိုက် သူ ရပ်နေသည့် အုတ်တံတိုင်းဘေးတွင် ကပ်နေသော အိမ်တစ်အိမ်၏ နောက်ဖေးဘက်မှ လှုပ်လှုပ်ရှားရှား အသံတစ်ခုကို ကြားလိုက်ရသဖြင့် ခေါင်းနားပန်းများ ကြီးသွားမိသည်။

'အိမ်နောက်ဖေးက ဘယ်သူလဲ'

အမျိုးသမီး တစ်ယောက်၏ အသံနှင့်အတူ ထိုအိမ်မှ နောက်ဖေးတံခါး ပွင့်လာသည်။

'ကျွန်တော်ပါ၊ ကျွန်တော် အင်္ဂလိပ်လူမျိုး တစ်ယောက်ပါ၊ ကျွန်တော့်ကို ကယ်ပါဦး' မောရစ်ဆင်သည် အမျိုးသမီး အသံမှန်း သိရသဖြင့် အရဲစွန့်၍ ပြောလိုက်သည်။

'လာ....လာ....အိမ်ထဲ မြန်မြန် ဝင်ခဲ့'

မောရစ်ဆင်သည် ပွင့်နေသော နောက်ဖေးတံခါးမှ အိမ်ထဲသို့ဖျတ်ခနဲ ပြေးဝင်လိုက်၏။ သူ့နောက်မှ တံခါးသည် ချက်ချင်း ပြန်ပိတ်သွားသည်။



သူ့ရှေ့တွင် ညဝတ်အင်္ကျီရှည်ကြီး ဝတ်ထားသောအမျိုးသမီးတစ်ယောက် ရပ်နေသည်ကို မှုန်ဝါးဝါး မီးရောင်အောက်တွင် မြင်ရသည်။

'ကျွန်မနောက်ကို လိုက်ခဲ့'

သူမက အိမ်အတွင်းဘက်သို့ ခေါ်သွားသဖြင့် လိုက်လာခဲ့သည်။ အိမ်ထဲသို့ ရောက်သောအခါ သူမသည် အခန်းတံခါးကိုဖွင့်၍ မောရစ်ဆင်အား ခေါင်းညိတ်ပြလိုက်သည်။ 'ဒီအခန်းထဲဝင်နေ၊ ကျွန်မအခုပဲ ပြန်လာခဲ့မယ်' ည

မောရစ်ဆင် အခန်းထဲသို့၎င်း၍ ဝင်လိုက်၏။ သူမသည်ထိုအခန်းတံခါးကိုပိတ်ပြီး ပြန်လှည့်သွား၏။ မောရစ်ဆင်သည် အခန်းထဲတွင် အဆင်သင့်တွေ့ရသော ကုလားထိုင်တစ်လုံးပေါ်သို့ ကိုယ်ကိုပစ်၍ ထိုင်ချလိုက်သည်။

'ဘုရား....ဘုရား'

ခဏနေမှ သူသည် အခန်းထဲသို့ ဟိုတိုသည်သည် လှည့်ကြည့်သည်။

အခန်းထဲတွင် ခေါင်းအုံးနှင့် အိပ်ရာခင်းများ အကျအနခင်းထားသော ခုတင်ကြီးတစ်လုံးနှင့် ခုတင်ဘေးမှ စားပွဲခုံကလေးပေါ်တွင် အပြာရောင်မီးလုံးတစ်လုံး ထွန်းထားသည်ကို တွေ့ရသည်။

ခုတင် ခေါင်းရင်းဘက်မှ မှန်ပေါင် သွင်းထားသော ယေရှုသခင်၏ ပုံတော်ကားချပ်တစ်ခု ချိတ်ဆွဲထားသည်ကို

www.burmeseclassic.com

www.burmeseclassic.com



မြင်ရသည်။ သို့သော် ခုတင်ဘေးမှန်ရုံတွင်မူ မိန်းမ ကိုယ်တုံးလုံးပုံများ အတော်များများကပ်ထားသည်ကို တွေ့ရသည်။

ထိုအခိုက် အခန်းအပြင်ဘက်မှ ရယ်သံနှင့် စကားပြောသံများ ကြားရသဖြင့် နားစွင့်၍ထောင်လိုက်သည်။ အသံတစ်သံမှာ ဂျာမန်ယောက်ျားတစ်ယောက်၏ အသံဖြစ်၍ အခြားအသံမှာ ဂရိအမျိုးသမီး တစ်ယောက်၏ အသံဖြစ်ကြောင်း သိရ၏။

ထို့နောက် ကပ်နေသော အခန်းဘက်ဆီမှ တံခါးဖွင့်သံများ ပိတ်သံများကို ကြားလိုက်ရပြီး ငြိမ်သက်သွား၏။

ခဏအကြာတွင် ခြေသံများ ကြားရပြန်သည်။ မောရစ်ဆင်သည် သတိထား၍ နားထောင်လိုက်ရာ ထိုခြေသံသည် မိမိ အခန်းဆီသို့ တဖြည်းဖြည်း လာနေသည်ကို သိလိုက်သည်။

ချက်ချင်းဆိုသလိုပင် အခန်းတံခါးလက်ကိုင်ကို အသာလှည့်လိုက်သည့် အသံကြားလိုက်ရပြီး တံခါးပွင့်သွားသည်။ စောစောက အမျိုးသမီးသည် အခန်းထဲသို့ ခပ်သုတ်သုတ်ဝင်လာပြီး တံခါးကိုပြန်ပိတ်လိုက်၏။

'ဂက်စတာပိုတွေ လမ်းထဲရောက်နေကြတယ်၊ အိမ်ပေါင်းစေ တစ်အိမ်တက်ဆင်း လိုက်ရှာနေကြတယ်' သူမက ပြောလိုက်သည်။



မောရစ်ဆင်သည် ထိုင်ရာမှထလိုက်ပြီး နံဖူးပေါ်မှ ချွေးများကို အမှတ်မထင်သုတ်လိုက်သည်။

'ရှင့်သေနတ်ကို ပြန်သိမ်းထားလိုက်ရင်ကောင်းမယ်၊ ဒီမှာ ရှင့်အတွက် ဘာမှအန္တရာယ်မရှိဘော့ပါဘူး'

သူမသည် အခန်းထောင့်တစ်နေရာမှ သစ်သား ပက်လက် ကုလားထိုင်သို့သွား၍ ကုလားထိုင်ပေါ်တွင် လှဲထိုင်လိုက်သည်။

မောရစ်ဆင်သည် သူမကို အကဲခတ်လိုက်သည်။ သူမသည် အသက်နှစ်ဆယ်ကျော်ခန့်ရှိ၍ ရုပ်ရည်မှာရွက်ကြမ်းရေကျို ထကပင် ဖြစ်သည်။

သူမက မောရစ်ဆင်အား လှမ်းကြည့်လိုက်သည်။

'ကျွန်မနာမည်က ကက်တီပါ'

သူမသည် ညဝတ်အင်္ကျီကို အနည်းငယ်ပြင်၍ ဝတ်လိုက်ပြီး ခေါင်းမှ ဆံပင်ကို လက်ဖြင့်သပ်ချလိုက်သည်။ ပြီးမှ....

'ဘာမှမကြောက်ပါနဲ့၊ ဒီဂျာမန်တွေကို ကျွန်မ နိုင်ပါတယ်၊ ဒီအိမ်ကို သူတို့ ဝင်ထွက်နေကျပါ၊ ဒါလောက်ဆိုရင် ကျွန်မ အလုပ်အကိုင်ကို ရှင် သိရောပေါ့' သူမက ပြုံးရွှင်ရရပင် ပြောလိုက်သည်။

'သိပါပြီ....ဘာပဲဖြစ်ဖြစ် မင့်ကျေးဇူးကိုတော့ မမေ့ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



မောရစ်ဆင်သည် သူမ၏ အပြုအမူနှင့် အပြောအဆိုကို စိတ်ထဲက ကျိတ်၍ ချီးကျူးနေမိသည်။

'ရှင့်ကို ကြည့်ရတာ လူကြီး လူကောင်း တစ်ယောက်ဆိုတာ ကျွန်မ အကဲခတ်မိပါတယ်။ ရှင်တို့ အင်္ဂလိပ်တွေကတော့ များသောအားဖြင့် လူကောင်းတွေ များပါတယ်။ မကောင်းတာက ဟော်ဒီ ဂျာမန်တွေပဲ၊ မိန်းမမြင်ရင် ပေါ်တက်ပဲ၊ အချိန်မတော် အချိန်တော် သန်းခေါင်ကျော်လင်းအားကြီးလာနိုးလား နှိုးရဲ့၊ ငွေရေးကြေးရေးကျတော့ ပြည့်ပြည့်ဝဝ ဘယ်တော့မှ မပေးချင်ကြဘူး၊ တကယ်ပါပဲ ကျွန်မဖြင့် မရှိလို့သာ ဒီအလုပ် လုပ်စားနေရတယ်၊ ဒီကောင်မျိုးတွေနဲ့ ဆက်ဆံရတာ ကြာတော့ စိတ်တောင်ကုန်လာပြီ'

မောရစ်ဆင်က သူမပြောသမျှ ငြိမ်၍ နားထောင်နေမိသည်။

'ဒါထက် ရှင့်နာမည် ဘယ်လိုခေါ်လဲ'

'ကျွန်တော်လို့ခေါ်တယ်၊ ကျွန်တော်လင်ဒန်ပါ'

'ရှင်တို့အင်္ဂလိပ်နာမည်တွေကို ကျွန်မ ဒါကြောင့်သဘောကျတာ၊ ခေါ်လို့ သိပ်လွယ်တာပဲ'

အပြင်မှ ခပ်မှန်မှန် ခပ်လေးလေး ခေါက်လိုက်သော တံခါးခေါက်သံကြားလိုက်ရသည်။ ကက်တီက ထိုင်ရာမှထ၍ တံခါးဖွင့်ပေးသည်။ သို့သော် တံခါးရွက်ကို ဟရုံသာဟ၍



အပြင်မှ လူတစ်ယောက်နှင့် စကားတိုးတိုး ပြောလိုက်သည်။ အပြင်မှအသံမှာ မိန်းမအသံပင် ဖြစ်သည်။ ပြီး သူမသည် တံခါးကိုပြန်၍ ပိတ်လိုက်ပြီး မောရစ်ဆင်ဘက်သို့ မျက်နှာလှည့်လိုက်သည်။

'အပြင်မှာ ဂျက်စတာပိုလို့ စစ်သားတွေပါ ရောက်နေကြတယ်၊ သူတို့ ဒီအိမ်ထဲဝင်ရှာကြလိမ့်မယ်၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ ဘာမှမစိုးရိမ်ပါနဲ့ ဟောဒီလိုက်ကာ နောက်မှာ အသာကလေး ဝင်နေ၊ လှုပ်တော့ မလှုပ်နဲ့နော် ငြိမ်ငြိမ်ကလေးနေ....'

မောရစ်ဆင်သည် ခုတင်ခြေရင်းမှ သူမ ညွှန်ပြသော အပြာရောင် ခန်းဆီးတပ်ထားသည့် လိုက်ကာနောက်သို့ ဝင်နေလိုက်သည်။ ခဏအကြာတွင် တံခါးဖွင့်သံ ကြားလိုက်ရသည်။ ဂျာမန် စစ်သား တစ်ယောက်၏ အသံနှင့်အတူ ထိုစစ်သားအား နှုတ်ဆက်လိုက်သော သူမ၏အသံကိုပါ ကြားရသည်။ သို့သော် သူတို့နှစ်ယောက်သည် အခန်းထဲသို့ ရောက်မလာဘဲ အခန်းဝမှာပင် ရှိနေကြသည်။ မောရစ်ဆင်သည် အသက်မရှူနိုင်ဘဲ နားစွင့်နေမိသည်။

'ဟင်း....ဒါက ဘာလဲ ကြည့်ပါလား၊ အို....အို ရှင်ဟာလေ တွေ့လိုက်ရင် ဒီလိုချည်းပဲ၊ အို'

အခန်းဝမှ သူမ၏ ညုသံချွဲသံနှင့်အတူ လှုပ်လှုပ်ရှားရှားအသံများ ကြားနေရသည်။ ပွေ့ဖက်သံနှင့် အငမ်းမရ နမ်း

www.burmeseclassic.com

www.burmeseclassic.com



ရှုပ်သံများကိုပါ ကြားနေရသည်။ မောရစ်ဆင်သည် လိုက်ကာ နောက်မှနေ၍ အသက်အောင့်ထားရသည်။

ထိုအခိုက် 'ဂက်စတာပိုဟော့' ဟူသော အသံနှင့်အတူ အခန်းတံခါးဖွင့်သံကို ဒုန်းခနဲ ကြားလိုက်ရသည်။ မောရစ်ဆင်မှာ တစ်ကိုယ်လုံး တုန်လှုပ်သွားမိသည်။

'ဟော့ကောင် ဒါက ဘာလုပ်နေတာလဲ'

'ဗိုလ်....ဗိုလ်မှူး ကျွန်တော်....ကျွန်တော် အင်္ဂလိပ်စစ်မြေး တစ်ယောက် လာရှာတာပါ'

'ဘာကွ.... ဒါလား အင်္ဂလိပ်စစ်မြေး လာရှာတာ၊ ခွေးသား ဒီနေရာမျိုး လာရှာရသလား သွားစမ်း'

ဝရုန်းသုန်းကား အသံများနှင့်အတူ ဂျိုင်းခနဲ တံခါးပိတ်သံ ကြားလိုက်ရ၏။

* * *

သန်းခေါင်ကျော်၍ နှစ်နာရီထိုးပြီ ဖြစ်သည်။ ကက်လီသည် အခန်းထဲသို့ တစ်ခေါက် ပြန်ဝင်လာ၏။ သူမကို ကြည့်ရသည်မှာ တစ်ကိုယ်လုံး နွမ်းရိုနွ းခွေနေ၏။



သူမသည် ပက်လက်ကုလားထိုင်ပေါ်မှ မောရစ်ဆင်အား လှမ်းကြည့်လိုက်ပြီး ခပ်ယဲ့ယဲ့ ပြုံးပြလိုက်သည်။ နောက် ခုတင်ပေါ်သို့ လှဲချလိုက်သည်။

'ဒီ သေချင်းဆိုးတွေကလဲ တစ်ညလုံး မပြန်ကြတော့ဘူး—'

သူမသည် မောရစ်ဆင်အား ပြောသလိုလိုဖြင့် ပါးစပ်မှ ရေရွတ်လိုက်သည်။ 'အရက်မူးနေတဲ့ သေချင်းဆိုးသုံးယောက်က အိမ်ရှေ့မှာ ခုထက်ထိ ရှိသေးတယ်'

သူမသည် အိပ်ရာပေါ်မှ ပြန်ထလိုက်ပြီး ခုတင်ခြေရင်းဘက်မှ ကြွေခွက်တွင် မျက်နှာ သစ်လိုက်သည်။ ထို့နောက် လိုက်ကာပေါ်ရှိ မျက်နှာသုတ်ပဝါကိုယူ၍ မျက်နှာသုတ်ရင်း ခုတင်ပေါ်သို့ ပြန်လှဲလိုက်သည်။

မောရစ်ဆင်သည် သူ့လက်ကိုမြှောက်၍ လက်ပတ်နာရီကို ကြည့်လိုက်သည်။ သုံးနာရီထိုးရန် ဆယ်မိနစ်လိုသေးသည်။ ခုတင်ပေါ်တွင် ကက်တီသည် မျက်စိကို စုံမှိတ်၍ မှိန်းနေ၏။ မောရစ်ဆင်သည် ကက်တီကိုကြည့်ရင်း လီစာကို သတိရလာသည်။ လီစာသည် သည်လိုမိန်းမစား မျိုးပဲလား။ သည်လို မိန်းမစားမျိုး မဟုတ်တောင် အထက်တန်းလွှာ မိန်းမပျက် အမျိုးအစားထဲက ဖြစ်နိုင်သည်။

ဘာပဲဖြစ်ဖြစ် လီစာသည် မယုံကြည်ရ၊ စိတ်မချရတာ ကတော့ သေချာသည်။ သည်နေ့ည သူလုပ်ပုံ နေရာမကျ

www.burmeseclassic.com

www.burmeseclassic.com

သွေ့ာကြောင့် မိမိ ပြေးပေါက် မှားခဲ့ရခြင်း ဖြစ်သည်။ သူပြောသည့် နိကိုဆိုနှင့် မတွေ့ရဘဲ ပွဲစားယောင်ယောင်၊ သတင်းထောက်ယောင်ယောင် ချက်စနေဆိုသည့် အကောင်နှင့် တွေ့ခဲ့ရသည်။

ချက်စနေအကြောင်း စဉ်းစားရာမှ မောရစ်ဆင်သည် လာမည့်ကြာသပတေးနေ့တွင် ချက်စနေက သူ့အား ပစ်ကာဒယ်လီကဖေးတွင် ချိန်းလိုက်သည်ကို ပြေးသတိရမိ၏။

'သူချိန်းတဲ့နေရာကို အဲဒီနေ့ကျရင် သွားရကောင်းမလား၊ မသွားဘဲ နေရရင်ကောင်းမလား၊ ဘာပဲဖြစ်ဖြစ် အခု ဒီကနေ့ ဟိုအိမ်ကလေးကို ပြန်သွားဖို့ မသွားဖို့က ပိုအရေးကြီး၏။ ဟိုအိမ်ကလေးကို ပြန်မသွားရင် တခြား ဘယ်သွားစရာ ရှိမလို့လဲ....'

ခုတင်ပေါ်မှ ကက်တီသည် မျက်လုံးများ ပွင့်လာပြီး သူ့ကို လှည့်ကြည့်လိုက်သည်။

'ကိုယ်တော့ မိုးလင်းလင်းချင်း ဒီကသွားမှ ကောင်းမယ်၊ သူက ကက်တီကို လှမ်းပြောလိုက်သည်။ ကက်တီသည် မျက်နှာကို မျက်နှာသုတ် ပဝါဖြင့် တစ်ချက်သုတ်လိုက်ပြီးမှ....

'ရှင့်မှာ သွားစရာနေရာ ရှိရဲ့လား....'

'ရှိပါတယ်၊ ချာလန်ဒရိုရပ်ကွက်ကို သွားရမယ်'



'ဒီလိုဆိုရင်လဲ မိုးမလင်းခင် လူတွေ အိပ်ရာမထခင် သွားတာ ပိုကောင်းမယ်၊ တကယ်လို့ မသွားချင်သေးဘူးဆိုရင်လဲ ကျွန်မနဲ့ ဒီခုတင်ပေါ်မှာ ခဏတစ်ဖြုတ် အတူ အိပ်ပါဦးလား....'

'နေပါစေ ကက်တီရယ်၊ ကျေးဇူးတင်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com

## အမှတ် ၁၂၆ စတက်ဗိုလ်လမ်း

နံနက်လေးနာရီ....

မိုးမလင်းသေး၊ ကြယ်ရောင်ကလေးများ တလက်လက် ရှိနေကြသေးသည်။ သို့သော် အရှေ့ဆီမှ အလင်းရောင်သည် တစ်စတစ်စ ပျို့အန်လာနေပြီ ဖြစ်သည်။

မောရစ်ဆင်သည် သံပရာပင် တစ်ပင်၏ ခြေရင်းမှ မသိမသာ ကွယ်၍ အိမ်ကလေးဆီသို့ လှမ်းကြည့်လိုက်၏။ ညမကုန်နေမကူးမီ မှုန်ဝါးဝါး ကြယ်ရောင်များနှင့် မှိုင်းပျပျ အလင်းရောင် အောက်တွင် အိမ်ကလေးကို ခပ်ရေးရေး မြင်နေရ၏။ ရုတ်တရက် အရဲစွန့်သွားရန် မဖြစ်သေး၊ မြို့ထဲတွင် မိမိအား ရှာမတွေ့ခဲ့သော ဂျာမန်များသည် သည်အိမ်ကလေးရှိရာကို သတင်းရပြီး စောင့်ဖမ်းသည် ရှိသော် မခက်ပါလား....။



မောရစ်ဆင်သည် သံပရာပင် ခြေရင်း၌ အဆင်သင့် လျှော သာ ချိုင့်ကလေးထဲတွင် ကိုယ်ကို တစောင်းလှဲကာ ...ခြေအနေကို စောင့်ကြည့်နေခဲ့သည်။

မနီးမဝေး လယ်တောဘက်ဆီမှ ကြက်တွန်သံ ကြားလိုက် ...သည်။

သူသည် ချိုင့်ထဲတွင် လှဲ၍ ဝပ်နေရာမှ ထထိုင်လိုက်ပြီး ...သို့ မျှော်ကြည့်လိုက်ပြန်သည်။ အိမ်ကလေးကို စေ့စေ့ ...ကပ် ပို၍ ထင်ထင်ရှားရှား မြင်နေရပြီ ဖြစ်သည်။ သွားမည် ...ာ သွားနိုင်ပြီ။

မောရစ်ဆင်သည် ကျင်းထဲမှထ၍ လယ်ကွက်ကို ဖြတ်သွား ...ဟန်ပြင်လိုက်သည်။ ထိုအခိုက် အိမ်ကလေး၏ ရှေ့နားရှိ ...ပင် တန်းကလေးဆီမှ လူသံလိုလို ကြားလိုက်ရသည်။ ...ည် သတိထား၍ အသံကြားရာသို့ လှမ်းကြည့် လိုက်၏။ ...င်များ ကြားမှ လူတစ်ယောက်၏ သဏ္ဌာန်ကို ခပ်ဝါး ...မြင်နေရသည်။

...တအကြာတွင် ထိုသဏ္ဌာန်သည် သစ်ပင်များကြားမှ ...လာပြီး အိမ်ကလေးဆီသို့ ရွေ့ရှားသွားနေသည်။ လူချင်း ...ီးဝေး အလှမ်းဝေးနေသော်လည်း နံနက်ခင်း အလင်း ...သည် တော်တော်ကလေး အားကောင်းနေပြီ ဖြစ်ရာ ...စ်ဆင်သည် အိမ်ကလေးဆီသို့ သွားနေသော အမျိုး ...တစ်ယောက်၏ ပုံသဏ္ဌာန်ကို သဲသဲကွဲကွဲ မြင်နေရ၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ထိုအမျိုးသမီးကို ကြည့်ရင်းကြည့်ရင်း ဒေါ မထိန်းနိုင်အောင် ဖြစ်လာသဖြင့် ခါးကြားမှ ပစ္စတိုကို ဖြင့် စမ်းမိသည်။

ထိုအခိုက် ထိုအမျိုးသမီးသည် အိမ်ကလေးထဲသို့ သွားသည်။

မောရစ်ဆင်သည် လယ်ကွင်းကိုဖြတ်၍ အိမ်ကလေးဆီ တဖြည်းဖြည်းသွားသည်။ အိမ်ရှေ့သို့ ရောက်သည်နှင့် ပြိုင်နက် တံခါးဝကို ခြေထောက်ဖြင့် တအားဆောင့်၍ ခနဲ ကန်ဖွင့် လိုက်၏။

'အမယ်လေး....ဟင် ဗာစီလီပါလား၊တော်ပါသေးရဲ့ ဘုရားမလို့သာပေါ့'

'ဘာ....ဘုရားမတာလဲ ခွေးမ....ဟင်'

မောရစ်ဆင် စကားမဆုံးမီ လီစာသည် သူထံသို့ လာပြီး ဘအားဖက်ကာ ရှိုက်ကြီးတငင် ငိုချလိုက်၏။ ရစ်ဆင်သည် ဒေါသကို မထိန်းနိုင်တော့ဘဲ လီစာအား နှစ်ဖက်ဖြင့် တအားဆောင့်၍ တွန်းပစ်လိုက်ရာ သူ ခုတင်လေးပေါ်တွင် လဲကျသွားရာမှ ဖြုန်းခနဲ အား ထလိုက်သည်။

'ရှင်အရူး....အသုံးမကျတဲ့အရူး....' သူမသည် ရှိုက် ငင်ကြီးဖြင့် မောရစ်ဆင်၏မျက်နှာကိုစူးစူးဝါးဝါးကြ



ပြောလိုက်သည်။ 'ရှင်ဘာသိလို့လဲ....ဟင်၊ နို့ကို အဖမ်းခံရ ာကို ရှင်သိရဲ့လား၊ အခု သူ ထောင်ထဲ ရောက်သွားပြီ၊ ဒေါက်တာ သက္ကရေးလဲ ပုန်းနေရတယ်၊ ဒါတွေကို ရှင်မသိ ဘူး မဟုတ်လား'

မောရစ်ဆင်သည် ဘာပြန်ပြောရမှန်း မ သိ တော့ ဘဲ ကြက်သေ သေသွားသည်။ သို့သော် သူ့မျက်လုံးများထဲတွင် ဒေါသအရိပ်အယောင်များမပြေပျောက်သေးဘဲ ရှိနေသည်။ သူ့လက်မှ ပစ္စတိုသေနတ်ဖြင့် လီစာအား ချိန်လျက်သာ ရှိနေ သေးသည်။

လီစာသည် နောက်ထပ် ဘာတစ်ခွန်းမှ ဆက်မပြော တော့ဘဲ မောရစ်ဆင်အနီးသို့ တ ဖြည်း ဖြည်း တိုးလာ သည်။

'ခုလောက်ဆိုရင် ဂက်စတာပိုက ဒီနေရာကို သိကောင်း သိသွားလိမ့်မယ်၊ အဲဒီတော့ တခြားတစ်နေရာကို သွားကြရင် ကောင်းမယ်'

မောရစ်ဆင်သည် သူမအား ဘာမှပြန်မပြောဘဲ မလှုပ် ယှက်ရပ်ကြည့်နေ၏။ သူ့မျက်လုံးများမှ ဒေါသအရိပ် အယောင်များ တဖြည်းဖြည်း ပျောက်ကွယ်စ ပြုလာ၏။

သို့သော် မယုံသင်္ကာ စိတ်များဖြင့် မဖြေနိုင်သည့်လက္ခ ာများကို တွေ့နေရဆဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် မောရစ်ဆင်အား ရှေ့တည့်တည့်မှ စိုက်ကြည့်နေရာမှ ရုတ်တရက် ချာခနဲလှည့်ကာ တံခါးပေါ် ထွက်သွားသည်။

သည့်နောက်မှ မောရစ်ဆင်သည် သတိရလာပြီး နောက် နေ၍ သူမ၏ လက်မောင်းကို တအား ဆောင့်ဆွဲလိုက် ဖြုန်းခနဲ သူမ၏ ခန္ဓာကိုယ်တစ်ခုလုံးသည် သူ့ရင်ခွင်ထဲ ရောက်သွားသည်။

'ဗာစီလီ...ဗာစီလီ၊ ကျွန်မဖြင့်လေ ရှင့်အတွက် စိတ်ပူလို ရတာ'

လီစာသည် မောရစ်ဆင်၏ ရင်ခွင်ထဲသို့ တိုးဝှေ့ရင်း တိုးတိုးပြောလိုက်သည်။ မောရစ်ဆင်သည် လီစာ၏ ကိုယ် ကလေးကို တအားကျုံး၍ မလွှတ်တမ်းဖက်ထားသည်။

'လီစာ....လီစာ....'

သူမသည် သူ့လည်ပင်းကို သိုင်း၍ ဖက်လိုက်ပြီး မျက် ကလေးကို မော့လိုက်သည်။ နှစ်ယောက်သား မျက်နှာချ ပူးကပ်သွားကြသည်။

'လီစာ....အို....လီစာ....'

'မောင်....နေဦးလေ၊ အို....ဒီလိုမလုပ်နဲ့လေ၊ အိုး ဆိုနှိုတော်တော်ကြာ ဂက်စတာပိုတွေ လာနေဦးမယ်'



'ခွေးသားတွေ လာချင်လာစမ်းပါစေ'

မောရစ်ဆင်သည် သူမ၏ ကိုယ်လုံးကလေးကို ရွေ့ခနဲ မြှောက်လိုက်ပြီး အခန်းထောင့်မှ ခုတင်ကလေးဆီသို့ ပွေ့ယူ လာခဲ့လေသည်။

*

မောရစ်ဆင် နှင့် လီစာတို့သည် ဒေါ သင်မြို့တွင်း ရှိ စတက်ဗိုလ် လမ်းမကြီးပေါ်မှ အမှတ် (၁၂၆)ရှိ တိုက်ကြီး ပေါ်သို့ နှစ်ယောက်သား တက်လာခဲ့ကြသည်။

တိုက်ကြီး တစ်တိုက်လုံးမှာ လူနေသည့်လက္ခဏာ မတွေ့ ရဘဲ ခြောက်ကပ် တိတ်ဆိတ်လျက်ရှိလေသည်။

မောရစ်ဆင်သည် သူမနှင့်အတူလှေကားအတိုင်း အပေါ် ထပ်သို့ တက်လာခဲ့ကြသည်။

မှောင်မည်းနေသဖြင့် လီစာ၏လက်ကို ဆွဲလာခဲ့သည့်ဖြင့် လှေကား လက်တန်းကိုပါ တစ်ဖက်က ကိုင်၍ တစ်လှမ်းချင်း တက်လာခဲ့ရသည်။

သုံးဆစ်ချိုး၍ သုံးကြိမ် တက်ခဲ့ရပြီးနောက် လီစာသည် ဟာလာဟင်းလင်း ဖြစ်နေသော အခန်းကျယ်ကြီး တစ်ခုကို

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ကျော်လာခဲ့၍ တံခါးဝ တစ်ခုသို့ ရောက်လာကြ လေသည်။

လီစာသည် အသင့် ပါလာသော သော့ဖြင့် တံခါးကို ဖွင့်လိုက်သည်။ အတွင်းဘက်တွင် လှေကား တစ်ခုကို နောက်ထပ် တွေ့ရပြန်သည်။

နှစ်ယောက်သား ထိုလှေကားကလေး အတိုင်း ရှေ့ဆင့်နောက်ဆင့် တက်လာခဲ့ကြသည်။ သူတို့နှစ်ယောက်၏ ကိုယ်အလေးချိန်ကြောင့် လှေကား ကလေးမှာ တကျွတ်ကျွတ် မြည်နေခဲ့သည်။

လှေကားထိပ်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် ရှေ့မှခေါင်းဆောင်လာသော လီစာသည် နောက်မှပါလာသော မောရစ်ဆင်အား လက်ကိုလှမ်း၍ ဆွဲတင်လိုက်ရာ နှစ်ယောက်သား ထပ်ခိုးခန်းကလေး တစ်ခု အတွင်းသို့ ရောက်သွားကြ လေသည်။

မောရစ်ဆင်သည် အခန်းကလေးထဲသို့ အကဲခတ် ကြည့်လိုက်သည်။ အထပ်ခိုးခန်းကလေးပင် ဖြစ်သော်လည်း လူသုံးလေးယောက်ခန့် ချောင်ချောင်ချိချိ နေနိုင်ပြီး ပရိဘောဂ ပစ္စည်းအချို့ပင် ရှိနေသည်ကို တွေ့ရသည်။

'ကဲ....ကျွန်မသွားမယ်' ဟု လီစာကပြောလိုက်သည်။

နှစ်ယောက်သား မျက်နှာချင်း ပူးကပ်သွားကြပြီး နှုတ်ခမ်းချင်း ထပ်သွားကြပြန်သည်။

'ကျွန်မ အချိန် ရရချင်း အမြန် ပြန်လာခဲ့မယ်နော်'

## ချိန်းဆိုထားသော ကြာသပတေး

နောက်ဆုံး ကျန်နေသည့် စီးကရက်တစ်လိပ် ကုန်သွားပြီဖြစ်သည်။

မောရစ်ဆင်သည် ထပ်ခိုးခန်းကလေး၏ ပြတင်းပေါက်ငှ်ကပ်နေသော ခုတင် ပေါ်တွင် လှဲရင်း အပြင်ဘက်မှ အေသင်မြို့ကလေးဆီသို့ ကြည့်နေမိသည်။

တောင်ကုန်းများပေါ်တွင် မညီမညာ အနိမ့်အမြင့် ဖြစ်နေသော အေသင်မြို့ကလေးသည် ဝင်လုဆဲဆဲ နေမင်းကြီး၏ အောက်တွင် ရောင်စုံတောက်ပလျက်ရှိသည်။

ခဏအကြာတွင် မှောင်စပြုလာပြီး အေသင်မြို့တစ်ခွင်မှ မီးများ တလက်လက် လင်းလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မောရစ်ဆင်သည် အိပ်ရာပေါ်တွင် မျက်လုံးများ
စုံမှိတ်ရင်း လီဇာ၏ ခြေသံကို နားစွင့်နေမိသည်။

နံနက်ခင်းက လယ်ကွင်းထဲမှ အိမ်ကလေးတွင် လီဇာ
မမျှော်လင့်ဘဲ တွေ့ခဲ့ရသည်များကို စဉ်းစားရင်း လီဇာ
ပြုံးပြုံးပြုံး သတိရနေမိလေသည်။

တဖြည်းဖြည်း ညဦးပိုင်းရောက်လာသဖြင့် ချမ်းစိမ့်
ဖြစ်လာသည်။

တိတ်ဆိတ် ငြိမ်သက်နေသော တိုက်ကြီးအတွင်းမှ ပဲ့
ထပ်၍ ပေါ်လာသော အသံတစ်သံကို ကြားလိုက်ရသည်
မောရစ်ဆင်သည် မျက်လုံးများကို ဖွင့်လိုက်သည်။

အောသင်မြို့၏ မီးရောင်စုံများကို ပြတင်းပေါက်မှတစ်
လှမ်းမြင်နေရသည်။

အပေါ်ထပ်သို့ တက်လာသော ခြေသံကိုကြားရသည်
လီဇာ၏ခြေသံကို သူ ကောင်းကောင်း မှတ်မိသည်။ ခြေ
သည် ထပ်ခိုးကလေးပေါ်သို့ ရောက်လာသည်။

ချောက်ခနဲ တံခါး ဖွင့်လိုက်သံနှင့်အတူ ပွင့်သွားသော
တံခါးမှတစ်ဆင့် လီဇာ၏ပုံသဏ္ဌာန်သည် အခန်းတွင်း
လာသည်။

'ဗာစီလီ' အသံမှာ အနည်းငယ် တုန်နေသည်။

'လီဇာ...ကိုယ် ဒီမှာလေ၊ ပြတင်းပေါက်နားမှာ'



လီဇာ၏ မှုန်မွှားသော ပုံသဏ္ဌာန်သည် မောရစ်ဆင် ရှိရာ
သို့ ဖြည်းညှင်းစွာ လာနေသည်။

ခုတင်ဘေးသို့ ရောက်လာသောအခါ သူမသည် ခေါင်း
ရင်းဘက်မှ ခုံကလေးပေါ်သို့ သူမလက်ထဲတွင် ပါလာသော
အထုပ်တစ်ထုပ်ကို ချထားလိုက်သည်။ ပြီး သူမ၏ လက်
နှစ်ဖက်သည် ခုတင်ပေါ်မှ မောရစ်ဆင်ရှိရာသို့ မှန်း၍ ဆန့်
တန်းလိုက်လေသည်။

မောရစ်ဆင်သည် သူမ၏ လက်နှစ်ဖက်ကို လှမ်း၍ကိုင်
လိုက်ပြီး ခုတင်ပေါ်သို့ အသာအယာ ဆွဲယူလိုက်သည်။

* * *

လီဇာ သည် မောရစ်ဆင် ၏ လက်မောင်း ပေါ် တွင်
ခေါင်းအုံးရင်း သူမ၏ မျက်နှာကို သူ့ရင်ခွင်ဖြင့် အုပ်ထား
လိုက်လေသည်။

နှစ်ယောက်စလုံး ခေတ္တ ငြိမ်နေကြလေသည်။

'ကိုယ်တို့ အဖြစ်က - တကယ်နဲ့စဉ်းစားကြည့်ရင် အတော်
ဆန်းတာပဲနော်'

www.burmeseclassic.com

www.burmeseclassic.com



'မဆန်းပါဘူး ဂျင်ရယ်၊ ကျွန်မလေ.... ကျွန်မက ရှင့်ကို ဟိုရွာကလေးမှာ တွေ့ကတည်းက ချစ်ခဲ့မိတာပါ'

သူမသည် ရုတ်တရက် အိပ်ရာပေါ်မှ ထလိုက်ပြီး ခုတင်ဘေးတွင် မောရစ်ဆင်ကို ကျောပေး၍ ထိုင်ကာ ခေတ္တမျှ ငြိမ်နေသည်။

'ဒီမယ် ဂျင်....နက်ဖြန်ညကျရင် အင်္ဂလိပ် ရေငုပ်သင်္ဘော တစ်စင်း ရှင့်ကို ခေါ်ဖို့ ရောက်လာလိမ့်မယ်'

မောရစ်ဆင်သည် ဘာမှပြန်မပြောဘဲ ငြိမ်နေသည်။

အေသင်မြို့၏ တောင်ကုန်းများပေါ်သို့ အရှေ့ လောကမာတ်တစ်ခွင်မှ နေရောင်ခြည်များ ဖြာကျနေသည်ကို ပြတင်းပေါက်မှ မြင်နေရသည်။

'လီစာ....'မောရစ်ဆင်၏ အသံဖြစ်သည်။ 'ကိုယ် တစ်နေ့တော့ မင့်ဆီကို ပြန်လာပါမယ်'

လီစာက သူမ၏ ဦးခေါင်းကို ဖြည်းညင်းစွာ ယမ်းလိုက်သည်။

'ကျွန်မ ရှင့်ကို ချစ်ပါတယ် ဗာစီလီ၊ ရှင်နဲ့ တွေ့ရတဲ့ အခုလို အချိန်ကလေးမှာ ကျွန်မဘဝဟာ အသာယာဆုံးပါပဲ၊ ဒါပေမယ့် ဒါတွေကို ကျွန်မအတတ်နိုင်ဆုံး မေ့ပျောက်ပစ်ဖို့ ကြိုးစားသွားပါမယ်'

လီစာသည် ထိုင်ရာမှ ထလိုက်သည်။ ထို့နောက် ခုတင်ခေါင်းရင်းဘက်မှ ခုံကလေးပေါ်တွင် ရှိသော အထုပ်ကလေးကို ယူလိုက်ပြီး အထဲမှ စားစရာများကို ထုတ်လိုက်သည်။ ပေါင်မုန့်၊ ထောပတ်၊ ဒိန်ခဲ၊ နွားနို့ပုလင်း နှစ်လင်း အထုပ်ထဲမှ ထွက်လာသည်။

သူမသည် ထိုစားစရာများကို တစ်ဖက်နံရံတွင် ကပ်၍ ပြုလုပ်ထားသော စားပွဲခုံကလေးပေါ်သို့ တင်လိုက်သည်။

သူတို့နှစ်ယောက်သည် နံနက်စာကို တိတ်ဆိတ်စွာပင် စားခဲ့ကြသည်။

စားသောက်ပြီးနောက် လီစာသည် သူမ၏ အပေါ်ကုတ်အင်္ကျီကို ကောက်ဝတ်လိုက်ပြီး စားပွဲပေါ်ရှိ မှန်ကလေးရှေ့တွင် အဝတ်အစားကို သပ်သပ်ရပ်ရပ် ဖြစ်အောင် ဆွဲချကာ ဆံပင်ကိုလည်း အနည်းငယ် ပြုပြင်လိုက်သည်။

'ကဲ... ကျွန်မမှာ တခြား စီစဉ်စရာတွေ ရှိသေးတယ်၊ အဲဒါတွေ စီစဉ်ပြီး အမြန်ဆုံးပြန်လာခဲ့မယ်၊ သွားမယ်နော်... ဂျင်'

လီစာ ပြန်သွားပြီးနောက် မောရစ်ဆင်သည် ထိုင်ရာမှ ထကာ အခန်းကလေးထဲတွင် ဂနာမငြိမ်ဘဲ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိသည်။

သည်နိုင်ငံမှ အမြန်ဆုံး ထွက်သွားဖို့ ကြိုးစားခဲ့ရပြီး တကယ်တကယ် သွားဖို့ အချိန်ရောက်လာသည့် အခါတွင်မူ နောက်ဆံတင်းစရာ ဖြစ်လာပြန်သည်။

သည်လိုဖြစ်ရသည့်အတွက် ဘယ်သူ့ကိုမှ အပြစ်တင်စရာမလို၊ အပြစ်တင်စရာရှိလျှင် ဘယ်သူမဟုတ် မိမိမှုဖြစ်၍ ကိုယ့်ကိုယ်ကိုသာ အပြစ်တင်ရမည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

မည်သို့ပင်ဖြစ်စေ လီစာနှင့် ခွဲခွာရမည်ကိုမူ သူ ဒိတ်ထိခိုက်ရှိမ်ဆုံးနိုင်အောင် ဖြစ်နေမိသည်။ ဖြစ်နိုင်လျှင် သူမကို သူနှင့် တစ်ပါတည်း ဂရိနိုင်ငံမှ အပြင်အပသို့ ခေါ်သွားလိုသည်။

သို့သော် သည်လိုအခါမျိုးကျတော့ သူမက လိုက်ချင်မှ လိုက်ပေမည်။ သူမကလိုက်ချင်သည့်တိုင်အောင် မြေအောက်အဖွဲ့က သဘောတူချင်မှတူမည်။ ခွင့်ပြုချင်မှ ပြုမည်။

တစ်ဖန် သူမနှင့် မခွဲနိုင်မခွာရက်သဖြင့် သူ ကိုယ်တိုင် သည်နိုင်ငံမှာပဲ နေသွားဖို့ စဉ်းစားလိုက်. ပြန်သောအခါ စတားဂူး၏မျက်နှာကို မြင်ယောင်လာပြန်သည်။

ဆိုယူဘာ၏ စကားများဆို ကြားယောင်လာမိပြန်သည်။

ခရစ်စတောဘ်တို့ ဇနီးမောင်နှံ၏ အဖြစ်ဆိုးများကိုစဉ်းစားမိပြန်သည်။

နောက်ဆုံး၌ မောရစ်ဆင်သည် စတားဂူးအိမ်သို့ အရက်မူးမူးဖြင့် ရောက်သွားခဲ့သည့် ညက မှောင်နှင့် မည်းမည်းဖြစ်နေသော အခန်းထဲတွင် ဗိုလ်မှူးဝိလ်ကင်၏ သတိပေးစကားများကို နားထဲတွင် ပဲ့တင်ထပ်မျှ ကြားယောင်လာမိသည်။

'ဒီမှာ မောရစ်ဆင်... ခင်ဗျားမှာ တခြား ရွေးစရာလမ်း မရှိတော့ဘူး၊ ခင်ဗျားနောက်ကို သူတို့လိုက်နေ ပြီ... သူတို့ လိုက်နေကြပြီ'

မှန်သည်။



မောရစ်ဆင်မှာ တခြားရွေးစရာလမ်း မရှိတော့။ ဒါတို့ အခြားသူများထက် သူကိုယ်တိုင် အသိဆုံး ဖြစ်သည်။

လီစာသ ည ဘာကျမှောင်မှ ပြန်ရောက်လာသည်။

သူမ ခြေသံသည် အတွေးနက်နေသော မောရစ်ဆင်အတွက် အိပ်ရာမှ လှုပ်နှိုးလိုက်သလို ဖြစ်သွားခဲ့သည်။

အခန်းထဲသို့ ဝင်လာသော လီစာ၏ မျက်နှာမှာ မသာမယာဖြင့် စိုးရိမ်ကြောင့်ကြမှုများ သိသိသာသာကြီး ဖြစ်နေသည်။

'ဗာစီလီ...အခြေအနေကတော့ သိပ်မကောင်းဘူး၊ ဒီနေ့ သရောက်ရမယ့် ရေငုပ်သင်္ဘောဟာ မရောက်နိုင်တော့ဘူးတဲ့'

လီစာသည် မောရစ်ဆင်အား ဖက်ထားရင်း တုန်လှုပ်စွာဖြင့် ပြောလိုက်သည်။ 'အဲဒီတော့... ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲဟင်'

မောရစ်ဆင်သည် အပြောင်းအလဲမြန်လှသော သူ့ဘဝကို စဉ်းစားနေမိသည်။ အပြောင်းအလဲ များလှသော သူ့ဘဝကို တွေးနေမိသည်။ အထူးသဖြင့် အခြေအနေ အပြောင်းအလဲ မြန်သည်ထက်၊ စိတ်အပြောင်းအလဲမြန်မှုကို ပို၍အံ့ဩနေမိသည်။

သူ့ကို လာခေါ်သည့်ဗြိတိသျှရေငုပ်သင်္ဘော ရောက်လာတော့မည်ဟူ၍ သိခဲ့ရစဉ်က သူသည် ဂရိနိုင်ငံမှ ရုတ်တရက် ထွက်ခွာသွားရမည်ကို ဝန်လေးနေမိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

လီစာနှင့် မမျှော်လင့်ဘဲ ဖြုန်းခနဲ ခွဲခွာသွားရမည့် အရေးကို ရင်လေးနေခဲ့မိသည်။ ဖြစ်နိုင်လျှင် သည်နိုင်ငံမှ ထွက်ခွာမသွားဘဲ သည်နိုင်ငံမှာပင် အမြဲထာဝရဉ် နေသွားဖို့ပင် စဉ်းစားခဲ့မိသည်။

သို့သော် ယခုတစ်ဖန် ရေငုပ်သင်္ဘော ရောက်မလာတော့ဟူ၍ သိလိုက်ရပြန်သောအခါ သည်နိုင်ငံမှ ထွက်သွားချင်စိတ်သည် တားမနိုင်ဆီးမရအောင် တဖွားဖွား ပေါ်လာခဲ့သည်။

သည်အခါမျိုးကျပြန်တော့ လီစာကို ခွဲခွာသွားရမှုမက မိမိအသက်ကို အဆုံးအရှုံးခံ၍ပင် သွားရ သွားရ၊ သည်နိုင်ငံမှ ယခု ချက်ချင်း ထွက်သွားလိုစိတ်များ ဖြစ်ပေါ်လာခဲ့သည်။

ယခုလောလောဆယ် လီစာနှင့် ခွဲသွားရမည် ဆိုလျှင်လည်း ခွဲခွာသွားရန် ဝန်မလေးသည့် စိတ်များ ပေါ်ပေါက်ခဲ့သည်။

သို့ဖြစ်ရာ မောရစ်ဆင်သည် လီစာ ပြောပြသည့်အတိုင်း ရေငုပ်သင်္ဘော ရောက်မလာပါက အခြား တစ်နည်းနည်းဖြင့် အမြန်ဆုံးထွက်ခွာသွားနိုင်ရန် စဉ်းစားကြည့်မိသည်။ အား… ချက်စနေ သတင်းထောက် ချက်စနေ။

မောရစ်ဆင်သည် ကြာသပတေးနေ့တွင် ချက်စနေနှင့် တွေ့ရန် ချိန်းထားခဲ့သည်ကို ရုတ်တရက် သတိရလိုက်မိသည်။ … တ်သားပဲ၊ နက်ဖြန် ကြာသပတေးနေ့ပါလား….။



ကြာသပတေးနေ့….

မောရစ်ဆင်သည် ချက်စနေနှင့် နေ့လယ် ၁၂ နာရီတွင် ချိန်းထားသော်လည်း နံနက်အိပ်ရာမှ ထသည့်အချိန်မှစ၍ ထိုကိစ္စအတွက် စိတ်စောနေမိသည်။ သည်နေ့မနက် လီစာတစ်ယောက် မြို့ထဲသို့ စောစောထွက်သွားပါစေဟူ၍ပင် ကျိတ်ပြီး ဆုတောင်းနေမိသည်။

သို့သော် သည်နေ့တွင်မူ လီစာသည် တစ်နံနက်ခင်းလုံး ဘယ်မှမသွားဘဲ မိမိနှင့်အတူ ရှိနေခဲ့သည်။ ရေငုပ်သင်္ဘော ရောက်မလာတော့သည့်အတွက် မြို့ထဲတွင် အရေးတကြီးလုပ်ရာအလုပ် မရှိသောကြောင့် နေ့ခင်းဖက်မှ မြို့ထဲသွားမည်ဟု ပြောလာသည်။ ဘာပဲဖြစ်ဖြစ် မောရစ်ဆင်သည် လီစာအပြင်ထွက်သွားပြီးမှ ချက်စနေနှင့် ချိန်းထားသောနေရာသို့ သွားလျှင် ပိုကောင်းမည်ဟု စိတ်ကူးထားခဲ့သည်။

မောရစ်ဆင်သည် နာရီကို တစ်ကြည့်တည်း ကြည့်နေခဲ့သည်။

ဆယ့်တစ်နာရီ ဆယ်မိနစ် ရှိပြီဖြစ်သည်။

မောရစ်ဆင်သည် အချိန်မရှိတော့ပြီ ဖြစ်သည့်အတွက် ပေါ်အင်္ကျီကို ကောက်ဝတ်ပြီး ပစ္စတိုကို ခါးကြားထဲသို့ လိုက်သည်။

'ဗာစီလီ…ဒါက ဘာလုပ်မလို့လဲ'



www.burmeseclassic.com

www.burmeseclassic.com

'အပြင်သွားမလို့'

'အို...မဟုတ်တာ၊ ရှင်...စိတ်မှနောက်နေရဲ့လား'

မောရစ်ဆင်သည် ဂရုမစိုက်ဘဲ သေ့ကားဆီသို့ လျှောက်လာခဲ့သည်။ လီစာက သူ့ရှေ့မှ ဆီး၍ ကာလိုက်သည်။

'ဗာစီလီ...ရှင်ဘယ်လိုဖြစ်တာလဲ'

'ကိုယ်အပြင်သွားမလို့...ကိုယ်မပြောသားပဲ'

'ရှင်...ရူးနေသလား ဗာစီလီ၊ အပြင်ထွက်ရင် တစ်နာရီအတွင်း ဂက်စတာလပိုက်ထဲ ရောက်သွားမှာပေါ့'

'လီစာ...ကိုယ် သည်းမခံနိုင်တော့ဘူး၊ မစောင့်နိုင်တော့ဘူး'

'မဟုတ်သေးပါဘူး ဗာစီလီ၊ ကျွန်မတို့လူတွေ နေ့ရော ညရော အလုပ်များနေကြလို့ပါ၊ နောက် နှစ်ရက်သုံးရက်ဆိုရင်...'

'မဖြစ်ဘူး လီစာ၊ ကိုယ် မျက်နှာအပျက်မခံနိုင်ဘူး၊ သွားစရာရှိကာ သွားရလိမ့်မယ်၊ မသွားလို့ မဖြစ်ဘူး'

မောရစ်ဆင်သည် သူ့ရှေ့မှကာထားသော လီစာအား ဖယ်ပစ်လိုက်ပြီး လှေကားမှ ဆင်းလာခဲ့သည်။ အောက်



ရောက်သွားအခါ သူသည် အပေါ်သို့ ရုတ်တရက် မော့ကြည့်လိုက်သည်။ လှေကားထိပ်တွင် လီစာကိုမြင်ရသည်။

'ဗာစီလီ...'

မောရစ်ဆင်သည် အပြင်သို့ထွက်လိုက်ပြီး တံခါးကို ပြန်ပိတ်လိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ရှတ်တရက် နှုတ်ဆက်သွားသူ

ကွန်ကော့ပန်းခြံ ...

မောရစ်ဆင်သည် ပစ်ကာဒယ်လီကဖေးနှင့် မျက်နှာချ
ဆိုင် ပလက်ဖောင်းတွင် ရပ်နေသည်။ လမ်းဟိုဘက်သို့ လှ
ကြည့်လိုက်သည်။ ချက်စနေကို အရိပ်အယောင်မျှပင် မတွေ့
ချိန်းထားတဲ့နေရာများ မှားနေလို့လား။ သူသည် နောက်
ပြန်လှည့်လိုက်သည်။

'အား....ဂျေလင်ဒန်ပါလား၊ အချိန်မှန်သားပဲ'

မောရစ်ဆင်သည် အသံကြားရာသို့ လှည့်ကြည့်လိုက်
ရှေ့မှ မျက်နှာကြီးဖြင့် ပြုံးဖြီးဖြီးလုပ်နေသော ချက်စနေ
တွေ့လိုက်ရသည်။ သူ့ဘေးနားတွင် လူတစ်ယောက်။ သဘော
သားနှင့် ခပ်ဆင်ဆင်တူသည်။



'ကဲ...ဒီနေရာမှာ ရပ်နေလို့မဖြစ်ဘူး၊ တစ်ခုခုစားရင်း
ကားပြောရအောင်၊ တစ်ဆိုင်ဆိုင် ဝင်မှပဲ' ချက်စနေသည်
ဘေးမှ လူကို လက်မောင်းလှမ်းဆွဲလိုက်ပြီး၊ 'ဒီမယ်ဂျေ....
ဟာဒါ ကျုပ်မိတ်ဆွေ အန်တောနီစ်ပဲ၊ အာကာဒီယာ
သင်္ဘောက ကပ္ပတိန်ပေါ့....'

သူတို့သုံးယောက်သား လမ်းကိုဖြတ်ကျော်ခဲ့ကြပြီး၊ ကဖေး
သို့ ဝင်ခဲ့ကြသည်။ ဝိုင်အရက်များ မှာလိုက်သည်။

ချက်စနေက 'အာကာဒီယာ' မှာ သင်္ဘောအငယ်စား
လေးဖြစ်၍ သင်္ဘောသားသုံးယောက်ရှိကြောင်း။ သင်္ဘော
ီးစဉ်မှာ ဂရိကျွန်းသို့ ခုတ်မောင်းရန် လိုင်စင်ရထား
သော်လည်း တကယ်သွားမည့်နေရာမှာ အီဂျစ်နိုင်ငံ ကိုင်ရိုင်
အထိ ဖြစ်ကြောင်းများကို မောရစ်ဆင်အား တီးတိုး
ပြသည်။

'သင်္ဘောက ဘယ်တော့ထွက်မှာလဲ'

'ခရီးသည် နောက်တစ်ယောက်ရတာနဲ့ ထွက်မှာပဲ'
တကယ်လို့ အဲဒီတစ်ယောက်ကိုမစောင့်ဘဲ ထွက်မယ်ဆိုရင်
ခံတော် ငွေဘယ်လောက် ပေးရမလဲ' မောရစ်ဆင်က
းလိုက်သည်။

'ဂရိငွေနဲ့ လေးသန်းပေးရမယ်' ချက်စနေက ချက်ချင်း
ဖြေပေးလိုက်သည်။

'နည်းနည်းမများဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားအတွက် အချိန်စောပြီး ထွက်ပေးရမှာလဲ ထည့်တွက် ဦးလေ'

'ဒီညထွက်မယ်ဆိုရင် သုံးသန်းပေးမယ်ဗျာ'

'ခင်ဗျာ့ငွေကို ပြပါဦး'

မောရစ်ဆင်က ငွေစက္ကူထုပ်ကို စားပွဲပေါ်သို့ တင်လိုက်သည်။ ချက်စနေသည် ငွေထုပ်ကိုမြင်သည်နှင့် ဂနာမငြိမ် ဖြစ်နေသည်။ စားပွဲပေါ်မှ ငွေထုပ်ဆီသို့ လက်လှမ်းလိုက်စဉ် မောရစ်ဆင်က သူ့လက်မောင်းကို ဖမ်းဆွဲထားလိုက်သည်။

'ခင်ဗျားအခု တစ်ဝက်မဲယူထားဦး၊ ကျန်တဲ့ တစ်ဝက်ကို ကိစ္စအားလုံးပြီးမှ ပေးမယ်'

မောရစ်ဆင်က ငွေထုပ်ကို လှမ်းယူလိုက်ပြီး၊ ငွေစက္ကူ တစ်သန်းခွဲကို ရေတွက်၍ ချက်စနေကို ပေးလိုက်သည်။ ချက်စနေသည် ကန္ဒြေမဆောင်နိုင်တဲ့ တုန်ယင်သော လက်များဖြင့် ငွေစက္ကူများကို ရေတွက်ကြည့်နေသည်။

ထိုအချိန် ဆိုင်ထဲသို့ လူတစ်ယောက်ဝင်လာပြီး ဟိုဟိုသည်သည် ကြည့်နေသည်။

'မစ္စတာချူလီဗာ...လာ...လာ၊ ဒီကို' ချက်စနေက ထိုလူ လှမ်းခေါ်လိုက်သည်။

အဝတ်အစား သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသော ထိုလူသည် ချက်စနေတို့စားပွဲဆီသို့ လျှောက်လာပြီး ကုလားထိုင် တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။



'ဒီမယ်ဂျေ...ခင်ဗျားကို မိတ်ဆက်ပေးရဦးမယ်၊ သူက ခင်ဗျားတို့ ဗြိတိသျှတွေရဲ့ မိတ်ဆွေဟောင်း မိတ်ဆွေကောင်းကြီး မစ္စတာ ချူလီဗာဆိုတာပါပဲ'

ချူလီဗာဆိုသူက ယဉ်ကျေးစွာဖြင့် ခေါင်းညိတ်၍နှုတ်ဆက်သည်။ မောရစ်ဆင်သည် တကယ်လူကြီးလူကောင်း အမူအရာဖြင့် ခံ့ညားသားနားလှသည့် သည်လူကြီးသည် အဘယ့်ကြောင့် သည်လို ရှုပ်ရှုပ်ယှက်ယှက် လူတွေနှင့် ပေါင်းနေသည်ကို စဉ်းစားမရဘဲ ဖြစ်နေသည်။

ချက်စနေသည် စားပွဲပေါ်မှ ဘီစကွတ်မုန့် တစ်ခုကို ကောက်၍ ပါးစပ်ထဲသို့ ထည့်လိုက်ပြီး သူ့လက်ဆွဲအိတ်ကြီး ထဲမှ စာရွက်တစ်ထပ်ကို ဆွဲထုတ်လိုက်သည်။ ထိုစာရွက်များ စားပွဲပေါ်သို့ အထပ်လိုက်တင်လိုက်ရာ အပေါ်ဆုံးမှစာရွက် ပေါ်တွင် 'အာအာဒီယာ သင်္ဘော...ခရီးစဉ် ဂရိကျွန်းသို့' ဟူ၍ ရေးထားသည်ကို တွေ့ရသည်။

'ဂျေသင်ဒန်...ခင်ဗျားမှာ မှတ်ပုံတင်ကတ်ပြားနဲ့ စာရွက်စာတမ်းတွေ ရှိရဲ့လား' ချက်စနေက လှမ်းမေးလိုက်သည်။

မောရစ်ဆင်သည် ပါးစပ်က ဘာမှပြန်မပြောဘဲ သူ့ အင်္ကျီအိတ်ထဲမှ မှတ်ပုံတင်ကတ်ပြားနှင့် စာရွက်များကို ထုတ် ပြလိုက်သည်။

'ကောင်းတယ်...ကောင်းတယ်၊ ဒါဆိုရင် ကျုပ်မှာ နောက်ထပ် ငွေကုန်စရာ မလိုတော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ချက်စနေသည် ပြောပြောဆိုဆိုဖြင့် မောရစ်ဆင် နာမည် ဖြစ်သော 'ဂျေလင်ဒန်' အမည်ကို သင်္ဘောစာရွက်ပေါ်မှ ခရီးသည် အမည်နေရာတွင် ဖြည့်ရေးထည့်လိုက်သည်။

'ကဲ…ဒါဆိုရင် အားလုံးပြည့်စုံပြီ ထင်တယ်၊ ဓာတ်ဆီကတော့ ညနေခမှောင်ခင် သင်္ဘောပေါ်ရောက်အောင် ကျုပ်စီစဉ်ပေးပါ့မယ်၊ ဒီမယ် အင်တော့နစ်၊ တော်တော်လေးကြာရင် ခင်ဗျား ကျုပ်နဲ့လာတွေ့ပါ၊ သင်္ဘောထွက်ခွင့် အမိန့်နဲ့ ဓာတ်ဆီဝယ်ဖို့ စာရွက်တွေ ခင်ဗျားကို ကျုပ်ပေးမယ်'

'ကျွန်တော်သင်္ဘောကို သွားမကြည့်ရတော့ဘူးလား'

မောရစ်ဆင်က ကြားဖြတ်မေးလိုက်သည်။

'ဒီမယ်ကိုယ့်လူ…ခင်ဗျားက ကျုပ်ရဲ့အစွမ်းအစနဲ့ အရည်အချင်းကို မယုံလို့လား၊ စိတ်ချစမ်းပါဗျာ၊ ဒါကအရေးမကြီးပါဘူး၊ အရေးကြီးတာက ခင်ဗျားသင်္ဘောပေါ်မှာ ပျော်ပျော် ရွှင်ရွှင်နဲ့ လိုက်သွားဖို့ပဲ၊ ပြီးတော့ လန်ဒန်ရောက်ရင် ကျုပ်ပို့လိုက်တဲ့ သတင်း ဆောင်းပါးတွေလဲ ဖတ်ဖြစ်အောင် ရှာဖတ်ပါဦး'

ချက်စနေသည် ထိုင်ရာမှ ထလိုက်သည်။ သူ့အင်္ကျီအိတ်များမှာ ငွေစက္ကူများဖြင့် ဖောင်းနေသည်။ ပြီးတော့ သူက မောရစ်ဆင်ကို လက်လှမ်းပေးပြီး လက်ဆွဲ နှုတ်ဆက်လိုက်သည်။



'သတိထားပြီးသွားခနော်၊ မိုက်ကယ်မောရစ်ဆင်၊ စတားဂုးရဲ့ စာရွက်ထဲက စာရင်းတွေ ဂျာမန်တွေလက်ထဲ ရောက်သွားရင်း အကြီးအကျယ် စိတ်မကောင်း ဖြစ်ရဦးမယ်'

မောရစ်ဆင်သည် ဆိုင်ထဲမှခပ်သုတ်သုတ်ထွက်သွားသော ချက်စနေအား နောက်မှ လှမ်းကြည့်ရင်း ပါးစပ်အဟောင်းသားဖြင့် ကြက်သေ သေနေမိသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## လီစာနှင့် သူတို့ လေးယောက်

လီစာသည် စားပွဲ၏တစ်ဖက်စွန်းတွင်ထိုင်ရင်း သူမအား စိုက်ကြည့်နေသော လူလေးယောက်၏မျက်လုံးများကို လှမ်းကြည့်လိုက်သည်။ စားပွဲအလယ်တွင် ထွန်းညှိထားသော ဖယောင်းတိုင်မှ မီးရောင်ကြောင့် မည်းမည်းအရိပ်များသည် နံရံများပေါ်တွင် ယိမ်းထိုး လှုပ်ရှားနေကြသည်။

သည်လူ လေးယောက် အနက် သုံးယောက်ကိုမူ သူမ ငယ်စဉ် ကလေးဘဝ ကတည်းက သိခဲ့ပြီးဖြစ်သည်။ ကျန် တစ်ယောက်ဖြစ်သော ဒေါက်တာသက္ကရေးတစ်ယောက်သာ လျှင် သူမအတွက် လူသစ် လူစိမ်း ဖြစ်နေသည်။

သူမ ငယ်ငယ်ကပင် သိလာခဲ့သော လူ သုံးယောက်မှာ ဘုန်းတော်ကြီး ပါသင်နို၊ အလုပ်သမားခေါင်းဆောင် မိခေး လစ်နှင့် ပါမောက္ခ သာနာဆစ်တို့ ဖြစ်ကြသည်။



'သူ့ကို ဘယ်လိုမှ တားမရဘူးရှင့်'

လီစာက ခပ်ကျယ်ကျယ်ကလေး ပြောလိုက်သည်။ အားလုံး ငြိမ်နေကြသည်။ လီစာသည် ခေါင်းကိုသမ်းလိုက်ပြီး စားပွဲခုံ အစွန်းကို လက်တစ်ဖက်ဖြင့် ဖိ၍ ကိုင်ထားသည်။

ထိုအခိုက် မိခေးလစ်သည် သူ၏ လက်သီးဆုပ်ကြီးဖြင့် စားပွဲကို ဝုန်းခနဲ ထုလိုက်သည်။

'ဒါဖြင့် မင်းဘာလို့ သူ့နောက်က လိုက်မသွားတာလဲ'

မိခေးလစ်၏အသံမှာ ဟိန်းနေသည်။

လီစာသည် ဘာမှပြန်မပြောဘဲ ငြိမ်နေသည်။

'လီစာ....'

ဒေါက်တာသက္ကရေးက လှမ်းပြောလိုက်သည်။

'ဒီလိုအခြေအနေမျိုးဖြစ်လာရင် သူ့ကို ပစ်သတ်ရမယ်လို့ အမိန့်ပေးထားတာပဲ၊ တကယ်လို့ ဂျာမန်တွေလက်ထဲသူရောက် သွားရင် ဘယ်လိုဖြစ်လာနိုင်တယ်ဆိုတာ မင်းနားလည်တယ် မဟုတ်ဘူးလား'

လီစာ၏ပါးစပ်မှာ အာခေးထည့်ထားသလို ဖြစ်နေသည်။ ပါးစပ်ကိုခပ်တင်းတင်းစေ့ထားသလို မျက်လုံးများကိုလည်း စုံမှိတ်ထားသည်။

'ငါမေးတာမကြားဘူးလား လီစာ၊ မင်းဘာလို့သူ့နောက် က လိုက်မသွားဘဲ နေရတာလဲ'

www.burmeseclassic.com

www.burmeseclassic.com

မီခေးလစ်က ထပ်အော်လိုက်ပြန်သည်။

‘ဖြေလေ....လီစာ’

ဒေါက်တာသက္ကရေးက ဝင်၍ တိုက်တွန်းလိုက်သည်။

‘မှန်တာပြောရမယ် ဆိုရင်....’

လီစာသည် သူမ၏ခေါင်းကို ငုံ့ထားပြီး အသံ တိုးတိုး ပြောလိုက်သည်။

‘ကျွန်မ သူ....သူနဲ့ ကြိုက်နေပါတယ်’

သူတို့ လေးယောက်စလုံး ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။

လီစာသည် သူမ ပြောလိုက်မိသည့် အတွက် မှားသွားလေပြီလားဟု ယူဆကာ ပို၍ အနေရ အထိုင်ရ ကျပ်သွားသည်။ သို့သော် ပြောမိပြီးမှတော့ မည်သို့မျှ မတတ်နိုင်။

‘ဟုတ်ပါတယ်၊ သူနဲ့ ကျွန်မနဲ့ ချစ်နေကြပါတယ်၊ ကျွန်မ ဒါကို ဖုံးမထားချင်ပါဘူး’

အားလုံးငြိမ်ငြိမ်နေကြရာ လီစာသည် အနေရကျပ်သည်ထက် ကျပ်လာသဖြင့် ထပ်ပြောလိုက်မိသည်။

ဘုန်းတော်ကြီး ပါပါ ပင်နီ သည် သူ၏ မုတ်ဆိတ်ကို လက်ဖြင့် သပ်ရင်း ငြိမ်သက်စွာ ထိုင်နေရာမှ စကားစ၍ ပြောလိုက်သည်။ သူ့ အသံမှာ တည်တည် ငြိမ်ငြိမ်ဖြင့် သြဇာရှိသည့် အသံဖြစ်သည်။

‘ဒီမယ်....မီခေးလစ်၊ သာနာဆစ်နဲ့ ဒေါက်တာသက္ကရေး၊ သေသေချာချာစဉ်းစားကြည့်ရင် ကျုပ်တို့အနေနဲ့ ဒီမောရစ်



ဆင် ဆိုတဲ့လူအတွက် ဝင်ပြီး တာဝန်ယူမိတာဟာ မှားမျှား မှားနေပြီလား မဆိုနိုင်ဘူး၊ အဲဒီတော့ ဒီကိစ္စကို ကျုပ်တို့ မေ့ပစ်လိုက်ရင် ကောင်းမယ် ထင်တယ်’

‘ဟာ...မဟုတ်တာဘဲ၊ ဘုန်းကြီးကလဲ’

‘မီခေးလစ်....ခင်ဗျား ကျုပ်ကို ဒီလိုအော်မပြောပါနဲ့၊ ဒါ အလုပ်သမားသမဂ္ဂ အစည်းအဝေးမှာ စကားပြောနေတာ မဟုတ်ပါဘူး၊ တကယ်လို့ မောရစ်ဆင် လွတ်မြောက်သွားပြီ ဆိုပါတော့၊ သူသိထားတဲ့ နာမည်စာရင်းကို ဗြိတိသျှထောက်လှမ်းရေး တာဝန်ခံတွေလက်ထဲ ထည့်လိုက်ပြီဆိုပါတော့၊ အဲဒီကျတော့ ဘာဖြစ်လာမယ်ထင်သလဲ၊ ကျုပ်တို့ဟာ ဗြိတိသျှတွေ ဆီကမှတစ်ဆင့် သူတို့ပေးသမျှ သတင်းသောက်နဲ့ပဲ အလုပ် လုပ်ရမှာ သေချာတယ်၊ နောက်ပြီးတော့ ဂျာမန်တွေဟာ မောရစ်ဆင်ကို ဒီအတိုင်း လွယ်လွယ်နဲ့ ထွက်သွားလို့ရအောင် ထိုင်ကြည့်နေမယ့်ကောင်တွေ မဟုတ်ဘူး၊ ခါတိုင်းထက်ဆိုးဆ လောက်ပိုပြီး အကြမ်းဖက်လာလိမ့်မယ်၊ အဲဒီကျတော့ ဘာမှ အပြစ်မရှိတဲ့လူတွေ မရေမတွက်နိုင်အောင် နောက်ထပ် အသတ်ခံရဦးမှာရှိသေးတယ်၊ ဒါတွေလဲ ကျုပ်တို့ ထည့်ပြီး စဉ်းစားဖို့ လိုတယ်’

‘မဟုတ်သေးပါဘူး’ မီခေးလစ်က ပါပါပင်နီ၏ စကား အဆုံးတွင် သဘောမကျဟန်ဖြင့် ပြောလိုက်သည်၊ သူက ဘုန်းတော်ကြီး ပါပါပင်နီ၏မျက်နှာကို စိုက်ကြည့်လိုက်ပြီး ‘ဒီမယ်...ဘုန်းကြီး ဂျာမန်တွေရဲ့ အကြမ်းဖက်မှုကိုတော့

www.burmeseclassic.com

ထည့်ပြောနေနဲ့၊ မနေ့ကပဲ ဂရိကျွန်းမှာ လူတစ်ရာကျော်လောက် ရက်ရက်စက်စက် သတ်ပစ်လိုက်ကြပြန်ပြီ၊ ဒါကို ကျွန်တော်တို့ ဒီအတိုင်း ကြည့်နေလို့မရဘူး။ ဗြိတိသျှတွေဆီက လက်နက်အကူအညီ မရရင် ရှိတဲ့လက်နက်နဲ့ ဒီကောင်တွေကို ပြန်ချရမှာပဲ’

‘ခင်ဗျားပြောတာနဲ့ ကျုပ်ပြောနေတာ တခြားစီပဲ၊ ဗြိတိသျှစစ်သားတွေကို ကူညီတာက တခြား၊ ဂျာမန်တွေကို ပြန်ပြီးတော်လှန်ဖို့က တခြားပဲ၊ ဒါပေမယ့် ကျုပ်တို့ဟာ ဗြိတိသျှတွေဆီက လက်နက်အကူအညီ မရဘဲနဲ့ ဂျာမန်တွေကို မောင်းထုတ်ပစ်နိုင်မယ်လို့ ဘယ်သူပြောနိုင်မလဲ’

ဤတွင် သာနာဆစ်က ဝင်၍ ကြားဖြတ်ပြောသည်။ ‘ကျွန်တော် ဘုန်းကြီးကို လေးလဲလေးစားပါတယ်၊ ခင်လဲခင်ပါတယ်၊ ဒါပေမယ့် ဒီနေရာမှာတော့ မီခေးလစ်ပြောတာကိုပဲ သဘောတူပါတယ်၊ လက်နက်မဲ့ခုခံရေးဆိုတာဟာ မထိရောက်ပါဘူး၊ အခုဆိုရင် မြို့နေလူထုရော တောင်ကုန်းပေါ်က လူတွေပါ ဂျာမန်တွေကို ပြန်ချဖို့ စိတ်ဓာတ်တက်ကြွနေကြပါပြီ’

‘ဒေါက်တာ သက္ကရေး...ခင်ဗျားကော သူတို့ပြောတာတွေ သဘောတူသလား’ ပါပါပင်နိုက ဒေါက်တာ သက္ကရေးဘက်သို့ လှည့်၍မေးလိုက်သည်။

မျက်နှာပေါ်တွင် မေးရိုးများနှင့် ပါးရိုးများကို အထင်အရှား မြင်နေရသော ဒေါက်တာသက္ကရေးက အတန်ကြာအောင် ငြိမ်နေပြီးမှ နောက်ဆုံးတွင် သူ့သဘောထားကို ပြောပြသည်။

‘ကျုပ်ကတော့ ဘယ်ဘက်မှ လိုက်မပြောလိုပါဘူး၊ ဒါပေမယ့် ကျုပ်သိထားသလောက်တော့ ဗြိတိသျှ အစိုးရဟာ စတားဂူးရဲ့ နာမည်စာရင်းတွေ ရပြီးရင်တော့ ကျုပ်တို့ကို အကူအညီပေးဖို့ အဖွဲ့တစ်ဖွဲ့ လွှတ်ပေးမယ်ဆိုတာ သေချာပါတယ်၊ ဒီအဖွဲ့နဲ့အတူ ကျုပ်တို့အတွက် လက်နက်တွေကို သင်္ဘောနဲ့ ပို့ပေးပါလိမ့်မယ်၊ အဲဒီကျရင် ကျုပ်တို့ မြေအောက်အဖွဲ့ဝင်တွေ အနေနဲ့ ဂျာမန်တပ်တွေရဲ့ အရွေ့အပြောင်း အသွားအလာနဲ့ လက်နက် အတင်အပို့ သတင်းတွေကိုလဲ ရအောင်စုံစမ်းကြဖို့ လိုပါတယ်။ အရေးကြီးတာက ကျုပ်တို့ရဲ့ လက်နက်ကိုင်တော်လှန်ရေး အင်အားစုတွေဟာ ဂျာမန်တွေကို မလှုပ်သာမယှက်သာအောင် ဆိုင်းထားဖို့လိုပါတယ်၊ သူတို့တပ်တွေကို အရေးကြီးတဲ့ ရှေ့တန်းစစ်မျက်နှာကို မပို့နိုင်အောင် လုပ်ထားဖို့ လိုပါတယ်။ တကယ်ကတော့ ခင်ဗျားတို့ ကျုပ်တို့အနေနဲ့ ဂရိပြည်သူတွေရဲ့ အုံကြွမှုကို ဘယ်သူမှ တားလို့မရပါဘူး...ဟုတ်ပါတယ် တောင်ကုန်းပေါ်က လူတွေ စိတ်ဓာတ်တက်ကြွနေပြီဆိုတာ အမှန်ပါပဲ’

ဘုန်းတော်ကြီး ပါပါပင်နိုသည် သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်သည်။ သူ့လူတွေပြောသမျှ အမှန်ချည်း ဖြစ်ကြောင်း သူ နားလည်လိုက်သည်။ သို့ဖြစ်၍ သူသည် ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ကို တဆတ်ဆတ်ညိတ်ရင်းက 'ကောင်းပြီလေ၊ ဒီလိုဆိုလဲ ကျုပ်တို့ဟာ ဒီအမေရိကန်ကို အစွမ်းကုန်ကြိုးစားပြီး မတွေ့တွေ့အောင် ရှာကြဖို့ ရှိတာပေါ့'

ထို့နောက် သူတို့အားလုံးသည် လီစာဘက်သို့ မျက်နှာလှည့်လိုက်ကြသည်။

လီစာ၏ နှုတ်ခမ်းများမှာ ဖြူဖတ်ဖြူရော် ဖြစ်နေသည်။ သူမသည် ထိုင်ရာမှ ဖြည်းညှင်းစွာ ထလိုက်ပြီး သူတို့ လေးယောက်စလုံးကို ကြည့်၍ ပြောလိုက်သည်။

'ရှင်တို့ ဆုံးဖြတ်ချက်တစ်ခုခုမချခင် ကျွန်မအနေနဲ့ နောက်ထပ် ပြောစရာရှိတာတွေ ပြောပါရစေ'

လီစာသည် တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရဖြင့် သူမ၏ ဖြစ်သမျှ ဇာတ်ကြောင်းကို ပြန်လည်ပြောပြခဲ့သည်။ ဂက်စတာပိုအဖွဲ့မှ သူမအား ဖမ်းဆီးသွားခဲ့ပုံ၊ ဂျာမန် ထောက်လှမ်းရေး အရာရှိ ဟောလ်ဆာနှင့် တွေ့ခဲ့ရပုံများနှင့်တကွ သူမအား မြေအောက်အဖွဲ့မှ သတင်းများကို စုံစမ်းခိုင်းခဲ့ပုံများကို တစ်လုံးမကျန် ပြောလိုက်သည်။ ဒေါက်တာသက္ကရေးတို့ လူစုမှာ လီစာ၏ပြောကြားချက်များကို ကြားရသောအခါ အကြီးအကျယ် အံ့သြသွားခဲ့ကြသည်။ ထို့နောက် ဗာစီလီအမည်ခံ မော်ရစ်ဆင်အား ပါလီခိုရာ ရွာကလေးသို့ သွားရောက်ခေါ်လာခဲ့ပြီး အေသင်မြို့တွင် ပုန်းအောင်းနေခိုက် ကြုံခဲ့တွေ့ခဲ့ရသမျှ အဖြစ်အပျက်များနှင့်တကွ နောက်ဆုံး စတက်ဗိုလ်လမ်း အမှတ် ၁၂၆ တွင် ဗာစီလီနှင့် နှစ်ယောက်



သား ပုန်းနေစဉ် ဗာစီလီတစ်ယောက်တည်း ထွက်ခွာသွားခဲ့သည်များကိုပါ အပြည့်အစုံ ပြန်လည်ပြောပြခဲ့သည်။

လီစာက ထိုသို့ ဖြစ်ခဲ့ပျက်ခဲ့သမျှ အဝဝတို့ကို မချွင်းမချန်ဘဲ အမှန်အတိုင်း ပြောပြသည်ကို ကြားလိုက်ရသောအခါ သူတို့ လေးယောက်မှာ အကြီးအကျယ် တုန်လှုပ်ကာ အံ့အားသင့်သွားခဲ့ကြသည်။

သို့သော် လီစာသည် သူမ လုပ်ကိုင်ဆောင်ရွက်ခဲ့သမျှ၊ ပြုလုပ် မှားယွင်းခဲ့သမျှ တစ်စုံတစ်ရာ ခွင့်လွှတ်ရန်တောင်းပန်ခြင်း မပြုဘဲ နေခဲ့သည်။ 'အဲဒီတော့ ဒီကိစ္စနှင့် ပတ်သက်ပြီး ရှင်တို့ ကြိုက်သလိုသာ ဆုံးဖြတ်ကြပါ၊ ကျွန်မနဲ့ ပတ်သက်ပြီး ရှင်တို့ လွတ်လွတ်လပ်လပ် စဉ်းစားနိုင်အောင် ကျွန်မ ဘေးက်ခန်းထဲ ခဏသွားနေပါမယ်'

ထိုသို့ ပြောပြီးနောက် သူမသည် ထိုင်ရာမှထ၍ ဣန္ဒြေရရ ... အခန်းထဲမှ ဖြည်းညှင်းစွာ ထွက်သွားသည်။ သို့ဖြင့် ... ၏ဘဝကို သူတို့လေးယောက်လက်သို့ အပ်ခဲ့သည်။ သူမ ... တွက် အခြားနည်းလမ်း မရှိတော့၊ မိမိ၏ ရင်သွေး နှင့် ... သက်နှင့်လည်း ဝေးခဲ့ရပြီ၊ ဗာစီလီနှင့် ပြန်လည်ဆုံတွေ့... လည်း မလွယ်တော့၊ သည်လိုအဖက်ဖက်က မျှော်လင့်... က် ကုန်ဆုံးခဲ့ပြီဖြစ်သော သူမ၏ဘဝမှာ ဘာများ ခံမင... ယ်တာစရာ ရှိပါသေးသနည်း....

တတ်ထူပြားဖြင့် ကာထားသည့် နံရံတစ်ချပ်သာ ခြားနေ... သည်ဖြစ်ရာ လီစာသည် တစ်ဖက်ခန်းမှ သူတို့လေးယောက်... သံများကို ကောင်းကောင်းကြီး ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com

'ဒီအတိုင်းဆိုရင် လီစာဝဲဟာ ကျွန်တော်တို့ကိုသစ္စာဖော
ဟာပဲ၊ ဂရိုပြည်သူတွေကို သစ္စာဖောက်တာပဲ'

မီခေးလစ်က စားမွဲကို လက်သီးဖြင့် ထုကာ ဒေါသြ
မောနှင့် စပြောလိုက်သည်။

ဘာနာဆစ်က မီခေးလစ်၏ စကားကို လက်မခံသည့်
အမူအရာဖြင့် ခေါင်းယမ်းလိုက်သည်။

'ကျွန်တော်တော့ ဒီလိုအယူအဆဘူး၊ဒီအယူအဆကိုလက်လ
ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ ဒီကောင်မလေး
ယော်ငယ်ကတည်းက သိလာခဲ့တာပဲ၊ဟိုက္ကလိုလ်ရောက်တော့
ကျွန်တော့်တပည့် ဖြစ်ခဲ့တာပဲ၊ ပြီးတော့ ဒီခြေအောက်အ
ထဲကို ရောက်အောင် သူ့ကို ကျွန်တော်ပဲ ခေါ်လာခဲ့....'

'ဒီလိုဆို ကျုပ်လဲ ဒီကောင်မလေးကိုရော သူ့မိသားစု
ရော ရင်းရင်းနှီးနှီး သိလာခဲ့တာ ကြာပြီပဲဗျ၊ ဒီနေရာမျိုးမှ
တစ်ခုခုကို အစွဲအလမ်းနဲ့ ဆုံးဖြတ်လို့ ဘယ်ဖြစ်ပါ့မလဲ'

မီခေးလစ်၏အသံမှာ တင်းမာပြတ်သားလှသည်။တကယ
သံမဏိစိတ်ဓာတ်ရှိသည့် လူတစ်ယောက်၏လေသံမျိုးဖြစ်သည
'တကယ်လို့ဒီကောင်မလေးဟာ ကျုပ်တို့ကိုသစ္စာဖော
သွားပြီးမှတော့ သူဖြစ်ခဲ့ ပျက်ခဲ့သမျှ ကျုပ်တို့ကို အခုလို
ပြောဝံ့ပါ့မလား'

ဘုန်းတော်ကြီး ပါပါပင်နို့က ဝင်ထောက်လိုက်သည်။

'ခင်ဗျားမတွေ့ မြှည့်စားတာကို မခံချင်ပါနဲ့ ဘုန်းကြီး
ကျုပ်တို့အဖွဲ့နဲ့ ညီးဘမ်းအတိုင်း အတိအကျလုပ်ရမယ်ဆို



တခြားရွေးစရာလမ်း မရှိပါဘူး၊ ပြတ်ပြတ်သားသားလုပ်ဖို့
ရှိတာပေါ့'

'ဒီလိုသာ ဒီကောင်မလေးကို သစ္စာဖောက်အနေနဲ့ သတ်
ပစ်ရမယ်ဆိုရင် ကျုပ်တို့ဟာ နာဇီတွေနဲ့ဘာထူးသေးသလဲ'
အတူတူပဲပေါ့'

'ဒါဖြင့် တခြား ဘယ်လိုလုပ်မလဲ ပြောစမ်းပါဦး၊ သူ့
အတွက် နောင်တ တရားရဖို့ ဘုရားမှာ ဆုတောင်းပေးရ
မှာလား'

'ဟော်စမ်းဗျာ၊မီခေးလစ်တိုက်စမ်း၊ တစ်ခုနှလုံး ခင်ဗျား
ချည်း ဒိုင်ခံ ဒေါပွနေတာပဲ၊ ကျုပ်တို့ အဖွဲ့အနေနဲ့လဲ လူ
တွေကိုဖြတ်သင့်သလောက်သတ်ခဲ့တာပဲမဟုတ်လား၊ပြီးတော့
ဒီကောင်မလေး လီစာဆိုတာက ဂရိပြည်သူတွေရဲ့ရဲရဲတောက်
အာဇာနည် ဆိုင်ယွန်းနစ်ရဲ့ သမီး ဆိုတာလဲ သတိရပါဦး'

'ဆိုင်ယွန်းနစ်ကို လိုက်ပြီး နာမည်ဖျက်ပါနဲ့ဗျာ'

မီခေးလစ်က ချက်ချင်းဝင် တုံ့ပြန်လိုက်သည်။

'ဒီလိုဆို သူ့အစ်မ မာရီယာကို ဘယ်လိုပြောမလဲ၊ဂျာမန်
စစ်ဗိုလ်တစ်ယောက်နဲ့ ညားနေတာပဲ မဟုတ်လား။ ပြီးတော့
သူ့ယောကျ်ား မင်နီလစ်ဆိုတဲ့ ခွေးကောင်လဲ ဂျာမန်တွေနဲ့
ပေါင်းနေတာပဲ မဟုတ်လား'

မီခေးလစ်သည် ဒေါသဖြစ်ကာ ကြမ်းပြင်ပေါ်သို့ တံတွေး
ပက်ခနဲ ထွေး ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမယ့် ဒီကောင်မလေးအနေနဲ့ သူ လုပ်ခဲ့မိတာတွေအတွက် စိတ်မချမ်းမသာ ဖြစ်ခဲ့ရပြီးပြီ မဟုတ်လား၊ ဒီမယ်မီးခေးလစ် ခင်ဗျား တစ်ခု သိထားရမှာက တကယ်လို့သာ ဒီကောင်မလေးဟာ ကျုပ်တို့ကို စိတ်ချရာ ကိုယ်ပါ သစ္စာဖောက်မယ် ဆိုရင် သူဟာ ဟေလ်ဆာကို ယူလိုက်မှာပေါ့၊ အခု သူ လုပ်ခဲ့တာတွေဟာ သူ့သားကလေး နှစ်ယောက်ရဲ့ အသက်ကို ကာကွယ်တဲ့အနေနဲ့ လုပ်ခဲ့တယ်ဆိုတာ ခင်ဗျား စဉ်းစား မှနေပြီ ထင်တယ်'

'ကျွန်တော်လဲ ကလေးတစ်ယောက်ရဲ့ အဖေပါပဲ'

မီးခေးလစ်က ငုံ့မခံဘဲ ပြန်ပြောပြန်သည်။

'ကျွန်တော့်အနေနဲ့တော့ ကျွန်တော်ကိုယ်တိုင်က ဂျာမန်တွေနဲ့ ပေါင်းမယ့်အစား ကျွန်တော့်သားကို အသေခံလိုက်မယ်'

'ဒါတော့ ဟုတ်တာပေါ့၊ ခင်ဗျားအနေနဲ့ခင်ဗျားသားကို အသေခံမယ်ဆိုတာ ကျုပ်သိပါတယ်၊ ဒါပေမယ့် ခင်ဗျား မိန်းမကိုကော ဒီလို အသေခံနိုင်ပါ့မလား၊ ပြောပါဦး'

## အာကာဒီယာ စက်ရုပ်လိုက်ပ၊

အာကာဒီယာ သင်္ဘောကလေးသည် ချက်ခေနေ ပြောသလောက် မမြန်ရုံမျှမက သပ်သပ်ယပ်ယပ် မရှိဘဲ စုတ်စုတ်ပြတ်ပြတ်သင်္ဘောကလေးတစ်စင်းသာဖြစ်သည်။ သည်သင်္ဘောကလေးနှင့် ပင်လယ်ကူးနေသည်ကို မောရစ်ဆင်မှာ အံ့သြ၍ မဆုံးအောင် ဖြစ်မိသည်၊

သင်္ဘောကလေး ပေါ်တွင် အိပ်စင် လေးစင်ပါသော အခန်း တစ်ခန်း၊ မီးဖိုခန်းတစ်ခန်းနှင့် ဦးခန်း ဟူ၍ အခန်း သုံးခု ပါရှိသည်။

မောရစ်ဆင်သည် လှေကားအတိုင်း ကုန်းပတ်ပေါ်သို့ တက်လာခဲ့သည်။ ကုန်းပတ်ပေါ်တွင် လက်ရမ်းကို မှီကာ ဆေးတံကို ဟန်ပါပါ ဖွာရင်း ပင်လယ်ပြင်ကို တစ်လှည့်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ကိုတစ်လှည့် ကြည့်၍ ငိုမ်ယူနေသော အင်တော်နှစ်ကို တွေ့ရသည်။

မောရစ်ဆင်သည် ဦးခန်းမှ သစ်သားနံရံကိုမှီ၍ ရပ်ရင်း တိုးတိုးသည်သည် စဉ်စားနေမိသည်။ သူ့စိတ်ထဲတွင် အနည်းငယ် စိုးရိမ်မှုကလေးများ ရှိနေသော်လည်း အသင်မြို့တစ်နေရာ၌ ပုန်းအောင်းနေခဲ့ရစဉ်ကထက် ပို၍ စိတ်ရောက်ယ်ဖါလွတ်လပ်မှု အရသာကို ခံစားနေရသည်။ သို့သော် မောင်ဆယ် သူ့ခေါင်းထဲသို့ ဝင်လာသော အကြောင်းအရာမှာ ချက်စနေနှင့် ပတ်သက်၍ဖြစ်သည်။ ချက်စနေနှင့် နောက်ဆုံးအကြိမ် တွေ့ခဲ့ရစဉ်က သူနှုတ်ဆက်လိုက်သည့် စကားများအရ သူသည် မိမိ၏ အမည်ရင်းကိုသာမက စားပွဲထိမှ အမည်မှာရင်း စရွက်အကြောင်းကိုပါ သူသိနေသည်မှာ သေချာသည်။ဘယ်နည်းဘယ်ပုံဖြင့် သည်အကြောင်းအရာတွေ သူသိနေသည်ကိုမူ မောရစ်ဆင် လုံးဝ မစဉ်းစားတတ်အောင် ဖြစ်နေမိသည်။ ဘာပဲဖြစ်ဖြစ် ချက်စနေသည် အမြင်အားဖြင့် ငွေမက်သူတစ်ယောက်ဟု ယူဆရသော်လည်း ဤသည်မှာ သူ့ကိုယ်သူ ဟန်ဆောင်နေသည်ဟု ထင်မိသည်။အဘယ့်ကြောင့်ဆိုသော် ဖက်ကယ်တမ်းအားဖြင့် သူသည် မိမိအကြောင်းကို ဂျာမန် ဂက်စတာပိုထံ သွားရောက်သတင်းပေးလိုက်ပါက ငွေများ ပုံအော၍ ရနိုင်စရာရှိသည်။ သို့ပါလျက် ထိုသို့ မလုပ်ဘဲ မိမိအကြောင်းကို လုံးဝမြို့ထားသည်ကို ကြည့်ခြင်းအားဖြင့် သူသည် ငွေမက်သူတစ်ယောက်မဟုတ်ကြောင်း ပေါ်ရှားနေပေသည်။



အင်တော်နှစ်သည် ကုန်းပတ်ပေါ်တွင် တစ်နာရီနီးပါးမျှ လှုပ်မယှက် ရပ်နေပြီးနောက် မောရစ်ဆင်ဘက်သို့ မျက်လှည့်လိုက်သည်။ သူ့မျက်နှာကဲ့သို့ပင် ပင်လယ်ဓါးဓာ်ကို စစ်ပေါင်းများစွာ ခံခဲ့ရဟန်တူသော ဆေးတံသည် သူ့ပါးစပ်တွင် တင်လျက်သား ရှိနေသည်။

'အဒေါ်ဘာတွက်ခွင့် စာရွက်စာတမ်းတွေ သွားယူလိုက်ဦးမယ်'

မောရစ်ဆင်သည် သင်္ဘောပေါ်မှဆင်းသွားသော အင်တော်နှစ်ကို လှမ်းကြည့်ရင်း သည်သင်္ဘောပေါ်သို့ မိမိရောက်လာသည်ထက် ပို၍ လွယ်လွယ်ကူကူဖြင့် ရောက်လာခဲ့သည်ကို စဉ်းစားနေမိသည်။ သင်္ဘောကျင်းဂိတ်တွင် အစောင့်တာဝန်ကျသူများသည် အင်တော်နှစ်နှင့်အတူ တွဲလာသော မောရစ်ဆင်အား မျက်နှာကို မော့၍ကြည့်ဘဲ သွားခွင့်ပြုလိုက်သည်။ မောရစ်ဆင်သည် ချပ်ခေနအား စိတ်ထဲက ကျေးဇူးတင်လိုက်မိသည်။

နောက် နာရီဝက်ခန့်အကြာတွင် အင်တော်နှစ် ပြန်ရောက်လာသည်။ သူနှင့်အတူ ယောကျ်ားနှစ်ယောက်နှင့် မိန်းကလေးတစ်ယောက် ပါလာသည်။ သူတို့သုံးယောက် သင်္ဘောပေါ် ရောက်လာကြပြီးနောက် ဩသတြေးလျနိုင်ငံသား မာစတာဆီသူက မောရစ်ဆင်နှင့် သူ့ကိုယ်သူ မိတ်ဆက်သည်။ ကျက်ဘတ်စ်ယောက်မှာ အသက်နှစ်ဆယ်ခန့် လူငယ်တစ်ယောက်ဖြစ်၍ ပါလက်စတိုင်းလူမျိုးဖြစ်သည်။ သူ့အမည်မှာ

www.burmeseclassic.com

www.burmeseclassic.com



ယစ်ချယ်ဖြစ်သည်၊ ယစ်ချယ်၏ဘေးနားမှ မိန်းကလေး သူ့ဇနီး အဲလ်ပစ်ဆိုသူကလေးဖြစ်သည်။ အဲလ်ပစ်မှာ အသ နှစ်ဆယ်ပင် ပြည့်ဟန်မတူသေးတဲ့ အနုညံးငယ် ပိုးရိုမ်ထိ လန့်နေပုံရသည်၊ သို့သော် သူသည် အိဂျစ်နိုင်ငံရှိ ဂရိလူ မြောက်ရေး တပ်သားများနှင့် သွားရောက်ပူးပေါင်းမည် သိရသည်၊ မည်သို့ပင်ဖြစ်စေ သမ်းခရီးဆက်လျှောက် ပင်လယ် ပြင်ကူး အပြင်းပြေစကားပြောရန် အဖော်များရလာသ မောရစ်ဆင်သည် အင်တော်နှစ်အား ကျေးဇူးတင်ခဲ့သည်။

နောက်ဆုံးအကြိမ်အားဖြင့် ဂရိရဲသားများသည် သင်္ဘော ကလေးပေါ်သို့ တက်လာပြီး စာရွက်စာတမ်းများနှင့် အပ်သည့် ကိစ္စအဝဝတို့ကို ကြည့်ရှုစစ်ဆေးပြီးနောက် ဆိ ကမ်းမှ ထွက်ခွာခွင့်ပြုလိုက်သည်၊ သို့ဖြင့် အာကာဒီ သင်္ဘောကလေးသည် အေသင်ဆိပ်ကမ်းမှ တစ်စုံတစ် အနှောင့်အယှက်မရှိဘဲ အေးအေးစွာ ထွက်ခွာလာခဲ့သ

ပင်လယ်သေသည့် အနုသိမ်ငယ် အေးစပြုလာသည်။

ပါလက်စတိုင်းလူငယ် ယစ်ချယ်သည် သူ့ဇနီးကလေး အတူ သင်္ဘောခန်းထဲသို့ ဝင်သွားကြသည်။ သူတို့နှစ်ယော သည် အိပ်စင်တစ်ခုပေါ်တွင် နှစ်ယောက်အတူ ပူးပူးကပ် လှဲရင်း တွက်ထိုးနေကြသည်။

အေသင်မြို့မှ တောင်ကုန်းများသည် ကဖြည်းဖြည်းဝေ ရှိသေး၍ကျန်ခဲ့သည်။ မောရစ်ဆင်သည် မြင်ကွင်းမှ တစ်စ ပျောက်ကွယ်စပြုနေသော အေသင်မြို့ကိုကြည့်



သည်မြို့ပြင် ဆင်ခြေဖုံးတစ်နေရာမှ အိမ်ကလေးတစ်လုံးကို လည်းကောင်း၊ မြို့တွင်းတစ်နေရာမှ ပ်ခိုးခန်းကလေးကို လည်းကောင်း သတိရနေမိသည်။ လီစာ ...လီစာနှင့် ဝေးခဲ့ ပြီ ...။

အာကာဒီယာသည် ဆိပ်ကမ်းရေပြင်ကို ကျော်လွန်လာခဲ့ ပြီး ပင်လယ်ဝသို့ ရောက်လာခဲ့သည်။ ထိုအခိုက် အင်တော် နှစ်သည် သင်္ဘောကို ရုတ်တရက် ရပ်လိုက်ပြီး ပင်လယ် ထဲသို့ ကျောက်ချလိုက်သည်။

'ဒါက ဘယ်လိုလဲ၊ ဘာဖြစ်လို့လဲ' ယွဲစတြေးလျ အမျိုး သား မောရစ်ဆင်က လှမ်းမေးလိုက်သည်။

'ဒီနေရာမှာ မနက်အရုဏ်တက်အထိ နေရလိမ့်မယ်၊ ဒါ ကျွန်တော့ရဲ့အမိန့်၊ ပြီးတော့ ရှောင်တိမ်းသင်္ဘောတွေလဲ လာတတ် တယ်။ ဒီနေရာက အခုထွက်ရင် ကမ်းစောင့်တပ်တော် တွေနဲ့ လိုက်ဖမ်းလိမ့်မယ်...။' အင်တော်နှစ်က ခပ်ပြတ်ပြတ် ပြန်ပြောလိုက်သည်။

'ဒါပေမယ့် ကျုပ်ကတော့ ဒီမှာ ကျောက်ချပြီး ရပ်နေ တာ သဘောမကျဘူး'

'ကျုပ်အလုပ်ထဲမှာ ဝင်မပြောရင်ကောင်းမယ်'

ထိုနေရာတွင် အတော်ကြာအောင် ကျောက်ချနေကြသည်။

တဖြည်းဖြည်း ညနေစောင်းလာပြီး မှောင်စပျိုးလာသည်။

ပါလက်စတိုင်း ဇနီးမောင်နှံမှာ အခန်းထဲတွင် အိပ်စင် ပေါ်၌ တစ်ယောက်လက်မောင်း တစ်ယောက်ခေါင်းအုံး၍ အိပ်ပျော်နေကြသည်၊ အင်တော်နှစ်သည် သင်္ဘောလက်ရမ်း

www.burmeseclassic.com

www.burmeseclassic.com



ကိုမှီ၍ ဝင်လယ်ဖြင့်ကို ကြည့်နေသည်။ ကုန်းပတ်ပေါ်တွင် မာစတာတွန်သည် မောရစ်ဆင်အနီး၌ လက်ရမ်းကို နောက်ပြန်မှီလျှင်း သီချင်းတမ်အေးအေးဖြင့် ညည်းနေသည်။

မောရစ်ဆင်သည် မာစတာတွန်ကိုကြည့်၍ ယဲတောကျနေမိသည်။ စောစောပိုင်းက မာစတာတွန်၏ ပြောပြချက်အရ သူသည် ယခင်က လေးကြိမ်တိုင် သွက်ပြေးရန် ကြိုးစားခဲ့ဖူးကြောင်း၊ သို့သော် အရက် အလွန်အကျွံ မူးနေသဖြင့် သင်္ဘောရှိရာသို့ အချိန်မီ မရောက်နိုင်ဘဲရှိပြီး ကျန်ရစ်ခဲ့ရကြောင်းများကို သိရသည်။

'တော လင်ဒန်...' မာစတာတွန်က မောရစ်ဆင်ဘက်သို့ ကိုယ်ကို စောင်းလိုက်ပြီး ခပ်တိုးတိုးခေါ်လိုက်သည်။

'ဘာလဲ...'

'ကျွန်တော် နယူးဇီလန်သားတွေနဲ့ တစ်ခါမှ အရက်အတူ မသောက်ခဲ့ဖူး၊ ဒါပေမယ့် အခု ခင်ဗျားနဲ့ကျမှ သောက်ဖြစ်တော့မယ်ထင်တယ်...ဒီမှာကြည့်စမ်း....' ပြောပြောဆိုဆိုဖြင့် မာစတာတွန်သည် ၎င်း၏အင်္ကျီအိတ်ထဲမှ ပုလင်းတစ်လုံး ဆွဲထုတ်လိုက်သည်။

'ဟာ...ဘာရန်ဒီပါလား...အရာဝန်က ဘာရန်ဒီသောက်ရမယ်လို့ ညွှန်ကြားထားတာနဲ့ အတော်ပဲ...'

'ရှူး...ဟေ့လူ တိုးတိုးလုပ်ပါ၊ ခင်ဗျားအသောက်တုံ့ တဲ့လူပဲ တစ်ပုလင်း နှစ်ယောက်ဆို အံကိုက်ပဲ၊ ဟိုလူတွေ ကြားသွားလို့ မျှသောက်နေရတာနဲ့ မလောက်မှု ဖြစ်နေပါဦးမယ်'



မောရစ်ဆင်သည် မည်သို့မျှ ပြန်မပြောတော့ဘဲ မာစတာတွန် လက်ထဲမှ ဘရန်ဒီပုလင်းကို ဆွဲယူလိုက်ပြီး ပုလင်းလိုက်မော့ချလိုက်သည်။ မာစတာတွန်ကလည်း မောရစ်ဆင်သောက်နေသည်ကို ခဏတွမျှ စောင့်ကြည့်နေပြီ နောက် ပုလင်းကို ပြန်ဆွဲယူလိုက်ပြီး သူကတစ်ဖန် ပုလင်းလိုက်မော့ချလိုက်ပြန်သည်။

ပုလင်းထဲမှ အရက်များမှာ တဖြည်းဖြည်း လျော့ကျသွားသည်။

မာစတာတွန်သည် ခေါင်းကို ခါခါနဲ တစ်ချက်ရမ်းလိုက်ပြီး အရက်တစ်စက်မှ မရှိတော့ဘဲ ပြောင်နေသည့် ပုလင်းကို ခဏ စိုက်ကြည့်လိုက်သည်၊ ပြီးပုလင်းခွံကို လက်ရမ်းပေါ် တင်၍ ပင်လယ်ထဲသို့ တအားလွှဲ၍ ပစ်ချလိုက်သည်။

'နယူးဇီလန်သားတွေနဲ့ အရက်မသောက် မသောက်တာ ကောင်းတယ်၊ တကယ် အသောက်ရမ်းတဲ့ သောက်ရမ်းတွေပဲ'

'ဟေ့လူ ဟော်စမ်း...ကျုပ် ကျုပ်တယ်မှာ သောက်လိုက်လို့လဲ၊ ခင်ဗျားပဲလုပြီး ပုလင်းလိုက် မှိုချပြီးတော့'

'ဟား...ဟား...ဟား ဒါကြောင့်မို့ ကျုပ်ခင်ဗျားကို ချစ်တာ သား...ဟား...ပျော်တယ်မဟုတ်လား၊ ပျော်တယ် အားကြီးပျော် အရမ်းပျော် ပျော်ရင် ဘာလုပ်မလဲ သီချင်းဆိုမယ်၊ ခင် ခင်ဗျား ဘာ ဘာသီချင်းနားထောင်ချင်လဲ ပြော ပြော ကျုပ် အကုန်ရတယ်'

'သီချင်း သီချင်း ဘာသီချင်းလဲ၊ သီချင်းမဆိုချင်ပါနဲ့ ယ်လူရာ၊ ဟော...ဟောဟိုမှာ ကြည့်စမ်း၊ အေးဆင်မြို့ကြီး

www.burmeseclassic.com

www.burmeseclassic.com

သောက်ကျိုးနည်း ကြီးကျယ်တဲ့မြို့ကြီး၊ အဲဒီမြို့ကြီးမှာသေ
ကျုပ်....ကျုပ် ငှသာက်ကျိုးနည်း’

‘ဟာ....ဟော့ လူရ၊ မငိုပါနဲ့ မငိုစမ်းပါနဲ့’

‘ကျုပ် မနေနိုင်လို့ပါဗျာ၊ ဒီသောက်ကျိုးနည်း၊ ကြီး
ကြီးကျယ်တဲ့ မြို့ကြီးမှာလေ’

‘ဒါတွေအသာထားစမ်းပါ၊ သီချင်း ဆို ဆိုရအောင်ပ
အင်္ဂလိပ် အင်္ဂလိပ်သီချင်း ခင်ဗျားရတယ်မဟုတ်လား၊ ကျုပ်
ဆိုမယ်၊ ကျုပ် ကျုပ်အားလုံး အားလုံးရတယ်’

ထိုအခိုက် အောက်ထပ်သတော်ခန်းထဲမှ တီးဟ်းစကား
ပြောသံနှင့် လှုပ်ရှားသံများ ကြားလိုက်ရသည်။ မာစတာတွ
သည် ထိုင်နေရာမှ ရုတ်တရက် ထ၍လေးဘက်ထောက်လိုက်
ပြီး အခန်းဝဆီသို့ တဖြည်းဖြည်းသွား၍ ချောင်းကြည့်လိုက်
သည်၊ နောက်မှ မောရစ်ဆင်က သူ့ခါးကို အဘင်းလှမ်းဆွဲ
ထားသည်။ ‘သူတို့ဟာ သူတို့ နေစမ်းပါစေ၊ နှင်အဘော်
သောက်လိုက်ကမ်းဆို၊ မသိ မသိတဲ့လူပဲ’

‘မလိုချင်ဘူးဟေ့...လင်ဒန် ဟော့ ကောင်၊ ငါ နောက်
နှင်တို့လို နယူး...နယူးဇီလန်သားတွေနဲ့ ဘယ်...ဘယ်တော့
အရက်မသောက်တော့ဘူးကွ သိလား၊ ဒါ...ဒါနောက်ဆုံး
နောက်ဆုံးသောက်တာမို့ ပျော်တယ်ကွာ၊ လာ...က...ကား
အောင်’

မာစတာတွန်သည် ထိုင်ရာမှ ဒယိမ်းဒယိုင်ဖြင့် ထလို
သည်။ မောရစ်ဆင်ကိုလည်း ခါးမှ မနိုင့်တနိုင်ဖြင့်ပွေ့




ထခိုင်းသည်။ ပြီး... နှစ်ယောက်သား တစ်ယောက်ပခုံး တစ်
ယောက်ဖက်၍ ကကြသည်။

အင်တော်နှစ်သည် သူတို့နှစ်ယောက် ကိုးရိုးကားယား
ဖြစ်နေပုံကို သခေါ်ဦးပိုင်းမှရပ်၍ ကြည့်နေသည်။

အာကာဒီယာသင်္ဘောကလေးသည် ပင်လယ် လှိုင်းများကို
ဖြတ်ကျော်၍ အရှိန်ဖြင့်ပြေးနေသည်။

ထိုအခိုက် ဦးပိုင်းမှ အင်တော်နှစ်သည် ကိုယ်ကို အနည်း
ငယ် စောင်းလိုက်ပြီး ယူ့ခေါင်းကို မသိမသာစောင်း၍ နားစွင့်
လိုက်သည်။

ခပ်လှမ်းလှမ်းမှ မော်တော်ဘုတ်သံတစ်သံသည် နားထဲသို့
ဝင်လာသည်။ အသံသည် နားစွင့်နေရင်း ကျယ်သည်ထက်
ကျယ်လာသည်၊ နီးသည်ထက် နီးလာသည်။

မောရစ်ဆင်နှင့် မာစတာတွန်တို့သည် မော်တော်ဘုတ်သံ
ကြောင့် နှစ်ယောက်တွဲ၍ ကိုးရိုးကားယား ကနေကြရာမှ
ဖျက် ပန်းပျက်ဖြင့် ရပ်ပစ်လိုက်မိကြသည်။

‘မြန်မြန်...စက်ကိုမြန်မြန် မောင်းပြေးပါ’ မာစတာတွန်က
အင်တော်နှစ်အား ပြောလိုက်သည်။

‘အသာနေစမ်းပါ၊ မြန်လှည့်ချင် လှည့်သွားမှာပါ’

မောရစ်ဆင်သည် အမူးပြေသွားသည်။ အသံကြားရာဘက်
သို့ စိုက်ကြည့်နေမိသည်။ မော်တော်ဘုတ်သံသည် အနည်းငယ်
ဝေးသွားသလို ထင်ရသည်။ သို့သော် ရုတ်တရက် ချက်ချင်း
ပြန်၍ ကျယ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

'ဟေ့ လူ…မောင်းပြေးပါဗျ' မာခဘာတွန်က လှမ်းအော်သည်။

သို့သော် စက်သံနှင့်အတူ အာကာဒီယာ၏ လက်ဝဲဘက်ဘေးမှ ကိုက် သုံးလေးရာခန့်အကွာတွင် မော်တော်တစ်စင်း၏ ပုံသဏ္ဌာန်ကို ကြယ်ရောင်အောက်တွင် ခပ်ရေးရေး လှမ်းမြင်ကြရသည်။ နီးသည်ထက် နီးလာသည်။ ဝူးဝူးခနဲ ဆွဲလိုက်သော ဥဩသံကို ကြားလိုက်ကြရသည်။

ရုတ်တရက် အင်အားကောင်းလှသည့် မီးရောင်တစ်ခုသည် အာကာဒီယာ သင်္ဘောကလေးပေါ်သို့ ထိုးကျလာသည်။ စူးရှသည့် အသံတစ်သံ ထွက်ပေါ်လာသည်။

'အာကာဒီယာ…စက်ရပ်လိုက်ပါ'

* * *

# အောမာရေ့မှ ငပုဲခန်း

ကင်းစောင့် မော်တော်ဘုတ်ကလေးသည် ဆိပ်ကမ်းကို စက်ရှိန်သပ်၍ ဝင်လာသည်။ လှ ခွပ်တပ်ထားသော သေနတ်များ အသင့်ကိုင်ထားကြသည့် ဂျာမန်စစ်သား အချို့သည် ကုန်းပေါ်တွင် ပဇော့ကက်ပုံသဏ္ဌာန်ဖြင့် ရပ်နေကြသည်။

မောရစ်ဆင်သည် တုန်လှုပ် ချောက်ချား စွာဖြင့် ကမ်းပေါ်သို့ တက်လာခဲ့သည်။ သူ့ နံဖူးပေါ်တွင် ချွေးသီး ချွေးပေါက်များ စို့နေသည်။ မာခဘာတွန်က သူ့ လက်မောင်းကို ကိုင်၍ မသိမသာ ညှစ်လိုက်သည်။

ကုန်းပေါ်တွင် အလုံပိတ် ထားသော အချုပ်ကားကြီး တစ်စီးရပ်ထားသည်ကို တွေ့ရသည်။ သူတို့ ငါးယောက်စလုံး အချုပ်ကားပေါ်သို့တက်ခဲ့ကြရသည်။ လက်နက်ကိုင်စစ်ကား

www.burmeseclassic.com

www.burmeseclassic.com

သုံးစီးသည့် အချုပ်ကားရှေ့မှ မောင်းထွက်သွားရာ အချုပ်ကားသည် ထိုစစ်ကားနောက်မှ မောင်း၍ လိုက်လာခဲ့သည်။ ဥသြသံနှင့်အတူ ကားတန်းကြီးသည် အေသင်မြို့ထဲသို့ ရှေ့ရှု မောင်းလာခဲ့ကြသည်။

အချုပ်ကားထဲတွင် အဲလ်ပစ်သည့် သူ့ယောက်ျားဖြစ်သူ ယစ်ချယ်၏ရင်ခွင်ထဲတွင် မျက်နှာအပ်၍ တရှုံ့ရှုံ့ ငိုရင်း လိုက်လာသည်။ အင်တောနစ်မှာ တစ်စုံတစ်ရာစိုးရိမ်သည့်လက္ခဏာ မပြဘဲ ဆေးတံကို တစ်ဖွာပြီးတစ်ဖွာ ဖွာရင်း အချုပ်ကားနောက်သို့ သံဇကာကြားမှ လှမ်းကြည့်လာခဲ့သည်။

အချုပ်ကားသည် အေသင်မြို့တွင်းသို့ မသွားဘဲ မြို့ပြင်တစ်နေရာသို့ မောင်းလာခဲ့သည်။

'ကျွန်တော်တို့ကို ဘယ်ခေါ်သွားမလို့လဲ'

ဂေါရစ်ဆင်က မာစတာတွန်အား တိုးတိုး မေးလိုက်သည်။

'ဓအဗားရေ့ကောင်ကို သွားမှာပေါ့၊ ကိစ္စမရှိပါဘူး၊ မကြောက်ပါနဲ့၊ စိတ်ကိုတင်းထားပါ၊ ဒါတွေက မပြောပလောက်ပါဘူး'

အချုပ်ကားကြီးသည် ရောမအဆောက်အအုံကြီးရှေ့တွင် ရပ်လိုက်သည်။

သူတို့ ငါးယောက်စလုံး ကားပေါ်မှဆင်း၍ ကျောက်တိုးများဖြင့် သေးဖက်လေးတန် ကာရံထားပြီး ကျောက်ပြားများ ခင်းထားသော အခန်းတစ်ခန်းသို့ ဝင်လာခဲ့ကြရသည်။



သူတို့နောက်မှ အညိုရောင် ရှပ်အင်္ကျီများနှင့် ဘောင်းဘီတိုကိုင် နာဇီတပ်သားနှစ်ဆယ်ကျော်ခန့် ဝိုင်းရံလိုက်[illegible]ကြသည်။

အခန်းအဆုံး၌ စားပွဲခုံကြီးတစ်ခု၏နောက်တွင် [illegible] အေဗားရေ့ အကျဉ်းထောင်ကြီး၏တာဝန်ခံတာ[illegible] [illegible]ကြီး ဩဘတ်ဖြစ်သည်။ သူ့မျက်နှာပေါက်မှာ တကယ့်[illegible] အမျိုးအနွယ် ပရပ်ရှင်းရုပ်မျိုးဖြစ်သည်။

သူသည် သူ့ရှေ့တွင် တန်းစီ ရပ်၍နေကြသော [illegible] ငါးယောက်စလုံးကို တစ်ယောက်စီ တစ်ယောက်စီ ကြည့်လိုက်သည်။ မာစတာတွန်ကို မြင်လိုက်သောအခါ...

'မာစတာတွန်၊ မင်းသာပြန်ပြီလား'

'ကိုယ့်နိုင်ငံ ကိုယ်လွမ်းလို့ပါ ဗိုလ်မှူး'

'တိတ်စမ်း၊ နောက်တီး နောက်ပြောက်တွေ လာပြောမနေနဲ့'

ဗိုလ်မှူးကြီးဩဘတ်သည် သူ့ဘေးနားမှစားပွဲခုံကလေးနှင့် ထိုင်နေသော စာရေးအား လှမ်းပြောလိုက်သည်။

'မာစတာတွန်ဆိုတဲ့ကောင်ကို သူလျှိုမှုနဲ့နိုင်ငံတော်လုပ်ကြံမှုနဲ့ အမှုဖွင့်ပြီး စွဲချက်တင်လိုက်'

ရှပ်ညိုဝတ်သားနာဇီလေးယောက်သည် မာစတာတွန်အား အခန်းထဲမှ ဆွဲထုတ် သွားလိုက်ကြသည်။ သူက အပြင်သို့ ရောက်မှ ဂေါရစ်ဆင်အား လှမ်း၍နှုတ်ဆက်သွားလိုက်သေးသည်။

'ကဲ...ကိုယ့်လူ နောက်မှ တွေ့ကြသေးတာပေါ့၊ ကိုယ်ပြောတာ မမေ့ပါနဲ့၊ ဒါတွေက မပြောပလောက် ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com

ဩဘတ်သည် သွားရေကွင်းပြားတပ်ထားသော မြင်းစီးဘွတ်ဖိနပ်အသေးကို ကိုင်၍ သူ့လက်ဝါး ပေါ်သို့ တဖတ်ဖတ် ရိုက်ရင်း ကုလားထိုင်ပေါ်တွင် ရှေ့နောက် လှုပ်ယမ်းကာ ကျွန်လူ လေးယောက်ကို စိုက်ကြည့်လိုက်သည်။

'မင်းတို့ထဲမှာ ဂျူးလူမျိုးတစ်ယောက် ပါတယ်လို့ကြားတယ်၊ အဲဒီ ဂျူးဆိုတဲ့ကောင် ရှေ့တိုးစမ်း'

လေးယောက်စလုံး ဘယ်သူမှမလှုပ် ငြိမ်နေကြသည်။

'ပြောတာ မကြားဘူးလား၊ အဲဒီ ဂျူးကောင် ရှေ့တိုးစမ်းပါ'

ရုတ်တရက် ယစ်ချယ်သည် အဲလ်ပစ်၏လက်မှ ရုန်းထွက်ပြီး စားပွဲရှေ့သို့ တိုးရပ်လိုက်သည်။

'မင့်နာမည် ဘယ်လိုခေါ်သလဲ၊ ဂျူးကောင်'

'ကျုပ်ဟာ ဗြိတိသျှစစ်သားတစ်ယောက်ပါ'

ဩဘတ်သည်လှုပ်ယမ်းနေသောကုလားထိုင်ကိုရပ်လိုက်ပြီး ထိုင်ရာမှထ၍စားပွဲရှေ့သို့ကွေ့လာသည်။ ယစ်ချယ်နှင့်မျက်နှာချင်းဆိုင် ရပ်လိုက်သည်။ ယစ်ချယ်က သူ့မျက်လုံးများကိုပြန်၍ စိုက်ကြည့်လိုက်သည်။ သူသည် လက်ထဲမှမြင်းစီးတုတ်၏အဖျားကို ယစ်ချယ်၏ နှာခေါင်းထိပ်သို့ တေ့ထားပြီး မေးလိုက်ပြန်သည်။

'ဂျူးကောင်...မင့်နာမည် ပြောစမ်း'

'ကျုပ်ဟာ ဗြိတိသျှ စစ်သားတစ်ယောက်'

ယစ်ချယ်၏ စကားမဆုံးမီ ဩဘတ်သည် မြင်းစီးတုတ်ကို တအားလွှဲ၍ ယစ်ချယ်၏ပါးစပ်ကိုရိုက်ချလိုက်သည်။ ခေါက်ခနဲ ကျိုးသောအသံနှင့်အတူ ယစ်ချယ်၏ပါးမှ သွေးများစီးကျလာသည်။

ယစ်ချယ်က ဩဘတ်၏မျက်နှာကို တံတွေးဖြင့် ပက်ခနဲ လှမ်းထွေးလိုက်သည်။ ရုတ်တရက် ဖြုန်းခနဲ ရှပ်ညိုတပ်သား ဆယ်ယောက်ခန့်သည် ယစ်ချယ်ထံသို့ပြေးဝင်လာပြီးလက်ထဲမှ နံပါတ်တုတ်များဖြင့်ဝိုင်းရိုက်ကြရာ ယစ်ချယ်မှာကြမ်းပေါ်သို့ ခွေလဲကျသွားသည်။ ရှပ်ညိုများသည် ကြမ်းပေါ်တွင်ခွေလဲကျနေသော ယစ်ချယ်အား ခြေထောက်များဖြင့် ဝိုင်း၍ကန်ကြပြန်သည်။

အဲလ်ပစ်သည် ငယ်သံပါအောင် အော်လိုက်ပြီး ယစ်ချယ်အား ပြေး၍ပွေ့ထူလိုက်သည်။

'ဒီကောင့်ကို ဆွဲခေါ်သွားစမ်း'

ရှပ်ညိုများသည် ယစ်ချယ်အား ဆွဲခေါ်သွားကြသည်။ အဲလ်ပစ်သည် အော်ရင်း ဟစ်ရင်း ယစ်ချယ်အား ဖက်ထားရာမှ ဒရွတ်တိုက်၍ ပါသွားရာ အခြားရှပ်ညိုများက သူမ၏လက်များကို တအားဆွဲဖြည်ရင်း သူမကိုပါ ဝိုင်း၍ ရိုက်ကြနှက်ကြသည်။

'ဒီကောင်မကို ငါ့အခန်းထဲ ခေါ်သွားကြစမ်း၊ သူ ဘယ်လောက်သတ္တိရှိတယ်ဆိုတာ ဒီည ငါနဲ့တွေ့ကြသေးတာပေါ့'

ဩဘတ်၏စကားအဆုံးတွင် ယစ်ချယ်သည် သူ့အားဝိုင်းချုပ်ထားကြသော ရှပ်ညိုများလက်ထဲမှ ဝုန်းခနဲ ရုန်းထွက်၍ ဩဘတ်ရှိရာသို့ ပြေးလာသည်။ သို့သော် ဩဘတ်ထံမရောက်မီ ရှပ်ညိုတစ်ယောက်က ဝါးရင်းတုတ်ဖြင့် တအားရိုက်ချလိုက်

www.burmeseclassic.com

www.burmeseclassic.com

ရာ ခွပ်ခနဲမြည်သံနှင့်အတူ ယစ်ချယ်မှာ ကြမ်းပေါ်သို့ ပုံကျသွားသည်။ ဤတွင်မှ ရုပ်ညှိမျှားသည် ဦးခေါင်းနှင့် မျက်နှာတစ်ခုလုံး သွေးသံရဲရဲဖြစ်နေသော ယစ်ချယ်အား လည်းကောင်း၊ ရှန်းကန်အော်ဟစ်နေသော အဲလိပ်စ်အား လည်းကောင်း အခန်းထဲမှ ဆွဲထုတ်သွားကြသည်။

ထို့နောက် ဩဘတ်သည် ကုလားထိုင်ပေါ်သို့ ပြန်ထိုင်လိုက်ပြီး အင်တော်နစ်အား မြင်းစီးတုတ်ဖြင့် ညွှန်ပြလိုက်ပြီး 'ဟဲ...မင်းကတော့ မင်းကိုယ်မင်း ဗြိတိသျှ စစ်သားပါလို့ ပြောဦးမလို့လား'

အင်တော်နစ်သည် ရှေ့သို့ ခြောခ်လှမ်းတိုးလိုက်ပြီး သူ့ကိုယ်သူ အာကာဒီယာသတော်၏ ကပ္ပတိန်ဖြစ်ကြောင်း ပြောပြလိုက်သည်။

'ဒီကောင်ကိုလဲ သူလျှိုလုပ်မှုနဲ့ နိုင်ငံတော် ဖျက်ဆီးလုပ်ကြံမှုနဲ့ စွဲချက်တင်ပြီး အမှုတွဲဖွင့်လိုက်ကွာ'

ယခု မောရစ်ဆင်တစ်ယောက်တည်း အခန်းထဲတွင် ကျန်ရစ်ခဲ့သည်။

ဗိုလ်မှူးကြီး ဩဘတ်သည် စားပွဲခုံကလေးတွင် ထိုင်နေသော စာရေးကို လှမ်းမေးလိုက်သည်။

'ဒီကောင်နဲ့ပတ်သက်လို့ ဘာတွေ အစီရင်ခံထားတာ ရှိသလဲ'

'ခရီးသွားလက်မှတ် အတု၊ ပစ္စတိုတစ်လက်နဲ့ ဂရီငွေ တစ်သိန်း တွေ့ရတယ်လို့ ဆိုပါတယ်၊ အရင်ပြစ်မှုမှတ်တမ်း တော့ မရှိပါဘူး'



'ဟဲ...ဆိုစမ်း မင်းနာမည်'

'ဂျေလင်ဒန်ပါ....'

'မစ္စတာလင်ဒန်....မင်းအကြောင်းကို ဒီ့ထက်ပိုပြီးသိချင်တယ်'

'ဂျေလင်ဒန်....တပ်ကြပ်ကြီး၊ ကိုယ်ပိုင်အမှတ် ၃၅၉၁၉၅ နယူးဇီလန်တပ်ဖွဲ့ကပါ'

'ဆက်ပြောဦးမှာဦး'

'စစ်ဆိုးဒါန်းတစ်ယောက်အနေနဲ့ ကျွန်တော် ဒါလောက်ပဲ ပြောနိုင်ပါတယ်'

ဩဘတ်သည် မသိမသာ ပြုံးလိုက်သည်။ ဖြီးမှ အနည်းငယ်အသံထွက်အောင် ရယ်လိုက်ပြီး 'တပ်ကြပ်ကြီးလင်ဒန်....မင်းသတင်းပို့တာ သိပ်ကောင်းတယ်ဟေ့'

မောရစ်ဆင်သည် အခန်းထဲသို့ တစ်ချက်လှမ်းကြည့်လိုက်သည်။ ရုပ်ညှိတပ်သားများသည် လက်စွမ်းပြချင်သည့် အမူအရာဖြင့် ဩဘတ်၏ မျက်ရိပ်မျက်ခြေကို စောင့်နေကြသည်ကို တွေ့ရသည်။

'တပ်ကြပ်ကြီး လင်ဒန်...မင်းမှာ နောက်ထပ် ပြောစရာ မကျန်တော့ဘူးဆိုတာ သေချာရဲ့လား' ဩဘတ်က ထပ်မေးလိုက်သည်။

မောရစ်ဆင်က ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်သည်။

'တပ်ကြပ်ကြီး လင်ဒန်....မင်းမှာ မင်းသိထားတဲ့ သတင်းက တချို့တလေများ မရှိဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



မောရစ်ဆင်သည် တိုင်ကပ်နာရီမှ တချက်ချက်မြည်သံကို နားထောင်နေသည်။

ဗိုလ်မှူးကြီး ဩဘတ်ကလည်း နာရီကို မော့ကြည့်လိုက်သည်။

'သူ့ကိုလဲ သူလျှိုမှု နိုင်ငံတော်လုပ်ကြံဖျက်စီးမှုနဲ့ စာရင်းသွင်းထားလိုက်'

ဩဘတ်သည် ထိုင်ရာမှ ထလိုက်သည်။ ရှပ်ညိုတပ်သားများက သတိအနေအထားနှင့် မတ်မတ် ရပ်လိုက်ကြသည်။ ဩဘတ်သည် နောက်တစ်ကြိမ် စာရေးရှိရာသို့ လှည့်၍ပြောလိုက်ပြန်သည်။ အာကာဒီယာသင်္ဘောနဲ့ ပတ်သက်တဲ့ ဒီအမှုတွဲကို နက်ဖြန်မနက် ဂက်စတာပိုရုံးချုပ်အရောက် ပို့လိုက်ကြားလား' ပြီးမှ မောရစ်ဆင်အား ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ပြောလိုက်သည်။

'ဂက်စတာပိုနဲ့ တွေ့ရင်တော့ သူတို့က မင့်ကို မပြောပြောအောင် လုပ်ကြပါလိမ့်မယ်'

* * *

မောရစ်ဆင်သည် အပြင်မှ ဆောင့်တွန်းလိုက်သဖြင့် အမှောင်ခန်းထဲသို့ အရှိန်ဖြင့် လဲကျသွားသည်။ တစ်ခန်းလုံး မှောင်နေသဖြင့် ဘာမှမမြင်ရဘဲ ဖြစ်နေသည်။ မောရစ်ဆင်



သည် လဲကျနေရာမှ မြေကြီးပေါ်တွင် တရွတ်တိုက်ကာ ရှေ့သို့ စမ်း၍ သွားကြည့်သည်။

'မာစတာတွန်...မာစတာတွန်'

'ကိုယ့်လူ...ကိုယ်ဒီမှာ'

မောရစ်ဆင်သည် မှောင့်ထဲတွင် တုံးလုံးပက်လက် ဖြစ်နေသော လူများကို ကျော်လွှားရင်း ရှေ့သို့ တရွေ့ရွေ့ တိုးလာခဲ့သည်။ ဆိုးဝါး၍ အော်ဂလီဆန်လှသည့် အနံ့အသက်များသည် နှာခေါင်းထဲသို့ တိုးဝင်လာကြသည်။ စောစောက အသံကြားရာသို့ စမ်းတဝါးဝါး လာခဲ့ရာမှ မှောင်ထဲတွင် အနည်းငယ် မျက်စိ ကျင့်သားရလာသည်။ တစ်နေရာတွင် မလှုပ်မယှက် လဲနေသော ယစ်ချယ်အား ဒူးထောက်၍ ပြုစုပေးနေသော မာစတာတွန်၏ ပုံသဏ္ဌာန်ကို ခပ်ဝါးဝါးမြင်လိုက်ရသည်။

'ဒီကောင်လေးကို ခွေးမသားတွေ တော်တော်အုပ်လွှတ်လိုက်ကြတာပဲ' မာစတာတွန်က မောရစ်ဆင်အား လှမ်းပြောလိုက်သည်။

ယစ်ချယ်သည် သတိရလာပြီး အနည်းငယ် လူးလွန့်လိုက်သည်။

'ကောင်မလေးကိုလဲ ခေါ်သွားကြတယ်..ဟို ဩဘတ်ဆိုတဲ့ ခွေးကောင်ကြီးပေါ့'

'အယုတ်တမာကောင်ကြီး၊ ဒီကောင်မလေးကို သူ့ခတရား ကျင့်မှာ သေချာတယ်'

www.burmeseclassic.com

www.burmeseclassic.com



မောရစ်ဆင်သည် အေးမြက်နေသော သမိတလင်းကျောက် ပြားပေါ်တွင် ငှက်တုတ်တိုင်ရင်း ရင်ထဲက တလှုပ်လှုပ် ဖြစ် လာသည်။ ထို့နောက် သူ့စိတ် သူမနိုင်တော့ဘဲ မငိုဖူး အားရပါးရ ငိုချလိုက်မိသည်။

မာစတာတွန်က မောရစ်ဆင်၏ ကျောကိုသပ်ရင်း 'မငို ပါနဲ့ ကိုယ့်လူရာ၊ အားတင်းထားစမ်းပါ...သူတို့ ကိုယ်တို့ကို ဒီမှာ အကြာကြီး မထားပါဘူး၊ တစ်ပတ်လောက် အလွန် ဆုံးနေပြီးရင် ဒီထောင်ရဲ့ အပြင်ဘက်မှာရှိတဲ့ သုံ့ပန်းစခန်း ကိုပို့ရမှာပါ၊ ဟိုကျရင် ဒီ့ထက် အများကြီးကောင်းမှာပါ'

မောရစ်ဆင်သည် မာစတွန်၏ စကားများကြောင့် အနည်း ငယ် အားတက်လာသည်။

'သူတို့က ကိုယ်တို့ကို နယ်မြေရဲတပ်ဖွဲ့နဲ့ ဂက်စတာပို လက် ထဲ လွှဲပေးလိမ့်မယ်၊ အဲဒီမှာ ကိုယ်တို့ကို မေးချင်တာတွေ မေးပြီး သူတို့ တင်ချင်တဲ့ စွဲချက်နဲ့ အမှုတင်မှာပဲ၊ ဒါပေမယ့် ဒါတွေအားလုံးဟာ မပြောပလောက်ပါဘူး၊ ဂရုလဲ မစိုက် လောက်ပါဘူး၊ အရေးကြီးတာက သူတို့နဲ့တွေ့ရင် ခပ်တည်တည်နဲ့ ရင်ဆိုင်ပြီး ဗြိတိသျှစစ်သား တစ်ယောက်အနေနဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးသာ တောင်းဖြစ်အောင်တောင်း အဲဒီကျရင် ကိုယ်တို့ကို စစ်သုံ့ပန်းစခန်း ပို့ပေးလိမ့်မယ်'

'ဒါထက်နေပါဦး ဂက်စတာပိုဌာနချုပ်မှာ ကျွန်တော်တို့ ကို ဘယ်သူက စစ်မေးမှာလဲ'



'အော်...ဟိုခွေးမသား ဟေလ်ဆာဆိုတဲ့ကောင်ပေါ့၊ အဲဒီ ခွေးလေးရူပိုးက ကိုယ်တို့ကိုစစ်မှာပဲ၊ ဒါပေမယ့် ဘာမှ မစိုး ရိမ်ပါနဲ့ ရှေ့ရေးဒါတွေက မပြောပလောက်ပါဘူး'

* * *

www.burmeseclassic.com

www.burmeseclassic.com

## ထောင်ထဲမှာ စာကလေးတစ်ကောင်

မောရစ်ဆင်သည် မာစတာတွန်၏ စိတ်ဓာတ်ကို အံ့ဩချီးကျူးနေမိသည်။ မအောဗားရေဒ့ ထောင်ထဲတွင် ဂျာမန်တို့၏ လူမဆန်သော ရက်စက်မှုများနှင့် တုန်လှုပ်ချောက်ချားဖွယ်ရာ ဖြစ်ရပ်များကို သူ့မျက်စိအောက်တွင် မြင်တွေ့နေရသော်လည်း မာစတာတွန်သည် တစ်စုံတစ်ရာ ထိတ်လန့်ခြင်း၊ စိတ်အားငယ်ခြင်းများ လုံးဝမဖြစ်ဘဲ၊ အာကာဒီယာသင်္ဘောပေါ်တွင် တွေ့ခဲ့ရစဉ်ကလို သူ့မျက်နှာမှာ ရွှင်ရွှင်ပြုံးပြုံး ရှိနေခဲ့သည်။ သို့ဖြစ်ရာ မောရစ်ဆင်မှာ မာစတာတွန်၏ စိတ်ဓာတ်နှင့် သတ္တိကြောင့် သူကိုယ်တိုင်ပါ အတော်အတန် စိတ်သက်သာရလာခဲ့သည်။



သူတို့နေရသည့် အခန်းမှာ လူလေးဆယ်ခန့်သာ နေနိုင်ထိုက်သည့် အကျယ်အဝန်းရှိသော်လည်း လူပေါင်း ကိုးဆယ်ခန့် ပြွတ်သိပ်ထည့်ထားသည်ကို တွေ့ရသည်။ အခန်းထဲတွင် မီးမရှိ ရေမရှိ အားလုံးကြမ်းပြင်ပေါ်တွင် တစ်ယောက်အပေါ် တစ်ယောက် ထပ်လျက် ကြပ်ညပ်နေကြရသည်။ အသက်အရွယ် အားဖြင့်လည်း စီးကရက် တစ်ထုပ်ခိုးမှုဖြင့် အဖမ်းခံရသည့် ဆယ်နှစ်သားအရွယ် လူမမယ်ကလေးမှ ပေါင်မုန့်တစ်လုံး အလစ်သုတ်မှုဖြင့် ရောက်လာသည့် အသက်ခြောက်ဆယ်ကျော် အဘိုးကြီးအထိ လူပေါင်းစုံရှိနေကြသည်။

ညဘက်တွင် ကြမ်းပြင်မှာ ရေခဲတုံးပမာ အေးစက်နေရာ အကျဉ်းသားများမှာ တစ်ယောက်အပေါ် တစ်ယောက်ထပ်ရင်း ခိုက်ခိုက်တုန်နေခဲ့ကြသည်။ အကျဉ်းသားများအား ကျွေးသော အစာမှာလည်း မနက်တစ်ကြိမ် ညနေတစ်ကြိမ် အဖတ် လုံးဝမပါသည့် စွပ်ပြုတ် တစ်ပန်းကန်သာလျှင် ဖြစ်သည်။ သည်ကြားထဲမှ မာစတာတွန်သည် သူကိုယ်တိုင် စိတ်ဓာတ်မကျရုံမျှမက မောရစ်ဆင်ကိုပါ ခံနိုင်ရည် ရှိအောင် အားပေးနိုင်ခဲ့သည်။

မောရစ်ဆင်သည် လေနှင့်အလင်းရောင် ဝင်နိုင်ရုံမျှသာ ဖောက်ထားသည့် အပေါက်ကလေးနှစ်ပေါက်မှနေ၍ ထောင်တွင်းရှိ ကွက်လပ်သို့ နေ့စဉ် လှမ်းကြည့်မိသည်။ သည်ကွက်လပ်တွင် အကျဉ်းသားများအား ဂျာမန်အစောင့်စစ်သားများက လူမဆန်သည့် နည်းမျိုးစုံဖြင့် နှိပ်စက်နေသည်ကို နေ့တိုင်းတွေ့

www.burmeseclassic.com

www.burmeseclassic.com



မြင်နေရသည်။ နံနက်မိုးမလင်းမီ အာရုံတက်အချိန်တွင် သည်ကျွက်လှုပ်ဆိမ့် အကျဉ်းသားများအား ပစ်သတ်သည့် သေနတ်သံများကိုလည်း နေ့စဉ်လိုလို ကြားနေရသည်။ သည်မြင်ကွင်းများနှင့် အာရုံများကြောင့် မောရစ်ဆင်မှာ အကြီးအကျယ် စိတ်ထိခိုက်ခဲ့ရသည်။ သို့သော် မာစတာတွန်၏ အားပေးမှုကြောင့် သူ့ကိုယ်သူ ပြန်ထိန်းနိုင်ခဲ့သည်။

လေးရက်ခန့်ကြာသွားသောအခါ မောရစ်ဆင်မှာ ထောင်ထဲတွင် အခေတ်ကလေး နေသားထိုင်သားကျလာခဲ့သည်။ သို့သော် မိမိတို့အမှုကို ဂက်စတာပိုလက်သို့ လွှဲပေးမည် ဖြစ်ကြောင်း သိထားပြီးဖြစ်ရာ မိမိတို့အား လာခေါ်မည့်နေ့ကို ရင်တထိတ်ထိတ်ဖြင့် စောင့်စားနေမိသည်။ ဂက်စတာပိုလက်သို့ ရောက်သည်နှင့် အခြေအနေမှာ သည့်ထက်ပို၍ ဆိုးဆိုးဝါးဝါး ဖြစ်လာနိုင်စရာ ရှိသည်ကို သူတွေးမိသည်။ သို့ဖြစ်ရာ သူသည် ဂက်စတာပိုလက်သို့ မရောက်မီ ထောင်မှ မည်သို့မည်ပုံ ကြံဆောင်ရမည်ကို အမျိုးမျိုး အဖုံဖုံ စဉ်းစားနေမိသည်။ လာခေါ်သည့်နေ့တွင် မကျွန်းမာချင်ဟန် ဆောင်နေရမည်လော။ သို့မဟုတ် ဂက်စတာပို ဌာနချုပ်သို့ အသွားလမ်းခုလတ်တွင် စစ်နည်းနည်းဖြင့် ထွက်ပြေးရမည်လော။

ထိုသို့ အမျိုးမျိုး စဉ်းစားနေရာမှ ရုတ်တရက် အကြံတစ်ခု ရလာခဲ့သည်။ သည်အကြံမှာ သူ့အတွက် သောလောဆယ် အားကိုးရာ အားထားရာဖြစ်သော မာစတာတွန်နှင့် ပတ်သက်သည်။ မာစတာတွန်သည် အဗားရော့ ထောင်သို့



ယခင်က နှစ်ကြိမ် သုံးကြိမ်ခန့် ရောက်ဖူးသည်ဖြစ်ရာ ထောင်ထဲ၌ 'အကြံအဖန်'များ လုပ်တတ်နေပြီဖြစ်သည်။ ယခု လော လောဆယ်မှာပင် သူသည် အကျဉ်းထောင်ထဲတွင် နေ့စဉ် တာဝန်ကျနေသော အက်ဗီယိုဆိုသူ ထောင်ကြပ်တစ်ယောက်နှင့် ပူးပေါင်းကာ စားစရာ သောက်စရာ တိုလီမိုလီပစ္စည်းများကို ထောင်ထဲသွင်း၍ 'အကြံအဖန်' လုပ်နေနိုင်ပြီ ဖြစ်သည်။ သို့ဖြစ်ရာ မိမိ၏ လွတ်မြောက်ရေးအတွက် ထောင်အပြင်သို့ အဆက်အသွယ်လုပ်ရာ၌ မာစတာတွန်မှတစ်ပါး အခြား အားကိုးစရာ မရှိသည်ကို သူစဉ်းစားမိသည်။

သို့သော် ထိုသို့ ထောင်အပြင်နှင့် အဆက်အသွယ်လုပ်မည်ဆိုပါက မည်သူနှင့်ဆက်သွယ်ရမည်နည်း။ လီဗာကို ဆက်သွယ်ရန်မှာလည်း မည်သည့်နေရာသို့ ဆက်သွယ်ရမည် မသိဖြစ်နေသည်။ ထို့ပြင် လောလောဆယ် မိမိအဖမ်းခံနေရသည့်ကိစ္စနှင့်ပတ်သက်၍ သူမကိုယ်တိုင် ဘေးအန္တရာယ် တစ်ခုခုနှင့် ရင်ဆိုင်ကြောင်း ရင်ဆိုင် နေရရှာမည်ကိုလည်း တွေးမိပြန်သည်။

သည်လိုဆိုပါက ချက်စနေနှင့် ဆက်သွယ်ရလျှင် မည်သို့ မည်နည်း။ တကယ်တော့ မောရစ်ဆင်သည် ချက်စနေအပေါ် အယုံအကြည် ကင်းမဲ့နေခဲ့ပြီဖြစ်သည်။ ယခုကိစ္စတွင် ချက်စနေသည် မိမိတို့အားလုံးကို တပတ်ရိုက်ကာ တစ်ဖက်လှည့်ဖြင့် အာကာဒီယာသတ်နှင့်ပတ်သက်၍ ဂျာမန်တို့ထံသတင်းပေးသည်ဟု ယူဆစရာအကြောင်းအချက်များရှိနေသည် မဟုတ်

www.burmeseclassic.com

www.burmeseclassic.com

ပါသော။ထို့ပြင် သည်ကိစ္စတွင် အာကာဒီယာသင်္ဘောပိုင်ရှင် အင်တော်နစ်ကိုလည်းမသင်္ကာစရာဖြစ်နေသည်။သူကိုယ်တိုင်က သူ့သင်္ဘောကို ဂျာမန်တို့ ဖမ်းဆီးမည်ကို ကြိုတင်သိနေသည့် အရိပ်အရောင်များတွေ့ခဲ့ရသည်။ကင်းလှည့်မော်တော်ဘုတ်သံ ကြားစဉ်ကပင် မာစတာတွန်က သင်္ဘောကို မောင်းပြေးရန် အတန်တန် ပြောပါလျက် အေးတိအေးစက် လုပ်နေခဲ့သည် မဟုတ်ပါလား။ ထို့ပြင် ယခု မိမိတို့အားလုံး အောဗားရော့ ထောင်ထဲသို့ရောက်နေကြပြီ ဖြစ်သော်လည်း အင်တော်နစ် တစ်ယောက်မှာ ပျောက်ချက်သားကောင်းနေခဲ့သည်။သူ ယခု ဘယ်ရောက်နေပြီလဲ၊ နောက်ထပ် ဗြိတိသျှစစ်သား တစ်စုကို ဂျာမန်တို့လက်ထဲထိုးအပ်ရန် နောက်ထပ် စီစဉ်နေပြန်ပြီလား မပြောတတ်။

ဒေါက်တာ သက္ကရေးနှင့် ဆက်သွယ်ရန်လည်း လီစာ၏ ပြောပြချက်အရ ဒေါက်တာမှာ ခလာသောဆယ် ပုန်းနေရသည်ဟုသိရသည်။ သူအလုပ်လုပ်သည့် အမေရိကန် ဗိသုကာ ပညာရှင်များရုံးအဆောက်အအုံကိုပင်လျှင် ဂျာမန်ဂက်စတာပိုများ အထပ်ထပ် စောင့်ကြပ်နေကြမည် ဖြစ်သည်။

သို့ဖြင့် ထောင်အပြင်ဖက်သို့ မည်သူနှင့်ဆက်သွယ်ရမည်ကို စဉ်းစားမရဘဲ ဖြစ်နေသည်။ သို့သော် မောရစ်ဆင်သည် အခြားနည်းလမ်း မရှိတော့သည့်အလျောက် သည်နည်းလမ်းကိုပင် အထပ်ထပ်အခါခါ စဉ်းစားနေမိသည်။

တဖြည်းဖြည်းဖြင့် ဂက်စတာပိုနှင့် တွေ့ရမည့် နေ့ရက် နီးလာခဲ့သည်။ ထိုသို့ ဂက်စတာပိုနှင့် တွေ့ရမည့် အရေးကို မောရစ်ဆင်အနေဖြင့် ရင်လေးနေသော်လည်း မာစတာတွန်ကမူ သည်နေ့ကိုပင် အမျှော်ကြီး မျှော်နေမိသည်။ အဘယ့်ကြောင့်ဆိုသော် ဂက်စတာပိုနှင့်တွေ့ပြီးသည်နှင့်တစ်ပြိုင်နက် မိမိတို့သည် မုချ စစ်သုံ့ပန်းစခန်းသို့ ရောက်ရတော့မည်ဟု ယုံကြည်ထားသောကြောင့် ဖြစ်သည်။

သည်အတောအတွင်း မောရစ်ဆင်နှင့်မာစတာတွန်တို့၏ ဖြစ်သလို ပြုစုကုသမှုများကြောင့် အနည်းငယ်သက်သာစပြု လာသော ပါလက်စတိုင်း လူငယ်ကလေး ယစ်ချယ်အား ပဉ္စမမြောက် နေ့တွင် ဂျာမန် စစ်သားများက အခန်းထဲမှ ခေါ်ထုတ်သွားခဲ့ကြသည်။

ထိုနေ့သည် မောရစ်ဆင်တို့ အောဗားရော့ ထောင်ထဲသို့ ရောက်ခဲ့သည့် ဆဋ္ဌမမြောက်နေ့ဖြစ်သည်။

အချုပ်ခန်းများ၏အပြင်ဖက် စင်္ကြံလမ်းအတိုင်း ဗိုလ်မှူးကြီး ဩဘတ်သည် ဂျာမန်စစ်သားများခြံရံလျက် လျှောက်လာသည်။

သူသည် အချုပ်ခန်းထဲမှအကျဉ်းသားများအား လှောင်ချိုင့်ထဲမှ တိရစ္ဆာန်များကိုကြည့်သလို ကြည့်လာရင်း မောရစ်ဆင်တို့အခန်းရှေ့သို့ရောက်လာသည်။ထိုအခိုက် မာစတာတွန်သည် သံတိုင်ကြားမှ လှမ်းအော်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'ဗိုလ်မှူးကြီး...ဗိုလ်မှူးကြီး'

ညွှာတ်သည် အချုပ်ခန်းဖက်သို့ လှည့်ကြည့်လိုက်သည်။

'အား...ကိုယ့်လူ ဗြိတိသျှ အဖျက်သမားတွေပါလား'

'နေပါဦး ဗိုလ်မှူးကြီးရဲ့...ခင်ဗျား ကျွန်တော်တို့ကို ဘာဖြစ်လို့ ဆုံးပန်းစခန်း မပို့သေးတာလဲ'

'ဒီမယ် မစ္စတာမာစတာတွန်၊ ခင်ဗျားတို့က ဂရိရာဇဝတ်ကောင်တွေနဲ့ ပေါင်းတာကိုး'

'ဒါတွေ ထားလိုက်ပါဦးလေ၊ ဒီမှာ နေရ ထိုင်ရတာ သိပ်မနိုင်ဘူးဗျ'

ညွှာတ်သည် မာစတာတွန်၏စကားကို သဘောကျသွားသောကြောင့် မသိမသာ ပြုံးလိုက်မိသည်။

'ခင်ဗျားတို့ လုပ်ပုံ နေရာမကျလို့ ကျုပ်တို့အဖွဲ့ထဲက လူတစ်ယောက် ဒုက္ခရောက်နေပြီဗျ'

'ဘယ်သူလဲ၊ ဟို ဂျူးကောင်လေးလား'

'မဟုတ်ပါဘူး၊ ဗြိတိသျှစစ်သားလေး၊ ဒီမှာစားရသောက်ရတာ ဆင်းရဲလွန်းလို့ တညည်းညည်း ညည်းနေတယ်ဗျ'

ညွှာတ်သည် ရုတ်တရက် စိတ်ဆိုးသလိုဖြစ်သွားမိသည်။ နောက်မှဘူ စိတ်ကိုသူထိန်းလိုက်ပြီး သူ့နောက်နားတွင် ပါလာသော ဝေဒရုအား လှမ်းပြောလိုက်သည်။

'ဒီမယ် နက်ဖြန်နက်ကျရင် မဟာဒီ မစ္စတာမာစတာတွန်နဲ့ သူ့မိတ်ဆွေခဘူကို ဂက်စတာပို ဌာနချုပ် ခေါ်သွား၊



ပြီးတော့ အဲဒီကအပြန်မှာ သူတို့နှစ်ယောက်ကို စစ်သုံ့ပန်းစခန်းကို ပို့ပေးလိုက်'

'ကျေးဇူးပါပဲ ဗိုလ်မှူးကြီးရာ'

'ဒီမယ် မစ္စတာမာစတာတွန်၊ ခင်ဗျားကို ကျုပ် တစ်ခု တောင်းပန်ပါရစေ၊ နောက်တစ်ခါ ထွက်ပြေးရင် လွတ်အောင်သာ ပြေးပါ၊ ပြန်မိမလာပါစေနဲ့'

ထိုနေ့က ဗိုလ်မှူးကြီးညွှာတ်ပြန်သွားသည်နှင့်တစ်ပြိုင်နက် မောရစ်ဆင်သည် ဆုံးဖြတ်ချက်တစ်ခုချလိုက်သည်။ ထိုဆုံးဖြတ်ချက်မှာ လီဇာထံသို့ ထောင်ကြပ် အက်ဗီယိုနှတစ်ဆင့် စာတစ်စောင် ချက်ချင်း ပေးပို့ရန် ဖြစ်သည်။

'ဒီမယ် ရှေ၊ ခင်ဗျားဟာက စာကလေးတစ်စောင်တည်း ပို့ခိုင်းရုံနဲ့ငွေတစ်သိန်းပေးမယ်ဆိုတော့ မလွန်လွန်းဘူးလား'

မာစတာတွန်က သဘောမတူဟန်ဖြင့် ပြောလိုက်သည်။

'ခင်ဗျား ဘာမှ စကားများ မနေနဲ့၊ ဒီစာကိုသာ ဒီညရောက်အောင် ခင်ဗျားလူကို ပို့ခိုင်းပေးဗျာ'

မောရစ်ဆင်သည် ထောင်ကြပ်အား ထိုစာကို လီဇာထံမှ ပြန်စာ ပါလာမည်ဆိုပါက နောက်ထပ် ငွေတစ်သိန်း ပေးမည်ဟူ၍ပင် ကတိပေးလိုက်သည်။

မောရစ်ဆင်သည် ထိုစာကို မိမိပုန်းခဲ့သည့် လယ်ထဲမှ အိမ်ကလေးသို့ လိပ်စာတပ်ထားသည်။ ချာသန်ဒရီ ရပ်ကွက်နေ



www.burmeseclassic.com

www.burmeseclassic.com

လာဇာရုပ်ဆိုသူမှ တစ်ဆင့်ဖြစ်သည်။ ဆောင်ကြာပ် အက်ဗီယို သည် သဘောအကျကြီး ကျသွားသည်။

ထိုစာတွင် အောက်ပါအတိုင်း ရေးထားသည်။

'ဟယ်လီနာ...ကိုယ် အခု အောဗားရေ့ ထောင်ထဲ ရောက်နေတယ်၊ နက်ဖြန်ကျရင် ကိုယ့်ကို စစ်ဆေးဖို့ ဂက်စတာပို ဌာနချုပ် ခေါ်သွားလိမ့်မယ်...'

ဗာဓိလီ

# ဖောလ်ဆာတစ်ယောက် ကြမ္မာငင်ပြီ

ဖောလ်ဆာ သည် သူ့လက်ထဲတွင်ကိုင်ထားသော ကြေးနန်းသတင်းကို တစ်ခေါက်ပြန်ဖတ်ရင်း ဦးနှောက် ခြောက်နေသည်။ ယခုလို အချိန်အခါမျိုးမှာမှ ဂျာမန် နိုင်ငံခြားရေးဝန်ကြီး ရစ်ဘင်ထရော့ကိုယ်တိုင် ဂရိနိုင်ငံ အေသင်မြို့သို့ အလည်အပတ် ရောက်ရှိလာမည်ဆိုသော သတင်းမှာ သူ့အတွက် အမင်္ဂလာသတင်းဝင် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ယခုအခါတွင် ဗြိတိသျှ စစ်သားများသည် ဂျာမန်တို့လက်မှ လွတ်မြောက်ပြေးတိမ်းရှောင်ရင်း တစ်နိုင်ငံလုံးသို့ အနှံ့အပြား ရောက်ရှိနေကြသည်ဖြစ်၍ ဂရိပြည်သူများ၏ ဂျာမန်ဆန့်ကျင်ရေး၊ မြေအောက်တော်လှန်ရေး အင်အားစုများမှာလည်း မြို့ရောတောပါ တစ်နေ့တခြား အင်အားကြီးမားစွာဖြင့် လှုပ်ရှားနေကြသောကြောင့်ဖြစ်သည်။ သည်အချိန်မျိုးမှာမှ ရစ်ဘင်ထရော့ ရောက်လာမည်ဆိုခြင်းမှာ သူ့အတွက် မျက်နှာမရ မြေကြောက်ရမည့်ကိန်းမျိုး ဆိုက်နေသည်။

သည်ကြားထဲ မေ့ရစ်ဆင်ဆိုသော အကောင်ကလည်း အေသင်မြို့ပေါ်တွင် ခြေရာမခံနိုင်ဘဲ ပျောက်ခြင်းမှ ပျောက်နေပြန်သည်။ အဘက်ဘက်မှ မှန်းခြေကိုက်၍ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေသဖြင့် ယခင်က အမြဲတမ်း ကိုယ့်ကိုယ်ကို အထင်တခဲ့သား ဖြင့်ရှိနေခဲ့သော ဟောလ်ဆာ၏ မျက်နှာမှာ ယခုအခါ ဆီး ရွက်သာသာမျှသာ ရှိနေတော့သည်။

ထိုအခိုက် ဇာဗေ့သည် အသံမပေးဘဲ အခန်းထဲသို့ ဝင်လာသည်။

'ဗိုလ်ကြီး...ကျွန်တော်တို့ လီစာနဲ့ချိန်းထားတာ သွားဖို့ အချိန်တော်ပြီထင်တယ်'

ဟောလ်ဆာသည် စားပွဲပေါ်မှ စာရွက်များကို ဖိုင်တွဲထဲသို့ ပြန်ထည့်ရင်း။

'မင်းဘဲသွားတော့... ငါမလိုက်နိုင်ဘူး၊ ဗိုလ်မှူးကြီးဩဘတ်ဆီက အခုမနက်ဘဲဖုန်းလာတယ်၊ ဗြိတိသျှစစ်သားနှစ်ယောက်ကို စစ်ဖို့ဆေးဖို့ ငါ့ဆီ အခုလွှတ်လိုက်မယ်တဲ့'

'အော်...ဟုတ်လား၊ အရေးကြီးတဲ့ ကောင်ပါသလား'

'မပါပါဘူးကွာ... ဟိုခွေးသား မာစတာတွန်ဆိုတဲ့ကောင်ပဲ ပါတယ်၊ ဒီကောင်ပဲ ငါ့ကိုအလုပ်ရှုပ်အောင် လုပ်နေတာပဲ'

'နောက်တစ်ယောက်ကတော့...'

ဟောလ်ဆာသည် သူ့ရှေ့တွင် ဖြန့်ထားသော စာရွက်တစ်ရွက်ကို လှမ်းကြည့်လိုက်ပြီး။ 'နောက်တစ်ယောက်ကတော့ နယူးဇီလန်သား ဂျေလင်ဒန်တဲ့၊ ဒီကောင်ကတော့ လူသစ်ပဲ ကိုဆီမှာ သူနဲ့ပတ်သက်လို့ မှတ်တမ်းမတွေ့ဖူးသေးဘူး'

'ဒီလိုဆိုရင်လဲ၊ ကျွန်တော်တစ်ယောက်တည်းပဲ သွားမယ်လေ၊ လီစာကိုလဲ ကျွန်တော် အကျိုးအကြောင်း ပြောပြလိုက်ပါမယ်'



ဟောလ်ဆာသည် အခန်းထဲမှ ဇာဗေ့ထွက်သွားသည်ကိုပင် မော့မကြည့်နိုင်ဘဲ နဖူးကိုလက်ဝါးဖြင့်အုပ်၍ နားထင်နှစ်ဖက်ကို လက်ချောင်းများဖြင့်ဖိကာ ခေါင်းကြီးငုံ့ထားလိုက်သည်။ တကယ် ဦးနှောက်ချောက်စရာတွေပါလား။

* * *

'မာစတာတွန်၊ လင်ဒန်၊ အပြင်ကိုထွက်ခဲ့ကြ'

အစောင့်စစ်သားများ၏ ခေါ်သံကြောင့် မောရစ်ဆင်နှင့် မာစတာတွန်တို့နှစ်ယောက် အချုပ်ခန်းထဲမှ ထွက်လာခဲ့ကြသည်၊ ထို့နောက် သူတို့နှစ်ယောက်သည် လက်ထိပ်တန်းလန်းဖြင့် စကြံလမ်းအတိုင်း စစ်သားများ ခေါ်ဆောင်ရာ လိုက်လာခဲ့ကြပြီး ၊ ခဏအကြာတွင် အေဗားရေ့ ထောင်ကြီး၏ အပြင်ဘက်သို့ ရောက်လာခဲ့ကြသည်။

အပြင်ဘက်တွင် ကားနက်ကလေးနှစ်စီး အဆင်သင့်စောင့်နေသည်ကို တွေ့ရသည်။

'လင်ဒန်...မင်း ရှေ့ကားပေါ်တက်'

အမိန့်အတိုင်း မောရစ်ဆင်သည် ရှေ့ကားပေါ်သို့တက်လိုက်ရသည်။ သူနှင့်အတူ အရပ်ဝတ်အရပ်စားများဖြင့် ဂက်စတာပို နှစ်ယောက်သည် သူ့ကိုအလယ်မှထား၍ နှစ်ယောက်ညှပ်ကာ လိုက်ပါလာခဲ့ကြသည်။ ကားနက်ကလေးနှစ်စီးသည် ထောင်ကြီးရှေ့မှ ရှေ့ဆင့်နောက်ဆင့် ထွက်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းမကြီးပေါ်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် ဉာဏ်ရှည်များ ဆွဲကာ ကားကလေးနှစ်စီးသည် ဂျက်စတောပို ဌာနချုပ်ရှိရာသို့ ဦးတည်ကာ အရှိန်ဖြင့် မောင်းလာခဲ့ကြသည်။

သို့သော် ကွန်ကော့ပန်းခြံအနီးသို့ ရောက်သောအခါ သူတို့ ကားနှစ်စီးစလုံး ရုတ်တရက် အရှိန်သတ်လိုက်ရသည်။ ရှေ့မှထရပ်ကားကြီးတစ်စီးသည် ပက်တီချင်လမ်းနှင့် ချာလီကို လမ်းဆုံတွင် မမျှော်လင့်ဘဲ ဖြုန်းခနဲပေါ်လာပြီး ကားနက်ကလေးနှစ်စီး ရှေ့တွင် ပိတ်၍ရပ်လိုက်သည်။ ရှေ့မှ အရှိန်ဖြင့် စက်ကုန်မောင်းလာသော ကားနက်ကလေးသည် ရုတ်တရက် ဘရိတ်ဖမ်းအုပ်လိုက်ရာ မောရစ်ဆင်မှာ အရှိန်ဖြင့် အပေါ်သို့ မြောက်တက်သွားသည်။ ဒရိုင်ဘာသည် ပါးစပ်မှ လွှတ်ခနဲ အော်ဆဲလိုက်ရင်း ဟွန်းကိုအားနှိပ်လိုက်ရာ ဉာဏ်ရှည်သံနှင့် ဟွန်းသံမှာ လမ်းဆုံဝင်ပိုက်တွင် ဆူညံစွာ ထွက်ပေါ်လာသည်။

ချက်ခြင်းပင် လက်နက်ကိုင် ဂရိအမျိုးသား နှစ်ဆယ်ကျော်ခန့်သည် ထရပ်ကားကြီးပေါ်မှ ခုန်ချလိုက်ကြပြီး ကားနက်ကလေးနှစ်စီးကို ဝိုင်း၍ သေနတ်များဖြင့် ချိန်ထားလိုက်ကြသည်။

'မောရစ်ဆင်....ဆင်း... ဆင်း မြန်မြန်ဆင်း'

တော်မီဂန်းတစ်လက်ကို လက်နှစ်ဖက်ဖြင့် ပိုက်ထားသော မီခေးလစ်သည် မောရစ်ဆင်စီးလာသော ကားဘေးသို့ရောက်လာပြီး လှမ်းအော်လိုက်သည်။ သူ့လက်မှ သေနတ်ပြောင်းကို ကားထဲသို့ ထိုးချိန်ထားသည်။ ထိုအချိန်တွင် အခြား



ရဲဘော်များသည် ကားနက်ကလေးနှစ်စီးပေါ်မှ ဒရိုင်ဘာများနှင့် အစောင့်စစ်သား ဂျက်စတာပိုများကို သေနတ်များဖြင့် ချိန်ကာ ကားပေါ်မှ ဆွဲချကြသည်။

မောရစ်ဆင်သည် ကားနက်ကလေးပေါ်မှ ခပ်သုတ်သုတ်ဆင်းလိုက်ပြီး မီခေးလစ်ညွှန်ပြသည့် လမ်းဘေးတစ်နေရာမှ ကားတစ်စီးပေါ်သို့ ပြေးတက်လိုက်သည်။ ကားကလေးသည် အရှိန်ဖြင့် ဆောင့်ထွက်သွားသည်။ ထိုအခိုက် နောက်ကားနက်ကလေးပေါ်မှ ပြေးဆင်းလာသော မာစတာတွန်သည် မောရစ်ဆင်ပါသွားသော ကားကလေးဆီသို့ လှမ်း၍ 'ဘာလင်ကျမှ တွေ့ရအောင် ကိုယ့်လူရေ' ဟု အော်ဟစ်နှုတ်ဆက်ရင်း ပလက်ဖောင်းဘေးမှ ဝိုင်းအုံကြည့်နေကြသော လူအုပ်ကြားထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားသည်။

• 'မြန်မြန်မောင်းပေး ...မြန်မြန်'

မောရစ်ဆင်နှင့်အတူ ကားပေါ်တွင်ပါလာသော မီခေးလစ်သည် ရှေ့ခန်းမှဒရိုင်ဘာအား လှမ်းအော်ပြောလိုက်သည်။ ကားကလေးသည် စက်ကုန်ဖွင့်၍ ပြေးလာခဲ့သည်။

တယ်လီဖုန်းသံ....

ကုလားထိုင်ပေါ်တွင် ခေါင်းငိုက်စိုက်ချကာ ထိုင်နေသော ဟောလီဆာသည် တယ်လီဖုန်းကို ဒေါသငွေ့ဖြင့် တစ်ချက်လှမ်းကြည့်လိုက်ပြီး စကားပြောခွက်ကို ဇပ်ခနဲ လှမ်းကိုင်လိုက်သည်။

'ပြောပါ...'

www.burmeseclassic.com

www.burmeseclassic.com



‘ဗိုလ်ကြီးလား၊ ကျွန်တော်ဇာဗော့ပါ၊ ကျွန်တော်အခု အင်တွန်ရဲ့ အသည်းဆိုင်က စကားပြောနေပါတယ်’

‘ဘာပြောမလို့လဲ’

‘လီစာ့ဟာ စကားမတည်ဘူး’

‘ဘာပြောတယ်’

‘လီဘာ ဒီနေ့ချိန်းထားပြီး ဒီကိုရောက်မလာဘူး ဗိုလ်ကြီး’

‘ဘာဖြစ်လို့တဲ့လဲ’

‘ဒါတော့ ကျွန်တော်ဘယ်လိုလုပ် သိမလဲ’

‘ဒါဖြင့် ဒီကိုပဲ ပြန်လာခဲ့၊ မြန်မြန်လာခဲ့ကွာ’

‘ဟုတ်ကဲ့ပါ ဗိုလ်ကြီး’

ဟောလ်ဆာသည် စဉ်းစားမရအောင် ဖြစ်သွားသည်။ သူသည် ဦးနှောက်ခြောက်လာသဖြင့် ထိုင်ရာမှထကာ ကြွေခွက်ရှိရာသို့သွား၍ မျက်နှာသစ်ပစ်လိုက်သည်။ ယခုမှ အနည်းငယ်နေသာထိုင်သာ ရှိသလိုလို ဖြစ်သွားသည်။ သူသည် စီးကရက်တစ်လိပ်ထုတ်၍ မီးညှိပြီးသောက်နေသည်။

အပြင်မှ တံခါးခေါက်သံ ကြားလိုက်ရသည်။ ချက်ချင်းပင် ရှပ်ညို့တပ်သားတစ်ယောက် ဝင်လာသည်။

‘မင်နီလစ်က ဗိုလ်ကြီးကိုတွေ့ချင်လို့ပါ’

ဟောလ်ဆာသည် မျက်မှောင်တစ်ချက်ကြုတ်လိုက်မိသည်။ မင်နီလစ်...မင်နီလစ်သည် လီဆာ၏ယောက်ကျားဖြစ်သည်။ ဒီလူက အရေးထဲ ဘာအရာပေါ်လာပြန်တာလဲ။

‘သူ့ကို အထဲသွင်းလိုက်ကွာ’

‘ဟုတ်ကဲ့ ဗိုလ်ကြီး....’



မင်နီလစ်သည် အခန်းထဲသို့ တုန်တုန်ယင်ယင်ဖြင့် ဝင်လာသည်။

တစ်ခါက ရုပ်ရည်သနားကမား ရှိခဲ့ဖူးဟန်တူသော မင်နီလစ်၏ မျက်နှာမှာ ယခုအခါ ပိန်ခြုံးညှိုးငယ်လျက် ဖို့ပျက်ပန်းပျက်ဖြစ်နေသည်။ တစ်ခါက ခံ့ခံ့ညားညားဖြင့် ယောကျာ်းပီပီသသ ရှိခဲ့ဖူးဟန်တူသော မင်နီလစ်မှာ ယခုအခါ ကုပ်ချောင်းချောင်းဖြင့် ကြွက်စုပ်တစ်ကောင်လို ဖြစ်နေသည်။ သူ့နဖူးပေါ်မှ ချွေးသီးချွေးပေါက်များကို အတိုင်းသား မြင်နေရသည်။ သူသည် ဟောလ်ဆာ၏ရှေ့တွင် ဦးထုပ်ကို လက်နှစ်ဖက်ဖြင့်ကိုင်ရင်း တုန်တုန်ယင်ယင် ဖြစ်နေသည်။

‘ကဲ...ထိုင်စမ်းပါဦး’

‘ဗိုလ်...ဗိုလ်ကြီး’

‘ဘယ်လိုဖြစ်တာလဲ၊ ပြောပါဦး၊ မင့်မိန်းမကော’

‘ကလေး...ကလေးတွေ၊ ကလေးတွေပြန်သွားပါပြီ’

မင်နီလစ်၏စကားအဆုံးတွင် ဟောလ်ဆာသည် ထိုင်ရာမှ ဝုန်းခနဲထခုန်လိုက်ပြီး မင်နီလစ်၏ အင်္ကျီကော်လာနှစ်ဖက်ကို စုကိုင်၍ဆွဲကာ တအားဆောင့်၍ လှုပ်ယမ်းပစ်လိုက်သည်။ မင်နီလစ်တစ်ကိုယ်လုံးမှာ ဟောလ်ဆာ၏လက်ထဲတွင် ရှေ့တိုးနောက်ငင်ဖြစ်နေပြီး သူ့နဖူးမှ ချွေးသီးချွေးပေါက်များမှာ ဟောလ်ဆာ၏ လက်မောင်းပေါ်သို့ ကျနေသည်။ ထို့နောက် ဟောလ်ဆာသည် မင်နီလစ်အား တအားဆောင့်၍ ကုလားထိုင်ပေါ်သို့ တွန်းလှဲပစ်လိုက်သည်၊ မင်နီလစ်မှာ တစ်ကိုယ်လုံး နတ်ပူးသလို တုန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ပြောစမ်း...ဘယ်လိုဖြစ်တာလဲ၊ မြန်မြန်ပြောစမ်း'

'သူ...သူတို့၊ မနေ့ညက ရောက်...ရောက်လာကြပါတယ်၊ လီစာ...လီစာ၊ သူပဲ သူ ခေါင်းဆောင်ပြီး လူ...လူဆယ်ယောက် ပါ...ပါလာပါတယ်၊ အစောင့်တွေကိုပစ်သတ်ပြီး ကလေးတွေ ကလေးတွေကို ဖမ်းခေါ်သွား...သွားကြပါတယ်'

'ဘာ...မနေ့ညက ဟုတ်လား၊ မနေ့ညက ဖြစ်ဖြစ်ချင်း ဘာလို့ အကြောင်းမကြားတာလဲ၊ ဟင်...ခွေးကောင်'

'သူတို့...သူတို့က ဗိုလ်ကြီးဆီကို အကြောင်းကြားရင် ကျွန်တော့်ကို သတ်...သတ်ပစ်မယ်ဆိုလို့...'

ဟောလ်ဆာသည် မင်နီုလစ်၏ ပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန် အဆက်မပြတ် ရိုက်ချလိုက်သည်။ မင်နီုလစ်မှာ ပျော့ခွေကျသွားသည်။

'ဟေ့ကောင်တွေ...အစောင့်တွေ...လာကြစမ်း၊ ဒီခွေးကောင်ကို အဗားရှော့ထောင်ထဲ ခေါ်သွားကြစမ်း'

အစောင့်စစ်သား သုံးလေးယောက်ပြေးဝင်လာကြသည်၊ မျက်နှာတစ်ခုလုံး ဖူးရောင်ကာ ပါးစပ်မှ သွေးများစီးကျနေသော မင်နီုလစ်အား ပြင်သို့ဆွဲထုတ်သွားကြသည်။

ဟောလ်ဆာသည် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်၊

'ခွေးကောင်တွေ၊ ခွေးမျိုးတွေ၊ ဘယ်ကောင်မှအသုံးမကျဘူး၊ ဒီကောင်မျိုးတွေနဲ့ ပေါင်းမိတာ တို့အတွက် ပါးပါးမှောက်တာပဲ'

ဟောလ်ဆာသည် စားပွဲကို လက်သီးဖြင့် လေးငါးချက်ခန့် တအားဆောင့်ထုလိုက်သည်။



ထိုအခိုက် တံခါးပွင့်လာသည်၊

ဝင်လာသူမှာ ဇာဗေဘ။

'ဟောလ်ဆာ၊ အခြေအနေတော့ အဆိုးဆုံးဖြစ်လာပြီ၊ ကိုယ့်စိတ်ကိုယ်သာ ထိန်းပေတော့၊ မောရစ်ဆင်ကို ဖမ်းမိပြီး အဗားရှော့ထောင်ထဲက ဒီကိုပို့လိုက်တာ အခု လမ်းမှာ ပျောက်သွားပြီဗိုလ်ကြီး'

www.burmeseclassic.com

www.burmeseclassic.com

# ငွေငါးသိန်းတန် သတင်းတစ်ပုဒ်

ဂျင့်နီစားသောက်ဆိုင်မှ ဝိုင်အရက်များ သိုလှောင်သည့် မြေအောက်ခန်းကလေးမှာ မှောင်ပိန်းလျက်ရှိနေသည်။ မှောင်နှင့်မည်းမည်း ဖြစ်နေသော သည်မြေအောက်ခန်းကလေး၏ အခန်းထောင့်တစ်နေရာတွင် ပူးပူးကပ်ကပ်ဖြင့် ရပ်နေကြသူနှစ်ဦးမှာ မောရစ်ဆင်နှင့် လီဆာတို့ပင်ဖြစ်သည်။ လီစာသည် မောရစ်ဆင်၏ ရင်ခွင်ထဲတွင် မှီနေသည်။

'သူတို့မြန်မြန်ရောက်လာကြရင် ကောင်းမယ်နော်' လီဆာက တိုးတိုးကလေးပြောလိုက်သည်။

'လာမှာပေါ့ လီစာရယ်၊ လာကြမှာပါ' မောရစ်ဆင်က သူမ၏ဆံပင်များကို ညင်သာစွာ သပ်ပေးရင်းပြောလိုက်သည်။

တကယ်ဆိုတော့ သည်အခန်းကလေးထဲသို့ မောရစ်ဆင် ရောက်လာခဲ့သည်မှာ နာရီပိုင်းမျှသာ ရှိသေးသည်။ နံနက် ဆယ်နာရီသာသာ ဆယ့်တစ်နာရီလောက်က သူသည် အေဗားရှော့ထောင်မှ ဂက်စတာပို ဌာနချုပ်သို့ ကားဖြင့်အလာ မြို့လည်ကောင်တစ်နေရာတွင် မိခေးလစ်ခေါင်းဆောင်သော မြေအောက်တော်လှန်ရေးသမားများက သူတို့စီးလာသော ကားကို ရုတ်တရက် လမ်းခုလတ်တွင် အလစ်ဆီးကြို တိုက်ခိုက်ခဲ့ကြပြီး ဂက်စတာပိုများလက်မှ သူ့ကို ကယ်တင်ခဲ့ကြ



သည်။ သူသည် မိခေးလစ်နှင့်အတူ တိုက်ပွဲဖြစ်ပွားသည့်နေရာမှ ကားသုံးစီးကို အဆင့်ဆင့် ပြောင်းစီးခဲ့ရပြီး နောက်ဆုံး သည်မြေအောက်ခန်းကလေးသို့ ရောက်လာကာ လီစာနှင့် တွေ့ဆုံခဲ့ရခြင်းဖြစ်သည်။

မောရစ်ဆင်သည် နွေခင်းဖက်ကဖြစ်ပျက်ခဲ့သမျှအထက်ပါ အဖြစ်အပျက်များကို လီစာအား မြန်သည် ပြောပြခဲ့သည်။ တစ်ဖန်လီစာကသည်း မောရစ်ဆင်လွတ်မြောက်ရေးအတွက် သူမ လှုပ်ကိုင်ဆောင်ရွက်ခဲ့သမျှ အသေးစိပ်အပြည့်အစုံ ပြန်ပြောပြသည်၊

မြေခံအောက်အဖွဲ့ခေါင်းဆောင်များသည် ဘုန်းတော်ကြီး ပါပါပင်နို၏ မေတ္တာရပ်ခံ အကြံပေးချက်အရ လီစာအား တစ်စုံတစ်ရာ အရေးမယူတော့ဘဲ ခွင့်လွှတ်ခဲ့ကြပြီးနောက် အကာယ်၍ မောရစ်ဆင်သည် အေသင်မြို့တွင်း၌ တစ်စုံတစ်ခုသော အန္တရာယ်ဖြင့် ကြုံတွေ့နေရပါက လီစာထံသို့တနည်းနည်းဖြင့် အဆက်အသွယ်လုပ်လိမ့်မယ်ဟု ယူဆကာ စောင့်ခနေခဲ့ကြသည်၊ သူတို့ယူဆသည့်အတိုင်း လီစာသည် ထောင်ကြပ်အက်ဇီယိုမှ တစ်ဆင့်မောရစ်ဆင်၏ စာတိုကလေးကို ရရှိခဲ့သည်။

လီစာသည် တစ်ချက်ခုတ် နှစ်ချက်ပြတ် သဘောမျိုးဖြင့် မြေအောက်အဖွဲ့ခေါင်းဆောင်များအား မောရစ်ဆင်ကိုသာမက မိမိ၏ သားငယ် နှစ်ယောက်ကိုပါ ဂက်စတာပိုများလက်မှ အမြန်ဆုံး ကယ်တင်ရန် အပြင်းအထန် တောင်းဆိုခဲ့သည်။ သို့ဖြင့် မောရစ်ဆင်ထံမှ စတားဂူး၏အမည်စာရင်းကို

www.burmeseclassic.com

www.burmeseclassic.com

အပြင်းအထန်ရှုယူလိုကြသည့် မြေအောက်အဖွဲ့ခေါင်းဆောင်များသည် လီစာ၏ ပြောင်းဆိုချက်များကို လိုက်လျောခဲ့ကြသည်။ ထိုသို့လိုက်လျောခဲ့ကြပြီးနောက် ရှေးဦးစွာ ပင်နီသစ်၏ အိမ်ကို နာရီပိုင်းအတွင်း ဝင်စီးခဲ့ကြ၍ ကလေးများကို ကယ်တင်ခဲ့ကြပြီး ဘေးကင်းရာ ချာလန့်ဒရီနယ်ကွက်မှ အိမ်ကလေးသို့ ပို့ထားခဲ့ကြသည်။ ထို့နောက် တစ်ဆက်တည်း မောရစ်ဆင်အား ခေါ်ဆောင်လာသည့် ဂက်စတာပို ကားများကို သိမ်းခုလတ်မှ ဆီးကြို တိုက်ခိုက်ပြီး မောရစ်ဆင်ကို ကယ်တင်ခဲ့ကြသည်။

ဂက်စတာပိုလက်မှလွတ်မြောက်လာခဲ့သော မောရစ်ဆင်အား မြေအောက်အဖွဲ့ ခေါင်းဆောင်များက စတားဂူး၏ အမည်စာရင်းကို ပြောပြရန် အပြင်းအထန် တောင်းဆိုခဲ့ရာ မောရစ်ဆင်က ငြင်းဆန်ခဲ့သည်။ နောက်ဆုံး၌ နှစ်ဦး နှစ်ဖက် အကြိုအနယ် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီးနောက် မောရစ်ဆင်က မြေအောက်အဖွဲ့ ခေါင်းဆောင်များအား စတားဂူးထံမှ လျှို့ဝှက်အမည်စာရင်းကိုပေးရန် သဘောတူလိုက်ပြီး အပြန်အလှန် အားဖြင့် မြေအောက်အဖွဲ့ ခေါင်းဆောင်များက မောရစ်ဆင်နှင့်အတူ လီစာနှင့် သူမ၏ ကလေးများကို ရိုနိုင်ငံမှ ထွက်ခွာလိုက်ပါသွားခွင့် ပြုခဲ့ကြသည်။

သို့ဖြင့် မြေအောက်ခေါင်းဆောင်များသည် မောရစ်ဆင်နှင့် လီစာတို့အတွက် ရိုနိုင်ငံမှ လျှို့ဝှက်စွာထွက်ခွာသွားနိုင်ရန် အစီအစဉ်များ အမြန်ဆုံး သွားရောက် စီစဉ်ခဲ့ကြရာ



ရင်းတို့ပြန်အသာကို မောရစ်ဆင်နှင့် လီစာတို့က မြေအောက်ခန်းကလေးထဲမှ စောင့်နေကြခြင်းဖြစ်သည်။

ခဏအကြာတွင် မြေအောက်ခန်းမှတံခါးဖွင့်သံကြားရပြီး လက်နှိပ်ဓာတ်မီးရောင်တစ်ခု အခန်းထဲသို့ဝင်ရောက်လာသည်။ သည်မီးရောင်နှင့်အတူ မောရစ်ဆင်သည် ဝိုင်အရက်စည်ပိုင်းများကြားမှ မိမိတို့ထံ လာနေသော ဒေါက်တာသက္ကရေးနှင့် မီခေးလစ်တို့၏ ပုံသဏ္ဌာန်များကို လှမ်းမြင်လိုက်ရသည်။

'ကဲ...မောရစ်ဆင်၊ နောက် လေးဆယ့်ရှစ်နာရီအတွင်း ဖြတ်သွားရေငုပ်သင်္ဘောတစ်စင်းနဲ့ ခင်ဗျားတို့ လိုက်ကြရမယ်'

ဒေါက်တာသက္ကရေးက ပြောလိုက်။

'ကလေးတွေကော...'

လီစာက စိုးရိမ်သည့်အသံဖြင့် မေးလိုက်သည်။

'သူတို့နှစ်ယောက်စလုံး ကောင်းကောင်းမွန်မွန် ရှိကြပါတယ်၊ မင်းတို့ အေသင်မြို့ထဲက အပြင်ရောက်တာနဲ့ တစ်မြိုင်နက် သူတို့နဲ့ခင်းတို့ တစ်နေရာမှာဆုံဖို့ စီစဉ်ထားတယ်'

မီခေးလစ်က ဝင်ပြောသည်။

'တစ်ခုတော့ရှိတယ် မောရစ်ဆင်'

ဒေါက်တာသက္ကရေးက ပြောပြန်သည်။

'ခင်ဗျား ဘုတ်လက်ထဲက လွတ်သွားပြီးတဲ့နောက် ဒီမြို့ထဲက ခင်ဗျားထွက်လို့မရအောင် ဂေဟ်ဆာကတစ်မြို့လုံးမှာ ပိုက်စိပ်တိုက်ပြီး အစောင့်တွေ ချထားတယ်၊ တစ်မြို့လုံး အဝင် အထွက် ကိုလဲ ပိတ်ထားတယ်၊ အဲဒီတော့ ခင်ဗျား ဒီအေသင်မြို့ထဲက ထွက်ဖို့ဆိုတာ သိပ်မလွယ်လှဘူးနော်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့ ကျုပ်တို့ အခုရထားတဲ့ အဆက်အသွယ်အတိုင်းဆိုရင် ခင်ဗျားမှာ အချိန်လေးဆယ့်ရှစ်နာရီပဲရှိတယ်၊ အဲဒါ ဘယ်လို လုပ်ကြမလဲ’

မောရစ်ဆင်သည် ရုတ်တရက် အကြံရ ကျပ်သွားသည်။ မှန်သည်။ ပေါလ်ဆာသည် သူ့လက်ခုပ်တွင်းရောက်လုဆဲဆဲ သီသီကလေး တော့ လွဲလွဲ၍ လွတ်မြောက်သွားသော မိမိအား သည်တစ်ခါ အသေရရှ အရှင်ရရ အဖမ်းကုန်ကြိုးစားတော့မည်မှာ သေချာသည်။ အေသင်မြို့တွင်းတစ်နေရာတွင် မိမိရှိနေဦးမည်ဟု တင်ထစ်၍ ယူဆကာ မြို့ထဲမှထွက်ပေါက်မှန်သမျှကို ပိတ်ဆို့ထားမည်မှာ သေချာသည်၊ သို့ဖြစ်ရာ ဂျာမန်စစ်တပ်များ အထပ်ထပ် ပိတ်ဆို့ထားသည့်ကြားမှ လေးဆယ့် ရှစ်နာရီ အတွင်း အေသင်မြို့ပြင်သို့လစ်ထွက်ရန်မှာ တကယ်ပင် မလွယ်သည့်အလုပ်ဖြစ်သည်။ ပြီးတော့ မိမိတစ်ဦးတည်း မဟုတ်ဘဲ လီစာနှင့်ကလေးနှစ်ယောက်ကလည်း ပါနေသေးသည်။

ဖြုန်းခနဲ ခေါင်းထဲသို့ အလင်းရောင်တစ်ခုဝင်လာသည်။

‘နေဦး…ခဏနေဦး’

မောရစ်ဆင်က ရုတ်တရက်ပြောလိုက်သည်။

‘ကျွန်တော် အကြံတစ်ခုရပြီ’

* * *



ချက်စနေသည် သူ့လက်ချောင်းများဖြင့် စားပွဲကိုခေါက်လျက်ရှိသည်။ သူ့ရှေ့မှ ပါမောက္ခ သာနာဆစ်အား မယုံသင်္ကာသည့် အကြည့်မျိုးဖြင့် ကြည့်နေသည်။

‘ဒါ မလွယ်လှဘူးဗျ၊ ခရွယ်ဆမှ တကယ့်ကိုမလွယ်တာ’

‘ကျုပ်အတွက်လဲ ဒီလိုလုပ်ရတာ မလွယ်ပါဘူး’

သာနာဆစ်က ပြန်ပြောသည်။

‘ဘာပဲဖြစ်ဖြစ် ကျွန်တော့်အနေနဲ့ကတော့ ထပ်ပြီးစဉ်းစားဦးမှဖြစ်မည်’

ချက်စနေက တစ်လုံးချင်းပြောလိုက်သည်။

‘စဉ်းစားဖို့ အချိန် သိပ်မရှိတော့ဘူး ချက်စနေ၊ သူတို့က နောက်လေးဆယ့်ရှစ်နာရီအတွင်း သွားကြတော့မှာ’

‘ခင်ဗျားလုပ်ပုံက ခက်သယ်ဗျာ၊ ဒီကိစ္စမှာ ငွေရေးကြေးရေးကြောင့်သာ လုပ်ရမှာဗျ၊ တကယ်ကတော့’

‘ထားပါတော့လေ၊ ဒါကြောင့်မို့လဲ ခင်ဗျားဆီ လာခဲ့တာပေါ့’

‘ကဲ…ဒီလိုဆိုလဲ လုပ်ပေးမယ်ဗျာ၊ သဘောတူတယ်’ ချက်စနေက ရုတ်တရက် ဆုံးဖြတ်လိုက်ဟန်ဖြင့် ပြောလိုက်သည်။

သာနာဆစ်သည် ယခုမှ စိတ်အေးသွားဟန်ဖြင့် သက်ပြင်းတစ်ချက် ချလိုက်သည်။ ‘အဲဒီလိုမှပေါ့ ချက်စနေရာ’ သူက ဝမ်းသာအားရဖြင့် ပြောလိုက်သည်။ ‘ဒါဖြင့် တစ်ခါထပ်ပြောမယ်၊ အခြေအနေကတော့ စောစောက အတိုင်း မောရစ်ဆင်နဲ့ လီစာတို့ နှစ်ယောက်စလုံး အေသင်မြို့ထဲမှာပဲ ရှိနေသေးတယ်။ ဒါပေမယ့် ဟိုနေ့က လမ်းဖြတ်တိုက်ပွဲပြီး



www.burmeseclassic.com

www.burmeseclassic.com

ကတည်းက မီးခေးလှစ်နဲ့ ကျုပ်နဲ့ မတွေ့ရသေးလို့ သူတို့ ဘယ်နေရာမှာ ရှိတယ်ဆိုတာတော့ မသိရသေးဘူး၊ နောက် တစ်ခုက သူတို့ကို ခေါ်ဖို့အတွက် ဗြိတိသျှရေငုပ်သင်္ဘော တစ်စင်းဟာ နောက် လေးဆယ့်ရှစ်နာရီအတွင်း ရောက်လာလိမ့်မယ်'

ချက်စနေက ခေါင်းညိတ်၍ နားထောင်နေသည်။

သာနာဆစ်က ဆက်ပြောသည်။ 'သူတို့ အေသင်မြို့ထဲက ဘယ်လမ်းအတိုင်း ထွက်မယ် ဆိုတာရယ်၊ ရေငုပ်သင်္ဘောနဲ့ ဘယ်နေရာမှာ ချိန်းတွေ့ကြမယ် ဆိုတာရယ်၊ အဲဒါတွေတော့ နောက်မှ သိသိချင်း လာပြောပြမယ်'

'နေပါဦး၊ ခင်ဗျားလူတွေက မောရစ်ဆင်တို့ကို အေသင်မြို့ထဲက ဘယ်သိုလုပ်ပြီး ထုတ်သွားကြမှာလဲ၊ ဒီလောက် အစောင့်အကြပ်တွေ အထပ်ထပ်ချထားတဲ့အထဲက သူတို့ကို မြို့ပြင်ရောက်အောင် ခေါ်ထုတ်ထွားဖို့ လွယ်မယ်ထင်သလား'

'အဲဒါ ပြဿနာပေါ့ မစ္စတာချက်စနေ၊ အဲဒါနဲ့ ပတ်သက်လို့လဲ သူတို့ ဘယ်လိုစီစဉ်ထားတယ်ဆိုတာ ဒေါက်တာသက္ကရေးတို့ မီခေးလစ်တို့နဲ့ တွေ့မှ သိရမှာဘဲ'

ချက်စနေသည် သာနာဆစ်၏စကားကို နားလည်သဘောပေါက်သည့်အနေဖြင့် ခေါင်းကို တစ်ချက်နှစ်ချက် ညိတ်လိုက်ပြီး သူလက်ကို ဆန့်ပေးလိုက်သည်။ သာနာဆစ်က ချက်စနေအား စိတ်မချသည့် မျက်နှာဖြင့် စိုက်ကြည့်ပြီးမှ သူ့လက်ကို ဆွဲ၍ နှုတ်ဆက်လိုက်သည်။ ပြီးနောက် အခန်းထဲမှ ခပ်သုတ်သုတ် ထွက်သွားသည်။



အခန်းထဲမှ ပျာယီပျာယာ ထွက်သွားသော ပါမောက္ခ သာနာဆစ်အား ချက်စနေသည် နောက်မှ မျက်စိတစ်ဆုံး လိုက်ကြည့်နေမိသည်။ 'အင်း....တော်တော် အကြံပိုင်တဲ့လူဘဲ'

သာနာဆစ် ထွက်သွားပြီးနောက် ချက်စနေသည် ဇိုင်ရာမှ ထလိုက်သည်။ ထိုနောက် တယ်လီဖုန်း ရှိရာသို့ ခပ်သွက်သွက်သွား၍ ဒိုင်ခွက်ကို လှည့်လိုက်သည်။

'ဟဲလို....' တစ်ဖက်မှအသံကိုစ၍ ကြားရသည်။

'ဟဲလို....ဟောလ်ဆာလား'

'ဟုတ်ပါတယ်'

'အခုချက်စနေပြောနေပါတယ်၊ ဂျူးလီယက်ချက်စနေပါ'

'ဘာကိစ္စလဲ'

'ခင်ဗျားနဲ့ ဇာဗေ့တို့ ကျွန်တော့်ဆီကို အခုမလာနိုင်ဘူးသား'

'မနက်စောစောစီးစီး ဘာအရေးကြီးလို့လဲ'

'ခင်ဗျားတို့ ကျွန်တော်တို့ရဲ့ မိတ်ဆွေတစ်ယောက်နဲ့ ပတ်သက်လို့ပါ၊ အမေရိကန်တစ်ယောက်ပါ'

'ကျုပ် အခုချက်ခြင်း လာခဲ့မယ်'

'ကောင်းပြီလေ ကျွန်တော်စောင့်နေမယ်၊ အော်...ဒါထက် ခင်ဗျားလာရင် ချက်စာအုပ်လဲ တစ်ခါတည်းယူခဲ့ရင် ကောင်းမယ်'

ဆယ့်ငါးမိနစ်ခန့် ကြာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ချက်စနေ၏ အခန်းတံခါး ပွင့်သွားပြီး အခန်းထဲသို့ ဟောလ်ဆာနှင့် ဇာဗေ့တို့ သုတ်သီးသုတ်ပြာ ဝင်လာကြသည်။ ချက်စနေသည် ဟောလ်ဆာအားလှမ်း၍ အကဲခပ်လိုက်သည်။ ဟောလ်ဆာ၏ မျက်နှာမှာ ခပ်တင်းတင်း ခပ်မာမာ ဖြစ်နေသည်။ စိန်လက်စွပ်ကြီး တဝင်းဝင်းဖြင့် ဖော့ပုတ်ကြီး ဇာဗေ့သည် သူ့ခေါင်းတွင် ဝင်ထိုင်လိုက်သည်။

'တစ်ခုခု သောက်ကြပါဦး' ချက်စနေက လောကွတ်ထုပ်လိုက်သည်။

'စကော့နှစ်ပက်' ဟောလ်ဆာကပြောလိုက်သည်။ ဇာဗေ့ကလည်း သူ့ဆရာအတိုင်း။

'ဒီမယ် ဟောလ်ဆာ၊ ကျွန်တော်အခုပြောမယ့် ကိစ္စဟာ ခင်ဗျာ့ အတွက် အင်မတန် စိတ်ဝင်စားစရာ ကောင်းပါလိမ့်မယ်' ချက်စနေ ဖန်ခွက်များ လှမ်းပေးရင်း စကားစ၍ ပြောလိုက်သည်။

'လိုရင်းကို ပြောစမ်းပါ၊ မောရစ်ဆင် ဘယ်မှာရှိတယ် ဆိုတာ သိရင် ဘယ်လောက်လိုချင်သလဲ၊ ဒါပဲပြောပါ'

'ခင်ဗျားကလဲ သိပ်လောကြီးနေတာကိုး၊ ကဲ...သားပါ တော့ သူအခု ဘယ်မှာရောက်နေတယ်ဆိုတာ သွားတင်း အတိအကျရဖို့ သေချာနေပြီ၊ အဲဒီတော့ ကျွန်တော် အဲဒီအတွက် ငါးသိန်း လိုချင်တယ်'

'ငါးသိန်း...ဟုတ်လား၊ မင်း ရူးနေပြီလား'

'မရူးပါဘူး၊ တကယ်တော့ ဒီဘက်ဈေးတောင် တန်ပါ တယ်'



'ငါးသိန်းဆိုတာတော့ များလွန်းတယ်၊ ဒါတော့ လုံးဝ မဖြစ်နိုင်ဘူး'

'ကဲ...ဒီလိုဆိုရင်လဲ ပြန်နိုင်ပါပြီ၊ ကျွန်တော်လဲ အိပ်ချိန် လွန်လာပါပြီ'

ဟောလ်ဆာသည် မျက်နှာတွက်ခနဲ ပျက်သွားသည်။ စိတ်ထဲ ကလည်း မထောင်ခနဲဖြစ်သွားသည်။ ဒါပေမယ့် ဒီလိုအချိန်မျိုး မှာ ဒေါသရှေ့ထား၍မဖြစ်၊ အလိမ္မာသုံးမှဖြစ်မည်။ မောရစ်ဆင်ကို ဒီဘစ်ခါမှ မမိလိုက်လျှင်၊ နောက် ဒီအခွင့်အရေး မျိုး ဘယ်တော့မှ ရနိုင်တော့မည်မဟုတ်၊ ပြီးတော့ ချက်စနေ လို ကောင်စားမျိုးကို မမှောက်လိုမှောက် လှန်လိုလှန်၊ အချိန် မရွေး ကြိုက်သလိုလုပ်နိုင်သည်။ အခုလောလောဆယ်တော့ အချိုသတ်ထားလိုက်ဦးမည်။ ဇာဗေ့ကလည်း မိမိအား ပခုံး နှစ်ဖက် တွန့်ပြနေသည်။

'ကဲ...ကောင်းပြီ၊ အခုသူ ဘယ်မှာလဲ' ဟောလ်ဆာက ရုတ် တရက် မေးလိုက်သည်။ သည်တော့ ချက်စနေက ရောမ သူ့ လက်ဝါးအိုးဖြင့် ကာရင်း....

'အိုး...အိုး...ဒါလောက်လဲ မမြန်ပါနဲ့လေ၊ ဒါလောက်လဲ မလောပါနဲ့၊ ပထမဆုံး ကျွန်တော်တောင်းတဲ့ငွေကို ကျွန် တော့် နာမည်နဲ့ အာဂျင်တီးနားကဘဏ်မှာ လွှဲပေးပါဦး၊ အဲဒါ သေချာပြီဆိုတော့မှ....'

'မင်း တော်တော်လူပါးဝတဲ့ ကောင်ပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဟောလ်ဆာ ဒေါပွသွားသည်ကို ကြည့်၍ ချက်စနေက မခိုးမခန့် ရယ်လိုက်သည်။ ပြီးမှ စားပွဲပေါ်ရှိ ပန်းကန်ထဲမှ သံလွင်သီးများကို လှမ်းနှိုက်ရင်း၊ 'မဟုတ်သေးဘူးလေ၊ ကျွန်တော်က ခင်ဗျားအတွက်ပြောတာပါ၊ ဘာလို့လဲဆိုတော့ မောရစ်ဆင်ဟာ နောက် လေးဆယ့်ရှစ်နာရီအတွင်း ရေငုပ်သင်္ဘောတစ်စင်းနဲ့ ထွက်ပြေးတော့မှာမို့ပါ၊ ပြီးတော့ ကျွန်တော်က ခင်ဗျားအတွက် အပိုဆုအဖြစ်နဲ့ လီစာရော သူ့ ကလေးနှစ်ယောက်ရော၊ ခင်ဗျားကို အခမဲ့ လက်ဆောင်ပေးဦးမှာပါ'

ဟောလ်ဆာသည် စားပွဲပေါ်တွင်တင်ထားသော သူ့ ဦးထုပ်ကို လှမ်းယူပြီး ထိုင်ရာမှထလိုက်သည်။

'မင်းလိုချင်တဲ့ငွေကို မင်းချင်လိုတဲ့ ပုံစံအတိုင်း နက်ဖြန်မနက်ကျရင် အဆင်သင့်ဖြစ်အောင် လုပ်ပေးမယ်'

## ချက်စနေ၏ အကြံဉာဏ်

ပါပါပင်နို၏လက်မှ ဖယောင်းတိုင်မီးသည် တဖျတ်ဖျတ်လှုပ်ရှားလျက်ရှိသည်။ သူနှင့်အတူ လီစာ၊ မောရစ်ဆင်၊ ဒေါက်တာသက္ကရေးနှင့် မီခေးလစ်တို့သည် တစ်ယောက်နှင့်တစ်ယောက် ပူးကပ်ကာ ဝိုင်းလျက်သားရှိနေကြသည်၊ သာနာဆစ်သည် သူတို့နောက်မှ ကပ်လျက် ဝိုင်အရက်စီပိုင်းတစ်လုံးကို မှီနေသည်။

'ကဲ...ခင်ဗျားတို့ နာရီတွေအားလုံး အချိန်ကိုက်ထားကြ၊ အခုမွန်းတည့် ဆယ့်နှစ်နာရီတိတိရှိပြီ' ဒေါက်တာသက္ကရေးက ပြောလိုက်သည်။ သူတို့သည် အားနည်းသော ဖယောင်းတိုင်မီးရောင်အောက်တွင် မိမိတို့လက်မှ လက်ပတ်နာရီများကို အားစိုက်၍ ကြည့်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

'ဒီနေ့ည ခုနစ်နာရီဆယ်မိနစ်ကျမှ နေဝင်လိမ့်မယ်' ဒေါက်တာသတ္တခရေးက သူ့စကားကိုဆက်လိုက်သည်။ 'ခုနစ်နာရီခွဲတိတိမှာ ကျုပ်တို့ အသင်္ချိုင်းထဲက စထွက်မယ်၊ ရှစ်နာရီဆယ့်ငါးမိနစ်လောက်မှာ ချာလန်ဒရီကိုရောက်ပြီး၊ လီစာရဲ့ကလေးနှစ်ယောက်တို့ ဝင်ခေါ်ကြမယ်'

လီစာက ခေါင်းညိတ်ပြလိုက်သည်။

'အဲဒီနောက် ချာလန်ဒရီကနေပြီး ပင်လယ်ကမ်းခြေကို တောက်လျှောက်သွားကြရမယ်၊ အဲဒီလို သွားတဲ့နေရာမှာ လမ်းမကြီးတွေက မသွားဘဲ တခြားလမ်းတွေက သွားကြမယ်၊

ဒေါက်တာသတ္တခရေးသည် ဤနေရာတွင် ပြောလက်စစကားကို ရပ်လိုက်ပြီး သူ့လက်ထဲမှ မြေပုံစာရွက်ကို ကြမ်းပြင်ပေါ်သို့ ဖြန့်ချလိုက်ရာ ထိုမြေပုံကို အားလုံး ဝိုင်း၍ ငုံ့ကြည့်လိုက်ကြသည်။ နောက်နားတွင်ရပ်နေသော သာနာဆစ်သည် လီစာ၏ပခုံးပေါ်မှကျော်၍ ငုံ့ကြည့်လိုက်သည်။

ဒေါက်တာသတ္တခရေးသည် မြေပုံစာရွက်ပေါ်တွင် ခဲတံနှင့် ထောက်၍ပြရင်း 'ပယ်လယ်ကမ်းခြေနားက ဟောဒီတွေ့ကိုရောက်ရင် အားလုံး ကားပေါ်ကဆင်းပြီး ခြေကျင်လျှောက်ကြရမယ်၊ အဲဒီနေရာမှာ လူတစ်ယောက်က အဆင်သင့် စောင့်နေပြီး ခမာရုစ်ဆင်တို့ကို ပင်လယ်ကမ်းစပ်က



ချောက်ကမ်းပါးတစ်ခုဆီကို ခေါ်သွားလိမ့်မယ်၊ အဲဒီလူရဲ့နာမည်က မီလက်တစ်တဲ၊ တစ်ခုရှိတာက ခင်ဗျား၊ အဲဒီ ချောက်ကမ်းပါးကိုရောက်အောင် တစ်နာရီအသာလောက် လျှောက်ရလိမ့်မယ်၊ အဲဒီတော့ ချောက်ကမ်းပါးကို ဆယ်နာရီခွဲခင် ရောက်မှဖြစ်မယ်'

ဒေါက်တာသတ္တခရေးက မြေပုံစာရွက်ပေါ် တစ်နေရာတွင် ခဲတံနှင့် ကြက်ခြေခတ်လိုက်သည်။ 'ဟောဒီနေရာပဲ... အဲဒီနေရာကို ဘယ်သူမှလဲ မလာဘူး၊ အရာအကွယ်လဲ သိပ်ကောင်းတယ်။ အဲ...ပြီးတော့ ခင်ဗျားတို့နောက်က အဲဒီချောက်ကမ်းပါးပေါ်မှာ အချက်ပြမီးနဲ့ အစောင့်တစ်ယောက်ရှိနေလိမ့်မယ်၊ ညသန်းခေါင်မတိုင်ခင် ဆယ့်ငါးမိနစ် မိနစ်နှစ်ဆယ် လောက်ကျရင် အဲဒီ အစောင့်ကနေပြီးပင်လယ်ထဲက ရေငုပ်သင်္ဘောရှိတဲ့ဆီကို မီးရောင်နဲ့ အချက်ပြလိမ့်မယ်၊ ရေငုပ်သင်္ဘောဆီက မြန်ပြီး အချက်ပြတဲ့မီးရောင်ကို မမြင်ရမချင်း အဲဒီအစောင့်က ငါးမိနစ်တစ်ခါလောက် အချက်ပြနေလိမ့်မယ်၊ ရေငုပ်သင်္ဘောက အချက်ပြမီးကို မြင်ရပြီးတဲ့နောက် သူတို့က ခင်ဗျားကို ရာဘာလှေတစ်စင်းနဲ့ လာခေါ်လိမ့်မယ်၊ အဲဒါပဲ...ရှင်းရဲ့လား'

အားလုံးက ခေါင်းညိတ်ပြလိုက်ကြသည်။

'သာနာဆစ်...ဒါကဘယ်လဲ' မီခေးသစ်၏အသံထွက်ပေါ်လာသည်။ သာနာဆစ်သည် သူတို့အားလုံးနှင့် ကြောခိုင်းလျက်သား ရှိနေရာမှ ပြန်လှည့်၍ ဖြေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အပြင်ကို ခဏသွားစရာရှိလို့ပါ'

'ခင်ဗျားတာဝန်ယူထားတာတွေ အားလုံးစီစဉ်ပြီးပြီလား'

'အားလုံးစီစဉ်ပြီးပြီ' သာနာဆစ်သည် မီးခေးလစ်အား ပြန်ပြောရင်း သူ့လက်ထဲမှ လက်နှိပ်ဓာတ်မီးဖြင့်ထိုး၍ မြေအောက်ခန်းထဲမှ ထွက်သွားတော့သည်။

'ဒီလူဟာ တစ်ခါတစ်ခါ အတော်ခွကျတယ်' ဒေါက်တာသက္ကရေးက သာနာဆစ်ထွက်သွားသည်ကို လှမ်းကြည့်လိုက်ပြီး မှတ်ချက်ချလိုက်သည်။

'ဒီလူ ကြောက်မျှား ကြောက်နေသလား မသိဘူး'

ထို့နောက် ဒေါက်တာသက္ကရေးသည် မြေပုံစာရွက်ကို လိပ်လိုက်ပြီး မတ်တတ်ရပ်လိုက်သည်။ တစ်ချိန်တည်းတွင် ပါပါဝင်နိုင်သည် ဖယောင်းတိုင်မီးကို ငြိမ်းလိုက်ရာ တစ်ခန်းလုံး မှောင်အတိ ကျသွားသည်။ လီစာသည် မောရစ်ဆင်အနီးသို့ တိုးသွားပြီး မျက်လုံးများကို မှိတ်ထားလိုက်မိသည်။

'ဘာမှမစိုးရိမ်ပါနဲ့လီစာ အားလုံးအဆင်ပြေသွားမှာပါ' မောရစ်ဆင်၏စကားအဆုံးတွင် ဒေါက်တာသက္ကရေး၏ အသံသည် မှောင်ထဲတွင် ထွက်ပေါ်လာသည်။



'ကဲ...ကျုပ်တို့လုပ်ငန်း စကြစို့၊ အချိန်သိပ်မရှိဘူး၊ ခဏကြာ တစ်ယောက်ယောက်က ဂက်စတာပိုကို သတင်းသွားပေးလိုက်ရင် အားလုံး ချောက်ကျကုန်လိမ့်မယ်'

* * *

'အား...ဟေလ်ဆာနဲ့ ဇာဗေ့တို့ပါလား၊ အချိန် တယ်တိကျပါလား'

'ဒါကအရေးမကြီးပါဘူး၊ ဘယ်မလဲ ခင်ဗျားပြောတဲ့ သတင်း၊ သတင်းရပြီလား' ဟေလ်ဆာက ပျာယီးပျာယာဖြင့် မေးလိုက်သည်။

'ရပါပြီလေ...ရပြီးပါပြီ၊ ကျွန်တော့်အတွက် ဘဏ်မှာငွေလွှဲပေးတာကိုလဲ ကျေးဇူးတင်လို့မဆုံးပါဘူး၊ ကဲ...တစ်ခုခု သောက်ကြပါဦး'

ဟေလ်ဆာသည် သူကိုယ်တိုင် အရက်ပုလင်းများထားသော နေရာသို့သွား၍ ဝီစကီကို ဖန်ခွက်ဖြင့် အပြည့်နီးပါး ထည့်လိုက်သည်။ ပြီး ရေခဲမပါ၊ ဆိုဒါမပါဘဲ တစ်ငက်နီး

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ါးမျှ တစ်ချက်တည်း မော့ချလိုက်သည်။ မျက်နှာတစ်ခုလုံး ...သွားသည်။

ချက်စနေသည် အိတ်ထဲမှ မြေပုံစာရွက်တစ်ရွက်ကို စားပွဲပေါ်သို့ ဖြန့်လိုက်သည်။ ပြီးမှ သူက ဟေလ်ဆားအား ပြောလိုက်သည်။

'မောရစ်ဆင်နဲ့ လီစာတို့ ဒီနေ့ည ခုနစ်နာရီခွဲတိတိ အေသင်မြို့ထဲက ထွက်ကြလိမ့်မယ်'

'သူတို့ အခု ဘယ်မှာလဲ'

'ဒါတော့ နေရာအတိအကျ ပြောလို့မရဘူးဆင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့က တစ်နာရီတစ်ခါလောက် နေရာရွှေ့ပြီး ပုန်းနေကြတာဆိုတော့ ဘယ်အချိန် ဘယ်နေရာမှာ ရှိတယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး'

ဟေလ်ဆားသည် လက်ထဲမှ ဖန်ခွက်ကို နောက်တစ်ချက် မော့လိုက်ပြန်သည်။

ချက်စနေက သူ့စကားကို ပြန်ဆက်သည်။

'နောက်ပြီးတော့လဲ သူတို့ အေသင်မြို့က ထွက်ဖို့အတွက် ရွေးထားတဲ့ ခရီးစဉ်တွေကလဲ လေးငါးခြောက်ခုလောက် ရှိတယ်လို့ သိရတယ်၊ ဒီလမ်းက စိတ်မချရရင် ဟိုလမ်းက သွားမယ်၊ ဟိုလမ်းကသွားလို့မလွတ်ရင် တခြားလမ်းကသွား



မယ်ဆိုတဲ့ သဘောပဲ၊ ကဲ...ဒီတော့ သူတို့ ဘယ်လမ်းကနေပြီး ဘယ်လိုခရီးစဉ်နဲ့ သွားကြမယ်ဆိုတာလဲ အတတ်ပြောလို့မရဘူး'

'အင်း...ဆိုစမ်းပါဦး'

'ဒါပေမယ့် ကျွန်တော် တိတိကျကျ သိထားပေါက်ရတဲ့ သတင်းရှိတယ်' ချက်စနေသည် မြေပုံစာရွက်ပေါ်သို့ လက်ညှိုးဖြင့် ထောက်ပြလိုက်သည်။ 'သူတို့ကိုလာခေါ်မယ့် ရေငုပ်သင်္ဘောနဲ့ သူတို့နဲ့တွေ့ဖို့ အချိန်းအချက် လုပ်ထားတာက ဒီနေရာပဲ၊ အဲဒီတော့ စောစောက ကျွန်တော်ပြောခဲ့တဲ့အတိုင်း ညခုနစ်နာရီခွဲတိတိမှာ အေသင်မြို့က သူတို့ထွက်မယ်၊ ရှစ်နာရီခွဲလောက်မှ မြို့ပြင်တစ်နေရာက လီစာရဲ့ကလေး နှစ်ယောက်ကို ဝင်ခေါ်ကြမယ်၊ နေဦး ကျွန်တော်ပြမယ်'

ချက်စနေသည် စားပွဲပေါ်မှ ခဲတံတစ်ချောင်းကို လှမ်းယူလိုက်ပြီး မြေပုံပေါ်တွင် စောစောက သူပြောပြသည့်နေရာများကို ခဲတံဖြင့် ခြစ်ပြခဲ့သည်။ နောက်ဆုံး၌ ပင်လယ်ကမ်းခြေမှ သစ်တောအုပ်များ ထူထပ်စွာရှိနေသည့် နေရာတစ်နေရာတွင် ခဲတံကို ထောက်လိုက်သည်။

'အဲ...ဒီနေရာပဲ၊ သူတို့ ရေငုပ်သင်္ဘောနဲ့တွေ့ဖို့ချိန်းထားတာ၊ ဒီနေရာမှာ ကျောက်ကမ္ဘားတွေရှိတယ်၊ သူတို့ဒီနေရာကို စောင့်အကာသမ်းကနေပြီး ညဖက်ရှစ်နာရီမထိုးခင် ငါးမိနစ်အလိုမှာ ရောက်အောင် လာကြလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com

ဟောလ်ဆာသည် စားပွဲပေါ်မှမြေပုံကို အတန်ကြာအောင် စိုက်ကြည့်နေသည်။ ပြီးမှ ဘာဗော့ဖက်သို့ လှည့်၍ မေးလိုက်သည်။

'မင်း…ဒီနေရာကို သိသလား'

'သိပါတယ်၊ဒီနေရာကို ကျွန်တော်ကောင်းကောင်းသိတာပေါ့၊ရေငုပ်သဘော်ဝင်ဖို့ တကယ်ကောင်းတဲ့နေရာပဲ၊ လှိုင်းလည်းရှင်းတယ်၊ပင်လယ်လေလဲ ငြိမ်တယ်၊ပြီးတော့ ပုန်းလို့ကောင်းတဲ့ချောက်ကမ်းပါးတွေလဲ ပေါတယ်၊ အဲဒီကမ်းခြေတစ်ဝိုက်မှာတောလဲ ထူထပ်တယ်၊ ဘယ်မြို့ ဘယ်စစ်ထပ်နဲ့မှ မနီးဘူး'

'ည သန်းခေါင်အချိန်မှာ တောဒီချောက်ကမ်းပါးထိပ်ကနေပြီး လူတစ်ယောက်က ရေငုပ်သဘော်ဆီကို မီးနဲ့ အချက်ပြလိမ့်မယ်'

ချက်စနေက မြေပုံပေါ်သို့ နောက်တစ်ကြိမ် ခဲတံဖြင့်ထောက်ပြမြန်သည်။

ဟောလ်ဆာသည် မြေပုံကိုငုံ့ကြည့်နေရာမှ ကိုယ်ကိုပြန်မတ်လိုက်သည်။ပြီး နံရံကို စိုက်ကြည့်ရင်း ပြောလိုက်သည်။

'ကဲ…ဒီတော့ ခအသင်မြို့ ပတ်ဝန်းကျင်မှာ အစောင့်တပ်သားတွေ သုံးဆတိုးပြီး ချထားမှဖြစ်မယ်၊သူတို့သွားမယ့်လမ်းတစ်လျှောက်မှာ တပ်ရင်းတစ်ရင်း ချထားမယ်၊ပြီးတော့



သူတို့အချိန်းအချက် လုပ်ထားတဲ့ နေရာတစ်ဝိုက်မှာလဲ တပ်ခွဲတစ်ခွဲ ဖြန့်ထားမယ်၊ အဲဒါ အပြင်….'

'ခဏနေပါဦး ဟောလ်ဆာ၊ ခဏနေပါဦး'

ချက်စနေက ဟောလ်ဆာ၏ စကားကို ကြားဖြတ်ပစ်လိုက်သည်။

'ခင်ဗျား ကျုပ်ကို ဒီသတင်း ရဖို့အတွက် ငွေငါးသိန်းပေးထား ရတယ် နော်၊ အဲဒီတော့ တကယ်လို့ ဒီတစ်ခါမောရစ်ဆင်လွတ်သွားမယ် ဆိုရင်တော့ ကျွန်တော့်အနေနဲ့အတော်အနေအထိုင်ရ ကျပ်မှာ သေချာတယ်'

'မင်း ဘာကို ဆိုလိုချင်တာလဲ'

'ဒါကတော့ ဒီလိုပါ၊ အခုအတိုင်း ဆိုရင် ခင်ဗျားဟာတစ်ဖက်ရန်သူကို အထင်သေးတဲ့ သဘောမျိုး ဖြစ်နေတယ်၊ ခင်ဗျားက သူတို့အသင်မြို့ထဲကမထွက်နိုင်အောင် မြို့ပတ်ပတ်လည်မှာ အစောင့်တွေ အထပ်ထပ် ချထားသလို သူတို့ကလဲ အဲဒီအစောင့်တွေကို မျက်ခြေမပြတ် စောင့်ကြည့်နေကြတာ ခင်ဗျားမသိဘူး၊ နောက်ပြီးတော့ သူတို့အခုပုန်းနေတဲ့နေရာက မထွက်ခင် သူတို့သွားမယ့် လမ်းခရီးမှာ အန္တရာယ် ရှိမရှိ သူတို့ လူတစ်ယောက်ကို အရင်လွှတ်ပြီး ကြည့်ခိုင်းမှာပဲ၊ တကယ်လို့ အဲဒီလမ်းခရီးမှာ အန္တရာယ် ရှိနေတယ် ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



တခြားလမ်းတစ်လမ်းက ပြောင်းပြီး သွားချင်သွားလိမ့်မယ်။ ဒါမှမဟုတ် ပုန်းနေတဲ့နေရာက လုံးဝမထွက်ဘဲ ဒီအစီအစဉ်ကို ရွှေ့ချင်ရွှေ့ပစ်လိမ့်မယ်၊ ပြီးတော့ သူတို့ချိန်းထားတဲ့ပင်လယ်ကမ်းခြေတစ်ဝိုက်မှာ ခင်ဗျားတို့တပ်တွေ ချထားတယ်ဆိုတာ သိတာနဲ့ တစ်ပြိုင်နက် သူတို့အစီအစဉ်ကိုဖျက်ပစ်မှာ သေချာတယ်’

‘သူပြောတာမှန်တယ် ဗိုလ်ကြီး၊ ဒါ ဖြစ်နိုင်တယ်’ ဇာဗေ့ဇက ဝင်၍ ထောက်ခံလိုက်သည်။

‘အဲဒီတော့ ကျွန်တော့်သဘောအရဆိုရင် အခုလို တပ်တွေ ဖြန့်ချထားတာတို့ အစောင့်တွေ ယပ်တိုးတာတို့ ဆိုတာမျိုးကို အလန့်တကြား မလုပ်စေချင်ဘူး၊ ဒီလိုလုပ်တာနဲ့ သူတို့ဘက်က ရိပ်မိသွားမှာပဲ၊ တကယ်တော့ ခင်ဗျားသိတဲ့အတိုင်းပဲ၊ မောရစ်ဆင်ဟာ အေသင်လို မြို့ကြီးပြကြီးတမြို့မှာ ပုန်းနေမယ်ဆိုရင် ဆယ်ငါးနှစ်လောက် ပုန်းနေဦးတော့ ခင်ဗျားသူ့ကို ရှာတွေ့ဖို့ မလွယ်ဘူး’

ဟောလ်ဆာသည် စိတ်ထဲက အတော်ကလေး ခိုးလိုးခုလု ဖြစ်သွားသည်။ ချက်စနေ၏ အတွေးအခေါ်များသည် အတော်ဝင် ယုတ္တိရှိ၍ အကျိုးအကြောင်း ဆီလျော်နေသောကြောင့် ဖြစ်သည်။

‘ကောင်းပြီလေ...အဲဒီတော့ မင်းဘယ်လို အကြံပေးချင်လို့လဲ’

‘ကျွန်တော် အကြံပေးချင်တာကတော့ ခင်ဗျားတို့ အခု အမြန်ဆုံး အေသင်ကထွက်သွားပြီး မာရသွန်မြို့ရဲ့ မြောက်ဘက်ကို ရောက်အောင်သွားဖို့ပဲ၊ ပြီးတော့မှ အဲဒီကတစ်ဆင့် သူတို့ ရေငုပ်သင်္ဘောနဲ့ ချိန်းထားတဲ့နေရာကို မှောင်မှောင်ချင်း ရောက်အောင်သွားပြီး တောင်ဘက်လမ်းကနေ စောင့်ရင်ကောင်းမယ်၊ အဲဒီမှာလဲ စစ်တပ်အင်အားကို များများ ခေါ်မသွားဘဲ လက်နက်အပြည့်အစုံနဲ့ လူနှစ်ဆယ် သုံးဆယ်လောက်ဆိုရင် လုံလောက်ပါလိမ့်မယ်’

ဟောလ်ဆာသည် မြေပုံကိုတစ်ချက် ပြန်ကြည့်လိုက်ပြန်သည်။ သူသည်ခေတ္တစဉ်းစားပြီးနောက် ဇာဗေ့ဇကို လှမ်းကြည့်လိုက်သည်။ ဇာဗေ့ဇက ချက်စနေပြောသည့် အကြံကို သဘောတူသည့် အနေဖြင့် ခေါင်းညိတ်ပြလိုက်သည်။

‘ဒီလိုဆိုလဲ ကောင်းပြီလေ၊ တို့အခုပဲ အေသင်ကထွက်မယ်၊ အဲဒီတော့ ဇာဗေ့ဇ မင်းမြို့ထဲမှာချထားတဲ့ အစောင့်တွေကို ချက်ချင်းပြန်ရုပ်ပြီး အဲဒီထဲက အတော်ဆုံးစစ်သားသုံးဆယ်ကို ရွေးပြီး ခေါ်ခဲ့၊ နောက်တစ်နာရီအတွင်း မင်းနဲ့ငါနဲ့ ပြန်ဆုံပြီး မာရသွန်ရဲ့ မြောက်ဘက်ပိုင်းကို သွားကြမယ်၊ အဲဒီမှာ ညနေစောင်းတဲ့အထိ နေပြီးမှ ပင်လယ်ကမ်းခြေကို ညဘက် ရောက်အောင်သွားမယ်’

‘ဒီတိုင်းဆိုရင်တော့ ခင်ဗျား အစီအစဉ် ကောင်း[illegible]တယ်’ ချက်စနေက ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



‘ဒါပေမယ့်၊ တစ်ခုကျန်သေးတယ်’ ဟောလ်ဆာက ချက်စနေ၏ မျက်နှာကိုကြည့်၍ ပြောလိုက်သည်၊

‘ဟုတ်ကဲ့…ဘာလဲခင်ဗျာ’

‘မစ္စတာချက်စနေ မင်း တို့နဲ့ လိုက်ခဲ့ရမယ်’

‘ဟာ…လိုက်တာပေါ့ဗျာ၊ လိုက်တာပေါ့၊ ဒီလို အခွင့်အရေးမျိုးကို ကျွန်တော် ဘယ်လက်လွှတ်ခံလို့ ဖြစ်ပါ့မလဲဗျာ’

*　　*　　*

## ပင်လယ်ကမ်းခြေမှ သေနတ်သံတစ်ချက်

မာရာသွန်မြို့ကလေးသည် လရောင်အောက်တွင် ငြိမ်သက်လျက်ရှိသည်။

ည ဆယ့်တစ်နာရီရှိပြီဖြစ်သည်။

ချက်စနေနှင့် ဇာဗေ့တို့မှာ နှစ်ယောက်စလုံး လူဝများဖြစ်နေကြသဖြင့် ဆိုးဝါးကြမ်းတမ်းလှသည့် တောလမ်းခရီးကို ခက်ခဲပင်ပန်းစွာဖြင့် လာခဲ့ကြရသည်။

ဂျာမန်စစ်ဗိုလ်တစ်ယောက်သည် ဟောလ်ဆာထံသို့ ရောက်လာပြီး အမိန့်ညွှန်ကြားချက်များ တောင်းခံလိုက်သည်။

‘မင့်တပ်သားတွေကို ဒီတောစပ်မှာ အားလုံး ဖြန့်ချထား၊ ပြီးတော့ ချောက်ကမ္ဘားဘက်ကိုလဲ မျက်ခြေမပြတ်စေနဲ့ စောင့်ကြည့်နေ’

www.burmeseclassic.com

www.burmeseclassic.com

စစ်ဗိုလ်သည် ဟောလ်ဆာအား အလေးပြုပြီး မြန်ထွက်သွားသည်။ ခဏအကြာတွင် သူ့လူများအား ခပ်တိုးတိုးအမိန့်ပေးနေသော ထိုစစ်ဗိုလ်၏ အသံများကို ကြားရသည်။ ကျောက်တောင်များ မြက်တောများနှင့် ခြုံပုတ်များနောက်တွင်ကွယ်၍ နေရာယူထားကြရန် ညွှန်ကြားနေခြင်းဖြစ်သည်။ သူတို့သည် ချောက်ကမ္ဘားကို ဝိုင်းရံထားကြသည်။ လက်နက်များကိုလည်း အသင့်အနေအထားဖြင့် ကိုင်ထားကြသည်။

ဟောလ်ဆာ ဇာဗော့နှင့် ချက်စနေတို့သည် သည်နေရာတစ်ဝိုက်ကို အားလုံးမြင်၍ မြင်နိုင်စေရန် အတန်ငယ်မြင့်သော တောင်ကုန်းကလေးပေါ်သို့ တက်လာခဲ့ကြသည်။

‘တပ်သားတွေ နေရာယူထားပုံကတော့ မဆိုးပါဘူး၊ သူတို့ ဒီနေရာရောက်နေကြတာကို ဘယ်သူမှရိပ်မိပုံ မရဘူး’ ချက်စနေသည် ထိုသို့ပြောပြီးနောက် ခပ်လှမ်းလှမ်း တောင်ဘက်အစွန်အဖျားမှ ချောက်ကမ္ဘားတစ်ခုဆီသို့ လက်ညှိုးထိုးပြလိုက်ပြီး....

‘သူတို့လာရင် အဲဒီဘက်ကလာကြမှာဘဲ၊ ခဏတစ်ဖြုတ်နားလိုက်ကြပါဦး၊ အချိန်က နောက်ထပ် တစ်နာရီလောက် စောင့်ရလိမ့်ဦးမယ်’

* * *



ကားကလေးတစ်စင်းသည် ချိုင့်များနှင့် ကျင်းများ၊ ခေါ်များလှသည့် ဘောသမ်းကလေးအဆုံးတွင် ထိုးရပ်လိုက်သည်။ တောစပ်မှလူတစ်ယောက် ပြေးထွက်လာသည်။

‘သူတို့ဘယ်မှာလဲ’ ထိုလူက ကားမောင်းလာသူအား မေးလိုက်သည်။

‘ကလေးနှစ်ယောက်ကတော့ နောက်ခန်းထဲမှာအောက်ကပုန်းလိုက်လာကြတယ်၊ ဟိုလူနဲ့ အမျိုးသမီးကတော့ ကားနောက်ဖြီးမှာ’ ကားမောင်းလာသူက ဖြေလိုက်သည်။ ကားမောင်းလာသူမှာ အမျိုးသမီးဖြစ်သည်။

စောစောကလူသည် ကားနောက်ဖြီးကိုအဖုံးဖွင့်၍ လီဓာနှင့်မောရစ်ဆင်တို့အား အပြင်သို့ ဆွဲထုတ်လိုက်သည်။ သူတို့နှစ်ယောက်စလုံး ကားနောက်ဖြီးမှ ခေါင်းငုံ့၍ ကုန်းကုန်းကွကွဖြင့် ထွက်လာကြသည်။ ကားမောင်းလာသူ အမျိုးသမီးသည် ကားရှေ့ခန်းမှ ခုန်၍ နောက်ခန်းဖက်သို့ လက်ဖြင့်လှမ်းကာ ထိုင်ခုံအောက်မှ မိုးကာကြီးကို ဆွဲဖယ်လိုက်သည်။ ကလေးနှစ်ယောက်သည် ကားတံခါးကိုဖွင့်၍ သူတို့အမေထံ ပြေးသွားကြသည်။

‘ကျွန်တော် မီလက်ဘစ်ပါ’

ထိုလူက သူ့ကိုယ်သူ မိတ်ဆက်သည်။ ‘ကျွန်တော် ခင်ဗျားတို့ကို အချိန်းအချက်လုပ်ထားတဲ့ နေရာအထိ လိုက်ပို့ပါမယ်’

www.burmeseclassic.com

www.burmeseclassic.com



မောရစ်ဆင်နှင့် လီစာတို့သည် ထိုလူအား တစ်ယောက်တစ်လှည့်စီ လက်ဆွဲ နှုတ်ဆက်လိုက်ကြသည်။ 'အခြေအနေအားလုံး ကောင်းတယ်နော်'

'အားလုံး ကောင်းပါတယ်၊ အဆင်ပြေပါတယ်'

မောရစ်ဆင်သည် ကားရှေ့ခန်းဖက်သို့ သွား၍ ကားမောင်းသူ အမျိုးသမီးအား ပြောလိုက်သည်။ 'ဒါကတော့ မင်းကို ကျေးဇူးတင်စရာတွေ အတော်များနေပြီ'

'မလိုပါဘူး၊ အင်္ဂလိပ်တွေအတွက်ဆိုရင် ဘာမဆိုအဆင်သင့်ပါပဲ' သူမက ပြန်ပြောလိုက်သည်။ 'ကျွန်မကို အခုလို အကူအညီလာတောင်းခံတာပဲ ကျေးဇူးတင်လှပါပြီ' သူမမှာ တစ်ညက မောရစ်ဆင်အား နောက်ဖေး လမ်းကြားတွင် ဂက်စတာပိုများ လက်မှ ကယ်ခဲ့သည့် ကက်တီပင် ဖြစ်သည်။

'ကဲ လာ... သွားကြစို့ နှုတ်ဆက်နေဖို့ အချိန် မရှိဘူး၊ နောက်တစ်နာရီလောက် လျှောက်ရဦးမယ်၊ ဒါထက် မင်းလမ်းမှာ အနှောက်အယှက်တွေ့ခဲ့သေးသလား' မိလက်တစ်ကကက်တီအား လှမ်းမေးလိုက်သည်။

'မတွေ့ပါဘူးဆိုပါတော့၊ တစ်ခါ ပဲရပ်ပြီး အမေးခံရတယ်၊ ဒါပေမယ့် ကျွန်မဆီမှာ ဖောလ်ဆာကိုယ်တိုင်လက်မှတ်ထိုးပြီး ပေးထားတဲ့ ခရီးသွားလက်မှတ်ရှိနေတာပဲ၊ ပြဿနာမပေါ်ပါဘူး'

* * *

ဆယ့်နှစ်နာရီထိုးရန် မိနစ်အနည်းငယ်သာလိုတော့သည်။ ဂျာမန်စစ်ဗိုလ်သည်သူ့တပ်သားများအားအသင့်ရှိနေရန် အချက်ပေးထားခဲ့ပြီး ဟောလ်ဆာရှိရာသို့ လာခဲ့သည်။ အစစအရာရာ အားလုံးအသင့်ရှိနေကြပြီဖြစ်သည်။ ဂျာမန်စစ်သားအားလုံးသည် တောင်ဘက်ဆုံးမှ ချောက်ကမ္ဘားကြီး ဆီသို့စိုက်ကြည့်နေကြသည်။ ဘာအရိပ်အယောင်မှ မမြင်ရ၊ ဘာအသံမှ မကြားရ၊ တစ်ချက်တစ်ချက် ကမ်းစပ်မှ လှိုင်းပုတ်သံနှင့် သူတို့ပတ်ဝန်းကျင် တစ်ဝိုက်မှ သစ်ရွက် လေတိုးသည့်အသံများသာ ကြားနေရသည်။

'ဘယ်လိုလဲ ဘာမှလဲ မတွေ့ရပါလား'

BURMESE CLASSIC .com

'လာမှာပေါ့ကွ အချိန်မရွေး လာနိုင်တာပဲ'

တစ်မိနစ်ခန့် ကြာသွားသည်။ နောက် နှစ်မိနစ်...သုံးမိနစ်....

ချက်ချင်းပင်သည် ဟောလ်ဆာကို မသိမသာ ကိုယ်လုံးချင်းတွန်းလိုက်ပြီး သူတို့နောက်ဘက်မှ တောင်ကုန်းပေါ်သို့ လက်ညှိုးထိုးပြလိုက်သည်။ မီးရောင်တစ်ခုသည် ပင်လယ်ရေပြင်ပေါ်သို့ လက်ခနဲဖြစ်သွားသည်၊ မီးရောင်သည် လင်းချေတချေဖြင့် သုံးခါတိတိ ပေါ်လာသည်။ ဟောလ်ဆာ၏ရင်မှာ တဒိတ်ဒိတ် ခုန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါ အချက်ပေးတာပဲ' ချက်စနေကပြောလိုက်သည်။ သူသည် သူ့ လက်မှ လက်ပတ်နာရီကို မျက်နှာနားသို့ ကပ်၍ သေချာကြည့်လိုက်သည်။ ဘာချက်ချက်မြည်နေသော စက္ကန့်သံများကို ကြားနေရသည်။ 'နောက်တစ်ခါ မီးရောင်ပေါ်လာရင် အဲဒါ အားလုံး အဆင်သင့်ဖြစ်ပြီပဲ'

ထိုအခိုက် သူတို့နောက်ရှိ သစ်တောဘက်ဆီမှ လှုပ်ရှားသံများကို မသိမသာကြားလိုက်ရသည်။

'သူတို့ လာနေကြပြီ' ချက်စနေက တိုးတိုးပြောလိုက်သည်။ သူသည် လက်ပတ်နာရီကို ငါးမိနစ်ခန့် စိုက်ကြည့်နေခဲ့ပြီးမှ တစ်ဖန် တောင်ကုန်းပေါ်သို့ လှမ်းကြည့်လိုက်ပြန်သည်။ နောက်ထပ် မီးရောင် သုံးကြိမ် ပေါ်လာပြန်သည်။

ထိုအခါမှ ချက်စနေသည် ကိုယ်ကို မတ်မတ်ရပ်လိုက်ပြီး ခါးကိုဆန့်လိုက်သည်။ 'ကဲ...ဟောလ်ဆာ ကိစ္စအားလုံး ပြီးပါပြီ'

ဟောလ်ဆာသည် ချက်စနေအား မော့ကြည့်လိုက်သည်။ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

'ကျွန်တော့်ကိုတော့ ဘယ်လိုမှ သဘောမထားပါနဲ့ ဟောလ်ဆာ၊ ရှေ့ပ်သင်္ဘောဆောက်နေပါပြီ၊ ဒါပေမယ့် ဒီနားတစ်ဝိုက်မှာ မဟုတ်ပါဘူး။ ဒီနေရာနဲ့ မိုင်ဝက်ကျော်ကျော်လောက်ဝေးတဲ့ နေရာမှာပါ၊ ကျွန်တော့်ဘက်ကိန်းအတိုင်းဆိုရင်တော့ အခုလောက်ဆိုရင် လီစာနဲ့ မောရစ်ဆင်တို့ဟာ ဒီအချိန်ကလေးမှာပဲ ရှေ့ပ်သင်္ဘောပေါ်ကို ရောက်သွားကြပါပြီ'



ချက်စနေ၏ စကားအဆုံးတွင် ဟောလ်ဆာသည် အိပ်ပျော်နေရာမှ လန့်နိုးလာသအိုး သတိရလာပြီး 'ဒီကောင်ကို ဖမ်း...ဒီကောင်ကိုဖမ်းကြ' ဟု အော်လိုက်သည်။

'အို...ဒီလိုလုပ်လို့ဘာယ်ရမလဲဟောလ်ဆာ၊ ခင်ဗျား နောက်ကျသွားပြီလေ၊ သိပ်နောက်ကျသွားပြီ၊ စောစောကမြင်လိုက်ရတဲ့ အချက်ပြမီးရောင်ဟာ ဒီနေရာ ဒီတောအုပ်ထဲကို လူနှစ်ရာ ရောက်လာပြီဆိုတာ အချက်ပေးလိုက်တဲ့ မီးရောင်ပဲ၊ အဲဒီလူနှစ်ရာဆိုတာက ခင်ဗျားတို့က 'ပြောက်ကျား' လို့ ခေါ်နေတဲ့ လက်နက်ကိုင်တော်လှန်ရေး ရဲဘော်တွေပါပဲ၊ အဲ...နောက်တစ်ကြိမ်ထပ်ပြီး အချက်ပေးလိုက်တဲ့ မီးရောင်ကတော့ ခင်ဗျားတို့တပ်တွေကို သူတို့က အားလုံး ဝိုင်းထားပြီ ဆိုတဲ့ အကြောင်း သတင်းပို့လိုက်တာပါပဲ'

BURMESE CLASSIC .com

ထိုသို့ ပြောနေခိုက် ဂျာမန်စစ်ဗိုလ်သည် တအားခံပြေးချလာပြီး ဟောလ်ဆာအား အော်ပြောလိုက်သည်။ 'ဗိုလ်ကြီးဟောလ်ဆာ ကျွန်တော်တို့တပ်တွေ အားလုံး အဝိုင်းခံထားရပြီ'

'ကဲ...ကြားတယ်မဟုတ်လား ဟောလ်ဆာ၊ ခင်ဗျားတပ်တွေအားလုံး လက်နက်ချခိုင်းလိုက်ပါ၊ ခုခံနေလို့ အကျိုးရှိပါဘူး'

ဟောလ်ဆာသည် မမျှော်လင့်ဘဲ ချက်စနေ၏ စကားများကို ကြားလိုက်ရသဖြင့် အကြီးအကျယ် တုန်လှုပ်သွားပြီး သူ့

www.burmeseclassic.com

www.burmeseclassic.com

ပတ်ဝန်းကျင် တစ်ဝိုက်သို့ ဟိုဟိုသည်သည် လှမ်းကြည့်လိုက်မိသည်။ တောင်ကုန်းပေါ်တွင်လည်းကောင်း၊ ချုံပုတ်များနှင့် သစ်ပင်များနောက်တွင်လည်းကောင်း ဂရိုးပြောက်ကျားများ၏ ရိုင်ဖယ် ပြောင်းဝများကို လ ရောင်အောက်တွင် ထင်ထင်ရှားရှားကြီး မြင်နေရသည်။ သူ့ မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ သွားဖြင့် တအားကိုက်ထားသောကြောင့် သူ့ နှုတ်ခမ်းမှာ ပေါက်လုခမန်း ဖြစ်နေသည်။

'တပ်သားတွေကို လက်နက်ချခိုင်းလိုက်' ဟောလ်ဆောက အမိန့်ပေးလိုက်သည်။ ပြီး ချက်စနေအား မျက်လုံးမှိန်းတောက် လုမတတ် စိုက်ကြည့်လိုက်သည်။ 'အေးပေါ့ကွာ မင်းတော့ နေနှင့်ဦးပေါ့'

'ဒီစကားတွေက အခုဆိုရင် အပိုဖြစ်နေပါပြီ' ဟောလ်ဆား ခင်ဗျားအလေ့ာင်းကို ဂဏ်စတာပို ဌာနချုပ်က ရှာတွေ့တဲ့ အချိန်ကျတော့ တကယ်လို့ ရှာတွေ့ရင်ပေါ့လေ....အဲဒီအချိန် ကျရင်ကျွန်တော်ဟာ လန်ဒန်က သတင်းစာဌာနတစ်ခုမှာ ကျင်နဲ့ တော်နစ်သောက်ပြီး ဇိမ်ကျနေရောပေါ့၊ ဘာဖြစ်လို့လဲ ဆို တော့ ဒီကိစ္စမှာ ကျွန်တော်အကြံပေးတဲ့အတိုင်း ခင်ဗျား အတိအကျလိုက်နာပြီး ဘယ်သူ့ကိုမှ အသိမပေးဘဲ ဒီနေရာကို လျှို့ဝှက်ပြီး လာခဲ့တာမဟုတ်လား၊ အဲဒီတော့ ခင်ဗျား အခု ဘယ်နေရာရောက်နေတယ်ဆိုတာ ဘယ်သူမှမသိဘဲ ဖြစ်နေကြ တာပေါ့'



ထိုအခိုက် ဇာဗေ့သည် ကျွန်ုပ် မဆည်နိုင်လောက်အောင် တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်ကာ ချက်စနေ၏ခြေရင်းမှ မြေကြီးပေါ်သို့ ဒူးထောက်လျက်သား ကျသွားသည်။ 'ချက် စနေ မစ္စတာချက်စနေ....ကျွန်တော့်ကို ချမ်းသာပေးပါခင်ဗျာ၊ နေပါ....ကျွန်တော့်ကို ချမ်းသာပေးပါ၊ ကျွန်တော့်မှာစုဆောင်း ထားတဲ့ ပစ္စည်းတွေ ရှိပါတယ်၊ အဲဒါတွေ ခင်ဗျားအကုန်— အကုန်လုံးယူပါ....ကျွန်တော့်ကို ချမ်းသာပေးပါခင်ဗျာ'

ဇာဗေ့သည် ချက်စနေ၏ ခြေသလုံးကိုဖက်၍ ဖျာဖျာ သလဲ တောင်းပန်နေသည်။ ထိုအခိုက် ရုတ်တရက် ဒိုင်းခနဲ သေနတ်သံတစ်ချက် ကြားလိုက်ရပြီး ဇာဗေ့သည် ဒူးထောက် နေရာမှ ခွေလျက်သား မြေကြီးပေါ်သို့ လဲကျသွားသည်။

ဟောလ်ဆားသည် သူ့ လက်ထဲမှ ယမ်းခိုးထွက်နေဆဲ ဖြစ် သော ပစ္စတိုသေနတ်ကို ချက်စနေ၏လက်ထဲသို့ လှမ်းပေးလိုက် သည်။ ၎င်းနောက် မြေကြီးပေါ်တွင် မလှုပ်မယှက် လဲကျနေ သော ဇာဗေ့အား ရွံရှာမုန်းတီးသည့် အကြည့်မျိုးဖြင့် ကြည့်ကာ 'သစ္စာဖောက် လောက်ကောင်၊ ဘယ်သူ့ အပေါ်မှ သစ္စာမရှိတဲ့အကောင် သေတာပဲအေးဘယ်'

ထိုအခိုက် သာနှာဆစ်သည် ရုတ်တရက် တောစပ်မှပေါ် လာပြီး သူတို့ရှိရာသို့လျှောက်လာသည်။

'ကဲ—ဟောလ်ဆာ ဂျာမန်တွေအားလုံး လက်နက်ချပြီး သူတို့လက်နက်တွေလဲ တို့သိမ်းလိုက်ပြီ၊ အဲဒီတော့ တို့ပွဲအောင် တစ်ခုပဲကျန်တော့တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ…ကျုပ်ကို ခင်ဗျားတို့က သတ်ပစ်ကြတော့မလို့လား'

'တို့မှာ တခြားရွေးစရာလမ်း မရှိဘူး ဟေလ်ဆာ'

ဟေလ်ဆာသည် မည်သို့မျှ ပြန်မပြော တော့ဘဲ မသွမ်းမကမ်းမှ ကျောက်ပြားကြီး တစ်ခုပေါ်သို့ လျှောက်သွားပြီး၊ ထိုနေရာတွင် မတ်တတ်ရပ်ကာ စီးကရက်တစ်လိပ်ကို မီးညှိသောက်နေသည်။ သူ့မျက်နှာမှာ စောစောကလို ထိတ်လန့်ချောက်ချားနေသည့် အမူအရာများ လုံးဝမရှိတော့ဘဲ ဆည်ငြိမ်၍ အေးအေးဆေးဆေးဖြစ်နေသည်၊ ဟိုအရင်က ဟေလ်ဆာ အသွင်လက္ခဏာမျိုး ပြန်ပေါ်လာသည်။

'ဒေါက်တာ နေပါဦး၊ ကျုပ်မသေခင် တစ်ခုတော့ သိသွားချင်ပါသေးတယ်၊ ချက်စနေ မင်းဒီကိစ္စမှာ ဘယ်လိုလုပ်သိလိုက်တာလဲဟင်၊ အစက ငါမင်းကို ဒါလောက် အကြံပိုင်လိမ့်မယ်လို့ မထင်မိဘူး' ဟေလ်ဆာက ယခုဘိုင်မဝေခွဲနိုင်သေးသောမျက်နှာဖြင့် ချက်စနေအား လှမ်းမေးလိုက်သည်။

'အကြံပိုင်တာက ကျွန်တော် မဟုတ်ပါဘူး၊ မြေအောက်အဖွဲ့ပါ၊ သူတို့ရဲ့ အစီအစဉ်အတိုင်း ကျွန်တော်က လိုက်နာရတာပါ၊ သူတို့အနေနဲ့ မောရစ်ဆင်နဲ့ လီဇာတို့ကို အသေင်ဖျို့ထဲက အလွယ်တကူ ထွက်သွားရအောင် ဒီနည်းကို သုံးလိုက်တာပါပဲ၊ အဲဒီနည်းကတော့ သာနာဆစ်ကိုယ်တိုင် ကျွန်တော်နဲ့ လာတွေ့ပြီး၊ ကျွန်တော့်ကို ခင်ဗျားဆီ မမှန်သတင်းပေးဖို့ တစ်ဖက်လှည့်နဲ့ ခိုင်းတာပါပဲ၊ ကျွန်တော်ကပဲ သူတို့ခိုင်းတဲ့



အတိုင်း ခင်ဗျားကို မမှန်သတင်းပေးပြီး ဒီနေရာကို တမင်ခေါ်လာတာပါ၊ ဒီမှာ ခင်ဗျားတို့ အားလုံးကို ကြိုတင်စီစဉ်ထားတဲ့အတိုင်း မြေအောက်အဖွဲ့က ဝိုင်းဖမ်းလိုက်ကြတာပါပဲ' ချက်စနေ က စိတ်ရှည်သက်ရှည်ဖြင့် ရှင်းပြနေသည်။

'ကဲ…အချိန်မရှိတော့ဘူး၊ ချက်စနေ လုပ်စရာကိုင်စရာတွေက အများကြီး ကျန်သေးတယ်' သာနာဆစ်က အလေသုံးဆဲဖြင့် ပြောလိုက်သည်၊ ပြောပြောဆိုဆိုဖြင့် သူ့အိတ်ထဲမှ ပစ္စတို သေနတ်တစ်လက် ထုတ်လာသည်၊

'လုပ်ပါလေ၊ ခင်ဗျားလုပ်စရာရှိတာလုပ်ပါ၊ ကျုပ်တို့ ပခုံးရှင်း အနွယ်တွေဟာ သေ့ခြင်းမကြောက်ပါဘူး၊ အဆင်သင့်ပါပဲ၊ ဟေလ်ဆာသည် မတ်တတ်ရပ်နေရာမှ ရင်ကော့ပေးလိုက်သည်။

သာနာဆစ်၏ လက်ထဲတွင် ကိုင်ထားသော ပစ္စတိုသေနတ်မှ ဒိုင်းခနဲ အသံတစ်ချက် ထွက်ပေါ်လာသည်။ သေနတ်သံသည် မင်လာယ်ကမ်းခြေတစ်ပိုက်နှင့် တောအုပ်တစ်ခုလုံးသို့ပဲ့တင်ထပ်သွားသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



နံနက်အရုဏ်တက်ချိန်။

ရေငုပ်သင်္ဘောသည် ရေပေါ်သို့ ဘွားခနဲပေါ်လာသည်။

မောရစ်ဆင်သည် ရေငုပ်သင်္ဘောထဲမှ လှေကားအတိုင်း တက်လာခဲ့ပြီး လူတစ်ယောက် ဝင်သာထွက်သာရုံမျှရှိသော အပေါက်ကလေးမှ အပြင်သို့ ထွက်လိုက်သည်။ သူ့နောက်မှ ကလေးနှစ်ယောက် ကလေးနှစ်ယောက်နောက်မှ လီစာ သူတို့အားလုံး ကုန်းပတ်ပေါ်သို့ ရောက်လာကြသည်။

နံနက်ခင်း၏ ညင်းညံသော လေနုအေးကလေးသည် သူတို့လေးယောက်၏ မျက်နှာများကို ဖျန်းပက်လိုက်သည်။

သူတို့၏ ရှေ့တည့်တည့် မိုးကုပ်စက်ဝိုင်းတွင် မြောက်အာဖရိကတိုက်၏ ပင်လယ်ကမ်းရိုးတန်းသည် ပျို့အန်ကျလာသော အရုဏ်တက် ရောင်နီအောက်တွင် တဖြည်းဖြည်းတရေးရေး ပေါ်လာသည်။

မောရစ်ဆင်သည် လီစာ၏ပခုံးပေါ်သို့ သူ့လက်ကို ဖြည်းညင်းစွာ တင်လိုက်သည်။

လင်းယုန်မောင်မောင်